၁၉၀၇၄

## သုတ္တန္တပိဋက

ပုခန်းကြီးမြို့
နေရင်းရွာမကိုရတနာတိုက်
အရိယာလင်္ကာရ နေရင်း ဆရာတော်ဘုရားကြီး
ရေးသားတော်မူခဲ့သော

# ကစ္စာယန

# သုတ်သီလက္ခန်အဋ္ဌကထာနိဿယ

## ပဌမတွဲ

ဆဋ္ဌသင်္ဂါယနာမူနှင့်ညှိထားသည်။
မဟာစရိယ ဦးထွန်းသိန်း, ဦးဝင်းဖေတို့ ကြပ်မပြင်ဆင်ကြသည်။

၁

ဇမ္ဗူသယပိဋကတ်စာပုံနှိပ်တိုက်
၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၂၂။ ကောဇာ-၁၃၄၀။

၁၁၇၈

# ဣစ္ဆာသယနိဒါန်း

ဤသုတ်သီလက္ခန် အဋ္ဌကထာနိဿယသည် သကရာဇ် ၁၀၇၆- ခုနှစ်တွင် ရတနာပူရ အဝရွှေမြို့တော်ကြီးကို ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူသော လေးကျွန်းမာရ်အောင် ဇေယျာမာရ်အောင် မဟာမင်္ဂလာမာရ်အောင် လောကမာရ်အောင် စေတီတော်ဒါယကာ သီရိပဝရမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံ ခံယူတော်မူသော မှန်နန်းဆင်ဖြူရှင် တနင်္ဂနွေမင်းလက်ထက်တွင် သာသနာဝင်နှင့် ဂန္ထဝင်လောက၌ ထင်ရှားတော်မူသော မုံသောက်မာတင် ဇာနည်အရှင် ဖြစ်ကော်မူသော မြန်မာပြည်အထက်ပိုင်း သုနာပရန္တတိုင်း၌ တောင်သုံးလုံးဖြိုညို၍ တည်ရကားကုခန်း၊ မွေ့တော်ဓာတ် ရွှေသမင်ကဲ့သို့ ထင်စေလျက် ကူးသန်းလေသည်ဖြစ်ရကား ကူးသန်း၊ နရပတိကြီးသည် တိုက်ခိုက်သိမ်းယူပြီးသော အဆုံး၌ရှေးအမည်နှစ်ပါး နှိပ်သောအားဖြင့် ပ,စ ခန်းဟု မှည့်ခေါ်ခဲ့သည်ဖြစ်သောကြောင့် ပခန်းတွင်သည် ဟူသော အဓိပ္ပါယ်ကို အဋ္ဌသာလိနီဂဏ္ဌိဟောင်းကျမ်း၊ ကျော်အောင်စံထားဆရာတော် မေတ္တာစာ ဝဏ္ဏနာကဝိလက္ခဏာဒီပနီကျမ်းတို့နှင့် အညီ အမည်ရရှိသော ပခန်းကြီးမြို့၏ အရှေ့သုံးတိုင်ကွာ၍ အမြဲမပြတ် ရွာသူရွာသား နိဂုံးသူနိဂုံးသားတို့၏ နှစ်သက်မွေ့လျော်ရာဖြစ်သော နေရင်းရွာ၏ ကုလလေးတာ ငါးရာကွာသော အနောက်မြောက်အရပ်ရှိ မဏိရတနာ ကျောင်းတိုက်ကြီး၌ ဦးစီးပဓာနသံဃနာယက သံဃကြင္ဌ သံဃပုင်္ဂဝ အဖြစ်ဖြင့် သီတင်းသုံးတော်မူသော **အရိယာလင်္ကာရ** နာမတွင်ခေါ် နေရင်းဆရာတော်ဘုရားကြီးသည်အတိတ်သာသနာတော်နှစ် ၂၂၅၇- ခု၊ ကောဇာ သကရာဇ် ၁၀၇၅- ခုနှစ်၌ သာသနာတော်နေဝန်း ထွန်းသစ်ဘို့ရန်နှင့် နောင်လာမန္ဒ သောတုဇနတို့၏ အကျိုးငှာ စာဝါပို့ချပြီး အားလပ်ခွင့်ရသောအခါ ရေးသားအပ်သော ကျမ်းစာဖြစ်လေသည်။

ထိုသုတ်သီလက္ခန်ကျမ်းစာသည် နိကာယ်ငါးရပ်တွင် ဒီဃနိကာယ်၌ ပါဝင်ပေသည်၊အဘယ့်ကြောင့် ဒီဃနိကာယ်မည်သည်ကို ဤသုတ်သီလက္ခန် အဋ္ဌကထာ ဆဋ္ဌမူ ၂၃-၌

ဣစ္ဆာသယ ၆၀၅-က

## ဂူဠတ္ထာသယနိဒါန်း

ကသ္မာ ပနေသ ဒီဃနိကာယော်တိဝုစ္စတိ၊ ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော စ,နိဝါသတော စ, သမူဟနိဝါသာ နိကာယော်တိ ဝုစ္စတိ-

ဟူ၍ မိန့်ဆိုအပ်၏။

ဆိုလိုရင်းမှာ-ရှည်သော အတိုင်းအရှည်ရှိသော သုတ်တို့ကို စုပေါင်း၍ ဟောထားခြင်းကြောင့် ဒီဃနိကာယ် မည်ပေသည်၊ ထိုဒီဃနိကာယ်သည် ဝဂ်အားဖြင့် သီလက္ခန္ဓဝဂ်, မဟာဝဂ်, ပါထိကဝဂ်, ဟူ၍ သုံးပါး၊ သုတ်အားဖြင့် သုံးဆဲ့လေးသုတ် ဘာဏဝါရအားဖြင့် ခြောက်ဆဲ့လေးပါးရှိလေသည်။

ဝဂ်သုံးပါးရှိသည်တွင် သီလက္ခန္ဓဝဂ်မှာ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလ ဒိဋ္ဌိမျိုး ခြောက်ဆဲ့နှစ်ပါး ရဟန်းပြုရသောအကျိုး အစရှိသောအားဖြင့် တဆဲ့သုံးပါးရှိလေသည်။

ဤသုတ်သီလက္ခန် အဋ္ဌကထာကျမ်းစာကို အစိုးရဓမ္မာစရိယ စာမေးပွဲ စေတိယင်္ဂဏ ဓမ္မာစရိယစာမေးပွဲ မန္တလေး သကျသီဟ ဓမ္မာစရိယ စာမေးပွဲတို့၌ မူလကျမ်းစာရင်းအဖြစ်ဖြင့် ပြဌာန်းထားလေသည်။ နိဿယကျမ်းစာကိုမူကား ထိုဓမ္မာစရိယစာမေးပွဲတို့၌ သီခြားပြဌာန်းမထားသော်လည်း စာသင်သားတို့၏ အားကိုးအားထားပြုရာ အနေအားဖြင့် ပါဝင်လျက်ရှိပေသည်။

ထိုသုတ်သီလက္ခန် အဋ္ဌကထာနိဿယမှာ နှစ်ပေါင်း ၂၀၀ ကျော်မျှ စာပေလောကကို ဖြတ်သန်းလာခဲ့ရသောကြောင့် ချွတ်ချော် မှားယွင်းချက်များ ရှိနေမည်ကို စာပေဝါသနာရှင်တို့ တွေ့ကြပါလိမ့်မည်။

ဂူဠတ္ထာသယ စာတည်းအဖွဲ့သည် ချွတ်ယွင်းချက်များကို သက်ဆိုင်ရာ အခြံအရံ ကျမ်းစာများနှင့် အထပ်ထပ်ညှိနိုင်းသုတ်သင် ပြင်ဆင်လျက်-

၁။ စာမူသန့်ရှင်းခြင်း။

၂။ အနေအထားကို ဆဋ္ဌမူအဋ္ဌကထာနှင့် ကိုက်ညီစေခြင်း။

၃။ အဓိပ္ပါယ် သဘာဝတ္ထ ပဒ ဝိနိစ္ဆယ စုဒ်စောဒနာ ပုစ္ဆာ သံဝဏ္ဏနာဘောဂတို့ကို လွယ်လင့်တကူ တွေ့မြင်နိုင်ရန် အင်တင်း ပြထားခြင်း။

၄။ ဝါကျအခွဲအစိတ်ခက်ရာ ပဒဝိနိစ္ဆယ ခက်ရာတို့၌ ကျမ်းညွှန်းကို ပြ၍ ၁၄-ပွိုင့်စာလုံးဖြင့် ကျမ်းစာအောက်မှာ မျဉ်းသားလျက် ပြထားခြင်း။

ဤကဲ့သို့ စာပေဝါသနာရှင်များ ဓမ္မာစရိယ စာချတန်းဝင် ဆရာတော်များအတွက် အထူးအပင်ပန်းခံကာ ပြင်ဆင်ရိုက်နှိပ်ထားပါသည်။

ရန်ကုန်မြို့ ၂၄-လမ်း၊ အမှတ် ၁၁၁-ဣစ္ဆာသယပိဋကတ် စာပုံနှိပ်တိုက်မှ ရိုက်နှိပ်ဖြန့်ချီအပ်သော ဤသုတ်သီလက္ခန် အဋ္ဌကထာနိဿယသည် ဓမ္မာစရိယ စာချတန်းဝင် အရှင်တို့အား မည်မျှ ကျေးဇူးပြုသည်ကို လက်တွေ့သုံးသပ်ကြည့်ရှုမှုက သက်သေခံလိမ့်မည် ဖြစ်ပါသတည်း။

ဦးထွန်းသိန်း(ဓမ္မာစရိယ)
ဣစ္ဆာသယ
၂၅ - ဂ - ၆၇

(မဏိရတနာ့ဆရာတော်)

# ရှင်အရိယာလင်္ကာရ

ရှင်အရိယာလင်္ကာရမှာ မာရ်အောင်ဒါယကာ (၁ နှေမင်း) လက်ထက်တွင် ထင်ရှားသော ကျမ်းပြုဆရာတော်တပါး ဖြစ်လေသည်။ အရှုံ ဂိုဏ်း တကျိပ်နှစ်ပါး အပါအဝင် ဇော့အို ရှင်ကလျာဏဓဇ၏ တပည့်ဖြစ်၍အနက်မြန်မာပြန် သန်လျှ၍ ကျမ်းဂန်အလွန်တတ်သည်။

ပုခန်းကြီးမြို့ စီရင်စု နေရင်းရွာ ဇာတိဖြစ်၍ မဏိရတနာ့ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည်။ နေရင်းရွာကိုစွဲ၍ နေရင်းဆရာတော်ဟု ထင်ရှားသည်။

ဆရာတော်သည် ပုရပိုက်တွင် တဆင့်မတင်ပဲ ပေတွင် ကညစ်နှင့်ရေး၍ တိုက်ရိုက် ကျမ်းပြုတော်မူသည်။ ဆရာတော် ပြုစုတော်မူသော ကျမ်းများတွင် အောက်ပါကျမ်းစာများ ပါဝင်လေသည်။

၁။ သုတ်မဟာဝါ ပါဠိတော်နိဿယ။
၂။ သုတ်သီလက္ခန် ပါဠိတော်နိဿယ။
၃။ သုတ်ပါထေယျ ပါဠိတော်နိဿယ။
၄။ သုတ်သီလက္ခန် အဋ္ဌကထာနိဿယ။
၅။ သုတ်မဟာဝါ အဋ္ဌကထာနိဿယ။
၆။ သုတ်ပါထေယျ အဋ္ဌကထာနိဿယ။
၇။ အဋ္ဌသာလိနီ အဋ္ဌကထာနိဿယ။
၈။ သမ္မောဟဝိနောဒနီ အဋ္ဌကထာနိဿယ။
၉။ ခုဒ္ဒသိက္ခာ အဋ္ဌကထာနိဿယ။
၁၀။ မူလသိက္ခာ အဋ္ဌကထာနိဿယ။
၁၁။ အဘိဓမ္မတ္ထ ဝိဘာဝိနီဋီကာနိဿယ။
၁၂။ သုတ္တနိဒ္ဒေသ နိဿယ။
၁၃။ သဒ္ဒသာရတ္ထဇာလိနီ စာကိုယ်နိဿယ။

၁၄။ သခေ်ပဝဏ္ဏနာနိဿယ။
၁၅။ ကစ္စာယန ဝဏ္ဏနာနိဿယ။
၁၆။ သင်္ဂဟမာတု။
၁၇။ ကင်္ခါဝိတရဏီ အဋ္ဌကထာနိဿယ။
၁၈။ ဇိနာလင်္ကာရ စာကိုယ်နိဿယ။
၁၉။ ဇိနာလင်္ကာရ ဋီကာနိဿယ။

ဤသင်္ဂဟ မာတုကျမ်းကို ဤဆရာတော် ရေးသားတန်မတူ၊ သို့သော်လည်း ပိဋကတ်တော်သမိုင်း၌ ပုခန်းကြီးမြို့ နေရှင်းဆရာတော်ဟု ဖော်ပြ၍သာ ဤကျမ်းစာရင်းတွင် ထည့်လိုက်သည်။

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


| | |
|---|---|
| နိဿယပဏာမ | (ဈ) |
| ဂန္ထာရမ္ဘကထာ | (ဈ) |
| သောတုဇနာနုဂ္ဂဟ | ၁၁ |
| ဥယျောဇဉ် | ၁၃ |


## နိဒါနကထာ


| | |
|---|---|
| ပဌမမဟာသင်္ဂီတိကထာ | ၁၆ |
| အရှင်အာနန္ဒာအား ရွေးချယ်လိုခြင်း | ၂၇ |
| အရှင်အာနန္ဒာ မြတ်စွာဘုရားတမ်းတခြင်း | ၃၉ |
| တသဲ့ရှစ်ရပ်သော ကျောင်းကြီးတို့ကို ပြင်ဆင်ခြင်း | ၄၃ |
| စရည်းပင်ရောက်ရာအရပ်၌ လိုဏ်ဂူတော် | ၄၆ |
| အရှင်အာနန္ဒာ ရဟန္တာဖြစ်ခြင်း | ၄၉ |
| ဝိနည်းကို သင်္ဂါယနာတင်ခြင်း | ၅၃ |
| သုတ်ကို သင်္ဂါယနာတင်ခြင်း | ၅၉ |
| အဘိဓမ္မာကိုသင်္ဂါယနာတင်ခြင်း | ၆၃ |
| ပိဋကအပြား | ၆၄ |
| ဝိနယသဒ္ဒါ၏ ဝစနတ္ထ | ၆၉ |
| သုတ္တန္တသဒ္ဒါ၏ ဝစနတ္ထ | ၇၁ |
| အဘိဓမ္မသဒ္ဒါ၏ ဝစနတ္ထ | ၇၃ |
| ပိဋကသဒ္ဒါ၏ ဝစနတ္ထ | ၇၆ |
| ဒေသနာ,သာသနာ,ကထာအပြားစသည် | ၇၈ |
| ပိဋကသင်ယူနည်း သုံးမျိုး | ၈၇ |

## မာတိကာ




| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဂုံးပိုင်းပါး | ၉၆ |
| အင်္ဂါကိုးပါး | ၉၉ |
| ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင် | ၁၀၁ |
| **၁-ဗြဟ္မဇာလသုတ်** | |
| ပရိဗ္ဗာဇကကထာအဖွင့် | ၁၀၅ |
| ဧဝံ မေ သုတံ အဖွင့် | ၁၀၅ |
| ဧကံ သမယံ အဖွင့် | ၁၂၈ |
| အန္တရာစ ရာဇဂဟံ စသည်တို့၏အဖွင့် | ၁၃၉ |
| ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ အဖွင့် | ၁၄၈ |
| ဝဏ္ဏသဒ္ဒါ၏ အတ္ထုဒ္ဓါရ | ၁၅၂ |
| ဘုရားရှင်၏ တင့်တယ်တော်မူခြင်း | ၁၅၂ |
| ဗုဒ္ဓသာဝကနှင့် တိတ္ထိယသာဝကတို့၏ခြားနားပုံ | ၁၆၃ |
| သုပ္ပိယဝိဒိတာအဖွင့် | ၁၇၂ |
| ဗုဒ္ဓကိစ္စငါးပါး | ၁၇၈ |
| စတုပ္ပဒသုတ္တနိက္ခေပ | ၁၉၂ |
| နအာဿာတော အစရှိသည်ကိုဟောခြင်း | ၁၉၅ |
| ကဲ့ရဲ့မှုနှင့်တွေ့ကြုံက ကျင့်သုံးရန် | ၁၉၉ |
| ပီတိကိုရှုံ့ချခြင်း | ၂၀၃ |
| စူဠသီလအဖွင့် | ၂၀၈ |
| သီလသည် သမာဓိပညာတို့အောက် ယုတ်နိမ့်ပုံ | ၂၀၉ |
| ပုထုဇ္ဇနသဒ္ဒါ၏အနက် | ၂၁၉ |
| တထာဂတသဒ္ဒါ၏အနက် | ၂၂၅ |
| အမေးငါးရပ် | ၂၅၁ |
| မဇ္ဈိမသီလဝဏ္ဏနာ | ၂၉၃ |
| သန္နိဓိကာရပရိဘောဂအဖွင့် | ၂၉၅ |
| ဝိသူကဒဿနအဖွင့် | ၃၀၁ |

အကြောင်းအရာ | စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဥစ္စာသယနမဟာသယနအဖွင့် | ၃၀၈ |
| တိရစ္ဆာနကထာအဖွင့် | ၃၁၄ |
| မဟာသီလဝဏ္ဏနာ | ၃၂၃ |
| ပုဗ္ဗန္တကပ္ပိကသဿတဝါဒ | ၃၃၉ |
| ဘုရားရှင်တို့ကြုံးဝါးရာ ဌာနလေးပါး | ၃၄၆ |
| သဿတဝါဒ | ၃၅၆ |
| ဧကစ္စသဿတဝါဒ | ၃၇၁ |
| အန္တာနန္တိကဝါဒ | ၃၉၀ |
| အမရာဝိက္ခေပဝါဒ | ၃၉၁ |
| အဓိစ္စသမုပ္ပန္နဝါဒ | ၄၀၀ |
| အပရန္တကပ္ပိကဝါဒ | ၄၀၃ |
| သညီဝါဒ | ၄၀၄ |
| နေဝသညီနာသညီဝါဒ | ၄၀၇ |
| ဥစ္ဆေဒဝါဒ | ၄၀၇ |
| ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ | ၄၁၀ |
| ပရိတဿိတဝိပ္ဖန္ဒိတဝါရ | ၄၁၉ |
| ဒိဋ္ဌိဂတိကာဓိဋ္ဌာနဝဋ္ဋကထာ | ၄၂၂ |
| ဝိဝဋ္ဋကထာဒိ | ၄၂၈ |
| အလုံးစုံသောမိစ္ဆာအယူတို့ကို ဒေသနာကွန်ယက်ဖြင့် အုပ်မိပုံ | ၄၃၀ |
| မြေလှုပ်ခြင်းအကြောင်းရှစ်ပါး | ၄၄၁ |


ပဌမတွဲ မာတိကာ ပြီး၏။

# နိဿယပဏ္ဏာသ

ဝဇ္ဇုတု ဇိနသာသနံ။

ဇိနသာသနံ၊ ဘုရားသခင်သာသနာတော်သည်။ ဝဇ္ဇုတု၊ ပြန့်ပွားစေ
သတည်း။

ပဏ္ဏာသမပုဗ္ဗက ဂန္ထာရမ္ဘကထာ

၁။ ဗုဒ္ဓံ မဟာဒယဉ္စ၊ ပညောဘာသေန ဝိဟတမောဟတမံ။
နတွာ ဓမ္မံ အမလံ၊ ပဒက္ခိဏေယျံ အရိယသံဃံ။
အရိယာဂါထာ

၂။ ကာမဉ္စ ပုဗ္ဗသီဟေဟိ၊ ကတာ အနေကနိဿယာ။
သုခေန ပန ဝိညာတုံ၊ သင်္ကာ သောတူဟိ တေဟိ န။
ပထျာဝတ္တဂါထာ

၃။ တသ္မာ အဟံ ရစိဿာမိ၊ နဝဘူတဉ္စ နိဿယံ။
နာတိသင်္ခေပဝိတ္ထာရံ၊ ပရိပုဏ္ဏဝိနိစ္ဆယံ။
ပထျာဝတ္တဂါထာ

၁။ အဟံ၊ ငါသည်။ မဟာဒယံ၊ ကြီးမြတ်သော မဟာကရုဏာ
ရှိတော်မူထသော။ ပညောဘာသေန၊ အရဟတ္တမဂ် ပညာတော်တည်းဟူ
သော အရောင်ဖြင့်။ ဝိဟတမောဟတမံ၊ ပယ်အပ်ပြီးသော အဝိဇ္ဇာ
တည်းဟူသော အမိုက် ရှိတော်မူထသော။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုရင်း။
အမလံ၊ ကိလေသာတည်းဟူသော အညစ်အကြေး မရှိထသော။ (တနည်း
ကား) ကိလေသာ တည်းဟူသော မှုအညစ်အကြေး၏ ဆန့်ကျင်ဘက်
ဖြစ်တော်မူထသော။ ဓမ္မဉ္စ၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိ
တည်းဟူသော ဆယ်ပါးသော တရားတော်ကိုရင်း။ ပဒက္ခိဏေယျံ၊
မြတ်သောအလှူကို ခံခြင်းငှာ ထိုက်တော်မူထသော။ အရိယသံဃဉ္စ၊

အရိယာဖြစ်သော သံဃာတော်ကိုရင်း။ နတွာ–နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။

၂။ ပုဗ္ဗသီဟေဟိ၊ ရှေးဆရာမြတ်တို့သည်။ အနေကနိဿယာ၊ များစွာ ကုန်သောနိဿယတို့ကို။ ကာမဥ္စကတာ၊ အကယ်၍ ပြုအပ်ကုန်၏ရှင့်။ ပန တထာပိ၊ ထိုသို့ ပြုအပ်ကုန်သော်လည်း။ တေဟိ နိဿယေဟိ၊ ထိုရှေး ဆရာမြတ်တို့သည် ပြုအပ်ကုန်ပြီးသော နိဿယတို့ဖြင့်။ သောတူဟိ၊ ပညာ နည်းကုန်သော စာသင်သားတို့သည်။ အတ္တော၊ အနက်ကို။ သုခေန၊ လွယ်သဖြင့်။ ဝိညာတုံ၊ သိခြင်းငှာ။ ယသ္မာ၊ ကြောင့်။ နသက္ကာ၊ မစွမ်းနိုင်။

၃။ တသ္မာ၊ ထိုသို့မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ နဝဘူတဥ္စ၊ အသစ် ဖြစ်၍လည်း ဖြစ်ထသော။ နာတိသင်္ခေပဝိတ္ထာရံ၊ မကျဉ်း မကျယ်လွန်း တသော။ ပရိပုဏ္ဏဝိနိစ္ဆယံ၊ပြည့်စုံသော အဆုံးအဖြတ်ရှိထသော။ နိဿယံ၊ နိဿယကို။ ရစိဿာမိ၊ စီရင်ပေအံ့။

နိဿယပဏာမ ပြီး၏။



ဇုဋ္ဌာသယ

# သုတ်သီလက္ခန်အဋ္ဌကထာနိဿယ

ပဌမတွဲ

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ဂန္ထာရမ္ဘကထာ

ကျမ်းပြုဆရာတို့၏ သဘောသည် ကျမ်း၏ ရှေ့အဘို့ဖြစ်သော ကာလ၌ ဝတ္ထုပုဗ္ဗက ဂန္ထာရမ္ဘ, အာသီသပုဗ္ဗကဂန္ထာရမ္ဘ, ပဏာမပုဗ္ဗကဂန္ထာရမ္ဘ အားဖြင့် ဂန္ထာရမ္ဘသုံးပါးတို့တွင် တပါးပါးကို ပြုကုန်ဦးမြဲဖြစ်သော ကြောင့် ဒီဃနိကာယ်အဋ္ဌကထာကိုပြုလိုသော အရှင်ဗုဒ္ဓဃောသဆရာ သည်လည်း ပဏာမပုဗ္ဗကဂန္ထာရမ္ဘကိုပြုတော်မူလို၍ "ကရုဏာသီတလ ဟဒယံ။ပ။ ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ"ဟူသော ဂါထာကို မိန့်တော်မူ သတည်း။ ထိုဂါထာ၏အတ္ထကား-

အဟံ၊ သည်။ ကရုဏာသီတလဟဒယံ၊ ကရုဏာဖြင့်ချမ်းမြေ့သော နှလုံးရှိတော်မူထသော။ တနည်းကား၊ ကရုဏာကြောင့်ချမ်းမြေ့သော နှလုံးရှိတော်မူထသော။ ပညာပဇ္ဇောတဝိဟတမောဟတမံ၊ အရဟတ္တမဂ် ပညာတည်းဟူသော ဆီမီးရောင်ဖြင့်ဖျောက်အပ်ပြီးသော အဝိဇ္ဇာတည်းဟူ သော အမိုက်ရှိတော်မူထသော။ သနရာမရလောကဂရုံ၊ လူနတ်တို့နှင့်တကွ ဖြစ်သော သတ္တလောက၏ဆရာဖြစ်တော်မူထသော။ တနည်းကား၊ သနရာ မရလောကဂရုံ၊ လူနှင့်တကွသော နတ်အပေါင်း၏ဆရာဖြစ်တော်မူထသော။ ဂတိဝိမုတ္တံ၊ ဂတိငါးပါးတို့မှ လွတ်တော်မူပြီးထသော။ သုဂတံ၊ မြတ်စွာ ဘုရားကို။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဤဂါထာသည် အရိယာဂါထာတည်း။ ထို့ကြောင့်"ဆဋ္ဌောဒိလလဟု ဇောဝါ၊ဂယုတာညေ ဆဂ္ဂဏာ န ဇော ဝိသမေ။ အရိယာယန္တစေုလော၊ ဆဋ္ဌောန္တေ ဂေါ ဂဏာသညေ"ဟူသော ဝုတ္တောဒယကျမ်း၌ လာသော ဂါထာနှင့်အညီ ပဌမပါဒ တတိယပါဒ၌ သုံးဂိုဏ်း,ဒုတိယပါဒ၌ လေး ဂိုဏ်း,ပါဒန္တဂရု စတုတ္ထပါဒ၌ သုံးဂိုဏ်း, ပဌမဂိုဏ်း ဒုတိယဂိုဏ်းနှောင် လဟုအက္ခရာတလုံး, ပါဒန္တဂရုနေစေ။ ဝိသမဂိုဏ်း၌ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သောဂိုဏ်းသည် နဂိုဏ်းသော်လည်းကောင်း, ဇဂိုဏ်း သော်လည်းကောင်း နေစေ။ နောက်ထက်ဝက်၌ကား ခြောက်ခုတို့၏ ပြည့်ကြောင်းသည် လဟုအက္ခရာ နေစေ။ မတြာအားဖြင့်ကား ပဌမ ပါဒ၌ တဆယ့်နှစ်မတြာ,ဒုတိယပါဒ၌ တဆယ့်ရှစ်မတြာ,တတိယပါဒ ၌လည်း တဆယ့်နှစ်မတြာ, စတုတ္ထပါဒ၌ တဆယ့်ငါးမတြာဖြစ်သော ကြောင့် မတြာပေါင်း ငါးဆယ့်ခုနစ်မတြာမှန်စေ။ အရိယာဂါထာ သဘောကား ငါးဆယ့်ခုနစ်မတြာနှင်နှင်တည်း။ ဝိနည်းအဋ္ဌကထာ၏ အစ၌ "မဟာကရုဏိကဿ"ဟု မြတ်စွာဘုရားအား မဟာကရုဏာဂုဏ် ဖြင့်သာ ချီးမွမ်းခြင်းကို ပြုသကဲ့သို့ရင်း၊ အဘိဓမ္မာအဋ္ဌကထာ၏အစ၌ "ပညာယဿမဟေသိနော"ဟု ပညာဂုဏ်ဖြင့်သာချီးမွမ်းခြင်းကို ပြုသကဲ့ သို့ရင်း၊ ဤသုတ္တန်အဋ္ဌကထာ၏အစ၌ မပြုမူ၍အဘယ့်ကြောင့် ကရုဏာ ပညာဂုဏ်နှစ်ပါးဖြင့် အရှင်ဗုဒ္ဓဃောသဆရာသည် မြတ်စွာဘုရားအား

ချီးမွမ်းခြင်းကို ပြုတော်မူလေသနည်းဟူမူကား ဤသုတ္တန်ဒေသနာတော်သည် ဝိနည်းဒေသနာကဲ့သို့ ကရုဏာပဓာနရှိသည်သာလည်း မဟုတ်။ အဘိဓမ္မာဒေသနာကဲ့သို့ ပညာပဓာနရှိသည်သာလည်းမဟုတ်။ ကရုဏာ ပညာ နှစ်ပါး ပဓာနရှိသော ဒေသနာတည်း။ ထို့ကြောင့် ပဓာနဖြစ်သော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကို ပြုလို၍ ကရုဏာ ပညာဂုဏ် နှစ်ပါးဖြင့် မြတ်စွာဘုရားအား ချီးမွမ်းခြင်းကိုပြုတော်မူလေသတည်း။ "သ နရာမရလောကဂရုံ"ကို နှစ်နည်းယောဇနာရာ၌ "နရာ စ အမရာ စ နရာမရာ"ဟု ဒွန်ပြုပြီးမှ "သဟ နရာမရေဟိ ယော ဝတ္တတီတိ သနရာမရော"ဟု သဟ ပုဗ္ဗ ဗဟုဗ္ဗီဟိ ပြုလေ။ ထို့နောင်မှ "သနရာမရော စ သော လောကော စာတိ သနရာမရ လောကော"ဟု သနရာမရ သဒ္ဒါနှင့် လောကသဒ္ဒါကို ကမ္မဓာရည်း ပြုလေ။ ဤဝစနတ္ထကား ရှေ့နည်းအလိုတည်း။ နောက်နည်းအလိုကား "သဟ နရေဟိ ယေ ဝတ္တန္တီတိ သနရာ"ဟု ဗဟုဗ္ဗီဟိပြုပြီးမှ "သနရာစ တေ အမရာစာတိ သနရာမရာ"ဟု ကမ္မဓာရည်း ပြုလေ။ ထို့နောင်မှ "သနရာမရာနံ လောကောတိ သနရာမရလောကော"ဟု သနရာမရသဒ္ဒါနှင့် လောကသဒ္ဒါကို တပ္ပုရိသ် ပြုလေ။ ဤနောက်နည်း၌ လောကသဒ္ဒါသည် သံမူဟ အနက်ရှိ၏။ ရှေ့နည်း၌ကား သတ္တဝါဟူသော အနက်ရှိ၏။ နရသဒ္ဒါ အမရသဒ္ဒါတို့ဖြင့် လူနတ်တို့၏ဆရာ အဖြစ်ကိုသာ ဆိုသော်လည်း လူနတ်တို့အားသာ မြတ်စွာဘုရား၏ ကျေးဇူးရှိသည်၏အဖြစ်ကို မသိအပ်။ "သတ္ထာဒေဝမနုဿာနံ"အစရှိသည်တို့၌ကဲ့သို့ ဥက္ကဋ္ဌပရိစ္ဆေဒ အားဖြင့် ဆိုအပ်သည်၏အဖြစ်ကြောင့် လူနတ်တို့မှကြွင်းကုန်သော ဘီလူး တိရစ္ဆာန်တို့အားလည်း ကျေးဇူးရှိသည်၏အဖြစ်ကို သိအပ်၏။ ထို့ကြောင့် ဋီကာ၌ "ဧတေန ဒေဝမနုဿာနံ ဝိယ တဒဝသိဋ္ဌသတ္တာ နမ္ပိ ယထာရဟံ ဂုဏဝိသေသာ ဝဟတာယ ဘဂဝတော ဥပကာရကံ ဒဿေတိ"ဟု ဆိုတော်မူလေသတည်း။ "သနရာမရ လောကဂရုံ"ကို နှစ်နည်းယောဇနာရာ၌ အမရသဒ္ဒါဖြင့် ဥပပတ္တိနတ်တို့ကိုသာ လိုအပ်ကုန်၏။ နောက်နည်း၌ကား အမရသဒ္ဒါဖြင့် ဥပပတ္တိနတ်တို့ကိုသာ မလိုအပ်ကုန်။ ဝိသုဒ္ဓိနတ်တို့ကိုလည်း ယူအပ်ကုန်၏။ အဘယ့်ကြောင့်

ရှေ့နည်း၌ အမရသဒ္ဒါဖြင့် ဥပပတ္တိနတ်တို့ကိုသာ လိုအပ်လေသနည်း, နောက်နည်း၌ကား ဝိသုဒ္ဓိနတ်တို့ကိုလည်း ယူအပ်ကုန်သနည်းဟူမူကား ရှေ့နည်း၌ အမရသဒ္ဒါနှင့် လောကသဒ္ဒါ ကမ္မဓာရည်း ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။ နောက်နည်း၌ကား လောကနှင့်အမရတပ္ပုရိသ် သမာသ် ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။ ဥပပတ္တိနတ်ဟူသည်ကား ဥပပတ်ပဋိသန္ဓေရှိသော နတ် ပြဟ္မာ အ ပေါင်း တည်း။ ဝိသုဒ္ဓိနတ် ဟူသည်ကား ကိလေသာစင်ပြီးသော ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ တို့တည်း။ "ဂတိဝိမုတ္တံ"၌ ဂတိငါးပါးဟူသည်ကား နိရယဂတိ,ပေတ ဂတိ, တိရစ္ဆာနဂတိ, မနုဿဂတိ, ဒေဝဂတိ တည်း။ ဤ "ဂတိဝိမုတ္တံ" ဟူသောပါဌ်ဖြင့် မြတ်စွာဘုရား၏ တစုံတခုသောဂတိ၌ အကျုံးမဝင် သည်၏အဖြစ်ကို အရှင်ဗုဒ္ဓဃောသဆရာချီးမွမ်းတော်မူ၏။ တနည်းကား ကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် အရှင်ဗုဒ္ဓဃောသဆရာသည် မြတ်စွာဘုရားကို ချီးမွမ်းတော်မူ၏။

ဤသို့ "ကရုဏာသီတလဟဒယံ" အစရှိသော ပဌမဂါထာဖြင့် ဘုရား ရတနာအား ချီးမွမ်းခြင်းကိုပြုပြီး၍ တရားရတနာအား ချီးမွမ်းခြင်းကို ပြုတော်မူလို၍ "ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ။ပ။ ဝန္ဒေတမနုတ္တရံဓမ္မံ"ဟူသော ဒုတိယဂါထာကို မိန့်သတည်း။ ဤဂါထာသည်လည်း အရိယာဂါထာ တည်း။ ဤဂါထာ၌"ဝိဂတမလံ"ဟု များစွာသောပေတို့၌ ရှိ၏။ မရှိ သင့်။ "ဂတမလံ"ဟူ၍သာ ရှိသင့်သည်။ ဆန္ဒာနုရက္ခဏာအားဖြင့် ဝိသဒ္ဒါ ကျေသတည်း။ ထို့ကြောင့် ဋီကာ၌ "ဂတမလန္တိ ဝိဂတမလံ" ဟု ဂတသဒ္ဒါကို ဝိသဒ္ဒါနှင့် ဘွင့်ပြတော်မူသည်။ထိုဂါထာ၏အတ္ထကား-

ဗုဒ္ဓေါပိ၊ ဘုရားသည်လည်း။ ဗုဒ္ဓဘာဝံ၊ ဘုရား၏အဖြစ်ကို။ ဘာဝေတွာစေဝ၊ ပွားစေပြီး၍လည်းကောင်း။ သစ္ဆိကတွာစ၊ မျက်မှောက်ပြုပြီး၍ လည်းကောင်း။ ဂတမလံ-ဝိဂတမလံ၊ ကင်းသောကိလေသာတည်းဟူသော အညစ်အကြေးရှိထသော။ တနည်းကား၊ ကိလေသာတည်းဟူသောအညစ် အကြေး၏ဆန့်ကျင်ဘက်ဖြစ်ထသော။ အနုတ္တရံ၊ မိမိတို့ထက်လွန်သော တရားမရှိထသော။ တနည်းကား၊ မိမိတို့ထက်မြတ်သောတရားမရှိထသော။

ယံဓမ္မံ၊ အကြင်မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်,ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသောတရားတော်ကို။ ဥပဂတော-အဓိဂတော၊ သိတော်မူပြီ။ တံ ဓမ္မံ၊ ထိုမဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသောတရားတော်ကို။ အဟံ၊ သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ၏။

ဤဂါထာ၌ ဓမ္မံ-ဟူသောပုဒ်ဖြင့် "ဗုဒ္ဓဘာဝံ ဘာဝေတွာစေဝ သစ္ဆိကတွာစ"ဟူ၍ဆိုသောကြောင့် ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မတို့တွင် ပဋိဝေဓသဒ္ဓမ္မကို မုချအားဖြင့် လိုအပ်၏။ ထို့ကြောင့် ဋီကာ၌ "ပဋိဝေဓသဒ္ဓမ္မံ နမာမီတိ"ဟု ဆိုသတည်း။ ဘာဝေတွာ-ဟူသောပုဒ်ဖြင့် အရိယမဂ်ဟုဆိုအပ်သော ပဋိဝေဓသဒ္ဓမ္မကို ပြတော်မူ၏။ သစ္ဆိကတွာ-ဟူသောပုဒ်ဖြင့် ဖိုလ်-နိဗ္ဗာန်ဟုဆိုအပ်သော ပဋိဝေဓသဒ္ဓမ္မကို ပြတော်မူ၏။ ထို့ကြောင့် ဋီကာ၌ "အရိယမဂ္ဂသင်္ခါတံ ဓမ္မံ ဘာဝေတွာ ဖလနိဗ္ဗာနသင်္ခါတံ ပန သစ္ဆိကတွာ"ဟူ၍ ဆိုသတည်း။ ပရိယတ္တိသဒ္ဓမ္မ၏လည်း ပဋိဝေဓသဒ္ဓမ္မ၏ အကြောင်းဖြစ်သည်၏ အဖြစ်ကြောင့် ပရိယတ္တိသဒ္ဓမ္မကိုလည်း ဤအရာ၌ ဖလူပစာရအားဖြင့် ရအပ်၏။ ထို့ကြောင့် ဋီကာ၌"ပရိယတ္တိသဒ္ဓမ္မဿာပိ တပ္ပကာသနတ္တာ လ္လဓဿဂ်ဟော ဒဋ္ဌဗ္ဗော"ဟု ဋီကာဆရာဆိုသတည်း။ ဗုဒ္ဓေါပိ၌ အပိ သဒ္ဒါကား သမ္ဘာဝနာ အနက်ရှိ၏။ ထိုအပိသဒ္ဒါဖြင့် မဂ် ဖိုလ် နိဗ္ဗာန် ဓမ္မကိုပွားစေ၍ မျက်မှောက်ပြု၍သာလျှင် တပါးသောဂုဏ်ကိုမပွားစေမူ၍ သဒ္ဓမ္မကိုသိသည် မဟုတ်။ ဘဂဝါဂုဏ်-အစရှိသော အသာခာရဏ ဂုဏ်တို့ကို ရခြင်း၏အကြောင်းတို့ကိုလည်း ပွားစေ၍သာ သိတော်မူ၏။ ဤသို့သောအနက်ကိုလည်း ပေါင်းသတည်း။

ဤသို့ ဒုတိယဂါထာဖြင့် တရားရတနာအား ထောမနာ ပဏာမကို ပြုပြီး၍ သံဃာရတနာအား ထောမနာပဏာမကို ပြုတော်မူလို၍"သုဂတဿ ဩရသာနံ။ပ။ သိရသာ ဝန္ဒေ အရိယသံဃံ"ဟူသော တတိယ ဂါထာကို မိန့်သတည်း။ သိရသာ-၌ သိ-ဟု ရဿသာရွတ်။ သီ-ဟု ဒီဃ မရွတ်သင့်။ ထိုဂါထာ၏အတ္ထကား-

သုဂတဿ၊ မြတ်စွာဘုရား၏။ (ပုတ္တာနံနှင့်ဇနကဇညသမ္ဗန်သမ္ဗန္ဓီစပ်)။ ဩရသာနံ၊ ရင်၌ဖြစ်ကုန်ထသော။ တနည်းကား၊ ကိုယ်တော်ရင်နှစ် သားတော်စစ်ဖြစ်ကုန်ထသော။ မာရသေနမထနာနံ၊ မာရ်နတ်မာရ်နတ်၏ စစ်ကို ဖျက်ဆီးကုန်ပြီးထသော။ အဋ္ဌန္နံ၊ ရှစ်ယောက် အတိုင်းအရှည် ရှိကုန်သော။ ပုတ္တာနံ၊ သားတို့၏။ သမူဟံ၊ အပေါင်းဖြစ်သော။ အရိယ သံဃမ္ပိ၊ အရိယာဖြစ်သောသံဃာတော်ကိုလည်း။ သိရသာ၊ ဖြင့်။ ဝန္ဒေ- ဝန္ဒာမိ၊ ၏။

ဤဂါထာလည်း အရိယာဂါထာ လည်းကောင်းတည်း။ "အဋ္ဌန္နမ္ပိ သမောဟံ"ဟု အချို့ပါဌ်ရှိ၏။ မသင့်။ အဋ္ဌန္နမ္ပိသမူဟံ-ဟုရှိသောပါဌ် သည်သာ သင့်မြတ်၏။ "မာရမာရသေနမထနာနံ"ဟုဆိုအပ်လျက် မာရ တပုဒ်ကိုချေ၍"မာရသေနမထနာနံ"ဟုဆိုသတည်း။ ထို့ကြောင့်ဋီကာ၌ "မာရသေနမထနာနန္တိ ဧတ္ထ မာရမာရသေန မထနာနန္တိ ဝတ္တဗ္ဗေ မာရ သေနမထနာနန္တိ ဧကသေသ သရူပေကသေသော ကတောတိ ဒဋ္ဌဗ္ဗော"ဟု ဆိုသတည်း။

ဤသို့ သုံးဂါထာတို့ဖြင့် ရတနတ္တယပဏာမကို ပြပြီး၍ ယခုအခါ ဤအရာ၌လိုအပ်သော ရတနတ္တယပဏာမ၏အကျိုးကို ပြတော်မူလို၍ "ဣတိမေ ပသန္နမတိနော။ပ။ ဟုတွာ တဿာနုဘာဝေန"ဟူသော ဂါထာကို မိန့်သတည်း။ ထိုဂါထာ၏အတ္ထကား-

ဣတိ-ဣမေဟိ တီဟိ ဂါထာဟိ၊ ဤသုံးဂါထာတို့ဖြင့်။ ရတနတ္တယေ၊ ရတနာတို့၏ သုံးပါးတို့၏ အပေါင်း၌။ (အာဓာရထည့်သည်)။ ပသန္န မတိနော၊ ကြည်ညိုသောစိတ်ရှိသော။ မေ၊ ငါ၏။ ရတနတ္တယဝန္ဒနာမယံ၊ ရတနာတို့၏ သုံးပါးတို့၏ အပေါင်းအား ရှိခိုးခြင်းတည်းဟူသော ပဏာမ စေတနာသည် ဖြစ်စေအပ်သော။ တနည်းကား၊ ရတနာတို့၏ သုံးပါးတို့၏ အပေါင်းအား ရှိခိုးကြောင်းဖြစ်သော ပဏာမစေတနာသည် ဖြစ်စေအပ် သော။ တနည်းကား၊ ရတနာတို့၏ သုံးပါးတို့၏ အပေါင်းအား ရှိခိုးခြင်း တည်းဟူသော ပဏာမစေတနာကြောင့်ဖြစ်သော။ တနည်းကား၊ ရတနာ

တို့၏ သုံးပါးတို့၏ အပေါင်းအား ရှိခိုးကြောင်းဖြစ်သော ပဏာမစေတနာကြောင့်ဖြစ်သော။ ယံပုညံ၊ အကြင်ကောင်းမှုသည်။ အတ္ထိ၊ ရှိ၏။ တဿပုညဿ၊ ၏။ အာနုဘာဝေန၊ အစွမ်းအားဖြင့်။ "အစွမ်းသည့်လည်းဟူ"။ သုဝိဟတန္တရာယော၊ အကြွင်းမဲ့ဖျောက်အပ်ပြီးသော အန္တရာယ်ရှိသည်။ ဟုတွာ၊ ၍။....

ဤဟုတွာ-ဟူသောကြိယာကို အထက် "အတ္ထံ ပကာသယိဿာမိ"၌ ပကာသယိဿာမိ-ဟူသော အပရကာလကြိယာနှင့် ပုဗ္ဗကာလ အပရကာလကြိယာစပ်လေ။ ဤ "ဣတိမေ ပသန္နမတိနော"အစရှိသော ဂါထာသည်လည်း အရိယာဂါထာလည်းကောင်းတည်း။

ဤသို့လျှင် ရတနတ္တယပဏာမပယောဇဉ်ကို စတုတ္ထဂါထာဖြင့်ပြပြီး၍ ယခုအခါ၌ အကြင်နိကာယ်ကို ဘွင့်ခြင်းငှာ အလိုရှိ၏။ ထိုနိကာယ်၏ ဂုဏ်ကို ပြတော်မူလို၍ "ဒီဃဿ ဒီဃသုတ္တင်္ကိတဿ။ပ။ သဒ္ဓါဝဟ ဂုဏဿ"ဟူသော ပဉ္စမဂါထာကို မိန့်သတည်း။ ထိုဂါထာ၏အတ္ထကား-

ဒီဃသုတ္တင်္ကိတဿ၊ ရှည်သောသုတ်တို့ဖြင့်မှတ်အပ်ထသော။ နိပုဏဿ၊ သိမ်မွေ့စွာထသော။ အာဂမဝရဿ၊ မြတ်သော နိကာယ်ဖြစ်ထသော။ တနည်းကား၊ နိကာယ်မြတ်ဖြစ်ထသော။ တနည်းကား၊ တပါးသော နိကာယ်တို့ထက်မြတ်ထသော။ ဗုဒ္ဓါနုဗုဒ္ဓသံဝဏ္ဏိတဿ၊ အဂ္ဂသာဝက အစရှိကုန်သော ဘုရားတပည့်တော်တို့သည် ဘွင့်အပ်ထသော။ တနည်းကား၊ ဘုရား ဘုရားတပည့်သားတော်ဖြစ်ကုန်သော အဂ္ဂသာဝက အစရှိကုန်သော အရိယာ အရှင်မြတ်တို့သည် ဘွင့်အပ်ထသော။ သဒ္ဓါဝဟဂုဏဿ၊ ကြည်ညိုခြင်းကိုဆောင်တတ်သော ဂုဏ်နှင့်ပြည့်စုံထသော။ ဒီဃဿ၊ ဒီဃနိကာယ်၏။....အတ္ထပကာသနတ္ထံ-၌ အတ္ထသဒ္ဒါနှင့်စပ်။

ဒီဃဿ-ဟူ၍ဆိုလျှင်ပင် ဒီဃနိကာယ်ဟူ၍ သိကောင်းပြီးလျက် ဒီဃသုတ္တင်္ကိတဿ-ဟူသော ဝိသေသနကို ဒီဃဟူသောအမည်သည် သိရိဝဍ္ဎက မနဝဍ္ဎက-အစရှိသော အမည်ကဲ့သို့ ရုဠှီနာမ် မဟုတ်။ အက္ခရာအစရှိသော အမည်ကဲ့သို့ အန္ဝတ္ထနာမ်တည်းဟု သိစေခြင်းငှာ

ဆိုပြန်လေသတည်း။ ထို့ကြောင့် ဋီကာ၌ “တတ္ထ ဒီဃသုတ္တင်္ကိတဿာတိ ဒီဃပမာဏသုတ္တလက္ခိတဿ။ ဧတေန ဒီဃောတိ အဿံ ဣမဿ အာဂမဿ၊ အတ္ထာနုဂတဿ သညာတိ ဒဿေတိ”ဟူသောစကားကို ဆိုသတည်း။ အင်္ကသဒ္ဒါသည် အစိတ်, အကြောင်း,အင်္ဂါကြီးငယ်,အရောင်, အမှတ်, ဤသို့အစရှိသော အနက်တို့၌ ဖြစ်၏။ ဤအရာ၌ကား အမှတ်ဟူသောအနက်၌ဖြစ်၏ဟု သိစေခြင်းငှာ ဒီဃသုတ္တင်္ကိတဿ-ကို ဒီဃပမာဏသုတ္တလက္ခိတဿ-ဟု အင်္ကိတသဒ္ဒါ၏အနက်ကို လက္ခိတသဒ္ဒါနှင့်ဋီကာဆရာဘွင့်တော်မူလေသတည်း။ အာဂမဝရဿ-ကို သုံးနည်း ယောဇနာရာ၌ ရှေ့နှစ်နည်းအလိုကား အာဂမဝရဿကို“အာဂမော စ သော ဝရော စာတိ အာဂမဝရော”ဟု ဝိသေသန ပရပဒကမ္မဓာရယ် ပြုလေ။ နောက်နည်းအလိုမူကား “အာဂမေဟိ ဝရော အာဂမဝရော”ဟု ပဉ္စမီတပ္ပုရိသ် ပြုအပ်သင့်၏။ဗုဒ္ဓါနုဗုဒ္ဓသံဝဏ္ဏိတဿ-ကို နှစ်နည်း ယောဇနာရာ၌ ရှေ့နည်းအလိုကား ဗုဒ္ဓါနုဗုဒ္ဓကို“ဗုဒ္ဓါနံ အနုအာဂမ္မ ဗုဒ္ဓါတိ ဗုဒ္ဓါနုဗုဒ္ဓါ”ဟု တပ္ပုရိသ် ပြုသင့်၏။ “ယေသာဝကာ၊ အကြင်သာဝကအစရှိသော တပည့်တော်တို့သည်။ ဗုဒ္ဓါနံ၊ သဗ္ဗညုမြတ်စွာဘုရားတို့ကို။ အနုအာဂမ္မ၊ အမှီပြုကုန်၍။ ဗုဒ္ဓါ၊ သစ္စာလေးပါးတရားကို သိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေသာဝကာ၊ တို့သည်။ ဗုဒ္ဓါနုဗုဒ္ဓါ၊ မည်ကုန်၏”။ သာဝကတို့ကိုရ၏။ နောက်နည်းအလိုကား “ဗုဒ္ဓါစ အနုဗုဒ္ဓါစ ဗုဒ္ဓါနုဗုဒ္ဓါ”ဟု ဒွန်ပြုသင့်၏။ “ဗုဒ္ဓါစ၊ ဘုရားတို့လည်း။ အနုဗုဒ္ဓါစ၊ ဘုရားတပည့်တော်တို့လည်း။ ဗုဒ္ဓါနုဗုဒ္ဓါ၊ ဘုရား ဘုရား့တပည့်တော်တို့”။ နှစ်ဝိကပ်၌ပင် အနုဟူသောဥပသာရပုဒ်သည် အာဂမ္မအနက်ကို ပြတတ်၏။ ထိုသို့ပြုစေလိုသောကြောင့် ဋီကာဆရာသည် “ဗုဒ္ဓါနံ စတုသစ္စပဋိဝေဓံ အနုအာဂမ္မ ပဋိဝိဒ္ဓသစ္စာ အဂ္ဂသာဝကာဒယော အရိယာ၊ တေဟိ အတ္ထသံဝဏ္ဏနာ ဂုဏသံဝဏ္ဏနာဝသေန သံဝဏ္ဏိတဿ။ အထဝါ ဗုဒ္ဓါ စ အနုဗုဒ္ဓါ စ ဗုဒ္ဓါနုဗုဒ္ဓါတိ ယောဇနာ”ဟူသောစကားကို ဆိုတော်မူသတည်း။ ဤဂါထာသည်လည်း အရိယာဂါထာလည်းကောင်းတည်း။

ဤသို့ သံဝဏ္ဏနာဂုဏ်ကိုပြပြီး၍ သံဝဏ္ဏနာ၏ ဖြစ်စဉ်၏ ဖြစ်ခြင်းကို ပြတော်မူလို၍ "အတ္ထပ္ပကာသနတ္ထံ။ပ။ ဒီပဝါသီနမတ္ထာယ"ဟူသော ဂါထာနှစ်ခုအပေါင်းကို မိန့်သတည်း။ ထိုဂါထာ၏အတ္ထကား–

အတ္ထပ္ပကာသနတ္ထံ၊ အနက်ကိုပြခြင်းငှာ။ (သင်္ဂီတာ အနုသင်္ဂီတာ အာဘတာ ဤကြိယာတို့၌ တဒတ္ထသမ္ပဒါန်စပ်)။ အာဒိတော-အာဒိမှ၊ ပဌမသင်္ဂါယနာတင်သောအခါ၌။ ပဉ္စဟိ ဝသီသတေဟိ၊ အရှင်မဟာကဿပ အစရှိကုန်သော ရဟန္တာငါးရာတို့သည်။ ယာ အဋ္ဌကထာ၊ ကို။ သင်္ဂီတာ၊ သင်္ဂါယနာတင်အပ်ပြီ။ ပစ္ဆာပိ၊ ဒုတိယသင်္ဂါယနာတင်သော အခါ၌လည်း။ အနုသင်္ဂီတာစ၊ ဆင့်၍လည်း သင်္ဂါ ယ နာ တင် အပ် ပြီ။ "တဖန်သင်္ဂါယနာတင်အပ်ပြီလည်းဟူ"။ (ဤဂါထာ၌ သင်္ဂီတာ အနုသင့်ဂီတာ၌ ဂီအက္ခရာကို ဂိ ဟု ဒီဃရှတ်။ အရိယာဂါထာလည်းကောင်း တည်း)။

အထ ပစ္ဆာဘာဂေ၊ သင်္ဂါယနာတင်အပ်ပြီးသည်မှ နောက်ကာလ၌။ ဝသိနာ၊ ရဟန္တာဖြစ်သော။ မဟာမဟိန္ဒေန၊ မဟာမဟိန္ဒထေရ်သည်။ သီဟဠဒီပံ၊ သီဟိုဠ်ကျွန်းသို့။ အာဘတာ၊ ဆောင်အပ်ပြီ။ ဒီပဝါသီနံ၊ သီဟိုဠ်ကျွန်းသားတို့၏။ အတ္ထာယ၊ အကျိုးငှာ။ သီဟဠဘာသာယ၊ သင်တိုင်းဦးစွပ်နှင့်တူသော သီဟိုဠ်ဘာသာဖြင့်။ ဌပိတာ၊ ထားအပ်ပြီ။

ယာအဋ္ဌကထာ-ဟူသော ကံကို သင်္ဂီတာ အနုသင်္ဂီတာ အာဘတာ ဌပိတာ ဤကြိယာလေးပါးတို့၌ပင်စပ်။ သီဟဠဒီပံပန-၌ ပနသဒ္ဒါကား ပဒပူရဏတည်း။ အာဘတာ-၌ ဘရဓာတ်သည် ဒွိကမ္မက ဓာတ်တည်း။ ၎င်းဒွိကမ္မက ဓာတ်သည် အကြင်အခါ၌ ကံကိုဟော လေအံ့။ ထိုအခါ၌ အပဓာန ကံသည် အဝုတ္တကံ။ ပဓာနကံကား ဝုတ္တကံဖြစ်မြဲ၊ ဤအရာ၌လည်း ယာအဋ္ဌကထာ-သည် ပဓာနကံ ဖြစ်သောကြောင့် ဝုတ္တကံနေသတည်း။ သီဟဠဒီပံ-ကား အပဓာနကံ ဖြစ်သောကြောင့် အဝုတ္တကံနေသတည်း။ ဤအထူးကိုမှတ်လေ။ အာဘတာဝါ-ဟု ပါဌ်အချို့ရှိ၏။ မသင့်။ အာဘတာထ-ဟု ရှိသောပါဌ်

သာ သင့်မြတ်၏။ အရိယာဂါထာလည်းကောင်းတည်း။ အချို့သော ပေ၌ "အာဘာတာ ထေရေန ဝသိနာ"ဟူ၍လည်း ပါဌ်ရှိ၏။ မသင့်။ အာဘာတာထ ဝသိနာ-ဟူ၍ ရှိသင့်သည်။ ထို့ကြောင့် ဋီကာ၌ "အာဘာတာတိ အာနီတာ။ အထာတိ ပစ္ဆာ အပရဘာဂေ"ဟူသော စကားကို ဆိုသတည်း။ အရိယာဂါထာလည်းကောင်းတည်း။

ဤသို့ သံဝဏ္ဏနာ၏ဖြစ်စဉ်ကိုပြပြီး၍ သံဝဏ္ဏနာပြုသော အခြင်းအရာဟု ဆိုအပ်သော ပကရဏာကာရကိုရင်း သံဝဏ္ဏနာ၏အကျိုးကိုရင်း ပြတော်မူလို၍ "အပနေတွာ။ပ။ စိရဋ္ဌိတတ္ထဉ္စ ဓမ္မဿ"ဟူသော ဂါထာသုံးခု အပေါင်းကို မိန့်သတည်း။ ထိုဂါထာ၏အတ္ထကား-

တတော၊ ထိုအဋ္ဌကထာဟောင်းမှ။ အဟံ၊ ငါသည်။ (ပကာသယိဿာမိ၌စပ်)။ သီဟဠဘာသံ၊ သင်တိုင်းဦးစွပ်နှင့်တူသော သီဟိုဠ်ဘာသာကို။ အပနေတွာန၊ ပယ်၍။ မနောရမံ၊ ပညာရှိတို့၏နှလုံးကို မွေ့လျော်စေတတ်ထသော။ တန္တိနယာနုစ္ဆဝိကံ၊ ဘုရားဟောတော်မူအပ် သော ပါဠိတော်နည်းအားလျော်စွာထသော။ ဝိဂတဒေါသံ၊ ကင်းသော အပြစ်ရှိထသော။ ဘာသံ၊ မာဂဓဘာသာကို။ အာရောပေတွာ၊ ပေထက် တင်သည်ဖြစ်၍။ (ပကာသယိဿာမိ၌ ကြိယာဝိသေသနစပ်)။

ထေရဝံသပ္ပဒီပါနံ၊ အရှင်မဟာကဿပထေရ် အစရှိကုန်သော ထေရ် အဆက်ဆက်တို့၏ အယူကို ပြကုန်ထသော။ တနည်းကား၊ အရှင်မဟာ ကဿပထေရ် အစရှိကုန်သော ထေရ်အဆက်ဆက်တို့၏ ဆီမီးတန်ဆောင် သဘွယ်ဖြစ်ကုန်ထသော။ သုနိပုဏဝိနိစ္ဆယာနံ၊ အလွန်သိမ်မွေ့သောအဆုံး အဖြတ်ရှိကုန်ထသော။ တနည်းကား၊ အလွန်သိမ်မွေ့စွာ အနက်အဓိပ္ပါယ် ကို ဆုံးဖြတ်ကုန်ထသော။ မဟာဝိဟာရေ၊ မဟာဝိဟာရအမည်ရှိသော ကျောင်းမြတ်၌။ နိဝါသီနံ၊ အမြဲသီတင်းသုံးလေ့ရှိကုန်ထသော။ ထေရာနံ၊ တို့၏။ သမယံ၊ အသိဉာဏ်ကို။ "အယူကိုလည်းဟူ"။ အဝိလောမေန္တော၊ မဆန့်ကျင်စေသည်ဖြစ်၍။ (ပကာသယိဿာမိ၌ ငင်းစပ်)။

များသောအဋ္ဌကထာပါဌ်တို့၌ ထေရဝံသပဒီပါနံ-ဟူ၍ ရှိကြ၏။ ထေရ ဝံသပဒီပါနံ-ဟု ရှိသောပါဌ်သည် သုန္ဒရ ဖြစ်၏။ ပဒီပါနံ-ဟုရှိသော

ပါဠိအတိုင်း ဆန်းဂိုဏ်းမတွေသင့်အောင်ယူမှုကား ပဒိပါနိံဒိအက္ခရာကို ရဿရွတ်၍ယူသော်ကား ပဒိပါနံ-ပင် သင့်၏။ မဟာဝိဟာရဝါသီနံ-ဟူ၍သာ ပါဠိအချို့ရှိ၏။ ဆန်းဂိုဏ်းမတွေ မစေ့ဖြစ်သောကြောင့် "မဟာဝိဟာရေ နိဝါသီနံ"ဟုရှိသောပါဠိသည်သာ အလွန်သင့်မြတ်၏။

ပုနပ္ပုနံ၊ အဘန်တလဲလဲ။ အာဂတံ၊ လာပြီးသော။ အတ္ထံ၊ ကို။ ဟိတွာ၊ စွန့်၍။ သုဇနဿစ၊ ဇမ္ဗုဒီပါကျွန်းသားဖြစ်သောသူတော်ကောင်း၏လည်း။ တုဋ္ဌတ္ထဉ္စ၊ နှစ်သက်ခြင်းငှာလည်း။ ဓမ္မဿ၊ သူတော်ကောင်းတရား၏။ စိရဋ္ဌိတတ္ထဉ္စ၊ ကြာမြင့်သောကာလပတ်လုံးတည်ခြင်းငှာလည်း။ ဒီဃဿ၊ ဒီဃနိကာယ်၏။ (သမ္ဗန်ထည့်)။ အတ္ထံ၊ အဋ္ဌကထာဖြစ်သော အနက်ကို။ ပကာသယိဿာမိ၊ ပြပေအံ့။

**သောတုဇနာနုဂ္ဂဟ**

သုဇနဿစ-၌ စသဒ္ဒါသည် သမ္ပိဏ္ဍန အနက်ရှိ၏။ ထိုစသဒ္ဒါဖြင့် ယခုငါပြုလတ္တံ့သော အဋ္ဌကထာသစ်သည် ဇမ္ဗုဒီပါကျွန်းသားဖြစ်သော သူတော်ကောင်း၏အကျိုးငှာသာ မဟုတ်။ သီဟိဠ်ကျွန်းသားဖြစ်သော သူတော်ကောင်း၏နှစ်သက်ခြင်းငှာလည်း ဖြစ်၏။ ဤသို့သောအနက်ကို ပြသတည်း။ သုဇနဿတုဋ္ဌတ္ထံ-ဟူသောအကျိုးကား မုချအကျိုးတည်း။ စိရဋ္ဌိတတ္ထံဓမ္မဿ-ဟူသောအကျိုးကား ပရမ္ပရအကျိုးတည်း။

ယခုအခါ၌ ကျယ်လွန်းသည်၏အဖြစ်မှ ကြောက်တတ်ကုန်သော သောတုဇနတို့ကို ချီးမြှောက်လို၍ အဋ္ဌကထာ၏ ကျယ်လွန်းသည်၏ အဖြစ်ကို ပယ်ခြင်းငှာ "သီလကထာ"အစရှိသော ဂါထာလေးခုအပေါင်းကို မိန့်သတည်း။ ထိုဂါထာ၏အတ္ထကား-

သီလကထာ စ၊ သီလကို အကျယ်ဆုံးဖြတ်သောစကားရင်း။ ဓုတဓမ္မာ စ၊ ဓုတင်တရားတို့ရင်း၊ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ကမ္မဋ္ဌာနာနိ စေဝ၊ ကမ္မဋ္ဌာန်းတို့ရင်း။ စရိယာဝိဓာနသဟိတော၊ စရိုက်အစီအရင်နှင့်တကွဖြစ်သော။ ဈာနသမာပတ္တိဝိတ္ထာရော စ၊ ဈာန်သမာပတ်အကျယ်ရင်း။

သဗ္ဗာ၊ အလုံးစုံကုန်သော။ အဘိညာယော စ၊ အဘိညာဉ်တို့ရှင်း။ ပညာသင်္ဂဟဝိနိစ္ဆယော စေဝ၊ ပညာကိုပေါင်းရုံး၍ဆုံးဖြတ်ခြင်းရှင်း။ "ပညာအပေါင်းကို ဆုံးဖြတ်ခြင်းရှင်းလည်းဟူ"။ (ပညာသကလဝိနိစ္ဆယော"ဟူ၍လည်း ပါဠိအချို့ရှိ၏။ "ပညာသင်္ဂဟဝိနိစ္ဆယော"ဟု ရှိသောပါဠိသည် ဋီကာနှင့်ညီ၏)။ခန္ဓာဓာတာယတနိန္ဒြိယာနိ၊ ခန္ဓာ ဓာတ် အာယတန ဣန္ဒြေတို့ရှင်း။ အရိယာနိ၊ မြတ်စင်ကုန်သော။ "အရိယာပုဂ္ဂိုလ်တို့သည်သာ ပိုင်းခြား၍သိအပ်ကုန်သောလည်းဟူ"။ စတ္တာရိ၊ ကုန်သော။ သစ္စာနိ၊ တို့ရှင်း။ သုပရိသုဒ္ဓနိပုဏနယာ၊ အလွန်စင်ကြယ်သိမ်မွေ့စွာသော ကေတ္တနည်း အစရှိသော နည်းရှိထသော။ အဝိမုတ္တတန္တိမဂ္ဂါ၊ ဘုရားဟောတော်မူအပ်သော ပါဠိတော်မှမလွတ်သော ပါဠိအစဉ်ရှိထသော။ ပစ္စယာကာရဒေသနာ စ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာရှင်း။ ဝိပဿနာဘာဝနာ စေဝ၊ ဝိပဿနာကိုပွားစေခြင်းရှင်း။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံသောစကားကို။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌။ မယာ၊ သည်။ သုပရိသုဒ္ဓံ၊ အလွန်စင်ကြယ်သည်ကို။ ကတ္တာ၊ ၍။ ယသ္မာ၊ ကြောင့်။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တသ္မာ၊ ကြောင့်။ တံသဗ္ဗံ၊ ကို။ ဘိယျော-ပုန၊ တဖန်။ ဣဓ၊ ဤသုမင်္ဂလဝိလာသိနီအမည်ရှိသောအဋ္ဌကထာ၌။ မယံ၊ တို့သည်။ န ဝိစာရယိဿာမ၊ မစိစစ်ကုန်အံ့။

"ဣတိ ဣဒံ ပန သဗ္ဗံ"ဟု ဣဒံသဒ္ဒါနှင့်လည်း ပါဠိရှိ၏။ ဣဒံသဒ္ဒါကို ဋီကာမဆိုသည်ဖြစ်သောကြောင့် မရှိသင့်ပြီ။ ဣတိသဒ္ဒါကား ပရိသမာပနတည်း။ ပနသဒ္ဒါကား ဝစနာလင်္ကာရတည်း။ သဗ္ဗံသဒ္ဒါကို အထက် ဘိယျောနေတံ-၌ ဧတံသဒ္ဒါနှင့်ယှဉ်၍ ယောဇနာလေ။ ထို့ကြောင့် ဋီကာ၌ "ဣတိ ပန သဗ္ဗန္တိ ဣတိသဒ္ဒေါ ပရိသမာပနေ၊ ပန သဒ္ဒေါ ဝစနာလင်္ကာရေ၊ ဧတံ သဗ္ဗန္တိ အတ္ထော"ဟုဆိုသတည်း။ ဤသီလကထာဓုတဓမ္မာ-အစရှိသည်ဖြင့် ဆိုအပ်ပြီးသောဂါထာတို့ကား သာမညဖြစ်သောဂါထာတို့တည်း။ ထို့ကြောင့် ထိုဂါထာတို့ကို ဆန်းဂိုဏ်းမတြာ မစစ်သင့်ပြီ။ "န ဒိဿတေတ္ထ ယံ ဆန္ဒံ၊ ပယောဂေ ဒိဿတေ ယဒိ။ ဝိသမက္ခရပါဒန္တံ၊ ဂါထာသာမညနာမတော"ဟူသော ဝုတ္တောဒယဂါထာနှင့်အညီ ဂါထာသာမညဟူ၍ သိအပ်၏။

ရှင်ဗုဒ္ဓဃောသဆရာ ဝိသုဒ္ဓိမဂ်၌စီရင်ပြီးဖြစ်တောကြောင့် ထိုအလုံးစုံကို မစိစစ်အံ့ဟူ၏။ ဝိသုဒ္ဓိမဂ်၌စိစစ်ပြီးသော်လည်း စိစစ်ကောင်းပါလျက် အဘယ့်ကြောင့်မစိစစ်လေသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ "မဇ္ဈေ ဝိသုဒ္ဓိမဂ္ဂေါ။ပ။ ဋ္ဌစ္စေဝ ကထော တသ္မာ" ဟူသော ငါးပါဒကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

သေသော ဝိသုဒ္ဓိမဂ္ဂေါ၊ ထိုဝိသုဒ္ဓိမဂ်ကျမ်းသည်။ (ပကာသယိဿတိ၌ ကတ္တားစပ်)။ သေသော ဝိသုဒ္ဓိမဂ္ဂေါ၊ ကို။ (ကထော၌ ကံစပ်)။ စတုန္နံ၊ ကုန်သော။ အာဂမာနံ၊ နိကာယ်တို့၏။ မဇ္ဈေ၊ အလယ်၌။ ဌတွာ၊ တည်၍။ တတ္ထ-တေသု စတူသု အာဂမေသု၊ ထိုလေးပါးကုန်သောနိကာယ်တို့၌။ ဘာသိတံ၊ ဟောအပ်သော။ အတ္ထံ၊ ကို။ ယထာ-ယေန ပကာရေန၊ အကြင်သို့သောအပြားအားဖြင့်။ ပကာသယိဿတိ၊ သိစေလတ္တံ့။ ဋ္ဌစ္စေဝ-ဋ္ဌတိ ဧဝ တထာ တေန ပကာရေန၊ ဖြင့်။ ဟိ ယသ္မာ၊ ကြောင့်။ မယာ၊ သည်။ (ကတ္တားထည့်)။ ကထော၊ ပြုအပ်ပြီ။ တသ္မာ၊ ကြောင့်။ န ဝိစာရယိဿာမ၊ ကုန်အံ့။ (ဤသို့သမ္ဗန်။ "စတုန္နံ အာဂမာနံ"၏အရကို ဝိသုဒ္ဓိမဂ်သည် ခုဒ္ဒကနိကာယ်၌ဝင်သောကြောင့် ခုဒ္ဒကနိကာယ်ကိုထား၍ နိကာယ်လေးပါးကိုယူ)။

## ဥယျောဇဉ်

ယခုအခါ၌ သောတုဇနတို့၏ အလွန်အားထုတ်ခြင်းကိုဖြစ်စေခြင်းငှာ ဥယျောဇဉ်ကို ပြုတော်မူလို၍ "တသ္မာ တမ္ပိ ဂဟေတွာန"အစရှိသော သုံးပါဒကို မိန့်သတည်း။ ထိုသုံးပါဒ၏အတ္ထကား-

ယသ္မာ၊ ကြောင့်။ ဋ္ဌစ္စေဝ-ဋ္ဌတိဧဝ တထာ တေန ပကာရေန၊ ဖြင့်။ သေ သော ဝိသုဒ္ဓိမဂ္ဂေါ၊ ကို။ မယာ၊ သည်။ ကထော၊ ပြီ။ (အနိယတ်ထည့်သည်)။ တသ္မာ၊ ထိုသို့ပြုအပ်ပြီးသည်၏အဖြစ်ကြောင့်။ တမ္ပိ ဝိသုဒ္ဓိမဂ္ဂံ၊ ကိုလည်း။ ဂဟေတွာန၊ ယူ၍။ တောယ အဋ္ဌကထာယ၊ ဤယခု

ငါဆိုလတ္တံ့သော သုမင်္ဂလဝိလာသိနီအမည်ရှိသော အဋ္ဌကထာနှင့်။ သဒ္ဓိံ၊ တကွ။ သာခဝေါ၊ သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ၊ တို့သည်။ ဒီဃာဂမနိဿိတံ၊ ဒီဃနိကာယ်ကိုမှီ၍ဖြစ်သော။ အတ္ထံ၊ ကို။ ဝိဇာနာထ၊ သိလင့်ကုန်။

# နိဒါန ကထာ

ဆရာ "ဒီဃဿ အာဂမဝရဿ"ဟု ဝိဘာဂဝန္တကို ဆရာ ဆိုပြီ။ တနည်းကား "ဒီဃာဂမနိဿိတံ"ဟု ဆရာ ဝိဘာဂဝန္တကို ဆိုပြီ။ ထို ဝိဘာဂဝန္တ၏ဝိဘာဂကား အဘယ်သို့ဖြစ်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ "တဿ ဒီဃာဂမောနာမ"အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အနက်ကား-

တတ္ထ-တသ္မိံ ဒီဃဿ အာဂမဝရဿ အတ္ထံ ပကာသယိဿာမီတိ ဝစနေ၊ ထိုဒီဃဿ။ပ။မိ ဟူသောစကား၌။ တနည်းကား၊ တတ္ထ-တသ္မိံ ဒီဃာဂမနိဿိတန္တိ ဝစနေ၊ ထိုဒီဃာဂမနိဿိတံ-ဟူသောစကား၌။ ဝိဘာဂေ၊ ခွဲဝေခြင်းကို။ ဧဝံ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။ ဒီဃာဂမောနာမ၊ ဒီဃနိကာယ်မည်သည်ကား။ သီလက္ခန္ဓဝဂ္ဂေါ၊ သီလက္ခန္ဓဝဂ်ဒင်း။ မဟာဝဂ္ဂေါ၊ ဒင်း။ ပါထိယဝဂ္ဂေါ၊ ဒင်း။ ဣတိ၊ သို့။ ဝဂ္ဂတော၊ ဝဂ်အားဖြင့်။ တိဝဂ္ဂေါ၊ သုံးဝဂ်ရှိသည်။ ဟောတိ၊ ၏။ သုတ္တတော၊ သုတ်အားဖြင့်။ စတုတ္တိံသသုတ္တသင်္ဂဟော၊ သုံးဆယ့်လေးသုတ်အရေအတွက်ရှိသည်။ ဟောတိ၊ ၏။ တဿ၊ ထိုဒီဃနိကာယ်၏။ ဝဂ္ဂေသု၊ ဝဂ်တို့တွင်။ သီလက္ခန္ဓဝဂ္ဂေါ၊ သီလက္ခန္ဓဝဂ်သည်။ အာဒိ၊ အစတည်း။ (သီလက္ခန္ဓဝဂ္ဂေါအာဒိ-ဟူသောစကားကို သင်္ဂါယနာတင်စဉ်အားဖြင့် ဆိုသတည်း။ ဟောစဉ်အားဖြင့် ဆိုသည်မဟုတ်)။ သုတ္တေသု၊ တို့တွင်။ ဗြဟ္မဇာလံ၊ ဗြဟ္မဇာလသုတ်သည်။ အာဒိ၊ တည်း။ဗြဟ္မဇာလဿာပိ၊၏လည်း။ဧဝံ မေ သုတန္တိ အာဒိကံ၊ ဧဝံမေသုတံ၌သို့စသော။ (နိဒါန်၌ ဝိသေသနစပ်)။ အာယသ္မတာ၊ ရှည်သောသက်တော်ရှိသော။ အာနန္ဒေန၊ အာနန္ဒာသည်။ ပဌမမဟာသင်္ဂီတိကာလေ၊ ပဌမမဟာသင်္ဂါယနာတင်သောအခါ၌။ ဝုတ္တံ၊ ဆိုအပ်သော။ နိဒါနံ၊ နိဒါန်းသည်။ အာဒိ၊ တည်း။

အရှင်ဗုဒ္ဓဃောသဆရာ "ဓာတုဘာဇနဒိဝသေ"စသောစကားအစဉ်ဖြင့် သင်္ဂါယနာတင်သောစကားအစဉ်ကို ဆို၏။ ထိုသင်္ဂါယနာတင်သော စကားကို သင်္ဂီတိက္ခန္ဓက၌ ဆိုအပ်ပြီးလျက် အဘယ်အကျိုးငှာ ဤ

သုမင်္ဂလဝိလာသိနီ အမည်ရှိသော အဋ္ဌကထာ၌ ဆိုရလေသနည်းဟု သူ မေးဘွယ်ရှိ၍ ထိုအမေးကိုဖြေအံ့သောငှာ "ပဌမ မဟာသင်္ဂီတိနာမ စေသာ" စသောပါဠိကိုမိန့်သတည်း။ စသဒ္ဒါကား ဝါကျာရမ္ဘတည်း။ ထိုပါဠိ၏အနက်ကား-

**ပဌမမဟာသင်္ဂီတိကထာ**

သော ပဌမမဟာသင်္ဂီတိနာမ၊ ထိုပဌမမဟာသင်္ဂါယနာမည်သည်ကို။ ဝိနယပိဋကေ၊ ဝိနည်းပိဋကတ်၌။ တန္တိံ၊ ပါဠိသို့။ ကိဉ္စာပိအာရုဠှာ၊ အကယ်၍တင်အပ်ပြီး၏ရှင့်။ ပန တထာပိ၊ ထိုသို့တင်အပ်ပြီးသော်လည်း။ နိဒါနကောသလ္လတ္ထံ၊ နိဒါန်း၌လိမ္မာစေခြင်းငှာ။ ဣဓာပိ၊ ဤသုမင်္ဂလဝိလာသိနီမည်သော ဒီဃနိကာယ်အဋ္ဌကထာ၌လည်း။ဝေ-ဣမိနာ ဝုစ္စမာနနယေန၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

"ဝိနယပိဋကေ တန္တိမာရုဠှာ" ဟူသောစကားကို သင်္ဂီတိက္ခန္ဓက ပါဠိကို ရည်၍ ဆိုသတည်း။ ဝေံသဒ္ဒါသည် ဝုတ္တာပေက္ခ ဝုစ္စမာနာပေက္ခ အားဖြင့် နှစ်ပါးတို့တွင် ဝုစ္စမာနာပေက္ခတည်း။

ဤဆိုလတ္တံ့သောနည်းဖြင့် သိအပ်၏ဟူပြီ၊ ဤဆိုလတ္တံ့သောနည်းဟူသည် အဘယ်နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ "ဓမ္မစက္ကပ္ပဝတ္တနဉ္ဟိ" စသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အနက်ကား-

ဟိ-ဝိတ္ထာရယိဿာမိ၊ ချဲ့ပေအံ့။ ဓမ္မစက္ကပ္ပဝတ္တနံ၊ ဓမ္မစကြာတရားဟောခြင်းကို။ အာဒိံကတွာ၊ ၍။ ယာဝသုဘဒ္ဒပရိဗ္ဗာဇကဝိနယနာ၊ သုဘဒ်ပရိဗိုဇ် ရဟန်းကိုဆုံးမသည်တိုင်အောင်။ (ယာဝ သုဘဒ္ဒပရိဗ္ဗာဇကဝိနယနာ-ကား အစအဆုံးကိုသာ ဆိုသောကြောင့် မိဂပဒဝဠဉ္ဇနနည်းတည်း)။ ကတဗုဒ္ဓကိစ္စေ၊ ပြုအပ်သောဘုရားကိစ္စပြီးသောကြောင့်။ (ပရိနိဗ္ဗုတော၌ စပ်)။ ကုသိနာရာယံ၊ ကုသိနာရုံပြည်၌။ (ပရိနိဗ္ဗုတေ-၌ စပ်)။ဥပဝတ္တနေ၊ အကွေ့၌။ မလ္လာနံ၊ မလ္လာမင်းတို့၏။ သာလဝနေ၊ အင်ကြင်းဥယျာဉ်၌။ ယမကသာလာနံ၊ အစုံသောအင်ကြင်းပင်ငယ်တို့၏။ အန္တရေ၊ အကြား၌။ ဝိသာခပုဏ္ဏမဒိဝသေ၊ ကဆုန်လပြည့်နေ့၌။ ပစ္စူသသမယေ၊ မိုးသောက်

သောအခါ၌။ အနုပါဒိသေသာယ၊ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ လောကနာထော၊ လူနတ်တို့၏ကိုးကွယ်ရာဖြစ်သော။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုပြီးသော်။ (သန္နိပတိတာနံ-၌ လက္ခဏစပ်)။ ဘဂဝတော၊ ၏။ ဓာတုဘာဇနဒိဝသေ၊ ဓာတ်တော်ကိုဝေဘန်သောနေ့၌။ (ဥဿာဟံဇနေသိ-၌ စပ်။ တနည်း သန္နိပတိတာနံ-၌ စပ်)။ သန္နိပတိတာနံ၊ စည်းဝေးကုန်သော။ တနည်း၊ အညီအညွတ်ပေါင်းအပ်ကုန်သော။ (ဤဝိသေသနကို ဘိက္ခုသတသဟဿာနံ-၌ စပ်။ ဘိက္ခူနံ ဥဿာဟံ ဇနေသိ-၌ ဘိက္ခူနံနှင့်လည်း စပ်အပ်၏)။

သန္နိပတိတာနံ-ကို စည်းဝေးကုန်သောဟု သန္နိ သိန္န အ နက် ကို ယူ ၍ ယောဇနာသော် ဓာတုဘာဇနဒိဝသေ-ဟူသော အာဓာရကို ဥဿာဟံ-၌ စပ်။အညီအညွတ်ပေါင်းအပ်ကုန်သောဟု ကာယသာမဂ္ဂိကိုပေးသော အားဖြင့် ပေါင်းအပ်သော သင်္ဂဟိတအနက်ယူမှုကား ဓာတုဘာဇနဒိဝသေ-ဟူသော အာဓာရကို သန္နိပတိတာနံ-၌ပင် စပ်အပ်၏။ထို့ကြောင့် ဋီကာ၌ "ဓာတုဘာဇနဒိဝသေတိ ဣဒံ သန္နိပတိတာနန္တိ ဧတဿ န ဝိသေသနံ၊ ဥဿာဟ ဇနနဿ ပန ဝိသေသနံ။ ဓာတု ဘာဇန ဒိဝသေ ဘိက္ခူနံ ဥဿာဟံ ဇနေသိ၊ ဓာတုဘာဇနဒိဂသတော ဟိ ပုရိမပုရိမတရ ဒိဝသေသု ဘိက္ခူ သမာဂတာ။ အထဝါ ဓာတုဘာဇန ဒိဝသေ သန္နိပတိတာနံ ကာယသာမဂ္ဂိဝသေန သင်္ဂဟိတာနန္တိ အတ္ထော" ဟု မိန့်သတည်း။

သတ္တန္နံ ဘိက္ခု သတ သဟဿာနံ၊ ခုနစ်သိန်းသောရဟန်းတို့၏။ သံဃတ္ထေရော၊ သင်္ဃာအကြီးဖြစ်သော။ အာယသ္မာ၊ ရှည်သောအသက်ရှိသော။ မဟာကဿပေါ၊ အရှင်မဟာကဿပသည်။ (ဥဿာဟံ ဇနေသိ-ကြိယာ၌ ကတ္တားစပ်)။

သတ္တန္နံ ဘိက္ခုသတသဟဿာနံ-ဟူသောစကားကို ဂဏာပါမောက္ခကိုသာ ရည်၍ဆိုသည်။ ဘုရားဓာတ်တော်ကိုဝေဘန်သောနေ့၌ စည်းဝေးသော ရဟန်းတို့ကား အတိုင်းမသိများ၏ဟု မှတ်။

အရှင်မဟာကဿပသည် သင်္ဂါယနာတင်ခြင်း၌ ရဟန်းတို့အား အားထုတ်ခြင်းကို ဖြစ်စေ၏ဟူပြီ။ အဘယ်သို့သော အကြောင်းကို ကြံတော်မူ၍ သင်္ဂါယနာတင်ခြင်း၌ အားထုတ်ခြင်းကိုဖြစ်စေသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ "သတ္တာဟပရိနိဗ္ဗုတေ ဘဂဝတိ။ပ။ စိန္တယန္တော ဓမ္မဝိနယသင်္ဂါယနတ္ထံ ဘိက္ခူနံ ဥဿာဟံ ဇနေသိ"ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အနက်ကား-

ဘဂဝတိ၊ သည်။ သတ္တာဟပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြု၍ ခုနစ်ရက်ရှိပြီးသော်။ (ဥဿာဟံဇနေသိ-၌ လက္ခဏစပ်)။ သုဘဒ္ဒေန၊ သုဘဒ် အမည်ရှိသော။ ဝုဍ္ဎပဗ္ဗဇိတေန၊ ကြီးမှရဟန်းပြုသူသည်။ (ဝုတ္တဝစနံ-ဝယ် ဝုတ္တ သဒ္ဒါ၌ အဝုတ္တကတ္တားစပ်)။ အာဝုသော၊ ငါ့ရှင်တို့။အလံနိရတ္ထကံ၊အကျိုးမရှိ။ တုမှေ၊ တို့သည်။ မာ သောစိတ္ထ၊ မစိုးရိမ်လင့်ကုန်။ မာ ပရိဒေဝိတ္ထ၊ မငိုကြွေးလင့်ကုန်။ မယံ၊ တို့သည်။ တေန မဟာသမဏေန၊ ထိုရဟန်းကြီး ဂေါတမမှ။သုမုတ္တာ၊ကောင်းစွာလွတ်ကုန်သည်။ဟောမ၊ ဖြစ်ကုန်ပြီ။ တေန မဟာသမဏေန၊ သည်။ (သုမုတ္တာ-၌စပ်မူ အပါဒါန် ဖြစ်၏။ ဥပဒ္ဒုတာ-၌ စပ်မူကား ကတ္တားဖြစ်၏။ ထိုကြောင့် ဘိန္နသတ္တိနည်းဟု သိအပ်၏)။ ဣဒံ ကပ္ပတိ၊ ဤအမှုသည်။ဝေါ၊တို့အား။ကပ္ပတိ၊အပ်၏။ဣဒံကပ္ပတိ၊သည်။ဝေါ၊ တို့အား။ န ကပ္ပတိ၊ အပ်။ ဣတိ၊ သို့။ မယံ၊တို့ကို။ဥပဒ္ဒုတာ စနှိပ်စက်အပ်ကုန်သည်လည်း။ ဟောမ၊ ဖြစ်ကုန်ပြီ။ ဣဒါနိ ပန၊ ၌ကား။ မယံ၊တို့သည်။ ယံ ကမ္မံ၊ကို။ဣစ္ဆိဿာမ၊ကုန်အံ့။တံ ကမ္မံ၊ကို။ ကရိဿာမ၊ ကုန်အံ့။ ယံ ကမ္မံ၊ ကို။န ဣစ္ဆိဿာမ၊ကုန်။တံ ကမ္မံ၊ကို။န ကရိဿာမ၊ကုန်အံ့။ ဣတိ၊ သို့။ ဝုတ္တဝစနံ၊ ဆိုအပ်သောစကားကို။ အနုဿရန္တော၊ အောက်မေ့တော်မူသည် ဖြစ်၍။ (စိန္တယန္တော-၌ ကြိယာဝိသေသနစပ်)။ ဤဒိသဿ၊ ဤသို့သဘော ရှိထသော။သံဃသန္နိပါတဿ၊ သဃ်ာအစည်းအဝေး၏။ ပုန၊ ဘန်။ ဒုလ္လဘဘာဝဉ္စ၊ ရခဲသည်၏အဖြစ်ကိုလည်း။ မညမာနော၊ အောက်မေ့တော်မူသည် ဖြစ်၍။(ဇနေတိ-၌ ကြိယာဝိသေသနစပ်)။ ပါပဘိက္ခူ၊ ယုတ်သောအကျင့် ရှိကုန်သော ရဟန်းတို့သည်။ ပါဝစနံ၊ ဘုရားစကားသည်။ အတီတ သတ္ထုကံ၊ လွန်ပြီးသောဆရာရှိ၏။ ဣတိ၊ သို့။ မညမာနာ၊ အောက်မေ့ကုန်

သည်ဖြစ်၍။ပက္ခံ၊အလင်္ဇီအပင်းအသင်းကို။လဘိတွာ၊ရကုန်၍။န စိရဿေဝ၊ မကြာမြင့်မီပင်လျှင်။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ ယံ-ယေန ကာရဏေန၊ ကြောင့်။ အန္တရဓာပေယျုံ၊ ကွယ်စေကုန်ရာ၏။ တံ ဌာနံ၊ ထိုသို့ ကွယ်စေရာသော အကြောင်းသည်။ ဝိဇ္ဇတိခေါ ပန၊ ရှိသလျှင် ကတည်း။ ယာဝ စ၊ အကြင်မျှလောက်သောကာလပတ်လုံးလည်း။ ဓမ္မ ဝိနယော၊ သုတ် အဘိဓမ္မာ ဝိနည်းသည်။ တိဋ္ဌတိ၊ တည်၏။ တာဝ၊ ထိုမျှ လောက်သောကာလပတ်လုံး။ ပါဝစနံ၊ မြတ်စွာဘုရားစကားတော်သည်။ အနတီတသတ္ထုကမေဝ၊ မလွန်သေးသောဆရာရှိသည်သာလျှင်။ ဟောတိ၊ ၏။

ဓမ္မဝိနယတည်ရှိသော် မြတ်စွာဘုရားစကားတော်၏ မလွန်သေးသော ဘုရားရှိသည်၏အဖြစ်ကို အဘယ့်ကြောင့် အမြဲယုံကြည်ရပါအံ့နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ "ဝုတ္တမ္ဟေတံ"အစရှိသော ပါဠ်ကို မိန့်သတည်း။ ထိုပါဠ်၏အနက်ကား-

ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ ဘဂဝတာ၊ သည်။ ယောခေါ အာနန္ဒ။ပ။ သတ္ထာတိ၊ ဟူ၍။ ဧတံ ဝစနံ၊ ကို။ ဝုတ္တံ၊ ဟောတော်မူ အပ်ပြီ။ အာနန္ဒ၊ န္ဒာ။ မယာ၊ သည်။ ယော ဓမ္မော စ၊ အကြင် သုတ် အဘိဓမ္မာ ကိုရင်း။ ယော ဝိနယော စ၊ ကိုရင်း။ ဒေသိတော၊ ဟောအပ်ပြီ။ ပညတ္တော၊ ပညတ်အပ်ပြီ။ (ဒေသိတော-ကြိယာနှင့် ဓမ္မော- ဟူသော ကံကိုစပ်။ ပညတ္တော-ဟူသောကြိယာနှင့် ဝိနယော - ဟူသော ကံကိုစပ်)။ သော ဓမ္မဝိနယော၊ ထို သုတ် အဘိဓမ္မာ ဝိနည်းသည်။ မမစ္စယေန၊ ငါလွန်သဖြင့်။ ဝေါ၊ သင်တို့၏။ သတ္ထာ၊ ဆရာသည်။ ဘဝိဿတိ၊ လတ္တံ့။ (ဘဝိဿတိ-ကို ကြိယာအလို့ငှာထည့်သည်)။

သတ္ထာ - ဟူသော ပုဒ်သည် ဓမ္မဝိနယနှင့် တုလျတ်လိင်တ် ဖြစ်၏။ ထို့ကြောင့် သတ္ထာ-ဟူသောပုဒ်ကို "သာသတိ အနုသာသတိ ဧတေ နာတိ သတ္ထာ"ဟုဓမ္မဝိနယ ရသင့်သောကြောင့်ကရဏသာဓနပြုသင့်၏။ "ဧတေန ဓမ္မဝိနယေန၊ ဖြင့်။ ဘဂဝါ၊ သည်။ သာသတိ အနုသာသတိ၊ ဆုံးမတော်မူ၏။ ဣတိ၊ ထိုသို့ ဆုံးမကြောင်းဖြစ်သည်၏သတ္တိကြောင့်။

ဧတေနာတိ ပဒေန၊ ဖြင့်။ နိဒ္ဒိဋ္ဌော၊ ပြအပ်ပြီးသော။ သော ဓမ္မ ဝိနယော၊ သည်။ သတ္ထာ၊ မည်၏”။ ဓမ္မဝိနယ ရ၏။

ယံနူန ယဒိ ပန၊ အကယ်၍။ အဟံ၊ သည်။ ဓမ္မဉ္စ၊ ကိုလည်း။ ဝိနယဉ္စ၊ ကိုလည်း။ သင်္ဂါယေယျံ၊ သင်္ဂါယနာတင်ရမူကား။ သာဓု၊ ကောင်း၏။ ယထာဧဝံ သင်္ဂီယမာနေ၊ ဤသို့ သင်္ဂါယနာတင်အပ်သည်ရှိသော်။ ဣဒံ သာသနံ၊ ဤဘုရားသာသနာတော်သည်။ အဒ္ဓနိယံ၊ အရှည်ခန့်သည်။ အဿဘဝေယျ၊ ၏။ စိရဋ္ဌိတိကံ၊ ကြာမြင့်စွာတည်ခြင်းရှိသည်။ အဿ ဘဝေယျ၊ ၏။

ဘဂဝတာ၊ သည်။ ကဿပ၊ ကဿပ။ တွံ၊ သင်သည်။ သာဏာနိ၊ သာဏမည်သောလျှော်ဖြင့်ရက်အပ်ကုန်သော။ နိဗ္ဗသနာနိ၊ ဝတ်ခြင်းကိစ္စ ပြီးပြီးကုန်သော။ မေ၊ ငါ၏။ ပံသုကူလာနိ၊ တို့ကို။ ဓာရေဿသိပန၊ ဆောင်နိုင်လတ္တံ့လော။ ဣတိ၊ သို့။ ဝတွာ၊ ပိန့်တော်မူ၍။ စီဝရေ၊ ၌။ သာဓာရဏပရိဘောဂေန၊ ဆက်ဆံသောသုံးဆောင်ခြင်းဖြင့်။ အဟံ၊ ငါ့ကို။ ယဉ္စ အနုဂ္ဂဟိတော၊ အကြင်ကြောင့် ချီးမြှောက်တော်မူအပ်၏။

အဓိပ္ပါယ်အကျယ်ကား - ရာဇဂြိုဟ်ပြည်သူဌေး၏ ပုဏ္ဏမည်သောကျွန်မ သည် သေလေသော် သူဌေးသည် ချစ်ခင်လေးမြတ်သော ကျွန်မ ဖြစ်သောကြောင့် ပုဏ္ဏမည်သော ကျွန်မအကောင်ကို ပုဆိုးဖြင့်ထုပ်၍ သုသာန်အရပ်၌ပစ်လေ၏။ ထိုအကောင်သည် အလွန်ပုပ်သည်ဖြစ်၍ တတုံမျှလောက်သောပိုးလောက်တို့ဖြင့် ပြည့်၏၊ သဗ္ဗညုမြတ်စွာဘုရား သည် တတုံမျှလောက်သော ပိုးလောက်တို့ကိုခါ၍ ပံသုကူ ယူတော်မူ လေ၏။ ထိုပုဆိုးကို ပံသုကူယူသောနေ့၌ တသောင်းသောစကြဝဠာ၌ မြေကြီးသည် မခံနိုင်သကဲ့သို့ ပြင်းစွာသောအသံကိုမြည်တွန်၍ လှုပ်၏။ ကောင်းကင်သည်လည်း ဖျစ်ဖျစ်မြည်၏။ တသောင်းသောစကြဝဠာ၌ နတ်တို့သည် ကောင်းချီးပေးကုန်၏။ တပါးသောအခါ၌ သဗ္ဗညု မြတ်စွာဘုရားသည် အရှင်မဟာကဿပထေရ်နှင့် ဒေသစာရီကြွတော် မူလေ၍ ခရီးမှဖဲ၍ တခုသော စိမ်းညိုသောသစ်ပင်ရင်းသို့ ကပ်လေ၏။ ထိုအခါ၌ အရှင်မဟာကဿပသည် ပုဆိုးနွမ်းဖြင့်ပြုအပ်သော မိမိ

ဒုကုဋ်ကို လေးထပ်ပြု၍ ခင်း၍ မြတ်စွာဘုရားကို"အရှင်ဘုရား အကျွန်ုပ်အား သနားတော်မူသည်ကို အကြောင်းပြု၍ ထိုင်တော်မူပါ"ဟု လျှောက်တောင်းပန်၏၊ သဗ္ဗညုမြတ်စွာဘုရားသည် လေးထပ်ပြု၍ ခင်းအပ်သော အရှင်မဟာကဿပ၏ ဒုကုဋ်၌ ထိုင်တော်မူ၏။ ထိုင်တော်မူပြီး၍ "ကဿပ သင်၏ဒုကုဋ်ကား အလွန်နူးညံ့ပေစွတကား" ဟု ချီးမွမ်းစကားကို မိန့်တော်မူ၏။ ထိုသို့ သင်္ကန်း၏ငြင်း သပိတ်၏ ငြင်း ကျေးဇူးကို ဘုရားချီးမွမ်းတော်မူလျှင် "အရှင်ဘုရားတို့၏ဥစ္စာပင် ဖြစ်ပါသည်။ ယူတော်မူပါကုန်"ဟု တပည့်တို့၏ဆိုခြင်းသည် စာရိတ္တ ဖြစ်သည်။ ထို့ကြောင့် အရှင်မဟာကဿပသည်လည်း "အရှင်ဘုရား အကျွန်ုပ်၏ပုဆိုးနွမ်းဖြင့်ပြုသော ဒုကုဋ်ကို အကျွန်ုပ်အားသနားသည်ကို အကြောင်း ပြု၍ ခံတော်မူပါ"ဟု လျှောက် တောင်း ပန် ၏၊ ထိုသို့ လျှောက်တောင်းပန်သော် "ကဿပ သင်သည် ငါ၏ သာဏမည်သော လျှော်ဖြင့်ပြီးကုန်သော ဝတ်ရုံ၍ဆွေးမြည့်ကုန်ပြီးသော ပံသုကူသင်္ကန်း တို့ကို ဆောင်နိုင်လတ္တံ့လော"ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော စကားကိုရည်၍ "ယဥ္စာဟံ ဘဂဝတာ ဓာရေဿသိ ပန မေ တွံ ကဿပ သာဏာနိ ပံသုကူလာနိ နိဗ္ဗသနာနီတိ ဝတွာ စီဝရေ သာ ဓာရဏ ပရိဘောဂေန ယဥ္စ အနုဂ္ဂဟိတော"ဟူသည်ကို မိန့်သည်။ အရှင်မဟာကဿပသည်"အရှင်ဘုရား အရှင်ဘုရား၏ သာဏမည်သော လျှော်ဖြင့်ပြီးကုန်သော ဝတ်၍ဆွေးမြည့်ကုန်ပြီးသော ပံသုကူသင်္ကန်း တို့ကို အကျွန်ုပ်ဆောင်နိုင်ပါ၏"ဟု ဝန်ခံ၍ မိမိ၏ပုဆိုးနွမ်းဖြင့်ပြုသော ဒုကုဋ်ကို မြတ်စွာဘုရားအား ပေးလေ၏။ မြတ်စွာဘုရားလည်း သာဏမည်သောလျှော်ဖြင့်ပြီးကုန်သော ဝတ်၍ဆွေးမြည့်ကုန်ပြီးသော ပံသုကူသင်္ကန်းတို့ကို အရှင်မဟာကဿပအား ပေးလေ၏။သင်္ကန်းတထည်သာ ဖြစ်လျက် များသောချည်ချောင်းအစိတ်ရှိသည်၏အဖြစ်ကြောင့် "ပံသုကူလာနိ"ဟု ဗဟုဝုစ်ဖြင့် ဆိုသတည်း။ ထို့ကြောင့် သာရတ္ထဒီပနီ ဋီကာ၌ "ဧတ္တ ကိဥ္စာပိ ဧကမေဝ စီဝရံ အနေကာဝယဝတ္တာ ပန ဗဟုဝစနံ ကတံ"ဟု ဆိုသတည်း။ ဤသို့ "ဓာရေဿသိ ပန မေ တွံ ကဿပ သာဏာနိ ပံသုကူလာနိ နိဗ္ဗသနာနိ"ဟူသောစကားကို အရှင်

မဟာကဿပ၏ ဆင်ပြောင်ကြီး ၇-စီးအားကို ဆောင်နိုင်သော ကိုယ်အားကြီးသည်၏အဖြစ်ကိုရည်၍ မိန့်တော်မမူ။ ပဋိပတ္တိဖြည့်ခြင်းကိုရည်၍ မိန့်တော်မူသည်။ ထိုသို့ မိန့်တော်မူသောစကားကို အောက်မေ့တော်မူ၍ "ယဒ္ဓါဟံ ဘဂဝတာ ဓာရေဿာမိ ပန မေ တွံ ကဿပ သာဏာနိ ပံသုကူလာနိ နိဗ္ဗသနာနီတိ ဝတွာ စီဝရေ သာဓာရဏ ပရိဘောဂေန" ဟူသောစကားကို အရှင်မဟာကဿပထေရ် မိန့်လေသည်ဟုလိုသော်။ ဤသို့ ဆိုအပ်ပြီးသော အကျယ်စကားအစဉ်ကား ကဿပသံယုတ်၌ လာ၏။

ဘိက္ခဝေ၊ တို့။ အဟံ၊ ငါသည်။ ယာဝဒေ၊ ¹ အကြင်မျှလောက်သော ကာလပတ်လုံး။ အာကင်္ခါမိ၊ အလိုရှိ၏။ တာဝဒေ၊ ထိုသို့အလိုရှိသော ကာလပတ်လုံး။ ကာမေဟိ၊ ကာမတရားတို့မှ။ ဝိဝိစ္စေဝ-ဝိဝိစ္စ ဧဝ၊ ကင်း၍သာလျှင်။ အကုသလေဟိ၊ ကုန်သော။ ဓမ္မေဟိ၊ တို့မှ။ ဝိဝိစ္စဧဝ၊ လျှင်။ (ဧဝ-လိုက်)။ ပဌမံ၊ ရစဉ်အားဖြင့်ရှေ့ဦးစွာဖြစ်သော။ ဈာနံ၊ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟာရာမိ၊ ဣရိယာပုထ်လေးပါးကို ဆောင်၏။

ယာဝဒေဝ-ဟု ပါဌ်အချို့ ရှိ၏။ "ယာဝဒေဝါတိ ဣမိနာ သမာနတ္ထံ ယာဝဒေတိ ဣဒံပဒံ" ဟူသော သာရတ္ထဒီပနီဋီကာပါဌ်နှင့် မညီသောကြောင့် မသင့်။ ယာဝဒေ-ရှိသောပါဌ်သာလျှင် ညီသော ကြောင့် သင့်သတည်း။

ဘိက္ခဝေ၊ တို့။ ကဿပေါပိ၊ ကဿပသည်လည်း။ ယာဝဒေ၊ လုံး။ အာကင်္ခတိ၊ ၏။ တာဝဒေ၊ လုံး။ပ။ ဣတိဧဝမာဒိနာ၊ ဤသို့စသော။ နယေန၊ ဖြင့်။ နဝါနုပုဗ္ဗဝိဟာရဆဠဘိညာပ္ပဘေဒေ၊ အစဉ်အတိုင်း ဝင်စားအပ်သော ၉-ပါးသောသမာပတ်, ၆-ပါးသောအဘိညာဉ် စသော အပြားရှိသော။ ဥတ္တရိမနုဿဓမ္မေ၊ ဈာန် အဘိညာဉ်တရား၌။ အတ္တနာ၊ ကိုယ်တော်နှင့်။ သမသမဋ္ဌပနေန၊ တပ်တူထပ်တူထားသည်ကိုပြု၍။ ယဋ္ဌ အနုဂ္ဂဟိတော၊ အကြင်ကြောင့် ချီးမြှောက်တော်မူအပ်ပြီ။

၉-ပါးသောသမာပတ်အရကို စတုက္ကနည်းအားဖြင့် ရူပါဝစရကုသိုလ်သမာပတ် ၄-ပါး, အရူပကုသိုလ်သမာပတ် ၄-ပါး, နိရောဓသမာပတ်,

ဤ ၉-ပါးကိုယူ။ ရဟန္တာဖြစ်အံ့ ကုသိုလ်အရာ၌ ကြိယာကို ဆိုလေ။ ဆဠဘိညာဒိ-၌ အာဒိသဒ္ဒါဖြင့် ဖလသမာပတ် တေဝိဇ္ဇဉာဏ်စသည် ကိုယူ။

တထာ၊ ထိုမှတပါး။ အာကာသေ၊ ကောင်းကင်၌။ ပါဏိံ၊ လက်ကို။ စာလေတွာ၊ လှုပ်၍။ အလဂ္ဂစိတ္တတာယ စေဝ၊ ကာမဂုဏ်တို့၌ တပ်ခြင်း မရှိသောစိတ်ရှိသည်၏အဖြစ်ဖြင့်ရင်း။ စန္ဒောပမပဋိပဒါယစ၊ လနှင့်တူသော အကျင့်ဖြင့်ရင်း။ ယဋ္ဌ ပသံသိတော၊ အကြင်ကြောင့်ချီးမွမ်းတော်မူအပ်ပြီ။ ဧတံ အနုဂ္ဂဟပသံသနံ၊ ထိုသို့ချီးမြှောက် ချီးမွမ်းတော်မူခြင်းသည်။ မမ၊ ၏။ ဉာဏံဝိယ၊ မြီကဲ့သို့။ ဟောတိ၊ ၏။ ("ဧတံ အနုဂ္ဂဟပသံသနံ"စသည်ကား ပါဌ်သေသ)။ တဿမေ၊ ထိုငါ့အား။ အညံ၊ သင်္ဂါယနာတင်သည်မှ တပါးသော။ ကိံ အာဏဏျံ၊ အဘယ်သို့သော မြီမရှိခြင်းသည်။ ဘဝိဿတိ၊ နည်း။ မံ၊ ငါ့ကို။ (အနုဂ္ဂဟေသိ၌စပ်)။ ဘဂဝါ၊ သည်။ (အနုဂ္ဂဟေသိ၌ရင်း ကတ္တားစပ်)။ ရာဇာ၊ သည်။ သကကဝစဏ္ဍဿရိယာနုပ္ပဒါနေန၊ မိမိ၏ချုပ်တန်းဆာ စည်းစိမ်ဥစ္စာကိုပေးသဖြင့်။ အတ္တနော၊ ၏။ ကုလဝံသပတိဋ္ဌာပကံ၊ အမျိုးအနွယ်ကိုတည်စေတတ်သော။ ပုတ္တံ၊ ကို။ အနုဂ္ဂဟေသိ ဝိယ၊ ချီးမြှောက်သကဲ့သို့။ အယံကဿပေါ၊ သည်။ မေ၊ ၏။ သဒ္ဓမ္မဝံသပတိဋ္ဌာပကော၊ သူတော်တရားတည်းဟူသော ပိဋကတ် ၃-ပုံကို တည်စေတတ်သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ သို့။ မန္တွာ၊ သိတော်မူ၍။ ဣမိနာ အသာဓာရဏာနုဂ္ဂဟေန၊ ဤသူတပါးနှင့်မဆက်ဆံသော သင်္ကန်းတော်ကိုပေးခြင်းစသော ချီးမြှောက်ခြင်းဖြင့်။ အနုဂ္ဂဟေသိ နနု၊ ချီးမြှောက်တော်မူပြီ မဟုတ်လော။ ဥဠာရာယ၊ မြတ်သော။ ဣမာယ ပသံသာယ စ၊ ဤလနှင့်တူသောအကျင့်ဖြင့် ချီးမွမ်းခြင်းဖြင့်လည်း။ ပသံသိ နနု၊ ချီးမွမ်းတော်မူပြီ မဟုတ်လော။ ဣတိ၊ သို့။ စိန္တယန္တော၊ ကြံတော်မူသည်ဖြစ်၍။ ဓမ္မဝိနယသင်္ဂါယနတ္ထံ၊ သုတ် အဘိဓမ္မာ ဝိနည်းကို သင်္ဂါယနာတင်ခြင်းငှာ။ ဘိက္ခူနံ၊ တို့အား။ ဥဿာဟံ၊ အားထုတ်ခြင်းကို။ ဇနေသိ၊ ဖြစ်စေ၏။

ထိုစကားကို သုဘဒ္ဒကဏ္ဍဖြင့် အမြဲယုံစေလိုသည်ဖြစ်၍ "ယထာဟ အထခေါ"စသောပါဌ်ကိုမိန့်။ အနက်ကား-

ယထာ ယေန ပကာရေန၊ ဖြင့်။ ဓမ္မဝိနယသင်္ဂါယနတ္ထံ၊ ငှာ။ ဘိက္ခူနံ၊ တို့အား။ ဥဿာဟံ၊ ကို။ ဇနေသိ၊ ၏။ တံ ပကာရံ၊ ကို။ အထခေါ အာယသ္မာ။ပ။ ဘိက္ခူသတေဟိတိ၊ ဟူ၍။ သုဘဒ္ဒကဏ္ဍကေ၊ သုဘဒ်အပိုင်း၌။ (အာခါရထည့်)။ မဟာကဿပေါ၊ သည်။ (ကတ္တားထည့်)။ အာဟ၊ ပြီ။ အထခေါ၊ ထိုအခါ၌။ အာယသ္မာ၊ သော။ မဟာကဿပေါ၊ သည်။ ဘိက္ခူ၊ တို့ကို။ အာမန္တေသိ ဗောဓေသိ၊ သိစေတော်မူပြီ။ ကိံ အာမန္တေသိ၊ အဘယ်သို့သိစေသနည်းဟူမူကား။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ထည်။ ဧကံ၊ တပါးသော။ သမယံ၊ ၌။ ပါဝါယ၊ ပါဝါပြည်မှ။ ကုသိနာရံ၊ ကုသိနာရုံပြည်သို့။ မဟတာ၊ ဂုဏ်အားဖြင့်မြတ်သော။ တနည်းကား၊ အရေအတွက်အားဖြင့်များသော။ ဘိက္ခုသံဃေန၊ ရဟန်းတို့၏အပေါင်းနှင့်။ ပဉ္စမတ္တေဟိ၊ ၅-ခုသင်္ချာ အတိုင်းအရှည်ရှိကုန်သော။ ဘိက္ခုသတေဟိ၊ ရဟန်းအရာတို့နှင့်။ သဒ္ဓိံ၊ ကွ။ အဒ္ဓါနမဂ္ဂပဋိပန္နော၊ အဓွန့်ရှည်သောခရီးကိုသွားသည်။ ဟောတိ၊ ၏။ ဣတိအာဒိ၊ သော၊ သဗ္ဗံ၊ သော။ သုဘဒ္ဒကဏ္ဍံ၊ သုဘဒ်အပိုင်းကို။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဝေဒိတဗ္ဗံ၊ ၏။ အသ၊ ထိုသုဘဒ္ဒကဏ္ဍ၏။ အတ္ထံပန၊ အနက်ကိုကား။ မဟာပရိနိဗ္ဗာနာဝသာနေ၊ မဟာပရိနိဗ္ဗာန၏အဆုံးဖြစ်သော။ အာဂတဋ္ဌာနေယေဝ၊ လာရာအရပ်၌သာလျှင်။ မယံ၊ ငါတို့သည်။ ကထ ယိဿာမ၊ ဆိုကုန်အံ့။ တတော၊ ထိုသုဘဒ်အပိုင်းကို ဆိုပြီးသည်မှ။ ပရံ၊ နောက်၌။ ဟန္ဒမယံ။ပ။ ဝိနယဝါဒိနော ဒုဗ္ဗလာဟောန္တီတိ၊ ဟူ၍။ မဟာကဿပေါ၊ သည်။ အာဟ၊ ပြီ။

အာဝုသော၊ တို့။ ဟန္ဒ ဣဒါနိ၊ ၌။ မယံ၊ တို့သည်။ ဓမ္မဉ္စ၊ ကိုရင်း။ ဝိနယဉ္စ၊ ၎င်း။ သင်္ဂါယာမ၊ သင်္ဂါယနာတင်ကုန်အံ့။

အဘယ်အကြောင်းကြောင့် သင်္ဂါယနာတင်ကုန်အံ့ ဟူသောစကားကို ရှင်မဟာကဿပ မိန့်တော်မူရလေသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ "ပုရေ အဓမ္မော" စသောပါဌ်ကိုမိန့်။ အနက်ကား—

အဓမ္မော၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့၏ ဆန့်ကျင်ဘက် ဖြစ်သော တရားသည်။ ပုရေဒိဗ္ဗတိ၊ မထွန်းပမီ။ ဓမ္မော၊ ကုသိုလ်ကမ္မပထ

တရား ဆယ်ပါးသည်။ ပုရေ ပဋိဗာဟိယျတိ၊ အပမဖြစ်မိ။ အဝိနယော၊ ဝိနည်း၏ဆန့်ကျင်ဘက်တရားသည်။ ပုရေဒိဗ္ဗတိ၊ မိ။ ဝိနယော၊ သည်။ ပုရေပဋိဗာဟိယျတိ၊ အပမဖြစ်မိ။ အဓမ္မဝါဒိနော၊ တရားကိုယူလေ့မရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ ဗလဝန္တော၊ အားရှိကုန်သည်။ ပုရေဟောန္တိ၊ မဖြစ်ကုန်မိ။ ဓမ္မဝါဒိနော၊ တရားကိုယူလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ ဒုဗ္ဗလာ၊ အားနည်းကုန်သည်။ ပုရေဟောန္တိ၊ ကုန်မိ။ အဝိနယဝါဒိနော၊ ဝိနည်းကိုယူလေ့မရှိကုန်သောပုဂ္ဂိုလ်တို့သည်။ ဒုဗ္ဗလာ၊ ကုန်သည်။ ပုရေဟောန္တိ၊ ကုန်မိ။ ဣတိတသ္မာကြောင့်။ သင်္ဂါယာမ၊ ကုန်အံ့။

ပုရေ [၁] သဒ္ဒါနှင့်ယှဉ်သောကြောင့် ဝတ္တမာန်ဝိဘတ်သည် အနာဂတ် အနက် ဖြစ်၏။ ထို့ကြောင့် ဋီကာသာရတ္ထဒီပနီ၌ "ပုရေသဒ္ဒယောဂေန ဟိ အနာဂတတ္တေ အယံ ဝတ္တမာနပယောဂေါ၊ ယထာပုရေ ဝဿတိ ဒေဝေါ"ဟု ဆိုတော်မူသည်။

ဘိက္ခူ၊ တို့သည်။ ဘန္တေမဟာကဿပ၊ ပ။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ထေရော၊ သည်။ ဘိက္ခူ၊ တို့ကို။ ဥစ္စိနတု၊ ရွေးတော်မူလော့။ ဣတိ၊ သို့။ အာဟံသု၊ ကုန်၏။ ထေရောပန၊ သည်ကား။ (ပရိဂ္ဂဟေသိ၌ ကတ္တားစပ်)။ သကလ နဝင်္ဂ သတ္ထုသာသနပရိယတ္တိဓရေ၊ အလုံးစုံသော အင်္ဂါ ၉-ပါးရှိသော ဘုရားအဆုံးအမတော်တည်းဟူသော ပရိယတ်ကို ဆောင်နိုင်ကုန်သော။ ပုထုဇ္ဇန သောတာပန္န သကဒါဂါမိ အနာဂါမိ သုက္ခဝိပဿက ခီဏာသဝဘိက္ခူ၊ ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ် သုက္ခဝိပဿက ရဟန္တာဖြစ်ကုန်သော။ အနေကသတေ စ၊ အရာမကကုန်သော ရဟန်းတို့ကို၎င်း။ အနေကသဟဿေ စ၊ အထောင်မကကုန်သော ရဟန်းတို့ကို၎င်း။ ဝဇ္ဇေတွာ၊ ကြဉ်၍။ တိပိဋက သဗ္ဗပရိယတ္တိ ပဘေဒဓရေ၊ ပိဋကတ်သုံးပုံတည်းဟူသော အလုံးစုံသော ပရိယတ်ကို အထူးသဖြင့် ဆောင်နိုင်ကုန်သော။ ပဋိသမ္ဘိဒါပတ္တေ၊ ပဋိသမ္ဘိဒါသို့ရောက်ကုန်သော။ မဟာနုဘာဝေ၊ ကြီးသောတန်ခိုးအာနုဘော်ရှိကုန်သော။ ယေဘုယျေန၊

---

၁။ အနာဂတေ သန္နိဋ္ဌယေ၊ တထာတီတေ စိရတနေ။ ကာလဒွယေပိ ကဝီဟိ၊ ပုရေသဒ္ဒေါ ပယုဇ္ဇတေ။ ဋီသစ်-၅၅။

များသောအားဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဧတဒဂ္ဂံ၊ ဧတဒဂ် အရာသို့။ အာရောပိတော၊ တင်အပ်ကုန်ပြီးသော။ တေဝိဇ္ဇာဒိဘေဒေ၊ ဝိဇ္ဇာ ၃-ပါးကိုရခြင်းစသော ဂုဏ်အထူးရှိကုန်သော။ ဧ ကူ န ပ ဥ္စ သ တေ၊ တယောက်ဖြင့်ယုတ်သော ငါးရာအတိုင်းအရှည်ရှိကုန်သော။ ခီဏာသဝ ဘိက္ခူယေဝ၊ ရဟန္တာဖြစ်ကုန်သော ရဟန်းတို့ကိုသာလျှင်။ ပရိဂ္ဂဟေသိ၊ ယူတော်မူ၏။

ယေဘုယျေန-ဟူသောပါဠ်ဖြင့် ထိုတယောက်ဖြင့်ယုတ်ကုန်သော ငါးရာသော ရဟန်းတို့သည် တကြိမ်သာ ဧတဒဂ်ရသည် မဟုတ်။ အကြိမ်များးစွာပင် ရကုန်၏-ဟူသောအနက်ကို ပြသည်။

ဆရာ"တိပိဋကသဗ္ဗပရိယတ္တိပဘေဒဓရေ"စသည်ဖြင့် ထိုတယောက်ဖြင့် ယုတ်သော ငါးရာသောရဟန္တာတို့၏ဂုဏ်ကို ဆို၏။ သင်္ဂီတိက္ခန္ဓကဌ် "ဧကေနူနာနိ ပဉ္စအရဟန္တသတာနိ"ဟူ၍သာ ဆိုသည်။ဆရာဆိုသကဲ့သို့ ဂုဏ်အထူးကိုမဆိုသောကြောင့် ဆရာ့စကားသည် သင်္ဂီတိက္ခန္ဓကပါဠ် နှင့် ဆန့်ကျင်သကဲ့သို့ ဖြစ်ခဲ့၏တကား-ဟု သူစောဒနာဘွယ်ရှိ၍ ထို စောဒနာကိုဖြေခြင်းငှာ "ယေ သန္ဓာယ ဣဒံဝုတ္တံ။ပ။ ဥစ္စိနိတိ"ဟူသော ပါဠ်ကိုမိန့်။ အနက်ကား-

ယေခီဏာသဝေ၊ အကြင်ရဟန္တာတို့သည်။ တိပိဋကသဗ္ဗပရိယတ္တိပဘေဒ ဓရာဒိဂုဏာ၊ ပိဋကတ်သုံးပုံအလုံးစုံကို အထူးသဖြင့် ဆောင်နိုင်ခြင်းစသော ဂုဏ်နှင့်ပြည့်စုံကုန်၏။ (ဤကား အနိယတ်)။ တေ ခီဏာသဝေ၊ တို့ကို။ သန္ဓာယ၊ ၍။ သင်္ဂီတိက္ခန္ဓကေ၊ သင်္ဂီတိက္ခန္ဓကဌ်။ (အာခာရထည့်)။ အထခေါ။ပ။ဥစ္စိနီတိဣဒံ ဝစနံ၊ အထခေါ။ပ။ဥစ္စိနိ-ဟူသော ဤစကားကို။ သင်္ဂါယနာစရိယေဟိ၊ သင်္ဂါယနာတင်သောဆရာတို့သည်။ (ကတ္တားထည့်)။ ဝုတ္တံ၊ ဆိုအပ်ပြီ။ အထခေါ၊ ဌ်။ အာယသ္မာ၊ သော။ မဟာကဿပေါ၊ သည်။ ဧကေနူနာနိ၊ တယောက်ဖြင့်ယုတ်ကုန်သော။ ပဉ္စအရဟန္တသတာနိ၊ ရဟန္တာငါးရာတို့ကို။ ဥစ္စိနိ၊ ရွေးတော်မူ၏။

သတသချာ ပြမာန်းသောကြောင့်"ပဉ္စအရဟန္တသတာနိ"ဟု နပုန်းလိင် နှင့်ဆိုသည်။ သာမညပါဠ်ဖြင့် ဝိသေသအနက်ကိုယူစေလို၍ ယေ

သန္တာယ-ဟု သန္တာယနှင့်ဆိုသည်။ သာမညကို ဝိသေသယူစေလိုသည်ရှိသော် သန္တာယနှင့်ဆိုမြဲ။

ဆရာ- အရှင်မဟာကဿပထေရ်သည် ငါးရာပြည့်ပင် သင်္ဂါယနာတင်ခြင်းကို အလိုရှိလျက် အဘယ့်ကြောင့် တယောက်ယုတ်၍ ယူလေဘိသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ "ကိဿ ပန။ပ။ ဩကာသကရဏတ္ထံ"ဟူသောပါဌ်ကို မိန့်။ အနက်ကား-

ကိဿ ပန[1]၊ အဘယ့်ကြောင့်ကား။ ထေရော၊ အရှင်မဟာကဿပထေရ်သည်။ ဧကေနူနံ၊ တယောက်ဖြင့်ယုတ်သည်ကို။ အကာသိ၊ နည်း။ ဂူတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာယသ္မတော၊ သော။ အာနန္ဒတ္ထေရဿ၊ ၏။ ဩကာသကရဏတ္ထံ[2]၊ အခွင့်ကိုပြုလိုသောကြောင့်။အကာသိ၊၏။

အရှင်အာနန္ဒာအား ရွေးချယ်လိုခြင်း

အဘယ့်ကြောင့် အာနန္ဒာထေရ်၏အခွင့်ကိုပြုသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ "တေနဟာယသ္မတာ။ပ။ ကာတုံ"ဟူသောပါဌ်ကိုမိန့်။ အနက်ကား-

ဟိ ယသ္မာ၊ ကြောင့်။ အာယသ္မတာ၊ သော။ တေန အာနန္ဒေန၊ နှင့်။ သဟာပိ၊ တကွဒုင်း။ ဝိနာပိ၊ ကင်း၍ဒုင်း။ ဓမ္မသင်္ဂီတိ၊ သုတ် အဘိဓမ္မာကို သင်္ဂါယနာတင်ခြင်းကို။ ကာတုံ၊ ငှာ။ န သက္ကာ၊ မတတ်ကောင်း။ တသ္မာ၊ ကြောင့်။ အာနန္ဒတ္ထေရဿ၊ ၏။ ဩကာသံ၊ အခွင့်ကို။ အကာသိ၊ ၏။

အဘယ့်ကြောင့် ရှင်အာနန္ဒာနှင့်တကွဒုင်း ကင်း၍ဒုင်း သုတ် အဘိဓမ္မာကို သင်္ဂါယနာတင်ခြင်းငှာ မတတ်ကောင်းသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ "သောဟာယသ္မာ"စသောပါဌ်ကိုမိန့်သတည်း။ အနက်ကား-

---

၁။ ပနသဒ္ဒေါ ပုစ္ဆနတ္ထေ ဇောတကတည်း။ ဋီသစ်-၅၇။
၂။ ဩကာသကရဏနိမိတ္တံ ဩကာသကရဏဟေတု၊ အတ္ထသဒ္ဒေါ ဟိ ကာရဏဝစနော။ ဋီသစ်-၅၇။

ဟိယသ္မာ၊ ကြောင့်။ အာယသ္မာ၊ သော။ သောအာနန္ဒော၊ သည်။ သေက္ခော၊ သေက္ခသာတည်း။ သကရဏီယော၊ အထက်မဂ်သုံးခုအလို့ငှာ ပြုဘွယ်ကိစ္စရှိသေး၏။ တသ္မာ၊ ကြောင့်။ တေန အာနန္ဒေန၊ နှင့်။ သဟာပိ၊ တက္ခလည်း။ ဓမ္မသင်္ဂီတိ၊ ကို။ ကာတုံ၊ ငှာ။ နသက္ကာ၊ ကောင်း။အဿ- တေနအာနန္ဒေန၊ သည်။ ကိဉ္စိ၊ တစုံတခုသော။ ဒသဗလဒေသိတံ၊ မြတ်စွာ ဘုရားသည် ဟောတော်မူအပ်သော။ သုတ္တဂေယျာဒိကံ၊ သုတ္တဂေယျ စသည်ကို။ ဘဂဝတော၊ ၏။ အပစ္စက္ခံနာမ၊ မျက်ကွယ်သင်သောမည်သည်။ ယသ္မာ၊ ကြောင့်။ နတ္ထိ၊ ရှိ။ တသ္မာ၊ ကြောင့်။ ဝိနာပိ၊ ၍လည်း။ ဓမ္မ သင်္ဂီတိ၊ ကို။ ကာတုံ၊ ငှာ။ နသက္ကာ၊ ကောင်း။ (ဤသို့ယောဇနာ)။

အရှင်အာနန္ဒာ၏ မျက်ကွယ်သင်ခြင်းမရှိသည်၏အဖြစ်ကို ‘ အဘယ်ပါဠိ ကြောင့် အမြဲယုံကြည်ရပါအံ့နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ “ယထာဟ။ ။ဒွါသီတိ။ပ။ ပဝတ္တိနော'တိ” ဟူသော ပါဠိကို မိန့်။ အနက်ကား-

ယထာ·ယေန ကာရဏေန၊ ကြောင့်။ အပစ္စက္ခံနာမ၊ မည်သည်။ နတ္ထိ၊ ရှိ။ တေန ကာရဏေန၊ ကြောင့်။ ဒွါသီတိ။ပ။ ပဝတ္တိနောသိ ဣဒံ ဝစနံ၊ ကို။ အာနန္ဒောယေဝ၊ အာနန္ဒာသည်ပင်လျှင်။ အာဟ၊ ပြီ။

ဂေါပက၊ ဂေါပကပုဏ္ဏား။ အဟံ၊ သည်။ ဒွါသီတိ သဟဿာနိ၊ ဓမ္မက္ခန္ဓာရှစ်သောင်းနှစ်ထောင်တို့ကို။ ဗုဒ္ဓတော၊ မြတ်စွာဘုရားအထံတော် မှ။ ဂဏှိံ၊ သင်ပြီ။ ဒွေသဟဿာနိ၊ ဓမ္မက္ခန္ဓာနှစ်ထောင်တို့ကို။ ဘိက္ခုတော၊ အရှင်သာရိပုတ္တရာ့အထံမှ။ ဂဏှိံ၊ ပြီ။ ယေဓမ္မာ၊ အကြင်ဓမ္မက္ခန္ဓာတရား တို့သည်။ စတုရာသီတိ သဟဿာနိ၊ ရှစ်သောင်းလေးထောင်တို့သည်။ ဟောန္တိ၊ ကုန်၏။ တေ ဓမ္မာ၊ ထိုရှစ်သောင်းလေးထောင်ကုန်သော ဓမ္မက္ခန္ဓာတရားတို့ကို။ မေ၊ ၏။ ဇိဝှဂ္ဂေ၊ လျှာဖျားဌ်။ (အာမောရထည့်)။ ပဝတ္တိနော၊ ဖြစ်စေအပ်ကုန်ပြီ။

ဂေါပကအမည်ရှိသောပုဏ္ဏားသည် မြတ်စွာဘုရားဟောတော်မူသော ဓမ္မက္ခန္ဓာကား အဘယ်မျှအရေအတွက်ရှိသနည်းဟု မေးသောကြောင့် ဂေါပကအမည်ရှိသောပုဏ္ဏားအား အရှင်အာနန္ဒာ ကြားသောဂါထာ

တည်း။ "ဒွေသဟဿာနိ ဘိက္ခုတော"ဟု ဤဂါထာ၌ဆိုသောကြောင့် မျက်ကွယ်သင်သောမည်သည် မရှိ-ဟူသော စကားသည် အသို့သင့်ပါ အံ့နည်းဟူမူကား အရှင်သာရိပုတ္တရာ့အထံ၌သင်သော်လည်း မြတ်စွာ ဘုရားအထံတော်၌ သင်သည်ပင် မည်ကောင်းသောကြောင့် သင့်၏ဟု ဆိုအပ်၏။ ထိုကြောင့် ဋီကာသာရတ္ထဒီပနီ၌ "ဒွေသဟဿာနိ ဘိက္ခု တောတိ ဝုတ္တမ္ပိ ဘဂဝတော သန္တိကေ ပဋိဂ္ဂဟိတမေဝါဟံ ကတွာ ဝုတ္တန္တိ နာယံဝိရောဓော"ဟူသောစကားကို ဆိုသတည်း။

## အနုသန္ဓေ

အရှင်အာနန္ဒာနှင့်ကင်း၍လည်း သင်္ဂါယနာတင်ခြင်းငှာမတတ်ကောင်း ဟု ဆရာဆို၏။ ရှင်အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာတင်ခြင်းငှာ မတတ် ကောင်းသော် ရှင်အာနန္ဒာကိုလည်း ယူကောင်းပါလျက် အဘယ့် ကြောင့် အရှင်မဟာကဿပထေရ် မယူလေသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ "ယဒိ ဧဝံ"စသောပါဠ်ကို မိန့်။ အနက်ကား-

ဝိနာပိ၊ ၍လည်း။ ဓမ္မသင်္ဂီတိ၊ ကို။ ကာတုံ၊ ငှာ။ ယဒိ န သက္ကာ၊ အကယ်၍မတတ်ကောင်းသည်ဖြစ်အံ့။ ဧဝံ၊ ဤသို့မတတ်ကောင်းသည်။ သတိ၊ သော်။ သေက္ခော၊ သည်။ သမာနောပိ၊ ဖြစ်သော်လည်း။ ဓမ္မသင်္ဂီတိယာ၊ သူတော်တရားကို သင်္ဂါယနာတင်ခြင်းအား။ ဗဟုကာ ရတ္တာ၊ များသောကျေးဇူးရှိသည်၏အဖြစ်ကြောင့်။ ထေရေန၊ သည်။ ဥစ္စိနိတဗ္ဗော၊ ယူအပ်သည်။ ဘဝေယျ၊ ရာ၏။ အထ၊ ထိုသို့ယူအပ်လျက်။ ကသ္မာ၊ ကြောင့်။ န ဥစ္စိနိတော၊ မယူလေသနည်း။ ဉာတိပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ ပရူပဝါဒဝိဝဇ္ဇနတော၊ သူတပါးတို့ကဲ့ရဲ့ခြင်းမှ ကြဉ်တော် မူလိုသောကြောင့်။ န ဥစ္စိနိတော၊ ယူတော်မမူ။

အဘယ့်ကြောင့် အာနန္ဒာကိုယူသော် ကဲ့ရဲ့ခြင်းဖြစ်ရာသနည်းဟု သူ မေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ"ထေရောဟိ"စသောပါဠ်ကိုမိန့်။ အနက်ကား-

---

၁။ ဥပကာရဝစနော ဟိ ကာရသဒ္ဒေါ။ ဋီသစ်-၅၇။

ထေရော၊ ရှင်မဟာကဿပ ထေရ်သည်။ အာယသ္မန္တော၊ သော။ အာနန္ဒေ၊ ၌။ အတိဝိယ၊ အလွန်လျှင်။ ဝိဿတ္တော[1]၊ အကျွမ်းဝင်သည်။ "လေးမြတ်သည်လည်းဟူ"။ ဟိ ယသ္မာ၊ ကြောင့်။ အဟောသိ၊ ၏။ တသ္မာ၊ ကြောင့်။ ပရူပဝါဒေ၊ သူတပါးတို့၏ကဲ့ရဲ့ခြင်းသည်။ ဟောတိ၊ ၏။ (ဤသို့ ယောဇနာ)။

ထိုသို့ အကျွမ်းဝင်သည်၏အဖြစ်ကို အဘယ်သို့သောသဘောကြောင့် သိရပါအံ့နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ "တထာဟိ" စသည်ကိုမိန့်။ အနက်ကား-

တထာဟိ-တတော ဝေ[2]၊ ထိုသို့အကျွမ်းဝင်သောကြောင့်လျှင်။ သိရသ္မိံ၊ ဦးခေါင်း၌။ ပလိတေသု၊ ဆံဖြူတို့သည်။ ဇာတေသုပိ၊ ပေါက်ရောက်ကုန်ပြီးသော်လည်း။ အယံ ကုမာရကော၊ ဤသတို့သားငယ်သည်။ မတ္တံ၊ အတိုင်းအရှည်ကို။ န အညာသိ၊ မသိ။ ဣတိ၊ သို့။ ကုမာရကဝါဒေန၊ သတို့သားငယ်ဟူသောစကားဖြင့်။ ဩဝဒတိ၊ ဆုံးမတော်မူ၏။ ဧတန၊ ကြောင့်။ ဝိဿတ္ထဘာဝေါ၊ အကျွမ်းဝင်သည်၏အဖြစ်ကို။ ဉာယတိ၊ ၏။ (ဤသို့ သမ္ဗန်)။

အမှာ။ ။နဝါယံ-၌ ဝါသဒ္ဒါကား ပဒပူရဏတည်း။ ထိုကြောင့် ဋီကာသာရတ္ထဒီပနီ၌ "နဝါယံ ကုမာရကော မတ္တမညာသီတိ ဧတ္ထဝါသဒ္ဒေါ ပဒပူရဏော" ဟု ဆိုသတည်း။ အဓိပ္ပါယ်အကျယ်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးသော် ရှင်အာနန္ဒာထေရ်သည် မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကိုယူ၍ လူအများကို အနိစ္စသဘောဖြင့် ထိတ်လန့်စေ၍ သာဝတ္ထိပြည်သို့သွားလေ၍ ထိုသာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ သွားလေသော် ဒက္ခိဏာဂိရိ၌ ဒေသစာရီကြွလေ၏။ ထိုအခါ ရှင်အာနန္ဒာသည် ငါးပါးသောဆုကိုတောင်း၍ အလုပ်အကျွေးအရာကို ရလေသည်။ ရှင်အာနန္ဒာ့အထံ ငါတို့သားကို ရဟန်းပြုစေကုန်သည်ရှိသော် "အရှင်အာနန္ဒာသည် မြတ်စွာဘုရားကိုယူ၍ ငါတို့အရပ်သို့လာလတ္တံ့"ဟုကြံ၍

---

၁။ ဝိဿတ္ထကိုယုံကြည်သည်ဟု အဘယာရုံဆရာတော်ပြန်ဆိုတော်မူ၏။
၂။ ဒဋ္ဌီကာရဏံ-ဟု ဋီကာသစ်၌ တနည်းဖွင့်ဆို၏။

ဥဒါန်း။ ဣတိဝုတ္တကံ၊ ဣတိဝုတ္တက။ ဝိမာနဝတ္ထု၊ ဝတ္ထု။ ပေတဝတ္ထု၊ ဝတ္ထု။ ထေရဂါထာ၊ တေရဂါထာ။ ထေရီဂါထာ၊ ထာ။ ဣတိ၊ ဤသို့။ ဣမံတန္တိံ၊ ဤအစဉ်ကို။ (ဤပါဠိကိုလည်းဟူ)။ သင်္ဂါယိတွာ၊ ၍။ အယံဂန္ထသမူဟော၊ ဤကျမ်းအပေါင်းသည်။ ခုဒ္ဒကဂန္ထောနာမ၊ ငယ်သောကျမ်းမည်၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ၍။ အဘိဓမ္မပိဋကသ္မိံယေဝ၊ ၌သာလျှင်။ သင်္ဂဟံ၊ သင်္ဂါယနာသို့။ အာရောပယိံသု၊ တင်ကုန်၏။ ဣတိ၊ ဤသို့။ ဒီဃဘာဏကာ၊ ဒီဃနိကာယ်ကို သင်ကုန်သော ဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏။ မဇ္ဈိမဘာဏကာပန၊ တို့သည်ကား။ စရိယာပိဋက ဗုဒ္ဓဝံသေဟိ၊ စရိယာပိဋက ဗုဒ္ဓဝင်တို့နှင့်။ သဒ္ဓိံ၊ တကွ။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ တံ ခုဒ္ဒကဂန္ထံ၊ တိုဇာတ် အစရှိသော ငယ်သောကျမ်းသည်။ သုတ္တန္တပရိယာပန္နံ၊ သုတ္တန်၌ အကျုံးဝင်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ကုန်၏။

## ပိဋကအပြား

ဝံ၊ ဤသို့။ သဗ္ဗမ္ပိ၊ လည်းဖြစ်သော။ တံဗုဒ္ဓဝစနံ၊ ထိုမြတ်စွာဘုရားစကားတော်သည်။ ရသဝသေန၊ ကိစ္စ၏အစွမ်းအားဖြင့်။ ဧကဝိဓံ၊ တပါးသောအစုရှိ၏။ ဓမ္မဝိနယဝသေန၊ ဓမ္မဝိနယ၏ အစွမ်းအားဖြင့်။ ဒုဝိဓံ၊ ၏။ ပဌမ မဇ္ဈိမ ပစ္ဆိမ ဗုဒ္ဓဝစနဝသေန၊ ရှေးဦးစွာသော မြတ်စွာဘုရားစကား အလယ်၌ဖြစ်သော မြတ်စွာဘုရားစကား အဆုံး၌ဖြစ်သော မြတ်စွာဘုရားစကား၏ အစွမ်းအားဖြင့်။ တိဝိဓံ၊ သုံးပါးသောအစုရှိ၏။ ပိဋကဝသေန၊ပိဋက၏ အစွမ်းအားဖြင့်။ တထာ၊ ကူ။ တိဝိဓံ၊ ၏။ နိကာယဝသေန၊ အားဖြင့်။ ပဉ္စဝိဓံ၊ ၏။ အင်္ဂဝသေန၊ အားဖြင့်။ နဝဝိဓံ၊ ၏။ ဓမ္မက္ခန္ဓဝသေန၊ အားဖြင့်။ စတုရာသီတိသဟဿဝိဓံ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

ရသဝသေန၊ ကိစ္စ၏အစွမ်းအားဖြင့်။ ဧကဝိဓံ၊ သည်။ ကထံဟောတိ၊ အဘယ်သို့ဖြစ်သနည်းဟူမူကား။ ဘဂဝတာ၊ သည်။ အနုတ္တရံ၊ အတုမရှိ

---

၁။ ကထံ ရသဝသေန ဧကဝိဓံ-ဟူသော ဝါကျနောက်၌ တက်သော ယဋ္ဌိ စသောဝါကျကား ပဋ္ဌာရဝါကျတည်း။ ယဋ္ဌိတိအာဒိ ဝိဏ္ဏာရော-ဟု ဋီကာသစ် ၈၄-၌ဆို၏။ ။ကထံ နောက်မှာ၊ ဟိ-ရောက်လာ၊ ဝိဏ္ဏာချဲ့ပုံမြဲ။

သော။ သမ္မာသမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဇ္ဈိတွာ၊ သိ၍။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အနုပါဒိသေသာယ၊ ဝိပါက် ကမ္မဇရုပ် အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယတိ၊ ၏။ ဧတ္ထန္တရေ၊ ဤအကြား၌။ ပဉ္စစတ္တာလီသဝဿာနိ၊ လေးဆယ့်ငါးနှစ်တို့ပတ်လုံး။ ဒေဝမနုဿနာဂ ယက္ခာဒယော၊ နတ်,လူ, နဂါး,ဘီလူး အစရှိကုန်သော သူတို့ကို။ အနုသာသန္တေနဝါ၊ ဆုံးမတော်မူ သည် ဖြစ် ၍ ၎င်း။ ပစ္စဝေက္ခန္တေနဝါ၊ ဆင်ခြင်တော်မူသည်ဖြစ်၍၎င်း။ ယံဝစနံ၊ ကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ တံသဗ္ဗံ၊ ထိုအလုံးစုံသောစကား တော်သည်။ ဧကရသံ၊ တခုတည်းသောကိစ္စရှိ၏။

အမှာ။ ။အာဋ္ဌဝကဘီလူးကို ဆုံး မ တော် မူ လို ၍ ဟောတော်မူ သော အာဠဝကသုတ် အ စ ရှိ သည် ကို ရည်၍ အနုသာသန္တေန ဟူသော ဝိသေသနကို ဆိုသတည်း။ ဂုန္ဒြေ စ ရိုက် ကို ဆင် ခြင် ၍ ဟောတော်မူသော ဓမ္မစက္ကသုတ် မဟာသတိပဋ္ဌာနသုတ် အစရှိသည် ကိုရည်၍ ပစ္စဝေက္ခန္တေန ဟူသော ဝိသေသနပုဒ်ကို ဆိုသတည်း။ (အကူးမှတ်)။

ကခုတည်းသောကိစ္စဟူသည် အဘယ်နည်းဟု သူမေးဘွယ်ရှိ၍ ထို အမေးကို ဖြေခြင်းငှာ ဝိမုတ္တိရသမေဝ ဟောတိ ဟူသောပါဌ်ကို ပိန့် သကည်း။ ထိုပါဌ်၏အတ္ထကား–

ဝိမုတ္တိရသမေဝ၊ အရဟတ္တဖိုလ်ကိစ္စသည်သာလျှင်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့။ ရသဝသေန၊ အားဖြင့်။ ဧကဝိဓံ၊ ၏။

ဓမ္မ ဝိနယဝသေန၊ ဖြင့်။ ဒုဝိဓံ၊ သည်။ ကထံဟောတိ၊ နည်း။ သဗ္ဗမေဝ၊ သာလျှင်ဖြစ်သော။ တေပိဋကဝစနံ၊ သည်။ ဓမ္မောစေဝ၊ ဟူ၍၎င်း။ ဝိနယော စာတိ၊ ဟူ၍၎င်း။ သင်္ချံ၊ အရေအတွက်သို့။ ဂစ္ဆတိ၊ ရောက်၏။ တတ္ထ၊ ထိုဓမ္မ ဝိနယနှစ်ပါးတို့တွင်။ ဝိနယပိဋကံ၊ သည်။ ဝိနယော၊ မည်၏။

---

၁။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ အတ္ထရသမည်သည် ဖိုလ်လေးပါးတည်း။ ဓမ္မရသ မည်သည် မဂ်လေးပါးတည်း။ ဝိမုတ္တိရသမည်သည် အမြိုက်နိဗ္ဗာန်တည်း ဟု ဆို၏။

အဝသေသံ၊ ဝိနည်းပိဋကမှကြွင်းသော။ ဗုဒ္ဓဝစနံ၊ သည်။ ဝေပ္ပ၊ မည်၏။ တေနေဝ၊ ကြောင့်လျှင်။ ယန္နူနမယံ။ပ။ သင်္ဂါယေယျာမာတိစ၊ ယန္နူန မယံ။ပ။ သင်္ဂါယေယျာမ၊ ဟူ၍၎င်း။ အဟံ ဥပါလိံ။ပ။ ပုစ္ဆေယျန္တိစ၊ အဟံ ဥပါလိံ။ပ။ ပုစ္ဆေယျံဟူ၍၎င်း။ အာဟ၊ ပြီ။ ဧဝံ၊ ဤသို့။ ဓမ္မ ဝိနယဝသေန၊ ဓမ္မ ဝိနယ၏ အစွမ်းဖြင့်။ ဒုဝိဓံ၊ ၏။

ပဌမ မဇ္ဈိမ ပစ္ဆိမ ဗုဒ္ဓဝစန ဝသေန၊ အားဖြင့်။ တိဝိဓံ၊ သည်။ ကထံ ဟောတိ၊ နည်း။ သဗ္ဗမေဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ ဣဒံဗုဒ္ဓဝစနံ၊ သည်။ (ဟိကား အနက်မရှိ)။ ပဌမဗုဒ္ဓဝစနန္တိ၊ ပဌမဗုဒ္ဓဝစန ဟူ၍၎င်း။ မဇ္ဈိမဗုဒ္ဓဝစနန္တိ၊ ဟူ၍၎င်း။ပစ္ဆိမဗုဒ္ဓဝစနန္တိ၊ ဟူ၍၎င်း။ တိပ္ပဘေဒံ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုသုံးပါးအပြားရှိသော ဘုရားစကားတော်တို့တွင်။ အနေကဇာတိသံသာရံ။ပ။ ခယမဇ္ဈဂါတိ၊ ဟူသော။ ဣဒံဝစနံ၊ သည်။ ပဌမဗုဒ္ဓဝစနံ၊ မည်၏။

ဘော ဂဟကာရ၊ အတ္တဘော တည်း ဟူ သော အိမ် ကို ပြုတတ်သော အို-တဏှာယောကျ်ား ပဲခွပ်သွား။ တံ၊ သင့်ကို။ ဂဝေသန္တော၊ ရှာသော။ အဟံ၊ သည်။ ယေန ဉာဏေန၊ အကြင်သဗ္ဗညုတဉာဏ်ဖြင့်။ ဒဋ္ဌုံ၊ မြင်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်း၏။ တံဉာဏံ၊ ကို။ အနိဗ္ဗိသံ အဝိန္ဒန္တော၊ မရသည်ဖြစ်၍။ အနေကဇာတိသံသာရံ၊ များစွာပရေကွက်နိုင်သောအဖြစ်ရှိသော ကမ္ဘာတသိန်းအလွန်ရှိသော လေးသင်္ချေ ကာလပတ်လုံး။ သန္ဓာဝိဿံ-သံသရိံ၊ကျင်လည်ရပြီ။ ဘော ဂဟကာရက၊ သွား။ ပုနပ္ပုနံ၊ အဘန် တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ၏။

မယာ၊ သည်။ တွံ၊ ကို။ ဒိဋ္ဌောသိ၊ မြင်အပ်ပြီးသည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ ဘန်။ တွံ၊ သင်သည်။ မမ၊ ၏။ ဂေဟံ၊ အတ္တဘောတည်းဟူသောအိမ်ကို။ န ကာဟသိ၊ မပြုရလတ္တံ့။ တေ၊ ၏။ သဗ္ဗာ၊ အဝိဇ္ဇာမှ တပါးသော အလုံးစုံကုန်သော။ ဖာသုကာ၊ အိမ်၏အခြင်တို့ကို။ မယာ၊ သည်။ ဘဂ္ဂါ၊ ဖျက်ဆီးအပ်ကုန်ပြီ။ ဂဟကူဋံ၊ အဝိဇ္ဇာတည်းဟူသောအိမ်၏အထွတ်ကို။ မယာ၊ သည်။ ဝိသင်္ခတံ၊ ဖျက်ဆီးအပ်ပြီ။ မေ၊ ငါ၏။ စိတ္တံ၊ သည်။ဝိသင်္ခါရံ၊ နိဗ္ဗာန်သို့။ ဂတံ၊ အာရုံပြုသောအားဖြင့်ရောက်ပြီ။ အဟဉ္စ၊ သည်လည်း။

တဏှာနံ၊ တို့၏။ ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ-အဓိဂတော၊ ရပြီ။ (တနည်းကား) မေ၊ ငါ၏။ ဝိသင်္ခါရဂတံ၊ ပြုပြင်ခြင်းကင်းသော။ စိတ္တံ၊ သည်။ တဏှာနံ၊ တို့၏။ ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်သို့။ အဇ္ဈဂါ-ပတ္တံ၊ ရောက်ပြီ။

ကေစိ၊ တို့သည်။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာတိ၊ ယဒါ။ပ။ ဓမ္မာ ဟူ၍။ ခန္ဓကေ၊ မဟာဝါ၌။ ဝုတ္တံ၊ ဟောအပ်သော။ ဥဒါနဂါထံ၊ ဥဒါန်းဂါထာကို။ ပဌမဗုဒ္ဓဝစနန္တိ၊ ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ သော ဥဒါနဂါထာ ပန၊ သည်ကား။ ပါဋိပဒဒိဝသေ၊ အထွက်တရက်နေ့၌။ သဗ္ဗညုတညာဏပတ္တဿ၊ သဗ္ဗညုတညာဏ်သို့ ရောက်ပြီးသော။ သောမနဿမယဉာဏေန၊ သောမနဿဝေဒနာကြောင့် ဖြစ်သော ဉာဏ်ဖြင့်။ ပစ္စယာကာရံ၊ ပဋိစ္စသမုပ္ပါဒ်ကို။ ပစ္စဝေက္ခန္တဿ၊ ဆင်ခြင်တော်မူသော။ ဘဂဝတော၊ အား။ ဥပ္ပန္နာ၊ သော။ ဥဒါနဂါထာ၊ တည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ၏။

အမှာ။ ။အနေကဇာတိ အစရှိသော ဂါထာကား သဗ္ဗညုတဉာဏ်၏ နီးစွာဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို ဆင်ခြင်တော်မူသည်ဖြစ်သောကြောင့် တဆဲ့ကိုးခုမြောက်သော ပစ္စဝေက္ခဏာဉာဏ်၏ အခြားမဲ့၌ ဟောတော်မူအပ်သော ဥဒါန်းဂါထာတည်း။ နှုတ်လုံးဖြင့် ဆင်ခြင်သောဂါထာတည်း။ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ အစရှိသော ဂါထာကား နှုတ်မြွက်၍ ဟောတော်မူသော ဂါထာတည်း။

ပရိနိဗ္ဗာနကာလေ၊ ပရိနိဗ္ဗာန်ပြုခါနီးသောကာလ၌။ ဟန္ဒဒါနိဘိက္ခဝေ ။ပ။သမ္ပာဒေထာတိ၊ ဟန္ဒ ဒါနိ ဘိက္ခဝေ ။ပ။သမ္ပာဒေထဟူ၍။ ယံပနဝစနံ၊ ကို။ အဘာသိ၊ ဟောတော်မူပြီ။ ဣဒံဝစနံ၊ ဤ ဟန္ဒ ဒါနိ ဘိက္ခဝေ အစရှိသောစကားသည်။ ပစ္ဆိမဗုဒ္ဓဝစနံ၊ မည်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဟန္ဒ ဒါနိ၊ ယခုအခါ၌။ ဝေါ၊ သင်တို့ကို။ အဟံ၊ ငါဘုရားသည်။ အာမန္တယာမိ၊ ခေါ်၏။ (သိစေ၏လည်းဟူ)။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သောသဘော ရှိကုန်၏။ တုမှေ၊ တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းနှင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကုန်လော။ ဥဘိန္နံ၊ နှစ်ပါး

ကုန်သော စကားတော်တို့၏။ အန္တရေ၊ အကြား၌။ ယံဝစနံ၊ ကို။ ဝုတ္တံ၊ ၏။ ဇော်ဝစနံ၊ သည်။ မဇ္ဈိမဗုဒ္ဓဝစနံ၊ မည်၏။ ဝေ၊ ဤသို့။ပဌမ။ပ။ဝသေန၊ အားဖြင့်။ တိဝိဓံ၊ ၏။

ပိဋကဝသေန၊ ဖြင့်။ တိဝိဓံ၊ သည်။ ကထံ ဟောတိ၊ နည်း။ သဗ္ဗမေဝ၊ သာလျှင်ဖြစ်သော။ တော် ဗုဒ္ဓဝစနံ၊ သည်။ ဝိနယပိဋကန္တိ၊ ဟူ၍ငင်း။ပ။ တိပ္ပဘေဒမေဝ၊ သုံးပါးအပြားရှိသည်သာလျှင်။ ဟောတိ၊ ၏။ တတ္ထ၊ ထို သုံးပါးအပြားရှိသော ပိဋကတို့တွင်။ ပဌမသင်္ဂီတိယံ၊ ၌။ သင်္ဂီတဥ္စ၊ သင်္ဂါယနာတင်အပ်သည်လည်းဖြစ်ထသော။ အနုသင်္ဂီတဥ္စ၊ ဒုတိယသင်္ဂါယနာ ၌ သင်္ဂါယနာတင်အပ်သည်လည်း ဖြစ်ထသော။ တံသဗ္ဗမ္ပိ၊ ထိုအလုံးစုံ သော ဘုရားစကားတော်ကိုလည်း။ သမောဓာနေတွာ၊ ပေါင်း၍။ ဥဘယာနိ၊ နှစ်ပါးစုံကုန်သော။ ပါတိမောက္ခာနိ၊ ပါတိမောက်တို့ငင်း။ ဒွေ၊ ကုန်သော။ ဝိဘင်္ဂါ၊ တို့ငင်း။ ဒွါဝီသတိ၊ ကုန်သော။ ခန္ဓကာ၊ မဟာဝါ စူဠဝါတို့ငင်း။ သောဠသ၊ ကုန်သော။ ပရိဝါရာ၊ တို့ငင်း။ ဣတိ၊ ဤသို့။ ဣဒံဝစနံ၊သည်။ **ဝိနယပိဋကံနာမ**၊ မည်၏။ ဗြဟ္မဇာလာဒိ စတုတ္တိံသ သုတ္တ သင်္ဂဟော၊ ဗြဟ္မဇာလသုတ် အစရှိသော သုံးဆယ့်လေးသုတ်အရေအတွက် ရှိသော။ ဒီဃနိကာယော၊ ငင်း။ မူလပရိယာယ သုတ္တာဒိ ဒိယဍ္ဎသတ ဒွေသုတ္တသင်္ဂဟော၊ မူလပရိယာယသုတ် အစရှိသော တရာ့ငါးဆဲ့နှစ်သုတ် အရေအတွက်ရှိသော။ မဇ္ဈိမနိကာယော၊ ငင်း။ ဩဃတရဏသုတ္တာဒိ သတ္တသုတ္တ သဟဿ သတ္တသတ ဒွါသဋ္ဌိသုတ္တ သင်္ဂဟော၊ ဩဃတရဏ သုတ်အစရှိသော ခုနစ်ထောင် ခုနစ်ရာ့ ခြောက်ဆဲ့နှစ်သုတ် အရေအတွက် ရှိသော။ သံယုတ္တနိကာယော၊ ငင်း။ စိတ္တပရိယာဒါနသုတ္တာဒိ နဝသုတ္တ သဟဿ ပဉ္စသတ သတ္တပညာသသုတ္တသင်္ဂဟော၊ စိတ္တပရိယာဒါနသုတ် အစရှိသော ကိုးထောင့်ငါးရာ ငါးဆဲ့ခုနစ်သုတ် အရေအတွက်ရှိသော။ အင်္ဂုတ္တရနိကာယော၊ ငင်း။ ခုဒ္ဒကပါဌ။ပ။ စရိယာပိဋက ဝသေန၊ ခုဒ္ဒက ပါဌ ဓမ္မပဒ ဥဒါန်း ဣတိဝုတ္တက သုတ္တနိပါတ် ဝိမာနဝတ္ထု ပေတဝတ္ထု ထေရဂါထာ ထေရီဂါထာ ဇာတ် နိဒ္ဒေသ ပဋိသမ္ဘိဒါမဂ် အပဒါန် ဗုဒ္ဓဝင် စရိယာပိဋကတို့၏ အစွမ်းအားဖြင့်။ ပန္နရသပ္ပဘေဒေါ၊ တဆဲ့ ငါးပါးအပြားရှိသော။ ခုဒ္ဒကနိကာယော၊ နိကာယ်ငင်း။ ဣတိ၊ ဤသို့။

ဣဒံဝစနံ၊ သည်။ **သုတ္တန္တပိဋကံ**နာမ၊ ၏။ ဓမ္မသင်္ဂဟော၊ ဓမ္မသင်္ဂါယနာ၌ရင်း။ပ။ ပဉ္စာနံ၊ပဉ္စာနန်းရင်း။ဣတိ၊သို့။ဣဒံဗုဒ္ဓဝစနံ၊ သည်။ **အဘိဓမ္မပိဋကံ** နာမ၊ ၏။

## ဝိနယသဒ္ဒါ၏ဝစနတ္ထ

တတ္ထ၊ ထိုသုံးပါးအပြားရှိသော ပိဋကတို့တွင်။ ဝိဝိဓဝိသေသနယတ္တာ စ၊ အထူးထူး အပြားပြားရှိသောနည်း ထူးသောနည်း ရှိသည်၏အဖြစ် ကြောင့်ရင်း။ ကာယဝါစာနံ၊ ကာယဒွါရ ဝစီဒွါရတို့ကို။ ဝိနယနတော စေဝ၊ ဆုံးမတတ်သောကြောင့်။ ဝိနယတ္ထဝိဒူဟိ၊ ဝိနယသဒ္ဒါ၏အနက်ကို သိကုန်သော ပညာရှိတို့သည်။ အယံဝိနယော၊ ကို။ ဝိနယောတိ၊ ဟူ၍။ အက္ခာတော၊ ဟောအပ်၏။

ဆရာ - အထူးထူး အပြားပြား ရှိသောနည်း ထူးသောနည်း ရှိသည်၏ အဖြစ်ကြောင့် ဝိနည်းမည်၏ဟူပြီ။ အဘယ်သို့လျှင် ဝိနည်းပိဋကဌ် အထူးထူးအပြားပြား ရှိသောနည်း ထူးသော နည်း ရှိသ နည်း ဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ဝိဝိဓာဟိ။ပ။ အနုပညတ္တိ နယာ ဟူသောပါဌ်ကိုမိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

**ဟိ-ဝိတ္ထာရယိဿာမိ၊** အံ့။ တတ္ထ၊ ဤဝိနည်းပိဋကဌ်။ ပဉ္စဝိဓ ပါတိ မောက္ခုဒ္ဒေသ ပါရာဇိကာဒိ သတ္တအာပတ္တိက္ခန္ဓ မာတိကာ ဝိဘင်္ဂါဒိပ္ပ ဘေဒါ၊ ငါးပါးအပြားရှိသော ပါတိမောက်ပြခြင်း ပါရာဇိက အစရှိ သော အာပတ်ခုနစ်ပုံ မာတိကာ ပဒဘာဇနီ စသည်အပြားရှိကုန်သော။ နယာ၊ နည်းတို့သည်။ ဝိဝိဓာ၊ အထူးထူးအပြားပြား ဖြစ်၍ဖြစ်ကုန်၏။ ဒဠှီကမ္မ သိထိလ ကရဏပ္ပယောဇနာ၊ ရှေ့ပညတ်ကို မြဲစွာပြုခြင်း ရှေ့ပညတ်ကို လျော့ခြင်း အကျိုးရှိကုန်သော။ အနုပညတ္တိနယာ၊ အနု ပညတ်နည်းတို့သည်။ ဝိသေသဘူတာ စ၊ ထူးသည်ဖြစ်၍လည်း ဖြစ်ကုန်၏။

**အမှာ။** ။ဝိဝိဓာဟိ ။ပ။ ပ္ပဘေဒါ နယာဟု ဆိုသောအလိုကား ဝိနယသဒ္ဒါကို ဝိဝိဓာ နယာ ဧတ္ထာတိ ဝိနယောဟု သတ္တမီဗဟုဗ္ဗိဟ် ပြုသင့်၏။ ဝိသဒ္ဒါသည် ဝိဝိဓအနက်ရှိ၏။ ဝိသေသဘူတာ စ ။ပ။အနု ပညတ္တိနယာဟု ဆိုသောအလိုကား ဝိသေသာ နယာ ဧတ္ထာတိ

ဝိနယောဟု သတ္တမိဗဟုဗ္ဗိဟိုင်း ပြုသင့်၏။ ဝိသဒ္ဒါ ဝိသေသအနက် ပဥ္စမ သိက္ခာပုဒ်၌ အန္တိမသော တိရစ္ဆာနဂတာယပိ ပါရာဇိကော ဟောတိဟူသော ဤပညတ်သည် ဝေသာလီပြည် မဟာဝုန်တောကြီး၌ မျောက်မ၌ မေထုန်မှီဝဲသော ရဟန်းကိုအကြောင်းပြု၍ ဆင့်၍ ပညတ်သောကြောင့် အနုပညတ် မည်၏။ ထိုမျောက်မ၌ မေထုန်မှီဝဲသောရဟန်း ပါရာဇိကမှ မလွတ်သောကြောင့် ထိုအနုပညတ်သည် ရှေ့ပညတ်ကို မြဲစေ၏။ ယော ပန ဘိက္ခု အနုပသမ္ပန္နေန သဟ သေယျံ ကပ္ပေယျဟု သာမည တည်၍မျှသော်လည်း လူသာမဏေတို့နှင့် တမိုး တရံတည်းရှိသော ကျောင်း၌ မအိပ်အပ်ဟု ပညတ်တော်မူပြီးမှ သာမဏေတို့ကို ချီးမြှောက်တော်မူလို၍ ယော ပန ဘိက္ခု အနုပ သမ္ပန္နေန သဒ္ဓိံ ဥတ္တရိ ဒိရတ္တ တိရတ္တံ သဟသေယျံ ကပ္ပေယျဟု ရှေး ပဥ္စမပညတ်ကိုလျှော့၍ အနုပညတ်ကို ဟောတော်မူခြင်းကြောင့် ဤသဟသေယျသိက္ခာပုဒ်၌ အနုပညတ်သည် ပဥ္စမပညတ်ကိုလျှော့၏။ ဤသို့သောနည်းအထူးကိုရည်၍ ဒဋ္ဌိကမ္မ သိထိလ ကရဏပ္ပယောဇနာ အနုပညတ္တိနယာဟု ဆိုသတည်း။

ယခုအခါ၌ကား ဝိနယနတော ကာယဝါစာနံဟူသော သံခေပပါဌ်ကို ဝိတ္ထာရပြတော်မူလို၍ ကာယိက ။ပ။ ဝိနေတိဟူသော ပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အနက္ထကား-

ကာယိက ဝါစသိကအဇ္ဈာစာရ နိသေဓနတောစ၊ ကာယဒွါရ ဝစီဒွါရဖြင့် လွန်ကြူးခြင်းကို မြစ်တတ်သောကြောင့်လည်း။ သေသော ဝိနယော၊ သည်။ ကာယဉ္စ၊ ကာယဒွါရကိုင်း။ ဝါစဉ္စ၊ ဝစီဒွါရကိုင်း။ ဝိနေတိ၊ ဆုံးမတတ်၏။

အမှာ။ ။မနောဒွါရေ အာပတ္တိနာမ နတ္ထိ ဟု ဆိုသောကြောင့် ပနောဒွါရ၌ လွန်ကျူးခြင်းကို မဆိုသတည်း။ ဤနောက်နည်းအလို ကား ကာယဝါစာနံ ဝိနေတိတိ ဝိနယောဟု ကတ္တုသာဓနပြုသင့်၏။ ယောသိက္ခာပဒသမူဟော၊ သည်။ (ကတ္တားထည့်) ဤနောက်နည်း၌ ဝိသဒ္ဒါသည် ဓာတွတ္ထဝိသေသကတည်း။ တသ္မာ အစရှိသောပါဌ်ကား ထိုစကား၏ လဒ္ဓဂုဏ်တည်း။

တသ္မာ ဝိဝိဓနယတ္တာစ၊ ထိုသို့ အထူးထူးအပြားပြားရှိသောနည်းရှိသည်၏ အဖြစ်ကြောင့်၎င်း။ တသ္မာ ဝိသေသနယတ္တာစ၊ ကြောင့်၎င်း။ ကာယဝါစာနံ၊ တို့ကို။ တသ္မာ ဝိနယနတောစ၊ ကြောင့်၎င်း။ ဝိနယောတိ၊ ဟူ၍။ အက္ခာတော၊ ၏။ တေန ကာရဏေန၊ ကြောင့်။ တေဿ ဝိနယဿ၊ ၏။ ဝစနတ္ထကောသလ္လတ္ထံ၊ ဝစနတ္ထ၌လိမ္မာစေခြင်းငှာ။ ဝိဝိဓ ဝိသေသနယတ္တာ ။ပ။ အက္ခာတောတိ၊ ဟူ၍။ ဧတံဝစနံ၊ ကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။

## သုတ္တန္တသဒ္ဒါ၏ ဝစနတ္ထ

ဣတရံ၊ ဝိနည်းမှတပါးသော။ သုတ္တံပန၊ ကိုကား။ အတ္ထာနံ၊မိမိအကျိုး သူတပါးအကျိုး စသောအပြားရှိသော အကျိုးတို့ကို။ သူစနတောစ၊ ပြတတ်သောကြောင့်၎င်း။ အတ္ထာနံ၊ တို့၏။ သုဝုတ္တတောစ၊ ကောင်းစွာ ဟောရာဖြစ်သောကြောင့်၎င်း။ အတ္ထာနံ၊ တို့ကို။ သဝနတောစ၊ ပွားစေ တတ်သောကြောင့်၎င်း။ သူဒနတောစ၊ ယိုစေတတ်သောကြောင့်၎င်း။ သုတ္တာဏာစ၊ ကောင်းစွာ စောင့်တတ်သောကြောင့်၎င်း။ သုတ္တသဘာဂတောစ၊ တမျဉ်းချည် ပန်းသီတန်ချည်နှင့် တူသောကြောင့်၎င်း။ သုတ္တန္တိ၊ ဟူ၍။ အက္ခာတံ၊ ၏။

တိုဂါထာ၏ အနက်ကို ဖွင့်တော်မူလို၍ တံဟိ အစရှိသောပါဌ်ကို မိန့်သတည်း။ (ဟိကား ဝိတ္ထာရဇောတကနိပါတ်တည်း)။ ထိုပါဌ်၏ အတ္ထကား–

တံသုတ္တံ၊ သည်။ အတ္တတ္ထပရတ္ထာဒိဘေဒေ၊ မိမိ၏အကျိုး သူတပါး၏ အကျိုး စသည်အပြားရှိကုန်သော။ အတ္ထေ၊ အကျိုးတို့ကို။ သူစေတိ၊ ပြတတ်၏။

အမှာ။ ။အတ္တတ္ထပရတ္ထာဒိဘေဒေ ဟူသော ပါဌ်ဖြင့် အတ္ထာနံ သူစနတော၌ အတ္ထသဒ္ဒါသည် ဖလတ္ထကိုသာဟော၏။ ဘာသိတတ္ထကို မဟောဟူသောအနက်ကိုပြ၏။ အာဒိသဒ္ဒါဖြင့် ဒိဋ္ဌဓမ္မိကတ္ထ သမ္ပရာယိကတ္ထ လောကုတ္တရတ္ထ ဤသို့အစရှိသော အကျိုးကိုယူလေ။ သူစေတိ ဟူသောပါဌ်ဖြင့် သူစနတော ဟူသောပါဌ်၏ ကတ္တုသာဓန်၏အဖြစ်

ကိုပြသတည်း။ ကရဏသာဝနေ အစရှိသည်ကို မပြဟူသော အနက်ကို သိစေသတည်း။ သူစဓာတ် တပစ္စည်းတည်း။

ဓေတ္တပိဋ္ဌကေ၊ ၌။ ဝေနေယျဇ္ဈာသယာနုလောမေန၊ ဝေနေယျသတ္တဝါတို့အလိုအားလျော်သဖြင့်။ ဝုတ္တတ္တာ၊ ဟောအပ်သည်၏အဖြစ်ကြောင့်။ အတ္တာ၊ အစီးအပွားတို့ကို။ သုဝုတ္တာ၊ ကောင်းစွာဟောအပ်ကုန်၏။

အမှာ။ ။ဤဒုတိယနည်းဖြင့် သုတ္တသဒ္ဒါ၏ သုဋ္ဌု ဝုစ္စတိ ဓေတ္တာတိ သုတ္တံဟူသော အဓိကရဏသာဝနေ ဖြစ်သည်၏အဖြစ်ကို သိစေ၏။ သုပုဗ္ဗ ဥစဓာတ် တပစ္စည်းရင်းတည်း။

ဓေတံပိဋ္ဌကံ၊ ဤသုတ္တန်ပိဋ္ဌကသည်။ အတ္တေ၊ တို့ကို။ သဝတိ၊ ပွားစေ၏။ ဤတတိယနည်းဖြင့် သုတ္တသဒ္ဒါ၏ ဟေတုကတ္တုသာဓန အဖြစ်ကို ပြသတည်း။ သုဓာတ် တပစ္စည်း ရင်းတည်း။

ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သဿံ၊ ကောက်ပင်သည်။ ဖလံ၊ အသီးကို။ ပသဝတိဣဝ၊ ပွားစေသကဲ့သို့တည်း။ ပသဝတိ၊ ပွားစေတတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။

အမှာ။ ။သုဓာတ်သည် ကြားခြင်းအနက် ချီးမွမ်းခြင်းအနက်အစ ရှိသော များသောအနက်တို့၌ဖြစ်ရကား ဤအရာ၌ ပွားခြင်းအနက်၌ ဖြစ်သည်၏အဖြစ်ကိုသိစေလို၍ ပသဝတီတိ ဝုတ္တံ ဟောတိဟု ဆိုပြန်သတည်း။ သုဓာတ်သည် ပ-ဟူသော ဥပသာရပုဒ်နှင့် ယှဉ်သောကြောင့် ပွားခြင်းအနက်ကို ဟော၏ဟူလိုသည်။

ဓေတံ၊ ထိုသုတ္တန်ပိဋ္ဌကသည်။ အတ္တေ၊ တို့ကို။ သူဒတိ၊ ယိုစေတတ်၏။ ကိမိဝ၊ မူကား။ ဓေနု၊ နွားမသည်။ ခီရံ၊ နို့ရည်ကို။ သူဒတိဝိယ၊ ယိုစေသကဲ့သို့တည်း။ (ဤစတုတ္ထနည်း၌ သူဒဓာတ် တပစ္စည်းတည်း)။ ပဂ္ဃရာပေတိ၊ ယိုစေတတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။

သူဒတိကြိယာ၏ ဟေတုကတ္တုတ္တ ကြိယာ၏အဖြစ်ကို သိစေလို၍ ပဂ္ဃရာပေတီတိ ဝုတ္တံ ဟောတိဟု ဆိုပြန်သတည်း။

သုဋ္ဌုစ၊ ကောင်းစွာလျှင်။ နေအတ္တေ၊ တို့ကို။ တာယတိ၊ စောင့်တတ်၏။ (သုပုဗ္ဗ တာဓာတ် တပစ္စည်း)။ ရက္ခတိ၊ ၏။ (တာဓာတ်၏ ရက္ခနအနက်ကို ဟောသည်၏အဖြစ်ကို သိစေခြင်းငှာ ရက္ခတိတိဟု ပြန်ဆိုသတည်း) ဧတံ၊ ထိုသုတ္တန်ပိဋကသည်။ သုတ္တသဘာဂဉ္စ၊ တမျဉ်းချည် ပန်းသီတန်ချည်နှင့် တူသည်လည်း။ ဟောတိ၊ ဖြစ်၏။ (ဤသုတ္တသဘာဂဉ္စ ဟူသောပါဠ်ဖြင့် သုတ္တသဒ္ဒါ၏ ဥပစာရသဒ္ဒါ၏ အဖြစ်ကိုပြသတည်း)။

အဘယ်သို့လျှင် တမျဉ်းချည် ပန်းသီတန်ချည်နှင့် တူသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ယထာဟိ အစရှိသောပါဠ်ကိုမိန့်သတည်း။ ထိုပါဠ်၏အတ္တကား-

တစ္ဆကာနံ၊ တစည်းသမားတို့အား။ သုတ္တံ၊ တမျဉ်းချည်သည်။ ပမာဏံ၊ ပမာဏသည်။ ဟောတိယထာ၊ ကဲ့သို့။ ဧဝံ၊ ထို့အတူ။ ဧတမ္ပိ၊ ထိုသုတ္တန်ပိဋကသည်လည်း။ ဝိညူနံ၊ ပညာရှိတို့အား။ ပမာဏံ၊သည်။ဟောတိ၊ဖြစ်၏။ သုတ္တေန၊ ချည်ဖြင့်။ သင်္ဂဟိတာနိ၊ ကုံးသီအပ်ကုန်သော။ ပုပ္ဖါနိ၊ ပန်းတို့သည်။ နဝိကိရိယန္တိ ယထာ၊ ဖရိုဖရဲမရှိကုန်သကဲ့သို့။ နဝိဝံသိယန္တိ ယထာ၊ ပျက်စီးကုန်သကဲ့သို့။ ဧဝံ ထထာ၊ တူ။ ဧဝေတ၊ ထိုသုတ္တန်ပိဋကဖြင့်။ သင်္ဂဟိတာ၊ ပေါင်းရုံးအပ်ကုန်သော။ အတ္တာ၊ တို့သည်။ နဝိကိရိယန္တိ၊ ကုန်။ နဝိဝံသိယန္တိ၊ ကုန်။ တေနကာရဏေန၊ ကြောင့်။ တေသာသုတ္တာသာ၊ ၏။ ဝစနတ္ထကောသလ္လတ္တံ၊ ငှာ။ အတ္ထာနံ သူစနတော ။ပ။ အက္ခာတန္တိ၊ ဟူ၍။ ဧဝံဝစနံ၊ ကို။ ဝုတ္တံ၊ ၏။

## အဘိဓမ္မသဒ္ဒါ၏ဝစနတ္ထ

ဧတရော၊ ထိုမှတပါးသော။ အဘိဓမ္မောပန၊ ကိုကား။ ယံယေန ကာရဏေန၊ ကြောင့်။ ဧတ္ထ၊ ဤအဘိဓမ္မပိဋကဝယ်။ ဝုဍ္ဍိမန္တော၊ ပြည့်စုံခြင်းသဘော ရှိကုန်သော။ ဓမ္မာစ၊ ပရမတ္ထတရားတို့ကိုရင်း။ သလက္ခဏာ၊ လက္ခဏာ အထူးရှိကုန်သော။ ဓမ္မာစ၊ တို့ကိုရင်း။ ပူဇိတာ၊ ပူဇော်ထိုက်ကုန်သော။ ဓမ္မာစ၊ တို့ကိုရင်း။ ပရိစ္ဆိန္နာ၊ ပိုင်းခြားအပ်ကုန်သော။ ဓမ္မာစ၊ တို့ကိုရင်း။ အဓိကာ၊ လွန်ကုန်သော။ ဓမ္မာစ၊ တို့ကိုရင်း။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ တေန၊ ကြောင့်။ အဘိဓမ္မော၊ ဟူ၍။ အက္ခာတော၊ ၏။

ထိုဂါထာ၏အနက်ကို အကျယ်ပြတော်မူလို၍ အယံ ဟိ အဘိသဒ္ဒေါ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

**ဟိ-ဝိတ္ထာရယိဿာမိ၊ ထိုဂါထာ၏အနက်ကို အကျယ်ချဲ့ပေအံ့။** အယံ အဘိသဒ္ဒေါ၊ ကို။ ဝုဍ္ဎိလက္ခဏ ပူဇိတ ပရိစ္ဆိန္နာဓိကေသု၊ ပွားခြင်းအနက် လက္ခဏာအထူးဖြစ်သောအနက် ပူဇော်ထိုက်သောအနက် ပိုင်းခြား အပ် သောအနက် လွန်သောအနက်တို့၌။ ဒိဿတိ၊ ရှုအပ်၏။

အဘိသဒ္ဒါသည် ဝုဍ္ဎိအနက် အစရှိကုန်သော ငါးပါးကုန်သောအနက် တို့၌ ဖြစ်၏ဟူပြီ။ တခုတည်းသောဥဒါဟရဏ်၌ပင် ငါးပါးကုန်သော အနက်တို့ကို ရအပ်ကုန်သလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုပြေ ခြင်းငှာ တထာဂဟာသ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား-

**တထာ တံဝစနံ၊ သည်။ ဟိယုတ္တံ၊ သင့်၏။** ဗာဠှာမေ။ပ။ပဋိက္ကမန္တီတိ အာဒိသု၊ ဗာဠှာမေ။ပ။ပဋိက္ကမန္တိ-ဤသို့အစရှိသော ပါဌ်တို့၌။ ဝုဍ္ဎိယံ၊ ပွားခြင်း အနက်၌။ အာဂတော၊ လာ၏။ အာဝုသော၊ ငါ့ရှင်တို့။ မေ၊ အား။ဗာဠှာ၊ ပြင်းစွာကုန်သော။ ဒုက္ခာဝေဒနာ၊ ဒုက္ခဝေဒနာတို့သည်။ အဘိက္ကမန္တိ၊ ပွားကုန်၏။ နောပဋိက္ကမန္တိ၊ မဆုတ်ကုန်။ (အဘိက္ကမန္တိ၌ အဘိသဒ္ဒါသည် ကမုဓာတ်ကို အတူးပြု၍ ပွားခြင်းအနက်ကို ဟောသတည်း)။ ယာတာ ရတ္တိယော။ပ။လက္ခိတာတိ့ အာဒိသု၊ တို့၌။ လက္ခဏေ၊ လက္ခဏာအထူးဖြစ် သောအနက်၌။ အာဂတော၊ ၏။ ယာတာ ရတ္တိယော၊ အကြင်ညဉ့်တို့ကို။ အဘိညာတာ အဘိလက္ခိတာ၊ အထူးသဖြင့် သိအပ်ကုန်၏။ ရာဇာဘိရာဇာ မနုဇိန္ဒောတိ အာဒီသု၊ တို့၌။ ပူဇိတေ၊ ပူဇော်ထိုက်သောအနက်၌။ အာဂ တော၊ ၏။ ရာဇာဘိရာဇာ၊ မင်းတို့သည် ပူဇော်ထိုက်သောမင်း။ မနု ဇိန္ဒော၊ လူတို့ကို အစိုးရသောမင်း။ ပဋိဗလော ။ပ။ အဘိဝိနယေတိ အာဒီသု၊ တို့၌။ ပရိစ္ဆိန္နေ၊ ပိုင်းခြားအပ်သောအနက်၌။ အာဂတော၊ ၏။ အဘိဓမ္မေ၊ ဝိနည်းနှင့်မရောသော သုတ်အဘိဓမ္မာ၌ရင်း။ အဘိဝိနယေ စ၊ သုတ်အဘိဓမ္မာနှင့်မရောသော ဝိနည်း၌ရင်း။ ဝိနေတုံ၊ ဆုံးမခြင်းငှာ။ ပဋိဗလော၊ စွမ်းနိုင်၏။ အညမညသင်္ကရဝိရဟိတေ၊ အချင်းချင်းရောယှက်

ခြင်းမှကင်းသော။ ဓမ္မေစ၊ သုတ်အဘိဓမ္မာ၌၎င်း။ ဝိနယေစ၊ ၌၎င်း။ ဣတိ၊ ဤသို့။ ဝုတ္တံ-ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ (အညမညသက်ရ ဝိရဟိတေ အစရှိသောပါဌ်ဖြင့် အဘိဝိနယေ၌ အဘိသဒ္ဒါ၏ ပရိစ္ဆိန္န အနက်ကို သိစေလိုသတည်း)။အဘိက္ကန္တေန ဝဏ္ဏေနာတိ အာဒီသု၊ တို့၌။ အဓိကေ၊ လွန်သောအနက်၌။ အာဂတော၊ လာ၏။ အဘိက္ကန္တေန၊ အလွန်နှစ်သက်ဘွယ်ရှိသော။ ဝဏ္ဏေန၊ အဆင်းဖြင့်။

ဆရာ - အဘိဓမ္မာဟူသောပုဒ်၌ အဘိသဒ္ဒါသည် ဝုဍ္ဍိ အစရှိသော ငါးပါးသော အနက်၌ဖြစ်၏ဟူပြီ။ ဤအဘိဓမ္မာ၌ကား အဘယ်၌ ဝုဍ္ဍိအနက်ဖြစ်သနည်း အဘယ်၌ လက္ခဏအနက်ဖြစ်သနည်း ဤသို့အစ ရှိသည်ဖြင့် သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ တွေစ ရူပူပပတ္တိ ယာ စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

တွေစ၊ ဤအဘိဓမ္မာပိဋကတ်၌လည်း။ရူပူပပတ္တိယာ။ပ။ဝိဟရတီတိ အာဒိ နာ၊ ဤသို့အစရှိသော။ နယေန၊ ဖြင့်။ ဝုဍ္ဍိမန္တော၊ ပွားခြင်းသဘောရှိကုန် သော။ ဓမ္မာပိ၊ တို့ကိုလည်း။ ဝုတ္တာ၊ ကုန်၏။ ရူပူပပတ္တိယာ၊ ရူပဘုံ၌ ပဋိ သန္ဓေနေခြင်း၏။ မဂ္ဂံ၊ အကြောင်းဖြစ်သော စျာနစေတနာကို။ ဘာဝေတိ၊ ပွားစေ၏။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်ယှဥ်သော။ စေတသာ၊ စိတ် ဖြင့်။ ဧကံ၊ တခုသော။ ဒိသံ၊ အရပ်ကို။ ဖရိတွာ၊ နှံ့၍။ ဝိဟရတိ၊ ၏။ ရူပါ ရမ္မဏံဝါ သဒ္ဒါရမ္မဏံဝါတိ အာဒိနာ၊ သော။ နယေန၊ ဖြင့်။ အာရမ္မဏာ ဒီဟိ၊ တို့ဖြင့်။ လက္ခဏီယတ္တာ၊ အထူးမှတ်အပ်သည်၏ အဖြစ်ကြောင့်။ သလက္ခဏာ၊ အထူးမှတ်အပ်သော လက္ခဏာနှင့်တကွ ဖြစ်ကုန်သော။ ဓမ္မာပိ၊ တို့ကိုလည်း။ ဝုတ္တာ၊ ကုန်၏။ သေက္ခာဓမ္မာ။ပ။ လောကုတ္တရာ ဓမ္မာတိ အာဒိနာ၊ သော။ နယေန၊ ဖြင့်။ ပူဇိတာ၊ ပူဇော်ထိုက်ကုန်သော။ ဓမ္မာပိ၊ တို့ကိုလည်း။ ဝုတ္တာ၊ ကုန်၏။ ပူဇာရဟာ၊ ပူဇော်ခြင်းငှာထိုက်ကုန် သော။ ဓမ္မာ၊ တို့ကို။ ဣတိအယံ၊ ဤသည်လျှင်။ အဓိပ္ပါယော၊ တည်း။ ဖဿော ဟောတီတိ အာဒိနာ၊သော။ နယေန၊ ဖြင့်။ သဘာဝ ပရိစ္ဆိန္နတ္တာ၊ သဘောကို ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့်။ ပရိစ္ဆိန္နာ၊ ကုန်သော။ ဓမ္မာပိ၊ တို့ကိုလည်း။ ဝုတ္တာ၊ ကုန်၏။ မဟဂ္ဂတာ ဓမ္မာ ။ပ။ အနုတ္တရာ

ဓမ္မာတိ အာဒိနာ၊ သော။ နယေန၊ ဖြင့်။ အဓိကာ၊ ကုန်သော။ ဓမ္မာပိ၊ တို့ကိုလည်း။ ဝုတ္တာ၊ ကုန်၏။ တေန၊ ကြောင့်။ တေသ အဘိဓမ္မသ၊ ၏။ ဝစနတ္ထကောသလ္လတ္ထံ၊ ငှာ။ ယံတွေဝုဿုိမန္တော။ပ။ အဘွာတောတိ၊ ဟူ၍။ တံဝစနံ၊ ကို။ ဝုတ္တံ၊ ပြီ။

## ပိဋကသဒ္ဒါ၏ဝစနတ္ထ

ဝိနယသဒ္ဒါ အစရှိသည်တို့၏အနက်ကို ဆရာဆိုပြီ။ အဘယ်အနက် ကြောင့်ပိဋကမည်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ယံပနေတ္ထကိုမိန့်သတည်း။ ထိုပါဌ်၏အတ္ထကား -

ဧတ္ထ၊ ဤဝိနယပိဋကအစရှိသောပါဌ်၌။ သမဘိနိဝိဋ္ဌ၊ ကောင်းစွာ အကျုံးဝင်သော။ ယံပနပိဋကံ၊ အကြင်ပိဋကသဒ္ဒါသည်။ အဝိသိဋ္ဌံ၊ အနက် အထူးမရှိ။ တံပိဋကံ၊ ကို။ ပိဋကတ္ထဝိဒူ၊ ပိဋကသဒ္ဒါ၏အနက်ကိုသိသော ပညာရှိတို့သည်။ ပရိယတ္တိဘာဇနတ္ထတော၊ သင်အပ်သောအနက်တည်ရာ ဖြစ်သောအနက်ကြောင့်။ ပိဋကန္တိ၊ ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။

ဝိနယသဒ္ဒါ - အစရှိသည်တို့၏ အနက် ပိဋကသဒ္ဒါ၏အနက်ကို ဆရာ အသီးအသီးဆို၏။ ပိဋကအခြား ဝိနယအစရှိသည်တို့အခြား ဒွန်ဖြစ် ကောင်းသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ တေန သမောခနေတွာ။ပ။ဉေယျာ ဟူသောပါဌ်ကိုမိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား-

တေန၊ ထိုပိဋကသဒ္ဒါနှင့်။ သမောခနေတွာ၊ ပေါင်း၍။ တယောပိ၊ ကုန်သော။ ဝိနယာဒယောပိ၊ ဝိနယသဒ္ဒါအစရှိသည်တို့ကိုလည်း။ ဉေယျာ၊ ကုန်၏။

ဆရာ-သင်အပ်သောအနက် တည်ရာဖြစ်သော အနက်ကြောင့် ပိဋက မည်၏ဟူပြီ၊ သဒ္ဒါသည် ပြယုဂ်နှင့်ကင်း၍ ဖြစ်ရာသလော အဘယ် ပါဌ်၌ သင်အပ်သောအနက်၌ဖြစ်သနည်း အဘယ်ပါဌ်၌ တည်ရာဖြစ် သောအနက်၌ ဖြစ်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်း ငှာ ပရိယတ္တိပိဟိစသည်ကို မိန့်သတည်း။ (ဟိကား ဝိတ္ထာရဇော တကတည်း)။ ထိုပါဌ်၏အတ္ထကား-

ပရိယတ္တိပိ၊ ကိုလည်း။ မာ ပိဋကသမ္ပဒါနေနာတိ အာဒိသု၊ တို့၌။ ပိဋကန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပိဋကသမ္ပဒါနေန၊ သင်ဖြင်း၏ ပြည့်စုံခြင်းဖြင့်။ မာဂဏှိ၊ မမှတ်လင့်။ အထ ပုရိသော။ပ။ မာဒါယာတိ အာဒိသု၊ တို့၌။ ယံကိဉ္စိ၊ အမှတ်မဲ့ဖြစ်သော။ ဘာဇနမ္ပိ၊ တည်ရာဖြစ်သော ခွက်ကိုလည်း။ ပိဋကန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ အထ၊ ထိုရောအခါ၌။ ပုရိသော၊သည်။ကုဒါလပိဋကံ၊ ပေါက်တူးခြင်းတောင်းကို။ အာဒါယ၊ ယူ၍။ အာဂစ္ဆေယျ၊ လာရာ၏။ (တသ္မာအစရှိသော ပါဌ်ဖြင့် ထိုစကား၏ လဒ္ဓဂုဏ်ကို ပြသတည်း။ အနက်ရှေးနှင့်တူပြီ)။

ဆရာ-ပိဋကသဒ္ဒါနှင့်ပေါင်း၍ ဝိနယသဒ္ဒါ အ စ ရှိ သည် တို့ ကို လည်း သိအပ်ကုန်၏ဟုဆိုပြီ။ နှစ်ပါးသော ပိဋကသဒ္ဒါ၏အနက်တို့တွင် တပါးသောအနက်ဖြင့်သာ ပေါင်း အပ် သ လော၊ အဘယ်သမာသ်ကိုပြု၍ ပေါင်းအပ်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ တေန ဝေံ ဒုဝိဓတ္ထေနအစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အဏ္ဍကား-

ဝေံ၊ ဤသို့။ ဒုဝိဓတ္ထေနပိ၊ နှစ်ပါးအပြားရှိသောအနက်ရှိသည်လည်း ဖြစ်သော။ တေန ပိဋကသဒ္ဒေန၊ နှင့်။ သဟ၊ တကွ။ သမာသံ၊ သမာသ်ကို။ ကတွာ၊ ၍။ ဝိနယောစ၊ သည်လည်း။ ဟောတိ၊ ၏။ သော၊ ထိုဝိနည်းဟူသည်ကား။ ပရိယတ္တိဘာဝတောစ၊ သင်အပ်သည်၏အဖြစ်ကြောင့်ရင်း။ တဿတဿအတ္ထဿ၊ ၏။ ဘာဇနတောစ၊ တည်ရာဖြစ်သောကြောင့်ရင်း။ ပိဋကဉ္စ၊ သည်လည်း။ ဟောတိ၊၏။ ဣတိတသ္မာ၊ ထိုနှစ်ပါးသောသတ္တိကြောင့်။ ဝိနယပိဋကံ၊ မည်၏။ ယထာဝုတ္တနယေနေဝ၊ အကြင်အကြင် ဆိုအပ်ပြီးသောနည်းဖြင့်သာလျှင်။သုတ္တန္တဉ္စ၊သည်လည်း။ဟောတိ၊ ၏။ တံ၊ ထိုသုတ္တန်ဟူသည်။ ပိဋကဉ္စ၊ သည်လည်း။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ကြောင့်။ သုတ္တန္တပိဋကံ၊ မည်၏။ (ယထာဝုတ္တနယေနေဝ၊ဟူသောပါဌ်ဖြင့် ပရိယတ္တိဘာဝတောစ တဿတဿအတ္ထဿ ဘာဇနတောစ-ဟူသောပါဌ်ကို ညွှန်းသတည်း)။ အဘိဓမ္မောစ၊ သည်လည်း။ ဟောတိ၊ ၏။ သော၊ ထိုအဘိဓမ္မာဟူသည်။ ပိဋကဉ္စ၊ သည်လည်း။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ အဘိဓမ္မပိဋကံ၊ မည်၏။ (ဝေမေတေ တယောပိ။ပ။ ဉေယျာဟူသောပါဌ်

ဖြင့် ထိုစကားကို နိဂုံးအုပ်သတည်း)။ ဧဝံ၊ ဤသို့။ တယော၊ ကုန်သော။ ဧတေ ဝိနယာဒယောပိ၊ တို့ကိုလည်း။ ဉေယျာ၊ ကုန်၏။

## ဒေသနာသာသနာကထာအပြားစသည်

ယခုအခါ၌ ထိုပိဋကသုံးပုံတို့၌ အထူးထူးအပြားပြား လိမ္မာစေခြင်းငှာ ပြတော်မူလို၍ ဧဝံ ဥတ္တာစ ပုနပိ အစရှိသော ပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အထ္တကား-

ဧဝံ၊ ဤသို့။ ဥတ္တာစ၊ သိပြီး၍လည်း။ ပုနပိ၊ လည်း။ တေသုယေဝ ပိဋကေသု၊ တို့၌လျှင်။ (ကောသလ္လတ္ထံ၌စပ်)။ နာနပ္ပကာရကောသလ္လတ္ထံ၊ အထူးထူးသောအပြား၌ လိမ္မာစေခြင်းငှာ။ တေသု၊ တို့၌။ (ဝိဘာဝယေ၌စပ်)။ ဒေသနာ သာသနာ ကထာ ဘေဒဉ္စ၊ ဒေသနာအပြား သာသနာအပြား ကထာအပြားကိုရင်း။ သိက္ခာ ပဟာန ဂမ္ဘီရ ဘာဝဉ္စ၊ သိက္ခာ ပဟာန် နက်နဲသည်၏အဖြစ်ကိုရင်း။ ယထာရဟံ၊ စွာ။ ပရိဒီပယေ၊ ပြရာ၏။ ယဟိံ၊ အကြင်ပိဋကသုံးပုံ၌။ ယထာ ယေန အာကာရေန၊ ဖြင့်။ ဘိက္ခု၊ သည်။ ယံပရိယတ္တိဘေဒဉ္စ၊ အကြင် သင်ခြင်းအပြားသို့ရင်း။ ယံသမ္ပတ္တိံစ၊ အကြင် ပြည့်စုံခြင်းသို့ရင်း။ ယံဝိပတ္တိဉ္စာပိ၊ အကြင် ပျက်စီးခြင်းသို့ရင်း။ ပါပုဏာတိ၊ ၏။ တထာ တေန အာကာရေန၊ ဖြင့်။ တံသဗ္ဗမ္ပိ၊ ထိုအလုံးစုံကိုလည်း။ ဝိဘာဝယေ၊ ပြရာ၏။

ထိုဂါထာတို့၏အနက်ကို အကျယ်ပြလို၍ တတြာယံ ပရိဒီပနာ အစရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

တတြ တာယံ ဂါထာယံ၊ တို့၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ပရိဒီပနာ၊ အကျယ်ပြခြင်းတည်း။ ဝိဘာဝနာ၊ ထင်စွာပြခြင်းတည်း။ (ဟိကား ဝိတ္ထာရဇောတက တည်း)။ တီဏိ၊ သုံးပါးကုန်သော။ ဧတာနိ ပိဋကာနိ၊ တို့ကို။ (ဝုစ္စန္တိ၌စပ်)။ ယထာက္ကမံ၊ အစဉ်အတိုင်း။ အာဏာဝေါဟာရ ပရမတ္ထ ဒေသနာတိစ၊ အာဏာဒေသနာ ဝေါဟာရဒေသနာ ပရမတ္ထ ဒေသနာတို့ ဟူ၍ရင်း။ ယထာပရာဓ ယထာနုလောမ ယထာဓမ္မသာသနာနီတိစ၊ ယထာပရာဓသာသနာ ယထာနုလောမသာသနာ ယထာဓမ္မ

သာသနာယံ ဟူ၍ရင်း။ သံဝရာ သံဝရဒိဋ္ဌိဝိနိဝေဌန နာမရူပ ပရိစ္ဆေဒ ကထာပိစ၊ ဟိုဟူ၍ရင်း။ ဝုစ္စန္တိ၊ ကုန်၏။

ဘာရာ-သုံးပါးကုန်သော ပိဋကတို့ကို အာဏာဒေသနာ အစရှိသည်တို့ ဟူ၍ ဆိုအပ်ကုန်၏ဟူပြီ။ ထိုသုံးပါးကုန်သော ပိဋကတို့တွင် အဘယ် ကြောင့် ဝိနည်းပိဋကကို အာဏာဒေသနာဟူ၍ ဆိုအပ်သနည်း။ ဤသို့စသည်ရှိသည်ဖြင့် သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ဧတ္ထဟိ အစရှိသောပါဌ်ကိုမိန့်သတည်း။ (ဟိကား ဝိတ္ထာရတည်း)။ ထိုပါဌ်၏ အတ္ထကား -

ဧတ္ထု၊ ဤသုံးပါးကုန်သော ပိဋကတို့တွင်။ ဝိနယပိဋကံ၊ ကို။ (ဝုစ္စတိဵစပ်)။ အာဏာရဟေန၊ အာဏာထားခြင်းငှာထိုက်သော။ ဘဂဝတာ၊ သည်။ အာဏာဗာဟုလ္လတော ၁၊ အာဏာ များသောအားဖြင့်။ ဒေသိတတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ **အာဏာဒေသနာ** တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

အပရာ။ ။အာဏာ ဒေသိယတိ ဧတာယာတိ အာဏာဒေသနာ ဟု အဓိကရဏသာဓနပြုလေ။ ဧတ္တပိဋကေ၊ ၌။ အာဏာ၊ အာဏာဖြစ်သော ဒေသနာကို။ ဒေသိယတိ၊ ဟောတော်မူအပ်၏။ ဣတိတသ္မာ၊ ထိုသို့ ဟောရာဖြစ်သည်၏အဖြစ်ကြောင့်။ တံပိဋကံ၊ သည်။ အာဏာဒေသနာ၊ မည်၏။ အတ္ထလိင်ကိုငဲ့၍ ပိဋကံဟု နပုံလိင်နှင့်စွဲသတည်း။ သဒ္ဒလိင်ကို ငဲ့မူကား ဣတ္ထိလိင်နှင့်စွဲရာ၏။ အာဏာဗာဟုလ္လတော ဟူသောပါဌ်ဖြင့် ဝိနည်းဒေသနာ၌လည်း ပရမတ္ထတရား ပညတ်တရားတို့သည် အပ္ပက အားဖြင့် ရှိကုန်၏ဟူသောအနက်ကို ပြသတည်း။

သုတ္တန္တပိဋကံ၊ ကို။ ဝေါဟာရကုသလေန၊ ပညတ်၌လိမ္မာတော်မူသော။ ဘဂဝတာ၊ သည်။ ဝေါဟာရဗာဟုလ္လတော၊ ပညတ်များသောအားဖြင့်။ ဒေသိတတ္တာ၊ ကြောင့်။ **ဝေါဟာရဒေသနာ** တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (ဝေါဟာရော ဒေသိယတိ ဧတ္ထာတိ ဝေါဟာရဒေသနာ၊ အဓိကရဏ

---

၁။ အာဏာဗာဟုလ္လတော-ဟူသော စကားဖြင့် ယေဘုယျနည်းကို ပြသည်။ ဋီ၁စ-၉၉။

သာဓနပြု)။ အဘိဓမ္မပိဋကံ၊ ကို။ ပရမတ္ထကုသလေန၊ သော။ ဘဂဝတာ၊ သည်။ ပရမတ္ထဗာဟုလ္လတော၊ ပရမတ်များသောအားဖြင့်။ ဒေသိတတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ **ပရမတ္ထဒေသနာတိ**၊ ဟူ၍။ ဝုစ္စတိ၊ ၏။

တထာ၊ တူ။ ပဌမံ၊ ရှေးဦးစွာသော ဝိနည်းပိဋကကို။ (ဝုစ္စတိဖြင့်စပ်)။ ယေတေသတ္တာ၊ တို့သည်။ ပစုရာပရာဓာ၊ များသောအပြစ်ရှိကုန်၏။ တေ သတ္တာ၊ တို့ကို။ ယထာပရာဓံ၊ အပြစ်အားလျော်စွာ။ ဧတ္ထပိဋကေ၊ ၌။သာသိ တာ၊ ဆုံးမအပ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ဆုံးမရာဖြစ်သည်၏သတ္တိကြောင့်။ တံ ပိဋကံ၊ သည်။ **ယထာပရာဓသာသနံ**၊ မည်၏။ (ဝိဂ္ဂဟ်ပြတည်း ဝိဂ္ဂဟ် စစ်ကား ယထာပရာဓံ သာသိယတိ ဧတ္ထာတိ ယထာပရာဓသာသနံဟု အဓိကရဏသာဓနပြု)။ ဒုတိယံ၊ နှစ်ခုမြောက်သော သုတ္တန်ပိဋကကို။ အနေကဇ္ဈာသယာနုသယ စရိယအဓိမုတ္တိကာ၊ များသောအဇ္ဈာသယ များသော အနုသယ များသော စရိုက် များသော နှလုံးသွင်းခြင်း ရှိကုန်သော။ သတ္တာ၊ တို့ကို။ ယထာနုလောမံ၊ အလိုအနုသယ စရိုက် နှလုံးသွင်းခြင်း အားလျော်စွာ။ ဧတ္ထ ဧဟသို့ ပိဋကေ၊ ၌။ သာသိတာ၊ ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ **ယထာနုလောမသာသနန္တိ**၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တတိယံ၊ သုံးခုမြောက်သော အဘိဓမ္မပိဋကကို။ (ဝုစ္စတိဖြင့်စပ်)။ ဓမ္မပုဉ္ဇမတ္တေ၊ ပရ မတ္ထတရားအစုမျှ၌။ အဟံ၊ ငါတည်း။ မမ၊ ၏။ သန္တကံ၊ ဥစ္စာတည်း။ ဣတိသညိနော၊ ဤသို့အမှတ်ရှိကုန်သော။ သတ္တာ၊ တို့ကို။ ယထာဓမ္မံ၊ ပရမတ္ထတရား အားလျော်စွာ။ ဧတ္ထ တေသို့ ပိဋကေ၊ ၌။ သာသိတာ၊ ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဆုံးမရာဖြစ်သည်၏အဖြစ်ကြောင့်။ **ယထာဓမ္မ သာသနန္တိ**၊ ဟူ၍။ ဝုစ္စတိ၊ ၏။

တထာ၊ သာသနာမှတပါး ကထာကိုဆိုအံ့။ ပဌမံ၊ ရှေးဦးစွာသော ဝိနည်းပိဋကကို။ (ဝုစ္စတိဖြင့်စပ်)။ အဇ္ဈာစာရပဋိပက္ခဘူတော၊ ကာယဒွါရ ဝစီဒွါရတို့ဖြင့် လွန်ကျူးခြင်း၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်သော။ သံဝရာ သံဝရော၊ စောင့်ခြင်းငယ် စောင့်ခြင်းကြီးကို။ ဧတ္ထ တေသို့ ပိဋကေ၊ ၌။ ကထိတော၊ ဟောတော်မူအပ်၏။ ဣတိတသ္မာ၊ ထိုသို့ဟောရာဖြစ်သည်၏

အဖြစ်ကြောင့်။ **သံဝရာသံဝရကထာတိ၊** ဟူ၍။ ဝုစ္စတိ၊ ၏။ သံဝရာသံဝရော တိ၊ ဟူသည်ကား။ ခုဒ္ဒကောစေဝ၊ ငယ်သည်လည်းဖြစ်သော။ မဟန္တော စ၊ ကြီးသည်လည်းဖြစ်သော။ သံဝရော၊ စောင့်စည်းခြင်းတည်း။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ကမ္ဗာကမ္ဗိဝိယစ၊ ကံငယ် ကံကြီးကဲ့သို့ရင်း။ ဖလာဖလံဝိယစ၊ သစ်သီးငယ် သစ်သီးကြီးကဲ့သို့ရင်းတည်း။

အဖွ။ ။သံဝရာသံဝရောတိ ခုဒ္ဒကောစေဝ မဟန္တောစ သံဝရော ဟူသောပါဠ်ကို သံဝရာသံဝရောကို သံဝရေ အသံဝရဟု ပုဒ်ဖြတ်၍ အသံဝရော၌ အသည် ဝုဒ္ဓိအနက်ရှိ၏။ ထိုကြောင့် သံဝရော၏အရကို စောင့်ခြင်းငယ် ယူစေလို၍ အသံဝရော၏အရကို စောင့်ခြင်းကြီးကို ယူစေလို၍ ခုဒ္ဒကောစေဝ မဟန္တောစဟူ၍ ဆိုသတည်း။ ကမ္ဗာကမ္ဗံ ဝိယ စသောပါဠ်ဖြင့် ဥပမာကို ပြသတည်း။

ဒုတိယံ၊ နှစ်ခုဘို့၏ ပြည့်ကြောင်းဖြစ်သော သုတ္တန်ပိဋကကို။ ဒွါသဋ္ဌိ ဒိဋ္ဌိ ပဋိပက္ခဘူတာ၊ ခြောက်ဆယ်နှစ်ပါးသော မိစ္ဆာအယူတို့၏ ဆန့်ကျင် ဘက်ဖြစ်သော။ ဒိဋ္ဌိဝိနိဝေဌနာ၊ မိစ္ဆာအယူတည်းဟူသော ကြိုးထုံးကို ဖြေခြင်းကို။ ဧတ္ထ၊ ဤသုတ္တန်ပိဋက၌။ ကထိတာ၊ ၏။ ဠတိတသ္မာ၊ကြောင့်။ **ဒိဋ္ဌိဝိနိဝေဌနကထာတိ၊** ဟူ၍။ ဝုစ္စတိ၊ ၏။ တတိယံ၊ သုံးခုတို့၏ပြည့်ကြောင်း ဖြစ်သော အဘိဓမ္မာပိဋကကို။ ရာဂါဒိပဋိပက္ခဘူတော၊ ရာဂ အစရှိသည်တို့ ၏ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်သော။ နာမ ရူပ ပရိစ္ဆေဒေါ၊ နာမ်ရုပ်တို့ကို ပိုင်းခြားခြင်းကို။ ဧတ္ထ၊ ဤအဘိဓမ္မာပိဋက၌။ ကထိတော၊ ၏။ ဠတိတသ္မာ၊ ကြောင့်။ **နာမရူပပရိစ္ဆေဒကထာတိ၊** ဟူ၍။ ဝုစ္စတိ၊ ၏။

ကိဉ္စာပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဧတေသု ပိဋကေသု၊ တို့၌။ တိဿော၊ သုံးပါးကုန်သော။ သိက္ခာစ၊ သိက္ခာတို့ကိုလည်း။ ဝေဒိတဗ္ဗာ၊ ကုန်၏။ တိဏ္ဏံ၊ ကုန်သော။ ပဟာနာနိစ၊ ပဟာန်တို့ကိုလည်း။ ဝေဒိတဗ္ဗာနိ၊ ကုန်၏။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိသော။ ဂမ္ဘီရဘာဝေါစ၊ နက်နဲ သည်၏အဖြစ်ကိုလည်း။ ဝေဒိတဗ္ဗော၊ ၏။

ပိဋကသုံးပုံတို့၌ သုံးပါးသော သိက္ခာ အစရှိသည်ကို သိအပ်၏ဟူပြီ အဘယ်ပိဋက၌ အဘယ်သိက္ခာကို ဟောအပ်လေသနည်း ဤသို့အစ

ရှိသည်ဖြင့် သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ တထာတိ အစ ရှိသောပါဠိကိုမိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

**တထာ တံ၀စနံ၊ ကို။ ဟိ ၀ိတ္ထာရယိဿာမိ၊အံ့။** ၀ိနယပိဋကေ၊၌။၀ိသေသေန၊အကူးသဖြင့်။ **အဓိသီလသိက္ခာ၊** အဓိသီလသိက္ခာကို။ ၀ုတ္တာ၊ ၏။ သုတ္တန္တပိဋကေ၊ ၌။ **အဓိစိတ္တသိက္ခာ၊** ကို။၀ုတ္တာ၊ ၏။ အဘိဓမ္မပိဋကေ၊၌။**အဓိပညာ သိက္ခာ၊** ကို။ ၀ုတ္တာ၊ ၏။

၀ိနယပိဋကေ၊၌။ (စသဒ္ဒါကား ၀ါကျာရမ္ဘဇောတကတည်း)။ ကိလေသာနံ၊ တို့ကို။ **၀ီတိက္ကမပ္ပဟာနံ၊** လွန်ကျူးခြင်းကို ပယ်ခြင်းကို။ ၀ုတ္တံ၊ ၏။ ကသ္မာ၊ ကြောင့်နည်းဟူမူကား။ သီလဿ၊ ၏။ ၀ီတိက္ကမပဋိပက္ခတ္တာ၊ လွန်ကျူး၍ကျင့်ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။ သုတ္တန္တပိဋကေ၊ ၌။ **ပရိယုဋ္ဌာနပ္ပဟာနံ၊** ကိလေသာနှိပ်စက်ခြင်းကို ပယ်ခြင်းကို။ ၀ုတ္တံ၊ ၏။ ကသ္မာ၊ ကြောင့်နည်းဟူမူကား။ သမာဓိဿ၊ ၏။ ပရိယုဋ္ဌာနပဋိပက္ခတ္တာ၊ ကိလေသာနှိပ်စက်ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။ အဘိဓမ္မပိဋကေ၊ ၌။ **အနုသယပ္ပဟာနံ၊** အနုသယကို ပယ်ခြင်းကို။ ၀ုတ္တံ၊ ၏။ ကသ္မာ၊ နည်းဟူမူကား။ ပညာယ၊ ၏။ အနုသယပဋိပက္ခတ္တာ၊ အနုသယ၏ ဆန့်ကျင်ဘက်ဖြစ်သည်၏ အဖြစ်ကြောင့်တည်း။ ပဌမေ၊ ရှေးဦးစွာသော ပိနည်းပိဋကၥ်။ ကိလေသာနံ၊ ကိလေသာတို့ကို။ တဒင်္ဂပ္ပဟာနံ၊ ပဟာကုသိုလ်ဖြင့် အခိုက်အတန့်ပယ်ခြင်းကို။ ၀ုတ္တံ၊ ၏။

အမှာ။ ။တေန ကုသလင်္ဂေန ပဟာနံ တဒင်္ဂပ္ပဟာနံ၊ တေန ကုသလင်္ဂေန၊ ထိုကုသိုလ်အစိတ်ဖြင့်။ တဿ တဿ အကုသလဿ၊ ကို။ (ဘာ၀သာဓနအယှဉ် ဆဋ္ဌီကံဆည့်)။ ပဟာနံ၊ ပယ်ခြင်းတည်း။ တဒင်္ဂပ္ပဟာနံ၊ ကုသိုလ်ဟူသောအစိတ်ဖြင့် အကုသိုလ်ကို ပယ်ခြင်း။ (တတိယာတပ္ပုရိသ်)။

ဣတရေသု၊ ပိနည်းပိဋကမှတပါးကုန်သော သုတ္တန် အဘိဓမ္မပိဋကတို့၌။ ၀ိက္ခမ္ဘန သမုစ္ဆေဒပ္ပဟာနာနိ၊ ၀ိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန်တို့ကို။ ၀ုတ္တာနိ၊ ကုန်၏။

အမှာ။ ။မှော်အတိပြည့်သောရေ၌ အုဋ္ဌ်ခဲ နှင်ဒဏ် အစရှိသည်တို့ကို ချသည်ရှိသော် ထိုအုဋ္ဌ်ခဲ နှင်ဒဏ် အစရှိသည်တို့၏ အဟုန်ဖြင့် ရေတံပိုးထ၍ အဝိုက်အတန့် မှော်လွင့်လေသည်နှင့် မဟာကုသိုလ်ဖြင့် အခိုက်အတန့် ကိလေသာကို ပယ်ခြင်းနှင့်တူ၏။ ထိုသို့ပယ်ခြင်းသည် တဒင်္ဂပဟာန်မည်၏။ ထိုအတူ လေပြင်းလာ၍ မှော်တို့သည် ကြာမြင့်စွာ လွင့်လေသကဲ့သို့ မဟဂ္ဂုတ် သမာပတ်ဖြင့် နီဝရဏတရားတို့ကို ခွါခြင်းသည် ဝိက္ခမ္ဘနပဟာန် မည်၏။ ကြီးစွာသော ချုံပြစ်ကို အမြစ်နှင့်တကွ တူး၍ဖြတ်သကဲ့သို့ မဂ်ဖြင့် အကြွင်းမဲ့ ကိလေသာတို့ကို ဖြတ်ခြင်းသည် သမုစ္ဆေဒပဟာန် မည်၏။ ဤသို့ ပဟာန်သုံးပါးတို့၏ အထူးကိုမှတ်လေ။

ပဌမေ၊ ဌ၌။ ဒုစ္စရိတသံကိလေသဿ၊ ဒုစ္စရိုက်တည်းဟူသော ကိလေသာကို။ ပဟာနံ၊ ကို။ ဝုတ္တံ၊ ၏။ ဣတရေသု၊ ဝိနည်းပိဋကမှတပါးကုန်သော သုတ္တန် အဘိဓမ္မ ပိဋကတို့၌။ တဏှာဒိဋ္ဌိသံကိလေသာနံ၊ တဏှာဒိဋ္ဌိ တည်းဟူသော ကိလေသာတို့ကို။ ပဟာနံ၊ ကို။ ဝုတ္တံ၊ ၏။

သိက္ခာအပြား ပဟာန်အပြားကို အကျယ်ပြပြီး၍ ယခုအခါ၌ ဂမ္ဘီရအဖြစ်ကို ပြတော်မူလို၍ ကေမေကသ္မိံစေတ္ထ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ဧတ္ထ ဧတေသု တီသု ပိဋကေသု၊ ဤတို့တွင်။ ဧကမေကသ္မိံ၊ တပါးတပါးသော ပိဋက၌။ စတုဗ္ဗိဓောပိ၊ သော။ ဓမ္မတ္ထ ဒေသနာ ပဋိဝေဓ ဂမ္ဘီရဘာဝေါ၊ ပါဠိအနက် (တနည်းကား) အကြောင်းအကျိုး ဒေသနာ အသိဉာဏ်တို့၏ နက်နဲသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ တတ္ထ၊ ထိုဓမ္မတ္ထ အစရှိသောပါဌ်၌။ သမဘိနိဝိဋ္ဌဿ၊ သော။ ဓမ္မောတိပဒဿ၊ ၏။ တန္တိ အတ္ထော၊ တန္တိဟူသောအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။ တန္တိ၊ ပါဠိတည်း။ အတ္ထောတိ၊ ဟူသည်ကား။ တဿာယေဝ၊ ထိုပါဠိ၏သာလျှင်။ အတ္ထော၊ တည်း။ ဒေသနာတိ၊ ကား။ မနသာ၊ နှလုံးဖြင့်။ ဝဝတ္ထပိတာယ၊ မှတ်အပ်

၁။ ကေ မေကသ္မိံဧတ္ထ-ဟူသောဝါကျ၌ပါသော စသဒ္ဒါကား ဂါကျာရမ္ဘ (သို့မဟုတ်)ပက္ခန္တရအနက်၌ဖြစ်၏။ ၊ဠီသစ်-၁၀၂။

ပြီးသော။ တဿာ တန္တိယာ၊ ထိုပါဠိကို။ ဒေသနာ၊ ဟောခြင်းတည်း။ ပဋိဝေဓောတိ၊ ကား။ တန္တိယာစ၊ ပါဠိကိုရင်း။ တန္တိအတ္ထဿစ၊ ပါဠိ၏ အနက်ကိုရင်း။ ယထာဘူတာဝဗောဓော၊ မဖောက်မပြန်သိခြင်းတည်း။

ထိုဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့သည် ပိဋကသုံးပုံတို့၌ နက်နဲကုန်၏ဟု ဆရာဆိုပြီ။ အဘယ်ကြောင့် နက်နဲသနည်း ချောက်ကမ်းပါး အစ ရှိသည်တို့ကဲ့သို့ နက်နဲလေသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ တီသုပိ စေတေသု အစရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား -

တီသုပိစ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဧတေသု၊ ထိုပိဋကတို့၌။ ဧတေ ဓမ္မတ္ထဒေသနာ ပဋိဝေဓာ၊ ထိုဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့သည်။ (ဂမ္ဘီရာ ၌စပ်)။ သသာဒီဟိ၊ ယုန်အစရှိကုန်သော သတ္တဝါတို့သည်။ မဟာသမုဒ္ဒေါ၊ ကို။ ဒုက္ခောဂါဠှောဝိယစ၊ ကူးခြင်းငှာ စွမ်းနိုင်ခဲသကဲ့သို့ရင်း။ အလဗ္ဘနေယျ ပတိဋ္ဌောဝိယစ၊ ထောက်ရာမှီရာကို ရခြင်းငှာ စွမ်းနိုင်ခဲသကဲ့သို့ရင်း။ မန္ဒဗုဒ္ဓီဟိ၊ ပညာနည်းကုန်သောသူတို့သည်။ ယသ္မာ၊ ကြောင့်။ ဒုက္ခောဂါဠှာစ၊ ဉာဏ်ဖြင့် ကူး ခြင်း ငှာ စွမ်းနိုင်ခဲကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ အလဗ္ဘနေယျ ပတိဋ္ဌာစ၊ ထောက်ရာတည်ရာကိုရခြင်းငှာ စွမ်းနိုင်ခဲကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ ဂမ္ဘီရာ၊ နက်ကုန်၏။ ဇဝံ၊ ဤသို့။ ဧတ္ထ ဧတေသု တီသု ပိဋကေသု၊ တို့တွင်။ ဧကမေကသ္မိံ၊ ၌။ စတုဗ္ဗိဓောပိ၊ လေးပါးအပြားရှိသည်လည်းဖြစ်သော။ ဂမ္ဘီရဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

အပရော၊ သော။ နယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ ဓမ္မောတိ၊ ကား။ ဟေတု၊ အကြောင်းတည်း။ ဟိ- သစ္စံ၊ ၏။ ဟေတုမှိ။ ပ။ ပဋိသမ္ဘိဒါ တိ၊ ဟေတုမှိ။ ပ။ ပဋိသမ္ဘိဒါဟူ၍။ ဧတံဝစနံ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ပြီ။ ဟေတုမှိ၊ အကြောင်း၌။ ဉာဏံ၊ သိသောဉာဏ်သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။

အမှာ။ ။ဓမ္မံ ပဋိ ဝိသုံ ဝိသုံ သမ္ဘိန္ဒတိ ဇာနာတီတိ ဓမ္မပဋိသမ္ဘိဒါ၊ ယာပညာ၊ သည်။ ဓမ္မံ၊ အကြောင်းကို။ ပဋိ ဝိသုံဝိသုံ၊ အသီးအသီး။

သမ္ဘိန္နတိ ဇာနာတိ၊ သိတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သာပညာ၊ သည်။ ဓမ္မပဋိသမ္ဘိဒါ၊ မည်၏။ (ပဋိပုစ္ဆ သံပုစ္ဆ ဘိဒိဓာတ် ဏပစ္စည်း)။ အတ္ထောတိ၊ ကား။ ဟေတုဖလံ၊ အကြောင်း၏အကျိုးတည်း။ ဟိ-သစ္စံ၊ ၏။ ဟေတုဖလေ။ပ။ အတ္ထပဋိသမ္ဘိဒါတိ၊ ဟူ၍။ တေံဝစနံ၊ ကို။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ပြီ။ ဟေတုဖလေ၊ အကြောင်း၏အကျိုး၌။ ဉာဏံ၊ သိသော ဉာဏ်သည်။ အတ္ထပဋိသမ္ဘိဒါ၊ မည်၏။ ဒေသနာတိ၊ ကား။ ပညတ္တိ၊ အပြား အားဖြင့် သိစေခြင်းတည်း။

ဒေသနာ၏ အရကို ပညတ်ဟု ဆရာဆို၏။ သိက္ခာပုဒ်ကို ပညတ်ခြင်း သည် ဒေသနာမည်ကောင်းသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ယထာဓမ္မံ ဓမ္မာဘိလာပေါတိ အဓိပ္ပါယော ဟူသောပါဠ်ကို မိန့်သတည်း။ ထိုပါဠ်၏အတ္ထကား -

ယထာဓမ္မံ၊ သဘောအားလျော်စွာ။ ဓမ္မာဘိလာပေါ၊ တရားကိုဟော ခြင်းတည်း။ ဣတိအယံ၊ လျှင်။ အဓိပ္ပါယော၊ တည်း။ ဝါ၊ တနည်းကား။ အနုလောမ ပဋိလောမ သံခေပဝိတ္ထာရာဒိ ဝသေန၊ အနုလုံ ပဋိလုံ အကျဉ်း အကျယ် အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ကထနံ၊ တရားဟောခြင်း သည်။ ဒေသနာ၊ မည်၏။ ပဋိဝေဓောတိ၊ ကား။ အဘိသမယော၊ မဖောက် မပြန်ခြင်းတည်း။ လောကိယ လောကုတ္တရော၊ လောကီ လောကုတ္တရာ ဖြစ်သော။ သောစ အဘိသမယော၊ ထိုအဘိသမယသည်လည်း။ (အဝ ဗောဓော၌ တုလျတ်စပ်)။ ဝိသယတောစ၊ အာရုံပြုသောအားဖြင့်၎င်း။ အသမ္မောဟတောစ၊ မတွေဝေသောအားဖြင့်၎င်း။ (အဝဗောဓော၌ ဝိသေ သနချည်းစပ်)။ အတ္ထာနုရူပံ၊ အကျိုးအားလျော်စွာ။ ဓမ္မေသု၊ အကြောင်း တို့၌။ ဓမ္မာနုရူပံ၊ အကြောင်းအားလျော်စွာ။ အတ္ထေသု၊ အကျိုးတို့၌။ ပညတ္တိပထာနုရူပံ၊ အပြားအားဖြင့် သိစေအပ်သော အကြောင်းအား လျော်စွာ။ ပညတ္တီသု၊ အပြားအားဖြင့် သိစေအပ်သော တရားတို့၌။ အဝဗောဓော၊ မဖောက်မပြန် သိခြင်းတည်း။

အမှာ။ ။သောစ လောကိယ လောကုတ္တရော အစရှိသောပါဠ်ကို ကား အဘိသမယော ဟူသောပါဠ်၌ သမယသဒ္ဒါသည် ရခြင်း

ပယ်ခြင်း မိစ္ဆာဉာဏ် အစရှိသည်မဟုတ် မဖောက်မပြန် သိခြင်းတည်း ဟု သိစေခြင်းငှာ ဆိုပြန်သတည်း။ အဘိသမယသဒ္ဒါသည် အသိဉာဏ် ကို ဟောသည်။ မိစ္ဆာဉာဏ်ရခြင်း ပယ်ခြင်း အစရှိသည်ကို မဟော ဟူလိုသည်။

ဝါ၊ တနည်းကား။ တတ္ထတတ္ထ၊ ထိုထိုသောပိဋကတို့၌။ တေသံတေသံ ဝုတ္တ ဓမ္မာနံ၊ ထိုထို ဟောတော်မူအပ်ကုန်သော တရားပုဂ္ဂိုလ်တို့၏။ (အဝိပရိတ သဘာဝေါ်၌စပ်)။ ပဋိဝိဇ္ဈိတဗ္ဗော၊ ထိုးထွင်း၍သိအပ်သော။ သလက္ခဏ သင်္ခါတော၊ မိမိတို့၏ လက္ခဏာဟု ဆိုအပ်သော။ အဝိပရိတသဘာဝေါ၊ မဖောက်မပြန်သော သဘောသည်။ ပဋိဝေဓော၊ မည်၏။

အမှာ။ ။ဤတေသံတေသံဝါ အစရှိသည်ဖြင့် တနည်းဆိုသောအလို ကား ပဋိဝေဓောကို ပဋိဝိဇ္ဈိတဗ္ဗောတိ ပဋိဝေဓောဟု ကမ္မသာဓနေ ပြုအပ်၏။ အရကား မဖောက်မပြန် ဉာဏ်ဖြင့်သိအပ်သော သဘော လက္ခဏာတည်း။ ရှေးနည်း၌ကား ဘာဝသာဓနေ ပြုသင့်၏။

ယခုအခါ၌ ထိုဓမ္မ အတ္ထ ဒေသနာ ပဋိဝေဓတို့၏ နက်နဲသည်၏ အဖြစ်ကို ထင်စွာပြတော်မူလို၍ ဣဒါနိ ယသ္မာ အစရှိသော ပါဠ်ကို မိန့်သတည်း။ ထိုပါဠ်၏အတ္ထကား-

ဣဒါနိ၊ ၌။ ဧတေသု ပိဋကေသု၊ တို့၌။ ယံယံ ဓမ္မဇာတံဝါ၊ အကြင်အကြင် အကြောင်းတရားသဘောသည်ရှင်း။ ယံယံ အတ္ထဇာတံဝါ၊ အကြင်အကြင် အကျိုးတရားသဘောသည်ရှင်း။ ယထာယထာ၊ အကြင် အကြင် အခြင်းအရာဖြင့်။ ဉာပေတဗ္ဗော၊ သိစေအပ်သော။ အတ္ထော၊ အနက်သည်။ သောတူနံ၊ နာသောသူတို့၏။ ဉာဏဿ၊ အား။ အဘိ မုခေါ၊ ရှေ့ရှုသည်။ ဟောတိ၊ ၏။ တထာတထာ၊ ဖြင့်။ တဒတ္ထဇောတိကာ၊ ထိုအနက်ကို ပြတတ်သော။ ယာစာယံ ယာစအယံဒေသနာ၊ အကြင် ဒေသနာ ဝစီဘေဒသဒ္ဒါသည်ရှင်း။ ဧတ္ထ၊ ဤသုံးပါးကုန်သောပိဋကတို့၌။ အဝိပရိတာဝဗောဓသင်္ခါတော၊ မဖောက်မပြန် သိခြင်းဟု ဆိုအပ်သော။ ယောပဋိဝေဓောစ၊ အကြင်အသိဉာဏ်သည်ရှင်း။ ဝါ၊ ကား။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုသောတရားတို့၏။ (အဝိပရိတသဘာဝေါ၌စပ်)။

ပဋိဝိဇ္ဈိတဗ္ဗာ၊ ထိုးထွင်း၍သိအပ်သော။ သလက္ခဏာသခ်ါတော၊ မိမိတို့၏ လက္ခဏာဟု ဆိုအပ်သော။ ယော အဝိပရိတ သဘာဝေါစ၊ အကြင် မဖောက်မပြန်သော သဘောသည်ရှင်း။ အတ္တိ၊ ရှိ၏။ တေံသဗ္ဗံ၊ ထို အလုံးစုံသည်။ (ဂမ္ဘီရံ၌စပ်)။ အနုပစိတ ကုသလ သမ္ဘာရေဟိ၊ မဆည်းပူး အပ်သော ကုသိုလ်ကောင်းမှုတည်းဟူသော အဆောက်အဦ ရှိကုန်သော။ ဒုပ္ပညေဟိ၊ ပညာနည်းကုန်သောသူတို့သည်။ သသာဒီဟိ၊ ယုန်ငယ် အစရှိကုန်သော သတ္တဝါတို့သည်။ မဟာသမုဒ္ဒေါ၊ ကို။ ဒုက္ခောဂါဠ္ဟော ဝိယစ၊ ကူးခြင်းငှာ စွမ်းနိုင်ခဲသကဲ့သို့ရှင်း။ အလဗ္ဘနေယျ ပတိဋ္ဌောဝိယစ၊ တည်ရာကိုရခြင်းငှာ ခဲသကဲ့သို့ရှင်း။ ယသ္မာ၊ ကြောင့်။ ဒုက္ခောဂါဠ္ဟဉ္စ၊ ဉာဏ်ဖြင့်သက်ဝင်ခြင်းငှာ စွမ်းနိုင်ခဲသည်လည်း။ ဟောတိ၊ ၏။ အလဗ္ဘ နေယျပတိဋ္ဌဉ္စ၊တည်ရာကိုရခြင်းငှာ ခဲသည်လည်း။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဂမ္ဘီရံ၊ နက်စွာ၏။ ဧဝမ္ပိ၊သို့လည်း။တွေ့ ဧတေသု တီ သုပိဋကေသု၊ ဝုတ္တိတွင်။ ကေမကေသွိံ ၊ တပါးတပါးသော ပိဋကဥ္ဖြ။ စတုဗ္ဗိဓော၊ သော။ ဂမ္ဘီရဘာဝေါပိ၊ ကိုလည်း။ ဝေဒိတဗ္ဗော၊ ၏။ ဧတ္တာဝတာ ဧတ္တကေန ဝစနက္ကမေန၊ ဤမျှအတိုင်းအရှည်ရှိသော ဧတာနိ ဟိ တိဏိ ပိဋကာနိ အစရှိသော သဒ္ဒါအစဉ်အားဖြင့်။ ဒေသနာ သာသန ကထာ ။ပ။ ပရိ ဒီပယေ ဣတိ၊ ဒေသနာ သာသနကထာ။ပ။ ပရိဒီပယေ ဟူသော။ အယံ ဂါထာ၊ သည်။ ဝုတ္တတ္ထာဝ၊ ဆိုအပ်ပြီးသော အနက်ရှိသည်သာလျှင်။ ဟောတိ၊ ၏။

## ပိဋကသင်ယူနည်းသုံးမျိုး

ပရိယတ္တိဘေဒံ ။ပ။ ဝိဘာဝယေတိ ဧတ္ထ ပန တေိသုံ ဂါထာယံ၊ ၌ကား။ တီသု၊ ကုန်သော။ ပိဋကေသု၊ တို့၌။ တိဝိဓော၊ သုံးပါးအစု ရှိသော။ ပရိယတ္တိဘေဒေါ၊ သင်ခြင်းအပြားကို။ ဒဋ္ဌဗ္ဗော၊ ၏။ (ဟိကား ဝိတ္ထာရဇောတကတည်း)။ အလဂဒ္ဒူပမာ၊ မြွေဖမ်းဥပမာရှိသော သင်ခြင်း ရှင်း။ နိဿရဏတ္ထာ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုးရှိသော သင် ခြင်းရှင်း။ ဘဏ္ဍာဂါရိကပရိယတ္တိ၊ ဘဏ္ဍာစိုးကဲ့သို့ သင်ခြင်းရှင်း။ ဣတိ ဣမိနာ ပဘေဒေန၊ အားဖြင့်။ ပရိယတ္တိယော၊ သင်ခြင်းတို့သည်။ တိဿော၊ သုံးပါးတို့တည်း။

အလံ ပရိပုဏ္ဏံ ဂဒံ ဝိသံ အဿာတိ အလဂဒ္ဒေါ။ အဿ သပ္ပဿ၊ ထိုမြွေအား။ အလံပရိပုဏ္ဏံ၊ ပြည့်သော။ ဂဒံဝိသံ၊ အဆိပ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ သောသပ္ပေါ၊ သည်။အလဂဒ္ဒေါ၊မည်၏။ (စတုတ္ထိဗဟုဗ္ဗိဟိတည်း)။ အလဂဒ္ဒဿ ဂဟဏံ အလဂဒ္ဒံ၊ အလဂဒ္ဒဿ၊ မြွေကို။ ဂဟဏံ၊ ကိုင်ခြင်းတည်း။ အလဂဒ္ဒံ မြွေကိုကိုင်ခြင်း။ (ဥတ္တရ ပဒလောပဆဋ္ဌီတပ္ပုရိသ်)။ အလဂဒ္ဒံ ဥပမာ ယဿာတိ အလဂဒ္ဒူပမာ။ ယဿာပရိယတ္တိယာ၊ အား။ အလဂဒ္ဒံ၊ မြွေကိုဖမ်းခြင်းသာလျှင် ဖြစ်သော။ ဥပမာ၊ ဥပမာသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ သာပရိယတ္တိ၊ သည်။ အလဂဒ္ဒူပမာ၊ မည်၏။ စတုတ္ထိ ဗဟုဗ္ဗိဟိ)။ နိဿရဏံ အတ္ထော ယဿာတိ နိဿရဏတ္ထာ၊ ယဿာပရိယတ္တိယာ၊ အား။ နိဿရဏံ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းသာလျှင် ဖြစ်သော။ အတ္ထော၊ အကျိုးသည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ကြောင့်။သာပရိယတ္တိ၊ သည်။ နိဿရဏတ္ထာ၊ မည်၏။

ဘဏ္ဍာဂါရေ နိယုတ္တောတိ ဘဏ္ဍာဂါရိကော၊ (နိယုတ္တတဒ္ဓိတ် ဏိက ပစ္စည်း။ ဘဏ္ဍာစိုးရ၏)။ ဘဏ္ဍာဂါရိကောဝိယာတိ ဘဏ္ဍာဂါရိကာ၊ ယာပရိယတ္တိ၊ သည်။ ဘဏ္ဍာဂါရိကောဝိယ၊ ကဲ့သို့။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သာပရိယတ္တိ၊ သည်။ ဘဏ္ဍာဂါရိကာ၊ မည်၏။ (ဥပမာတဒ္ဓိတ် ဏပစ္စည်း) ဘဏ္ဍာဂါရိကာ စ သာ ပရိယတ္တိ စာတိ ဘဏ္ဍာဂါရိကပရိယတ္တိ (ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရယ်)။

တတ္ထ၊ ထိုသုံးပါးကုန်သော သင်ခြင်းတို့တွင်။ ဒုဂ္ဂဟိတာ၊ မကောင်းသဖြင့် သင်အပ်သော။ ယာပရိယတ္တိ၊ အကြင်သင်ခြင်းကို။ ဥပါရမ္ဘာဒိ ဟေတု၊ သူတပါးတို့ကို နှိပ်စက်ခြင်းအစရှိသော အကြောင်းကြောင့်။ ပရိယာပုဋ္ဌာ၊ သင်အပ်၏။ အယံ၊ ဤသင်ခြင်းသည်။ အလဂဒ္ဒူပမာ၊ မည်၏။

ဥပါရမ္ဘာဒိဟိ အာဒိသဒ္ဒါဖြင့် သူတပါးတို့၏ ကဲ့ရဲ့ခြင်းမှ လွတ်လို၍ သင်ခြင်း လာဘ်ကိုလို၍သင်ခြင်း ပူဇော်သက္ကာရပြုခြင်းကို အလိုရှိ၍ သင်ခြင်း အကျော်အစောကိုလို၍ သင်ခြင်း အစရှိသည်ကိုယူလေ။

ဆရာ-အလင်္ကာရဒ္ဒျပမာဟူ၍ ဆို၏။ ထိုသို့သင်ခြင်း၏ အလင်္ကာရဒ္ဒျပမာမည်သည်၏အဖြစ်ကို အဘယ်ကြောင့် ယုံကြည်ရပါအံ့နည်းဟု သူမေးဘွယ်ရှိ၍ ယိုအမေးကိုဖြေခြင်းငှာ ယံ သန္ဓာယ ဝုတ္တံ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ယံအလင်္ကာရဒ္ဒျပမပရိယတ္တိံ၊ ထိုမြေဖမ်းဥပမာရှိသော သင်ခြင်းကို။ (ယံသဒ္ဒါသည် တံသဒ္ဒါအနက်ရှိ၏)။ သန္ဓာယ၊ ၍။ သေယျထာပိ ဘိက္ခဝေ။ပ။မဗွာနန္တိ၊ ဟူ၍။ ဝုတ္တံ၊ ကို။ ဘဂဝတာ၊ သည်။ အလင်္ကာရဒ္ဒျပမသုတ္တေ၊ အလင်္ကာရဒ္ဒျပမသုတ်၌။ (အာခါရတည့်)။ ဝုတ္တံ၊ ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ သည်။ အလင်္ကာရတ္ထိကော၊ မြွေကို အလိုရှိသည်ဖြစ်၍။ အလင်္ကာရံ၊ မြွေကို။ ဂဝေသီ၊ ရှာသည်။ အလင်္ကာရပရိယေသနံ၊ မြွေရှာခြင်းအလို့ငှာ။ စရမာနော၊ သွားသည်။ ဟောတိ၊ ၏။ သောပုရိသော၊ သည်။ မဟန္တံ၊ ကြီးစွာသော။ အလင်္ကာရံ၊ ကို။ ပဿေယျ၊ ၏။ သောပုရိသော၊ သည်။ တမေနံ၊ ထိုမြွေကို။ ဘောဂေဝါ၊ အခွေ၌ရင်း။ နင်္ဂုဋ္ဌေဝါ၊ မြီးထူး၌ရင်း။ ဂဏှေယျ၊ ကိုင်ရာ၏။ တဿပုရိသဿ၊ အား။ သောအလင်္ကာရော၊ သည်။ ပဋိနိဝတ္တိတွာ၊ ပြန်၍။ ဟတ္ထေဝါ၊ လက်ကောက်ဝတ်၌ရင်း။ (ဟနည်းကား) တတောင်ဆစ်၌ရင်း။ ဗာဟာယဝါ၊ လက်ရုံးအရင်း၌ရင်း။ (တတောင်ဆစ်အထက်ကိုယူ)။ အညတရသ္မိံ၊ အမှတ်မဲ့ တပါးပါးသော။ အင်္ဂပစ္စင်္ဂေဝါ၊ အင်္ဂါကြီးငယ်၌ရင်း။ ဍံသေယျ၊ ကိုက်ရာ၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ တတောနိဒါနံ၊ ထိုမြွေကိုက်ခြင်းလျှင် အကြောင်းရှိသော။ (တနည်းကား) ထိုမြွေကိုက်ခြင်းကြောင့်။ မရဏံဝါ၊ သေခြင်းသို့မူလည်း။ နိဂစ္ဆေယျ၊ ရောက်ရာ၏။ မရဏမတ္တံ၊ သေလောက်ရုံသော။ (သေခါနီးသောလည်းဟူ)။ ဒုက္ခံဝါ၊ ဆင်းရဲခြင်းသို့မူလည်း။ နိဂစ္ဆေယျ၊ ၏။ တံနိဂစ္ဆနံ၊ ထိုသို့သေခြင်း ဆင်းရဲခြင်းသို့ ရောက်ခြင်းသည်။ ကိဿ၊ အဘယ်မည်သော။ ဟေတု၊ အကြောင်းကြောင့်။ ဟောတိ၊ နည်းဟူမူကား။ ဘိက္ခဝေ၊ ကို့။ အလင်္ကာဿ၊ ၏။ ဒုဂ္ဂဟိတတ္တာ၊ မကောင်းသဖြင့် ကိုင်အပ်သည်၏ အဖြစ်ကြောင့်။ တံနိဂစ္ဆနံ၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ ကို့။ ဧဝမေဝခေါ၊ ထိုအတူလျှင်။ ဣဓ၊ ဤကျောင်းပါဘုရားသာသနာတော်၌။ ဧကစ္စေ၊ အချို့ကုန်သော။ မောဃပုရိသာ၊ မဂ်ဖိုလ်မှ

အချည်းနှီးဖြစ်သော ယောကျ်ားတို့သည်။ သုတ္တံ၊ သုတ်ဖြစ်သော။ ပ။ ဝေဒလ္လံ၊ ဝေဒလ္လဖြစ်သော။ ဓမ္မံ၊ ကို။ ပရိယာပုဏန္တိ၊ သင်ကုန်၏။ (ဂေယျံ ဝေယျာကရဏံ ဂါထာ ဥဒါနံ ဣတိဝုတ္တကံ ဇာတကံ အဗ္ဘုတဓမ္မံ ဤပုဒ် တို့ကား ငုပ်သတည်း)။ တေ မောဃပုရိသာ၊ တို့သည်။ တံဓမ္မံ၊ ကို။ ပရိယာပုဏိတွာ၊ သင်၍။ တေသံ ဓမ္မာနံ၊ တို့၏။ အတ္ထံ၊ ကို။ ပညာယ၊ ပညာဖြင့်။ နဉပပရိက္ခန္တိ၊ မဆင်ခြင်ကုန်။ ပညာယ၊ ဖြင့်။ အတ္ထံ၊ ကို။ အနုပ ပရိက္ခတံ အနုပပရိက္ခန္တာနံ၊ မဆင်ခြင်ကုန်သော။ တေသံ မောဃပုရိသာနံ၊ တို့အား။ တေဓမ္မာ၊ တို့သည်။ နနိဇ္ဈာနက္ခမန္တိ၊ ပညာဖြင့်ဆင်ခြင်၍ ယူခြင်းငှာ မခံ့ကုန်။ တေမောဃပုရိသာ၊ တို့သည်။ ဥပါရမ္ဘာနိသံသာ စေဝ၊ သူတပါးတို့ကိုနှိပ်စက်ခြင်းအကျိုးရှိကုန်သည်ဖြစ်၍ရင်း။ ဣတိဝါဒပ္ပ မောက္ခာနိသံသာစ၊ ဤသို့ ငါသင်သဖြင့် သူတပါးတို့၏ကဲ့ရဲ့ခြင်းမှ လွတ် သည်ဖြစ်လတ္တံ့ဟု သူတပါးတို့၏ကဲ့ရဲ့ခြင်းမှ လွတ်ရခြင်းအကျိုးရှိကုန်သည် ဖြစ်၍ရင်း။ ဓမ္မံ၊ ကို။ ပရိယာပုဏန္တိ၊ ကုန်၏။ တေမောဃပုရိသာ၊ ပုံသည်။ ယဿ၊ အကြောင်းမဂ်ဖိုလ်နိဗ္ဗာန်၏။ အတ္ထာယ၊ ငှာ။ ဓမ္မံ၊ ကို။ ပရိယာပုဏန္တိ၊ ကုန်၏။ (ယဿနှင့် အတ္ထာယကား သိလာပုတ္တကဿ သရိရံ ဟူသကဲ့သို့ အဘေဒဘေဒူပစာရတည်း)။ အဿဓမ္မဿ၊ ၏။ တဉ္စအတ္ထံ၊ ထိုမဂ် ဖိုလ် နိဗ္ဗာန်ဟူသော အကျိုးကိုလည်း။ နာနုဘောန္တိ၊ မခံစားရကုန်။ ဒုဂ္ဂဟိတာ၊ မကောင်းသဖြင့် သင်အပ်ကုန်သော။ တေ ဓမ္မာ၊ တို့သည်။ တေသံ မောဃပုရိသာနံ၊ တို့၏။ (တို့အားလည်းဟူ)။ ဒီဃရတ္တံ၊ ရှည်စွာသောညဉ့်ပတ်လုံး။ အဟိတာယ၊ စီးပွားမရှိခြင်းငှာ။ ဒုက္ခာယ၊ ငှာ။ သံဝတ္တန္တိ၊ ကုန်၏။

အမှာ။ ။ဤအရာ၌ တေဓမ္မာ ဒုဂ္ဂဟိတာ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိဟု တရားတော်ပင် အစီးအပွားမရှိခြင်းကို ဖြစ်စေ သကဲ့သို့ ဆိုသော်လည်း တရားတော်ပင် အစီးအပွားမရှိခြင်း ဆင်းရဲ ခြင်းကို ဖြစ်စေတတ်သည်မဟုတ်၊ တရားတော်ကို မကောင်းသဖြင့် သင်ကုန်သော်မဂ် ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော ယောကျ်ားတို့အား မကောင်းသောစိတ်ဖြင့် သရဇ္ဈာယ်သောကာလ၌ရင်း သူတပါးတို့ကို နှိပ်စက်ရှုတ်ချသော ကာလ၌ရင်း ထိုသို့သော သူတပါးတို့ကို ရှုတ်ချ

ခြင်း အစရှိသော များစွာသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။ ထိုအကုသိုလ်တရားသာလျှင် စီးပွားမရှိခြင်း ဆင်းရဲခြင်းကို ဖြစ်စေတတ်သတည်း။ တရားတော်ကား ပကတူပနိဿယ ပစ္စည်းသာတပ်သည်။ ထိုကြောင့် အကြောင်း၌အကျိုးကိုတင်၍ ဖလူပစာရတ္ထအားဖြင့် တေဓမ္မာ ဒုဂ္ဂဟိတာ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိဟု ဆိုသတည်း။ ထိုသို့ ဖလူပစာရတ္ထအနက်ကို လိုသောကြောင့် ဋီကာ၌ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ သံဝတ္တန္တီတိဧတ္ထ ကာရဏေ ဖလဝေါဟာရေန တေဓမ္မာ အဟိတာယ ဒုက္ခာယ သံဝတ္တန္တီတိ ဝုတ္တံ-ဆိုသတည်း။

တံသံဝတ္တနံ၊ ထိုအစီးအပွားမရှိခြင်း ဆင်းရဲခြင်းကို ဖြစ်စေခြင်းသည်။ ကိဿဟေတု၊ အဘယ်အကြောင်းကြောင့်။ ဟောတိ၊ နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မာနံ၊ တို့၏။ ဒုဂ္ဂဟိတတ္တာ၊ မကောင်းသဖြင့် သင်အပ်သည်၏ အဖြစ်ကြောင့်။ တံသံဝတ္တနံ၊ သည်။ ဟောတိ၊ ဖြစ်၏။

သုဂ္ဂဟိတာ၊ ကောင်းစွာသင်အပ်သော။ ယာပနပရိယတ္တိ၊ အကြင် သင်ခြင်းကိုကား။ သီလက္ခန္ဓာဒိ ပါရိပူရိံ ယေဝ၊ သီလက္ခန္ဓအစရှိသည် တို့၏ ပြည့်စုံခြင်းကိုသာလျှင်။ အာကင်္ခမာနေန၊ အလိုရှိသည်ဖြစ်၍။ ပရိယာပုဋ္ဌာ၊ အပ်၏။ ဥပါရမ္ဘာဒိဟေတု၊ သူတပါးတို့ကို နှိပ်စက်လိုခြင်း အစရှိသော အကြောင်းကြောင့်။ နပရိယာပုဋ္ဌာ၊ မသင်အပ်။ အယံပရိယတ္တိ၊ သည်။ နိဿရဏတ္ထာ၊ ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းအကျိုးရှိသော သင်ခြင်းမည်၏။ ယံနိဿရဏတ္ထပရိယတ္တိံ၊ အကြင်ဝဋ်ဆင်းရဲမှ ထွက်ခြင်း အကျိုးရှိသောသင်ခြင်းကို။ သန္ဓာယ၊ ၍။ တေသံ။ပ။ဓမ္မာနန္တိ၊ တေသံ။ ပ။ ဓမ္မာနံဟူ၍။ ဣဒံဝစနံ၊ ကို။ အလဂဒ္ဒူပမသုတ္တေ၊ ၌။ (အာဓာရထည့်)။ ဘဂဝတာ၊ သည်။ (ကတ္တားထည့်)။ ဝုတ္တံ၊ အပ်၏။ သုဂ္ဂဟိတာ၊ ကောင်း စွာသင်အပ်ကုန်သော။ တေဓမ္မာ၊ တို့သည်။ တေသံ ပုရိသာနံ၊ တို့အား။ ဒီဃရတ္တံ၊ ရှည်စွာသောညဉ့်ပတ်လုံး။ ဟိတာယ၊ စီးပွားခြင်းငှာ။ သုခါယ၊ ငှာ။ သံဝတ္တန္တိ၊ ကုန်၏။ တံသံဝတ္တနံ၊ ထိုသို့ စီးပွားချမ်းသာခြင်းငှာ ဖြစ် ခြင်းသည်။ ကိဿ၊ အဘယ်မည်သော။ ဟေတု၊ အကြောင်းကြောင့်။

ဟောတိ၊ နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မာနံ၊ တို့၏။ သုဂ္ဂဟိတတ္တာ၊ ကောင်းစွာသင်အပ်သည်၏အဖြစ်ကြောင့်။ တံသံဝတ္တနံ၊ သည်။ ဟောတိ၊ ဖြစ်၏။

ပရိညာတက္ခန္ဓော၊ ပိုင်းခြား၍ သိပြီးသော ခန္ဓာငါးပါးရှိထသော။ ပဟီနကိလေသော၊ ပယ်အပ်ပြီးသော ကိလေသာရှိထသော။ ဘာဝိတမဂ္ဂေါ၊ ပွားစေအပ်ပြီးသော မဂ်ရှိထသော။ ပဋိဝိဒ္ဓါကုပ္ပေါ၊ ထိုးထွင်း၍ သိပြီးသော အရဟတ္တဖိုလ်ရှိထသော။ သစ္ဆိကတနိရောဓော၊ မျက်မှောက်ပြုပြီးသော နိဗ္ဗာန်ရှိထသော။ ခီဏာသဝေါ၊ ရဟန္တာသည်။ ကေဝလံ၊ သက်သက်။ ပဝေဏိ ပါလနတ္ထာယ၊ အစဉ်ကိုစောင့်ခြင်းငှာ။ ဝံသာနုရက္ခနတ္ထာယ၊ အနွယ်အဆက်ကို စောင့်ခြင်းငှာ။ ယံပန ပရိယတ္တိံ၊ ကိုကား။ ပရိယာပုဏာတိ၊ ၏။ အယံပရိယတ္တိ၊ သည်။ **ဘဏ္ဍာဂါရိကပရိယတ္တိ**၊ မည်၏။

ဂါထာ၌ ပရိယတ္တိဘေဒံဟူသောပုဒ်၏ ဝိတ္ထာရကို ဆရာဆိုပြီ၊ သမ္ပတ္တိံ ဟူသောပုဒ်၏ဝိတ္ထာရတ္ထကား အဘယ်နည်းဟု သူမေးဘွယ်ရှိ၍ ထို အမေးကိုဖြေခြင်းငှာ ဝိနယေ ပန သုပ္ပဋိပန္နော အစရှိသောပါဠ်ကို မိန့်သတည်း။ ထိုပါဠ်၏အတ္ထကား-

ဝိနယေပန၊ ဝိနည်း၌ကား။ သုပ္ပဋိပန္နော၊ ကောင်းစွာကျင့်တတ်သော။ ဘိက္ခု၊ ရဟန်းသည်။ သီလသမ္ပဒံ၊ သီလ၏ပြည့်စုံခြင်းကို။ နိဿာယ၊ အမှီသဟဲပြု၍။ တိဿော၊ သုံးပါးကုန်သော။ ဝိဇ္ဇာ၊ ဝိဇ္ဇာတို့သို့။ ပါပုဏာတိ၊ ရောက်၏။ (တိဿောဝိဇ္ဇာ၏သရုပ်ကား ဒိဗ္ဗစက္ခုဉာဏ်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ အာသဝက္ခယဉာဏ်တည်း)။ ကသ္မာ၊ ဟူမူကား။ တတ္ထ၊ ထို ဝိနည်းပိဋကတ်၌။ တာသံယေဝစ၊ ထိုသုံးပါးကုန်သော ဝိဇ္ဇာတို့၏သာလျှင်လည်း။ပဘေဒဝစနတော၊အပြားကိုဟောသောကြောင့်တည်း။ သုတ္တေ၊ ၌။ သုပ္ပဋိပန္နော၊ ကောင်းစွာကျင့်သော။ ဘိက္ခု၊ သည်။ သမာဓိသမ္ပဒံ၊ သမာဓိ၏ပြည့်စုံခြင်းကို။ နိဿာယ၊ ၍။ ဆအဘိညာ၊ ခြောက်ပါးသောအဘိညာဉ်တို့သို့။ ပါပုဏာတိ၊ ၏။ ကသ္မာ၊ နည်းဟူမူကား။ တတ္ထ၊ ထိုသုတ္တန်၌။ တာသံယေဝစ၊ ထိုခြောက်ပါးသော အဘိညာဉ်တို့၏သာလျှင်။ ပဘေဒ

ဝစနတော၊ ကြောင့်တည်း။ အဘိဓမ္မေ၊ အဘိဓမ္မာ၌။ သုပ္ပဋိပန္နော၊ သော။ ဘိက္ခု၊ သည်။ ပညာသမ္ပဒံ၊ ကို။ နိဿာယ၊ ၍။ စတသော၊ လေးပါးကုန်သော။ ပဋိသမ္ဘိဒါ၊ တို့သို့။ ပါပုဏာတိ၊ ၏။ ကသ္မာ၊ နည်းဟူမူကား။ တတ္ထေဝ၊ ထိုအဘိဓမ္မာ၌သာလျှင်။ တာသဉ္စ၊ ထိုလေးပါးကုန်သော ပဋိသမ္ဘိဒါတို့၏လည်း။ ပဘေဒဝစနတော၊ တည်း။

အမှာ။ ။ဤအရာ၌ တာသံယေဝစ တတ္ထ ပဘေဒဝစနတောဟုရှေး၌ ကဲ့သို့ ပါဌ်ရှိကြ၏။ မသင့်။ တာသဉ္စ တတ္ထေဝဟု ဧဝကို တတ္ထသဒ္ဒါနှင့် ယှဉ်၍ရှိသော ပါဌ်သာ သင့်သတည်း။ ထိုကြောင့် သာရတ္ထဒီပနီ ဋီကာ၌ ပဋိသမ္ဘိဒါနံ ပန အညတ္ထ ပဘေဒဝစနာဘာဝံ တတ္ထေဝစ သမ္မာ ဝိဘတ္တဘာဝံ ဒီပေတုကာမော ဟေဋ္ဌာ ဝုတ္တနယေန အဝဓာရဏံ အကတွာ တတ္ထေဝါတိ ပရိဝတ္တေတွာ အဝဓာရဏံ ဌပေသိ၊ ဟူသောစကားကို ဆိုတော်မူလေသတည်း။

ဧဝမေတေသု အစရှိသောပါဌ်ကို ဝိတ္ထာရအားဖြင့် ဆိုပြီးသောစကားကို နိဂုံးအုပ်၍ ပြတော်မူခြင်းငှာ မိန့်ဆိုတော်မူသတည်း။ ထိုပါဌ်၏ အတ္ထကား-

ဧဝံ ယထာ ဝုတ္တနယေန၊ ဖြင့်။ ဧတေသု တီသု ပိဋကေသု၊ တို့၌။ သုပ္ပဋိပန္နော၊ သော။ ဘိက္ခု၊ သည်။ ယထာက္ကမေန၊ အစဉ်အားလျော်သဖြင့်။ ဝိဇ္ဇာတ္တယ ဆဠဘိညာ စတုပဋိသမ္ဘိဒါဒိဘေဒံ၊ ဝိဇ္ဇာသုံးပါးတို့၏ အပေါင်း ခြောက်ပါးသော အဘိညာဉ် လေးပါးသော ပဋိသမ္ဘိဒါ စသည်လျှင် အပြားရှိသော။ လောကုတ္တရ သမ္ပတ္တိံ၊ ဤပြည့်စုံခြင်းသို့။ ပါပုဏာတိ၊ ၏။

ဂါထာ၌ သမ္ပတ္တိံ ဟူသောပုဒ်၏ ဝိဂ္ဂဟကိုပြပြီး၍ ယခုအခါ၌ ဝိပတ္တိံ ဟူသောပုဒ်၏ ဝိတ္ထာရတ္ထကို ပြတော်မူလို၍ ဝိနယေ ပန ဒုပ္ပဋိပန္နော စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ဝိနယေပန၊ ၌ကား။ ဒုပ္ပဋိပန္နော၊ မကောင်းသဖြင့် ကျင့်သော။ ဘိက္ခု၊ သည်။ အနုညာတသုခသမ္ဖဿ အတ္ထရဏ ပါဝုရဏာဒိ ဖဿသာမညတော၊ မြတ်စွာဘုရားသည် ခွင့်ပြုတော်မူအပ်ကုန်သော နူးညံ့သော

အတွေ့ရှိသော အခင်း အရုံ အစရှိသည်တို့၏ အတွေ့နှင့် တူသည်၏အဖြစ်ကြောင့်။ (အနဝဇ္ဇသညီဟောတဲ့ဥစ်စပ်)။ ပဋိက္ခိတ္တေသု၊ မြစ်တ်စွာဘုရားသည် ပယ်အပ်ကုန်သော။ ဥပါဒိန္နကဖဿာဒီသု၊ မိန်းမအတွေ့ အစရှိသည်တို့၌။ အနဝဇ္ဇသညီ၊ အပြစ်မရှိဟု အမှတ်ရှိသည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ တထာဟံ။ပ။ အန္တရာယာယာ တိ၊ တထာဟံ ။ပ။ အန္တရာယာယာဟူ၍။ ဧတမ္ပိဝစနံ၊ ကိုလည်း။ ဝုတ္တံ၊ ပြီ။ အဟံ၊ သည်။ တထာ၊ ထိုဘုရားဟောတိုင်း။ ဘဂဝတာ၊ သည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဓမ္မံ၊ ကို။ အာဇာနာမိ၊ ၏။ ယထာ ယေန ပကာရေန၊ ဖြင့်။ ယေဓမ္မာ၊ တို့ကို။ အန္တရာယိကာ၊ စျာန် မဂ်ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်ကုန်၏ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တာ၊ဟောတော်မူအပ်ကုန်ပြီ။ (ယေမေကို ယေဣမေဟုပုဒ်ဖြတ်။ ဣမေကား အနက်မရှိ)။တထာ တေန ပကာရေန၊ ဖြင့်။ တေဓမ္မေ၊ တို့ကို။ ပဋိသေဝတော၊ မှီဝဲသော ရဟန်းအား။ အန္တရာယာယ၊ စျာန် မဂ်ဖိုလ်၏အန္တရာယ်ကိုပြုခြင်းငှာ။ နာလံ နသမတ္ထံ၊ မစွမ်းနိုင်။ တတော၊ ထိုသို့ ယူခြင်းကြောင့်။ ဒုဿိလဘာဝံ၊ သီလမရှိသည်၏အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ သုတ္တေ၊ ၌။ ဒုပ္ပဋိပန္နော၊ သော။ ဘိက္ခု၊ သည်။ စတ္တာရောမေ ။ပ။ သံဝိဇ္ဇမာနာတိ အာဒီသု၊ စတ္တာရောမေ။ပ။ သံဝိဇ္ဇမာနာ ဤသို့အစရှိသောပါဠိတို့၌။ အဓိပ္ပါယံ၊ ဘုရား၏အလိုတော်ကို။ အဇာနန္တော၊ မသိသည်ဖြစ်၍။ ဒုဂ္ဂဟိတံ၊ မကောင်းသောအယူကို။ ဂဏှာတိ၊ စွဲလမ်း၏။

အမှာ။ စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာဟု ဘုရားသမ္မုတိဒေသနာအားဖြင့် ဟောတော်မူသည်ကို ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်ရှိ၏ဟု စွဲလမ်းသတည်း။ စတ္တာရောပုဂ္ဂလာ၏ သရုပ်ကား-မိမိ၏ အစီးအပွားအလို့ငှာ သာကျင့်၍ သူတပါးအစီးအပွားအလို့ငှာ မကျင့်သော ပုဂ္ဂိုလ်လည်း တယောက်၊ သူတပါး၏ အစီးအပွား အလို့ငှာသာကျင့်၍ မိမိအစီးအပွားအလို့ငှာ မကျင့်သော ပုဂ္ဂိုလ်လည်းတယောက်၊ နှစ်ပါးသော အစီးအပွားအလို့ငှာ ကျင့်သော ပုဂ္ဂိုလ်လည်း တယောက်၊ နှစ်ပါးသော အစီးအပွားအလို့ငှာပင် မကျင့်တတ်သော ပုဂ္ဂိုလ်လည်း တယောက် ဤလေးယောက်တည်း။

ယံဒုဂ္ဂဟိတံ၊ ယင်းသို့မကောင်းသောစွဲလမ်းခြင်းကို။ သန္ဓာယ၊ ၍။ အတ္တနာ ဒုဂ္ဂဟိတေန ။ပ။ ပသဝတီတိ၊ အတ္တနာ ဒုဂ္ဂဟိတေန ။ပ။ ပသဝတိဟူ၍။ ဝုတ္တံ၊ ၏။ အတ္တနာ၊ မိမိသည်။ ဒုဂ္ဂဟိတေန၊ မကောင်းသဖြင့် စွဲလမ်းအပ်သော။ ဓမ္မေန၊ ဖြင့်။ (တနည်းကား) အတ္တနာ အတ္တနော၊ မိမိ၏။ ဒုဂ္ဂဟိတေန၊ မကောင်းသောစွဲလမ်းခြင်းဖြင့်။ အမေ့စေဝ၊ ငါတို့ကိုလည်း။ အဗ္ဘာစိက္ခတိ၊ စွပ်စွဲ၏။ အတ္တာနဉ္စ၊ မိမိကိုလည်း။ ခဏတိ၊ ဖျက်ဆီး၏။ ဗဟုံ၊ များစွာ။ အပုညဉ္စ၊ မကောင်းမှုကိုလည်း။ ပသဝတိ၊ ပွားစေ၏။ တတော၊ ကြောင့်။ မိစ္ဆာဒိဋ္ဌိကံ၊ သို့။ ပါပုဏာယတိ၊ ၏။ အဘိဓမ္မေ၊ ၌။ ဒုပ္ပဋိဝိဇ္ဈနေ၊ သော။ ဘိက္ခု၊ သည်။ ဓမ္မေ၊ ပရမတ္ထတရား၌။ စိတ္တံ၊ ကို။ အတိဓာဝန္တော၊ ထိုမှဤမှပြေးစေသည်ဖြစ်၍။ အစိန္တေယျာနိပိ၊ မကြံအပ်သောတရားတို့ကိုသော်လည်း။ စိန္တေတိ၊ ၏။ တတော၊ ထိုသို့ကြံခြင်းကြောင့်။ စိတ္တက္ခေပံ၊ စိတ်၏ပျံ့လွင့်ခြင်းသို့။ ပါပုဏာတိ၊ ၏။ ဟိ-တဒေဝ သစ္စံ၊ ၏။ စတ္တာရိမာနိ ဘိက္ခဝေ။ပ။ အဿာတိ၊ စတ္တာရိမာနိ ဘိက္ခဝေ ။ပ။အဿဟူ၍။ တေ၀စနံ၊ ကို။ ဝုတ္တံ၊ ပြီ။ ဘိက္ခဝေ၊ တို့။ အစိန္တေယျာနိ၊ ကြံခြင်းငှာ မတတ်နိုင်ကုန်သော။ နစိန္တေတဗ္ဗာနိ၊ ကြံလည်းမကြံအပ်ကုန်သော။ ဌာနာနိ၊ အရာတို့သည်။ (အကြောင်းတို့သည်လည်းဟူ)။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။ ယာနိ၊ အကြင်လေးပါးကုန်သော မကြံအပ်ကုန်သောအရာတို့ကို။ စိန္တေန္တော၊ ကြံသောရဟန်းသည်။ ဥမ္မာဒဿ၊ စိတ်ပျံ့လွင့်ခြင်း၏။ ဝိဃာတဿ၊ စိတ်ပင်ပန်းခြင်း၏။ ဘာဂီ၊ အဘို့ရှိသည်။ အဿ၊ ဖြစ်၏။ တာနိ၊ ထိုလေးပါးကုန်သော မကြံအပ်သော အရာတို့ကို။ နစိန္တေတဗ္ဗာနိ၊ ကုန်။

အဘိ၊ ။အစိန္တေယျလေးပါး ဟူသည်ကား ကံ၏အကျိုးကိုလည်း မကြံအပ်၊ တန်ခိုးရှိသောသူ၏ တန်ခိုး၏အရာကိုလည်း မကြံအပ်၊ ဘုရားတို့၏ အရာဖြစ်သော အရာကိုလည်း မကြံအပ်၊ လူကိုကြံ၍ ပြီးသောအရာကိုလည်း မကြံအပ်၊ ဤလေးပါးတည်း။

ဝံ၊ ဤသို့။ ဧတေသု တီသု ပိဋကေသု၊ တို့၌။ ဒုပ္ပဋိပန္နော၊ သော။ ဘိက္ခု၊ သည်။ ယထာက္ကမေန၊ စွာ။ ဒုဿီလဘာဝ မိစ္ဆာဒိဋ္ဌိတာ စိတ္တက္ခေပတာ

ဘေဒံ၊ သီလမရှိသည်၏ အဖြစ်· မှားသော အယူရှိသည်၏ အဖြစ် စိတ်၏ ပျံ့လွင့်ခြင်းအပြားရှိသော။ ဇူမ်ပိပတ္တိံ၊ ဤပျက်စီးခြင်းသို့။ပါပုဏာတိ၊၏။

တွော၀တာစ၊ ဤမျှအတိုင်းအရှည်ရှိသော တိသု ပိဋကေသု တိဝိဓေ ပရိယတ္တိဘေဒေ ါ အစရှိသော သဒ္ဒါအစဉ်အားဖြင့်လည်း။ ပရိယတ္တိဘေဒံ ။ပ။ ဝိဘာဝယေတိ၊ ဟူသော။ အယမ္ပိဂါထာ၊ သည်လည်း။ ဝုတ္တတ္ထာဝ၊ ဆိုအပ်ပြီးသော အနက်ရှိသည်သာလျှင်။ ဟောတိ၊ ၏။ ဝေ၊ ဤသို့။ နာနပ္ပကာရတော၊ အထူးထူးအပြားပြားအားဖြင့်။ ပိဋကာနိ၊ တို့ကို။ ဉတွာ၊ ၍။ တေသံ၊ ထိုပိဋကတို့၏။ ဝသေန၊ ဖြင့်။ ဝေါဗုဒ္ဓဝစနံ၊ သည်။ တိဝိဓံ၊ ၏။ ဇူတိ၊ ဤသို့။ ဉာကဗ္ဗံ၊ ၏။

## နိကာယ်ငါးပါး

နိကာယဝသေန၊ဖြင့်။ ပဉ္စဝိဓံ၊ သည်။ ကထံ ဟောတိ၊ နည်း။ **စ၊ အဖြေကို ဆိုအံ့။** သဗ္ဗမေဝ၊ အလုံးစုံလျှင်ဖြစ်သော။ ဝေါဗုဒ္ဓဝစနံ၊ သည်။ ဒီဃနိကာယော၊ ဒီဃနိကာယ်ငှင်း ။ပ။ ဇူတိ၊ ဤသို့။ ပဉ္စပ္ပဘေဒံ၊ သည်။ ဟောတိ၊ ၏။ ဟတ္ထ၊ ထိုငါးပါးအပြားရှိကုန်သော နိကာယ်တို့တွင်။ ကတမော၊ အဘယ်မည်သော နိကာယ်သည်လျှင်။ **ဒီဃနိကာယော၊** မည်သနည်း။ တိဝဂ္ဂသင်္ဂဟာနိ၊ သုံးဝဂ်အရေအတွက်ရှိကုန်သော။ ဗြဟ္မဇာလာဒီနိ၊ ဗြဟ္မဇာလသုတ် အစရှိကုန်သော။ စတုတ္တိံသ သုတ္တာနိ၊ သုံးဆယ့်လေးသုတ်တို့သည်။ **ဒီဃနိကာယော၊** မည်၏။ ယဿနိကာယဿ၊ အား။ စတုတ္တိံသေဝ သုတ္တန္တာစ၊ သုံးဆယ့်လေးသုတ် တို့သည်ငှင်း။ တိဝဂ္ဂေါ၊ သုံးဝဂ်ရှိသော။ သင်္ဂဟောစ၊ အရေအတွက်သည်ငှင်း။ အတ္ထိ၊ ရှိ၏။ ပဌမော၊ ရှေးဦးစွာသော။ အနုလောမိကော၊ အနက်အားလျော်သော။ သော ဧသော နိကာယော၊ ကို။ ဒီဃနိကာယောတိ၊ ဟူ၍။ မတော၊ ၏။ (အနုလောမိကောဟူသော ဝိသေသနဖြင့် ဒီဃနိကာယ် ဟူသောအမည်၏ အနွတ္ထနာမ်အဖြစ်ကို ပြတော်မူသတည်း)။

ကသ္မာပန၊ ကြောင့်။ သော ဧသော နိကာယော၊ကို။ဒီဃနိကာယောတိ၊ ဟူ၍။ ဝုစ္စတိ၊ နည်း။ ဒီဃပ္ပမာဏာနံ၊ ရှည်သော ပမာဏရှိကုန်သော။

ဘုတ္တာနံ၊ တို့၏။ သမ္ဗုဟတော စ၊ ပေါင်းရာဖြစ်သောကြောင့်ရင်း။ နိဝါသ တော စ၊ နေရာဖြစ်သောကြောင့်ရင်း။ ဒိဿနိကာယောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဆရာ-ဒိဿနိကာယောဟူသော ပုဒ်တခုတည်းကို ဆရာ သမူဟတော နိဝါသတောစဟူ၍ နှစ်ပါးဖွင့်ပြ၏။ ထိုသို့ဖွင့်ခြင်းသည် အဘယ်သို့ သင့်ပါအံ့နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ သမူဟ နိဝါသ ပံ နိကာယောတိ ဝုစ္စတိ ဟူသောပါဌ်ကိုမိန့်သတည်း။ ထို ပါဌ်၏အဋ္ဌကား-

ဟိ-တဒေဝယုတ္တံ၊ ထိုသို့ သမူဟတော နိဝါသတောစဟူ၍ ငါဆိုသော စကားသည် သင့်၏။ သမူဟနိဝါသာ၊ ပေါင်းရာနေရာတို့ကို။ နိကာယော တိ၊ ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။

ကိုသို့ ပေါင်းရာ နေရာဖြစ်သော အနက်ဖြစ်သောကြောင့် နိကာယ် ပည်သည်၏အဖြစ်ကို အဘယ်ပါဌ်ကြောင့် အမြဲယုံကြည်ရပါအံ့နည်း ဟု သူပေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ နာဟံ ဘိက္ခဝေ အစရှိ သောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အဋ္ဌကား-

ဆရာ-များစွာသောအခါတို့တွင် တခုသောအခါ ဟူသောအနက်ကို သမယသဒ္ဒါဖြင့် ပြ၏ဟုဆိုပြီ။ ထိုထိုသောသုတ်ကို ဟောရာကာလ များသည်မဟုတ်တုံလော။ထိုသို့များလျက် အဘယ့်ကြောင့် ဧကံသမယံ ဟု ကာလကိုမှတ်၍ ဆိုရလေသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ တတ္ထ ကိဉ္စာပိ အစရှိသောပါဌ်ကိုမိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား-

တတ္ထ၊ ထိုဧကံသမယံဟူသောစကား၌။ (ဝတ္တဗ္ဗံ၌စပ်)။ သံဝစ္ဆရာဒီသု၊ နှစ်အစရှိကုန်သော။ ဧတေသု သမယေသု၊ ထိုအခါတို့တွင်။ (ယသ္မိံ ယသ္မိံ သံဝစ္ဆရေ အစရှိသည်၌စပ်)။ ယံယံသုတ္တံ၊ ကို။ ယသ္မိံ ယသ္မိံ သံဝစ္ဆရေဝါ၊ အကြင်အကြင်နှစ်၌ရင်း။ (ယသ္မိံ ယသ္မိံ ပုဒ်တိုင်းလိုက်ပါ)။ ယသ္မိံ ယသ္မိံ ဥတုမှိဝါ၊ အကြင်အကြင်ဥတု၌ရင်း။ ယသ္မိံ ယသ္မိံ မာသေဝါ၊ အကြင် အကြင်လ၌ရင်း။ ယသ္မိံ ယသ္မိံ ပက္ခေဝါ၊ အကြင်အကြင် ပက္ခ၌ရင်း။ ယသ္မိံ ယသ္မိံ ရတ္တိဘာဂေဝါ၊ အကြင်အကြင်ညဥ့်အဘို့၌ရင်း။ ယသ္မိံ ယသ္မိံ ဒိဝသဘာဂေဝါ၊ အကြင်အကြင်နေ့အဘို့၌ရင်း။ ဝုတ္တံ၊ ဟောတော်မူအပ် ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသောသုတ်ကို။ ထေရဿ၊ အာနန္ဒာထေရ်သည်။ ပညာယ၊ ပညာတော်ဖြင့်။ သုဝိဒိတံ၊ ကောင်းစွာ သိအပ်ပြီးသည်။ သုဝဝတ္ထာပိတံ၊ ကောင်းစွာမှတ်အပ်ပြီးသည်။ ကိဉ္စာပိဟောတိ၊ ရှင့်။ ပန၊ ထိုသို့သိသော်လည်း။ ယသ္မာ၊ ကြောင့်။ (ဝတ္တဗ္ဗံဟောတိ၌စပ်)။ မေမယာ၊ သည်။ ဂုဒံသုတ္တံ၊ ကို။ အသုကသံဝစ္ဆရေဝါ၊ ဤမည်သောနှစ်၌ရင်း။ အသုကဥတုမှိဝါ၊ ၌ရင်း။ အသုကမာသေဝါ၊ ၌ရင်း။ အသုကပက္ခေဝါ၊ ၌ ရင်း။ အသုကရတ္တိဘာဂေဝါ၊ ဤမည်သောညဥ့်အဘို့၌ရင်း။ အသုကဒိဝသ ဘာဂေဝါ၊ ၌ရင်း။ ဝေ၊ ဤသို့ ဘုရားဟောတော်မူတိုင်းသာလျှင်။ သုတံ၊

ကြားလိုက်ရ၏။ ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ သုခေန၊ လွယ်သဖြင့်။ ဓာရေတုံဝါ၊ ဆောင်ခြင်းငှာရင်း။ ဥဒ္ဒိသိတုံဝါ၊ မိမိသင်ခြင်းငှာရင်း။ ဥဒ္ဒိသာပေတုံဝါ၊ သူတပါးကိုသင်စေခြင်းငှာရင်း။ နသက္ကာ၊ မတတ်စွမ်းနိုင်။ဗဟုစ၊ များစွာလည်း။ ဝတ္တဗ္ဗံ၊ ဆိုအပ်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ဧကေနေဝ ပဒေန၊ တပုဒ်ထည်းဖြင့်သာလျှင်။ တမတ္ထံ၊ ထိုအနက်ကို။ သမောဓာနေတွာ၊ ပေါင်း၍။ ဧကံ သမယန္တိ၊ ဟူ၍။ အာဟ၊ ပြို။ ဝါ၊ တနည်းကား။ ဂဗ္ဘောက္ကန္တိသမယော၊ မယ်တော်ဝမ်း၌ ပဋိသန္ဓေယူတော်မူသောအခါ။ ဇာတိသမယော၊ မယ်တော်ဝမ်းမှ ဖွားမြင်တော်မူသောအခါ။ သံဝေဂသမယော၊ သံဝေဂရတော်မူသောအခါ။ အဘိနိက္ခမန သမယော၊ တောထွက်တော်မူသော အခါ။ ဒုက္ကရကာရိကသမယော၊ ဒုက္ကရစရိယာကျင့်တော်မူသောအခါ။ မာရဝိဇယသမယော၊ မာရ်နတ်သားကို အောင် တော် မူ သော အ ခါ။ အဘိသမ္ဗောဓိသမယော၊ သဗ္ဗညုတဉာဏ်ကို ရတော်မူသောအခါ။ ဒိဋ္ဌဓမ္မ သုခ ဝိဟာရသမယော၊ ပစ္စုပ္ပန်ဖြစ်သော အတ္တဘော၌ သမာပတ်ချမ်းသာကို ခံစားတော်မူသော အခါ။ ဒေသနာသမယော၊ တရားဟောတော်မူသောအခါ။ ပရိနိဗ္ဗာန သမယော၊ ပရိနိဗ္ဗာန်ပြုတော်မူသောအခါ။ ဣတိဧဝမာဒယော၊ ဤသို့အစရှိကုန်သော။ ဘဂဝတော၊ ၏။ (သမယာ၌စပ်)။ ဒေဝမနုဿေသု၊ နတ်လူတို့၌။ အတိဝိယ၊ အလွန်လျှင်။ ပကာသိတာ၊ ထင်ရှားကုန်သော။ အနေကကာလပ္ပဘေဒါဧဝ၊ များသောအပြားရှိသည်သာလျှင် ဖြစ်ကုန်သော။ ယေသမယာ၊ အကြင်အခါတို့သည်။ သန္တိ၊ ရှိကုန်၏။ (ယေဣမေ၌ ဣမေသဒ္ဒါကား အနက်မရှိ)။ တေသု သမယေသု၊ တို့တွင်။ ဒေသနာသမယသင်္ခါတံ၊ တရားဟောသောအခါဟုဆိုအပ်သော။ ဧကံ၊ တခုသော။ သမယံ၊ အခါ၌။ ဣတိဣမံအတ္ထံ၊ ဤဆိုအပ်ပြီးသောအနက်သဘောကို။ ဒီပေတိ၊ ၏။ ဉာဏ ကရုဏာကိစ္စ သမယေသု၊ ဉာဏ်ကိစ္စ ကရုဏာကိစ္စ ဖြစ်သောအခါတို့တွင်။ ယောစာယံ ယောစအယံ ကရုဏာကိစ္စသမယော၊ အကြင်ကရုဏာကိစ္စဖြစ်သောအခါသည်ရင်း။ (အယံသဒ္ဒါကား တမ္ဗောတည်း)။ အတ္တဟိတ ပရဟိတ ပဋိပတ္တိသမယေသု၊ မိမိအကျိုး သူတပါးအကျိုးကို ကျင့်တော်မူသော အခါတို့တွင်။ ယော ပရဟိတပဋိပတ္တိ

သမယောစ၊ အကြြင် သူတပါး၏အကျိုးကို ကျင့်တော်မူသောအခါသည်ရင်း။ သန္နိပတိတာနံ၊ စည်းဝေးကုန်သော သူတို့အား။ ကရဏီယာဒွယသမယေသု၊ ပြုအပ်ကုန်သော ကိစ္စနှစ်ပါးကိုပြုသောအခါတို့တွင်။ ယော ဓမ္မိကထာ သမယောစ၊ အကြြင်တရားစကားကို ပြောဟောတော်မူသောအခါသည်ရင်း။ ဒေသနာ ပဋိပတ္တိသမယေသု၊ တရားဟောတော်မူသောအခါ,သမာပတ်ကိုဝင်စားခြင်း တည်းဟူသော အကျင့်ကို ပြုတော်မူသောအခါတို့တွင်။ ယော ဒေသနာသမယောစ၊ အကြြင် တရားဟောတော်မူသောအခါသည်ရင်း။ အတ္ထိ၊ ၏။ တေသုပိ သမယေသု၊ ထိုအခါတို့တွင်လည်း။ အညတရံ၊ တပါးပါးသော။ သမယံ၊ အခါကို။ သန္ဓာယ၊ ၍။ **ဧကံသမယန္တိ၊** ဟူ၍။ အာဟ၊ ပြီ။ (ဤနေရာ်နည်းအလိုကား ဧကံသဒ္ဒါသည် သင်္ချာသဒ္ဒါမဟုတ် သဗ္ဗနာမ်ပုဒ်တည်းဟု သိအပ်၏)။

ကဿာပန[1]၊ ကြောင့်။ ဧတ္ထ၊ ဤဗြဟ္မဇာလသုတ်၌။ (ကတော၌စပ်ပါ)။ အဘိဓမ္မေ၊ ၌။ ယသ္မိံ သမယေ ကာမာဝစရန္တိစ၊ ဟူ၍ရင်း။ ဣတော၊ ဤဗြဟ္မဇာလသုတ်မှ။ အညေသု၊ ကုန်သော။ သုတ္တပဒေသု၊ သုတ်ပုဒ်တို့၌။ ယသ္မိံ သမယေ ။ပ။ ကာမေဟိတိစ၊ ဟူ၍ရင်း။ ဘုမ္မဝစနနိဒ္ဒေသော၊ သတ္တမီဝိဘတ်ဖြင့်ပြခြင်းကို။ ကတောယထာစ၊ ပြုသကဲ့သို့ရင်း။ ဝိနယေ၊ ၌။ တေနသမယေန ။ပ။ ဘဂဝါတိ၊ ဟူ၍။ ကရဏဝစနေန၊ ကရိုဏ်းဝိဘတ်ဖြင့်။ နိဒ္ဒေသော၊ ကို။ ကတောယထာစ၊ ကဲ့သို့ရင်း။ တထာ၊ ထို့။ အကတွာ၊ ၍။ ဧကံသမယန္တိ၊ ဟူ၍။ ဥပယောဂဝစနေန၊ ဒုတိယာဝိဘတ်ဖြင့်။ နိဒ္ဒေသော၊ ကို။ ကတော၊ ပြုအပ်လေသနည်း။ ဣတိပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ တတ္ထ၊ ထိုအဘိဓမ္မပိဋကႈ ဗြဟ္မဇာလသုတ်မှ တပါးသောသုတ်ပုဒ် ဝိနည်းပိဋကတို့၌။ တထာစ၊ ထိုသတ္တမီဝိဘတ် ကရိုဏ်းဝိဘတ်တို့ဖြင့်ရင်း။ ဣဓ၊ ဤဗြဟ္မဇာလသုတ်၌။ အညထာစ၊ တပါးသော ဒုတိယာဝိဘတ်ဖြင့်ရင်း။ အတ္ထသမ္ဘဝတော၊ အနက်ဖြစ်သင့်သည်၏အဖြစ်ကြောင့်။

---

၁။ အဘိဓမ္မာ၌ ယသ္မိံသမယေဟု သတ္တမီဝိဘတ်ဖြင့် ညွှန်ပြသကဲ့သို့ရင်း၊ ဝိနည်း၌ ကရိုဏ်းဝိဘတ်ဖြင့် ညွှန်ပြသကဲ့သို့ရင်း မညွှန်ပြမူ၍ ဤသုတ္တန်၌ ဧကံ သမယံ ဟု ဒုတိယာဝိဘတ်ဖြင့် ညွှန်ပြရခြင်း၏အကျိုးကို ထုတ်ပြခြင်းငှာ အလိုရှိသော အဋ္ဌကထာဆရာသည် ကဿာပနေတ္ထ စသည်ကိုမိန့်။

ကတော၊ ၏။ ဟိ[၁]ကထံ သမ္ဘဝတိ၊ အသို့ဖြစ်သင့်သနည်းဟူမူကား။ တတ္ထ၊ ထိုအဘိဓမ္မာ ဝိနည်းပိဋကတို့တွင်။ အဘိဓမ္မေစ၊ ၌ရင်း။ ဂူတော၊ ဤဖြဟ္မဇာလသုတ်မှ။ အညေသု၊ ကုန်သော။ သုတ္တပဒေသုစ၊ တို့၌ရင်း။ အဓိကရဏဝေဘ္ဘာစ၊ အာခာရအနက်သည်ရင်း။ ဘာဝေနဘာဝလက္ခဏဝေဘ္ဘာစ၊ ဘာဝေနဘာဝလက္ခဏအနက်သည်ရင်း။ သမ္ဘဝတိ၊ ၏။

ဆရာ-အဘိဓမ္မာဖြဟ္မဇာလသုတ်မှ တပါးသောသုတ်ပုဒ်တို့၌ အဓိကရဏအနက် ဘာဝေနဘာဝလက္ခဏအနက်သည် သင့်၏ဟု ဆရာဆို၏။ သမယသဒ္ဒါ၏အနက် ကိုးပါးလုံးပင် သင့်သလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အဓိကရဏံဟိ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ဟိ[၂]ကထံ သမ္ဘဝတိ၊ အသို့သင့်သနည်း။ ကာလတ္ထော၊ ကာလအနက်ရှိသော။ သမယောစ၊ သည်ရင်း။ တတ္ထတတ္ထ၊ ထိုထိုအဘိဓမ္မာ ဖြဟ္မဇာလသုတ်မှ တပါးကုန်သော သုတ်ပုဒ်တို့၌။ ဝုတ္တာနံ၊ ဘုရားဟောတော်မူအပ်ကုန်သော။ ဖဿာဒိဓမ္မာနံ၊ ဖဿအစရှိကုန်သော တရားတို့၏။ အဓိကရဏံအာခာရော၊ တည်ရာသည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ ခဏသမဝါယ ဟေတုသင်္ခါတော၊ ဟုဆိုအပ်သော။ သမယော‌စ၊ ၏လည်း။ ဘာဝေန၊ ဖြစ်ခြင်းဖြင့်။ တေသံ၊ ထိုဖဿစသောတရားတို့၏။ ဘာဝေါ၊ ကို။ ယသ္မာ၊ ကြောင့်။ လက္ခိယတိ၊ မှတ်အပ်၏။ တသ္မာ၊ ကြောင့်။ အဓိကရဏတ္ထောစ၊ သည်ရင်း။ ဘာဝေနဘာဝလက္ခဏတ္ထောစ၊ သည်ရင်း။ သမ္ဘဝတိ၏။ (ဤသို့ယောဇနာ)။ ယသ္မာ၊ ကြောင့်။ တဒတ္ထော၊ ထိုအာခာရအနက် ဘာဝေနဘာဝလက္ခဏအနက်သည်။ သမ္ဘဝတိ၊ ၏။ (အနိယတ်ဖော်သည်)။ တသ္မာ၊ ကြောင့်။ တဒတ္ထဇောတနတ္ထံ၊ ထိုအာခာရအနက် ဘာဝေနဘာဝလက္ခဏအနက်ကို သိစေခြင်းငှာ။ တတ္ထ၊ ထိုအဘိဓမ္မပိဋက ဖြဟ္မဇာလသုတ်တို့၌။ ဘုမ္မဝစနေန၊ ဖြင့်။ နိဒ္ဒေသော၊ ကို။ ကတော၊ အပ်၏။ ဣတိအယံ၊ လျှင်။ ပရိဟာရော၊ အဖြေတည်း။

---

၁။ တတ္ထ ဟိတိ အာဒိ တဗ္ဗိဝရဏံ။ ။ဋီသစ်-၁၇၁။ ဟိ-ကို ဝိတ္ထာရအနက်ပေး။ ဟိတ်ပြကျဉ်း၍ ချဲ့ပြသည်ဟုမှတ်။

၂။ တံ ဒဗ္ဗံ ကရောန္တော အဓိကရဏဥ္စ တိ အာဒိမာဟ။ ။ဋီသစ်-၁၇၁။

ဝိနယေစ၊ ၌လည်း။ ဟေတုအတ္ထောစ[1]၊ ဟိတ်အနက်သည်၎င်း။ ကရဏတ္ထောစ[2]၊ ကရိုဏ်းအနက်သည်၎င်း။ သမ္ဘဝတိ၊ ဖြစ်သင့်ဖြစ်ထိုက်၏။ ဟိကသ္မာ၊ ကြောင့်။ တဒတ္ထော၊ ထိုဟိတ်အနက် ကရိုဏ်းအနက်သည်။ သမ္ဘဝတိ၊ နည်း။ ယောသော သိက္ခာပဒပညတ္တိသမယော၊ အကြင်သိက္ခာပုဒ်ကို ပညတ်အပ်သောအကြောင်းကို။ သာရိပုတ္တာဒီဟိပိ၊ သာရိပုတ္တရာ အစရှိသည်တို့သည်လည်း။ ဒုဗ္ဗိညေယျော၊ သိနိုင်ခဲ၏။ ဟေတုဘူတေနစ၊ ဟိတ်ဖြစ်၍လည်းဖြစ်သော။ ကရဏဘူတေနစ၊ ကရိုဏ်းဖြစ်၍လည်းဖြစ်သော။ တေန သမယေန၊ ထိုသာရိပုတ္တရာ အစရှိသည်တို့သော်လည်း သိနိုင်ခဲသောအခါကြောင့်။ ဝါ၊ အခါဖြင့်။ သိက္ခာပဒါနိ၊ တို့ကို။ ပညာပယန္တောစ၊ တည်စေလိုသည် ဖြစ်၍၎င်း။ သိက္ခာပဒပညတ္တိဟေတုံ၊ သိက္ခာပုဒ်ကို ပညတ်အံ့သောအကြောင်းကို။ အပေက္ခမာနောစ၊ ငံ့တော်မူသည် ဖြစ်၍၎င်း။ တတ္ထတတ္ထဝိဟာသိ၊ ၌။ ယသ္မာ၊ ကြောင့်။ ဘဂဝါ၊ သည်။ ဝိဟာသိ၊ ၏။ တသ္မာ၊ ကြောင့်။ ဟေတုအတ္ထောစ၊ သည်၎င်း။ ကရဏတ္ထောစ၊ သည်၎င်း။ သမ္ဘဝတိ၊ ၏။ ယသ္မာ၊ ကြောင့်။ တဒတ္ထော၊ ထို ဟိတ်အနက် ကရိုဏ်းအနက်သည်။ သမ္ဘဝတိ၊ ၏။ တသ္မာ၊ ကြောင့်။ တဒတ္ထဒဿနတ္ထံ၊ ထိုဟိတ်အနက် ကရိုဏ်းအနက်ကို ပြခြင်းငှာ။ တတ္ထ၊ ထိုဝိနည်းပိဋကဌ်။ ကရဏဝစနေန၊ ဖြင့်။ နိဒ္ဒေသော၊ ကို။ ကတော၊ ၏။

ဣဝစ၊ ဤဗြဟ္မဇာလသုတ်၌၎င်း။ (ပနသဒ္ဒါကား ပိသေသတ္ထဇောတက နိပါတ်တည်း)။ အညသ္မိံ၊ ဤဗြဟ္မဇာလသုတ်မှတပါးသော။ ဧဝံဇာတိကေစ၊ ဤဗြဟ္မဇာလသုတ်နှင့်တူသော သဘောရှိသောသုတ်၌၎င်း။ အစ္စန္တသံယောဂတ္ထော၊ အစ္စန္တသံယောဂအနက်သည်။ သမ္ဘဝတိ၊ ၏။ ဟိကသ္မာ၊ ကြောင့်။ သမ္ဘဝတိ၊ နည်း။ ယံသမယံ၊ အကြင်အခါပတ်လုံး။ ဘဂဝါ၊ သည်။ ဣမံသုတ္တန္တံဝါ၊ ဤဗြဟ္မဇာလသုတ်ကို၎င်း။ အညံ၊ တပါးသော။ သုတ္တန္တံဝါ၊ ကို၎င်း။ ဒေသေသိ၊ ၏။ တံသမယံ၊ ထိုအခါပတ်လုံး။ အစ္စန္တမေဝ၊ အမြဲလျှင်။ ကရုဏာဝိဟာရေန၊ ကရုဏာတည်းဟူသော ဝိဟာရဖြင့်။ ယသ္မာ၊ ကြောင့်။

---

၁။ အဋ္ဌေန ဝသတိ-ဟိတ်အနက်၌ တတိယာ။
၂။ ဖ သုန ဆိန္ဒတိ-ကရိုဏ်းအနက်၌ တတိယာ၊

ဝိဟာသိ၊ ၏။ တသ္မာ၊ ကြောင့်။ အစ္စန္တသံယောဂတ္ထော၊ သည်။ သမ္ဘဝတိ၊ ၏။ တသ္မာ[1]၊ ထိုသို့ အစ္စန္တသံယောဂအနက်ဖြစ်သင့်သောကြောင့်။ တဒတ္ထဇောတနတ္ထံ၊ ထိုအစ္စန္တသံယောဂအနက်ကိုပြခြင်းငှာ။ ဣဓ၊ ဤဗြဟ္မဇာလသုတ်၌။ ဥပယောဂဝစနေန၊ ဖြင့်။ နိဒ္ဒေသော။ ကို။ ကတော၊ ပြုအပ်၏။ ဣတိအယံ၊ ဤဆိုအပ်ပြီးသော စကားရပ်သည်သာလျှင်။ ပရိဟာရော၊ အဖြေစကားရပ်တည်း။

တေန ကာရဏေန၊ ကြောင့်။ တံတံအတ္ထမပေက္ခိတွာ။ပ။ဣဓာတိ၊ တံတံအတ္ထမပေက္ခိတွာ ။ပ။ ဣဓဟူ၍။ တော်ဝစနံ၊ ကို။ အာစရိယော၊ ကိုသည်။ ဝုစ္စတိ၊ ဆိုအပ်၏။ တံတံအတ္ထံ၊ ထိုထိုသော အာဓာရအနက် ဟိတ်အနက် ကရိုဏ်းအနက်ကို။ အပေက္ခိတွာ၊ ငဲ့၍။ အညတြ၊ ဤဗြဟ္မဇာလသုတ်မှ တပါးသော သုတ်အဘိဓမ္မာဝိနည်းတို့၌။ ဘုမ္မေနစ၊ သတ္တမီဝိဘတ်ဖြင့်ရင်း။ ကရဏေနစ၊ ကရိုဏ်းဝိဘတ်ဖြင့်ရင်း။ သမယော၊ သမယသဒ္ဒါကို။ ဝုတ္တော၊ ဆိုအပ်၏။ သောသမယော၊ ကို။ ဣဓ၊ ဤဗြဟ္မဇာလသုတ်၌။ဥပယောဂေန၊ ဒုတိယာဝိဘတ်ဖြင့်။ ဝုတ္တော၊ ၏။

ပေါရာဏာပန[2]၊ ရှေးအဋ္ဌကထာ ဆရာတို့သည်ကား။ တသ္မိံသမယေတိဝါ၊ တသ္မိံ သမယေ ဟူ၍ရင်း။ တေနသမယေနာတိဝါ၊ ဟူ၍ရင်း။ တံသမယန္တိဝါ၊ ဟူ၍ရင်း။ ဧသ ဧသော ဘေဒေါ၊ ဤသို့သော အပြားသည်။ အဘိလာပမတ္တဘေဒေါ၊ သဒ္ဒါမျှသာပြား၏။ သဗ္ဗတ္ထ၊ အလုံးစုံသောသုဒ်တို့၌။ ဘုမ္မမေဝတ္ထော၊ သတ္တမီ အနက်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝဏ္ဏယန္တိ၊ ဖွင့်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဧကံသမယန္တိ၊ ဟူ၍။ ဝုတ္တေပိ၊ ဆိုအပ်သော်လည်း။ ဧကသ္မိံသမယေတိ၊ ဧကသ္မိံသမယေ ဟူ၍။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ဘဂဝါတိ၊ ဘဂဝါဟူသည်ကား။ ဂရု၊ လူနတ်တို့၏ ဆရာတည်း။

ဆရာ - ဘဂဝါဟူသောပုဒ်သည် ဘုရားကိုဟောသည် မဟုတ်တုံလော။ ထိုသို့ဟောလျက် ဂရုဟု ဆရာဖွင့်ခြင်းသည် ယုတ္တိအသို့ရှိပါအံ့နည်းဟု

---

၁။ တသ္မာကို၊ ဟိတ်နှင့်ဗိုလ်၊ စွဲဆိုမြဲထုံးစံ။ ။နိယံ။ဤနိဿယ၌ကား တသ္မာ အစွဲ ဟိတ်တဖက်ကျန်ခဲ့သည်။

၂။ ပနသဒ္ဒါ ပက္ခန္တရတ္ထ။

သူစောဒနာဘွယ်ရှိ၍ ထိုစောဒနာကိုဖြေခြင်းငှာ ဂရုံ ဟိ။ပ။ ဝဒန္တိ ဟူသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အဘ္ထကား-

**ဟိ-တဒေဝ** ယုတ္တံ၊ ၏။ ဂရုံ၊ ဆရာကို။ လောကေ၊ ၌။ ဘဂဝါတိ၊ ဟူ၍။ ဝဒန္တိ၊ ကုန်၏။

ဆရာကို လောက၌ ဘဂဝါဟု ဆိုကုန်၏ဟု ဆရာဆို၏။ ဤအရာ၌ ဆရာသာမညကို မလိုအပ်၊ ဘုရားကိုသာ လိုအပ်သည်မဟုတ်လော၊ အဘယ့်ကြောင့်ဘုရားသည် ဂရုမည်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အယဥ္စ အစရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏ အဘ္ထကား-

အယဥ္စ ဘဂဝါ၊ သည်လည်း။ သဗ္ဗဂုဏဝိသိဋ္ဌတာယ၊ အလုံးစုံသောဂုဏ်တို့ဖြင့် ထူးသည် မြတ်သည်အဖြစ်ကြောင့်။ သဗ္ဗသတ္တာနံ၊ တို့၏။ ဂရု၊ ဆရာဖြစ်တော်မူ၏။ တသ္မာ၊ ကြောင့်။ ဘဂဝါတိ၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။

ပေါရာဏေဟိပိ၊ အဋ္ဌကထာ ဆရာတို့သည်လည်း။ ဘဂဝါတိဝစနံ သေဋ္ဌံ။ပ။ ။တေနဝုစ္စတိတိ၊ ဘဂဝါတိဝစနံ။ပ။ တေနဝုစ္စတိဟူ၍။ ဧတံ ဝစနံ၊ ကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဘဂဝါတိဝစနံ၊ ဘဂဝါဟူသော သဒ္ဒါသည်။ သေဋ္ဌံ သေဋ္ဌဝါစကံ၊ အထူးသဖြင့် ချီးမွမ်းအပ်သော အနက်ကိုဟောတတ်၏။ ဘဂဝါတိဝစနံ၊ သည်။ ဥတ္တမံ ဥတ္တမဝါစကံ၊ မြတ်သောအနက်ကို ဟောကတတ်၏။ ယောဘဂဝါ၊ သည်။ ယေန ကာရဏေန၊ ကြောင့်။ ဂရု၊ လူနတ်တို့၏ ဆရာဖြစ်တော်မူပေ၏။ ဂါရဝယုတ္တော၊ အရိုအသေပြုခြင်းငှာထိုက်တော်မူ၏။ တေနကာရဏေန၊ ကြောင့်။ သောဘဂဝါ၊ ကို။ ဘဂဝါတိ ဘဂဝါဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အပိစ [1] အပရော၊ တပါးသော။ နယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ ယောဘဂဝါ၊ သည်။ ယသ္မာကာရဏာ၊ ကြောင့်။ ဘာဂျဝါ၊ ဘုန်းအာနုဘော်ရှိတော်မူ၏။ ဘဂ္ဂဝါ၊ ရာဂအစရှိသော ကိလေသာတို့ကို ဖျက်ဆီးတော်မူပြီ။ (တနည်းကား) ရာဂအစရှိသော ကိလေသာတို့ကို အန်တော်မူပြီ။ ဘဂေဟိ၊ ဘဂတရားခြောက်ပါးတို့နှင့်။ ယုတ္တော၊ ပြည့်စုံ

၁။ အပိစ သဒ္ဒါကား အတ္တန္တရဝိကပ် အနက်၌ နိပါတ်တည်း။

တော်မူ၏။ ဝိဘတ္တဝါ၊ ခပ်သိမ်းသောတရားတို့ကို ခွဲခြမ်း၍ ဟောတော်မူပြီ။ ဘတ္တဝါ၊ ဆိတ်ငြိမ်ရာအရပ်၌ ဥတ္တရိမနုဿဓမ္မကို မှီဝဲတော်မူပြီ။ ဘဝေသု၊ ဘဝသုံးပါးတို့၌။ ဝန္တဂမနော၊ သွားတတ်သော တဏှာကို အန်တော်မူပြီ။ တတော တသ္မာကာရဏာ၊ ကြောင့်။ သောဘဂဝါ၊ ကို။ ဘဂဝါတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဣမိဿာဂါထာယ၊ ၏။ ဝသေန၊ အစွမ်းအားဖြင့်။ အဿပဒဿ၊ တို ဘဂဝါဟူသောပုဒ်၏။ အတ္ထော၊ ကို။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ သောဝိတ္ထာရတ္ထော စ၊ ထိုအကျယ်ဖြစ်သော အနက်ကို လည်း။ **ဝိသုဒ္ဓိမဂ္ဂေ၊** ၌။ ဗုဒ္ဓါနုဿတိနိဒ္ဒေသေ၊ ဗုဒ္ဓါနုဿတိနိဒ္ဒေသ၌။ မယာ၊ သည်။ ဝုတ္တောယေဝ၊ ဆိုအပ်ပြီးသည်လျှင်ကတည်း။

ဧတ္တာဝတာစ၊ ဤမျှသောစကားအစဉ်ဖြင့်လည်း။ ဧတ္ထ၊ ဤဧဝံမေသုတံ ဧကံသမယံ ဘဂဝါဟူသောဝါကျ၌။ သမဘိနိဝိဋ္ဌေန၊ ကောင်းစွာအကျုံး ဝင်သော။ **ဧဝံ မေ သုတ**န္တိဝစနေန၊ ဖြင့်။ ယထာသုတံ၊ ကြားတိုင်းသော။ ဓမ္မံကို။ ဒဿေန္တော၊ ပြသောအာနန္ဒာသည်။ ဘဂဝတော၊ ၏။ ဓမ္မကာယံ၊ တရားတော်တည်းဟူသော ကာယကို။ ပစ္စက္ခံ၊ မျက်မှောက်။ ကရောတိ၊ ၏။ တေန၊ ထိုတရားတည်းဟူသော ကာယကို မျက်မှောက်ပြုခြင်းဖြင့်။ ဣဒံပါဝစနံ၊ ဤမြတ်စွာဘုရား စကားတော်သည်။ နအတိက္ကန္တသတ္ထုကံ၊ မလွန်သေးသောဘုရားရှိ၏။ အယံမဗ္ဗော၊ သည်။ ဝေါ၊ သင်တို့၏။ သတ္ထာ၊ ဆရာတည်း။ ဣတိ၊ ဤသို့။ (သမဿာသေတိ၌ သရူပဒဿနစပ်)။ သတ္ထု၊ ဘုရားမြတ်စွာကို။ အဒဿနေန၊ မမြင်ရခြင်းကြောင့်။ ဥက္ကဏ္ဌိတံ၊ ဆန့်ကျင်သော။ ဇနံ၊ လူအပေါင်းကို။ သမဿာသေတိ၊ နှစ်သိမ့်စေ၏။

**ဧကံ သမယံ ဘဂဝါ**တိ ဝစနေန၊ ဖြင့်။ တသ္မိံ သမယေ၊ ထိုပဌမသင်္ဂါယနာတင်သောအခါ၌။ (ထိုအရှင်မဟာကဿပထေရ် မေးတော်မူသော အခါ၌လည်းဟူ)။ ဘဂဝတော၊ ၏။ အဝိဇ္ဇမာနဘာဝံ၊ မရှိသည်၏အဖြစ် ကို။ ဒဿေန္တော၊ ပြသောအာနန္ဒာသည်။ ဘဂဝတော၊ ၏။ ရူပကာယ ပရိနိဗ္ဗာနံ၊ ရူပကာယ၏ အလုံးစုံငြိမ်းခြင်းကို။ သာဓေတိ၊ ပြီးစေ၏။ တေန၊ ထိုသို့ရူပကာယ၏ အလုံးစုံငြိမ်းခြင်းကို ပြီးစေခြင်းဖြင့်။ ဧဝံဝိဓဿ၊ ဤသို့

သဘောရှိသော။ အရိယဓမ္မသ၊ မြတ်သော တရားကို။ ဒေသကော၊ ဟောတော်မူတတ်ကသော။ ဒသဗလဓရော၊ ဆယ်ပါးသော ဉာဏ်တည်းဟူသောအားဏ်တည်ရာဖြစ်တော်မူထသော။ဝဇိရသံဃာဋသမာနကာယော၊ ကျရာအရပ်ကို ထုတ်ချင်းထွင်းတတ်သော တခဲနက်သော ဝရဇိန်လက်နက်နှင့်တူသော ကိုယ်ရှိတော်မူထသော။ သောဘဂဝါပိ၊ ထိုမြတ်စွာဘုရားသည်လည်း။ ပရိနိဗ္ဗုတောနာမ၊ ပရိနိဗ္ဗာန်ပြုတော်မူသေး၏ရှင့်။ အညေန၊ တပါးသော။ ကေန၊ အဘယ်သူသည်။ ဇီဝိတေ၊ အသက်ရှည်ခြင်း၌။ အာသာ၊ တောင့်တခြင်းကို။ ဇနေတဗ္ဗာ၊ ဖြစ်စေအပ်သနည်း။ ဣတိ၊ ဤသို့။ ဇီဝိတမဒမတ္တာ၊ အသက်ရှည်ခြင်း၌ မာန်ဖြင့် ယစ်တတ်သော။ ဇနံ၊ လူအပေါင်းကို။ သံဝေဇေတိ၊ ထိတ်လန့်စေ၏။ အသဇနသ၊ အား။ သဒ္ဓမ္မေ၊ သူတော်တရား၌။ ဥဿာဟံ၊ ကို။ ဇနေတိ၊ ၏။

**ဝေဠ္တိ၊** ဝေံဟူ၍။ (စသဒ္ဒါကား ဝါကျာရမ္ဘဇောတက နိပါတ်ပုဒ်တည်း)။ ဘဏန္တော၊ ဆိုသောအာနန္ဒာသည်။ ဒေသနာသမ္ပတ္တိံ၊ ဒေသနာဝစီဘေဒသဒ္ဒါ၏ ပြည့်စုံခြင်းကို။ နိဒ္ဒိသတိ၊ ပြတော်မူ၏။ **မေသုတန္တိ၊** ဟူ၍။ ဘဏန္တော၊ သည်။ သာဝကသမ္ပတ္တိံ၊ တရားနာ တတ်သော ပုဂ္ဂိုလ်၏ ပြည့်စုံခြင်းကို။ နိဒ္ဒိသတိ၊ ၏။ **ဧကံ သမယန္တိ၊** ဟူ၍။ ဘဏန္တော၊ သည်။ ကာလသမ္ပတ္တိံ၊ ဟောတော်မူသော အခါ၏ ပြည့်စုံခြင်းကို။ နိဒ္ဒိသတိ၊ ၏။ **ဘဂဝါတိ၊** ဟူ၍။ ဘဏန္တော၊ သည်။ ဒေသကသမ္ပတ္တိံ၊ တရားဟောတတ်သောပုဂ္ဂိုလ်၏ ပြည့်စုံခြင်းကို။ နိဒ္ဒိသတိ၊ ညွှန်းတော်မူ၏။

## အန္တရာစ ရာဇဂဟံ စသည်

**အန္တရာ စ ရာဇဂဟံ အန္တရာ စ နာဠန္ဒန္တိ** တွေ့ပါဌေ၊ ၌။ အန္တရာသဒ္ဒေါ၊ အန္တရာသဒ္ဒါသည်။ ကာရဏ ခဏ စိတ္တ ဝေမဇ္ဈ ဝိဝရာဒိသု၊ အကြောင်း တခဏမျှသောကာလ စိတ်အလယ်အကြား ဤသို့အစရှိသော အနက်တို့၌။ ဒိဿတိ၊ ၏။ **ဟိ-တဒေဝယုတ္တံ၊** ၏။ တဒန္တရံ ကော ဇာနေယျ အညတြ တထာဂတာ တိစ၊ တဒန္တရံ ကောဇာနေယျ ။ပ။ တထာဂတာ ဟူ၍ရှင်း။ ဇနာသင်္ဂမ္မ မန္တေန္တိ မဉ္စ တွဉ္စ ကိမန္တရန္တိစ၊ ဇနာ သင်္ဂမ္မ ။ပ။ ကိမန္တရံ ဟူ၍ရှင်း။ ဣတိ အာဒီသု၊ ဤသို့ အစရှိသော ပါဠိတို့၌။ အန္တရာသဒ္ဒေါ၊

သည်။ ကာရဏော၊ ဌ်။ ပဝတ္တတိ၊ ၏။ တထာဂတာ၊ မြတ်စွာ ဘုရားကို။ အညတြ၊ ကြဉ်ထား၍။ တဒတ္ထရံ၊ ထိုအကြောင်းကို။ ကော၊ အသူသည်။ ဇာနေယျ၊ သိနိုင်အံ့နည်း။ ဇနာ၊ လူတို့သည်။ သင်္ဂမ္မ၊ စည်းဝေးကုန်၍။ မဥ္စ၊ ငါ့ကိုရင်း။ တုဉ္စ၊ သင့်ကိုရင်း။ မဒ္ဒေနတိ၊ ဆိုကုန်၏။ အတ္ထရံ၊ အကြောင်း ကား။ ကိံ၊ အသို့နည်း။ အဒ္ဒသမံ ။ပ။ ဓောဝန္တိတိ အာဒိသု၊ တို့၌။ ခဏော၊ တခဏမျှသော ကာလ၌။ ပဝတ္တတိ၊ ၏။ ဘဒ္ဒေ၊ အရှင်ဘုရား။ ဘာဇနံ၊ ခွက်ကို။ ဓောဝန္တိ၊ ဆေးသော။ အညတရာ၊ တယောက်သော။ ဣတ္ထိ၊ မိန်းမသည်။ မံ၊ အကျွန်ုပ်ကို။ ဝိဇ္ဇန္တရိကာယ၊ လျှပ်စစ်ပြက်သော ခဏ၌။ အဒ္ဒသ၊ မြင်လေ၏။ ယဿန္တရတော ။ပ။ ကောပါတိအာဒိသု၊ တို့၌။ စိတ္တေ၊ ၌။ ပဝတ္တတိ၊ ၏။ ယဿ ပုဂ္ဂလဿ၊ ၏။ အန္တရတော၊ စိတ်မှ။ (ကြောင့်လည်းဟူ)။ ကောပါ၊ အမျက်တို့သည်။ နသန္တိ၊ မရှိ ကုန်။ အန္တရာ ။ပ။ မာပါဒိတိ အာဒိသု၊ တို့၌။ ဝေမဇ္ဈေ၊ အလယ်၌။ ပဝတ္တတိ၊ ၏။ အန္တရာ၊ အလယ်၌။ ဝေါသာနံ၊ လျော့ခြင်းသို့။ မာပါဒိ၊ မရောက်စေလင့်။ အပိစာယံ ။ပ။ အန္တရိကာယာဂစ္ဆတီတိအာဒိသု၊ တို့၌။ ဝိဝရေ၊ ဟင်းလင်း၌။ ပဝတ္တတိ၊ ၏။ အပိစ၊ စင်စစ်သဖြင့်။ အယံ တပေါဒါ၊ ဤတပေါဒါ မြစ်သည်။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ မဟာနိရယာနံ၊ လောဟကုမ္ဘိငရဲကြီးတို့၏။ အန္တရိကာယ၊ အကြားမှ။ အာဂစ္ဆတိ၊ လာ၏။ သွာယံ သောအယံ အန္တရာသဒ္ဒေါ၊ သည်။ ဣဓ၊ အန္တရာစ ရာဇ ဂဟံ အစရှိသော ဤပါဌ်၌။ ဝိဝရေ၊ အကြားဟူသောအနက်၌။ ပဝတ္တတိ၊ ၏။ တသ္မာ၊ ကြောင့်။ ရာဇဂဟဿစ၊ ရာဇဂြိုဟ်ပြည်၏ရင်း။ နာဠန္ဒဿစ၊ နာဠန္ဒမြို့၏ရင်း။ ဝိဝရေ၊ အကြား၌။ ဣတိဝေံအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

ဆရာ-ရာဇဂဟဿစ နာဠန္ဒဿစဟု ဆရာ ဆဋ္ဌျန္တဖြင့်ဆို၏။ သံဝဏ္ဏော တဗ္ဗပုဒ်၌ အဘယ့်ကြောင့် ရာဇဂဟံ နာဠန္ဒံဟု ဒုတိယန္တနှင့် ဆိုရလေ သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ အန္တရာသဒ္ဒေန ပန ။ပ။ ကတံဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား-

အန္တရာသဒ္ဒေနပန၊ အန္တရာသဒ္ဒါနှင့်ကား။ ယုတ္တတ္တာ၊ ယှဉ်သည်၏ အဖြစ် ကြောင့်။ ဥပယောဂဝစနံ၊ ဒုတိယာဝိဘတ်ကို။ ကတံ၊ ပြုအပ်၏။ ဤဒိသေ

သု၊ ဤသို့ သဘောရှိကုန်သော။ ဌာနေသု၊ အန္တရာသဒ္ဒါနှင့် ယှဉ်သော အရာတို့၌။ အက္ခရစိန္တကာ၊ သဒ္ဒါကို ကြံတတ်ကုန်သော ဆရာတို့သည်။ အန္တရာ ဂါမဉ္စ နဒိဉ္စ ယာတီတိ၊ အန္တရာ ။ပ။ ယာတိဟူ၍။ ဧဝံ- ဤသို့။ ကေမေဝ၊ တခုသာလျှင်ဖြစ်သော။ အန္တရာသဒ္ဒံ၊ အန္တရာသဒ္ဒါကို။ ပယုဇ္ဇန္တိ၊ ယှဉ်ကုန်၏။ ဂါမံ ဂါမဿစ၊ ရွာ၏ရင်း။ နဒိံ နဒိယာစ၊ မြစ်၏ရင်း။ အန္တရာ၊ ၌။ ယာတိ၊ သွား၏။ သော ကေမေဝ အန္တရာသဒ္ဒေါ၊ ထိုတခု သော အန္တရာသဒ္ဒါကိုသာလျှင်။ ဒုတိယပဒေနာပိ၊ နှင့်လည်း။ ယောဇေ တဗ္ဗော၊ ယှဉ်အပ်သည်။ ဟောတိ၊ ၏။ အယောဇိယမာနေ၊ မယှဉ်အပ် သည် ရှိသော်။ ဥပယောဂဝစနံ၊ ဒုတိယာ ဝိဘတ်သည်။ နုပပဇ္ဇတိ၊ မရောက်။ ဣဓပန၊ ဤအန္တရာစ ရာဇဂဟံ အစရှိသော ပါဌ်၌ကား။ ယော ဇေတွာဝ၊ နှစ်ပုဒ်တို့နှင့် ယှဉ်၍သာလျှင်။ ဝုတ္တော၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။

**အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတီ**တိ၊ ဟူသည်ကား။ အဒ္ဓါနသင်္ခါတံ၊အဒ္ဓါန ဟု ဆိုအပ်သော။ မဂ္ဂံ၊ ကို။ ပဋိပန္နော၊ သွားသည်။ ဟောတိ၊ ၏။

ဆရာ-အဒ္ဓါနသင်္ခါတံဟု ဆရာဆို၏။ မဂ္ဂသဒ္ဒါ၏ ခရီးကိုဟောသည်၏ အဖြစ်ကိုသာ သိစေလို၍ ထိုစကားကို ဆိုလေသလောဟု သူမေးဘွယ် ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ဒီဃမဂ္ဂန္တိ အတ္ထော ဟူသော ပါဌ်ကို မိန့် သတည်း။ ထိုပါဌ်၏အတ္ထကား-

ဒီဃမဂ္ဂံ၊ ရှည်စွာသောခရီးကို။ ဣတိအယံအတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ရှည်စွာသောခရီးကို အဒ္ဓါနမဂ္ဂဟု သိအပ်၏ဟူပြီ။ အဘယ်မျှလောက် သော ခရီးသည် ဒီဃမဂ္ဂဟု ဆိုအပ်သော အဒ္ဓါနမဂ္ဂ မည်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ အဒ္ဓါနဂမန ။ပ။ ဟောတိ ဟူသော ပါဌ်ကိုမိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

**ဟိ-ဝိတ္ထာရယိဿာမိ**၊ အံ့။ အဒ္ဓါနဂမနသမယဿ၊ အခွန့်ရှည်သောခရီးကို သွားသောအခါကို။ ဝိဘင်္ဂေ၊ အကျယ်ခွဲရာ၌။ အဍ္ဎယောဇနမ္ပိ ဂမိဿာမီတိ ပရိဘုဥ္ဇိတဗ္ဗန္တိ အာဒိဝစနတော၊ အဍ္ဎယောဇနမ္ပိ ။ပ။ တဗ္ဗံ ဤသို့အစရှိ

သောစကားကို ဘုရားဟောတော်မူခြင်းကြောင့်။ အစုယောဇနမ္ပိ၊ ယူဇနာ ခွဲသော ခရီးသည်လည်း။ အဒ္ဓါနမဂ္ဂေါ၊ ရှည်သော ခရီးမည်သည်။ ဟောတိ၊ ၏။ ရာဇဂဟတောပန၊ ရာဇဂြိုဟ်ပြည်မှကား။ နာဠန္ဒာ၊ နာဠန္ဒ မြို့သည်။ ယောဇနမေဝ၊ တယူဇနာရှိသည်သာလျှင်။ ဟောတိ၊ ၏။

**မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ ဧတ္ထပါဌေ၌**။**မဟတာ**တိ၊ဟူသည်ကား။ ဂုဏမဟတ္တေနပိ[1]၊ ဂုဏ်ဖြင့် မြတ်သည်၏ အဖြစ်ကြောင့်လည်း။ မဟတာ၊ မဟတာမည်၏။ သင်္ချာမဟတ္တေနပိ၊ အရေအတွက် များသည်၏အဖြစ် ကြောင့်လည်း။ မဟတာ၊ မည်၏။ (ရှေးနည်းအလို မဟတာသဒ္ဒါ ဥတ္တမ အနက်ကိုဟော၏။ နောက်နည်းအလိုကား မဟတ္တအနက်ကိုဟော၏)။

ဆရာ-ဂုဏ်ဖြင့်မြတ်သောကြောင့်လည်း မဟတာမည်၏။ အရေအတွက် များသောကြောင့်လည်း မဟတာမည်၏ဟု ဆရာဆို၏။ အဘယ်သို့ သော ဂုဏ်နှင့်ပြည့်စုံသောကြောင့် ဂုဏ်ဖြင့်မြတ်သနည်း။ အဘယ်မျှ အရေအတွက်ရှိသောကြောင့် အရေအတွက်များသနည်းဟု သူမေး ဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ သောဟိ ဘိက္ခုသံဃော အစရှိ သောပါဌ်ကိုမိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

**ဟိ-တဒေဝ ယုတ္တံ၊** ၏။ သောဘိက္ခုသံဃော၊ သည်။ အပ္ပိစ္ဆတာဒိဂုဏ သမန္နာဂတတ္တာ၊ နည်းသော အလိုရှိသည်၏ အဖြစ်အစရှိသော ဂုဏ်တို့နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်။ ဂုဏေဟိပိ၊ တို့ဖြင့်လည်း။ မဟာ၊ မြတ်သည်။ ဟောတိ၊ ၏။ ပဉ္စသတသင်္ချတ္တာ၊ ငါးရာ အရေအတွက် ရှိသည်၏ အဖြစ်ကြောင့်။ သင်္ချာယပိ၊ အရေအတွက်ဖြင့်လည်း။ မဟာ၊ များသည်။ ဟောတိ၊ ၏။ ဘိက္ခူနံ၊ တို့၏။ သံဃော၊ အပေါင်းတည်း။ ဘိက္ခုသံဃော၊ အပေါင်း။ တေန ဘိက္ခုသံဃေန၊ ထိုရဟန်းတို့၏အပေါင်းနှင့်။ (တေန ဘိက္ခုသံဃေနကား ဝိဘတျန်ခံသည်)။

ဆရာ-ဘိက္ခူနံ သံဃောဟု ဆို၏။ တသိမ်ထည်း၌ တပေါင်းတည်းနေ သော ရဟန်း သင်္ဃာ သာလျှင် ဘိက္ခုသံဃာ မည်ရာသလောဟု

---

၁။ ဂုဏမဟတ္တ ဟူသည်ကား အပ္ပိစ္ဆတာ စသော ဂုဏ်ဖြင့်မြင့်သော အဖြစ် တည်း။

သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ဒိဋ္ဌိသီလသာမညာ။ပ။အတ္တော ဟူသောပါဠိကိုမိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

ဒိဋ္ဌိ သီလ သာမညာ သံဃာတ သင်္ခါတေန၊ ပညာ သီလတူသောအားဖြင့် အပေါင်းဟူ၍ဆိုအပ်သော။ သမဏဂဏေန၊ ရဟန်းတို့၏အပေါင်းနှင့်။ ကုတိအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

ဤဒိဋ္ဌိသီလသာမညာ အစရှိသောပါဠိဖြင့် အဝေးဥပစ်တည်သော်လည်း သီလအစရှိသောဂုဏ်ချင်းတူက သဿာပည်သည်၏ အဖြစ်ကို သိစေတော်မူ၏။

**သဒ္ဒိန္တိ၊** သဒ္ဓိံ ဟူသည်ကား။ ကေတော၊ တကွနက်။

**ပဥ္စမတ္တေဟိ ဘိက္ခုသတေဟိတိပဒဿ၊** ၏။ ဝစနတ္ထော၊ ကို။ ဝေါ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ တေသံဘိက္ခုသတာနံ၊ ထိုရဟန်းအရာတို့အား။ ပဥ္စ၊ ကုန်သော။ မတ္တာ၊ အတိုင်းအရှည်တို့သည်။ သန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။တာနိ ဘိက္ခုသတာနိ၊ တို့သည်။ **ပဥ္စမတ္တာနိ၊** မည်ကုန်၏။ ပမာဏံ၊ အတိုင်းအရှည်ကို။ **မတ္တာတိ၊** ဟူ၍။ ဝုစ္စတိ၊ ၏။ တသ္မာ၊ ကြောင့်။(ဒဋ္ဌဗ္ဗော ဥစပ်)။ ဘောဇနေ၊ အစာ၌။ မတ္တညုတာ၊ အတိုင်းအရှည်ကို သိသည်၏ အဖြစ်။ ဣတိ ဤသို့။ ဝုတ္တေ၊ သော်။ ဘောဇနေ၊ ၌။ မတ္တံ၊ အတိုင်းအရှည်ကို။ဇာနာတိ၊ ၏။ ပမာဏံ၊ ပမာဏကို။ ဇာနာတိ၊ ၏။ ဣတိအတ္တော၊ ကို။ ဒဋ္ဌဗ္ဗောယထာ၊ ကဲ့သို့။ ဧဝံတထာ၊ တူ။ ဣဓာပိ၊ ဤပဥ္စမတ္တေဟိ ဟူသော ပုဒ်၌လည်း။ တေသံ ဘိက္ခုသတာနံ၊ တို့အား။ ပဥ္စမတ္တာ ပဥ္စပမာဏံ၊ ငါးပါးသောအတိုင်းအရှည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိဝေဒအတ္တော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

မတ္တံ ဇာနာတိဟူ၍သာ မဆိုမူ၍ ပမာဏံ ဇာနာတိ ဟူ၍ ဆိုပြန်သည်ကား မတ္တာသဒ္ဒါသည် ဤအရာ၌ ပမာဏအနက်ကို ဟောသတည်းဟု သိစေခြင်း အကျိုးရှိ၏၊ ပဥ္စမတ္တာ ပဥ္စပမာဏံ၌လည်း ဤနည်း အတူတည်း။

ဘိက္ခုနံ၊ တို့၏။ သတာနိ၊ အရာတို့တည်း။ ဘိက္ခုသတာနိ၊ ကို။ (ဆဋ္ဌီတပ္ပုရိသ်)။ ပဥ္စမတ္တေဟိ၊ ငါးပါးသော အတိုင်းအရှည်ရှိကုန်သော။

တေဟိဘိက္ခုသတေဟိ၊ တို့နှင့်။ (ဧတေဟိ ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ ဟူသောပါဌ်ဖြင့် ဝိဘတ်ချန်ခံသည်)။

**သုပ္ပိယောပိခေါပရိဗ္ဗာဇကောတိ** စတ္တပါဌ်ရေး၌။ **သုပ္ပိယောတိ** စတံဝစန်၊ သည်။ တဿ၊ ထိုပရိဗိုဇ်၏။ နာမံ၊ အမည်တည်း။ ပိကာရော၊ ပိအက္ခရာသည်။ မဂ္ဂပ္ပဋိပန္နသဘာဂတာယ၊ ခရီးသွားခြင်းသဘောတူသည်၏ အဖြစ်ကြောင့်။ပုဂ္ဂလသမ္ပိဏ္ဍနတ္ထော၊ ပုဂ္ဂိုလ်ကို ပေါင်းခြင်းအနက်ရှိ၏။ ခေါကာရော၊ သည်။ ပဒသန္ဓိကရော၊ ပုဒ်၏စပ်ခြင်းကိုပြုတတ်၏။

ပဒသန္ဓိကရောဟူသည် အဘယ်နည်းဟူသော စောဒနာကိုဖြေခြင်းငှာ ခေါကာရော ဗျဉ္ဇနသိလိဋ္ဌတာဝသေန ဝုတ္တော ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

သော ခေါ ကာရော၊ ကို။ (ထည့်ပါ)။(တနည်းကား) ပဒသန္ဓိကရော၊ သော။ ခေါ ကာရော၊ ကို။ ဗျဉ္ဇနသိလိဋ္ဌတာဝသေန၊ သဒ္ဒါပြေပြစ်သည်၏ အစွမ်းအားဖြင့်။ ဝုတ္တော၊ ၏။ (ဗျဉ္ဇနသိလိဋ္ဌတာ ဟူသည်ကား ပဒါလင်္ကာ ရဟူလိုသည်)။ **ပရိဗ္ဗာဇကောတိ**၊ ဟူသည်ကား။ သဥ္စယဿ၊ သဥ္စယ၏။ အန္တေဝါသီ၊ တပည့်ဖြစ်သော။ ဆန္နပရိဗ္ဗာဇကော၊ အဝတ်ဝတ်သော ပရိဗိုဇ်တည်း။

ပရိဗိုဇ်၏အဝတ်ဝတ်သောပရိဗိုဇ်၊ အဝတ်မဝတ်သောပရိဗိုဇ်ဟု နှစ်ပါး ရှိသည်၏ အဖြစ်ကြောင့် ဤပရိဗ္ဗာဇကော ဟူသော ပုဒ်၌သော်ကား အဝတ်ဝတ်သောပရိဗိုဇ်ကို လိုအပ်သည်၏ အဖြစ်ကို သိစေခြင်းငှာ ဆန္နပရိဗ္ဗာဇကောဟု ဖွင့်တော်မူသတည်း။ ဆန္နပရိဗိုဇ်၏လည်း အများ ရှိရကား တပါးသော ဆန္နပရိဗိုဇ်ကို နစ်စေခြင်းငှာ သဥ္စယဿ အန္တေဝါသီဟု ဖွင့်သည်။

ဆရာ-ပိသဒ္ဒါသည် ခရီးသွားခြင်း သဘောတူသည်၏ အဖြစ်ကြောင့် ပုဂ္ဂိုလ်ကို ပေါင်းခြင်း အနက်ရှိ၏ဟု ဆရာဆိုပြီ။ ထိုသို့ပေါင်းခြင်း အနက်ရှိသောကြောင့် အဘယ်သို့သော အဓိပ္ပါယ်ကို ဆိုလိုသနည်း ဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ဣဒံဝုတ္တံဟောတိ။ပ။ အဟောသိတိဟူသော ပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ဠာနံ အယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၏။ ယဒါ၊ ၌။ ဘဂဝါ၊ သည်။ တံအဒ္ဓါနမဂ္ဂံ၊ ထိုအစွန်ရှည်သောခရီးကို။ ပဋိပန္နော၊ သွားသည်။ ဟောတိ၏။ ယဒါ၊ ၌။ သုပ္ပိယော၊ သုပ္ပိယအမည်ရှိသော။ ပရိဗ္ဗာဇကောပိ၊ သည်လည်း။ မဂ္ဂပ္ပဋိပန္နော၊ သည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ ဝုတ္တံဝုတ္တော၊ သည်။ ဟောတိ၊ ၏။

ရှင်အဋ္ဌကထာဆရာ- အဟောသိဟု အတိတ်ကြိယာဖြင့် ဆရာဆို၏။ သံဝဏ္ဏေတဗ္ဗဖြစ်သော ပါဠိတော်၌ ဟောတိဟု ပစ္စုပ္ပန်ကြိယာနှင့် ရှိပါသည် တကား၊ ဆရာ့စကားသည် အဘယ်သို့သင့်ပါအံ့နည်းဟု စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို နစ်စေခြင်းငှာ အတီတကာလတ္တော ဟိ ဧတ္ထ ဟောတိ သဒ္ဒေါဟု မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား-

**ဟိ**-တဒေဝဃုတ္တံ၊ ၏။ ဧတ္ထ၊ ဤအဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ ဟူသောပါဌ်၌။ သမတိမိဝိဋ္ဌော၊ အကျုံးဝင်သော။ **ဟောတိ** သဒ္ဒေါ၊ ဟောတိသဒ္ဒါသည်။ အတီတကာလတ္ထော၊ အတိတ်ကာလ၌ ဖြစ်သောအနက်ရှိ၏။

**သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေနာတိ** ဧတ္ထပါဌေ၌။သမတိ နိဝိဋ္ဌေသ၊ သော။ အန္တေဝါသိတိပဒဿ၊ ၏။ ဝစနတ္ထော၊ ကို။ ဝေဝံ၊ ဤသို့။ ကာတဗ္ဗော၊ ၏။ ယောဇနော၊ သည်။ အန္တေ၊ အနီး၌။(အထံ၌လည်းဟူ)။ ဝသတိ၊ နေထိုင်၏။ ဣတိတသ္မာ၊ ကြောင့်။ သောဇနော၊ သည်။ **အန္တေဝါသီ**၊ မည်၏။

အဘုံးစွန်၌ နေသောသူသည် အန္တေဝါသိမည်သလောဟု သူပေးဘွယ်ရှိ၍ ထိုအပေးကို ဖြေခြင်းငှာ သမီပစာရော။ပ။အတ္တော ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

သမီပစာရော၊ အနီး၌ ကျင်လည်သော။ သန္တိကာဝစရော၊ အထံ၌ ကျင်လည်သော။ သိဿော၊ တပည့်တည်း။ ဣတိအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

**အပုာ**။ ။သမီပစာရော သန္တိကာဝစရော ဤနှစ်ပုဒ်ကား ပရိယာယ်သဒ္ဒါတည်း။ အနက်အထူးမရှိ။ ဤနှစ်ပုဒ်ဖြင့် အန္တေသဒ္ဒါ၏ သမီပ အနက်၌ ဖြစ်သည်၏အဖြစ်ကို အရှင်ဗုဒ္ဓဃောသ ဆရာတော်သခင် သိစေတော်မူသတည်း။

**ဗြဟ္မဒတ္တော**တိ ဣဒံဝစနံ၊ သည်။ ကဿ၊ ထိုအနီး၌ ကျင်လည်သောတပည့် ၏။ နာမံ၊ တည်း။ သတ္တောပိ၊ သတ္တဝါကိုရင်း။ စောရောပိ၊ခိုးသူကိုရင်း။ တရုဏောပိ၊ လုလင်ပျိုကိုရင်း။ **မာဏဝေါ**တိ၊ မာဏဝဟူ၍။ ဝုစ္စတိ၊ ၏။

**ဟိ**-တဒေဝယုတ္တံ၊ ၏။ **စောဒိတာ**။ပ။ နရာတိအာဒီသု၊ တို့၌။ သတ္တော၊ ကို။ မာဏဝေါတိ၊ မာဏဝဟူ၍။ ဝုတ္တော၊ ၏။ ယေမာဏဝါ၊ အကြင် သတ္တဝါတို့သည်။ ဒေဝဒူတေဟိ၊ သေမင်း၏တမန်တို့သည်။ စောဒိတာ၊ ဆုံးမအပ်ကုန်လျက်။ ပမဇ္ဇန္တိ၊ ကုသိုလ်ကောင်းမှု၌ မေ့လျော့ကုန်၏။ ဟီန ကာယူပဂါ၊ အပါယ်သို့လားရကုန်သော။ တေနရာ၊ ထိုသတ္တဝါတို့သည်။ ဒီဃရတ္တံ၊ ရှည်စွာသော ညဉ့်ပတ်လုံး။ သောစန္တိ၊ စိုးရိမ်ကုန်၏။

မာဏဝေဟိပိ ။ပ။ အကတကမ္မေဟိပိတိအာဒီသု၊ တို့၌။ စောရော၊ ခိုးသူကို။ မာဏဝေါတိ၊ဟူ၍။ ဝုတ္တော၊ ၏။ ကတကမ္မေဟိပိ၊ ခိုးသောအမှုကို ပြုကုန်ပြီးသည်လည်း ဖြစ်ထသော။ အကတကမ္မေဟိပိ၊ ခိုးသော အမှုကို မပြုကုန်သေးသည်လည်း ဖြစ်ထသော။ မာဏဝေဟိ၊ ခိုးသူတို့နှင့်။ သမာ ဂစ္ဆန္တိ၊ ဆိုင်မိကုန်၏။အမ္ဗဋ္ဌော ။ပ။ မာဏဝေါတိအာဒီသု၊ တို့၌။ တရုဏော၊ လုလင်ပျိုကို။ မာဏဝေါတိ၊ ဟူ၍။ ဝုတ္တော၊ ၏။ ဣဓာပိ၊ ဤပါဠိ၌လည်း။ အယမေဝ အတ္ထော၊ ဤလုလင်ပျိုဟူသော အနက်ကိုသာလျှင်။ ဒဋ္ဌဗ္ဗော၊၏။

ဆရာ-လုလင်ပျိုဟူသော အနက်ကို ဤ သဒ္ဒိံ အန္တေဝါသိနာ အစရှိ သောပါဠိ၌ မှတ်အပ်၏ဟူပြီ။ အဘယ်သို့သော ယုတ္တိကြောင့် လုလင်ပျို ဟူသော အနက် သင့်သည်၏အဖြစ်ကို သိရပါအံ့နည်းဟု သူမေးဘွယ် ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ဣဒံ ဟိ ဝုတ္တံ ဟောတိ။ပ။သဒ္ဒိန္တိဟူသော ပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား -

**ဟိ**-တဒေဝ ယုတ္တံ၊ ၏။ ဗြဟ္မဒတ္တေနနာမ၊ ဗြဟ္မဒတ် အမည်ရှိသော။ တရု ဏန္တေဝါသိနာ၊ လုလင်ပျိုဖြစ်သော တပည့်နှင့်။ သဒ္ဓိံ၊ တကွ။ ဣတိဣဒံ အယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

**တတြာ**တိ၊ ဟူသည်ကား။ တသ္မိံ အဒ္ဓါန မဂ္ဂေ၊ ထို အဝေးရှည်သော၊ ခရီး၌။ (ဤသို့ဖွင့်သောအလိုကား တတြကို ဘာသတိ၌ စပ်သင့်၏)။ ဝါ

တနည်းကား။ တေသု ဒွိသု ဇနေသု၊ ထို ဆရာတပည့် နှစ်ယောက်တို့တွင်။ (ဤနောက်နည်း အလိုကား တဗြကို သုပ္ပိယော ပရိဗ္ဗာဇကော၌ မှီ၍ ရဏစပ်သင့်၏)။ **သုဒ္ဓိ** ဗုဒ္ဓံပဒံ၊ သုဒ္ဓံဟူသော ဤပုဒ်သည်။ နိပါတမတ္တံ၊ နိပါတ်မျှသာတည်း။ **အနေကပရိယာယေနာတိပဒဿ**၊ ၏။ အတ္ထော၊ ကို။ ဝေဝံ သို့။ ဝေဒိတဗ္ဗော၊ ၏။ **ပရိယာယ**ယသဒ္ဒေါ၊ သည်။ (တာဝယဒ္ဒါကား ဝတ္တဗ္ဗန္တရာပေက္ခတည်း)။ ဝါရ ဒေသနာကာရဏေသု၊ အလျည့် ဒေသနာ အကြောင်းတို့၌။ ဝတ္တတိ၊ ၏။ **ဟိ၊ ခဲ့အံ့**။ ကဿနုခေါ ။ပ။ သြဝဒိတုံ့ အာဒီသု၊ ကဿနုခေါ ။ပ။ သြဝဒိတုံ ဤသို့ အစရှိသည်တို့၌။ ပရိယာယ သဒ္ဒေါ၊ သည်။ ဝါရေ၊ အလှည့်၌။ ဝတ္တတိ၊ ၏။ အာနန္ဒ၊ အာနန္ဒာ။ အဇ္ဇ၊ ယနေ့။ ဘိက္ခုနိယော၊ တို့ကို။ သြဝဒိတုံ၊ ဆုံးမခြင်းငှာ။ ကဿ၊ အဘယ် ရဟန်း၏။ ပရိယာယောနုခေါ၊ အလှည့်နည်း။ မဓုပိဏ္ဍိကပရိယာယောတိ နံ ဓာရေဟီတိ အာဒီသု၊ တို့၌။ ဒေသနာယံ၊ ဒေသနာ၌။ ပရိယာယ သဒ္ဒေါ၊ သည်။ ဝတ္တတိ၊ ၏။ မဓုပိဏ္ဍိက ပရိယာယောတိ၊ မဓုပိဏ္ဍိက ဒေသနာဟူ၍။ နံသုတ္တံ၊ ထိုသုတ်ကို။ ဓာရေဟိ၊ မှတ်လော။ ဣမိနာပိခေါ ။ပ။ ဟောတူတိအာဒီသု၊ တို့၌။ ကာရဏေ၊ ၌။ ဝတ္တတိ၊ ၏။ ရာဇည၊ ရာဇည။တေ၊ အား။ ဣမိနာပိခေါ ပရိယာယေန၊ ဤသို့သော အကြောင်းဖြင့်လည်း။ ဝေံ၊ ဤသို့။ ဟောတု၊ ဖြစ်စေလော။ သွာယံ သောအယံ ပရိယာယသဒ္ဒေါ၊ သည်။ဣဓာပိ၊ ဤအနေကပရိယာယေန ဟူသောပုဒ်၌လည်း။ ကာရဏေ၊ ၌။ ပတ္တတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဧတ္ထ၊ ဤအနေကပရိယာယေနဟူသောပုဒ်၌။ အနေကဝိဓေန၊ များသော အပြားရှိသော။ ကာရဏေန၊ ဖြင့်။ ဣတိအယံအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ အပ်၏။

အနေကဝိဓေန ကာရဏေနဟု ဆရာဆို၏။ များသောအကြောင်းဖြစ်သောကြောင့် ဗဟုဝုစ်ဖြင့် ဆိုပါသလောဟု သူစောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ဖြေလို၍ ဗဟူဟိကာရဏေဟီတိ ဝုတ္တံဟောတိ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အဋ္ဌကား-

ဗဟူဟိ၊ ကုန်သော။ ကာရဏေဟိ၊ တို့ဖြင့်။ ဣတိအယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

## ဗုဒ္ဓဿအဝဏ္ဏံဘာသတိအဖွင့်

**ဗုဒ္ဓဿအဝဏ္ဏံဘာသတီ**တိ၊ ကား။ အဝဏ္ဏာဝိရဟိတဿ၊ ကွဲ့ရဲ့ခြင်းကို မပြု အပ်ထသော။ အပရိမာဏဝဏ္ဏသမန္နာဂတဿ၊ အတုမရှိသောဂုဏ်နှင့် ပြည့်စုံထသော။ ဘဂဝတော၊ ဘုန်းရှိထသော။ ဗုဒ္ဓဿာပိ၊ အားလည်း။ (ဘာသတိဥ္စ ဗဝ်)။ ဗုဒ္ဓဿာပိ၊ ၏လည်း။ (နိန္ဒဥ္စဗဝ်)။ လောကေ၊ ၌။ ဇာတိ ဝုဍ္ဎေသု၊ ဇာတ်ဖြင့် ကြီးကုန်သော သူတို့၌။ ကတ္တဗ္ဗံ၊ ပြုအပ်သော။ ယံ အဘိဝါဒနာဒိ သာမိစိကမ္မံ၊ အကြင် ရှိခိုးခြင်း အစရှိသော အရိုအသေ ကျင့်ရာသောအမှုကို။ သာမဂ္ဂိရသောတိ၊ သာမဂ္ဂိရသဟူ၍။ ဝုစ္စတိ၊ ၏။ တံအဘိဝါဒနာဒိသာမိစိကမ္မံ၊ သည်။ ဂေါတမဿ၊ ဂေါတမနွယ်ဖြစ်သော။ သမဏဿ၊ အား။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ ဂေါတမော၊ ဂေါ တမအနွယ်ဖြစ်သော။ သမဏော၊ သည်။ အရသရူပေါ၊ အညီ အညွတ် သာယာခြင်းသဘောမရှိ။ ဂေါတမော၊ သော။ သမဏော၊ သည်။ နိဗ္ဘောဂေါ၊ အညီအညွတ် ခံစားခြင်းမရှိ။ အကြိယဝါဒေါ၊ အကြိယအယူရှိ၏။ ဥစ္ဆေဒဝါဒေါ၊ ဥစ္ဆေဒအယူရှိ၏။ ဇေဂုစ္ဆီ၊ ကြီးသောသူတို့အား ပြုအပ် သောအမှုကို စက်ဆုပ်တတ်၏။ ဝေနယိကော၊ ဆုံးမခြင်းငှာ ထိုက်၏။ တပဿီ၊ ကြီးသောသူတို့ကို ပူပန်စေတတ်၏။ အပဂဗ္ဘော၊ နတ်ပြည်၌ ပဋိသန္ဓေမှုယုတ်၏။ ဂေါတမဿ၊ သော။ သမဏဿ၊ အား။ မနုဿဓမ္မာ၊ လူတို့၏ ကုသိုလ်တရားဆယ်ပါးထက်။ ဥတ္တရိ၊ လွန်သော။ အလမရိယ ဉာဏဒဿနဝိသေသော၊ အရိယာတို့၏ ဉာဏ်ဖြင့်မြင်ခြင်းငှာ စွမ်းနိုင်သော ဈာန်သမာပတ် အထူးသည်။ နတ္ထိ၊ မရှိ။ ဂေါတမော၊ သော။ သမဏော၊ သည်။ တက္ကပရိယာဟတံ၊ ကြံဆ၍။ ဓမ္မံ၊ ကို။ ဒေသေတိ၊ ၏။ ဝီမံသာနု စရိတံ၊ ပညာဖြင့်စုံစမ်းဆင်ခြင်၍။ သယံပဋိဘာနံ၊ မိမိဉာဏ်၏အထင်ကိုသာ လျှင်။ ဒေသေတိ၊ ၏။ ဂေါတမော၊ သော။ သမဏော၊ သည်။ နသဗ္ဗညူ၊ ခပ်သိမ်းသောတရားတို့ကိုမသိ။ နလောကဝိဒူ၊ လောကသုံးပါးကိုမသိ။ နအနုတ္တရော၊ အတုမရှိသောပုဂ္ဂိုလ်မဟုတ်။ နအဂ္ဂပုဂ္ဂလော၊ မြတ်သော ပုဂ္ဂိုလ်မဟုတ်။ ဣတိဧဝံ၊ သို့။ တံတံအကာရဏမေဝ၊ ထိုထိုသောအကြောင်း မဟုတ်သည်ကိုသာလျှင်။ ကာရဏန္တိ၊ အကြောင်းဟူ၍။ ဝတွာ၊ ဆို၍။

တထာတထာ၊ ထိုထိုသို့သော အခြင်းအရာဖြင့်။ အဝဏ္ဏံဒေါသံနိဿံ၊ ကဲ့ရဲ့စကားကို။ ဘာသတိ၊ ၏။

အဝဏ္ဏံ ဒေါသံ နိဿံ ဤသုံးပုဒ်ကား ပရိယာယ်သဒ္ဒါတည်း။ အရသ ရူပေါ သမဏော ဂေါတမော နိဗ္ဗောဂေါ အစရှိသောပါဠိကိုဖြင့် ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ ဟူသောပါဠိ၌ ဘုရားအား ကဲ့ရဲ့သော အခြင်းအရာကိုပြသတည်း။

ဗုဒ္ဓဿ၊ အား။ အဝဏ္ဏံ၊ ကဲ့ရဲ့စကားကို။ ဘာသဟိယထာ၊ ကဲ့သို့။ ဧဝံ တထာ၊ တူ။ ဓမ္မဿာပိ၊ အားလည်း။ (ဘာသတိဥ္စစပ်)။ တံတံအကာရဏ မေဝ၊ ထိုထိုသို့သော အကြောင်းမဟုတ်သည်ကိုသာလျှင်။ ကာရဏတော၊ အကြောင်းဟုတ်သောအားဖြင့်။ ဝတ္ဂာ၊ ၍။ ဂေါတမဿ၊ သော။ သမ ဏဿ၊ သည်။ ဓမ္မော၊ ကို။ ဒုရာချာတော၊ မကောင်းသဖြင့် ဟောအပ် ၏။ ဒုပ္ပဋိဝေဒိတော၊ မကောင်းသဖြင့် သိအပ်၏။ ဂေါတမဿ၊ သော။ သမဏဿ၊ ၏။ ဓမ္မော၊သည်။ အနိယျာနိကော၊ ဝဋ်ဆင်းရဲမှမထွက်မြောက် စေတတ်။ (နိဗ္ဗာန်သို့မဆောင်တတ်လည်းဟူ)။ အနုပသမသံဝတ္တနိကော၊ ကိလေသာတို့၏ငြိမ်းခြင်းကို မပြစ်စေတတ်။ ဣတိ၊ ဤသို့။ တထာတထာ၊ ထိုထိုသို့သော အခြင်းအရာဖြင့်။ အဝဏ္ဏံ၊ ကဲ့ရဲ့သောစကားကို။ ဘာ သတိ၊ ၏။

ဓမ္မဿ၊ အား။ အဝဏ္ဏံ၊ ကို။ ဘာသတိယထာ၊ ကဲ့သို့။ ဧဝံတထာ၊ တူ။ သံဃဿာပိ၊ အားလည်း။ (ဘာသတိဥ္စစပ်)။ ယံဝါတံဝါ၊ ဟူဟူညားညား သော။ အကာရဏမေဝ၊ အကြောင်းမဟုတ်သည်ကိုသာလျှင်။ ကာရဏ တော၊ အားဖြင့်။ ဝတ္ဂာ၊ ၍။ ဂေါတမဿ၊ သော။ သမဏဿ၊ ၏။သာဝက သံဃော၊ တပည့်သံဃာသည်။ မိစ္ဆာပဋိပန္နော၊ ယုတ်သောအကျင့်ကို ကျင့်တတ်၏။ ကုဋိလပဋိပန္နော၊ ကောက်သောအကျင့်ကို ကျင့်တတ်၏။ (ကောက်သော အကျင့်ရှိ၏ လည်းဟူ)။ ပစ္စနီကပဋိပဒံ၊ လောကုတ္တရာ တရားနှင့် ဆန့်ကျင်သောအကျင့်ကို။ အနနုလောမပဋိပဒံ၊ လောကုတ္တရာ တရားအား မလျော်သောအကျင့်ကို။ အဓမ္မာနုဓမ္မပဋိပဒံ၊ နိဗ္ဗာန်တရား အား မလျော်သောအကျင့်ကို။ ပဋိပန္နော၊ ကျင့်၏။ ဣတိ၊ ဤသို့။ တထာ တထာ၊ ဖြင့်။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။

အဿ၊ ထိုသုပ္ပိယပရိဗိုဇ်၏။ အန္တေဝါသီပန၊ တပည့်သည်ကား။ (ဘာသိတုံအာရဒ္ဓေါ်ဒ္ဓိစပ်ပါ)။ အမှာကံ၊ တို့၏။ အာစရိယော၊ သည်။ အပရာမသိတဗ္ဗံ၊ မသုံးသပ်အပ်သောအရာကို။ (မစွဲလမ်းအပ်သောအရာကိုလည်းဟူ)။ ပရာမသတိ၊ သုံးသပ်ဘိ၏။ (စွဲလမ်း၏လည်းဟူ)။ အနက္ကမိတဗ္ဗံ၊ မနင်းနယ်အပ်သော အရာကို။ အက္ကမတိ၊ နင်းနယ်၏။ သူဝယံသောအယံ အာစရိယော၊ သည်။ အဂ္ဂိံ၊ မီးကို။ ဂိလန္တောဝိယစ၊ မျိုသောယောကျ်ားကဲ့သို့ရင်း။ (ကိဋ္ဌန္တောဝိယ ဟူ၍လည်းရှိ၏။ ကိဋ္ဌန္တောဝိယစ၊ ကစားသောယောကျ်ားကဲ့သို့ရင်း ဟူယောဇနာ)။ ဟတ္ထေန၊ ဖြင့်။ အသိဓာရံ၊ ထက်လှစွာသောသန်လျက်သွားကို။ ပရာမသန္တောဝိယစ၊ သုံးသပ်သောယောကျ်ားကဲ့သို့ရင်း။ မုဋ္ဌိနာ၊ လက်ဆုပ်ဖြင့်။ သိနေရုံ၊ မြင်းမိုရ်တောင်ကို။ ပဒါလေတုကာမောဝိယစ၊ ခွဲခြင်းငှာ အလိုရှိသောယောကျ်ားကဲ့သို့ရင်း။ ကကစဒန္တပန္တိယံ၊ လွှသွားအစဉ်၌။ ကီဠမာနောဝိယစ၊ ကစားသောယောကျ်ားကဲ့သို့ရင်း။ ပဘိန္နမဒစဏ္ဍဟတ္ထိံ၊ ပြင်းစွာအမှန်ယစ်သောကြမ်းတန်းသောဆင်ကို။ ဟတ္ထေန၊ ဖြင့်။ ဂဏှန္တောဝိယစ၊ ကိုင်သောယောကျ်ားကဲ့သို့ရင်း။ ဝဏ္ဏာရဟဿေဝ၊ ချီးမွမ်းခြင်းငှာသာထိုက်သော။ ရတနတ္တယဿ၊ ၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသမာနော၊ ဆိုသည်ဖြစ်၍။ အနယဗျသနံ၊ ပျက်စီးခြင်းသို့။ ပါပုဏိဿတိ၊ ရောက်လတ္တံ့။ ခေါပန၊ စင်စစ်သဖြင့်ကား။ အာစရိယော၊ ဆရာသည်။ ဂူထံဝါ၊ မစင်ကိုရင်း။ အဂ္ဂိံဝါ၊ ကိုရင်း။ ကဏ္ဍကံဝါ၊ ဆူးကိုရင်း။ ကဏှသပ္ပံဝါ၊ မြွေဟောက်ကိုရင်း။ အက္ကမန္တော၊ နင်းသည်ရှိသော်။ သူလံဝါ၊ တံကျင်ထက်သို့မူလည်း။ အဘိရူဟန္တော၊ တက်သည်ရှိသော်။ ဟလာဟလံ၊ လတ်တလော သေစေတတ်သော။ ဝိသံဝါ၊ အဆိပ်ကိုမူလည်း။ ခါဒန္တော၊ စားသည်ရှိသော်။ ခါရောဒကံဝါ၊ ကြမ်းတန်းသောရေကိုမူလည်း။ (အေးလှစွာသော ရေကိုမူလည်းဟူ)။ မက္ခလန္တော၊ ချိုးသည်ရှိသော်။ နရကပပါတံဝါ၊ အသူတရာအသူတထောင်နက်သောကမ်းပါးပြတ်သို့မူလည်း။ ပပတန္တော၊ ဆင်းသည်ရှိသော်။ အန္တေဝါသိနာ၊ တပည့်သည်။ တံသဗ္ဗံ၊ ထိုအလုံးစုံကို။ အနုကာတဗ္ဗံ၊ အတုလိုက်၍ပြုအပ်သည်။ နဟောတိ၊ မဖြစ်။ ဟိကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာ

လျှင် မိမိဥစ္စာဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ အနုကာတဗ္ဗံ၊ သည်။ နဟောတိ၊ မဖြစ်။

အဘယ်သို့လျှင် ကံသာလျှင် မိမိဥစ္စာဖြစ်ကုန်သနည်းဟု သူမေးဘွယ် ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ အတ္တနော ကမ္မာနုရူပမေဝ ဂတိံ ဂစ္ဆန္တိ စသည်ကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား–

သတ္တာ၊ တို့သည်။ အတ္တနော၊ ၏။ ကမ္မာနုရူပမေဝ၊ ကံအားလျော်စွာသာလျှင်။ ဂတိံ၊ အလားသို့။ (လားခြင်းသို့လည်းဟူ)။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ပိတာ၊ အဘသည်။ ပုတ္တဿ၊ ၏။ ကမ္မေန၊ ကြောင့်။ ဂတိံ၊ သို့။ နေဝဂစ္ဆတိ၊ မရောက်။ ပုတ္တောပိ၊ သည်လည်း။ ပိတု၊ ၏။ ကမ္မေန၊ ကြောင့်။ နဂစ္ဆတိ၊ မရောက်။ မာတာ၊ သည်။ ပုတ္တဿ၊ ၏။ ကမ္မေန၊ ကြောင့်။ နဂစ္ဆတိ၊ မရောက်။ ပုတ္တောပိ၊ သည်လည်း။ မာတုယာ၊ ၏။ ကမ္မေန၊ ကြောင့်။ နဂစ္ဆတိ၊ မရောက်။ ဘာတာ၊ မောင်သည်။ ဘဂိနိယာ၊ နှမ၏။ ကမ္မေန၊ ကြောင့်။ နဂစ္ဆတိ၊ မရောက်။ ဘဂိနီ၊ နှမသည်။ ဘာတု၊ မောင်၏။ ကမ္မေန၊ ကြောင့်။ နဂစ္ဆတိ၊ မရောက်။ အာစရိယော၊ သည်။ အန္တေဝါသိနော၊ တပည့်၏။ ကမ္မေန၊ ကြောင့်။ နဂစ္ဆတိ၊ မရောက်။ အန္တေဝါသီ၊ သည်။ အာစရိယဿ၊ ၏။ ကမ္မေန၊ ကြောင့်။ နဂစ္ဆတိ၊ မရောက်။ ပယုဥ္စ၊ ငါ၏ လည်း။ အာစရိယော၊ သည်။ တိဏ္ဏံ၊ ကုန်သော။ ရတနာနံ၊ တို့၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘာသတိ၊ ၏။ အရိယူပဝါဒေ၊ အရိယာတို့ကိုကဲ့ရဲ့ခြင်း သည်။ မဟာသာဝဇ္ဇောခေါပန၊ အပြစ်ကြီးသလျှင်ကတည်း။ ဣတိဧဝံ၊ ဤသို့။ ယောနိသော၊ အားဖြင့်။ ဥမ္မုဇ္ဇိတွာ၊ နှလုံးသွင်း၍။ အာစရိယဝါဒံ၊ ဆရာ့စကားကို။ (ဆရာ့အယူကိုလည်းဟူ)။ မဒ္ဒမာနော၊ ဖျက်သည်ဖြစ်၍။ သမ္မာ၊ အသင့်အားဖြင့်။ ကာရဏမေဝ၊ အကြောင်းဟုတ်သည်ကိုသာလျှင်။ ကာရဏတော၊ အားဖြင့်။ အပဒိသန္တော၊ ညွှန်းသည်ဖြစ်၍။ အနေကပရိယာယေန၊ များစွာသောအကြောင်းဖြင့်။ တိဏ္ဏံ၊ ကုန်သော။ ရတနာနံ၊ တို့၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသိတုံ၊ ငှာ။ အာရဒ္ဓေါ၊ အားထုတ်၏။ ယာထာကိံ၊ အဘယ်သူကဲ့သို့နည်း ဟူမူကား။ (တံကား နိပါတ်မျှသာ တည်း)။ ပဏ္ဍိတဇာတိကော၊ ပညာရှိသဘောရှိသော။ ကုလပုတ္တော၊ ကောင်းသောအကျင့်ရှိသောအမျိုးသားသည်။ တိဏ္ဏံ၊ ကုန်သော။ ရတနာနံ၊

တို့၏။ ဝဏ္ဏံ၊ ကို။ ဘာသိတုံ၊ ငှာ။ အာရဒ္ဓေါ်ယထာ၊ ကဲ့သို့တည်း။ တေန၊ ကြောင့်။ သုပ္ပိယဿပန ။ပ။ သံဃဿ ဝဏ္ဏံ ဘာသတီတိ၊ သုပ္ပိယဿပန ။ပ။ သံဃဿ ဝဏ္ဏံ ဘာသတိ ဟူ၍။ ဝုတ္တံ၊ ပြီ။

## ဝဏ္ဏသဒ္ဒါ၏ အတ္ထုဒ္ဓါရ

တတ္ထပါဠိ၊ ထိုဗုဒ္ဓဿ ဝဏ္ဏံ ဘာသတိ အစရှိသောပါဠိ၌။ သမဘိနိ ဝိဋ္ဌော၊ သော။ ဝဏ္ဏော[1]၊ ဝဏ္ဏသဒ္ဒါကို။ သဏ္ဌာန ဇာတိ ရူပါယတန ကာရဏ ပမာဏဂုဏ ပသံသာဒိသု၊ သဏ္ဌာန်အမျိုး ရူပါရုံအကြောင်း အတိုင်းအရှည် ကျေးဇူး ချီးမွမ်းခြင်း အစရှိသည်တို့၌။ ဒိဿတိ၊ ရှုအပ်၏။ တတ္ထ၊ ထိုသဏ္ဌာန်အစရှိကုန်သော ဝဏ္ဏသဒ္ဒါ၏အနက်တို့တွင်။ မဟန္တံ ။ပ။ အဘိနိမ္မိနိတွာတိ အာဒီသု၊ တို့၌။ သဏ္ဌာနံ၊ ကို။ ဝဏ္ဏောတိ၊ ဝဏ္ဏဟူ၍။ ဝုစ္စတိ၊ ၏။ မဟန္တံ၊ ကြီးစွာသော။ သပ္ပရာဇဝဏ္ဏံ၊ မြွေမင်း၏သဏ္ဌာန်ကို။ အဘိနိမ္မိနိတွာ၊ ဖန်ဆင်း၍။ ဗြာဟ္မဏောဝဏ္ဏော ။ပ။ ဝဏ္ဏောတိအာဒီသု၊ တို့၌။ ဇာတိ၊ အမျိုးကို။ ဝဏ္ဏောတိ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ ဗြာဟ္မဏောဝ၊ ပုဏ္ဏားသာလျှင်ဖြစ်သော။ ဝဏ္ဏော၊ အမျိုးသည်။ သေဋ္ဌော၊ မြတ်၏။ အညော၊ သော။ ဝဏ္ဏော၊ သည်။ ဟီနော၊ ယုတ်၏။ ပရမာယ ။ပ။ ဂတောတိအာဒီသု၊ တို့၌။ ရူပါယတနံ၊ ကို။ ဝဏ္ဏောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပရမာယ၊ မြတ်စွာသော။ ဝဏ္ဏပေါက္ခရတာယ၊ အဆင်းကိုယ်နှင့်။ (တနည်းကား)ကြည်ညိုအဆင်းနှင့်တူသော အဆင်းနှင့်။ သမန္နာဂတော၊ ၏။

နဟာရာမိ ။ပ။ ဂန္ဓထေနောတိ ဝုစ္စတိတိ အာဒီသု၊ တို့၌။ ကာရဏံ၊ အကြောင်းကို။ ဝဏ္ဏောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ အဟံ၊ သည်။ နဟာရာမိ၊မခိုး။ နဘုဉ္ဇာမိ၊ မချိုးမဖျက်။ အာရာ၊ အဝေးမှ။ ဝါရိဇံ၊ ကြာကို။ သိင်္ဃာမိ၊ နမ်း၏။ အထ၊ ထိုသို့ဖြစ်လျက်။ ကေန ဝဏ္ဏေန၊ အဘယ်အကြောင်းကြောင့်။ ဂန္ဓထေနောတိ၊ နံ့သာခိုးဟူ၍။ ဝုစ္စတိနနု၊ ဆိုဘိသနည်း။ တယော ပတ္တဿ ဝဏ္ဏာတိ အာဒီသု၊ တို့၌။ ပမာဏံ၊ ကို။ ဝဏ္ဏောတိ၊ ဟူ၍။ ဝုစ္စတိ ၏။ ပတ္တဿ၊ သပိတ်၏။ ဝဏ္ဏာ၊ ပမာဏတို့သည်။ တယော၊ သုံးပါးတို့

[1] ဆဋ္ဌမူအဋ္ဌကထာ၌ ဝဏ္ဏနိ္တဝဏ္ဏသဒ္ဒေါ်ဟုရှိ၏။ဝဏ္ဏနိ္တ၊ဟူရာ၌။ဝဏ္ဏသဒ္ဒေါ်၊ ဝဏ္ဏသဒ္ဒါကို-ဟု အနက်ပေး။

တည်း။ ကဒါသညူဠောပန။ပ။ ဝဏ္ဏောတိအာဒိသု၊ တို့၌။ ဂုဏော၊ ကို။ ဝဏ္ဏောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဂဟပတိ၊ သူကြွယ်။ ကဒါ၊ အဘယ်အခါ၌။ တေ ဟယာ၊ သည်။ ဂေါတမဿ၊ သော။ သမဏဿ၊ ၏။ ဣမေဝဏ္ဏာ၊ ဤကျေးဇူးတို့ကို။ သညူဠောပန၊ ချီးမွမ်းအပ်ကုန်သနည်း။ ဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသတီတိ အာဒိသု၊ တို့၌။ ပသံသာ၊ ချီးမွမ်းခြင်းကို။ ဝဏ္ဏောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဝဏ္ဏာရဟဿ၊ ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်အား။ ဝဏ္ဏံ၊ ချီးမွမ်းစကားကို။ ဘာသတိ၊ ၏။ ဣဓ၊ ဤဝဏ္ဏံဘာသတိ ဟူသော ပါဌ်၌။ ဂုဏောပိ၊ ကျေးဇူးကိုလည်း။ ပသံသာပိ၊ ချီးမွမ်းခြင်းကိုလည်း။ ဝဏ္ဏောတိ၊ ဝဏ္ဏဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အယံ၊ ဤဗြဟ္မဒတ် အမည်ရှိသော လုလင်သည်။ ဘူတမေဝ၊ ဟုတ်မှန်သည်သာလျှင်ဖြစ်သော။ တံတံ ကာရဏံ၊ ကို။ အပဒိသန္တော၊ ညွှန်းသည်ဖြစ်၍။ အနေကပရိယာယေန၊ ဖြင့်။ ရတနတ္တယဿ၊ အား။ (၏လည်းဟူ)၊ (ဂုဏသဒ္ဒါနှင့်သမ္ဗန်စပ်)။ ဂုဏူပသံဟိတံ၊ ဂုဏ်နှင့်စပ်သော။ ပသံသံ၊ ချီးမွမ်းစကားကို။ အဘာသိ ကိရ၊ ဆိုသတတ်။

ယင်း ဗြဟ္မဒတ် အမည်ရှိသော လုလင်သည် ရတနာသုံးပါးဂုဏ်နှင့် စပ်သော ချီးမွမ်းစကားကို ဆိုပေ၏ဟုဆိုပြီ၊ အသို့ဆိုသောသူသည် ရတနာသုံးပါးဂုဏ်နှင့် စပ်သောစကားကိုဆိုသည် မည်ပါသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ တတ္ထ ဣတိပိသော အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

တတ္ထ၊ ယိုရတနာသုံးပါးအား ချီးမွမ်းသောစကားကိုဆိုရာ၌။ ဣတိပိသော ။ပ။သမ္မာသမ္ဗုဒ္ဓေါတိအာဒိနာ၊ သော။ နယေန၊ ဖြင့်လည်း။ ယေတေ ဘိက္ခဝေ။ပ။ ပသန္နာတိ အာဒိနာ၊ သော။ နယေန၊ ဖြင့်လည်း။ ကောပုဂ္ဂ လော။ပ။အသမသမောတိအာဒိနာ၊ သော။ နယေန၊ ဖြင့်လည်း။ ဗုဒ္ဓဿ၊ ၏။ ဝဏ္ဏော၊ ဂုဏ်ကိုချီးမွမ်းခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။

**သာဝကပါဌ်တို့၌ အနက်ကား-** ဘိက္ခဝေ၊ ရဟန်းတို့။ ယေတေပုဂ္ဂလာ၊ တို့သည်။ ဗုဒ္ဓေ၊ ၌။ ပသန္နာ၊ ကြည်ညိုကုန်၏။ တေပုဂ္ဂလာ၊ တို့သည်။ အဂ္ဂေ၊ မြတ်သောအရာ၌။ပသန္နာ၊ ကုန်၏။ ဘိက္ခဝေ၊ ကို။ အသမော၊ ကဟု

မရှိထသော။ အသမသမော၊ အတူမရှိသောဘုရားတို့နှင့်သာ တူထသော။ ကေပုဂ္ဂလော၊ တုဘက်မရှိသော ပုဂ္ဂိုလ်သည်။ ဥပ္ပဇ္ဇမာနော၊ ပဋိသန္ဓေကို ယူသောအားဖြင့် ဖြစ်သည် ဖြစ်၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဘဂဝတာ၊ သည်။ ဓမ္မော၊ ကို။ သွာက္ခာတော၊ ကောင်းစွာဟောအပ်ပြီ။ ဣတိစ၊ ဤသို့ငင်း။ ဓမ္မော၊ သည်။ အာလယသမုဂ္ဃာတော၊ တဏှာကို အကြွင်းမဲ့ ဖြတ်တတ်၏။ ဝဋ္ဋုပစ္ဆေဒေါ၊ ဝဋ်ဆင်းရဲကို ဖြတ်တတ်၏။ ဣတိစ၊ ဤသို့ ငင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေတေပုဂ္ဂလာ၊ တို့သည်။ အရိယေ၊ ဖြူစင် တော။ အဋ္ဌဂိကေ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ မဂ္ဂေ၊ ၌။ ပသန္နာ၊ ကုန်၏။ တေပုဂ္ဂလာ၊ တို့သည်။ အဂ္ဂေ၊ ၌။ ပသန္နာ၊ ကုန်၏။ ဣတိစ၊ သို့ငင်း။ ဝေမာဒီဟိ၊ ဤသို့ အစရှိကုန်သော။ နယေဟိ၊ တို့ဖြင့်။ ဓမ္မဿ၊ ၏။ ဝဏ္ဏော၊ ဂုဏ်နှင့်စပ်သော ချီးမွမ်းခြင်းကို။ ဒိဝေ တဗ္ဗော၊ သိခြင်းငှာ တတ်ကောင်းပါ၏။ ဘဂဝတော၊၏။ သာဝကသံဃော၊ သည်။ သုပ္ပဋိပန္နော၊ ကောင်းသောအကျင့်ရှိ၏။ ဣတိစ၊ ဤသို့ငင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ယေတေပုဂ္ဂလာ၊ တို့သည်။ သံဃေ၊ ၌။ ပသန္နာ၊ ကုန်၏။ တေပုဂ္ဂလာ၊ တို့သည်။ အဂ္ဂေ၊ မြတ်သောအရာ၌။ ပသန္နာ၊ ကုန်၏။ ဣတိစ၊ ဤသို့ငင်း။ ဝေမာဒီဟိ၊ ကုန်သော။ နယေဟိပန၊ တို့ဖြင့်ကား။ သံဃဿ၊ ၏။ ဝဏ္ဏော၊ ဂုဏ်နှင့်စပ်သော ချီးမွမ်းခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။

ဆရာ- ဣတိပိသော, သွာက္ခာတော,သုပ္ပဋိပန္နော အစရှိသည်ဖြင့် ရတနာ သုံးပါးဂုဏ်ကို ချီးမွမ်းအပ်သည်၏အဖြစ်ကို ဆရာဆိုပေပြီ။ ထိုသို့သော နည်းဖြင့်သာ ချီးမွမ်းကောင်းသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ပဟောန္တေန ပန အစရှိသောပါဠ်ကို မိန့်သတည်း။ ထို ပါဠ်၏အတ္ထကား-

ပဟောန္တေန၊ စွမ်းနိုင်သော။ ဓမ္မကထိကေန ပန၊ တရားဟောတတ်သော ရဟန်းသည်ကား။ ပဉ္စနိကာယေစ၊ ငါးပါးသော နိကာယ်တို့သို့ငင်း။ နဝင်္ဂ၊ ကိုးပါးသောအင်္ဂါရှိသော။ သတ္ထုသာသနဥ္စ၊ ဘုရားသာသနာသို့ ငင်း။ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိစ၊ တို့သို့ငင်း။ဩဂါဟိတွာ၊ဉာဏ်ဖြင့် သက်၍။ ဗုဒ္ဓါဒီနံ၊ တို့၏။ ဝဏ္ဏော၊ ဂုဏ်ကို။ ပကာသေတဗ္ဗော၊ပြအပ်၏။

ထိုသို့ ရှစ်သောင်းလေးထောင် အတိုင်းအရှည်ရှိသော ဓမ္မက္ခန္ဓာသို့ ဉာဏ်ဖြင့်သက်၍ ချီးမွမ်းသော သမ္ဗုဒ္ဓသာဒနိယသုတ် အစရှိသည်တို့ကဲ့သို့ ဘုရားဂုဏ်ကို ချီးမွမ်းရာ သုတ်မဟုတ်သောကြောင့် အရာမဟုတ်သည်သို့ ဝင်သည်မမည် ပါပြီလော ဟူသော စောဒနာကို ပယ်လို၍ ဣမသ္မိံ ဟိ ဌာနေ အစရှိသော ပါဌ်ကို မိန့်သတည်း။ ထို ပါဌ်၏ အတ္ထကား-

**ဟိ**-တဒေဝယုတ္တံ၊ ၏။ ဣမသ္မိံ ဌာနေ၊ ၌။ ဗုဒ္ဓါဒိနံ၊ တို့၏။ ဂုဏေ၊ ဂုဏ်တို့ကို။ ပကာသေန္တော၊ ပြတတ်သော။ ဓမ္မကထိကော၊ ကို။ အဝိတ္ထော[၁]၊ အရာ ဌာန မဟုတ်သည်တို့သို့။ ပက္ခန္ဒော၊ ဝင်သော။ ဓမ္မကထိကောတိ၊ ဟူ၍။ ဝတ္တုံ၊ ငှာ။ နသက္ကာ၊ ကောင်း။ ဟိကာသ္မာ၊ ကြောင့်။ နသက္ကာ၊ နည်း။ ဤဒိသေသု၊ ကုန်သော။ ဌာနေသု၊ တို့၌။ ဓမ္မကထိကဿ၊ ၏။ ထာမော၊ အစွမ်းကို။ ဝေဒိတဗ္ဗော၊ ၏။ တသ္မာ၊ ကြောင့်။ နသက္ကာ၊ ကောင်း။

ဣတိပိ သောဘဂဝါ အစရှိသော ဂုဏ်ဖြင့် ရတနာ သုံးပါး ဂုဏ်ကို ချီးမွမ်းအပ်ကြောင်းကိုဆို၏။ ဗြဟ္မဒတ်သည် ထိုသို့ချီးမွမ်းအပ်ကြောင်းကို မသိတကား၊ အသို့ ချီးမွမ်းနိုင်အံ့နည်း ဟူသော စောဒနာကြောင့် ဗြဟ္မဒတ္တော ပနစသည်ကို မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား--

ဗြဟ္မဒတ္တော၊ ဗြဟ္မဒတ်အမည်ရှိသော။ မာဏဝေါပန၊ လုလင်သည်ကား။ အနုဿဝါဒိမတ္တသမ္ဘိတေန၊ တဆင့်ကြားခြင်း အစရှိသော စကားမျှနှင့် ပင်စပ်သော။ အတ္တနော၊ မိမိ၏။ ထာမေန၊ အစွမ်းဖြင့်။ ရတနတ္တယဿ၊ ၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ချီးမွမ်း၏။

**ဣတိဟ တေ ဥဘော အာစရိယန္တေဝါသီ**တိ၊ ကား။ ဧဝံ၊ ဤသို့။ ဧ[ဝံ]၊ ကုန်သော။ တေအာစရိယန္တေဝါသိကာ၊ ထိုဆရာ တပည့်တို့သည်။ **အညမညဿ**တိ၊ ဟူသည်ကား။ အညော၊ တ ယောက် သည်။ အညဿ၊ တယောက်အား။ (နှင့်လည်းဟူ)။ **ဥဇုဝိပစ္စနီကဝါဒါ**တိ၊ ဟူသည်ကား။

၁။ အဝိတ္ထော ပက္ခန္ဒော-ဆဋ္ဌ။ အဝိတ္ထေန၊ ဆိပ်မဟုတ်သဖြင့်။ ပက္ခန္ဒော၊ ဝင်သော-ဟု အနက်ပေး။

ဤသကမ္ပိ၊ စဉ်းငယ်လည်း။ အပရိဟာရိတ္ဗာ၊ မခပ်မိကြမူ၍။ ဥဇုမေဝ၊ ဖြောင့်ဖြောင့်သာလျှင်။ (စင်စင်သာလျှင်လည်းဟူ)။ ဝိဝိဓပစ္စနီကဝါဒါ၊ အထူးထူးအပြားပြား ဆန့်ကျင်သော စကားရှိကုန်သည်။ ဟုတွာ၊ ကုန်၍။

အဘယ်သို့သော ဆန့်ကျင်ခြင်းသည် အထူးထူးအပြားပြား ဆန့်ကျင်ခြင်းမည်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အနေကဝါရံ ။ပ။ အတ္တောကိုမိန့်သတည်း။ ထိုပါဌ်၏အဟ္တကား–

အနေကဝါရံ၊ အကြိမ်များစွာ။ ဝိရုဒ္ဓဝါဒါဧဝ၊ ဆန့်ကျင်သော စကားရှိကုန်သည်သာလျှင်။ ဟုတွာ၊ ၍။ ဠတိအတ္တော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

အကြိမ်များစွာလျှင် ဆန့်ကျင်သောစကား ရှိကုန်သည်၏ အဖြစ်သည် ဥဇုဝိပစ္စနီကဝါဒါ မည်၏ဟု ဆရာဆိုပြီ၊ အဘယ်သို့ အကြိမ်များစွာ ဆန့်ကျင်သောစကား ရှိကုန်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အာစရိယေန ဟိ အစရှိသောပါဌ်ကို မိန့်သသည်း။ ထိုပါဌ်၏အတ္တကား–

**ဟိ-ဝိတ္ထာရယိဿာမိ၊ အံ့။** အာစရိယေန၊ သည်။ ရတနတ္တယဿ၊ ၏။ အဝဏ္ဏော၊ ကျေးဇူးမဲ့ကို။ ဘာသိတေ၊ ဆိုအပ်သည်ရှိသော်။ အန္တေဝါသီ၊ တပည့်သည်။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ဆို၏။ ပုန၊ တဘန်။ ဠတာရော၊ တယောက်သော ဆရာသည်။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ ဠတရော၊ တယောက်သော တပည့်သည်။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ ဠတိဝေံ၊ သို့။ အာစရိယော၊ သည်။ သာရဖလကော၊ မြဲတ်သော ရွှေစင်ဖြင့်ပြီးသော အင်းပျဉ်ဒ္ဓ။ ဝိသရုက္ခအာဏိံ၊ အဆိပ်လူးသောသစ်တံကျင်ကို။ ကောဋ္ဌိယမာနော ဝိယ၊ နှက်သောယောကျ်ားကဲ့သို့။ (စိုက်သောယောကျ်ားကဲ့သို့လည်းဟူ)။ ပုနပ္ပုနံ၊ လဲ။ရတနတ္တယဿ၊ ၏။အဝဏ္ဏံ၊ကျေးဇူးမဲ့ကို။ ဘာသတိ၊၏။အန္တေဝါသီပန၊ သည်ကား။ သုဝဏ္ဏရဇတ မဏိမယာယ၊ ရွှေ,ငွေ, ပတ္တမြားတို့ဖြင့်ပြုအပ်သော။ အာဏိယာ၊ တံကျင်ဖြင့်။ တံအာဏိံ၊ ထိုတံကျင်ကို။ ပဋိဗာဟိယ မာနော ဝိယ၊ ပယ်သော ယောကျ်ားကဲ့သို့။ ပုနပ္ပုနံ၊ လဲ။ ရတနတ္တယဿ၊ ၏။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ တေန၊ ကြောင့်။ ဥဇုဝိပစ္စနီကဝါဒါတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

**ဘဂဝန္တံ**။ပ။**ဘိက္ခုသံဃဥ္စာ**တိ၊ ဘဂဝန္တံ။ပ။ဘိက္ခုသံဃဥ္စဟူသည်ကား။ ဘဂဝန္တဥ္စ၊ သို့ငှါး။ ဘိက္ခုသံဃဥ္စ၊ ကိုငှါး။ ပစ္ဆတော ပစ္ဆတော၊ နောက်မှ နောက်မှ။ ဒဿနံ၊ မြင်ခြင်းကို။ အဝိဇဟန္တာ၊ မစွန့်ကုန်သည်ဖြစ်၍။ ဣရိယာပထာနုဗန္ဓနေန၊ ဣရိယာပုထ်သို့ အစဉ်လိုက်သောအားဖြင့်။ အနုဗန္ဓာ၊ အစဉ်လိုက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ (ဣရိယာပထာနုဗန္ဓနေန ဟူသော ဝိသေသနဖြင့် သမ္ပာပဋိပတ္တိ အနုဗန္ဓနေနကို နှစ်စေသတည်း)။

သွားလျှင် သွားခြင်း ရပ်လျှင် ရပ်ခြင်း ထိုင်လျှင် ထိုင်ခြင်းသို့ လိုက်ခြင်းကို ဣရိယာ ပုထ်သို့ အစဉ် လိုက်၏ဟု ဆိုအပ်လေသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ သီသာနုလောကိနော။ပ။ အတ္တောကို မိန့်သတည်း။ ထိုပါဠ်၏အတ္တကား-

သီသာနုလောကိနော၊ ဦးခေါင်းကို မျှော်၍ကြည့်ကုန်သည်။ ဟုတွာ၊ ၍။ အနုဂတာ၊ အစဉ်လိုက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

ကသ္မာပန၊ ကြောင့်။ ဘဂဝါ၊ ရှင်တော်ဘုရားသည်။ တံအဒ္ဓါနံ၊ ထိုခရီးကို။ ပဋိပန္နော၊ ကြွသွားတော်မူသနည်း။ ကသ္မာ၊ ကြောင့်။ (စသဒ္ဒါ ဥပန္ယာသ)။ သုပ္ပိယော၊ သည်။ အနုဗန္ဓော၊ အစဉ်လိုက်သနည်း။ ကသ္မာ၊ ကြောင့်။ သော သုပ္ပိယော၊ သည်။ ရတနတ္တယဿ၊ ၏။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊နည်း။ ဣတိ၊ ဤသို့။ စေဝဒေယျ၊ အံ့။ ဘဂဝါ၊ ဘုရားရှင်သည်။ (တာဝသဒ္ဒါ ဝတ္တဗ္ဗန္တရာပေက္ခတည်း)။ တသ္မိံကာလေ၊ ၌။ ရာဇဂဟပရိဝတ္တကေသု၊ ရာဇဂြိုဟ်ပြည်၏ထက်ဝန်းကျင်၌ဖြစ်ကုန်သော။ အဋ္ဌာရသသု၊ တဆဲ့ရှစ်ရပ်ကုန်သော။ မဟာဝိဟာရေသု၊ တို့တွင်။ အညတရသ္မိံ၊ တကျောင်းကျောင်း၌။ ဝသိတွာ၊ နေတော်မူ၍။ ပါတောဝ၊ စောစောကလျှင်။ သရီရပဋိဇဂ္ဂနံ၊ ကိုယ်ကိုသုတ်သင်ခြင်းကို။ ကတွာ၊ ၍။ ဘိက္ခာစာရဝေလာယံ၊ ဆွမ်းခံအံ့သောအခါ၌။ ဘိက္ခုသံဃပရိဝုတော၊ ရဟန်းအပေါင်းခြံရံလျက်။ ရာဇဂဟေ၊ ၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရတိ၊ ၏။ သောဘဂဝါ၊ သည်။ တံဒိဝသံ၊ ၌။ ဘိက္ခုသံဃဿ၊ အား။ သုလဘပိဏ္ဍပါတံ၊ ရလွယ်သော ဆွမ်းရှိသည်ကို။ ကတွာ၊ ၍။ ပစ္ဆာဘတ္တံ၊ ဆွမ်း၏

နေ့ာက်၌။ ပိဏ္ဍပါတပဋိက္ကန္တော၊ ဆွမ်းခံရွာမှဖဲသည်ဖြစ်၍။ ဘိက္ခုသံဃံ၊ ကို။ ပတ္တစီဝရံ၊ ကို။ ဂါဟာပေတွာ၊ ယူစေ၍။ နာဋ္ဌန္ဒံ၊ နာဋ္ဌန္ဒမြို့သို့။ ဂမိဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ ရာဇဂဟတော၊ မှ။ နိက္ခမိတွာ၊ ထွက်၍။ တံအဒ္ဓါနံ၊ ထိုခရီးကို။ ပဋိပန္နော၊ ၏။ သုပ္ပိယောပိ၊ သည်လည်း။ (ခေါ်ကား ပဒပူရဏတည်း)။ တသ္မိံ ကာလေ၊ ၌။ ရာဇဂဟပရိဝတ္တကေ၊ ရာဇဂြိုဟ်ပြည်၏အပဖြစ်သော။ အညတရသ္မိံ၊ သော။ ပရိဗ္ဗာဇကာရာမေ၊ ပရိဗိုဇ်တို့၏ကျောင်း၌။ ဝသိတွာ၊ ၍။ ပရိဗ္ဗာဇကပရိဝုတော၊ လျက်။ ရာဇဂဟေ၊ ၌။ ဘိက္ခာယ၊ ငှာ။ စရတိ၊ ၏။ သောပိသုပ္ပိယော၊ သည်လည်း။ တံဒိဝသံ၊ ၌။ ပရိဗ္ဗာဇကပရိသာယ၊ ပရိဗိုဇ်ပရိသတ်အား။ သုလဘဘိက္ခံ၊ ရလွယ်သောဆွမ်းရှိသည်ကို။ ကတွာ၊ ၍။ ဘုတ္တပါတရာသော၊ နံနက်စာစားပြီးသည်ဖြစ်၍။ ပရိဗ္ဗာဇကေ၊ တို့ကို။ ပရိဗ္ဗာဇကပရိက္ခာရံ၊ ပရိဗိုဇ်တို့၏ပရိက္ခရာကို။ ဂါဟာပေတွာ၊ ယူစေ၍။ နာဋ္ဌန္ဒံ၊ သို့။ ဂမိဿာမိ၊ အံ့။ ဣစ္စေဝ ဣတိဝေ၊ ဤသို့လျှင်။ ဘဂဝတော၊ ၏။ တံမဂ္ဂပဋိပန္နဘာဝံ၊ ထိုခရီးကိုသွားတော်မူသည်၏အဖြစ်ကို။ အဇာနန္တောဝ၊ မသိသည်ဖြစ်၍သာလျှင်။ အနုပန္နော၊ အစဉ်လိုက်၏။ သစေပန ဇာနေယျ၊ အံ့။ နာနုပန္နေယျ၊ ရာ။ သော၊ ထိုသုပ္ပိယသည်။ အဇာနိတွာဝ၊ ၍လျှင်။ ဂစ္ဆန္တော၊ ၍။ဂီဝံ၊လည်ကို။ ဥက္ခိပိတွာ၊ ၍။ ဩလောကိယမာနော၊ ကြည့်လတ်သော်။ ရတ္တကမ္ဗလ ပရိက္ခိတ္တံ၊ နီသော ကမ္ဗလာတို့ဖြင့် ရံအပ်သော။ ဇင်္ဂမ ကနက ဂိရိသိခရံ ဣဝ၊ ရွရွသွားသော ရွှေတောင်ထွဋ်ကဲ့သို့။ ဗုဒ္ဓသိရိယာ၊ ဘုရားရှင်၏တင့်တယ်ခြင်းဖြင့်။ သောဘမာနံ၊ တင့်တယ်တော်မူသော။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အဒ္ဒသ၊ မြင်၏။

## ဘုရားရှင်၏ တင့်တယ်တော်မူခြင်း

ဘုရားရှင်၏တင့်တယ်ခြင်းဖြင့် တင့်တယ်တော်မူသော မြတ်စွာဘုရားကိုမြင်လေ၏ဟူပြီ၊ ထိုအခါ၌ အဘယ်သို့လျှင် ဘုရားရှင်၏ တင့်တယ်ခြင်းဖြစ်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ တသ္မိံ ကိရစသော ၂ ပါဌ်ကိုမိန့်သတည်း။ ထိုပါဌ်အတ္ထကား-

တသ္မိံ သမယေ၊ ၌။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ သရီရတော၊ မှ။ နိက္ခမိတ္ဂ၊ တွက်ကုန်၍။ ဆဗ္ဗဏ္ဏရသ္မိယော၊ ခြောက်ပါးကုန်သော ရောင်ခြည်တော်တို့သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ အသီတိဟတ္ထပ္ပမာဏေ၊ အတောင်ရှစ်ဆယ်အတိုင်းအရှည်ရှိသော။ ပဒေသေ၊ ၌။ အာဓာဝန္တိကိရ၊ ရှေ့ရှုပြေးကုန်သတတ်။ ဝိဓာဝန္တိကိရ၊ ထိုမှဤမှပြေးကုန်သတတ်။

ရောင်ခြည်ခြောက်ပါး ဟူသည်ကား ညိုသောရောင်ခြည်, ရွှေသောရောင်ခြည်, နီသောရောင်ခြည်, ဖြူသောရောင်ခြည်, မောင်းသောရောင်ခြည်,ပြိုးပြိုးပြက်သော ရောင်ခြည်တည်း။

ထိုရောင်ခြည်တို့ကြောင့် တော အုပ် ၏ ဖြစ် သော အ ခြင်း အ ရာ ကို ပြတော်မူလို၍ ရတနာဝေဠု အစရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

ရတနာဝေဠု ရတနဒါမ ရတနစုဏ္ဏ ဝိပ္ပကိဏ္ဏံဝိယစ၊ ရတနာဖွဲလုံး ရတနာပန်းဆိုင်း ရတနာမှုန့်တို့ဖြင့် ကြဲဘိသကဲ့သို့ရင်း။ ပသာရိတ ရတန စိတ္တကဉ္စုကပဋ္ဋံ ဣဝစ၊ ကောင်းစွာဖြန့်အပ်သော ရတနာတို့ဖြင့် ဆန်းကြယ်သောရွှေပြားကဲ့သို့ရင်း။ ရတ္တသုဝဏ္ဏရသနိသိဥ္စမာနံ ဣဝစ၊ ဦးသစ်သောနီသောရွှေရည်တို့ဖြင့် သွန်းဘိသကဲ့သို့ရင်း။ ဥက္ကာသတနိပါတ သမာကုလံ ဣဝစ၊ ဥက္ကာ တရာကျသဖြင့် နှောင့်ရှက်ဘိသကဲ့သို့ရင်း။ နိရန္တရ ဝိပ္ပကိဏ္ဏ ဂဏိကာရပုပ္ဖံ ဣဝစ၊ ပပြက်ကြဲအပ်သော မဟာလှေကားပွင့်ကဲ့သို့ရင်း။ ဝါယုဝေဂက္ခိတ္တ စီနပိဋ္ဌစုဏ္ဏံ ဣဝစ၊ လေ၏အဟုန်ဖြင့်လွင့်သောသုန်းမှုန့်ကဲ့သို့ရင်း။ ဣန္ဒဓနု ဝိဇ္ဇုလတာ တာရာဂဏပ္ပဘာ ဝိပ္ဖုရိတ ဝိစ္ဆုရိတံ ဣဝစ၊ သက်တင်ရေး လျှပ်စစ်နွယ် ကြယ်အပေါင်းတို့၏ အရောင်တို့ဖြင့် ပြိုးပြိုးပြက် ထွက်ဘိသကဲ့သို့ရင်း။ တံ ဝနန္တရံ၊ ထိုတောအုပ်သည်။ ဟောတိ၊ ၏။

ရောင်ခြည်တို့ကြောင့် တောအုပ်၏ ဖြစ်ဟန်ကို ဆရာဆိုပြီး၊ မြတ်စွာဘုရားကိုယ်တော်ကား ထိုရောင်ခြည်တော်တို့ကြောင့် အသို့ဖြစ်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ အသိတိ အစရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

အသီတိ အနုဗျဥ္စနာနုရဥ္စိတံ၊ ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် ဆိုးအပ်သော။ (တပ်စွန်းအပ်သောလည်းဟူ)။ ပနသဒ္ဒါ ပဒါလင်္ကာရ တည်း)။ ဘဂဝတော၊ ၏။ သရီရဥ္စ၊ ကိုယ်တော်သည်လည်း။ (ဟောတိ ၌စပ်)။ ဝိကသိတကမလုပ္ပလံ၊ ပွင့်သော ကြာနီ, ကြာညိုရှိသော။ သရံ ဣဝ၊ ရေအိုင်ကဲ့သို့ရင်း။ သဗ္ဗပါလိဖုလ္လံ[၁]၊ ပင်လုံးကျွတ်ပွင့်သော။ ပါရိစ္ဆတ္တ ကံဣဝ၊ ပင်လယ်ကသစ်ပင်ကဲ့သို့ရင်း။ တာရာမရီစိဝိကသိတံ၊ ကြယ် အပေါင်းတို့၏ အရောင်ဖြင့် ပွင့်လင်းသော။ ဂဂနတလံ ဣဝ၊ ကောင်း ကင်ပြင်ကဲ့သို့ရင်း။ သိရိယာ၊ ဘုရားရှင်၏တင့်တယ်ခြင်းဖြင့်။ သိရိံ၊ တပါး သောသူတို့၏ တင့်တယ်ခြင်းကို။ (ကံထည့်ပါ)။ အဝဟသန္တံဣဝ၊ ပြက် ရယ်မှု ပြုသကဲ့သို့ရင်း။ ဟောတိ၊ ၏။ အဿ ဘဂဝတော၊ ၏။ (လက္ခဏ သဒ္ဒါနှင့်စပ်)။ ဗျာမပ္ပဘာ ပရိက္ခေပ ဝိလာသိနီ၊ တလံမျှလောက်သော အရောင်အဝန်းတို့ဖြင့် တင့်တယ်ခြင်းရှိသော။ ဒွတ္တိံသဝရလက္ခဏမာလာ စ၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တည်းဟူ သောပန်းသည်လည်း။ ဂန္ထေတွာ ဂန္ထေတွာ၊ ကုံး၍ကုံး၍။ (ဖွဲ့၍ဖွဲ့၍လည်း ဟူ)။ ဌပိတဒွတ္တိံသ စန္ဒမာလာယစ၊ ထားအပ်သော သုံးဆယ့်နှစ်ခုသော လတည်းဟူသော ပန်း၏ရင်း။ ဒွတ္တိံသသူရိယမာလာယစ၊ သုံးဆယ့်နှစ်ခု သော နေတည်းဟူသော ပန်း၏ရင်း။ (သိရိ၌ သမ္ဗန်ချည်းစပ်လေ)။

အမှာ။ ။အချို့ပါဠိ၌ မာလာဝိယဟုရှိ၏။ မသင့်။ မာလာယဟူ၍ သာရှိသင့်သည်။ ထိုကြောင့် ဋီကာ၌ ဌပိတဒွတ္တိံသ စန္ဒမာလာယာ တိသိရိံ အဘိဘဝန္တံ ဣဝါတိ သမ္ဗန္ဓောဟု ဆိုသည်။

ပဋိပါဋိယာ၊ အစဉ်အတိုင်းအားဖြင့်။ ဌပိတ ဒွတ္တိံသ 'စက္ကဝတ္တိ ဒွတ္တိံသ သက္ကဒေဝရာဇ ဒွတ္တိံသ မဟာ ဗြဟ္မာ နံ၊ ထား အပ် သော သုံး ကျိပ် နှစ်ယောက်သော စကြာမင်း သုံးကျိပ်နှစ်ယောက်သော သိကြားမင်း သုံးကျိပ်နှစ်ယောက်သော ဗြဟ္မာကြီးတို့၏ရင်း။ သိရိံ၊ တင့်တယ်ခြင်းကို။

---

၁။ သဗ္ဗပါလိဖုလ္လံ-သဗ္ဗေန ပကာရေန ပရိတော သမန္တတော ဖုလ္လတိ ဝိက သတီတိ သဗ္ဗပါလိဖုလ္လံ၊ အ-ကာရဿ အာ-ကာရံ ရ-ကာရဿစ လ-ကာရံ ကတွာ။

သိရိယာ၊ ဘုရားရှင်၏ တင့်တယ်ခြင်းဖြင့်။ အဘိဘစန္တံ၊ ဣဝ၊ နှိပ်စက်ဘိ သကဲ့သို့။ ဟောတိ၊ ဖြစ်၏။

အဖွာ။ ။ဤဒွတ္တိံသ စန္ဒမာလာဒယ အစရှိသော ဥပမာတို့ကား သုဗောဓလက်ာရကျမ်း၌လာသော ဥပမာအများတို့တွင် ပရိကပ္ပေါ ပမာတည်း။ ပရိကပ္ပေါပမာ ဟူသည်ကား ကြံ၍သာ ဥပမာပြုသည်။ သုံးဆဲ့နှစ်ခုသော လ သုံးဆယ့်နှစ်ခုသော နေ သုံးကျိပ်နှစ်ယောက်သော စကြာမင်း ဤသို့အစရှိသော အရေအတွက်ရှိသည်မဟုတ်ဟူလိုသည်။

တဒ္ဓ ဘဂဝန္တံ၊ ထိုမြတ်စွာဘုရားကိုလည်း။ ပရိဝါရေတွာ၊ ခြံရံ၍။ ဌိတာ၊ တည်ကုန်သော။ ဘိက္ခူ၊ တို့သည်။ သဗ္ဗေဝ၊ အလုံးစုံကုန်သောရဟန်းတို့ သည်လျှင်။ အပ္ပိစ္ဆာ၊ နည်းသောအလိုရှိကုန်၏။ သန္တုဋ္ဌာ၊ ရောင့်ရဲလွယ် ကုန်၏။ ပဝိဝိတ္တာ၊ ဆိတ်ငြိမ်ရာ၌ မွေ့လျော်သောစိတ်ရှိကုန်၏။ အသံ သဋ္ဌာ၊ လူတို့နှင့် ရောနှောခြင်း မရှိကုန်။ စောဒကာ၊ မကောင်းမှုကို ပြုသောသူကို အပြစ်တင်တတ်ကုန်၏။ ပါပဂရဟိနော၊ မကောင်းမှုကို ကဲ့ရဲ့တတ်ကုန်၏။ ဝတ္တာရော၊ သူတပါးတို့ကို ဆုံးမတတ်ကုန်၏။ ဝစနက္ခ မာ၊ ဆိုဆုံးမလွယ်ကုန်၏။ သီလသမ္ပန္နာ၊ သီလနှင့်ပြည့်စုံကုန်၏။ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန သမ္ပန္နာ၊ သမာဓိ ပညာ အရဟတ္တဖိုလ် အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ် နှင့် ပြည့် စုံ ကုန် ၏။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းအပေါင်းတို့၏။ မဇ္ဈေ၊ ၌။ ဘဂဝါ၊ သည်။ (ပိဏ္ဍယတိ၌စပ်)။ ရတ္တကမ္ဗလ ပါကာရ ပရိက္ခိတ္တော၊ နီသောကမ္ဗလာ အရံကိုဖြင့် ရံအပ်သော။ ကဉ္စနထမ္ဘောဝိယစ၊ ရွှေတိုင်ကဲ့သို့ရင်း။ ရတ္တ ပဒုမသဏ္ဍမဇ္ဈဂတာ၊ နီသော ကြာပဒုမာ တောအုပ်၏ အလယ်၌ သွားသော။ သုဝဏ္ဏနာဝါဝိယစ၊ ရွှေလှေကဲ့သို့ရင်း။ ပဝါဠဝေဒိကာ ပရိက္ခိတ္တော၊ သန္တာဖြင့်ပြုအပ်သော ပွတ် တိုင် တို့ ဖြင့် ရံ အပ် သော။ အဂ္ဂိက္ခန္ဓောဝိယစ၊ မီးပုံကြီးကဲ့သို့ရင်း။ တာရာဂဏပရိဝါရိတော၊ ကြယ် အပေါင်းတို့ဖြင့် ရံအပ်သော။ ပုဏ္ဏစန္ဒောဝိယစ၊ လပြည့်ဝန်း ကဲ့သို့ရင်း။ မိဂပက္ခီနမ္ပိ၊ သားငှက် တို့၏လည်း။ စက္ခူနိ၊ မျက်စိ တို့ကို။ ပိဏ္ဍယတိ၊ နှစ်သက်စေသေး၏။ ဒေဝ မနုဿာနံ၊ တို့၏။ စက္ခုနိပန၊ တို့ကိုကား။

ပဂေဝပီဏာယတိ၊ အဘယ်မှာ မနှစ်သက်စေဘဲ ရှိနိုင်အံ့နည်း။ ပီဏာယတိဧဝ၊ နှစ်သက်စေနိုင်သည် သာလျှင်တည်း။ တသ္မိံဒိဝသေ၊ ထိုနေ့၌။ (စသဒ္ဒါကား ဥပနျာသနိပါတ်တည်း။ ပန သဒ္ဒါကား ပဒါ လင်္ကာရတည်း)[၁]။ ယေဘုယျေန၊ အားဖြင့်။ (ပရိဝါရယိံသု၌ စပ်)။ သုဒမ္မဒမ္မိကာ[၂]၊ ကောင်းစွာဆုံးမ၍ ယဉ်ကျေးကုန်ပြီးသော။ ဂန္ဓဟတ္ထိနောဝိယ၊ ဂန္ဓအမျိုးဖြစ်ကုန်ပြီးသော ဆင်တို့ကဲ့သို့။ ဝိဂတဒေါသာ၊ ကင်းပြီးသော ဒေါသရှိကုန်ထသော။ ဝန္တဒေါသာ၊ အန်ပြီးသော ဒေါသ ရှိကုန်ထသော။ ပဘိန္နကိလေသာ၊ ဖျက်ဆီးပြီးသော ကိလေသာ ရှိကုန်ထသော။ ဝိဇဋိတဇဋာ၊ ဖြေအပ်ပြီးသော ကိလေသာတည်းဟူသော ချုံစည်းရှိကုန်ထသော။ ဆိန္နဗန္ဓနာ၊ ဖြတ်အပ်ပြီးသော ကိလေသာ တည်းဟူသော နှောင်ဖွဲ့ခြင်းရှိကုန်ထသော။ အသီတိမဟာထေရာ၊ ရှစ်ကျိပ်သော မဟာထေရ်တို့သည်။ မေဃဝဏ္ဏံ၊ တိမ်အဆင်းနှင့်တူသော။ ပံသုကူလံ၊ ကို။ ဧကံသံ၊ ပခုံးတဘက်၌ တင်သည်ကို။ ကရိတွာ၊ ၍။ ကတ္တရဒဏ္ဍံ၊ တောင်ဝှေးကို။ အာဒါယ၊ ကိုင်၍။ ဘဂဝန္တံ၊ ကို။ ပရိဝါရယိံသု၊ ကုန်၏။ သောဘဂဝါ၊ သည်။ (တံမဂ္ဂံ ပဋိပန္နော ဟောတိ၌ ဟောတိ ကြိယာ၌စပ်)။ သယံ၊ မိမိသည်။ ဝီတရာဂေါ၊ ကင်းပြီးသော ရာဂရှိသည်ဖြစ်၍။ ဝီတရာဂေဟိ၊ ကင်းပြီးသော ရာဂရှိကုန်သော ရဟန္တာ တို့သည်။ ပရိဝါရိတော၊ ရံအပ်သည် ဖြစ်၍။ သယံ၊ သည်။ ဝိတဒေါသော၊ ကင်းပြီးသော ဒေါသရှိသည်ဖြစ်၍။ ဝီတဒေါသေဟိ၊ ကင်းပြီးသော ဒေါသ ရှိကုန်သော ရဟန္တာ တို့သည်။ ပရိဝါရိတော၊ ရံအပ်သည်ဖြစ်၍။ သယံ၊ သည်။ ဝီတမောဟော၊ ကင်းပြီးသော မောဟရှိသည်ဖြစ်၍။ ဝီတမောဟေဟိ၊ ကင်းပြီးသော မောဟရှိကုန်သော ရဟန္တာတို့သည်။ ပရိဝါရိတော၊ ဖြစ်၍။ သယံ၊ သည်။ ဝီတတဏှော၊ ကင်းပြီးသော တဏှာရှိသည်ဖြစ်၍။ ဝီတတဏှေဟိ၊ ကင်းပြီးသော တဏှာ ရှိကုန်သော ရဟန္တာတို့သည်။ ပရိဝါရိတော၊ ဖြစ်၍။ သယံ၊ သည်။ နိက္ကိ

---

၁။ စ နှင့် ပန၊ တကွရှိရာ၊ စ မှား ကာ;ဆက်၊ ပန နက်၊ ထုးထွက်ပေးကြမြဲ။
၂။ သုဒမ္မဝမ္မိတာ-ဆဋ္ဌ။ ကောင်းမွန်သော ရင်လွှမ်းအဝတ်ဖြင့် ဖွဲ့အပ်ကုန်ပြီးသော-ဟု အနက်ပေး။ ဤစကားသည် ထိုရဟန်းတို့၏ ပံသုကူ ဆောင်သည်ကို ပြသော စကားတည်း။

လေသော၊ ကင်းပြီးသော ကိလေသာ ရှိသည်ဖြစ်၍။ နိက္ကိလေသေဟိ၊ ကင်းပြီးသော ကိလေသာ ရှိကုန်သော ရဟန္တာတို့သည်။ ပရိဝါရိတော၊ ဖြစ်၍။ သယံ၊ သည်။ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိသည်ဖြစ်၍။ အနုဗုဒ္ဓေဟိ၊ ဘုရားကိုအမှီပြု၍ သစ္စာလေးပါးကို သိကုန်သော ရဟန္တာတို့သည်။ ပရိဝါရိတော၊ ဖြစ်၍။ သတပတ္တပရိဝါရိတံ၊ များစွာသောရွက်ချပ်တို့ဖြင့် ရံအပ်သော။ ကေသရံဝိယ၊ ဝတ်ဆံကဲ့သို့ရင်း။ ကေသရ ပရိဝါရိတာ၊ ဝတ်ဆံတို့ဖြင့် ရံအပ်သော။ ကဏ္ဏိကာဝိယ၊ အချက်ကဲ့သို့ရင်း။ (အထွဋ်ကဲ့သို့ရင်းလည်းဟူ)။ အဋ္ဌနာဂသဟဿပရိဝါရိတော၊ ရှစ်ထောင်သော ဆင်ရွှေတို့သည် ခြံရံအပ်သော။ ဆဒ္ဒန္တော၊ ဆဒ္ဒန္တ အမည် ရှိသော။ နာဂရာဇာဝိယ၊ ဆင်မင်းကဲ့သို့ရင်း။ နဝုတိဟံသသဟဿ ပရိဝါရိတော၊ ကိုးသောင်းသော ရွှေဟင်္သာတို့သည် ခြံရံအပ်သော။ ဓတရဋ္ဌော၊ ဓတရဋ္ဌ အမည်ရှိသော။ ဟံသရာဇာဝိယ၊ ရွှေဟင်္သာမင်းကဲ့သို့ရင်း။ သေနင်္ဂပရိဝုတော၊ စစ်သည် အပေါင်းတို့သည် ခြံရံအပ်သော။ စက္ကဝတ္တိ ရာဇာဝိယ၊ စကြာဝတေး မင်းကဲ့သို့ရင်း။ ဒေဝဂဏ ပရိဝါရိတော၊ နတ်အပေါင်းကိုသည် ခြံရံအပ်သော။ ဒေဝရာဇာ၊ နတ်တို့၏မင်းဖြစ်သော။ သက္ကောဝိယ၊ သိကြားမင်း ကဲ့သို့ရင်း။ ဗြဟ္မဂဏပရိဝါရိတော၊ ဗြဟ္မာအပေါင်းကိုသည် ခြံရံအပ်သော။ မဟာဗြဟ္မာဝိယ၊ ဗြဟ္မာကြီးကဲ့သို့ရင်း။ အပရိမိတကာလ သဉ္စိတပုညဗလနိဗ္ဗတ္တာယ၊ မနှိုင်းယှဉ်အပ်သော ကာလပတ်လုံး အဘန်တလဲလဲ ဆည်းပူးအပ်သော ကောင်းမှု၏ အစွမ်းကြောင့်ဖြစ်သော။ အစိန္တေယျာယ၊ ကြံခြင်းငှာ မတတ်နိုင်သော။ အနောပမာယ၊ ဥပမာ မရှိသော။ (အတုမရှိသောလည်းဟူ)။ ဗုဒ္ဓလီလာယ၊ ဘုရား၏ တင့်တယ်ခြင်းဖြင့်။ စန္ဒော၊ လသည်။ ဂဂနတလံ၊ ကောင်းကင် အပြင်ကို။ ပဋ္ဌိပန္နောဝိယ၊ သွားသကဲ့သို့။ တံမဂ္ဂံ၊ ကို။ ပဋိပန္နော၊ ကြွသွားတော်မူသည်။ ဟောတိ၊ ဖြစ်၏။

## ဗုဒ္ဓသာဝကနှင့် တိတ္ထိယသာဝကတို့၏ ခြားနားပုံ

အထ၊ ထိုသို့ သွားတော်မူသော အခါ၌။ (အဝလောကေသိဉ္စရပ်)။ ဝေါ၊ ဤသို့။ အနောပမာယ၊ အတု မရှိသော။ ဗုဒ္ဓလီလာယ၊ ဘုရား၏

တင့်တယ်ခြင်းဖြင့်။ ဂစ္ဆန္တံ၊ ကြွသွားတော်မူသော။ ဘဂဝန္တဉ္စ၊ ကိုရင်း။ ဩက္ခိတ္တစက္ခုံ၊ ချသောစက္ခုန္ဒြေရှိကုန်သော။ သန္တိန္ဒြိယေ၊ ငြိမ်သက်သော ဣန္ဒြေရှိကုန်သော။ သန္တမာနသေ၊ ငြိမ်သက်သော စိတ်ရှိကုန်သော။ ဥပရိ-နဘော၊ အထက်ကောင်းကင်၌။ ဌိတံ၊ တည်သော။ ပုဏ္ဏစန္ဒံ၊ လပြည့်ဝန်းကို။ နမဿမာနာဝိယ၊ ရှိခိုးကုန်သကဲ့သို့။ ဘဂဝန္တံယေဝ၊ မြတ်စွာဘုရားကိုသာလျှင်။ နမဿမာနေ၊ ရှိခိုးကုန်သော။ ဘိက္ခူစ၊ တို့ကိုရင်း။ဒိသွာ၊၍။ ပရိဗ္ဗာဇကော၊ သည်။ အတ္တနော၊ ၏။ ပရိသံ၊ ပရိသတ်ကို။ အဝလောကေသိ၊ စောင်း၍ကြည့်၏။ (တစောင်းကြည့်၏လည်းဟူ)။ သာပရိသာ၊ ထိုပရိသတ်သည်။ ကာဇဒဏ္ဍကော၊ ထမ်းပိုးစွန်း၌။ ဩလဂ္ဂေတွာ၊ ဆွဲ၍။ ဂဟိတော လုဂ္ဂ ဝိလုဂ္ဂ ပီဌကာ တိဒဏ္ဍ မောရပိဥ္ဆ မတ္တိကာပတ္တ ပသိဗ္ဗက ကုဏ္ဍိကာဒိ အနေကပရိက္ခာရ ဘာရဘာရိတာ၊ ယူအပ်သော ထိုမှဤမှ တွဲရရွဲကျသော အင်းပျဉ် သစ်သားသုံးခွ ဥဒေါင်းမြီးယပ် မြေသပိတ် အိတ် ကရား အစရှိသော များ သော ပရိက္ခ ရာ ဝန် တို့ ဖြင့် ပြည့်သည်။ ဟောတိ၊ ၏။ အသုံက်သာ၊ ဤမည်သောသူ၏။ ဟတ္ထာ၊ လက်တို့သည်။ သောဘဏာ၊ တင့်တယ်ကုန်၏။ အသုကဿ၊ ၏။ ပါဒါ၊ တို့သည်။ သောဘဏာ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဧဝမာဒိ နိရတ္ထက ဝစနမုခရ ဝိကိဏ္ဏဝါစာ၊ ဤသို့အစရှိသော အကျိုးမရှိသောစကား ကြမ်းတန်းသောစကား ဖရိုဖရဲသော စကားရှိသည်။ ဟောတိ၊ ၏။ အဒဿနီယာ၊ ရှုချင်ဘွယ်မရှိသည်။ ဟောတိ၊ ၏။ အပါသာဒိကာ၊ ကြည်ညိုဘွယ်မရှိသည်။ ဟောတိ၊ ၏။ တဿ၊ ထိုသုပ္ပိယပရိဗိုဇ်၏။ (ဝိပ္ပဋိသာရော၌စပ်)။ ဝါ၊အား။(ဥဒပါဒိ၌စပ်)။ တံ၊ ထိုမိမိပရိသတ်ကို။ ဒိသွာ၊ ၍။ ဝိပ္ပဋိသာရော၊ နှလုံးမသာခြင်းသည်။ ဥဒပါဒိ၊ ဖြစ်၏။

ဣဒါနိ၊ ၌။ တေန၊ ထိုသုပ္ပိယပရိဗိုဇ်သည်။ ဘဂဝတော၊ ၏။ ဝဏ္ဏော၊ ကျေးဇူးကို။ ဝတ္တဗ္ဗော၊ သည်။ ဘဝေယျ၊ ၏။ ယသ္မာပန[1]၊ ကြောင့်။ သေ ဧသော ပရိဗ္ဗာဇကော၊ သည်။ လာဘ သက္ကာရ ဟာနိယာ စေဝ၊ လာဘ် အရိုအသေပြုခြင်းမှ ယုတ်သောကြောင့်ရင်း။ ပက္ခဟာနိယာစ၊

---

၁။ ပနာတိ အရုစိသံသူစနတ္ထော။ ။ဋီသစ်-၁၉၅။ ပန၊ ထိုသို့သုပ္ပိယသည် ဗုဒ္ဓ၏ကျေးဇူးကိုဆိုအပ်ဆိုသင့်သော်လည်း-ဟု အနက်ပေး။

အပင်းအသင်းမှ ယုတ်သောကြောင့်ရှင်း။ နိစ္စမ္ပိ၊ အမြဲလည်း။ ဘဂဝန္တံ၊ ကို။ ဥဿုယျတိ၊ ငြူစူ၏။

ယသ္မာ ပနေသ ။ပ။ ဥဿုယျတိ ဟူသောပါဠိဖြင့် ကသ္မာ စသော ရတနတ္တယဿ အဝဏ္ဏံ ဘာသတိ ဟူသော တတိယ ပုစ္ဆာကို ဖြေသတည်း။

ပရိဗိုဇ်တို့သည် တိတ္ထိဖြစ်လျက် လာဘ် အရိုအသေ ပြုခြင်းကိုသည် အဘယ်သို့လျှင် ဖြစ်ကုန်အံ့နည်းဟု စောဒနာရန်ရှိရကား အညတိတ္ထိယာနံ ဟိ စသည်ကို မိန့်သတည်း။ ထိုပါဠိ၏အနက်ကား—

**ဟိ-တဒေဝယုတ္တံ၊** ၏။ အညတိတ္ထိယာနံ၊ သာသနာတော်မှအပဖြစ်သော တိတ္ထိတို့အား။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဗုဒ္ဓါ၊ တို့သည်။ လောကေ၊ ၌။ နုပ္ပဇ္ဇန္တိ၊ ကုန်။ တာဝဒေဝ၊ ထိုမျှလောက်သော ကာလပတ်လုံးသာလျှင်။ လာဘသက္ကာရော၊ လာဘ် အရိုအသေ ပြုခြင်းတို့သည်။ နိဗ္ဗတ္တန္တိ၊ ကုန်၏။ ဗုဒ္ဓုပ္ပါဒတောပန၊ ဘုရားဖြစ်သော အခါမှကား။ ပဋ္ဌာယ၊ ၍။ ပရိဟီနလာဘသက္ကာရာ၊ ယုတ်သော လာဘ် အရိုအသေပြုခြင်း ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ သူရိယုဂ္ဂမနေ၊ နေအရုဏ်တက်သောအခါ၌။ ခဇ္ဇောပနကာ ဝိယ၊ ပိုးစုန်းကြူးတို့ကဲ့သို့။ နိဿိရိကတံ၊ အရောင်အဝါ မရှိသည်၏ အဖြစ်သို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ ဥပတိဿ ကောလိတာနံ၊ ဥပတိဿ ကောလိတတို့၏။ (စသဒ္ဒါ ကား ဥပမျှသတည်း)။ သဥယဿ၊ သိဥ္စည်း၏။ သန္တိကေ၊ ၌။ ပဗ္ဗဇိတကာလေယေဝ၊ ရဟန်းပြုသောအခါ၌လျှင်။ပရိဗ္ဗာဇကော၊ တို့သည်။ မဟာပရိသာ၊ များသောပရိသတ်ရှိကုန်သည်။ အဟေသုံ၊ ကုန်၏။ တေသု၊ ထို ဥပတိဿ ကောလိတတို့သည်။ ပက္ကန္တေသုပန၊ သွားကုန်သည် ရှိသော်ကား။ တေသံ၊ ထိုပရိဗိုဇ်တို့၏။ သာပရိသာ၊ သည်။ ပရိဟီနာ၊ ယုတ်၏။ ဣတိ၊ ဤသို့။ ဒွိဟိ၊ ကုန်သော။ ဣမေဟိ ကာရဏေဟိ၊ တို့ဖြင့်။ အယံပရိဗ္ဗာ ဇကော၊ သည်။ ယသ္မာ၊ ကြောင့်။ နိစ္စံ၊ အမြဲ။ ဘဂဝန္တံ၊ ကို။ ဥဿုယျတိ၊ ငြူစူ၏။ တသ္မာ၊ ကြောင့်။ တံဥဿုယျဝိသုဂ္ဂါရံ၊ ထိုငြူစူခြင်းဟူသော အဆိပ်ကို အန်ခြင်းကို။ ဥဂ္ဂိရန္တော၊ အန်လိုသည်ဖြစ်၍။ ရတနတ္တယဿ၊

၏။ အဝဏ္ဏမေဝ၊ ကျေးဇူးမဲ့ကိုသာလျှင်။ ဘာသတိ။ ၏။ ဣတိ၊ဤသို့။ဝေဒိ
တဗ္ဗော၊ ၏။

၂။ **အထခေါဘဂဝါ။ပ။ဘိက္ခုသံဃေနာတိ၊ ကား။** ဘဂဝါ၊ သည်။
တာယဗုဒ္ဓလီလာယ၊ ထိုဘုရား၏တင့်တယ်ခြင်းဖြင့်။ ဂစ္ဆမာနော၊ ကြွသွား
လေသော်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ အမ္ဗလဋ္ဌိကာဒွါရံ၊ နုပျိုသော
သရက်ပင်ရှိသော ဥယျာဉ်တံခါးသို့။ ပါပုဏိတွာ၊ ၍။ သူရိယံ၊ နေကို။
ဩလောကေတွာ၊ ၍။ ဣဒါနိ၊ ၌။ ဂန္တုံ၊ ငှာ။ အာကာလော၊အခါမဟုတ်။
သူရိယော၊ သည်။ အတ္ထင်္ဂမသမီပံ၊ ဝင်ခါနီးသို့။ ဂတော၊ ရောက်ပြီ။ ဣတိ၊
ဤသို့။ အမ္ဗလဋ္ဌိကာယံ၊ နုပျိုသောသရက်ပင်ရှိသော ဥယျာဉ်၌။ ရာဇာဂါ
ရကေ၊ မင်းကွန်း၌။ ဧကရတ္တိဝါသံ၊ တညဉ့်နေခြင်းသို့။ ဥပဂစ္ဆိ၊ ကပ်တော်
မူလေ၏။

တတ္ထ၊ ထိုအမ္ဗလဋ္ဌိကာယံရာဇာဂါရကေ- ဟူသော ပါဌ်၌။ သမဘိနိ
ဝိဋ္ဌဿ၊ သော။ **အမ္ဗလဋ္ဌိကာတိ** ပဒဿ၊ ၏။ ရညောဥယျာနန္တိ အတ္ထော၊
ရညောဥယျာနံ ဟူသောအနက်ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ရညော၊ ၏။ ဥယျာနံ၊
တည်း။ တဿ ဥယျာနဿ၊ ၏။ ဒွါရသမီပေ၊ တံခါး၏ အနီး အပါး၌။
တရုဏအမ္ဗရုက္ခော၊ နုပျိုသောသရက်ပင်သည်။ အတ္ထိကိရ၊ ရှိသတတ်။ တံ၊
ထိုနုပျိုသော သရက်ပင်ကို။ အမ္ဗလဋ္ဌိကာတိ၊ အမ္ဗလဋ္ဌိကာဟူ၍။ ဝဒန္တိ၊
ကုန်၏။ တဿ၊ ထိုနုပျိုသောသရက်ပင်၏။ အဝိဒူရေ၊ အနီး၌။ ဘာဝတ္တာ၊
ဖြစ်သည်၏အဖြစ်ကြောင့်။ ဥယျာနမ္ပိ၊ သည်လည်း။ (အဝိဒူရေ ကတဥယျာ
နမ္ပိ ဟူ၍လည်း ပါဌ်ရှိ၏)။ အဝိဒူရေ၊ ၌။ ကတဥယျာနမ္ပိ၊ ပြုအပ်သော
ဥယျာဉ်သည်လည်း။ (ဤသို့ယောဇနာ)။ အမ္ဗလဋ္ဌိကာတွေဝသင်္ချံ၊ အမ္ဗ
လဋ္ဌိကာဟူသော ခေါ်ဝေါ်ခြင်းသို့လျှင်။ ဂတံ၊ ရောက်၏။

**အမှာ။** ။အမ္ဗလဋ္ဌိကာ ဟူသော အမည်ကား မုချအမည် မဟုတ်၊
ဥယျာဉ်တံခါး၏ အနီး၌ နုပျိုသော သရက်ပင် ရှိသောကြောင့် နုပျို
သောသရက်ပင်ကို စွဲ၍ သမီပူပစာရအားဖြင့် ဥယျာဉ်ကိုလည်း အမ္ဗ
လဋ္ဌိကာဟု ခေါ်သတည်း။

တံဥယျာနံ၊ သည်။ ဆာယူဒကသမ္ပန္နံ၊ အရိပ်ရေနှင့် ပြည့်စုံ၏။ ပါကာရပရိက္ခိတ္တံ၊ တံတိုင်းတို့ဖြင့် ရံအပ်၏။ သုယောဇိတဒွါရံ၊ ကောင်းစွာယှဉ်အပ်သော တံခါးရှိ၏။ မဥ္ဇူသာဝိယ၊ တံတင်းကဲ့သို့။ သုဂုတ္တံ၊ ကောင်းစွာလုံ၏။ တတ္ထ၊ ထိုဥယျာဉ်၌။ ရညော၊ ၏။ (အဂါရံ၌စပ်)။ ရညော၊ ကို။ (ကီဠနတ္ထံ ဆင့်ကံစပ်)။ ကီဠနတ္ထံ၊ ကစားစေခြင်းငှာ။ ပဋိဘာနစိတ္တဝိစိတ္တံ၊ ထင်မြင်ဆန်းကြယ်သော ပန်းချီ ဆေးအရုပ်ရှိသော။ အဂါရံ၊ အိမ်ကို။ အကံသု၊ ကုန်၏။ တံအဂါရံ၊ ကို။ ရာဇာဂါရကန္တိ၊ မင်းကွန်းဟူ၍။ ဝုစ္စတိ၊ ၏။ (ရာဇသ ကီဠနတ္ထံ အဂါရံ ရာဇာဂါရံဟု မဇ္ဈေလောပ ဆဋ္ဌီတပ္ပုရိသ် ပြုလို၏)။

**သုပ္ပိယောပိခေါတိ၊** ဟူသည်ကား။ သုပ္ပိယောပိ၊ သည်လည်း။ တသ္မိံ ဌာနေ၊ ၌။ သူရိယံ၊ ကို။ သြလောကေတွာ၊၍။ ဣဒါနိ၊ ၌။ ဂန္တုံ၊ သွားခြင်းငှာ။ အကာလော၊ အခါမဟုတ်။ ခုဒ္ဒကာ၊ ငယ်ကုန်သော။ မဟလ္လကာ၊ ကြီးကုန်သော။ ပရိဗ္ဗာဇကာ၊ တို့သည်။ ဗဟူ၊ များစွာကုန်၏။ အယဉ္စ မဂ္ဂေါ၊ ဤခရီးသည်လည်း။ စောရေဟိပိ၊ တို့ဖြင့်ရှင်း။ ဝါဠယက္ခေဟိပိ၊ ကြမ်းသော ဘီလူးတို့ဖြင့်ရှင်း။ ဝါဠမိဂေဟိပိ၊ ကြမ်းသော သစ်ကျားတို့ဖြင့်ရှင်း။ ဗဟုပရိဿယော၊ များသော ဘေးရန်ရှိ၏။ ခေါပန၊ စင်စစ်။ ဂေါတမော၊ ဂေါတမအနွယ်ဖြစ်သော။ အယံသမဏော၊ သည်။ ဥယျာနံ၊ သို့။ ပဝိဋ္ဌော၊ ဝင်၏။ ဂေါတမဿ၊ သော။ သမဏဿစ၊ ၏လည်း။ ဝသနဋ္ဌာနေ၊ နေရာအရပ်၌။ ဒေဝတာ၊ တို့သည်။ အာရက္ခံ၊ အစောင့်ကို။ ဂဏှန္တိ၊ ယူကုန်၏။ ဟန္ဒ၊ ယခု။ အဟမ္ပိ၊ သည်လည်း။ ဣမေဝ၊ ဤဥယျာဉ်၌သာလျှင်။ ဧကရတ္တိဝါသံ၊ တညဉ့်နေခြင်းကို။ ဥပဂန္တွာ၊ ကပ်၍။ သွေ၊ နက်ဖန်။ ဂမိဿာမိ၊ အံ့။ ဣတိမနသိကတွာ၊ ၍။ တဒေဝဥယျာနံ၊ သို့လျှင်။ ပါဝိသိ၊ ဝင်လေ၏။ တတော၊ မှ။ ဘိက္ခုသံဃော၊ သည်။ ဘဂဝတော၊ အား။ ဝတ္တံ၊ ဝတ်ကို။ ဒဿေတွာ၊ ပြ၍။ အတ္တနော အတ္တနော၊ ၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ သလ္လက္ခေသိ၊ မှတ်၏။ ပရိဗ္ဗာဇကောပိ၊သည်လည်း။ ဥယျာနဿ၊ ဥယျာဉ်၏။ ဧကပဿေ၊ တခုသော နံပါး အရပ်၌။ ပရိဗ္ဗာဇကပရိက္ခာရေ၊ ပရိဗိုဇ်တို့၏ ပရိက္ခရာတို့ကို။ သြတာရေတွာ၊ ချ၍။

ဝါသံ၊ တည်ဦ့နေခြင်းကို။ အတ္တနော၊ ၏။ ပရိသာယ၊ နှင့်။ သဒ္ဓိံ၊ တကွ။ ဥပဂစ္ဆိ၊ ကပ်လေ၏။

ဆရာ-သဒ္ဓိံ အတ္တနော ပရိသာယဟု ဆို၏။ ပါဠိတော်၌ သဒ္ဓိံ အတ္တနော အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန ဟူ၍ ဗြဟ္မဒတ် တယောက်နှင့်သာ တကွကပ်သည်ကို ဆိုသည်တကားဟု သူစောဒနာ ဘွယ်ရှိ၍ ထိုစောဒနာကိုဖြေခြင်းငှာ ပါဠိယံ။ပ။ ဝုတ္တံကို မိန့်သတည်း။ ထိုပါဠ်၏အတ္ထကား-

ပါဠိယံ၊ ၌။ အာရုဠ္ဟဝသေန၊ သင်္ဂါယနာတင်သည်၏အစွမ်းဖြင့်။ သဒ္ဓိံ ။ပ။ မာဏဝေနာတိ၊ ၍။ ဝုတ္တံ၊ ၏။

ဝေံ၊ ဤသို့။ ဝါသံ၊ တည်ဦ့နေခြင်းသို့။ ဥပဂတေပန၊ ကပ်ပြီး၍ကား။ သောပရိဗ္ဗာဇကော၊ သည်။ ရတ္တိဘာဂေ၊ ညဉ့်အဘို့၌။ ဒသဗလံ၊ မြတ်စွာ ဘုရားကို။ ဩလောကေသိ၊ ၏။ တသ္မိံ စသမယေ၊ ၌ကား။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ပိပ္ပဂိဏ္ဏတာရကာဝိယ၊ ပြိုးပြိုးပြက် ပြည့်သော ကြယ် အပေါင်းတို့ကဲ့သို့။ ပဒိပါ၊ ဆီမီးတို့သည်။ ဇလန္တိ၊ တောက်ပကုန်၏။ မဇ္ဈေ ထမ္ဘော၊ အလယ်တိုင်၌။ ဘဂဝါ၊ သည်။ နိသိန္နော၊ သည်။ ဟောတိ၊ ၏။ ဘိက္ခုသံဃောစ၊ သည်လည်း။ ဘဂဝန္တံ၊ ကို။ ပရိဝါရေတွာ၊ ထက်ဝန်း ကျင်မှ ခြံရံ၍။ နိသိန္နော၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုရဟန်းအပေါင်း တို့တွင်။ ကေဘိက္ခုသာပိ၊ ၏လည်း။ ဟတ္ထကုက္ကုစ္စံဝါ၊ လက်ကိုလှုပ်ခြင်း သည်ရှင်း။ ပါဒကုက္ကုစ္စံဝါ၊ ခြေကိုလှုပ်ခြင်းသည်ရှင်း။ ဥက္ကာသိတသဒ္ဒေါ ဝါ၊ချောင်းဆုံ့သောအသံသည်ရှင်း။ ခိပိတသဒ္ဒေါဝါ၊ ချီသောအသံသည် ရှင်း။ နတ္ထိ၊ မရှိ။ ဟိ- တဒေဝယုတ္တံ၊ ၏။ သာပရိသာ၊ ထိုဘုရားရှင်ပရိသတ် သည်။ အတ္တနော၊ မိမိ၏။ သိက္ခိတသိက္ခတာယစ၊ သင်အပ်ပြီးသော အကျင့်ဝတ် ရှိသည်၏အဖြစ်ကြောင့်ရှင်း။ ဘဂဝတိ၊ ၌။ ဂါရဝေနစ၊ ရိုသေ ခြင်းရှိသည်၏အဖြစ်ကြောင့်ရှင်း။ ဣတိ၊ ဤသို့။ ဒွီဟိ၊ ကုန်သော။ ကာရ ဏေဟိ၊ တို့ကြောင့်။ နိဝါတေ၊ လေတိတ်သောအခါ၌။ ပဒီပသိခါဝိယ၊ ဆီမီးလျှံကဲ့သို့။ နိစ္စလာဝ၊ တုန်လှုပ်ခြင်း မရှိသည်ဖြစ်၍သာလျှင်။ သန္နိ သိန္နာ၊ စည်းဝေးသည်။ အဟောသိ၊ ၏။ ပရိဗ္ဗာဇကော၊ သည်။ တံဝိဘူ

တိံ၊ ထိုသို့သောတင့်တယ်ခြင်းကို။ ဒိသွာ၊ ၍။ အတ္တနော၊ ၏။ ပရိသံ၊ ကို။ ဩလောကေသိ၊ ၏။ ဟတ္ထ၊ ယိုသုပ္ပိယ၏ပရိသတ်တို့တွင်။ ကေစိ၊ အချို့ ကုန်သောဂေါ့ဗိုဏ်တို့သည်။ ဟတ္ထံ၊ လက်ကို။ ဝိပေဿ၊ ပစ်ကုန်၏။ ကေစိ၊ ပုိ့သည်။ ပါဒံ၊ ကို။ ခိပေန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ ဝိပ္ပလပန္တိ၊ ယောင် ယမ်းကုန်၏။ ကေစိ၊ တို့သည်။ နိလ္လာလိတဇိဝှါ၊ ထွက်သော လျှာရှိကုန် သည်ဖြစ်၍။ ပဂ္ဃရိတခေဠာ၊ ယိုသော တံတွေးရှိကုန်သည်ဖြစ်၍။ ဒန္တေ၊ သွားတို့ကို။ ခါဒန္တာ၊ ကြိတ်ကုန်သည်ဖြစ်၍။ ကာကစ္ဆမာနာ၊ ကျီးသံကဲ့ သို့သောအသံကို ပြုကုန်သည်ဖြစ်၍။ (ဟောက်ကုန်သည်ဖြစ်၍လည်းဟူ)။ ဟာရုဟာရုပဿာသိနော၊ ချုတ်ချုတ် မြည်သော ထွက်သက်ဝင်သက်ရှိကုန် သည်ဖြစ်၍။ သယန္တိ၊ ကုန်၏။ သော၊ ထိုသုပ္ပိယပရိဗိုဇ်သည်။ ရတနတ္တယဿ၊ ၏။ ဂဏ္ဍေ၊ ကို။ ဝတ္တမ္ဗေပိ၊ ဆိုအပ်သင့်လျက်လည်း။ ဂူဿာဝသေန၊ ငြူစူ သည်၏အစွမ်းဖြင့်။ အဝဏ္ဏမေဝ၊ ကျေးဇူးမဲ့ကိုသာလျှင်။ ဘာသိတုံ၊ ငှာ။ (ထည့်)။ အာရဘိ၊ အားထုတ်၏။ ဗြဟ္မဒတ္တောပန၊ သည်ကား။ ဝုတ္တနယေ နေဝ၊ ဖြင့်လျှင်။ ဝဏ္ဏံ၊ ကို။ ဘာသိတုံ၊ ငှာ။ အာရဘိ၊ ၏။ တေန၊ ကြောင့်။ **တတြာပိသုဒံ။ပ။ဇကောတိ၊** ဟူ၍။ ဝုတ္တံ၊ ပြီ။ သဗ္ဗံ၊ အလုံးစုံသောစကားကို။ ဝတ္တဗ္ဗံ၊ ၏။ (သဗ္ဗံ ဝတ္တဗ္ဗံ၏အရကို ပါဠိ၌လာသော အနေက။ပ။အဝဏ္ဏံ ဘာသတိအာစရှိသော စကားအစဉ်ကိုယူလေ)။ တတ္ထပါဠေ၊ ထိုတတြာပိ သုဒံ အစရှိသောပါဠ်၌။ **တတြာပီတိ၊** ကား။ တသ္မိံ အမ္ဗလဋ္ဌိကာယမ္ပိ၊ ထို နုပျိုသော သရက်ပင်ရှိသည်လည်းဖြစ်သော။ ဥယျာနေ၊ ၌။ ဂူဟိအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

အပ္ပလဋ္ဌိကာယ ဟူ၍သာ ဆိုချေသော် အမ္ဗလဋ္ဌိက သဒ္ဒါသည် နုပျို သောသရက်ပင်ကို ဟောရကား သရက်ပင်၌လည်းဟူသော အနက် အလျဉ်းရှိသောကြောင့် သမိပူပစာရအားဖြင့် ဥယျာဉ်ကိုလိုအပ်သည် ၏အဖြစ်ကို သိစေခြင်းငှာ ဥယျာနေတိ အတ္ထောဟု ဆိုပြန်သတည်း။

၃။ **သမ္ဗဟုလာနန္တိ၊** ကား။ ဗဟုကာနံ၊ များကုန်သော။ တတ္ထ၊ ထိုသမ္ဗဟု လာနံ ဟူသောစကား၌။ ဝိနယပရိယာယေန၊ ဝိနည်းဒေသနာအားဖြင့်။ တယော၊ ကုန်သော။ ဇနာ၊ ရဟန်းတို့ကို။ (လူတို့ကိုလည်းဟူ)။ သမ္ဗဟု

လာတိ၊ သမ္ဗဟုလာဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။ တတော၊ ထိုသုံးယောက်တို့ထက်။ ပရံ၊ လွန်မူကား။ သံဃော၊ သံဃာမည်၏။ သုတ္တန္တပရိယာယေနပန၊ သုတ္တန်ဒေသနာအားဖြင့်ကား။ တယော၊ သုံးယောက်တို့သည်။ တယောဝေ၊ တယောသာ မည်ကုန်၏။ (သုံးယောက်သာမည်ကုန်၏ လည်းဟူ)။ နသမ္ဗဟုလာ၊ သမ္ဗဟုလ မမည်ကုန်။ (အများ မမည်ကုန်လည်းဟူ)။ (နသမ္ဗဟုလာကား ဝေသဒ္ဒါ၏ နိဝတ္တနတ္ထထည့်သတည်း)။ တတော၊ ထိုသုံးယောက်မှ။ ပဋ္ဌာယ၊ ၍။ သမ္ဗဟုလာ၊ မည်ကုန်၏။ ဣဓပန၊ ဤသမ္ဗဟုလာနံ ဟူသောပုဒ်၌ကား။ သုတ္တန္တပရိယာယေန၊ ဖြင့်။ သမ္ဗဟုလာတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ ကုန်၏။ **မဏ္ဍလမာဠေတိပဒဿ**၊ ၏။ အတ္ထော၊ ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ ကတ္ထစိ၊ အချို့သောအရာ၌။ ဒွေ၊ နှစ်ခုကုန်သော။ ကဏ္ဏိကာ၊ အထွဋ်တို့ကို။ ဂဟေတွာ၊ ယူ၍။ ဟံသဝဋ္ဋကစ္ဆန္နေန၊ ဟင်္သာတောင်ကဲ့သို့ လည်၍မိုးသဖြင့်။ ကတာ၊ ပြုအပ်သော။ ကူဋာဂါရသာလာ၊ စုလစ်မွန်းချွန် တပ်သောစရပ်ကို။ မဏ္ဍလမာဠောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ကတ္ထစိ၊ အချို့၌။ ဧကံ၊ သော။ ကဏ္ဏိကံ၊ အထွဋ်ကို။ ဂဟေတွာ၊ ယူ၍။ ထမ္ဘပန္တိံ၊ တိုင်စဉ်ကို။ ပရိက္ခိပိတွာ၊ ရံ၍။ ကတာ၊ သော။ ဥပဋ္ဌာနသာလာပိ၊ စည်းဝေးရာစရပ်ကိုလည်း။ မဏ္ဍလမာဠောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဣဓပန၊ ၌ကား။ နိသီဒနသာလာ၊ စည်းဝေးရာစရပ်ကို။ မဏ္ဍလမာဠောတိ၊ ၍။ ဝုစ္စတိ၊ ၏။ **သန္နိသိန္နာနန္တိ**၊ ကား။ နိသဇ္ဇနဝသေန၊ ထိုင်သည်၏အစွမ်းဖြင့်။ (အညီအညွတ်ထိုင်ခြင်းသည် သန္နိသိန္နမည်၏ဟု သိစေခြင်းငှာ နိသဇ္ဇနဝသေနဟု ဆိုသတည်း)။ **သန္နိပတိတာနန္တိ**၊ ဟူသည်ကား။ သမောဓာနဝသေန၊ ပေါင်းသည်၏အစွမ်းအားဖြင့်။ **အယံသင်္ခိယဓမ္မောတိ**ဧတ္ထပါဌေ၊ ၌။ ကထာ၊ စကားကို။ သင်္ခိယာတိ၊ သင်္ခိယဟူ၍။ ဝုစ္စတိ၊ ၏။ ကထာဓမ္မော၊ စကားသဘောသည်။ ဣတိအယံအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ **ဥဒပါဒီတိ**၊ ကား။ ဥပ္ပန္နော၊ ဖြစ်၏။ သောသင်္ခိယဓမ္မော၊ ထိုစကားသဘောသည်။ ကတမောပန၊ အဘယ်နည်း။ ဣတိပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ **အစ္ဆရိယံဝတအာဝုသောတိ** ဝေမာဒိ၊ ဤသို့အစရှိသည်တည်း။ တတ္ထ၊ ထိုအစ္ဆရိယံဝတအာဝုသော အစရှိသော ပါဠိ၌။ သမဘိနိဝိဋ္ဌာ၊ အကျုံးဝင်သော။ အစ္ဆရိယန္တိပဒဿ၊ ၏။

ဝိဂ္ဂဟော၊ ဂုံ။ ဝေံ၊ ဤသို့။ ကာတဗ္ဗော၊ အပ်၏။ အန္ဒယ၊ သူကန်း၏။ ပဗ္ဗတာရောဟဏံ၊ တောင်သို့တက်ခြင်းသည်။ နိစ္စံ၊ မြဲသည်။ နဟောတိပိယ၊ ကဲ့သို့။ ယံကမ္မံ၊ သည်။ နိစ္စံ၊ မြဲသည်။ နဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ ကြောင့်။ တံကမ္မံ၊ သည်။ **အဓိစ္စသမုပ္ပန္နံ** ၏။

ဝိဂ္ဂဟ်တုကည်း။ ဝိဂ္ဂဟ်စစ်ကား န ဆရိယန္တိ အစ္စရိယံဟု မိဿက တပ္ပုရိသ်ပြုလေ။ ယံကမ္မံ၊ သည်။ ဆရိယံ၊ အမြဲဖြစ်သည်။ နဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ ကြောင့်။ တံကမ္မံ၊ သည်။ အစ္စရိယံ၊ မည်၏။ မသုခတ်ကို ဆရပြုသည်။ အဓိပ္ပါယ်ကား- သူကန်းတို့၏ တောင်ထက်သို့ တက်ခြင်း ငှာ စွမ်းနိုင်ခဲသည်၏အဖြစ်ကြောင့် သူကန်းတို့ တောင်ထက်သို့ တက်ခြင်းသည် အထူးဝိသေသ ဖြစ်သည်။ အထူး ဝိသေသ ဖြစ်သောကြောင့် အံ့ဘွယ်ရှိသည်။ ထိုအတူ အကြင်အမှု သည်လည်း အမြဲမဖြစ်၊ ရံခါအထူးဖြစ်သည်။ ထိုအမှုသည် အံ့ဘွယ် မည်၏ဟူလိုသော်။

အယံ၊ ဤအန္ဒယ အစရှိသည်ဖြင့် ဆိုအပ်ပြီးသောနည်းသည်။ တာဝ၊ စွာ။ သဒ္ဒနယော၊ သဒ္ဒါကျမ်း၌လာသော နည်းတည်း။ (သဒ္ဒါကျမ်းတို့၌ မသု သဒ္ဒါကို ဆရပြု၍ ရုပ်ပြီးသောကြောင့် ဤဆိုအပ်ပြီးသော နည်းသည် သဒ္ဒါကျမ်း၌လာသောနည်းမည်သည်ဟူလိုသော်)။ အယမ္ပန၊ ဤဆိုလတ္တံ့ သည်ကား။ အဋ္ဌကထာနယော၊ အဋ္ဌကထာတို့၌ လာသောနည်းတည်း။ ယံကမ္မံ၊ သည်။ အစ္ဆရာယောဂ္ဂံ၊ လက်ခုပ်တီးခြင်းငှာ သင့်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံကမ္မံ၊ သည်။ **အစ္ဆရိယံ၊** မည်၏။

ယောဂ္ဂတဒ္ဓိတ် အစ္ဆရပုဒ် ကိယပစ္စည်း ဏျတ္တတာဘာဝေတု ဟူသော သုတ်၌ တုသဒ္ဒါဖြင့် ယောဂ္ဂအနက်၌ ကိယပစ္စည်းသက်၊ ဤနောက် နည်း၌ အစ္ဆရသဒ္ဒါသည် ရုဠှိသဒ္ဒါတည်း။ လက်ခုပ်တီးခြင်းဟူသော အနက်ကို ဟောလေသတည်း။ ရုပ် ခတ် ကို အတူးမ ရင်ရသော ကြောင့် သဒ္ဒါကျမ်း၌ မလာသည် မည်၏။ အဋ္ဌကထာဆရာတို့ပြုသော ဝစနတ္ထဖြစ်သောကြောင့် အဋ္ဌကထာနည်း မည်၏။

အစ္ဆရိယံ လက်ခုပ်ကို။ ပဟရိတုံ၊ တီးခြင်းငှာ။ ယုတ္တံ၊ သင့်၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ အဗ္ဘုတပုဗ္ဗံ၊ မဖြစ်ဘူးသောအမှုသည်။ ဘူတံ၊ ဖြစ်သည်တည်း။ ဣတိတသ္မာ၊ ကြောင့်။ **အဗ္ဘုတံ၊** အဗ္ဘုတမည်၏။

အဗ္ဘုတဘူတံဟု ဆိုအပ်လျက် ဘူတပုဒ်ကြေသတည်း။ ဝိဂ္ဂဟ်စစ်ပြု လိုရင်းကား အဗ္ဘုတဘူတံ အဗ္ဘုတံဟု ကမ္မဓာရယ်ပြုလေ။

တေံဥဘယမ္ပိ၊ ထိုအစ္ဆရိယံ အဗ္ဘုတံဟူသော ပုဒ်နှစ်ခုအပေါင်းသည်လည်း။ ဝိမှယဿေဝ၊ အံ့ဘွယ်ကိုဆောင်ခြင်း၏သာလျှင်။ (အံ့ဘွယ်ဖြစ်ခြင်း၏သာ လျှင်လည်းဟူ)။ အဓိဝစနံ၊ အမည်တည်း။ **ယာဝဥ္စိဒန္တိပဒဿ၊** ၏။ ယာဝစ ဣဒန္တိ၊ ယာဝစဣဒံဟူ၍။ ပဒစ္ဆေဒေါ၊ ပုဒ်ဖြတ်ခြင်းကို။ ကာတဗ္ဗော၊ ၏။ တေန၊ ထိုယာဝဥ္စိဒံဟူသောပုဒ်ဖြင့်။ သုပ္ပဋိဝိဒိတာယ၊ ထိုးထွင်း၍သိအပ် သော ဓမ္မဓာတ်၏။ အပ္ပမေယျတံ၊ အဆုံးမရှိသည်၏ အဖြစ်ကို။ ဒဿေ တိ၊ ၏။

## သုပ္ပဋိဝိဒိတာအဖွင့်

**တေန။ပ။သုပ္ပဋိဝိဒိတာ**တိတ္ထေပါဒေ၊ ၌။အယံ၊ဤဆိုလတ္တံ့သည်ကား။ သင်္ခေပတ္ထော၊ အကျဉ်းဖြစ်သော အနက်တည်း။ ယောဘဂဝါ၊ သည်။ (သောကား တဗ္ဗောတည်း)။ သမတိံသပါရမိယော၊ အမျှသုံးဆယ်သော ပါရမီတို့ကို။ ပူရေတွာ၊ ဖြည့်၍။ သဗ္ဗကိလေသေ၊ တို့ကို။ ဘဉ္ဇိတွာ၊ ဖျက်ဆီး၍။ အနုတ္တရံ၊ မိမိထက်လွန်သော ဉာဏ်မရှိသော။ (အတုမရှိသော လည်းဟူ)။ သမ္မာသမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ သိတော် မူပြီ။ တေသံ တေသံ သတ္တာနံ၊ တို့၏။ အာသယာနုသယံ၊ အလိုအနုသယ ကို။ **ဇာနတာ၊** သိတော်မူတတ်ထသော။ ဟတ္ထတလေ၊ လက်ဝါးအပြင်၌။ ဌပိတံ၊ ထားအပ်သော။ အာမလကံဝိယ၊ သျှစ်သျှားသီးကဲ့သို့။ သဗ္ဗံ၊သော။ ဉေယျဓမ္မံ၊ သိအပ်သောတရားကို။ **ပဿတာ၊** ဉာဏ်ဟူသော မျက်စိဖြင့် မြင်တော်မူထသော။ တေနဘဂဝတာ၊ သည်။ (သုပ္ပဋိဝိဒိတာ၌စပ်)။

အပိစအပရော၊ သော။ နယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ပုဗ္ဗေနိဝါသာဒီဟိ၊ ပုဗ္ဗေနိဝါသဉာဏ် အစရှိသည်တို့ဖြင့်။ **ဇာနတာ၊** သော။

ပုဗ္ဗေန၊ နှုတ်မျက်စိနှင့်တူသော။ စက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ **ပဿတာ၊** မြင်တော်မူထသော။ တေန ဘဂဝတာ၊ ထိုမြတ်စွာဘုရားသည်။ ပန၊ တနည်းကား။ ဟိပိ၊ ကုန်သော။ ဝိဇ္ဇာဟိဝါ၊ ဝိဇ္ဇာတို့ဖြင့်ရင်း။ သဟိ၊ ကုန်သော။ အဘိညာဟိဝါ၊ တို့ဖြင့်ရင်း။ **ဇာနတာ၊** သော။ သဗ္ဗေ၊ အလုံးစုံသော တရားတို့ကို။ (အလုံးစုံသော အာရုံကိုလည်းဟူ)။ အပ္ပဋိဟတေန၊ ပိတ်ပင်ခြင်းမရှိသော။ သမန္တစက္ခုနာ၊ သဗ္ဗညုတဉာဏ်တည်းဟူသော မျက်စိဖြင့်။ **ပဿတာ၊** သော။ တေနဘဂဝတာ၊ သည်။ ဝါ၊ ကား။ သဗ္ဗဓမ္မဇာနနသမတ္ထာယ၊ အလုံးစုံသောတရားကို သိခြင်းငှာ စွမ်းနိုင်သော။ ပညာယ၊ ဖြင့်။ **ဇာနတာ၊** သော။ သဗ္ဗသတ္တာနံ၊ တို့၏။ စက္ခုဝိညာယာပါတာနိ၊ မျက်စိဖြင့်မြင်သောအရာကို လွန်ကုန်သော။ တိရောကုဋ္ဋာဒိဂတာနိ၊ တိုက်နံရံအစရှိသည် ခြားရာ၌ရှိကုန်သော။ ရူပါနိပိ၊ တို့ကိုလည်း။ အတိဝိသုဒ္ဓေန၊ အလွန်စင်ကြယ်သော။ မံသစက္ခုနာ၊ ဖြင့်။ **ပဿတာ၊** မြင်တော်မူထသော။ ဝါ၊ ကား။ အတ္တဟိတသာဓိကာယ၊ မိမိအစီးအပွားကို ပြီးစေတတ်သော။ သမာဓိပဒဋ္ဌာနာယ၊ သမာဓိလျှင် နီးသောအကြောင်းရှိသော။ ပဋိဝေဓပညာယ၊ ဖြင့်။ **ဇာနတာ၊** သော။ ပရဟိတသာဓိကာယ၊ သူတပါး၏အစီးအပွားကို ပြီးစေတတ်သော။ ကရုဏာပဒဋ္ဌာနာယ၊ ကရုဏာလျှင် နီးစွာသောအကြောင်းရှိသော။ ဒေသနာပညာယ၊ ဖြင့်။ **ပဿတာ၊** သော။ တေန ဘဂဝတာ၊ သည်။ (တေနဘဂဝတာ၌ချည်းစပ်)။

အရီနံ၊ ကိလေသာတည်းဟူသော ရန်သူတို့၏။ ဟတတ္တာ၊ သတ်တော်မူပြီးသည်၏အဖြစ်ကြောင့်။ ပစ္စယာဒီနဉ္စ၊ သင်္ကန်းပစ္စည်း-အစရှိသည်တို့၏လည်း။ အရဟတ္တာ၊ ခံတော်မူထိုက်သည်၏အဖြစ်ကြောင့်။ **အရဟတာ၊** ရဟန္တာဟူသော ခေါ်ဝေါ်ခြင်းငှာ ထိုက်တော်မူထသော။ သမ္မာ၊ မဖောက်မပြန်။ သာမဉ္စ၊ အလိုလိုသာလျှင်။ သဗ္ဗဓမ္မာနံ၊ တို့၏။ ဗုဒ္ဓတ္တာ၊ သိပြီးသည်၏အဖြစ်ကြောင့်။ **သမ္မာသမ္ဗုဒ္ဓေန၊** သမ္မာသမ္ဗုဒ္ဓ ပည်တော်မူထသော။ (တေန ဘဂဝတာ၌စပ်)။ ဝါ၊ ကား။ အန္တရာယိကဓမ္မေ၊ ရျာန်, မဂ်ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော တရားတို့ကို။ **ဇာနတာ၊** သော။ နိယျာနိကဓမ္မေ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သော တရားတို့ကို။ (နိဗ္ဗာန်သို့ ဆောင်တတ်သော တရားတို့ကိုလည်းဟူ)။ **ပဿတာ၊** သော။

ကိလေသာရိနံ၊ ကိလေသာတည်းဟူသော ရန်သူတို့ကို။ ဟတတ္တာ၊ သတ်တော်မူပြီးသည်၏အဖြစ်ကြောင့်။ ပစ္စယာဒီနဉ္စ၊ တို့ကိုလည်း။ အရဟတ္တာ၊ ကြောင့်။ **အရဟတာ၊** ရဟန္တာဟုခေါ်ဝေါ်ခြင်းငှာ ထိုက်တော်မူတသော။ သမ္မာ၊ မဖောက်မပြန်။ သာမဉ္စ၊ အလိုလိုသာလျှင်။ သဗ္ဗဓမ္မာနံ၊ တို့ကို။ ဗုဒ္ဓတ္တာ၊ ကြောင့်။ **သမ္မာသမ္ဗုဒ္ဓေန၊** မည်တော်မူထသော။ (တေန ဘဂဝတာ၌စပ်)။ ဉာတိဝေ၊ ဤသို့။ စတုဝေသာရဇ္ဇဝသေန၊ လေးပါးသောဝေသာရဇ္ဇဉာဏ်၏အစွမ်းဖြင့်။ စတူဟိ၊ ကုန်သော။ အာကာရေဟိ၊ တို့ဖြင့်။ ထောမိတေန၊ ချီးမွမ်းအပ်သော။ တေန ဘဂဝတာ၊ သည်။ (စတုဝေသာရဇ္ဇ၏အရကို ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဤလေးပါးကိုပင်ယူ)။ သတ္တာနံ၊ တို့၏။ **နာနာဓိမုတ္တိကတာ၊** အထူးထူးသော အာရုံတို့၌ ညွတ်သောစိတ်ရှိသည်၏အဖြစ်ကို။ နာနဇ္ဈာသယတာ၊ အထူးထူးသော အလိုရှိသည်၏အဖြစ်ကို။ ယာဝ အနဝသေသတော၊ အကြွင်းမရှိသောအားဖြင့်။ (ယာဝသဒ္ဒါကား အနဝသေသအနက်ကို ပြတတ်သော နိပါတ်ပုဒ်တည်း)။ **သုပ္ပဋိဝိဒိတာ-သုဋ္ဌု ပဋိဝိဒိတာ၊** ကောင်းစွာသိအပ်ပြီ။

ဉာဒါနိ၊ ၌။ အဿ၊ ထိုဥစ္စယျမြေမ်၏။ သုပ္ပဋိဝိဒိတဘာဝံ၊ ကောင်းစွာသိအပ်သည်၏အဖြစ်ကို။ ဒဿေတုံ၊ ငှာ။ အယမ္ပိတိ အာဒိဝစနံ၊ အစရှိသောစကားကို။ အာဟ၊ ပြီ။ ဉာဒံအယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ဘဂဝတာ၊ သည်။ (သုပ္ပဋိဝိဒိတာ၌စပ်)။ ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာ၊ တို့သည်။ ဓာတုသော၊ ဓာတ်အားဖြင့်။ သံသန္ဒန္တိ၊ နှီးနှောကုန်၏။ သမေန္တိ၊ ညီညွတ်ကုန်၏။ ဟိ-ကတံ သံသန္ဒန္တိ၊ အသို့နှီးနှောကုန်သနည်းဟူမူကား။ ဟီနာဓိမုတ္တိကာ၊ ယုတ်သော နှလုံးသွင်းခြင်းရှိကုန်သော။ သတ္တာ၊ တို့သည်။ ဟီနာဓိမုတ္တိကေဟိ၊ ကုန်သော။ သတ္တေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ သံသန္ဒန္တိ၊ နှီးနှောကုန်၏။ သမေန္တိ၊ ညီညွတ်ကုန်၏။ (တူကုန်၏လည်းဟူ)။ ကလျာဏာဓိမုတ္တိကာ၊ ကောင်းသောနှလုံးသွင်းခြင်းရှိကုန်သော။ သတ္တာ၊ တို့သည်။ ကလျာဏာဓိမုတ္တိကေဟိ၊ ကုန်သော။ သတ္တေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ သံသန္ဒိံသု၊ ကုန်၏။ သမိံသု၊ ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အတီတံ၊ လွန်ပြီးသော။ အဒ္ဓါနမ္ပိ၊ ကာလ

ဉ်လည်း။ သတ္တာ၊ တို့သည်။ ခါတုသော၀၊ ခါတ်အားဖြင့်သာလျှင်။ သံသန္ဒိံ သု၊ နှိုးနှော၍ကုန်ပြီ။ သမိံ သု၊ ကုန်ပြီ။ပ။ ဘိက္ခဝေ၊ရဟန်းတို့။အနာဂတံ၊ အနာဂတ်ဖြစ်သော။ အဒ္ဓါနမ္ဘိ၊ ဥလည်း။ သတ္တာ၊ ကိုသည်။ သံသန္ဒိ သာန္တိ၊ နှီးနှော၍ကုန်လတ္တံ့။ သမိဿန္တိ၊ တူကုန်လတ္တံ့။ ဘိက္ခဝေ၊ တို့။ ဧတရဟိ ပစ္စုပ္ပန္နံ၊ ယခုပစ္စုပ္ပန်ဖြစ်သော။ အဒ္ဓါနမ္ဘိ၊ ကာလ၌လည်း။ သတ္တာ၊ တိုသည်။ပ။ဋ္ဌတိဝေံ၊ သို့။ သတ္တာနံ၊ တို၏။ ယာစ အယံနာနာဓိမုတ္တိကတာ၊ အကြောင် အထူးထူးသော နှလုံးသွင်းခြင်း ရှိသည်၏အဖြစ်သည်။ ယာနာ နစ္ဆာသယတာ၊ အကြောင် အထူးထူးသော အလိုရှိသည်၏ အဖြစ်သည်။ ယာနာနာဒိဋ္ဌိကတာ၊ အကြောင် အထူးထူးသော အယူရှိကြသည်၏ အဖြစ် သည်။ ယာနာနာခန္တိတာ၊ အကြောင်အထူးထူးသော နှစ်သက်ခြင်းရှိသည်၏ အဖြစ်သည်။ ယာနာနာရုစိတာ၊ အကြောင်အထူးထူးသော ဆန္ဒရှိသည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ သာနာနာဓိမုတ္တိကတာ၊ ကို။ နာဠိယာ၊ ကွမ်းစား ဖြင့်။ မိနန္တေနဝိယစ၊ ခြင်ဘိသကဲ့သို့ရင်း။ (နှိုင်းယှဉ်ဘိသကဲ့သို့ရင်းလည်း ဟူ)။တုလာယ၊ ညီညွတ်စွာသောချိန်ဖြင့်။ တုလယန္တေနဝိယစ၊ချိန်ဘိသကဲ့ သို့ရင်း။ နာနာဓိမုတ္တိကတာဉာဏေန၊ အထူးတူးသော အာရုံ၌ ညွတ်နိုင် သော သတ္တိရှိသော ဉာဏ်ဟုဆိုအပ်သော။ သဗ္ဗညုတဉာဏေန[၁]၊ ဖြင့်။ ယာဂအနုဝသေသတော၊ အားဖြင့်။ ပဋိဝေဓိတာသုပ္ပဋိဝိဒိတာ၊ သိတော် မူပြီ။ (နာနာဓိမုတ္တိကတာ နာနစ္ဆာသယတာ အစရှိသော ပုဒ်တို့ကား ပရိယာယ်ချည်း။ အနက်အထူးမရှိ)။ ကေစ္ဆာသယာ၊ တူသော အလိုရှိ ကုန်သော။ ဒွေပိနာမသတ္တာ၊ နှစ်ယောက်သော သတ္တဝါတို့သည်လည်း။ လောကသ္မိံ၊ ၌။ ဒုလ္လဘာ၊ ရခဲကုန်၏။ ကေသ္မိံ၊ သည်။ ဂန္တုကာမေ၊ သွားခြင်းငှာ အလိုရှိသည်။ သတိ၊ ရှိသော်။ ကော၊ သည်။ ဌာတု ကာမော၊ ရပ်ခြင်းငှာ အလိုရှိသည်။ ဟောတိ၊ ၏။ ကေသ္မိံ၊ သည်။ ပိဝိတု ကာမေ၊ သောက်ခြင်းငှာ အလိုရှိသည်။ သတိ၊ သော်။ ကော၊ သည်။

---

၁။ ဒသဗလဉာဏ်သည် မိမိဆိုင်ရာ ကိစ္စကိုသာသိ၏၊ သဗ္ဗညုတဉာဏ်သည်ကား ဒသဗလဉာဏ်၏ကိစ္စကိုလည်းသိ၏၊ ထိုမှကြွင်းသောကိစ္စကိုလည်းသိ၏။ ၊ ဋီသစ်- ၂၀၄-၌ ပဉ္စမမြောက်ဗလဉာဏ်ဖြစ်သော နာနာဓိမုတ္တိကတာဉာဏပုဒ်ကို သဗ္ဗညုတ ဉာဏပုဒ်၏ ဝိသေသနမဖြစ်စေလို၊ အသီးသီးသာပေးလို၏။

ဘုဉ္ဇိတုကာမော၊ စားခြင်းငှာအလိုရှိသည်။ ဟောတိ၊ ၏။ ဒွိသု၊ ကုန်သော။ ဥလ္လမေသုစာပိ အာစရိယန္တေ ဝါသိကေသု၊ ဥပဇ္ဈာယ်ဆရာတပည့်တို့တွင်လည်း။ သုပ္ပိယော၊ သုပ္ပိယအမည်ရှိသော။ အယံနာမပရိဗ္ဗာဇကော၊ သည်။ ဗုဒ္ဓဿ၊ ၏။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ ဥဇုဝိပစ္စနီကဝါဒါ၊ စင်စစ်ဆန့်ကျင်သော စကားရှိကုန်သည်။ ဟုတွာ၊ ၍။ ဘဂဝန္တံ၊ သို့။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်မှနောက်မှ။ အနုဗန္ဓာ၊ အစဉ်လိုက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဘိက္ခုသံဃဥ္စ၊ သို့လည်း။ အနုဗန္ဓာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ (ဣတိ သဒ္ဒါ ပရိသမာပနတည်း)။ တတ္ထပါဌေ၊ ထိုဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ အစ ရှိသောပါဌ်၌။ သမတိန္နိဝိဋ္ဌဿ၊ သော။ ဣတိဟမေတိပဒဿ၊ ၏။ ဣတိဟ ဣမေတိ၊ ဣတိဟ ဣမေဟူ၍။ ပဒစ္ဆေဒေါ၊ ပုဒ်ဖြတ်ခြင်းကို။ ကာတဗ္ဗော၊ ၏။ ဝေ၊ ဤသို့။ ဥလ္လမေ၊ ဥပဇ္ဈာယ်ဆရာတပည့်နှစ်ယောက်တို့သည်။ ဣတိအယံ၊ ဤ သည်လျှင်။ အတ္တော၊ တည်း။ (ဟအက္ခရာ နိပါတ်မျှဟူလို)။ သေသံ၊သည်။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်လျှင်ကတည်း။

၄။ အထခေါ်ဘဂဝါ။ပ။ပိဒိတ္တာတိတ္တေပါဌေ၊ ၌။ ဝိဒိတ္တာတိ၊ဟူသည် ကား။ သဗ္ဗညုတညာဏေန၊ ဖြင့်။ ဇာနိတွာ၊ ၍။

ဆရာ - ဝိဒိတွာ၏ ကရိုဏ်းကို သဗ္ဗညုတညာဏေနဟု ဆရာဆို၏။ မြတ်စွာဘုရားသည် အာရုံကို သိတိုင်းပင် သဗ္ဗညုတဉာဏ်ဖြင့်သာ သိလေသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ဘဂဝါ ဟိ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ဟိ-ဝိတ္ထာရယိဿာမိ၊ ချဲ့ဦးအံ့။ ဘဂဝါ၊ သည်။ ကတ္ထစိ၊ အချို့အရာ၌။ မံသစက္ခုနာ၊ မံသစက္ခုဖြင့်။ ဒိသွာ၊ ၍။ ဇာနာတိ၊ ၏။ ကေသုဝိယ၊ အဘယ် တို့၌ကဲ့သို့နည်းဟူမူ။ အဒ္ဒသခေါ ဘဂဝါ။ပ။ ဝုယှမာနန္တိ အာဒိသုဝိယ၊ အဒ္ဒသခေါ ဘဂဝါ။ပ။ ဝုယှမာနံ အစရှိသော အရာတို့၌ ကဲ့သို့တည်း။ ဘဂဝါ၊ သည်။ ဂင်္ဂါယ၊ ဂင်္ဂါအမည်ရှိသော။ နဒိယာ၊ ၏။ သောတေန၊ ရေအယာဉ်ဖြင့်။ ဝုယှမာနံ၊ မျောသော။ မဟန္တံ၊ ကြီးစွာသော။ ဒါရုက္ခန္ဓံ၊ သစ်တုံးကို။ အဒ္ဒသခေါ၊ မြင်တော်မူသလျှင်ကတည်း။ ကတ္ထစိ၊ ၌။ ဒိဗ္ဗ

စက္ခုနာ၊ ဖြင့်။ ဒိသွာ၊ ၍။ ဇာနာတိ၊ ၏။ ကေသုဝိယ၊ အဘယ်တို့၌ကဲ့သို့ နည်းဟူမူ။ အဒ္ဒသခေါ ဘဂဝါ ။ပ။ ပဋိဂ္ဂဏှန္တိယောတိ အာဒီသုဝိယ၊ အဒ္ဒသခေါ ဘဂဝါ ။ပ။ ပဋိဂ္ဂဏှန္တိယော စသော အရာတို့၌ကဲ့သို့တည်း။ ဘဂဝါ၊ သည်။ ဒိဗ္ဗေန၊ သော။ ဝိသုဒ္ဓေန၊အထူးစင်ကြယ်ခြင်း၏အကြောင်း ဖြစ်သော။ အတိက္ကန္တမာနုသကေန၊ လူတို့၏ မံသစက္ခုကိုလွန်၍ ရူပါရုံကို မြင်ခြင်းငှာ စွမ်းနိုင်သော။ စက္ခုနာ၊ စက္ခုအဘိညာဉ်ဖြင့်။ သဟဿေဝ၊ အဆောတလျှင်ပင်။ ပါဋလိဂါမေ၊ ပါဋလိအမည်ရှိသောရွာ၌။ ဝတ္ထူနိ၊ အိမ်ရာတို့ကို။ ပရိဂ္ဂဏှန္တိယော၊ စုံစမ်းဆင်ခြင်ကုန်သော။ တာ ဒေဝတာ ယော၊ ထိုနတ်တို့ကို။ အဒ္ဒသခေါ၊ မြင်လေသလျှင်ကတည်း။ ကတ္ထစိ၊ ၌။ ပကတိသောတေန၊ ပြကတေ့သောနားဖြင့်။ သုတွာ၊ ၍။ ဇာနာတိ၊ ၏။ ကေသုဝိယ၊ တို့၌ကဲ့သို့ နည်းဟူမူကား။ အဿောသိခေါ ဘဂဝါ။ပ။ ကထာသလ္လာပန္တိ အာဒီသုဝိယ၊ တို့၌ကဲ့သို့တည်း။ ဘဂဝါ၊ သည်။ အာယသ္မတော၊ သော။ အာနန္ဒဿ၊ ၏။ သုဘဒ္ဒေန၊ သုဘဒ်အမည်ရှိသော။ ပရိဗ္ဗာဇကေန၊ ပရိဗိုဇ်နှင့်။ သဒ္ဓိံ၊ တကွ။ ဣမံကထာသလ္လာပံ၊ ဤစကား ပြောဟောခြင်းကို။ အဿောသိခေါ၊ ကြားလေသလျှင်ကတည်း။ ကတ္ထစိ၊ ၌။ ဒိဗ္ဗသောတေန၊ ဒိဗ္ဗသောတအဘိညာဉ်ဖြင့်။ သုတွာ၊ ၍။ ဇာနာတိ၊ ၏။ ကေသုဝိယ၊ တို့၌ကဲ့သို့နည်းဟူမူကား။ အဿောသိခေါ ဘဂဝါ။ပ။ ဣမံကထာသလ္လပန္တိ အာဒီသုဝိယ၊ တို့၌ကဲ့သို့တည်း။ ဘဂဝါ၊ သည်။ ဒိဗ္ဗာယ၊ နတ်တို့၏သောတဓာတ်နှင့်တူသော။ ဝိသုဒ္ဓါယ၊ အထူးစင်ကြယ် ခြင်း၏အကြောင်းဖြစ်သော။ အတိက္ကန္တမာနုသိကာယ၊ လူတို့၏ သောတ ပသာဒကိုလွန်၍ သဒ္ဒါရုံကိုကြားခြင်းငှာ စွမ်းနိုင်သော။ သောတဓာတု ယာ၊ သောတအဘိညာဉ်ဟုဆိုအပ်သော သောတဓာတ်ဖြင့်။ သန္ဓာနဿ၊ သန္ဓာနအမည်ရှိသော။ ဂဟပတိဿ၊ ၏။ နိဂြောဓေန၊ နိဂြောဓအမည်ရှိ သော။ ပရိဗ္ဗာဇကေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ ဣမံကထာသလ္လာပံ၊ ကို။ အဿောသိခေါ၊ တည်း။ ဣမပေန၊ ဤအရာ၌ကား။ သဗ္ဗညုတညာဏေန[၁]၊

၁။ သဗ္ဗညုတညာဏေန ဒိသွာ ဇာနာတိ-ဟူသောစကားသည် ,ဝေါဟာရမျှ သာဖြစ်၏။ အဘယ့်ကြောင့်ဆိုသော်-ထိုသဗ္ဗညုတညာဏ်ဖြင့် မြင်သည်မှ တပါးသော သိခြင်းမည်သည် မရှိသည်မဟုတ် ရှိသည်သာတည်း။ ထို့ကြောင့် ထိုစကားသည် ဝေါဟာရမျှဖြစ်၏။

ဖြင့်။ ဒိသွာ၊ ၍။ ဇာနာတိ၊ ၏။ (အညာသိဟူ၍လည်းရှိ၏။ အနက်တူ၏)။ ကိံ၊ အဘယ်ကိစ္စကို။ ကရောန္တော၊ ၍။ အညာသိ၊ နည်း။ ပစ္ဆိမယာမကိစ္စံ၊ ကို။ ကရောန္တော၊ ၍။ အညာသိ၊ ၏။ တံကိစ္စဉ္စနာမ၊ ထိုကိစ္စမည်သည်ကား။ သာတ္ထကံ၊ အကျိုးရှိသောကိစ္စရင်း။ နိရတ္ထကံ၊ အကျိုးမရှိသောကိစ္စရင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုနှစ်ပါးကုန်သောကိစ္စတို့တွင်။ နိရတ္ထကကိစ္စံ၊ ကို။ ဘဂဝတာ၊ သည်။ ဗောဓိပလ္လင်္ကေယေဝ၊ ဗောဓိရွှေပလ္လင်၌သာလျှင်။ အရဟတ္တမဂ္ဂေန၊ ဖြင့်။ သမုဂ္ဃါတံ၊ အကြွင်းမဲ့ဖြတ်ခြင်းကို။ ကတံ၊ ပြုတော်မူပြီ။ သာတ္ထကံယေဝ၊ အကျိုးရှိသည်သာလျှင်ဖြစ်သော။ (ကိစ္စံ၌စပ်။ ပနကား ပက္ခန္တရ)။

## ဗုဒ္ဓကိစ္စငါးပါး

ဘဂဝတော၊ ၏။ ကိစ္စံ၊ သည်။ ဟောတိ၊ ၏။ တံကိစ္စံ၊ ထိုအကျိုးရှိသောကိစ္စသည်။ ပုရေဘတ္တကိစ္စံ၊ နံနက်အခါ၌ ပြုအပ်သောကိစ္စရင်း။ ပစ္ဆာဘတ္တကိစ္စံ၊ ညအခါ၌ ပြုအပ်သောကိစ္စရင်း။ ပုရိမယာမကိစ္စံ၊ ညဦးယာမ်၌ ပြုအပ်သောကိစ္စရင်း။ မဇ္ဈိမယာမကိစ္စံ၊ သန်းခေါင်ယံ၌ ပြုအပ်သောကိစ္စရင်း။ ပစ္ဆိမယာမကိစ္စံ၊ မိုးသောက်ယာမ်၌ ပြုအပ်သောကိစ္စရင်း။ ဣတိ၊ ဤသို့။ ပဉ္စဝိဓံ၊ သည်။ ဟောတိ၊ ၏။

တတြ၊ ထိုငါးပါးအပြားရှိကုန်သောကိစ္စတို့တွင်။ ဣဒံ၊ ကား။ ပုရေဘတ္တကိစ္စံ၊ တည်း။ (ဟိကား ဝိတ္ထာရဇောတကတည်း)။ ဘဂဝါ၊ သည်။ ပါတောဝ၊ စောစောလျှင်။ ဥဋ္ဌာယ၊ ထ၍။ ဥပဋ္ဌာကာနုဂ္ဂဟတ္ထဉ္စ၊ အလုပ်အကျွေးတို့ကို ချီးမြှောက်ခြင်းငှာရင်း။ သရီရဖာသုကတ္ထဉ္စ၊ ကိုယ်၏ချမ်းသာခြင်းငှာရင်း။ မုခဓောဝနာဒိသရီရပရိကမ္မံ၊ မျက်နှာသစ်ခြင်းအစရှိသော ကိုယ်တော်ကို သုတ်သင်သောအမှုကို။ ကတွာ၊ ပြု၍။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခာစာရဝေလာ၊ ဆွမ်းခံအံ့သောအခါသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်သောကာလပတ်လုံး။ ဝိဝိတ္တာသနေ၊ ဆိတ်ငြိမ်သောနေရာ၌။ ဝီတိနာမေတွာ၊ ကာလကိုလွန်စေ၍။ ဘိက္ခာစာရဝေလာယံ၊ ဆွမ်းခံအံ့သောအခါ၌။ နိဝါသေတွာ၊ သင်းပိုင်ကိုညီညွတ်စွာဝတ်၍။ ကာယဗန္ဓနံ၊ ကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ စီဝရံ၊ ကို။

ပါရုပိတွာ၊ ရုံ၍။ ပတ္တံ၊ ကို။ အာဒါယ၊ ယူ၍။ ကဒါစိ၊ တရံရောအခါ၌။
ကေကော၊ တယောက်အထီးတည်း။ ကဒါစိ၊ ၌။ ဘိက္ခုသံဃပရိဝုတော၊
ရဟန်းအပေါင်း ခြံရံလျက်။ ဂါမံဝါ၊ ရွာသို့၎င်း။ နိဂမံဝါ၊ နိဂုမ်းသို့
၎င်း။ ပိဏ္ဍာယ၊ ငှာ။ ပဝိသတိ၊ ဝင်တော်မူ၏။ ကဒါစိ၊ ၌။ ပကတိယာ၊
ပြကတေ့သဘောဖြင့်။ ပဝိသတိ၊ ဝင်တော်မူ၏။ ကဒါစိ၊ ၌။ အနေ
ကေဟိ၊ များစွာကုန်သောအခြင်းအရာတို့ဖြင့်။ ဝတ္တမာနေဟိ၊ ဖြစ်ကုန်
သော။ ပါဋိဟာရိယေဟိ၊ အံ့ဘွယ်သရဲကို့ဖြင့်။ ပဝိသတိ၊ ၏။ ဣဒံ တေ
ပါဋိဟာရိယာ၊ ထိုအံ့ဘွယ်သရဲတို့ဟူသည်ကား။ သေယျထာ ကတမေ၊
အဘယ်သည်တို့နည်းဟူမူတား။ ပိဏ္ဍာယ၊ ငှာ။ ပဝိသတော၊ ဝင်တော်မူ
သော။ လောကနာထဿ၊ ၏။ ပုရတောပုရတော၊ မှ။ ဂန္ဓွာ၊ ၍။ မုဒု
ဂတဝါတာ၊ နူးညံ့ဖြည်းညှင်းစွာလာသော လေတို့သည်။ ပထဝိံ၊ ကို။
သောဓေန္တိ၊ သုတ်သင်ကုန်၏။ ဝလာဟကာ၊ တိမ်တိုက်တို့သည်။ ဥဒက
ဖုသိတာနိ၊ ရေပေါက်တို့ကို။ မုဉ္စန္တာ၊ လွှတ်ကုန်သည်ဖြစ်၍။ မဂ္ဂေ၊ ၌။
ရေဏုံ၊ မြူမှုန့်ကို။ ဝူပသမေတွာ၊ ငြိမ်းစေ၍။ ဥပရိ၊ အထက်၌။ ဝိတာနာ၊
ဗိတာန်ကြက်ကုန်သည်။ ဟုတွာ၊ ကုန်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ အပရေ၊
တပါးကုန်သော။ ဝါတာ၊ လေတို့သည်။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ဥပသံဟရိ
တွာ၊ ဆောင်ကုန်၍။ မဂ္ဂေ၊ ၌။ ဩကိရန္တိ၊ ကြဲကုန်၏။ ဥန္နတာ၊ မြင့်ကုန်
သော။ ဘူမိပ္ပဒေသာ၊ မြေအရပ်တို့သည်။ ဩနမန္တိ၊ နိမ့်ကုန်၏။ ဩနတာ
နိမ့်ကုန်သော။ ဘူမိပ္ပဒေသာ၊ တို့သည်။ ဥန္နမန္တိ၊ မြင့်ကုန်၏။ ပါဒနိက္ခေပ
သမယေ၊ ခြေကိုချတော်မူသောအခါ၌။ သမာဝ၊ ညီသည်သာလျှင်ဖြစ်
သော။ ဘူမိ၊ သည်။ ဟောတိ၊ ၏။ သုခသမ္ဖဿာနိ၊ နူးညံ့သောအတွေ့
ရှိကုန်သော။ ပဒုမပုပ္ဖါနိဝါ၊ ကြာတို့သည်လည်း။ ပါဒေ၊ တို့ကို။ သမ္ပဋိစ္ဆန္တိ၊
ခံလင့်ကုန်၏။ ဣန္ဒခီလဿ၊ တံခါးတိုင်၏။ (တံခါးခုံ၏လည်းဟူ)။ အန္တော၊
အတွင်း၌။ ဒက္ခိဏပါဒေ၊ လကျာခြေတော်ကို။ ဌပိတမတ္တေ၊ ထားကာမျှ
ဖြစ်လတ်သော်။ သရီရတော၊ မှ။ ဆဗ္ဗဏ္ဏရသ္မိယော၊ ခြောက်ပါးသော
ရောင်ခြည်တော်တို့သည်။ နိက္ခမိတွာ၊ ကုန်၍။ သုဝဏ္ဏရသပိဉ္ဇရာနိဝိယစ၊
ရွှေအစုတို့ကဲ့သို့၎င်း။ (ရွှေရည်ဖြင့်သွန်းဘိသကဲ့သို့၎င်းလည်းဟူ)။ စိတြပဋ္ဋ
ပရိက္ခိတ္တာနိဝိယစ၊ ဆန်းကြယ်သော ပုဆိုးတို့ဖြင့် ရံကုန်သကဲ့သို့၎င်း။

ပါသာဒကူဋ္ဌာဂါရာဒီနိ၊ ပြာ သာဒ် စု လစ် မွန်း ချွန် အစရှိသည်တို့ကို။
အလင်္ကရောန္တိယော၊ တန်ဆာဆင်ကုန်သည်ဖြစ်၍။ ဣတောစိတောစ၊ ထို
မှုဏ်မှုလျှင်။ ဝိဓာဝန္တိ၊ ပြေးကုန်၏။ ဟတ္ထိ အဿ ဝိဟင်္ဂါဒယော၊ ဆင်,
မြင်း,ငှက် အစရှိသည်တို့သည်။ သကသကဋ္ဌာနေသု၊ မိမိ မိမိတို့၏ နေရာ
တို့၌။ ဌိတာယေဝ၊ တည်ကုန်လျက်။ မဓုရေန၊ သာယာစွာသော။
အာကာရေန၊ အခြင်းအရာဖြင့်။ သဒ္ဒံ၊ အသံကို။ ကရောန္တိ၊ ကုန်၏။ တထာ၊
တူ။ ဘေရိဝီဏာဒီနိ၊ စည်စောင်းငြင်း အစရှိကုန်သော။ တူရိယာနိ၊ တူရိ
ယာတို့သည်။ သဒ္ဒံ၊ ကို။ ကရောန္တိ၊ ကုန်၏။ မနုဿာနဥ္စ၊ တို့၏လည်း။
ကာယူပဂါနိ၊ ကိုယ်၌ဆင်ကုန်သော။ အာဘရဏာနိ၊ တန်ဆာတို့သည်။
သဒ္ဒံ၊ ကို။ ကရောန္တိ၊ ကုန်၏။ တေနသညာနေန၊ ထိုအမှတ်ဖြင့်။ မနုဿာ၊
တို့သည်။ အဇ္ဇ၊ ယနေ့။ ဘဂဝါ၊ သည်။ ဣဓ၊ ဤအရပ်သို့။ ပိဏ္ဍာယ၊ ငှာ။
ပဝိဋ္ဌော၊ ဝင်၏။ ဣတိ၊ ဤသို့။ ဇာနန္တိ၊ သိကုန်၏။ တေ မနုဿာ၊ တို့
သည်။ သုနိဝတ္ထာ၊ ကောင်းစွာဝတ်ကုန်လျက်။ သုပါရုတာ၊ ကောင်းစွာရုံ
ကုန်လျက်။ ဂန္ဓပုပ္ဖါဒီနိ၊ နံ့သာပန်းအစရှိသည်တို့ကို။ အာဒါယ၊ ၍။ ဃရာ၊
အိမ်မှ။ နိက္ခမိတွာ၊ ၍။ အန္တရဝီထိံ၊ ခရီးအကြားသို့။ (ခရီးအလယ်သို့
လည်းဟူ)။ ပဋိပဇ္ဇိတွာ၊ သွား၍။ ဘဂဝန္တံ၊ ကို။ ဂန္ဓပုပ္ဖါဒီဟိ၊ တို့ဖြင့်။
သက္ကစ္စံ၊ အရိုအသေ။ ပူဇေတွာ၊ ပူဇော်၍။ ဝန္ဒိတွာ၊ ၍။ ဘန္တေ၊ အရှင်
ဘုရား။ အမှာကံ၊ တို့အား။ ဒသဘိက္ခူ၊ တို့ကို။ ဒေထ၊ ကုန်လော။
အမှာကံ၊ တို့အား။ ဝီသတိဘိက္ခူ၊ တို့ကို။ ဒေထ၊ ကုန်လော။ အမှာ
ကံ၊ တို့အား။ ပညာသံဘိက္ခူ၊ ငါးကျိပ်သော ရဟန်းတို့ကို။ ဒေထ၊
ကုန်လော။ အမှာကံ၊ တို့အား။ သတံဘိက္ခူ၊ တရာသောရဟန်းတို့ကို။
ဒေထ၊ ကုန်လော။ ဣတိ၊ ဤသို့။ ယာစေတွာ၊ တောင်း၍။ ဘဂဝတောပိ၊
၏လည်း။ ပတ္တံ၊ ကို။ ဂဟေတွာ၊ ၍။အာသနံ၊နေရာကို။ပညပေတွာ၊ခင်း၍။
သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတေန၊ ဖြင့်။ ပဋိမာနေန္တိ၊ ပူဇော်ကုန်၏။
(လုပ်ကျွေးကုန်၏လည်းဟူ)။ ဘဂဝါ၊ သည်။ ကတဘတ္တကိစ္စော၊ ဆွမ်း
ဘုဥ်းပေးခြင်းကိစ္စ ပြီးပြီးသော်။ တေသံ သတ္တာနံ၊ တို့၏။ စိတ္တသန္တာနာနိ၊
စိတ်၏အစဥ်တို့ကို။ ဩလောကေတွာ၊ ၍။ ယထာ၊ အကြင်သို့သော
အခြင်းအရာဖြင့်။ ဓမ္မံ၊ ကို။ ဒေသိတေ၊ သော်။ ကေစိ၊ အချို့သောသူတို့

သည်။ သရဏာဂမနေသု၊ သရဏဂုံတို့၌။ ပတိဋ္ဌဟန္တိ၊ တည်ကုန်၏။ ကေစိ၊ တို့သည်။ ပဉ္စသု သီလေသု၊ တို့၌။ ပတိဋ္ဌဟန္တိ၊တည်ကုန်၏။ကေစိ၊တို့သည်။ သောတာပတ္တိ သကဒါဂါမိ အနာဂါမိဖလာနံ၊ သောတာပတ္တိ ဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိ ဖိုလ် တို့ တွင်။ အညတရသ္မိံ၊ တပါးပါး သော ဖိုလ်၌။ ပတိဋ္ဌဟန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ ပဗ္ဗဇိတွာ၊ ၍။ အဂ္ဂဖလေ၊ မြတ်သောဖိုလ်ဟု ဆိုအပ်သော။ (အဆုံးဖိုလ်ဟုဆိုအပ်သော လည်းဟူ)။ အရဟတ္တေ၊ ၌။ ပတိဋ္ဌဟန္တိ၊ ကုန်၏။ ဝါထာ၊ ဖြင့်။ ဓမ္မံ၊ ကို။ ဒေသေတိ၊ ၏။ ဝေ၊ ဤသို့။ မဟာဇနံ၊ ကို။ အနုဂ္ဂဟေတွာ၊ချီးမြှောက် ၍။ အာသနာ၊ မှ။ ဥဋ္ဌာယ၊ ၍။ ဝိဟာရံ၊ သို့။ ဂစ္ဆတိ၊ ၏။ ဂန္တွာ၊ ၍။ တတ္ထ၊ ထိုကျောင်း၌။ မဏ္ဍလမာဠေ၊ စည်းဝေးရာစရပ်၌။ ပညတ္တဝရဗုဒ္ဓါ သနေ၊ ခင်းအပ်သော မြတ်သော ဘုရားရှင်နေရာ၌။ ဘိက္ခူနံ၊ တို့၏။ ဘတ္တကိစ္စပရိယောသာနံ၊ ဆွမ်းစားခြင်းကိစ္စအဆုံးကို။ အာဂမယမာနော၊ ငံ့တော်မူသည်ဖြစ်၍။ နိသီဒိ၊ ၏။ တတော၊ မှ။ ဘိက္ခူနံ၊ တို့၏။ ဘတ္တကိစ္စ ပရိယောသာနေ၊ ဆွမ်းစားခြင်းကိစ္စ ပြီးသည်၏အဆုံး၌။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ ဘဂဝတော၊ အား။ နိဝေဒေတိ၊ ကြား၏။ အထ၊ ထိုသို့ကြားသောအခါ၌။ ဘဂဝါ၊ သည်။ ဂန္ဓကုဋိံ၊ သို့။ ပဝိသတိ၊ ၏။ ဣဒံ၊ ဤဆိုအပ်ပြီးသောကိစ္စသည်။ တာဝ၊ စွာ။ ပုရေဘတ္တကိစ္စံ၊ တည်း။

အထ(ခေါ)[၁]၊ ထိုနောင်မှ။ ဘဂဝါ၊ သည်။ ဝေ၊ ဤသို့။ ကတပုရေ ဘတ္တကိစ္စော၊ နံနက်အခါ၌ ပြုအပ်သောကိစ္စပြီးပြီးသော်။ ဂန္ဓကုဋိယာ၊ ဂန္ဓကုဋိ၌။ ဥပဋ္ဌာနေ၊ စည်းဝေးရာ၌။ နိသီဒိတွာ၊ ၍။ ပါဒေ၊ တို့ကို။ ပက္ခာလေတွာ၊ ဆေး၍။ ပါဒပီဌေ၊ ခြေဆေးအင်းပျဉ်၌။ ဌတွာ၊ ရပ်၍။ ဘိက္ခုသံဃံ၊ ကို။ ဩဝဒတိ၊ ဆုံးမတော်မူ၏။ ကိံ ဩဝဒတိ၊ အသို့ဆုံးမ သနည်းဟူမူကား။ ဘိက္ခဝေ၊ တို့။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းနှင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကုန်လော့။ လောကသ္မိံ၊ ၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရား ဖြစ်ခြင်းသည်။ (ဘုရားဖြစ်သောအခါသည်လည်းဟူ)။ ဒုလ္လဘော၊ ရခဲ၏။

---

၁။ ( )။နိဿယဆရာတော်ကား သီ-ဿျာ-မူသို့လိုက်၍ အထခေါဆိုသည်၊ ဆဋ္ဌမူ၌ ခေါ-မပါ။

မနုဿတ္တ ပဋိလာဘော၊ လူ၏အဖြစ်ကို ရခြင်းသည်။ ဒုလ္လဘော၊ ရခဲ၏။ သဒ္ဓါသမ္ပတ္တိ၊ သဒ္ဓါ၏ပြည့်စုံခြင်းသည်။ ဒုလ္လဘာ၊ ၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ ဒုလ္လဘာ၊ ၏။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်းတရားကိုနာရခြင်းသည်။ ဒုလ္လဘံ၊ ၏။ ဣတိ၊ ဤသို့။ ဩဝဒတိ၊ ၏။ တတ္ထ၊ ထိုရဟန်းတို့တွင်။ ကေစိ၊ အချို့သောရဟန်းတို့သည်။ ဘဂဝန္တံ၊ ကို။ ကမ္မဋ္ဌာနံ၊ ကို။ ပုစ္ဆန္တိ၊ ကုန်၏။ ဘဂဝါပိ၊ သည်လည်း။ တေသံ၊ ထိုရဟန်းတို့၏။ စရိယာနုရူပံ၊ စရိုက်အားလျော်စွာ။ ကမ္မဋ္ဌာနံ၊ ကို။ ဒေတိ၊ ၏။ တတော၊ ထိုနောင်မှ။ သဗ္ဗေပိ၊ အလုံးစုံသောရဟန်းတို့သည်လည်း။ ဘဂဝန္တံ၊ ကို။ ဝန္ဒိတွာ၊ ၍။ အတ္တနော အတ္တနော၊ ၏။ ရတ္တိဋ္ဌာန ဒိဝါဋ္ဌာနာနိ၊ ညဉ့်သန့်ရာ နေ့သန့်ရာ အရပ်တို့သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ အချို့သောရဟန်းတို့သည်။ အရညံ၊ တောသို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ ရုက္ခမူလံ၊ သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ ပဗ္ဗတာဒီနံ၊ တောင်အစရှိသည်တို့တွင်။အညတရံ၊ တပါးပါးသို့။ ဂစ္ဆန္တိ၊ ကုန်၏။ ကေစိ၊ တို့သည်။ စာတုမဟာရာဇိကဘဝနံ၊ စတုမဟာရာဇ်နတ်ပြည်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ ။ပ။ ကေစိ၊ တို့သည်။ ဝသဝတ္တိဘဝနံ၊ ဝသဝတ္တိနတ်ပြည်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ တတော၊ မှ။ ဘဂဝါ၊ သည်။ ဂန္ဓကုဋိံ၊ သို့။ ပဝိသိတွာ၊ ၍။ သစေ အာကင်္ခတိ၊ အကယ်၍ အလိုရှိအံ့။ ဒက္ခိဏေန၊ လက်ျာဖြစ်သော။ ပဿေန၊ နံပါးဖြင့်။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာအဆင်အခြင်နှင့်ပြည့်စုံသည်ဖြစ်၍။ မုဟုတ္တံ၊ တခဏမျှ။သီဟသေယျံ၊ကေသရရာဇာခြင်္သေ့မင်း၏အိပ်ခြင်းနှင့်တူသောအိပ်ခြင်းကို။ ကပ္ပေတိ၊ ပြု၏။ အထပစ္ဆာ၊ မှ။ သမဿာသိတကာယော၊ မျှစေအပ်ပြီးသော ရူပကာယရှိသည်ဖြစ်၍။ ဝုဋ္ဌဟိတွာ၊ ထ၍။ ဒုတိယဘာဂေ၊ နှစ်ခုမြောက်သောအဘို့၌။ လောကံ၊ ဝေနေယျသတ္တဝါကို။ ဝေါလောကေတိ၊ ကြည့်၏။ တတိယဘာဂေ၊ ၌။ ယံဂါမံဝါ၊ ကိုရင်း။ ယံနိဂမံဝါ၊ ကိုရင်း။ ဥပနိဿာယ၊အမှီပြု၍။ဝိဟရတိ၊၏။တတ္ထ၊ထိုရွာနိဂုမ်း၌။ မဟာဇနော၊ လူများသည်။ ပုရေဘတ္တံ၊ နံနက်အခါ၌။ ဒါနံ၊ ကို။ ဒတွာ၊ ၍။ ပစ္ဆာဘတ္တံ၊ ညအခါ၌။ သုနိဝတ္ထော၊ ကောင်းစွာဝတ်သည်ဖြစ်၍။ သုပါရုတော၊ ကောင်းစွာရုံသည်ဖြစ်၍။ ဂန္ဓပုပ္ဖာဒီနိ၊ တို့ကို။ အာဒါယ၊ ယူခဲ့၍။ ဝိဟာရေ၊ ၌။ သန္နိပတတိ၊ ၏။ တတော၊ မှ။ ဘဂဝါ၊ သည်။

သမ္ပတ္တပရိသာယ၊ ရောက်သောပရိသတ်အား။ အနုရူပေန၊ လျောက်ပတ်သော။ ပါဋိဟာရိယေန၊ အံ့ဘွယ်သရဲဖြင့်။ ဂန္တွာ၊ ၍။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ပညတ္တဝရဗုဒ္ဓါသနေ၊ ခင်းထားအပ်သော မြတ်သော ဘုရားနေရာ၌။ နိသဇ္ဇ၊ နေ၍။ ကာလယုတ္တံ၊ အခါအားလျောက်ပတ်သော။ သမယယုတ္တံ၊ အကြောင်းအားလျောက်ပတ်သော။ ဓမ္မံ၊ ကို။ ဒေသေတိ၊ ဏ်။ အထပစ္ဆာ၊ မှ။ ကာလံ၊ ကို။ ဝိဒိတွာ၊ သိတော်မူ၍။ ပရိသံ၊ ကို။ ဥယျောဇေတိ ၊လွှတ်လိုက်၏။ မနုဿာ၊ လူတို့သည်။ ဘဂဝန္တံ၊ ကို။ ဝန္ဒိတွာ၊ ၍။ ပက္ကမန္တိ၊ ကုန်၏။ ဣဒံ၊ ဤကိစ္စသည်။ **ပစ္ဆာဘတ္တကိစ္စံ၊** တည်း။

သောဘဂဝါ၊ သည်။ ဧဝံ၊ ဤသို့။ နိဋ္ဌိတပစ္ဆာဘတ္တကိစ္စော၊ပြီးပြီးသော ညအခါ၌ပြုအပ်သော ကိစ္စရှိသည်ဖြစ်၍။ ဂတ္တာနိ၊ ကိုယ်တော်တို့ကို။ ဩသိဉ္စိတုကာမော၊ ရေသွန်းခြင်းငှာအလိုရှိတော်မူသည်။ သစေ ဟောတိ၊ အံ့။ ဗုဒ္ဓါသနာ၊ ဘုရားနေရာမှ။ ဝုဋ္ဌာယ၊ ၍။ နှာနကောဋ္ဌကံ၊ ရေချိုးအိုသို့။ ပဝိသိတွာ၊ ၍။ ဥပဋ္ဌာကေန၊ အလုပ်အကျွေးသည်။ ပဋိယာဒိတဥဒကေန၊ စီရင်သော ရေဖြင့်။ ဂတ္တာနိ၊ ကိုယ်တော်တို့ကို။ ဥတုံ၊ အငွေ့ကို။ ဂဏှာပေတိ ၊ယူစေ၏။ ဥပဋ္ဌာကောပိ၊ အလုပ်အကျွေးသည်လည်း။ ဗုဒ္ဓါသနံ၊ ကို။ အာနေတွာ၊ ၍။ ဂန္ဓကုဋိပရိဝေဏေ၊ ဂန္ဓကုဋိပရိဝုဏ်၌။ ပညပေတိ၊ ခင်း၏။ ဘဂဝါ၊ သည်။ သုရတ္တဒုပဋ္ဋံ၊ ကောင်းစွာနီသော နှစ်ထပ်သော သင်းပိုင်ကို။ နိဝါသေတွာ၊ ကောင်းစွာဝတ်၍။ ကာယဗန္ဓနံ၊ ကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်သင်္ကန်းကို။ ကတွာ၊ ပြုပြင်၍။ တတ္ထ၊ထိုဘုရားနေရာ၌။ ကောကောဝ၊ တယောက်အဖိုးတည်းသာလျှင်။ မုဟုတ္တံ၊ တခဏဝယ်။ ပဋိသလ္လီနော၊ ကျိန်းအောင်းတော်မူသည်ဖြစ်၍။ နိသီဒတိ၊ ၏။ အထ၊ ထိုသို့နေတော်မူသောအခါ၌။ ဘိက္ခူ၊ တို့သည်။ တတော တတော၊ ထိုထိုသို့သောအရပ်မှ။ အာဂမ္မ၊ လာကုန်၍။ ဘဂဝတော၊ အား။ ဥပဋ္ဌာနံ၊ ခစားခြင်းငှာ။ အာဂစ္ဆန္တိ၊ ကုန်၏။ တတ္ထ၊ ထိုရဟန်းတို့တွင်။ ဧကစ္စေ၊ အချို့ကုန်သောရဟန်းတို့သည်။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆန္တိ၊ ကုန်၏။ ဧကစ္စေ၊ တို့သည်။ ကမ္မဋ္ဌာနံ၊ ကို။ ပုစ္ဆန္တိ၊ ကုန်၏။ ဧကစ္စေ၊ တို့သည်။ ဓမ္မသဝနံ၊ တရားနာခြင်းကို။ ယာစန္တိ၊ တောင်းပန်ကုန်၏။ ဘဂဝါ၊ သည်။ တေသံ

ဘိက္ခူနံ၊ တို့၏။ အဓိပ္ပါယံ၊ အလိုကို။ သမ္ပါဒေန္တော၊ပြည့်စုံစေသည်ဖြစ်၍။ ပုရိမယာမံ၊ ပုရိမယာမ်ကို။ ဝီတိနာမေတိ၊ လွန်စေ၏။ ဣဒံ၊ ဤကိစ္စသည်။ **ပုရိမယာမကိစ္စံ၊** တည်း။

ပုရိယာမကိစ္စ ပ ရိ ယော သာ နေ ပ နှ၊ ပုရိမယာမ်ကိစ္စအဆုံး၌ကား။ ဘိက္ခူသု၊ တို့သည်။ ဘဂဝန္တံ၊ ကို။ ဝန္ဒိတွာ၊ ၍။ ပက္ကမန္တေသု၊ ဖဲကုန်ပြီးသော်။ သကလ ဒသသဟဿိလောကဓာတု ဒေဝတာယော၊ အလုံးစုံသော တသောင်းသော လောကဓာတ်၌နေကုန်သော နတ်တို့သည်။ ဩကာသံ၊ အခွင့်ကို။ လဘမာနာ၊ ရကုန်သည်ဖြစ်၍။ ဘဂဝန္တံ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ ယထာဘိသင်္ခတံ၊ မိမိတို့ပြုပြုကိုင်းသော။ ပဉှံ၊ ကို။ ပုစ္ဆန္တိ၊ ကုန်၏။ အန္တမသော၊ ဖြင့်။ စတုရက္ခရမ္ပိ၊ လေးလုံးသောအက္ခရာကိုလည်း။ ပုစ္ဆန္တိ၊ ကုန်၏။ ဘဂဝါ၊ သည်။ တာသံဒေဝတာနံ၊ တို့၏။ ပဉှံ၊ ပြဿနာကို။ ဝိဿဇ္ဇေန္တော၊ ဖြေတော်မူသည်ဖြစ်၍။ မဇ္ဈိမယာမံ၊ ကို။ဝီတိနာမေတိ၊ ၏။ ဣဒံ၊ ဤကိစ္စသည်။ **မဇ္ဈိမယာမကိစ္စံ၊** တည်း။

ပစ္ဆိမယာမံပန၊ မိုးသောက်ယာမ်ကိုကား။ တယော ကောဋ္ဌာသေ၊ သုံးစုတို့ကို။ ကတွာ၊ ၍။ ပုရေဘတ္တတော၊ နံနက်အခါမှ။ ပဋ္ဌာယ၊၍။နိသဇ္ဇာပီဠိတဿ၊ ထိုင်ခြင်းသည်နှိပ်စက်အပ်သော။ သရီရဿ၊ ကိုယ်တော်၏။ ကိလာသုတာဝမောစနတ္ထာယ၊ ပင်ပန်းခြင်းမှလွတ်စေခြင်းငှာလည်း။ (ကျင်နာခြင်းမှ လွတ်စေခြင်းငှာလည်းဟူ)။ ဧကံကောဋ္ဌာသံ၊ တစုကို။ (တစုပတ်လုံးလည်းဟူ)။ စင်္ကမေန၊ ဖြင့်။ ဝီတိနာမေတိ၊ လွန်စေ၏။ဒုတိယကောဋ္ဌာသေ၊ နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သောအဘို့၌။ ဂန္ဓကုဋိံ၊ သို့။ ပဝိသိတွာ၊ ၍။ဒက္ခိဏေန၊ လက်ျာဖြစ်သော။ ပဿေန၊ နံပါးဖြင့်။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ပညာနှင့်ပြည့်စုံသည်ဖြစ်၍။ သီဟသေယံ၊ မြတ်သောအိပ်ခြင်းကို။ ကပ္ပေတိ၊ ပြုတော်မူ၏။ (စတုတ္ထဈာန်သမာပတ်ဖြင့်ကိန်းတော်မူခြင်းကို သီဟသေယျဟုဆိုအပ်၏)။ တတိယကောဋ္ဌာသေ၊ ၌။ ပစ္စုဋ္ဌာယ၊ ထတော်မူ၍။ နိသီဒိတွာ၊ ၍။ ပုရိမဗုဒ္ဓါနံ၊ ရှေးဘုရားတို့၏။ သန္တိကေ၊ ၌။ ဒါနသီလာဒိ ဝသေန၊ အလှူ သီလ အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ကတာဓိကာရပုဂ္ဂလဒဿနတ္ထံ၊ ပြုဘူးသောကောင်းမှု၌ လေ့ကျက်

ခြင်းရှိသောပုဂ္ဂိုလ်ကိုရှုခြင်းငှာ။ ဗုဒ္ဓစက္ခုနာ၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ် ဖြင့်။ လောကံ၊ ကို။ ဝေါလောကေတိ၊ ကြည့်တော်မူ၏။ ဣဒံ၊ သည်။ **ပဋ္ဌမယာမကိစ္စံ၊** တည်း။

တသ္မိံ ပနဒိဝသေ၊ ၌ကား။ ဘဂဝါ၊ သည်။ ပုရေဘတ္တကိစ္စံ၊ ကို။ ရာဇဂဟေ၊ ၌။ ပရိယောသာပေတွာ၊ ပြီးဆုံးစေ၍။ ပစ္ဆာဘတ္တေ၊ ၌။ မဂ္ဂံ၊ ကို။ အာဂတော၊ လာတော်မူ၏။ ပုရိမယာမေ၊ ပုရိမယာမ်၌။ ဘိက္ခူနံ၊ တို့အား။ ကမ္မဋ္ဌာနံ၊ ကို။ ကထေတွာ၊ ကြား၍။ မဇ္ဈိမယာမေ၊ ၌။ ဒေဝတာနံ၊ တို့၏။ ပဉှံ၊ ပြဿနာကို။ ဝိဿဇ္ဇေတွာ၊ ဖြေ၍။ ပစ္ဆိမယာမေ၊ ၌။ စင်္ကမံ၊ သို့။ အာရုယှ၊ တက်၍။ စင်္ကမမာနော၊ စင်္ကြံကြွတော်မူလျက်။ ပဉ္စန္နံ ဘိက္ခုသတာနံ၊ ငါးရာသောရဟန်းတို့၏။ သဗ္ဗညုတညာဏံ၊ ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဝတ္တံ၊ သော။ ဣမံကထံ၊ ဤစကားပြောဟောခြင်းကို။ သဗ္ဗညုတညာဏေနေဝ၊ ဖြင့်သာလျှင်။ သုတွာ၊ ၍။ အညာသိ၊ သိတော်မူ၏။ တေန၊ ကြောင့်။ ပစ္ဆိမယာမကိစ္စံ ကရောန္တော အညာသီတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။

ဉတွာစပန၊ သိတော်မူပြီး၍ကား။ အဿ၊ ထိုမြတ်စွာဘုရား၏။ ဧတံ၊ သော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ပြီ။ ကိံ အဟောသိ၊ နည်း။ ဣမေဘိက္ခူ၊ တို့သည်။ မယှံ၊ ၏။ သဗ္ဗညုတညာဏံ၊ ကို။ အာရဗ္ဘ၊ ပြု၍။ ဂုဏံ၊ ကို။ ကထေန္တိ၊ ချီးမွမ်းကုန်၏။ ဧတေသဉ္စ၊ ထိုရဟန်းတို့အားလည်း။ သဗ္ဗညုတညာဏကိစ္စံ၊ သည်။ နပါကဋံ၊ မထင်။ မယှမေဝ၊ အားသာလျှင်။ ပါကဋံ၊ ၏။ မယိပန၊ သည်ကား။ ဂတေ၊ ရှိသော်။ ဧတေ၊ တို့သည်။ အတ္တနော၊ ၏။ ကထံ၊ စကားကို။ နိရန္တရံ၊ မပြတ်။ အာရောစေဿန္တိ၊ ကြားကုန်လတ္တံ့။ တတော၊ ထိုသို့ကြားခြင်းကြောင့်။ အဟံ၊ သည်။ နေသံ၊ ထိုရဟန်းတို့၏။ တံကထံ၊ ကို။ အဋ္ဌုပ္ပတ္တိံ၊ အကြောင်းကို။ ကတွာ၊ ၍။ တိဝိဓံ၊ သော။ သီလံ၊ ကို။ ဝိဘဇန္တော၊ ခွဲဝေသည်ဖြစ်၍။ ဒွါသဋ္ဌိယာ၊ ခြောက်ဆဲ့နှစ်ပါး အတိုင်းအရှည်ရှိသော။ ဌာနေသု၊ အရာတို့၌။ (အယူတို့၌လည်းဟူ)။ အပ္ပဋိဝတ္တိယံ၊ သူတပါးတို့သည်မဖြစ်စေနိုင်သော။ သီဟနာဒံ၊ ရဲရင့်သောစကားကို။ နဒန္တော၊ ဆိုသည်ဖြစ်၍။ ပစ္စယာကာရံ၊

ပဋိစ္စသမုပ္ပါဒ်ကို။ သမောဓာနေတွာ၊ ပေါင်း၍။ ဗုဒ္ဓဂုဏေဟိ၊ တို့ကို။ ပါကဋေ၊ ထင်သည်တို့ကို။ ကတွာ၊ ၍။ သိနေရုံ၊ မြင်းမိုရ်တောင်ကို။ ဥက္ခိပေန္တော ဝိယစ၊ ချီသကဲ့သို့ရင်း။ သုဝဏ္ဏကူဋေန၊ ရွှေထွဋ်ဖြင့်။ နဘံ၊ ကောင်းကင်ကို။ ပဟရန္တော ဝိယစ၊ ခပ်သကဲ့သို့ရင်း။ ဒသသဟဿိ လောကဓာတုကမ္ပနံ၊ တသောင်းသော လောကဓာတ်ကို လှုပ်စေတတ်သော။ ဗြဟ္မဇာလသုတ္တန္တံ၊ ဗြဟ္မဇာလသုတ်ကို။ အရဟတ္တနိကူဋေန၊ အရဟတ္တဖိုလ်ကို အထွဋ်ပြုသဖြင့်။ နိဋ္ဌာပေန္တော၊ ပြီးဆုံးစေသည်ဖြစ်၍။ ဒေသေသာဝသာနေ၊ ဒေသနာ၏အဆုံး၌ ... အံ့။ မေ၊ ၏။ သာဒေသနာ၊ သည်။ ပရိနိဗ္ဗုတဿာပိ၊ ငါပရိနိဗ္ဗာန်ပြုပြီးသော်လည်း။ ပဉ္စဝဿသဟဿာနိ၊ အနှစ်ငါးထောင်တို့ ကာလပတ်လုံး။ အမတမဟာနိဗ္ဗာနံ၊ သေခြင်းတရားမရှိသော နိဗ္ဗာန် ပြည်ကြီးသို့။ သမ္ပါပိကာ၊ ရောက်စေတတ်သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ ဧသော ပရိဝိတက္ကော၊ သည်။ အဟောသိ၊ ၏။ ဇဝံ၊ သို့။ စိန္တေတွာ၊ ၍။ယေန ယတ္ထ၊ အကြင်အရပ်၌။ မဏ္ဍလမာဠော၊ စည်းဝေးရာစရပ်သည်။ အတ္ထိ၊ ၏။ တေန တတ္ထ၊ သို့။ ဥပသင်္ကမိ၊ ၏။ (တနည်းကား) ယေန ဒိသာဘာဂေန၊ အကြင်အရပ်မျက်နှာအဘို့ဖြင့်။ မဏ္ဍလမာဠော၊ စည်းဝေး ရာစရပ်သို့။ ဥပသင်္ကမိတဗ္ဗော၊ ၏။ တေန ဒိသာဘာဂေန၊ ဖြင့်။ ဥပသင်္ကမိ၊ ၏။ **ယေနာ**တိ၊ ကား။ ယေန ဒိသာဘာဂေန၊ ဖြင့်။ သောမဏ္ဍလမာဠော၊ သို့။ ဥပသင်္ကမိတဗ္ဗော၊ ၏။ ဝါ၊ တနည်းကား။ တော၊ ထိုယေနဟူသော သဒ္ဒါသည်။ ဘုမ္မတ္ထေ၊ သတ္တမီ အနက်၌။ ကရဏဝစနံ၊ ကရိုဏ်းဝိဘတ် တည်း။ ယသ္မိံ ပဒေသေ၊ ၌။ သောမဏ္ဍလမာဠော၊ သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုစည်းဝေးရာ စရပ်ရှိသော အရပ်သို့။ ဂတော၊ သွားလေ၏။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ တည်း။

**ပညတ္တေ အာသနေ နိသီဒီ**တိ၊ ကား။ ဗုဒ္ဓကာလေ၊ဘုရားထင်ရှားရှိတော် မူသောကာလ၌။ ယတ္ထယတ္ထ၊ အကြင်အကြင်အရပ်၌။ ဧကော၊ တယောက် သော။ ဘိက္ခုပိ၊ သည်လည်း။ ဝိဟရတိ၊၏။ သဗ္ဗတ္ထ၊ ခပ်သိမ်းသောအရပ်၌။ ဗုဒ္ဓါသနံ၊ ဘုရားနေရာကို။ ပညတ္တမေဝ၊ ခင်းအပ်သည်သာလျှင်။ ဟောတိ ကိရ၊ ဖြစ်သတတ်။ကသ္မာ၊ကြောင့်။ပညတ္တံ၊သည်။ဟောတိ၊နည်းဟူမူကား။ ဘဂဝါ၊ သည်။ အတ္တနော၊ ၏။ သန္တိကေ၊ ၌။ကမ္မဋ္ဌာနံ၊ကို။ဂဟေတွာ၊ယူ၍။

ဖာသုကဋ္ဌာနေ၊ ချမ်းသာရာအရပ်၌။ ဝိဟရန္တေ၊ နေကုန်သော ရဟန်းတို့ကို။ မနသိကရောတိ ကိရ၊ နှလုံးသွင်းတော်မူသတတ်။ အသုကော၊ ဤအမည်ရှိသော။ ဘိက္ခု၊ သည်။ မယှံ၊ ၏။ သန္တိကေ၊ ၌။ ကမ္မဋ္ဌာနံ၊ ကို။ ဂဟေတွာ၊ ၍။ ဂတော၊ သွားလေ၏။ ဝိသေသံ၊ တရားအထူးကို။ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှာ။ သက္ခိဿတိနုခေါ၊ တတ်နိုင်ပါအံ့လော။ နောဝါ သက္ခိဿတိနုခေါ၊ လော။ ဣတိ၊ ဤသို့။ မနသိကရောတိ၊ ၏။ အထ၊ ထိုသို့နှလုံးသွင်းသောအခါ၌။ နံဘိက္ခုံ၊ ကို။ ကမ္မဋ္ဌာနံ၊ ကို။ ဝိဿဇ္ဇေတွာ၊ လွှတ်၍။ အကုသလဝိတက္ကံ၊ အကုသိုလ်ဖြစ်သောအကြံကို။ ဝိတက္ကယမာနံ၊ ကြံသည်ကို။ ပဿတိ၊ ၏။ တတော တသ္မိံကာလေ၊ ၌။ (ဩဝဒိတွာ၌ စပ်)။ ကထံဟိ၊ အဘယ်ကြောင့်လျှင်။ မာဒိသဿ၊ ငါကဲ့သို့သော။ သတ္ထု၊ ဘုရား၏။ သန္တိကေ၊ ၌။ ကမ္မဋ္ဌာနံ၊ ကို။ ဂဟေတွာ၊ ၍။ ဝိဟရန္တံ၊ နေသော။ ကုလပုတ္တံ၊ ဤအမျိုးကောင်းသားကို။ အကုသလဝိတက္ကာ၊ အကုသိုလ်ဖြစ်သော ဝိတက်တို့သည်။ အဘိဘဝိတွာ၊ နှိပ်စက်၍။ အနမတဂ္ဂေ၊ အစမထင်သော။ ဝဋ္ဋဒုက္ခေ၊ ဝဋ်ဆင်းရဲ၌။ သံသာရေဿန္တိနာမ၊ ကျင်လည်စေကုန်အံ့နည်း။ ဣတိ၊ သို့။ တဿဘိက္ခုနော၊ ကို။ အနုဂ္ဂဟတ္ထံ၊ ချီးမြှောက်ခြင်းငှာ။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ အတ္တာနံ၊ ကိုယ်တော်ကို။ ဒဿေတွာ၊ ၍။ ဟံကုလပုတ္တံ၊ ထိုအမျိုးကောင်းသားကို။ ဩဝဒိတွာ၊ ဆုံးမ၍။ အာကာသံ၊ သို့။ ဥပ္ပတိတွာ၊ ပျံ၍။ ပုန၊ ကာဘန်။ အတ္တနော၊ ၏။ ဝသနဋ္ဌာနမေဝ၊ နေရာအရပ်သို့သာလျှင်။ အာဂစ္ဆတိ၊ လာ၏။ အထ၊ ထိုအခါ၌။ ဧဝံ၊ ဤသို့။ ဩဝဒိယမာနာ၊ ဆုံးမအပ်ကုန်သော။ တေဘိက္ခူ၊ တို့သည်။ စိန္တယိံသု၊ ကုန်၏။ သတ္ထာ၊ သည်။ အမှာကံ၊ တို့၏။ မနံ၊ စိတ်ကို။ ဇာနိတွာ၊ ၍။ အာဂန္တွာ၊ ၍။ အမှာကံ၊ တို့၏။ သမီပေ၊ ၌။ ဌိတံယေဝ၊ ထင်ရှားစွာလျှင်။ အတ္တာနံ၊ ကိုယ်တော်ကို။ ဒဿေတိ၊ ၏။ တသ္မိံခဏေ၊ ထိုသို့ပြတော်မူသောခဏ၌။ ဘန္တေ၊ အရှင်ဘုရား။ ဣဓ၊ ဤနေရာ၌။ နိသီဒထ၊ နေတော်မူကုန်လော။ ဣတိ၊ ဤသို့။ အာသနပရိယေသန်နာမ၊ နေရာကို ရှာခြင်းမည်သည်ကား။ အမှာကံ၊ တို့၏။ ဘာရော၊ ဝန်တည်း။ ဣတိ၊ ဤသို့။ စိန္တယိံသု၊ ကုန်၏။ တေဘိက္ခူ၊ တို့သည်။ အာသနံ၊ ကို။ ပညပေတွာဝ၊ ခင်းကုန်၍သာလျှင်။ ဝိဟရန္တိ၊

နေကုန်၏။ ယဿဘိက္ခုနော၊ အား။ ပိဋ္ဌံ၊ အင်းပျဉ်သည်။ အတ္ထိ၊ ၏။ သောဘိက္ခု၊ သည်။ တံပီဋ္ဌံ၊ ကို။ ပညပေတိ၊ ၏။ ယဿဘိက္ခုနော၊ အား။ နတ္ထိ၊ မရှိ။ သောဘိက္ခု၊ သည်။ မဉ္စဝါ၊ကိုရင်း။ဖလကံဝါ၊ပျဉ်ပြားကိုရင်း။ ကဋ္ဌံဝါ၊ သစ်တုံးကိုရင်း။ ပါသာဏံဝါ၊ ကျောက်ကိုရင်း။ ဝါလုကပုဉ္ဇံဝါ၊ သဲစုကိုရင်း။ ပညပေတိ၊ ၏။ တံ၊ ထိုညောင်စောင်းအစရှိသော နေရာကို။ အလဘမာနော၊ မရကုန်သည်ရှိသော်။ ပုရာဏပဏ္ဏာနိပိ၊ ဟောင်းလေပြီးသော သစ်ရွက်တို့ကိုလည်း။ သင်္ကဍ္ဎိတွာ၊ ပေါင်းရုံး၍။ တတ္ထ၊ ထိုသစ်ရွက်စု၌။ ပံသုကူလံ၊ ကို။ ပတ္ထရိတွာ၊ခင်းကုန်၍။ (ဖြန့်ကုန်၍လည်းဟူ)။ဌပေန္တိ၊ ကုန်၏။ ဠမပေန၊ ဤစည်းဝေးရာစရပ်၌ကား။ ရညော၊ ၏။ နိသီဒနာသနမေဝ၊ နေရာသည်လျှင်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမင်း၏နေရာကို။ ပပ္ဖောဋေတွာ၊ ၍။ ပရိဝါရေတွာ၊ ခြံရံ၍။ တေဘိက္ခူ၊ တို့သည်။ ဘဂဝတော၊ ၏။ အဓိမုတ္တိကဉာဏံ၊ သဗ္ဗညုတဉာဏ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဂုဏံ၊ ကို။ ထောမယမာနာ၊ ချီးမွမ်းကုန်လျက်။ နိသီဒိံသု၊ ကုန်၏။

ဤအရာ၌ ထိုထိုသောအာရုံ၌ ညွတ်တတ်သောကြောင့် သဗ္ဗညုတဉာဏ်ကို အဓိမုတ္တိကဉာဏ်ဟု ဆိုသတည်း။

တံ၊ ထိုအမြဲခင်းသောနေရာ၌ နေခြင်းကို။ သန္ဓာယ၊ ၍။ ပညတ္တေ။ပ။ နိသီဒိတိ၊ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဧဝံ၊ ဤသို့။ နိသိန္နေသုပန၊ နေပြီး၍ကား။ ဇာနန္တောယေဝ၊ သိတော်မူလျက်လျှင်။ ကထာသမုဋ္ဌာပနတ္ထံ၊ စကားဖြစ်စေခြင်းငှာ။ ဘိက္ခူ၊ တို့ကို။ ပုစ္ဆိ၊ ၏။ တေစ ဘိက္ခူ၊ တို့သည်လည်း။ အဿဘဂဝတော၊ အား။ သဗ္ဗံ၊ အလုံးစုံသောအကြောင်းကို။ ကထယိံသု၊ ကြားလျှောက်ကုန်၏။ တေန၊ ကြောင့်။ နိသဇ္ဇခေါ ဘဂဝါတိ အာဒိဝစနံ၊ ကို။ ဝုတ္တံ၊ ပြီ။ တတ္ထ၊ ထိုနိသဇ္ဇခေါ ဘဂဝါ အစရှိသောပါဌ်၌။ သမဘိနိဝိဋ္ဌဿ၊ သော။ ကာယနုတ္ထာတိ ပဒဿ၊ ၏။ ကတမာယ။ပ။ ဘဝထာတိအတ္ထော၊ ကတမာယ။ပ။ ဘဝထ ဟူသောအနက်ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ကတမာယ၊ အဘယ်မည်သော။ ကထာယ၊ စကားကြောင့်။ သန္နိသိန္နာ၊ စည်းဝေးကြကုန်သည်။ ဘဝထနု၊ ဖြစ်ကုန်သနည်း။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။(ကာယနုတ္ထကို ကာယနုအတ္ထ

ဟုပုဒ်ဖြတ်သည်။ အတ္တအနက်ကို ဘဝထဟု ဖွင့်တော်မူသည်)။ ကာယ နွေတ္တာတိပိ၊ ကာယန္ဓေတ္တဟူ၍လည်း။ ပါဠိ၊ သည်။ အတ္ထိ၊ ရှိ၏။ တဿာ၊ ထိုကာယန္ဓေတ္တဟူသောပါဠိ၏။ ကတမာယ၊ သော။ ကထာယ၊ ကြောင့်။ ဝေတ္ထ၊ ဤစည်းဝေးရာစရပ်၌။ သန္ဓိသိန္ဓာ၊ ကုန်သည်။ ဘဝထ၊ ကုန်သနည်း။ ဣတိ၊ ဤသို့။ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ (ကာယန္ဓေတ္တဟုရှိသော် ကာယနု တ္တေဟုပုဒ်ဖြတ်စေဟူလိုသည်)။ ကာယနောတ္တာတိပိ၊ ဟူ၍လည်း။ ပါဠိ၊ သည်။ အတ္ထိ၊ ရှိ၏။ တဿာ၊ ထိုကာယနောတ္တဟူသော ပါဠိ၏။ ပုရိမေ၊ ရှေးကာယနုတ္တဟူသောပါဠ်၌။ အတ္ထောဣဝ၊ အနက်ကဲ့သို့။အတ္ထော၊သည်။ ဟောတိ၊ ၏။

ကာယနောတ္တကို ကာယနု တ္တေဟုပုဒ်ဖြတ်၍ နောက်သရကိုချေ၍ ရှေ့ ဥသရကို ပုဗ္ဗောစဟူသောသုတ်ဖြင့် ဩပြု၍ ရုပ်ကိုစီရင်အပ်၏။ တနည်း လည်း ကာယနောအတ္တဟု ပုဒ်ဖြတ်၍ ဝါပရောအသရူပါ ဟူသော သုတ်ဖြင့် ဩသရမှနောက်ဖြစ်သော အသရကိုချေ၍ ရုပ်ကိုစီရင်အပ်၏။

**အန္တရာကထာ**တိ၊ ကား။ ကမ္မဋ္ဌာန မနသိကာရ ဥဒ္ဒေသ ပရိပုစ္ဆာဒီနံ၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း ပါဠိသင်ခြင်း အဋ္ဌကထာသင်ခြင်းအစရှိသည် တို့၏။ အန္တရာ၊ အကြား၌။ အညာ၊ တပါးသော။ကော၊တခုသော။ကထာ၊ စကားတည်း။ ဝိပ္ပကတာတိ၊ ကား။ မမ၊ ငါ၏။ အာဂမနပစ္စယာ၊ လာခြင်း ဟူသောအကြောင်းကြောင့်။ အပရိနိဋ္ဌိတာ၊ အပြီးသို့မရောက်သော။ သိခံ၊ အဆုံးသို့။ အပ္ပတ္တာ၊ မရောက်သော။ တေန၊ ထိုဝိပ္ပကတာဟူသောပါဠ်ဖြင့်။ ကိံ၊ အဘယ်ကို။ ဒဿေတိ၊ နည်း။ အဟံ၊ သည်။ တုမှာကံ၊ တို့၏။ ကထာ ဘင်္ဂတ္ထံ၊ စကားကိုဖျက်အံ့သောငှာ။ နအာဂတော၊ မလာ။ အဟံပန၊ သည် ကား။ သဗ္ဗညုတာယ၊ ခပ်သိမ်းသောတရားကို သိသည်၏အဖြစ်ကြောင့်။ တုမှာကံ၊ တို့၏။ ကထံ၊ စကားကို။ နိဋ္ဌာပေတွာ၊ ပြီးဆုံးစေ၍။ မတ္ထကပ္ပတ္တံ၊ အဆုံးသို့ရောက်သည်ကို။ ကတွာ၊ ၍။ ဒဿာမိ၊ ပေအံ့။ ဣတိ၊ ဤသို့။ နိသဇ္ဇေဝ၊ ထိုင်တော်မူလျက်လျှင်။ သဗ္ဗညုတပဝါရဏံ၊ သဗ္ဗညုတဉာဏ် ဖြင့်ဘိတ်ခြင်းကို။ ပဝါရေတိ၊ ၏။**အယံနောခေါ**။ပ။**အနုပ္ပတ္တောတိတ္တော**ပိ၊ ၌လည်း။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ အဓိပ္ပါယော၊ တည်း။ ဘန္တေ၊

ဘုရား။ အမှာကာံ၊ တို့၏။ (ကထာ၌သမ္ဗန်စပ်)။ ဘဂဝတော၊ ၏။ သဗ္ဗညုတ ညာဏ၊ ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ အယံဂုဏကထာ၊ ဤကျေးဇူးကို ချီးမွမ်းသောစကားသည်။ ဝိပ္ပကတာ၊ အပြီးသို့မရောက်သည်။ ဟောတိ၊ ၏။ ရာဇကထာဒိကာ၊ မင်းစကားအစရှိသော။ တိရစ္ဆာနကထာ၊ မဂ်ဖိုလ်၏ ဘီလာဖြစ်သောစကားသည်။ ဝိပ္ပကတာ၊ အပြီးသို့မရောက်သည်။ နဟော တိ၊ မဖြစ်။ အထ၊ ထိုသို့ သဗ္ဗညုတဉာဏ်ကိုအကြောင်းပြု၍ ချီးမွမ်းစကားကို ဆိုသောအခါ၌။ ဘဂဝါ၊ သည်။ အနုပ္ပတ္တော၊ အစဉ်ရောက်တော်မူ၏။ နော၊ အကျွန်ုပ်တို့၏။ (ကထံ၌စပ်)။ ဝါ၊ တို့အား။ (ဒဿေထ၌စပ်)။ တံ ကထံ၊ ကို။ ဣဒါနိ၊ ၌။ နိဋ္ဌာပေတွာ၊ ပြီးဆုံးစေ၍။ ဒဿေထ၊ ပြတော်မူကုန် လော။ ဣတိအယံ၊ လျှင်။ အဓိပ္ပါယော၊ တည်း။

ထွေ့ာဝတာ၊ ဤဝေံမေသုတံအစ အန္တရာကထာအဆုံးရှိသော သဒ္ဒါ အစဉ် အနက်အစဉ်ဖြင့်။ (ဘာသိတံ၌စပ် သမတ္တ၌လည်းစပ်သင့်၏)။ အာ ယသ္မတာ၊ ရှည်သောသက်တော်ရှိသော။ အာနန္ဒေန၊ သည်။ (ဘာသိတံ ၌စပ်)။ ကမလကုဝလ ယုဇ္ဇလ ဝိမလ သာဒုရသ သလိလာယ၊ ကြာနီ ကြာဖြူ ကြာခေါင်းလောင်းတို့ဖြင့် တင့်တယ်သော အညစ်အကြေးကင်း သော မြိန်သောအရသာရှိသော ရေရှိသော။ ပေါက္ခရဏိယာ၊ လေးထောင့် ကန်၏။ (တိတ္ထံ၌ သမ္ဗန်စပ်)။ သုခါဝတရဏတ္ထံ၊ သက်လွယ်စိမ့်သောငှာ။ နိမ္မလ သိလာတလ ရစန ဝိလာသ သောဘိတ ရတန သောပါနံ၊ အညစ် အကြေးကင်းသော ကျောက်ဖျာဖြင့်စီရင်အပ်သော တင့်တယ်စမွယ်သော ရတနာစောင်းတန်းရှိထသော။ ဝိပ္ပကိဏ္ဏမုတ္တာတလ သဒိသ ဝါလုကာစုဏ္ဏ ပဏ္ဍရ ဘူမိဘာဂံ၊ ဖရိုဖရဲကြဲအပ်သော ပုလဲမှုန့်အပြင်တို့နှင့်တူသော သဲမှုန့် တို့ဖြင့် ဖွေးဖွေးဖြူသော မြေအဘို့ရှိထသော။ တိတ္ထံဝိယစ၊ ဆိပ်ကဲ့သို့ရင်း။ သုဝိဘတ္တ ဘိတ္တိ ဝိစိတြ ဝေဒိကာ ပရိက္ခိတ္တဿ၊ ကောင်းစွာဝေဘန်အပ် သော နံရံတို့ဖြင့် ဆန်းကြယ်သော ပွတ်တိုင်တို့ဖြင့်ရံအပ်သော။ (ပါသာဒ ဝရဿ၌ ဝိသေသနစပ်)။ နက္ခတ္တပထံ၊ ကောင်းကင်ပြင်ကို။ ဖုသိတုကာမ တာဝိယ၊ ထိခြင်းငှာ အလိုရှိသည်၏အဖြစ်ကဲ့သို့။ ဝိဇမ္ဘိတ သမုဿယဿ၊ တင့်တယ်ခြင်းအပေါင်း၏ တည်ရာဖြစ်ထသော။ ပါသာဒဝရဿ၊ မြတ်

သောပြာသာဒ်၏။ (သောပါနံ၌စပ်)။ သုခါရောဟဏတ္ထံ၊ သက်လွယ်စိမ့်သောငှာ။ ဒန္တမယ သဏှ မုဒု ဖလက ကဥ္စန လတာ ဝိနဒ္ဓ မဏိဂဏပ္ပဘာ သမုဒယုဇ္ဇလ သောဘံ၊ ဆင်စွယ်ဖြင့်ပြီးသော သိမ်မွေ့နူးညံ့သော ပျဉ်၌ ရွှေခြူးနွယ်တို့ဖြင့် မြေးအပ်သော ပတ္တမြားအပေါင်းတို့၏ အရောင်အပေါင်းတို့ဖြင့်ဟောက်ပတင့်တယ်သော။ သောပါနံဝိယစ၊ စောင်းတန်းကဲ့သို့ရင်း။ သုဝဏ္ဏဝလယာနုပုရာဒိ သံဃဋ္ဋန သဒ္ဒ သမ္မိဿိတ ကထိတ ဟသိတ မဓုရဿရဂေဟဇနဝိဇမ္ဘိတဝိစရိတဿ၊ ရွှေခြေကျင်း ရွှေလက်ကောက်အစရှိသည်၏ အချင်းချင်း ထိခြင်းကြောင့်ဖြစ်သော အသံတို့ဖြင့် ရောယှက်သောစကားပြုံးရယ်ခြင်းတည်းဟူသော သာယာစွာသော အသံရှိသော အိမ်သူအပေါင်း၏ ထိုမှဤမှ သွားရာဖြစ်ထသော။ (သွားခြင်း ရှိထသောလည်းဟူ)။ ဉဋ္ဌာရိဿရိယ ဝိဘဝသောဘိတဿ၊ များစွာသော စည်းစိမ်ဥစ္စာ အဆောက်အဦတို့ဖြင့် တင့်တယ်စွာထသော။ မဟာဃရဿ၊ အိမ်ကြီး၏။ (မဟာဒွါရံ၌စပ်)။ သုခပ္ပဝေသနတ္ထံ၊ ဝင်လွယ်စိမ့်သောငှာ။ သုဝဏ္ဏ ရဇတမဏိ မုတ္တာ ပဝါဠာဒိ ဇုတိဝိဿရ ဝိဇ္ဇောတိတ သုပ္ပတိဋ္ဌိတ ဝိသာလ ဒွါရဗာဟံ၊ ရွှေ, ငွေ, ပတ္တမြား, ပုလဲသန္တာ အစရှိသည်တို့၏ အရောင်တို့ဖြင့် ပြိုးပြိုးပြက် တောက်ပသော ကောင်းစွာတည်သော ကျယ်စွာသော တံခါးတိုင်ရှိသော။ (တံခါးပေါက်ရှိသောလည်းဟူ)။ မဟာဒွါရံ ဝိယစ၊ တံခါးမကြီးကဲ့သို့ရင်း။ အတ္ထဗျဉ္ဇန သမ္ပန္နဿ၊ အနက်သဒ္ဒါနှင့် ပြည့်စုံထသော။ ဗုဒ္ဓဂုဏာနုဘာဝ သံသူစကဿ၊ဘုရားဂုဏ်၏အစွမ်းကို ကောင်းစွာပြတတ်ထသော။ ဣမဿသုတ္တဿ၊ ဤဗြဟ္မဇာလသုတ်၏။ (နိဒါနံ၌စပ်၊ ဤဗြဟ္မဇာလသုတ်ကိုဟု ကံအနက်ယောဇနာ၍ သုခါဝ ဂဟဏတ္ထံ၌ ဂဟဏသဒ္ဒါနှင့်လည်းစပ်အပ်၏)။သုခါဝ ဂဟဏတ္ထံ၊ ယူလွယ်စေခြင်းငှာ။ (ကောင်းစွာ ယူစေခြင်းငှာလည်းဟူ)။ ကာလ ဒေသက ဝတ္ထု ပရိသ ဒေသပဋိမဏ္ဍိတံ၊ ဟောရာကာလ ဟောတတ်သောပုဂ္ဂိုလ် ဟောကြောင်းသုတ်ကို နာသောပရိသတ် ဟောရာအရပ်တို့ဖြင့် တန်ဆာဆင်အပ်သော။ ယံနိဒါနံ၊ အကြင်နိဒါန်းကို။ ဘာသိတံ၊ ဆိုအပ်ပြီ။ တဿ နိဒါနဿ၊ ၏။ အတ္ထဝဏ္ဏနာ၊ အနက်အဖွင့်သည်။ သမတ္တာ၊ ပြီးပြည့်စုံပြီ။

နိဒါနကထာပြီး၏။

## စတုဗ္ဗိဓသုတ္တနိက္ခေပ

၅။ ဣဒါနိ၊ ဣဒ္ဓ။ **မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုန္တိ** အာဒိနာ၊ မမံဝါ။ပ။ ဘာသေယျုံ- ဤသို့အစရှိသော။ နယေန၊ ဖြင့်။ ဘဂဝတာ၊ သည်။ နိက္ခိတဿ၊ ထားအပ်သော။ သုတ္တဿ၊ သုတ္တကို။ ဝဏ္ဏနာယ၊ဖွင့်ခြင်း၏။ ဩကာသော၊ အခွင့်သည်။ အနုပ္ပတ္တော၊ အစဉ်အားဖြင့် ရောက်လတ်ပြီ။ ပန၊ ထိုသို့ရောက်သော်လည်း။ သာသော သုတ္တဝဏ္ဏနာ၊ ထိုသုတ်၏ အဖွင့်သည်။ သုတ္တနိက္ခေပံ၊ သုတ်ကိုထားခြင်းကို။ ဝိစာရေတွာ၊ စိစစ်၍။ ဝုစ္စမာနာ၊ ဆိုအပ်သည်ရှိသော်။ ပါကဋာ၊ ထင်ရှားသည်။ ယသ္မာ၊ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ သုတ္တနိက္ခေပံ၊ သုတ်ကိုထားခြင်းကို။ တာဝ၊ စွာ။ မယံ၊ တို့သည်။ ဝိစာရယိဿာမ၊ စိစစ်ကုန်အံ့။ ဟိ၊ အကျယ်ကား။ သုတ္တနိက္ခေပါ၊သုတ်ကိုထားခြင်းတို့သည်။အတ္တဇ္ဈာသယောစ၊ဘုရားအလိုတော်ဖြင့်သာ ထားခြင်းရင်း။ ပရဇ္ဈာသယောစ၊ သူတပါးအလိုအားဖြင့် ထားခြင်းရင်း။ ပုစ္ဆာဝသိကောစ၊ မေးသောအလိုအားဖြင့် ထားခြင်းရင်း။ အဋ္ဌုပ္ပတ္တိကောစ၊အကြောင်းဖြစ်၍ ထားခြင်းရင်း။ ဣတိ၊ဤသို့။စတ္တာရော၊ လေးပါးတို့တည်း။

တတ္ထ၊ ထိုလေးပါးကုန်သော ထားခြင်းတို့တွင်။ ယာနိ သုတ္တာနိ၊ တို့ကို။ ဘဂဝါ၊ သည်။ ပရေဟိ၊ သူတပါးတို့သည်။ အနဇ္ဈိဋ္ဌော၊ မတိုက်တွန်းမူ၍။ ကေဝလံ၊ သက်သက်။ အတ္တနော၊ ဘုရားသခင်၏။ အဇ္ဈာသယေနေဝ၊ အလိုတော်အားဖြင့်သာလျှင်။ ကထေသိ၊ ဟောတော်မူ၏။ ဣဒံ တာနိ သုတ္တာနိ၊ ထိုဘုရားအလိုတော်ဖြင့်သာ ဟောတော်မူသော သုတ်ဟူသည်တို့ကား။ သေယျထာ ကတမာနိ၊ အဘယ်တို့နည်းဟူမူကား။ အာကင်္ခေယျသုတ္တံ၊ အာကင်္ခေယျသုတ်ရင်း။ ဝတ္ထသုတ္တံ၊ သုတ်ရင်း။ မဟာသတိပဋ္ဌာနသုတ္တံ၊ ရင်း။ မဟာသဠာယတန ဝိဘင်္ဂသုတ္တံ၊ မဟာသဠာယတန ဝိဘင်္ဂသုတ်ရင်း။ အရိယဝံသသုတ္တံ၊ ရင်း။ သမ္မပ္ပဓာနသုတ္တန္တ ဟာရကော၊ သမ္မပ္ပဓာန်တရားတို့ကို ဆောင်တတ်သောသုတ်ရင်း။ ဣဒ္ဓိပါဒ ဣန္ဒြိယဗလ ဗောဇ္ဈင်္ဂ မဂ္ဂင်္ဂ သုတ္တန္တဟာရကော၊ ဣဒ္ဓိပါဒ် ဣန္ဒြေဗိုလ် ဗောဇ္ဈင်မဂ္ဂင်ကို ဆောင်တတ်သောသုတ်ရင်း။ ဣတိဧဝမာဒီနိ၊ ဤသို့အစရှိသော သုတ်တို့တည်း။ တေသံ၊

ထိုသုတ်တို့ကို။ နိက္ခေပေါ၊ ထားခြင်းသည်။ **အတ္တဇ္ဈာသယော၊** ဘုရားအလိုတော်အားဖြင့်သာ ထားခြင်းမည်၏။

ယာနိပန သုတ္တာနိ၊ တို့ကိုကား။ (ကထိတာနိ၌စပ်) ပရိပက္ကာခေါ။ပ။ အာသဝါနံ ခယေ ဝိနေယျန္တိ၊ ပရိပက္ကာခေါ။ပ။ အာသဝါနံ ခယေ ဝိနေယျံ၊ ဟူ၍။ ဧဝံ၊ ဤသို့။ ပရေသံ၊ သူတပါးတို့၏။ အဇ္ဈာသယဉ္စ၊ အလိုကိုင်း။ ခန္တိမနဉ္စ၊ နှစ်သက်သော စိတ်ရှိသည်၏ အဖြစ်ကိုင်း။ အဘိနီဟာရဉ္စ၊ ဆုတောင်းဘူးသည်၏ အဖြစ်ကိုင်း။ (လေ့ကျက်ဆူးသည်၏အဖြစ်ကိုင်းလည်းဟူ)။ ဗုဇ္ဈနဘာဝဉ္စ၊သိလတ္တံ့သည်၏ အဖြစ်ကိုင်း။အဝေက္ခိတွာ၊ ဆင်ခြင်တော်မူ၍။ ပရဇ္ဈာသယဝသေန၊ သူတပါးတို့၏ အလိုအားဖြင့်။ ကထိတာနိ၊ ဟောတော် မူအပ်ကုန်၏။ ရာ ဟု လ ဿ၊ ရာဟုလာအား။ ဝိမုတ္တိပရိပါစနီယာ၊ အရဟတ္တဖိုလ်ကို ရင့်စေ တတ်ကုန်သော။ ဓမ္မာ၊ တို့သည်။ ပရိပက္ကာခေါ၊ ရင့်ကုန်ပြီးသလျှင်ကတည်း။ ယန္နူန ယဒိပန၊ အကယ်၍ကား။ အဟံ၊ သည်။ ရာဟုလံ၊ ကို။ ဥတ္တရိ၊ အလွန်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယေ၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်၌။ ဝိနေယျံ၊ ဆုံးမရမူကား။ သာဓု၊ ၏။ ဣဒံ တာနိ သုတ္တာနိ၊ ထိုသူတပါး၏ အလိုအားဖြင့် ဟောတော်မူအပ်ကုန်သော သုတ်ဟူသည်တို့သည်။ သေယျထာ ကတမာနိ၊ တို့နည်းဟူမူကား။ စူဠရာဟုလောဝါဒသုတ္တံ၊ စူဠရာဟုလောဝါဒသုတ်ငင်း။ မဟာရာဟုလောဝါဒသုတ္တံ၊ ငင်း။ ဓမ္မစက္ကပ္ပဝတ္တနံ၊ ဓမ္မစက္ကပဝတ္တနသုတ်ငင်း။ ဓာတုဝိဘင်္ဂသုတ္တံ၊ ငင်း။ ဣတိဧဝမာဒီနိ၊ ဤသို့အစရှိသော သုတ်တို့တည်း။ တေသံ၊ ထိုသုတ်တို့ကို။ နိက္ခေပေါ၊ သည်။ **ပရဇ္ဈာသယော၊** သူတပါးတို့၏ အလိုအားဖြင့် ထားခြင်းမည်၏။

တထာ-ကာရိတာယ၊ မဖောက်မပြန် ပြုလေ့ရှိသည်၏ အဖြစ်ကြောင့်။ တထာဂတော၊ မည်၏။

ဤဝိကပ်၌ အာဂတောသဒ္ဒါ ဓာတွတ္ထော အနေကတ္ထော ဟူသော ပရိဘာသာနှင့်အညီ ကာရိတအနက်၌ ဖြစ်၏။ တထတော အာဂတော ကာရိတော တထာဂတောဟု ပဋ္ဌမိတပ္ပုရိသ်ပြု။

အဘိဘဝနဋ္ဌေန၊ နှိပ်စက်ခြင်းဟူသော အနက်ကြောင့်။ တထာဂတော၊ မည်၏။

ဣတိ သဒ္ဒါကား ပရိသမာပနတည်း။ ဤနောက်ဆုံး ဝိကပ်၌ တထ အာဂတောဟု ပုဒ်ဖြတ်။ တထော အာဂတော ယဿာတိ တထာဂတောဟု ဗဟုဗ္ဗိဟိပြု။ ယဿ ဘဂဝတော၊ အား။ တထော၊ မဖောက်မပြန်သော။ အာဂတော၊ ဒေသနာတည်းဟူသောဆေးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သောဘဂဝါ၊ သည်။ တထာဂတော၊ မည်၏။

ထိုအနက်ကို အကျယ်ပြတော်မူလို၍ ကထံ ဘဂဝါ အစရှိသော ပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

ကထံ၊ အသို့လျှင်။ ဘဂဝါ၊ သည်။ တထာ၊ ထိုရှေးဘုရားတို့အတူ။ အာဂတော၊ လာတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တထာဂတော၊ မည်သည်။ ယောတိ၊ နည်း။ သဗ္ဗလောကဟိတာယ၊ ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားအလို့ငှာ။ ဥဿုက္ကံ၊ ကြောင့်ကြခြင်းသို့။ (လုံ့လပြုခြင်းသို့လည်းဟူ)။ အာပန္နာ၊ ရောက်ကုန်သော။ ပုရိမကာ၊ ရှေး၌ဖြစ်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါ၊ တို့သည်။ အာဂတာ ယထာ၊ လာတော်မူကုန်သကဲ့သို့။ တထာ၊ တူ။ အာဂတော၊ ၏။

အဘယ်ရှေးဘုရားတို့ လာကုန်သကဲ့သို့ လာတော်မူသနည်းဟူ သူမေး ဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ယထာ ဝိပဿီ ဘဂဝါ စသည် ကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

ဝိပဿီ၊ ဝိပဿီအမည်ရှိသော။ ဘဂဝါ၊ သည်။ အာဂတောယထာ၊ ကဲ့သို့။ သိခီ၊ သော။ ဘဂဝါ၊ သည်။ အာဂတော ယထာ၊ ကဲ့သို့ ။ပ။ ကဿပေါ၊ သော။ ဘဂဝါ၊ သည်။ အာဂတောယထာ၊ ကဲ့သို့။ အာဂတော၊ ၏။ ဣတိ၊ ဤသို့။ တထာ၊ တူ။ အာဂတော၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ တထာ ဂတော၊ မည်၏။ (ဤသို့ အောက်ပါဠိကိုယူ၍ ယောဇနာ)။

ဆရာ-ဝိပဿီ အစရှိသော ရှေးဘုရားတို့ လာကုန်သကဲ့သို့ လာတော် မူ၏ဟု ဆရာဆို၏။ ရှေးဘုရားတို့ ပါရမီဆယ်ပါးကိုဖြည့်၍ လာကုန် သကဲ့သို့ လာတော်မူ၏ဟု ဆိုလိုသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေး ကိုဖြေခြင်းငှာ ကိံ ဝုတ္တံ ဟောတိ အစရှိသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

ကိံကော အဓိပ္ပါယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ နည်း။ ယေန အဘိနီဟာရေန[၁]၊ အကြင်သို့သောဆုတောင်းခြင်းဖြင့်။ ဧတေ ဘဂဝန္တော၊ ထိုဘုရားတို့သည်။ အာဂတာ၊ လာကုန်၏။ တေနေဝ အဘိနီဟာရေန၊ ဖြင့်သာလျှင်။ အမှာကံ၊ တို့၏။ ဘဂဝါပိ၊ သည်လည်း။ အာဂတော၊ ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

ဤသို့ ရှေးဘုရားတို့ ဆုတောင်းခြင်းဖြင့် လာတော် မူကုန်သကဲ့သို့ လာတတ်သည်၏အဖြစ်ကို ပြပြီး၍ ပါရမီကိုဖြည့်ခြင်းဖြင့် လာတော်မူ သကဲ့သို့ လာတော်မူသည်၏အဖြစ်ကို ပြခြင်းငှာ အထဝါ အစရှိသည် ကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

အထဝါ၊ တနည်းကား။ ဝိပဿီ၊ သော။ ဘဂဝါ၊ သည် ။ပ။ ကဿပေါ၊ သော။ ဘဂဝါ၊ သည်။ ဒါနပါရမိံ၊ ဒါနပါရမီကို။ ပူရေတွာ၊ ဖြည့်၍။ သီလပါရမိံ၊ ကို။ ပူရေတွာ၊ ၍။ နေက္ခမ္မပါရမိံ၊ ကို။ ပူရေတွာ၊ ၍။ (ဤ

---

၁။ မနုဿတ္တ,လိင်္ဂသမ္ပတ္တိ ဟေတု သတ္ထာရဒဿန ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ အဓိ ကာရ ဆန္ဒ ဟူသောအင်္ဂါ ၈-ပါးနှင့်ပြည့်စုံသော ဆုတောင်းခြင်းဟု ဆိုလိုသည်။

ကဲ့သို့ အသီးသီးယောဇနာ)။ပ။ ဥပေက္ခာပါရမိံ၊ ကို။ ပူရေတွာ၊ ၍။ဣမာ ဒသပါရမိယော၊ ဤဆယ်ပါးသော ပါရမီတို့ကိုရင်း။ ဣမာဒသဥပပါရမိယော၊ ဤဆယ်ပါးသော ဥပပါရမီတို့ကိုရင်း။ ဣမာဒသပရမတ္ထပါရမိယော၊ တို့ကိုရင်း။ ဣတိ၊ ဤသို့။ သမတိံသ ပါရမိယော၊ အမျှသုံးဆယ်သော ပါရမီတို့ကို။ ပူရေတွာ၊ ၍။

ဗာဟိရဝတ္ထုကို စွန့်ခြင်း သီလကိုမြဲစွာဆောက်တည်ခြင်း အစရှိသည်ကို ပြုခြင်းသည် ဒသပါရမီ မည်၏။ အင်္ဂါကြီးငယ်ကိုစွန့်ခြင်း အင်္ဂါကြီးငယ်ကိုမငဲ့မူ၍ သီလကို မြဲစွာဆောက်တည်ခြင်း အစရှိသည်ကို ပြုခြင်းသည် ဒသဥပပါရမီ မည်၏။ အသက်ကိုစွန့်ခြင်း အသက်ကိုမငဲ့မူ၍ သီလကိုဆောက်တည်ခြင်း အစရှိသည်ကိုပြုခြင်းသည် ဒသပရမတ္ထပါရမီ မည်၏။ ဤသို့ အယုတ် အလတ် အမြတ်အားဖြင့် ပါရမီဆယ်ပါးကိုသာလျှင် ဂေါဗလိဗဒ္ဒနည်းအားဖြင့် သမတိံသပါရမီဟု ဆိုသတည်း။ ပရမာနံ သော ပါရမီ၊ ပရမာနံ၊ မြတ်ကုန်သော ဘုရားလောင်းတို့၏။ သော ပဋိပဒါ၊ အကျင့်တည်း။ ပါရမီ၊ မြတ်ကုန်သော ဘုရားလောင်းတို့၏ အကျင့်။ (သောတဒ္ဓိတ်၊ ဤပစ္စည်းကား ဣတ္ထိလိင်ဇောတကတည်း။)။

အင်္ဂပရိစ္စာဂံ၊ အင်္ဂါကြီးငယ်ကို စွန့်ခြင်းရင်း။ ဇီဝိတပရိစ္စာဂံ၊ အသက်ကို စွန့်ခြင်းရင်း။ ဓနပရိစ္စာဂံ၊ ဥစ္စာကိုစွန့်ခြင်းရင်း။ ရဇ္ဇပရိစ္စာဂံ၊ ပြည်ကို စွန့်ခြင်းရင်း။ ပုတ္တဒါရပရိစ္စာဂံ၊ သားမယားကိုစွန့်ခြင်းရင်း။ ဣတိ၊ ဤသို့။ ဣမေပဉ္စမဟာပရိစ္စာဂေ၊ ဤငါးပါးကုန်သော စွန့်ခြင်းကြီးတို့ကို။ ပရိစ္စဇိတွာ၊ စွန့်လွှတ်တော်မူ၍။

အင်္ဂပရိစ္စာဂ အစရှိသည်တို့၏ ဒါနပါရမီ၏အဖြစ်သည် ဖြစ်သော်လည်း စွန့်ခြင်းအထူး ဖြစ်သည်၏အဖြစ်ကို ပြခြင်းငှာ ရဇ္ဇပရိစ္စာဂ ပုတ္တဒါရပရိစ္စာဂတို့၏ ပြုခြင်းငှာ စွမ်းနိုင်ခဲသည်၏အဖြစ်ကို ပြခြင်းငှာ အသီးအခြား ပဉ္စပရိစ္စာဂဟူ၍ ဆိုပြန်သတည်း။ ထို့ကြောင့် ဋီကာ၌ အင်္ဂပရိစ္စာဂါဒီနံ ဒါနပါရမိဘာဝေ ပရိစ္စာဂဝိသေသဘာဝဒဿနတ္ထံ သေသာနံ ဒုက္ကရဘာဝဒဿနတ္ထဉ္စ အင်္ဂပရိစ္စာဂါဒိ ဝိသုံ ဂဟဏံ ဟူ၍ ဆိုသတည်း။

ပုဗ္ဗယောဂံ၊ ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်ခဲ့ခြင်း အစရှိသော ရှေးအဘို့ဥ်ဖြစ်သော ပြင်းစွာသောလုံ့လကိုရင်း။ ပုဗ္ဗစရိယံ၊ တယောက်အထီးတည်း ရသေ့ရဟန်းပြု၍ ရှေးအဘို့ဥ်ကျင့်ခြင်းကိုရင်း။ ဓမ္မက္ခာနံ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်စိမ့်သောငှာ တရားဟောခြင်းကိုရင်း။ ဉာတတ္ထစရိယာဒယော၊ အဆွေအမျိုးတို့၏ အကျိုးငှာ ကျင့်ခြင်း အစရှိသည်တို့ကိုရင်း။ ပူရေတွာ၊ ပြည့်စုံစေ၍။ (အာဒိသဒ္ဒါဖြင့် လောကတ္ထစရိယံ ဗုဒ္ဓတ္ထစရိယံကို ယူ)။ ဗုဒ္ဓစရိယာယ [1]၊ ဘုရားဖြစ်ခြင်းငှာ ကျင့်ခြင်း၏။ ကောဋိံ၊အဆုံးသို့။ပတွာ၊ ၍။ အာဂတာယထာ၊ လာတော်မူကုန်သကဲ့သို့။ တထာ၊ ထိုအတူ။ အမှာကံ၊ တို့၏။ ဘဂဝါပိ၊ သည်လည်း။ အာဂတော၊ ၏။

အထဝါ၊ ကား။ ဝိပဿီ၊ သော။ ဘဂဝါ၊ သည်။ပ။ကဿပေါ၊ သော။ ဘဂဝါ၊ သည်။ စတ္တာရော၊ ကုန်သော။ သတိပဋ္ဌာနေ၊ တို့ကိုရင်း။ပ။ အရိယံ၊ အပြစ်ကင်းသော။ (ဖြူစင်သော လည်းဟူ)။ အဋ္ဌင်္ဂိကံ၊ ရှစ်ပါးသော အစိတ်ရှိသော။ မဂ္ဂံ၊ ကိုရင်း။ ဘာဝေတွာ၊ ဖြစ်စေ၍။ ဗြူဟေတွာ၊ ပွားစေ၍။ အာဂတာယထာ၊ ကုန်သကဲ့သို့။ တထာ၊ တူ။ အမှာကံ၊ တို့၏။ ဘဂဝါပိ၊ သည်လည်း။ အာဂတော၊ ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တထာဂတော၊ မည်၏။

ပဌမဝိကပ်၏ ဝိတ္ထာရတ္ထကို ပြပြီး၍ ဒုတိယဝိကပ်၏ ဝိတ္ထာရတ္ထကို ပြလိုရကား ယထေဝ လောကမှိ စသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏ အတ္ထကား-

လောကမှိ၊ လူ့ပြည်၌။ ဝိပဿီအာဒယော၊ ဝိပဿီအစရှိကုန်သော။ မုနယော၊ ဘုရားတို့သည်။ ဣဓ၊ ဤလူ့ပြည်၌။ သဗ္ဗညုဘာဝံ၊ သဗ္ဗညုအဖြစ်သို့။ အာဂတာယထာ၊ ရောက်ကုန်သကဲ့သို့။ တထာ၊ တူ။ အယံ သကျမုနီပိ၊ ဤငါတို့မြတ်စွာဘုရားသည်လည်း။ သဗ္ဗညုဘာဝံ၊ သို့။ အာဂတော၊ ၏။ တေန၊ ကြောင့်။ စက္ခုမာ၊ ငါတို့ မြတ်စွာဘုရားကို။ တထာဂတောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

---

[1]။ ဗုဒ္ဓိစရိယာယ ဆဋ္ဌ။

ဝေ၊ ဤသို့။ တထာ၊ ထိုရှေးဘုရားတို့အတူ။ အာဂတော၊ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ မည်တော်မူ၏။(၁)

ဒုတိယဝိကပ်၏ ဝိတ္ထာရကို ပြပြီး၍ တတိယဝိကပ်၏ ဝိတ္ထာရကိုပြလိုရကား ကထံ တထာဂတောတိ တထာဂတော စသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား-

ကထံ၊ အဘယ်သို့လျှင်။ တထာ၊ ရှေးဘုရားတို့အတူ။ ဂတော၊ သွားတော်မူတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ တထာဂတမည်သည်။ ဟောတိ၊ နည်း။ သမ္ပတိဇာတော၊ လူတို့လက်မှလွတ်ဆဲဖြစ်သော။ ဝိပဿီ၊ သော။ ဘဂဝါ၊ သည်။ ဂတောယထာ၊ သွားသကဲ့သို့။ပ။ ကဿပေါ၊ သော။ ဘဂဝါ၊ သည်။ ဂတောယထာ၊ ကဲ့သို့။ ဂတော၊ သွားတော်မူတတ်၏။

ကထဉ္စ၊ လျှင်။ သော၊ ထိုဝိပဿီအမည်ရှိသောဘုရားသည်။ ဂတော၊ နည်း။ (ဟိကား ဝိတ္ထာရဇောတကတည်း)။ သော၊ ထိုဝိပဿီဘုရားသည်။ သမ္ပတိဇာတောဝ၊ လူတို့လက်မှ လွတ်ဆဲဖြစ်၍သာလျှင်။ သမေဟိ၊ ညီညွတ်ကုန်သော။ ပါဒေဟိ၊ ခြေတို့ဖြင့်။ ပထဝိယံ၊ မြေ၌။ပတိဋ္ဌာယ၊ တည်တော်မူ၍။(ရပ်၍လည်းဟူ)။ ဥတ္တရာဘိမုခေါ၊ မြောက်အရပ်သို့ရှေးရှု။ သတ္တပဒဝီတိဟာရေန၊ ခုနစ်ဖဝါးလှမ်းသဖြင့်။ (ခုနစ်ကြိမ် လှမ်းခြင်းဖြင့်လည်းဟူ)။ ဂတော၊ ၏။ ယထာ ယေနကာရဏေန၊ ကြောင့်။ သတ္တပဒဝီတိဟာရေန၊ ဖြင့်။ ဂတော၊ ၏။ တထာ တေန ကာရဏေန၊ ကြောင့်။ သမ္ပတိဇာတော။ပ။ဒါနိ ပုနဗ္ဘဝေါတိ၊ ဟူ၍။ ဣဒံဝစနံ၊ကို။ အာဟ၊ ပြီ။ အာနန္ဒ၊ အာနန္ဒာ။ ဗောဓိသတ္တော၊ ဝိပဿီဘုရားလောင်းသည်။ သမ္ပတိဇာတော၊ လူတို့လက်မှလွတ်ဆဲဖြစ်၍။ သမေဟိ၊ ကုန်သော။ ပါဒေဟိ၊ တို့ဖြင့်။ ပထဝိယံ၊ ၌။ ပတိဋ္ဌဟိတွာ၊ တည်၍။ (ရပ်၍လည်းဟူ)။ ဥတ္တရာဘိမုခေါ၊ ရှု။ ပဒဝီတိဟာရေန၊ ဖြင့်။ ဂစ္ဆတိ၊ ၏။ သေတမှိ၊ ဖြူစင်သော။ဆတ္တေ၊နတ်၏ ထီးကို။ အနုဓာရယမာနေ၊ ဆောင်းသည်ရှိသော်။ သဗ္ဗာ၊ ကုန်သော။ ဒိသာစ၊ တို့ကိုလည်း။ အနုဝိလောကေတိ၊ တစောင်းကြည့်၏။ (စောင်း၍

ကြည့်၏လည်းဟူ၊ မျှော်၍ကြည့်၏လည်းပေး)။အဟံ၊ သည်။ လောကဿ၊ လူအပေါင်း၏။ အဂ္ဂေါ၊ အကြီးသည်။ အသ္မိ၊ ၏။ပ။ လောကဿ၊ ၏။ သေဋ္ဌော၊ အမှူးသည်။ အသ္မိ၊ ၏။ အယံ၊ ဤကိုယ်၏အဖြစ်သည်။ အန္တိမာ၊ အဆုံးဖြစ်သော။ ဇာတိ၊ အဖြစ်တည်း။ ဒါနိ၊ ဩ။ ပုနဗ္ဘဝေါ၊ တဖန်ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ ဤသို့။ အာသဘိံ ဝါစံ၊ မကြောက်မရွံ့သောစကားကို။ (ရဲရင့်သောစကားကိုလည်းဟူ)။ ဘာသတိ၊ ၏။

အဿ၊ ထိုဝိပဿီဘုရားလောင်း၏။ တဥ္စဂမနံ၊ ထိုသွားခြင်းသည်လည်း။ အနေကေသံ၊ များစွာကုန်သော။ ဝိသေသာဓိဂမာနံ၊ တရားအထူးကိုရခြင်းတို့၏။ ပုဗ္ဗနိမိတ္တဘာဝေန၊ ပုဗ္ဗနိမိတ်၏ အဖြစ်အားဖြင့်။ တထံ၊ မှန်သည်။ အဟောသိ၊ ၏။ အဝိတထံ၊ ချွတ်ယွင်းခြင်းမရှိသည်။ အဟောသိ၊ ၏။

ပုဗ္ဗနိမိတ်၏အဖြစ်ဖြင့် မှန်စွာဖြစ်၏ဟု ဆရာဆိုပြီ၊ အဘယ်သည် အဘယ်၏ ပုဗ္ဗနိမိတ်၏ အဖြစ်ဖြင့် မှန်စွာဖြစ်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ယံဟိသော ဟူသောပါဌ်ကို မိန့်သတည်း။ (ဟိကား ဝိတ္ထာရဇောတကတည်း)။ ထိုပါဌ်၏ အတ္ထကား-

သောဗောဓိသတ္တော၊ ထိုဝိပဿီဘုရားလောင်းသည်။ သမ္ပတိဇာတောဝ၊ လူတို့လက်မှ လွတ်ဆဲဖြစ်၍သာလျှင်။ သမေဟိ၊ ညီညွတ်ကုန်သော။ ပါဒေဟိ၊ ခြေတို့ဖြင့်။ ယံပတိဋ္ဌဟိ၊ အကြင်ကြောင့်တည်၏။ ဣဒံ၊ ဤသို့တည်ခြင်းသည်။ အဿ၊ ထိုဘုရားလောင်း၏။ စတုရိဒ္ဓိပါဒပဋိလာဘဿ၊ လေးပါးသော ဣဒ္ဓိပါဒကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

ဥတ္တရာဘိမုခ ဘာဝေါပန၊ မြောက်အရပ်သို့ ရှေးရှုသည်၏ အဖြစ်သည်ကား။ သဗ္ဗလောကုတ္တရဘာဝဿ၊ အလုံးစုံသော လောကုတ္တရာ တရားဖြစ်ခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ တည်း။

သတ္တပဒဝီတိဟာရော၊ ခုနစ်လှမ်းသွားခြင်းသည်။ သတ္တဗောဇ္ဈင် ရတနပဋိလာဘဿ၊ ခုနစ်ပါးသော ဗောဇ္ဈင်ရတနာကို ရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်တည်း။

သုဝဏ္ဏာဒဏ္ဍာ။ပ။စာမရာတိတ္ထေ၊ ဦ။ ဝုတ္တ စာမရက္ခေပေပနေ၊ ဆိုအပ်သော စာမရီသားမြီးယပ်ကို ချီခြင်းသည်ကား။ သဗ္ဗတိတ္ထိယနိမ္မဒနသ ¹၊ အလုံးစုံသော တိတ္ထိတို့ကို နှိပ်စက်ခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ တည်း။

သေတစ္ဆတ္တဓာရဏံ၊ ဖြူစင်စွာသောထီးကို ဆောင်းခြင်းသည်။ အရဟတ္တ ဝိမုတ္တိဝရဝိမလသေတစ္ဆတ္တပဋိလာဘဿ၊ အရဟတ္တဖိုလ်တည်းဟူသော အလုံးစုံသော ကိလေသာတို့မှ လွတ်သော မြတ်သော အညစ်အကြေးကင်းသော ဖြူစင်စွာသော ထီးကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ တည်း။

သတ္တမပဒုပရိ၊ ခုနစ်လှမ်းမြောက်သော အလှမ်း၏အထက်၌။ ဌတွာ၊ ရပ်၍။ သဗ္ဗဒိသာနုဝိလောကနံ၊ အလုံးစုံသော အရပ်မျက်နှာကို စောင်း၍ ကြည့်ခြင်းသည်။ သဗ္ဗညုတာနာဝရဏဉာဏ ပဋိလာဘဿ၊ သဗ္ဗညုတဉာဏ် အနာဝရဏဉာဏ်ကိုရခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ တည်း။

အာသဘိဝါစာဘာသနံ၊ မကြောက်မရွံ့ ရဲရင့်သောစကားကို ဆိုခြင်းသည်။ အပ္ပဋိဝတ္တိယဝရဓမ္မစက္ကပ္ပဝတ္တနဿ၊ ဘုရားတို့မှ တပါးသောသူတို့သည် ဟောခြင်းငှာ မစွမ်းနိုင်သော မြတ်သောဓမ္မကြာတရားကို ဟောခြင်း၏။ ပုဗ္ဗနိမိတ္တံ၊ တည်း။

တထာ၊ ထိုဝိပဿီအစရှိသော ရှေးဘုရားတို့အတူ။ အယံဘဂဝါပိ၊ ဤငါကိုမြတ်စွာဘုရားသည်လည်း။ ဂတော၊ သွားတော်မူ၏။ အဿ၊ ထိုငါတို့ မြတ်စွာဘုရား၏။ တဉ္စဂမနံ၊ ထိုသို့သွားတော်မူခြင်းသည်လည်း။ တေသံ ယေဝဝိသေသာဓိဂမာနံ၊ ထိုတရားအထူးကို ရခြင်းတို့၏သာလျှင်။ ပုဗ္ဗနိမိတ္တဘာဝေန၊ ဖြင့်။ တထံ၊ မှန်သည်။ အဟောသိ၊ ၏။ အဝိတထံ၊ ချွတ်ယွင်းခြင်းမရှိသည်။ အဟောသိ၊ ၏။

တေန၊ ကြောင့်။ ပေါရာဏာ၊ အဋ္ဌကထာ ဆရာတို့သည်။ မုဟုတ္တဇာတော။ပ။ ပဗ္ဗတမုဒ္ဒနိ ဋ္ဌိတောတိ၊ ဟူ၍။ အာဟု၊ ဆိုကုန်ပြီ။

ဂဝံပတိ၊ သတ္တဝါတို့ထက်မြတ်သော ဝိပဿီ ဘုရား လောင်း သည်။ မုဟုတ္တဇာတောဝ၊ လူတို့၏လက်မှ လွတ်ကာမျှလျှင်။ သမေဟိ၊ ကုန်

---

၁။ သဗ္ဗတိတ္ထိယနိမ္မထနဿ-ဆဋ္ဌ။

သော။ ပါဒေဟိ၊ ကိုဖြင့်။ သတ္တပဒါနိ၊ ခုနစ်လှမ်းတို့ကို။ ဝသုန္ဓရံ၊ မြေ၌။ ဖုသီယထာ၊ လှမ်းသကဲ့သို့။ (လှန်သကဲ့သို့ လည်းဟူ)။ ဂေါတမော၊ ဂေါတမအနွယ် ဖြစ်တော်မူသော။ သော ဗောဓိသတ္တော၊ ထိုငါတို့ ဘုရားလောင်းသည်လည်း။ သတ္တပဒါနိ၊ ခုနစ်လှမ်းတို့ကို။ ဝသုန္ဓရံ၊ ၌။ ဝိက္ကမိ၊ လှမ်း၏။ (လှန်၏ လည်းဟူ)။ မရူ၊ နတ်တို့သည်။ သေတံ၊ သော။ ဆတ္တဥ္စ၊ ကိုလည်း။ အနုဓာရယုံ၊ ဆောင်းကုန်၏။

မုဟုတ္တဇာတော သမ္ပတိဇာတောကို ဖွားဆဲဆဲဖြစ်၍ဟု အချို့သော သူတို့ ယောဇနာကုန်၏။ မသင့်။ အဘယ့်ကြောင့် မသင့်သနည်း ဟူမူကား-ဘုရားလောင်းကို ဖွား ဆဲ ဆဲ သော ခ ဏ ၌ ဗြဟ္မာတို့သည် ရွှေကွန်ယက်ဖြင့် ခံကုန်၏။ ထိုဗြဟ္မာတို့၏လက်မှ လေး ယောက် ကုန် သော နတ်မင်းကြီးတို့သည် သစ်နက်ရေဖြင့် ခံကုန်၏။ ထိုလေးယောက် ကုန်သော နတ်မင်းကြီးတို့လက်မှ လူတို့သည် ဘွဲ့ဖြူပုဆိုးဖြင့် ခံကုန်၏။ လူတို့လက်မှလွတ်၍ မြေ၌ တည်၏။ ထို့ကြောင့် သမ္ပတိဇာတော၊ ဖွားဆဲဆဲသာ ဖြစ်သောဟု ယောဇနာခြင်းသည် မသင့်။ ထို့ကြောင့် ဋီကာ၌ သမ္ပတိဇာတောတိ ဟတ္ထတော မုဥ္စိတ္ဝာ မုဟုတ္တဇာတော၊ နမာတုကုစ္ဆိတော နိက္ခန္တမတ္တော၊ နိက္ခန္တမတ္တံ ဟိ မဟာသတ္တံ ပဌမံ ဗြဟ္မာနော သုဝဏ္ဏဇာလေန ပဋိဂ္ဂဏှိံသု၊ တေသံ ဟတ္ထတော စတ္တာရော မဟာရာဇာနော အဇိနပဝေဏိယာ၊ တေသံ ဟတ္ထတော မနုဿာ ဒုကူလစုမ္ဗဋကေန ပဋိဂ္ဂဏှိံသု၊ မနုဿာနံ ဟတ္ထတော မုဥ္စိတ္ဝာ ပထဝိယံ ပတိဋ္ဌိတော ဟု ဆိုသတည်း။ မဟာပဒါနသုတ် အဋ္ဌကထာ၌လည်း ဆိုလတ္တံ့။

ဂေါတမော၊ သော။ သော ဗောဓိသတ္တော၊ သည်။ သတ္တပဒါနိ၊ ခုနစ်လှမ်းတို့သို့။ ဂန္တွာန၊ သွား၍။ သမ္မာ၊ ကောင်းစွာ။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဝိဒိသာ၊ အထူးထူးသော အရပ်မျက်နှာတို့ကို။ ဝိလောကေသိ၊ ကြည့်၏။ ပဗ္ဗတမုဒ္ဓနိ၊ တောင်ထိပ်၌။ ဌိတော၊ တည် သော။ သီဟောယထာ၊ ခြင်္သေ့ကဲ့သို့။ အင်္ဂုပေတံ၊ ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော။ ဂိရံ၊ စကားကို။ (အသံကိုလည်းဟူ)။ အဗ္ဘု ဒီရယိ၊ မြွက်၏။

အင်္ဂါ၈ပါးရှိသော အသံကား သန့်ရှင်းသောအသံ, သိသာခြားနားသော အသံ, သာယာစွာထွက်သောအသံ, နားနာချင်စဖွယ်ရှိသောအသံ, တလုံးတခဲတည်း ထွက်သောအသံ, ဖရိုဖရဲမရှိသောအသံ, နက်နဲစွာ သော အသံ, ပဲ့တင်သံကဲ့သို့ထွက်သောအသံ၊ ဤရှစ်ပါးတည်း။

ဝေံ၊ ဤသို့။ တထာ၊ ထိုရှေးဘုရားတို့အတူ။ ဂတော၊ ၏။ဣတိ၊ကြောင့်။ တထာဂတော၊ ၏။

ဤသို့ ရှေးဘုရားတို့အတူ ခြေဖြင့်သွားတတ်သောကြောင့် တထာဂတ မည်သည်၏အဖြစ်ကို ပြပြီး၍ ယခုအခါ၌ ဉာဏ်ဖြင့်သွားတော်မူတတ် သောကြောင့် တထာဂတ မည် သည် ၏ အ ဖြစ် ကို ပြတော်မူလို၍ အထဝါ စသည်ကို မိန့်သတည်း။ ထိုပါဠိ၏အနက်ကား-

အထဝါ၊ တနည်းကား။ ဝိပဿိ၊ သော။ ဘဂဝါ၊ သည်။ ကာမစ္ဆန္ဒာဒယော၊ ကာမစ္ဆန္ဒအစရှိသည်တို့ကို။ ပဟာယ၊ ၍။ ဂတော ယထာ၊ကဲ့သို့။ပ။ ကဿပေါ၊ သော။ ဘဂဝါ၊ သည်။ ကာမစ္ဆန္ဒာဒယော၊ တို့ကို။ပဟာယ၊၍။ ဂတော ယထာ၊ ကဲ့သို့။ တထေဝ၊ တူလျှင်။ အယမ္ပိဘဂဝါ၊ သည်လည်း။ နေက္ခမ္မေန၊ ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့်။ ကာမစ္ဆန္ဒံ၊ ကို။ ပဟာယ၊ ၍။ ဂတော၊ သွားတော်မူ၏။ (ရောက်တော်မူ၏ လည်းဟူ)။ အဗျာပါဒေန၊ အဒေါသ ဖြင့်။ (မေတ္တာစိတ်ဖြင့် လည်းဟူ)။ ဗျာပါဒံ၊ ဒေါသကို။ ပဟာယ၊ ၍။ (ပဟာယကို ပုဒ်တိုင်းယှဉ်ပါ)။ အာလောကသညာယ၊ အာလောက သညာဖြင့်။ ထိနမိဒ္ဓံ၊ ကို။ အဝိက္ခေပေန၊ သမာဓိစိတ်ဖြင့်။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ကို။ ဓမ္မဝဝတ္ထာနေန၊ တရားသဘောကို မှတ်ကြောင်းဖြစ်သော အမောဟဖြင့်။ ဝိစိကိစ္ဆံ၊ ကို။ ပဟာယ၊ ၍။ဂတော၊၏။ဉာဏေန၊ဝိပဿနာဉာဏ်ဖြင့်။အဝိဇ္ဇံ၊ ကို။ ပဒါလေတွာ၊ ဖျက်ဆီး၍။ ဂတော၊ ၏။ ပါမောဇ္ဇေန၊ ဝမ်းမြောက် ခြင်းဖြင့်။ အရတိံ၊ မမွေ့လျော်ခြင်းကို။ ဝိနောဒေတွာ၊ ဖျောက်၍။ ဂတော၊ ၏။ ပဌမဈာနေန၊ ဖြင့်။ နီဝရဏကဝါဋံ၊ နီဝရဏတည်းဟူသော တံခါးရွက်ကို။ ဥဂ္ဃာဋေတွာ၊ ဖွင့်၍။ ဒုတိယဈာနေန၊ ဖြင့်။ ဝိတက္က ဝိစာရံ၊ ကို။ ဝူပသမေတွာ၊ ငြိမ်းစေ၍။ တတိယဈာနေန၊ ဖြင့်။ ပီတိံ၊ ကို။ ဝိရာဇေတွာ၊ ခွါ၍။ စတုတ္ထဈာနေန၊ ဖြင့်။ သုခဒုက္ခံ၊ သုခဝေဒနာ ဒုက္ခဝေဒနာ

ကို။ ပဟာယ၊ ၍။ ဂတော၊ ၏။ (ဂတောကြိယာကို တ္ဝာပစ္စယန္တပုဒ်နောင် ယှဉ်၍ချည်းယောဇနာ)။ အာကာသာနဉ္စာယတနသမာပတ္တိယာ၊ ဖြင့်။ ရူပ သညာ ပဋိဃသညာ နာနတ္တသညာယော၊ ရူပသညာ ပဋိဃသညာ နာ နတ္တသညာတို့ကို။ သမတိက္ကမိတွာ၊ လွန်၍။ ဝိညာဏဉ္စာယတနသမာပတ္တိ ယာ၊ ဖြင့်။ အာကာသာနဉ္စာယတနသညံ၊ ကို။ပ။ သမတိက္ကမိတွာ၊ ၍။ ဂတော၊ ၏။

အနိစ္စာနုပဿနာယ၊ အနိစ္စာနုပဿနာဖြင့်။ နိစ္စသညံ၊ မြဲ၏ဟူသော အမှတ်ကို။ (နိစ္စသညာကိုလည်းဟူ)။ ပဟာယ၊ ၍။ပ။ အတ္တသညံ၊ အတ္တ ဟူသောအမှတ်ကို။ နိဗ္ဗိဒါနုပဿနာယ၊ နိဗ္ဗိဒါနုပဿနာဖြင့်။ နန္ဒိံ၊ အာရုံ၌ နှစ်သက်ခြင်းကို။ပ။ သမုဒယံ၊ ဖြစ်ခြင်းကို။ပ။အာဒါနံ၊ နိစ္စအစရှိသည်တို့၏ အစွမ်းအားဖြင့် စွဲလမ်းခြင်းကို။ ခယာနုပဿနာယ၊ ခယာနုပဿနာဖြင့်။ ဃနသညံ၊ တခဲနက်ရှိ၏ ဟူသောအမှတ်ကို။ပ။ အာယူဟနံ၊ အလွန်အား ထုတ်ခြင်းကို။ ဓုဝသညံ၊ အမြဲဖြစ်၏ဟူသောအမှတ်ကို။ နိမိတ္တံ၊ နိမိတ်ကို။ ပဏိဓိံ၊ တဏှာဟူသောတောင့်တခြင်းကို။ အဘိနိဝေသံ၊ ဖောက်ပြန်သော နှလုံးသွင်းခြင်းကို။ အဓိပညာ ဓမ္မဝိပဿနာယ၊ အဓိပညာဓမ္မဝိပဿနာဖြင့်။ သာရာဒါနာဘိနိဝေသံ၊ မိဿဏိုးနှတ် အစရှိသည်တို့ ပြုအပ်သောကြောင့် လူအပေါင်းဖြစ်၏ဟူသောနှလုံးသွင်းခြင်းကို။ ယထာဘူတဉာဏဒဿနေန၊ ယထာဘူတဉာဏ်အမြင်ဖြင့်။ သမ္မောဟာ ဘိနိဝေသံ၊ တွေဝေသောအား ဖြင့် နှလုံးသွင်းခြင်းကို။ အာဒီနဝါနုပဿနာယ၊ အာဒီနဝါနုပဿနာဖြင့်။ အာလယာဘိနိဝေသံ၊ တပ်သောအားဖြင့် နှလုံးသွင်းခြင်းကို။ ပဋိသင်္ခါ နုပဿနာယ၊ ဖြင့်။ အပ္ပဋိသင်္ခံ၊ မဆင်ခြင်ခြင်းကို။ ဝိဝဋ္ဋာနုပဿနာယ၊ ဝဋ်မှကင်းခြင်းကို အဘန်တလဲလဲရှုခြင်းဖြင့်။ သံယောဂါဘိနိဝေသံ၊ ဝဋ် ဆင်းရဲ၌ အဘန်တလဲလဲယှဉ်ခြင်း၌ သာယာသောအားဖြင့် နှလုံးသွင်းခြင်း ကို။ ပဟာယ၊ ၍။ သောတာပတ္တိမဂ္ဂေန၊ ဖြင့်။ ဒိဋ္ဌိကဋ္ဌေ၊ ဒိဋ္ဌိနှင့်တူသော တည်ရာရှိကုန်သော။ ကိလေသေ၊ တို့ကို။ ပဟာယ၊ ၍။ သကဒါဂါမိမဂ္ဂေန၊ ဖြင့်။ ဩဠာရိကေ၊ ရုန့်ရင်းကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပဟာယ၊ ၍။ အနာဂါမိမဂ္ဂေန၊ ဖြင့်။ အဏုသဟဂတေ၊ သိမ်မွေ့စွာ ဖြစ် ကုန်သော။ ကိလေသေ၊ တို့ကို။ သမုဂ္ဃာတေတွာ၊ အကြွင်းမဲ့ဖြတ်၍။ အရ

ဟတ္ထမဂ္ဂေန၊ ဖြင့်။ သမ္ပကိလေသေ၊ တိုကို။ သမုစ္ဆိန္ဒိတွာ၊ ဖြတ်၍။ ဂတော၊ ၏။ ဝေပိ၊ သို့လည်း။ တထာ၊ ဟိုအတူ၊ ဂတော၊ ၏။ ဣတိတသ္မာ၊ကြောင့်။ တထာဂတော၊ တထာဂတ မည်တော်မူ၏။ (၂)

ကထံ၊လျှင်။တထလက္ခဏံ၊ မဖောက်မပြန် မှန်သောလက္ခဏာသို့။ အာဂတော၊ ရောက်တော်မူတတ်၏။ ဣတိတသ္မာ၊ ကြောင့်။တထာဂတော၊သည်။ ဟောတိ၊ နည်း။ ပထဝီဓာတုယာ၊ ၏။ ကက္ခဠတ္တလက္ခဏံ၊ ကြမ်းတန်းခြင်း လက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ၊ မချွတ်ယွင်း။ အာပေါဓာတုယာ၊ ၏။ ပဃ္ဃရဏလက္ခဏံ၊ ယိုစီးခြင်းလက္ခဏာသည်။ တထံ၊ ၏။ အဝိတထံ၊ ယွင်း။ တေဇောဓာတုယာ၊ ၏။ ဥဏှတ္တလက္ခဏံ၊ ပူခြင်းလက္ခဏာသည်။ တထံ၊ ၏။ အဝိတထံ၊ ယွင်း။ (တထံအဝိတထံဟူသော ပုဒ်ကို ပုဒ်ကိုင်းသို့ လိုက်ပါ)။ ဝါယောဓာတုယာ၊ ၏။ ဝိတ္ထမ္ဘနလက္ခဏံ၊ ခိုင်ခံ့ခြင်းလက္ခဏာသည်။ တထံ၊ ၏။ အဝိတထံ၊ ယွင်း။အာကာသဓာတုယာ၊၏။အသံဖုဋ္ဌလက္ခဏံ၊ မထိပါးကောင်းသောလက္ခဏာသည်။ ဝိညာဏဓာတုယာ၊ ၏။ ဝိဇာနနလက္ခဏံ၊ အာရုံကိုသိခြင်းလက္ခဏာသည်။

ရူပဿ၊ ၏။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်း လက္ခဏာသည်။ ဝေဒနာယ၊ ၏။ ဝေဒယိတလက္ခဏံ၊ အာရုံကိုခံစားခြင်း လက္ခဏာသည်။ သညာယ၊ ၏။ သဉ္ဇာနနလက္ခဏံ၊ အာရုံကိုမှတ်ခြင်းလက္ခဏာသည်။ သင်္ခါရာနံ၊ အဘိသင်္ခါရတရားတို့၏။ အဘိသင်္ခရဏလက္ခဏံ၊ ပြုပြင်ခြင်းလက္ခဏာသည်။ ဝိညာဏဿ၊ ၏။ ဝိဇာနနလက္ခဏံ၊ အာရုံကိုသိခြင်းလက္ခဏာသည်။

ဝိတက္ကဿ၊ ၏။ အဘိနိရောပနလက္ခဏံ၊ အာရုံသို့ သမ္ပယုတ်တရားတို့ကို ရှေးရှုတင်ခြင်းလက္ခဏာသည်။ ဝိစာရဿ၊ ၏။ အနုမဇ္ဇနလက္ခဏံ၊ အာရုံကို သုံးသပ်ခြင်းလက္ခဏာသည်။ ပီတိယာ၊ ၏။ ဖရဏလက္ခဏံ၊ နှံ့ခြင်းလက္ခဏာသည်။ သုခဿ၊ ၏။ သာတလက္ခဏံ၊ ချမ်းသာခြင်းလက္ခဏာသည်။ စိတ္တေကဂ္ဂတာယ၊ ၏။ အဝိက္ခေပလက္ခဏံ၊ မပျံ့လွင့်ခြင်းလက္ခဏာသည်။ ဖဿဿ၊ ၏။ ဖုသနလက္ခဏံ၊ အာရုံကို တွေ့ခြင်းလက္ခဏာသည်။

သဒ္ဓိန္ဒြိယဿ၊ ၏။ အဓိမောက္ခလက္ခဏံ၊ အာရုံ၌ညွတ်ခြင်း လက္ခဏာသည်။ ဝီရိယိန္ဒြိယဿ၊ ၏။ ပဂ္ဂဟလက္ခဏံ၊ သမ္ပယုတ်တရားတို့ကိုချီးမြှောက်

ခြင်းလက္ခဏာသည်။ သတိန္ဒြိယဿ၊ ၏။ ဥပဋ္ဌာနလက္ခဏံ၊ ထင်ခြင်းလက္ခဏာသည်။ သမာဓိန္ဒြိယဿ၊ ၏။ အဝိက္ခေပလက္ခဏံ၊ မပျံ့လွင့်ခြင်းလက္ခဏာသည်။ ပညိန္ဒြိယဿ၊ ၏။ ပဇာနနလက္ခဏံ၊ အပြားအားဖြင့် သိခြင်းလက္ခဏာသည်။

သဒ္ဓါဗလဿ၊ ၏။ အသဒ္ဓိယေ၊ သဒ္ဓါခြင်းမရှိသော သူ၏အဖြစ်၌။ အကမ္ပိယလက္ခဏံ၊ တုန်လှုပ်ခြင်း မရှိသော လက္ခဏာသည်။ ဝီရိယဗလဿ၊ ၏။ ကောသဇ္ဇေ၊ ပျင်းခြင်း၌။ သတိဗလဿ၊ ၏။ မုဋ္ဌဿစ္စေ၊ လွတ်သောသတိရှိသောသူ၏အဖြစ်၌။ သမာဓိဗလဿ၊ သမာဓိဗိုလ်၏။ ဥဒ္ဓစ္စေ၊ ပျံ့လွင့်ခြင်း၌။ ပညာဗလဿ၊ ၏။ အဝိဇ္ဇာယ၊ မသိခြင်း၌။အကမ္ပိယလက္ခဏံ၊ သည်။

သတိသမ္ဗောဇ္ဈင်္ဂဿ၊ ၏။ ဥပဋ္ဌာနလက္ခဏံ၊ ထင်ခြင်းလက္ခဏာသည်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊ ၏။ ပဝိစယလက္ခဏံ၊ စုံစမ်းဆင်ခြင်ခြင်းလက္ခဏာသည်။ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ၊ ၏။ ပဂ္ဂဟလက္ခဏံ၊ သည်။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ၏။ ဖရဏလက္ခဏံ၊ သည်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ၊ ၏။ ဝူပသမလက္ခဏံ၊ ငြိမ်းခြင်း လက္ခဏာသည် ။ပ။ ပဋိသင်္ခါန လက္ခဏံ၊ လျစ်လျူရှုခြင်းလက္ခဏာသည်။

။ပ။ ပရိဂ္ဂဟလက္ခဏံ၊ သိမ်းဆည်းခြင်း လက္ခဏာသည်။ သမုဋ္ဌာပနလက္ခဏံ၊ ကောင်းစွာဖြစ်စေခြင်း လက္ခဏာသည်။ ဝေါဒါန လက္ခဏံ၊ ဖြူစင်ခြင်း လက္ခဏာသည်။

။ပ။အညာဏလက္ခဏံ၊ မသိခြင်းလက္ခဏာသည်။ သင်္ခါရာနံ၊ သင်္ခါရတို့၏။ စေတနာလက္ခဏံ၊ စေ့ဆော်ခြင်းလက္ခဏာသည် ။ပ။ အာယတနလက္ခဏံ၊ စုဝေးရာဖြစ်သောလက္ခဏာသည် ။ပ။ ဂဟဏလက္ခဏံ၊ စွဲလမ်းခြင်းလက္ခဏာသည်။ ဘဝဿ၊ ကမ္မဘဝ၏။ အာယူဟနလက္ခဏံ၊ ဖြစ်စေခြင်းလက္ခဏာသည် ။ပ။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ခြင်းလက္ခဏာသည်။ပ။ဇီရဏလက္ခဏံ၊ ရင့်ခြင်းလက္ခဏာသည် ။ပ။ စုတိလက္ခဏံ၊ ထင်ရှားရှိသောဘဝမှ ရွေ့လျောခြင်း လက္ခဏာသည်။

။ပ။ သုညတာလက္ခဏံ၊ အတ္တမှ ဆိတ်ခြင်းလက္ခဏာသည် ။ပ။ ပဒဟနလက္ခဏံ၊ အားထုတ်ခြင်းလက္ခဏာသည် ။ပ။ ဣဇ္ဈနလက္ခဏံ၊ ပြည့်စုံခြင်း

လက္ခဏာသည် ။ပ။ အဓိပတိလက္ခဏံ၊ အစိုးရခြင်းလက္ခဏာသည် ။ပ။ နိယျာနလက္ခဏံ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း လက္ခဏာသည်။ ဟေတုလက္ခဏံ၊ အကြောင်းဖြစ်သောလက္ခဏာသည်။

။ပ။တထလက္ခဏံ၊ မဖောက်မပြန် မှန်သောလက္ခဏာသည် ။ပ။ အနုပဿနာလက္ခဏံ၊ အဘန်တလဲလဲ ရှုခြင်းလက္ခဏာသည် ။ပ။ ဧကရသလက္ခဏံ၊ တူသောကိစ္စရှိခြင်းလက္ခဏာသည် ။ပ။ ယုဂနဒ္ဓါနံ၊ အစုံဖွဲ့အပ်သော တရားတို့၏။ အနတိဝတ္တနလက္ခဏံ၊ တခုသည် တခုကို မလွန်ခြင်းလက္ခဏာသည်။

။ပ။သံဝရလက္ခဏံ၊ ဒုဿီလကို မြစ်ခြင်း လက္ခဏာသည် ။ပ။ ဒဿနလက္ခဏံ၊ မဖောက်မပြန် ရှုခြင်းလက္ခဏာသည်။

ခယေဉာဏဿ၊ ခယေဉာဏ်၏။ သမုစ္ဆေဒလက္ခဏံ၊ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်းလက္ခဏာသည် ။ပ။ ပဿဒ္ဓိလက္ခဏံ၊ ကိလေသာတို့ကို ငြိမ်းစေခြင်းလက္ခဏာသည်။

။ပ။ မူလလက္ခဏံ၊ အကြောင်းရင်းဖြစ်သော လက္ခဏာသည် ။ပ။ သမုဋ္ဌာပနလက္ခဏံ၊ ဖြစ်စေခြင်းလက္ခဏာသည် ။ပ။ သမောဓာနလက္ခဏံ၊ ပေါင်းရာဖြစ်သော လက္ခဏာသည် ။ပ။ သမောသရဏလက္ခဏံ၊ စုဝေးရာဖြစ်သောလက္ခဏာသည် ။ပ။ ပမုခလက္ခဏံ၊ အမှူးဖြစ်သော လက္ခဏာသည် ။ပ။ အာဓိပတေယျလက္ခဏံ၊ အောက်မေ့ခြင်း၌ အကြီးဖြစ်သော လက္ခဏာသည်။ ပညာယ၊ ၏။ တတုတ္တရိယလက္ခဏံ၊ ထိုထိုသောတရားတို့ထက် မြတ်သောလက္ခဏာသည်။ ဝိမုတ္တိယာ၊ အရဟတ္တဖိုလ်၏။ သာရလက္ခဏံ၊ မြတ်သောလက္ခဏာသည်။ အမတောဂဓဿ၊ အမတတရား၌ အကျုံးဝင်သော။ နိဗ္ဗာနဿ၊ ၏။

နိဗ္ဗာနသဒ္ဒါသည် အရဟတ္တဖိုလ် ငြိမ်းခြင်းသာမည ဤအနက်တို့ကိုလည်း ဟောရကား ထိုအနက်တို့ကို နစ်စေခြင်းငှာ အမတောဂဓဿဟူသော ဝိသေသနကို ဆိုသတည်း။

ပရိယောသာနလက္ခဏံ၊ သင်္ခါရတရားတို့၏ ဆုံးဖြတ်ခြင်း လက္ခဏာသည်။ တထံ၊ မှန်၏။ အဝိတထံ၊ မချွတ်မယွင်း။ ဝေ၊ ဤသို့။ တထလက္ခဏံ၊

မဖောက်မပြန် မှန်သောလက္ခဏာသို့။ ဉာဏဂတိယာ၊ ဉာဏ်တည်းဟူသော သွားခြင်းဖြင့်။ အာဂတော၊ ရောက်ပြီ။ အဝိရဇ္ဈိတွာ၊ မချွတ်မယွင်းမူ၍။ ပတ္တော အနုပ္ပတ္တော၊ ရောက်တော်မူပြီ။ လက္ခဏတထာဂတော၊ ကြောင့်။ တထာဂတော၊ မည်၏။ ဝံ၊ ဤသို့။ တထလက္ခဏံ၊ သို့။ အာဂတော၊ ပြီ။ ဣတိ တသ္မာ၊ ထိုကြောင့်။ တထာဂတော၊ မည်၏။ (၃)

ကထံ၊ လျှင်။ **တထဓမ္မေ၊** မဖောက်မပြန်မှန်သောတရားတို့ကို။**ယာထာဝ တော၊** မဖောက်ပြန်သောအားဖြင့်။ **အဘိသမ္ဗုဒ္ဓေါ၊** ၏။ ဣတိတသ္မာ၊ ကြောင့်။ **တထာဂတော၊** မည်သနည်း။ တထဓမ္မာနာမ၊ မှန်သောတရားတို့ သည်ကား။ စတ္တာရိ၊ ကုန်သော။ အရိယသစ္စာနိ၊ တို့တည်း။ ယထာဟ ဣနေ ကာရဏေန၊ ကြောင့်။ စတ္တာရိ၊ ကုန်သော။ အရိယသစ္စာနိ၊ တို့သည်။ တထဓမ္မာနာမ၊ မည်ကုန်၏။ တထာတေန ကာရဏေန၊ ကြောင့်။ စတ္တာရိ၊ မာနိဘိက္ခဝေ။ပ။ အနညထပေတန္တိ၊ ဟူ၍။ ဘဂဝါ၊ သည်။အာဟ၊ပြီ။ဣတိ အာဒိ၊ ဤသို့အစရှိသော။ ပိတ္ထာရော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ (မေတန္တိ၌ ဣတိသဒ္ဒါကား အာဒိအတ္ထတည်း)။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာနိ၊ မဖောက်မပြန်ကုန်သော။ အဝိတထာနိ၊ မချွတ်မယွင်းကုန်သော။ ဣမာနိ သစ္စာနိ၊ တို့သည်။ စတ္တာရိ၊ တို့တည်း။ စတ္တာရိ၊ လေးပါးဟူသည်တို့ကား။ ကတမာနိ၊ အဘယ်တို့နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ၊ ဤသည် ကား။ ဒုက္ခံ၊ တည်း။ ဣတိ၊ ဤသို့။ ယံဝစနံ၊ ကို။ တထာဂတေန၊ ငါဘုရား သည်။ ဝုတ္တံ၊ ဟောအပ်ပြီ။ ဧတံ၊ ထိုဒုက္ခဟူ၍ ဟောအပ်သော စကား သည်။ တထံ၊ မှန်၏။ ဧတံ၊ သည်။ အဝိတထံ၊ မချွတ်မယွင်း။ ဧတံ၊ သည်။ အနညထံ၊ ဖောက်ပြန်ခြင်းမရှိ။

အာဒိအနက်ရှိသော ဣတိသဒ္ဒါဖြင့် ဣဒံ ဒုက္ခသမုဒယန္တိ ဘိက္ခဝေ တထမေတံ အဝိတထမေတံ အနညထမေတံ အစရှိသောပါဌ်ကိုယူ။

တာနိစ၊ ထိုလေးပါးကုန်သောသစ္စာတို့ကိုလည်း။ ဘဂဝါ၊ သည်။ အဘိ သမ္ဗုဒ္ဓေါ၊ သိတော်မူပြီ။ တထာနံ၊ မဖောက်မပြန်မှန်ကုန်သော။ ဓမ္မာနံ၊ တို့၏။ တသ္မာ အဘိသမ္ဗုဒ္ဓတ္တာ၊ ထိုသို့သိတော်မူပြီးသည်၏အဖြစ်ကြောင့်။ ဘဂဝါ၊ ကို။ တထာဂတောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ဆရာ-တထာဂတော၌ ဂတသဒ္ဒါ၏အနက်ကို အဘိသမ္ဗုဒ္ဓေါ်ဟု ဆို၏။ ဂတသဒ္ဒါသည် ဂတိအနက်၌ဖြစ်သည် မဟုတ်တုံလော။ ဆရာ၏စကားသည် ယုတ္တိအသို့ရှိပါအံ့နည်းဟု သူစောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ဖြေခြင်းငှာ အဘိသမ္ဗုဒ္ဓတ္တော ဟိ တွေ ဂတသဒ္ဒေါ ဟူသော ပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

**ဟိ-တဒေဝ ယုတ္တံ၊ထိုသို့အဘိသမ္ဗုဒ္ဓေါ်ဟူ၍ ငါဆိုသောစကားသည် သင့်၏။** ဧတ္ထ၊ ဤစတုတ္ထဝိကပ်၌။ ဂတသဒ္ဒေါ၊ သည်။ အဘိသမ္ဗုဒ္ဓတ္ထော၊ သိခြင်းအနက်ရှိ၏။

ဤသို့ စတုတ္ထဝိကပ်ဖြင့် မဖောက်မပြန် မှန်သော သစ္စာလေးပါးကို သိသည်၏အဖြစ်ကြောင့် တထာဂတ မည်သည်၏ အဖြစ်ကို ပြတော်မူပြီး၍ မဖောက်မပြန်မှန်သော ပဋိစ္စသမုပ္ပါဒ်တရားကို သိတော်မူတတ်သည်၏အဖြစ်ကြောင့် တထာဂတမည်သည်၏အဖြစ်ကို ပြတော်မူလို၍ အပိစ စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

အပိစ အပရော၊ သော။ နယော၊ ကို။ မယာ၊ သည်။ ဂုစ္စတေ၊ အံ့။ ဇရာမရဏဿ၊ ၏။ (သမုဒါဂတတ္ထော၌စပ်)။ ဇာတိပစ္စယ သမ္ဘူတ သမုဒါဂတတ္ထော၊ ဇာတိတည်းဟူသော အကြောင်းကြောင့် မဖောက်မပြန်ဖြစ်ခြင်း အဘန်တလဲလဲ ဖြစ်ခြင်း ဟူသော အနက်သည်။ တထော၊ မှန်၏။ အဝိတထော၊ မချွတ်မယွင်း။ အနညထော၊ ဖောက်ပြန်ခြင်းမရှိ။ ပ။ သင်္ခါရာနံ၊ တို့၏။ အဝိဇ္ဇာပစ္စယ သမ္ဘူတ သမုဒါဂတဋ္ဌော၊ အဝိဇ္ဇာဟူသောပစ္စည်းကြောင့် မဖောက်မပြန်ဖြစ်ခြင်း အဘန်တလဲလဲဖြစ်ခြင်းအနက်သည်။ တထော၊ ၏။ အဝိတထော၊ ယွင်း။ အနညထော၊ ဖောက်ပြန်ခြင်းမရှိ။ (ပ ။ဟုရှိ၏၊ မသင့်)။ အဝိဇ္ဇာယ၊ ၏။ (အတ္ထော၌စပ်)။ သင်္ခါရာနံ၊ တို့အား။ ပစ္စယဋ္ဌော၊ ကျေးဇူးပြုခြင်းဟူသောအနက်သည်။ တထော၊ ၏။ အဝိတထော၊ ယွင်း။ အနညထော၊ ရှိ။ သင်္ခါရာနံ၊ တို့၏။ ဝိညာဏဿ၊ အား။ ပစ္စယဋ္ဌော၊ ကျေးဇူးပြုခြင်းဟူသောအနက်သည်။ တထော၊ ၏။ အဝိတထော၊ ယွင်း။ အနညထော၊ ရှိ။ပ။ ဇာတိယာ၊ ၏။ ဇရာမရဏဿ၊ အား။ ပစ္စယဋ္ဌော၊ သည်။ တထော၊ ၏။ အဝိတထော၊ ယွင်း။အနညထော၊

ရှိ။ တံသဗ္ဗံ၊ ထိုအလုံးစုံသောအနက်ကို။ ဘဂဝါ၊ သည်။ အဘိသမ္ဗုဒ္ဓေါ၊ ပြီ။ တထာနံ၊ မဖောက်မပြန် မှန်ကုန်သော။ ဝပ္ပာနံ၊ တို့၏။ တဿ အဘိသမ္ဗုဒ္ဓတ္တာပိ၊ ထိုသို့ သိတော်မူတတ်သည်၏အဖြစ်ကြောင့်လည်း။ ဘဂဝါ၊ ကို။ တထာဂတောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဧဝံ၊ ဤသို့။ တထဓမ္မေ၊ တို့ကို။ ယာထာဝတော၊ အားဖြင့်။ အဘိသမ္ဗုဒ္ဓေါ၊ ၏။ ဍတိတဿ၊ ကြောင့်။ တထာဂတော၊ မည်၏။ (၄)

ကထံ၊ အသို့လျှင်။ **တထဒဿိတာယ၊** မဖောက်မပြန် မြင်တော်မူတတ်သည်၏အဖြစ်ကြောင့်။ **တထာဂတော၊** သည်။ ဟောတိ၊ နည်း။ ဘဂဝါ၊ သည်။ သဒေဝကေ၊ နတ်ပြည်ငါးထပ်နှင့်တကွဖြစ်ထသော။ သမာရကေ၊ ဝသဝတ္တိ နတ်ပြည်နှင့်တကွ ဖြစ်ထသော။ သဗြဟ္မကေ၊ ရူပါဝစရဗြဟ္မာပြည်နှင့်တကွ ဖြစ်ထသော။ လောကေ၊ ဩကာသလောက၌။ သဒေဝမနုဿာယ၊ သမ္မုတိနတ်ဟူသောမင်း ကြွင်းသောလူနှင့် တကွဖြစ်သော။ ပဇာယ၊ သတ္တဝါ၌။ (ဤအာခါရနှစ်ခုကို နတ္တိ ဇာနာတိ ပဿတိ ဤကြိယာသုံးပါး၌စပ်)။ အပရိမာဏာသု၊ အဆုံးမရှိကုန်သော။ လောကဓာတူသု၊ စကြဝဠာတို့၌။ (ဤအာခါရကို သတ္တာနံ၌စပ်)။ အပရိမာဏာနံ၊ ကုန်သော။ သတ္တာနံ၊ တို့၏။ စက္ခုဒွါရေ၊ ၌။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆန္တံ၊ ရောက်သော။ ယံရူပါရမ္မဏံနာမ၊ မည်သည်။ အတ္ထိ၊ ၏။ တံရူပါရမ္မဏံ၊ ကို။ သဗ္ဗာကာရတော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဇာနာတိ၊ ၏။ ပဿတိ၊ ၏။ ဧဝံ၊ ဤသို့။ ဇာနတာ၊ သိတော်မူထသော။ ပဿတာ၊ မြင်တော်မူထသော။ တေနဘဂဝတာ၊ သည်။ (ဝိဘဇ္ဇ ပါနံ၌ ကတ္တားစပ်)။ ဣဋ္ဌာနိဋ္ဌာဒိဝသေနဝါ၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံ အစရှိသည်တို့၏အစွမ်းအားဖြင့်ရင်း။ (အာဒိသဒ္ဒါဖြင့် ဩဠာရိက သုခုမ ဟီန ပဏီတ အဇ္ဈတ္တ ဗဟိဒ္ဓ အစရှိသည်ကို ယူ)။ ဒိဋ္ဌ သုတ မုတ ဝိညာတေသု၊ ဒိဋ္ဌ သုတ မုတ ဝိညာတပုဒ်တို့တွင်။ လဗ္ဘမာနကပဒဝသေနဝါ၊ ရအပ်သော ပုဒ်၏အစွမ်းအားဖြင့်ရင်း။

ရူပါရုံကို ဒိဋ္ဌပုဒ်၌သာ ရအပ်၏။ သဒ္ဒါရုံကို သုတပုဒ်၌သာ ရအပ်၏။ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့ကို မုတပုဒ်၌သာ ရအပ်၏။ ထို့ကြောင့် လဗ္ဘမာနက ပဒဝသေန ဟု ဆိုသတည်း။

ကတမံ ဟံရူပံ ရူပါယတနံ၊ ယံရူပံ စတုန္နံ။ပ။ ပိတကဥ္စ အာဒိနာ၊ ကတမံ ။ပ။ပိတကံ ဤသို့အစရှိသော။ နယေန၊ ဖြင့်။ အနေကေဟိ၊ များစွာကုန်သော။ နာမေဟိ၊ အမည်တို့ဖြင့်။ တေရသဟိ၊ ကုန်သော။ ဝါရေဟိ၊ ဝါရတို့ဖြင့်။ ဒွေပညာသာယ နယေဟိ၊ ငါးဆယ့်နှစ်ပါးကုန်သောနည်းတို့ဖြင့်။ (တေရသဝါရ ဒွေပညာသ နယ သရုပ်ကို ဓမ္မသင်္ဂဏီ ရူပကဏ္ဍမှ ယူအပ်၏)။ ဝိဘဇ္ဇမာနံ၊ ဝေဖန်အပ်သော။ တံရူပါရမ္မဏံ၊ သည်။ တယ မေဝ၊ မှန်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝိတထံ၊ ချွတ်ယွင်းသည်။ နတ္ထိ၊ မရှိ။ သောတဒွါရာဒီသု၊ တို့၌။ အာပါထံ၊ သို့။ အာဂစ္ဆန္တေသု၊ ရောက်ကုန်သော။ သဒ္ဒါဒီသုပိ၊ သဒ္ဒါရုံစသည်တို့၌လည်း။ ဧသနယော၊ နည်းရှိ၏။ **ဟိ-သစ္စံ၊ မှန်၏။** ဘဂဝတာ၊ သည်။ ယံဘိက္ခဝေ။ပ။ဥပဋ္ဌသိတိ၊ ယံဘိက္ခဝေ ။ပ။ဥပဋ္ဌသိဟူ၍။ တံဝစနံ၊ ကို။ ဝုတ္တံ၊ ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ သဒေဝကဿ၊ ကာမာဝစရ နတ်ပြည်ငါးထပ်နှင့်တကွ ဖြစ်ထသော။ သမာရကဿ၊ ဝသဝတ္တိနတ်ပြည်နှင့်တကွ ဖြစ်ထသော။ သဗြဟ္မကဿ၊ ရူပါဝစရ ဗြဟ္မာပြည်နှင့်တကွ ဖြစ်ထသော။ လောကဿ၊ သြကာသလောကသည်။ (ဒိဋ္ဌံအစရှိသည်၌စပ်)။

သြကာသလောကသည် မြင်တတ် ကြားတတ် သိတတ်သည်မဟုတ်၊
ဌာနူပစာရအားဖြင့် လောကဿဟု ဆိုသည်ဟု သိအပ်၏။

သဒေဝမနုဿာယ၊ သမ္မုတိ နတ် တည်း ဟူ သော မင်း ကြွင်းသောလူနှင့် တကွဖြစ်သော။ ပဇာယ၊ သည်။ ယံအာရမ္မဏံ၊ ကို။ ဒိဋ္ဌံ၊ မြင်အပ်၏။ သုတံ၊ ကြားအပ်၏။ မုတံ၊ သုံးပါးသောဝိညာဏ်ဖြင့်သိအပ်၏။ ဝိညာတံ၊ မနောဝိညာဏ်ဖြင့်သိအပ်၏။ ပတ္တံ၊ ရောက်အပ်၏။ ပရိယေသိတံ၊ အဘန် တလဲလဲရှာမှီးအပ်၏။ မနသာ၊ မနောဒွါရဖြင့်။ အနုဝိစရိတံ၊ အဘန် တလဲလဲ ဆင်ခြင်အပ်၏။ တံအာရမ္မဏံ၊ ကို။ အဟံ၊ သည်။ ဇာနာမိ၊ ၏။ တံအာရမ္မဏံ၊ ကို။ အဟံ၊ သည်။ အဘိညာသိံ၊ ထူးသောဉာဏ်ဖြင့်သိ၏။ တံအာရမ္မဏံ၊ ကို။ တထာဂတဿ၊ သည်။ ဝိဒိတံ၊ သိပြီ။ တံအာရမ္မဏံ၊ သည်။ တထာဂတဿ၊ အား။ ဥပဋ္ဌာသိ၊ ၏။ ဧဝံ၊ ဤသို့။ တထ ဒဿိတာယ၊ မဖောက်မပြန် မြင်တတ်သည်၏ အဖြစ်ကြောင့်။ တထာ ဂတော၊ မည်၏။ တတ္ထ၊ ထိုတထဒဿိတာယ တထာဂတော ဟူသော

ဝါကျ၌။ တထာဒဿိတိအတ္ထေ၊ မဖောက်မပြန် မြင်တတ်၏ဟူသောအနက် ၌။ တထာဂတောတိ၊ တထာဂတောဟူ၍။ ပဒသမ္ဘဝေါ၊ ပုဒ်၏ဖြစ်ခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။ (၅)။

ကထံ၊ လျှင်။ **တထဝါဒိတာယ၊** မဖောက်မပြန် ဆိုလေ့ရှိသည်၏အဖြစ်ကြောင့်။ **တထာဂတော၊** သည်။ ဟောတိ၊ နည်း။ ယံရတ္တိံ၊ အကြင်ညဉ့်၌။ ဘဂဝါ၊ သည်။ ဗောဓိမဏ္ဍေ၊ ၌။ အပရာဇိတပလ္လင်္ကေ၊ မာရ်နတ်သားသည် မရှုံးစေနိုင်သောပလ္လင်၌။ နိသိန္နော၊ လျက်။ တိဏ္ဏံ၊ ကုန်သော။ မာရာနံ၊ မာရ်တို့၏။

တိဏ္ဏံ၏အရကို ခန္ဓမာရ်, မစ္စုမာရ် ဤမာရ်နှစ်ပါးကိုချန်၍ အကြွင်း သုံးပါးကိုယူ။

မတ္ထကံ၊ ဦးခေါင်းကို။ မဒ္ဒိတွာ၊ ခွဲ၍။ တနည်း။ မတ္ထကံ၊ ထိပ်ကို။ မဒ္ဒိတွာ၊ နင်းနယ်၍။ အနုတ္တရံ၊ အတုမရှိသော။ (တနည်း) မိမိထက် လွန်သောတရားမရှိသော။ သမ္မာသမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဒ္ဓေါ၊သိပြီ။ ယဉ္စရတ္တိံ၊ ၌လည်း။ ယမကသာလာနံ၊ အစုံသောအင်ကြင်းပင်ငယ်တို့၏။ အန္တရေ၊ အကြား၌။ အနုပါဒိသေသာယ၊ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ (ငြိမ်း ခြင်း သ ဘော ဖြင့်လည်းဟူ)။ ပရိနိဗ္ဗာယိ၊ ငြိမ်းတော်မူပြီ။ ဧတ္ထန္တရေ၊ ဤအတွင်း၌။ ပဉ္စစတ္တာလီသ ဝဿ ပရိမာဏေ၊ လေးဆဲ့ငါးနှစ် အတိုင်းအရှည်ရှိသော။ ကာလေ၊ ၌။ (ကာလပတ်လုံးလည်းဟူ)။ ပဌမ ဗောဓိယာပိ၊ ပဌမဗောဓိ၌ရင်း။ မဇ္ဈိမဗောဓိယာပိ၊ ၌ရင်း။ ပစ္ဆိမဗောဓိယာပိ၊ ၌ရင်း။ ဘဂဝတာ၊ သည်။ ယံ သုတ္တံဝါ၊ ကိုရင်း။ ယံ ဂေယျံဝါ၊ ကိုရင်း။ပ။ယံ ဝေဒလ္လံဝါ၊ ကိုရင်း။ ဘာသိတံ၊ ဟောတော်မူအပ်ပြီ။ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ အတ္ထတော စ၊ အားဖြင့်ရင်း။ ဗျဉ္ဇနတော စ၊ သဒ္ဒါအားဖြင့်ရင်း။ အနုဝဇ္ဇံ၊ အပြစ်မရှိ။ အနုပဝဇ္ဇံ၊ မကဲ့ရဲ့အပ်။ အနူနံ၊ မယုတ်။ အနဓိကံ၊ မလွန်။ သဗ္ဗာကာရ ပရိပုဏ္ဏံ၊ အလုံးစုံသောအခြင်းအရာတို့ဖြင့် ပြည့်စုံ၏။ ရာဂမဒနိမ္မဒနံ၊ ရာဂဖြင့် ယစ်ခြင်းကိုဖျက်ဆီးတတ်၏။ဒေါသ မောဟ မဒနိမ္မဒနံ၊ ဒေါသမောဟဖြင့် ယစ်ခြင်းကို ဖျက်ဆီးတတ်၏။ တတ္ထ၊ ထိုတရားဟောခြင်း၌။ ဝါလဂ္ဂ

မတ္တမ္ပိ၊ သားပြီးဖျားမျှလည်း။ အဝက္ခလိတံ၊ ချွတ်ယွင်းခြင်းသည်။ နတ္ထိ၊ မရှိ။ တံ သဗ္ဗံ၊ သည်။ ကေဝုဒ္ဒိကာယ၊ တခုတည်းသောတံဆိပ်ဖြင့်။ လဉ္ဆိတံ ဝိယစ၊ ခပ်နှိပ်ဘိသကဲ့သို့ရှင်း။ ကေနာဋ္ဌိယာ၊ တခုသောကွမ်းစားဖြင့်။ မိတံဝိယစ၊ ခြင်ဘိသကဲ့သို့ရှင်း။ (နှိုင်းယှဉ်ဘိသကဲ့သို့ရှင်း လည်းဟူ)။ ကေတုလာယ၊ တခုတည်းသောချိန်ဖြင့်။ တုလိတံဝိယစ၊ ချိန်ဘိသကဲ့သို့ရှင်း။ တထပေဝ၊ မှန်သည်သာလျှင်။ ဟောတိ၊ ၏။ အဝိတထံ၊ ပချွတ်မယွင်းသည်။ ဟောတိ၊ ၏။ အနညထံ၊ ဖောက်ပြန်ခြင်းမရှိသည်။ ဟောတိ၊ ၏။ တေန ကာရဏေန၊ကြောင့်။ ယဋ္ဌ စုန္ဒ ရတ္တိံ ။ပ။တထာဂတောဟိ ဝုစ္စတိတိ၊ ၍။ ဘဂဝါ၊ သည်။ အာဟ၊ ပြီ။ စုန္ဒ၊ နှ။ယဋ္ဌရတ္တိံ၊ ၌လည်း။တထာဂတော ငါဘုရားသည်။ အနုတ္တရံ၊ ဒိပိထက်လွန်သော တရေးပရှိသော။ သမ္မာ သမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်ကို။ အဘိသမ္ဗုဇ္ဈတိ၊ သိ၏။ ယဋ္ဌရတ္တိံ၊ ၌လည်း။ အနုပါဒိသေသာယ၊ သော။ နိဗ္ဗာနဓာတုယာ၊ ဖြင့်။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန်ပြု၏။ တေသံ အန္တရေ၊ ထိုအတွင်း၌။ ယံဝစနံ၊ ကို။ ဘာသတိ၊ ဟော၏။ လပတိ၊ မိန့်၏။ နိဒ္ဒိသတိ၊ ညွှန်း၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော စကားသည်။ တထေဝ၊ မှန်သည်သာလျှင်။ ဟောတိ၊ ၏။ အညထာ၊ ဖောက်ပြန်သည်။ နောဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ တထာဂတော၊ ကို။ တထာဂတောတိ၊ ၍။ ဝုစ္စတိ၊ ၏။

ဆရာ-မဖောက်မပြန် မှန်သောစကားကို ဆိုတတ်သောကြောင့် တထာဂတဟူ၍ ဆိုအပ်၏ဟူပြီ။ ဂတသဒ္ဒါသည် ဂတိအနက် ဗုဒ္ဓိအနက်ရှိသည်သာ မဟုတ်တုံလော။ ဆရာ့စကားသည် ပသင့်တကား ဟု သူစောဒနာဘွယ်ရှိ၍ ထိုစောဒနာကိုဖြေခြင်းငှာ ဂဒဓာ ဟိ ဇ္ဇော ဂတသဒ္ဒေါကို မိန့်သတည်း။ ထိုပါဠိ၏အဋ္ဌကား-

**ဟိ-တဒေဝ ယုတ္တံ၊** ၏။ ဇ္ဇော၊ ဤဝါကျ၌။ ဂတသဒ္ဒေါ၊ သည်။ ဂဒဇ္ဇော၊ ဆိုခြင်းအနက်ရှိ၏။ (တထာဂဒေါဟု ဆိုအပ်လျက် ဒန္တဇ ကဖယ်ယကွာ ဒကို ဒန္တဇ ပဉ္စမက္ခရာ တပြု၍ တထာဂတောဟု ဆိုသည်ဟူလို)။ ဝေါ၊ ဤသို့။ တထဝါဒိတာယ၊ ကြောင့်။ တထာဂတော၊ မည်၏။ (တဇာ ဂဒါ ဘာသတိတိ တထာဂတော ဟုပြု)။

ဂတသဒ္ဒါ၏ ကတ္တုသာဓနေအနက်ဖြင့် တထာဂတမည်သည်၏အဖြစ်ကို ပြပြီး၍ ဘာဝသာဓနဖြင့် ပြတော်မူလို၍ အပိစ စသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

အပိစ အပရော၊ သော။ နယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ အာဂဒနံ၊ ဆိုခြင်း။ အာဂဒေါ၊ ခြင်း။ ဝစနံ၊ ဆိုခြင်း။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

အာဂဒန သဒ္ဒါသည် အဆိပ်ကိုလည်း ဟောတတ်သည်၏ အဖြစ် ကြောင့် ထိုအနက်ကို နစ်စေခြင်းငှာ ဝစနန္တိ အတ္ထောဟု ဆိုပြန် သတည်း။

အဿ ဘဂဝတော၊ အား။ တထော အဝိပရီတော၊ မဖောက်မပြန်သော။ အာဂဒေါ၊ စကားသည်၊ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ ဒကာရဿ၊ ၏။ တကာရံ၊တ အက္ခရာကို။ ကတွာ၊ ၍။ တထာဂတော၊ ၏။ ဧဝံ၊ ဤသို့။ တေသိံ အတ္ထော၊ ထိုဗဟုဗ္ဗီဟိအနက်၌။ ပဒသိဒ္ဓိ၊ တထာဂတော ဟူသော ပုဒ်၏ပြီးခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။ (၆)

ကထံ၊ လျှင်။ တထာကာရိတာယ၊ မဖောက်မပြန် ပြုလေ့ရှိသည်၏အဖြစ် ကြောင့်။ တထာဂတော၊ နည်း။ဘဂဝတော၏။(ဟိကား နိပါတ်မျှသာ)။ ဝါစာယ၊ နှုတ်အား။ ကာယော၊ ကိုယ်တော်သည်။ အနုလောမေတိ၊ လျော်၏။ ကာယဿာပိ၊ အားလည်း။ ဝါစာ၊ သည်။ အနုလောမေတိ၊ ၏။ တသ္မာ၊ ကြောင့်။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ဝါဒီ၊ ဆိုလေ့ရှိ သည်။ ဟောတိ၊ ၏။ တထာ၊ ဖြင့်။ ကာရီ၊ ပြုလေ့ရှိသည်။ ဟောတိ၊ ၏။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ကာရီ၊ သည်။ ဟောတိ၊ ၏။ တထာ၊ ဖြင့်။ ဝါဒီစ၊ ဆိုလေ့ရှိသည်လည်း။ ဟောတိ၊ ၏။ ဧဝံဘူတဿ၊ ထိုသို့ဖြစ် သော။ အဿဘဂဝတော၊ ၏။ ယထာ၊ ဖြင့်။ ဝါစာ၊ နှုတ်သည်။ ဂတာ ပဝတ္တာ၊ ဖြစ်၏။ တထာ၊ ဖြင့်။ ကာယောပိ၊ သည်လည်း။ ဂတောပဝတ္တော၊ ၏။ တနည်း။ ဝါစာ၊ သည်။ ဂတာပဝတ္တာယထာ၊ ကဲ့သို့။ တထာ၊ တူ။ ကာယောပိ၊ သည်လည်း။ ဂတော ပဝတ္တော၊ ၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

ယထာဝါဒီ တထာကာရီ စသည်တို့၌ ယထာ တထာ သဒ္ဒါတို့ကို ဥပမာ ဥပမေယျ အနက်ယူ၍လည်း ယောဇနာသင့်၏။

ကာယော၊ သည်။ ဂတော ပဝတ္တော ယထာ၊ ကဲ့သို့။ တထာ၊ တူ။ ဝါစာပိ၊ သည်လည်း။ ဂတာ ပဝတ္တာ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ မည်၏။ တေနေဝ၊ ကြောင့်သာလျှင်။ ယထာဝါဒီ ဘိက္ခဝေ။ပ။ တထာ ဂတောတိ ဝုစ္စတီတိ၊ ဟူ၍။ အာဟ၊ ပြီ။ ဘိက္ခဝေ၊ တို့။ တထာဂတော၊ ငါဘုရားသည်။ ယထာ၊ ဖြင့်။ ဝါဒီ၊ ဆိုလေ့ရှိသည်။ ဟောတိ၊ ၏။ တထာ၊ ဖြင့်။ ကာရီ၊ သည်။ ဟောတိ ၊၏။ ယထာ၊ ဖြင့်။ ကာရီ၊ သည်။ ဟောတိ၊ ၏။ တထာ၊ ဖြင့်။ ဝါဒီ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ယထာ၊ ဖြင့်။ ဝါဒီ၊ သည်။ ဟောတိ၊ ၏။ တထာ၊ ဖြင့်။ ကာရီ၊ သည်။ ဟောတိ၊ ၏။ ယထာ၊ ဖြင့်။ ကာရီ၊ သည်။ ဟောတိ၊ ၏။ တထာ၊ ဖြင့်။ ဝါဒီ၊ သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တထာဂတော၊ ကို။ တထာဂတောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဧဝံ၊ ဤသို့။ တထကာရိတာယ၊ ကြောင့်။တထာဂတော၊ မည်၏။ (၇)

ကထံ၊ အသို့လျှင်။ အဘိဘဝနဋ္ဌေန၊ နှိပ်စက်ခြင်းဟူသော အနက် ကြောင့်။ တထာဂတော၊ မည်သနည်း။ ဥပရိ၊ ၌။ ဘဝဂ္ဂံ၊ နေဝသညာ နာသညာယတနဘုံကို။ ဟေဋ္ဌာ၊ ၌။ အဝီစိံ ၊ ကို။ ပရိယန္တံ၊ အဆုံးရှိသည် ကို။ ကတွာ၊ ပြု၍။ တိရိယံ၊ ဘီလာ။ အပရိမာဏာသု၊ အဆုံးမရှိကုန်သော။ လောကဓာတူသု၊ စကြဝဠာတို့၌။ သဗ္ဗသတ္တေ၊ တို့ကို။ သီလေနပိ၊ ဖြင့်ရင်း။ သမာဓိနာပိ၊ ဖြင့်ရင်း။ ပညာယပိ၊ ဖြင့်ရင်း။ ဝိမုတ္တိယာပိ၊ အရဟတ္တဖလ သမာပတ်ဖြင့်ရင်း။ ဝိမုတ္တိဉာဏဒဿနေနပိ၊ ပစ္စဝေက္ခဏာဖြင့်ရင်း။ အဘိ ဘဝတိ၊ နှိပ်စက်၏။ တဿ၊ ထိုမြတ်စွာဘုရားအား။ တုလာဝါ၊ တူသော ပုဂ္ဂိုလ်သည်ရင်း။ ပမာဏောဝါ၊ နှိုင်းယှဉ်ဘက်ဖြစ်သော ပုဂ္ဂိုလ်သည်ရင်း။ နအတ္ထိ၊ မရှိ။ သောဘဂဝါ၊ သည်။ အတုလော၊ အတုမရှိ။ အပ္ပ မေယျော၊ နှိုင်းယှဉ်ဘက်မရှိ။ အနုတ္တရော၊ သတ္တဝါတို့ထက်မြတ်၏။ ရာဇာတိရာဇာ၊ မင်းတို့ထက်မြတ်သော မင်းဖြစ်တော်မူ၏။ ဒေဝါတိ ဒေဝေါ၊ နတ်တို့ထက်မြတ်သော နတ်ဖြစ်တော်မူ၏။ သက္ကာနံ၊ သိကြား

တို့ထက်။ အတိသက္ကော၊ မြတ်သော သိကြားဖြစ်တော်မူ၏။ ဗြဟ္မာနံ၊ တို့ထက်။ အတိဗြဟ္မာ၊ မြတ်သောဗြဟ္မာ ဖြစ်တော်မူ၏။ တေန၊ ကြောင့်။ သဒေဝကေ ဘိက္ခဝေ ။ပ။ ဝုစ္စတီတိ၊ ဟူ၍။ ဘဂဝါ၊ သည်။ အာဟ၊ ပြီ။ ဘိက္ခဝေါ၊ တို့။ သဒေဝကေ၊ သော။ သမာရကေ၊ သော။ သဗြဟ္မကေ၊ သော။ လောကေ၊ ၌။ သဒေဝမနုဿာယ၊ သော။ ပဇာယ၊ ၌။ တထာဂတော၊ ငါဘုရားသည်။ အဘိဘူ၊ အစိုးရ၏။ (အကြီးဖြစ်၏ လည်းဟူ)။ (နှိပ်စက်၍တည်၏ လည်းဟူ)။ အနဘိဘူတော၊ သူတပါးတို့နှိပ်စက်ခြင်းငှာ မစွမ်းနိုင်။ အညဒတ္ထု၊ စင်စစ်အားဖြင့်။ ဒသော၊ အကြောင်းအကျိုးကို မြင်နိုင်၏။ ဝသဝတ္တိ၊ မိမိအလိုသို့ လိုက်စေတတ်၏။ တသ္မာ၊ ကြောင့်။ တထာဂတော၊ ကို။ တထာဂတောတိ၊ ၍။ ဝုစ္စတိ၊ ၏။

တတြ၊ ထိုဝါကျ၌။ ဧဝံ၊ သို့။ ပဒသိဒ္ဓိ၊ ပုဒ်၏ပြီးခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။ အဂဒေါဝိယ၊ ဆေးကဲ့သို့။ ပဝတ္တတိ၊ ၏။ တသ္မာ၊ ကြောင့်။ အဂဒေါ၊ မည်၏။

ဂဒေါဟု ပါဌ်ရှိကြ၏။အဂဒေါသာ ရှိသင့်သည်။ ဂဒသဒ္ဒါသည် အဆိပ်ကို ဟော၏။ အဂဒ၌ နသဒ္ဒါကား ပဋိပက္ခအနက် ရှိ၏။ ဂဒဿ န ပဋိပက္ခောတိ အဂဒေါ၊ ယောပဋိကာရော၊ အကြင်ဆေးသည်။ ဂဒဿ၊ အဆိပ်၏။ နပဋိပက္ခော၊ ဆန့်ကျင်ဘက်သည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ သောပဋိကာရော၊ သည်။ အဂဒေါ၊ မည်၏။ ဆေးရ၏။ဆေးသာမည်ကို မလို။ အဆိပ်ကို ငြိမ်းစေတတ်သောဆေးကို ဤအရာ၌ အဂဒဟု လိုအပ်၏။ အဂဒေါ ဝိယာတိ အဂဒေါ။ ယောသဘာဝေါ၊ အကြင်သဘောသည်။ အဂဒေါဝိယ၊ အဆိပ်ကို ငြိမ်းစေတတ်သော ဆေးကဲ့သို့။ ပဝတ္တတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သောသဘာဝေါ၊ သည်။ အဂဒေါ၊ မည်၏။ ဥပမာတဒ္ဓိတ်၊ အရကား ဆေးနှင့်တူသော သဘောတရားတည်း။

သေ ဒေသော သဘာဝေါ၊ ထိုအဆိပ်ကို ငြိမ်းစေတတ်သော သဘောဟူသည်။ ကောပန၊ အဘယ်နည်းဟူမူကား။ ဒေသနာဝိလာသသမယော စေဝ၊ ဒေသနာတော်ကို တန်ဆာဆင်၍ ဟောခြင်းသည် ပြီးစေအပ်သည်

ရင်း။ ပုညုဿယော စ၊ ဘုန်းတော်၏ကြီးခြင်းသည်ရင်း။ အဂဒေါ၊ မည်၏။ တေန၊ ထိုသို့ ဒေသနာကို တန်ဆာဆင်ခြင်း ဘုန်းတော်၏ကြီးခြင်းဖြင့်။ သောဘဂ္ဂဝါ၊ သည်။ (အဘိဘဝတိဉ်စပ်)။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိသော။ ဘိသက္ကော၊ ဆေးသမားသည်။ ဒိဗ္ဗာဂဒေန၊ နတ်၏ ဆေးနှင့်တူသောဆေးဖြင့်။ သပ္ပေ၊ မြွေ၏အဆိပ်တို့ကို။ အဘိဘဝတိဝိယ၊ နှိပ်စက်သကဲ့သို့။ သဗ္ဗပရပ္ပဝါဒိနေ စ၊ အလုံးစုံသော မိစ္ဆာအယူကို ယူလေ့ရှိကုန်သော ပုဂ္ဂိုလ်တို့ကိုရင်း။ သဒေဝကံ၊ နတ်နှင့်တကွဖြစ်သော။ လောကဥ္စ၊ သတ္တဝါအပေါင်းကိုရင်း။ အဘိဘဝတိ၊ ၏။ ဣတိ၊ သို့။ သဗ္ဗ လောကာဘိဘဝနေ၊ ခပ်သိမ်းသောသတ္တဝါတို့ကိုနှိပ်စက်ခြင်း၌။ တထော အဝိပရိတော၊ မဖောက်မပြန်သော။ ဒေသနာဝိလာသမယော စေဝ၊ ဒေသနာကို တန်ဆာဆင်၍ ဟောခြင်းသည် ပြီးစေအပ်သည်လည်း ဖြစ်သော။ ပုညုဿယော စ၊ ကြီးစွာသော ဘုန်းကြက်သရေလည်းဖြစ်သော။ အဂဒေါ၊ ဆေးသည်။ အဿ ဘဂဝတော၊ အား။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သောဘဂ္ဂဝါ၊ ကို။ (ဝေဒိတဗ္ဗော ဉ်စပ်)။ ဒကာရဿ၊ ၏။ တကာရံ၊ ကို။ ကတွာ၊ ၍။ တထာဂတောတိ၊ ၍။ ဝေဒိတဗ္ဗော၊ ၏။

> ဝိဂ္ဂိုဟ်စစ်ကား တထော အဂဒေါ ယဿာတိ တထာဂတော-ဟု ဗဟုဗ္ဗိ ဟိပြု။ ယဿ ဘဂဝတော၊ အား။ တထော၊ မဖောက်မပြန်သော။ အဂဒေါ၊ ဒေသနာဟည်းဟူသောဆေးသည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သောဘဂ္ဂဝါ၊ သည်။ တထာဂတော၊ မည်၏။

ဧဝံ၊ သို့။ အဘိဘဝနဋ္ဌေန၊ ကြောင့်။ တထာဂတော၊ ၏။ (၈)

အပိစ အပရော၊ သော။ နယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ တထာယ၊ မဖောက်မပြန် မှန်သော တီရဏပရိညာဖြင့်။ ဂတော၊ သိပြီ။ (တနည်းကား) တထာယ၊ မှန်သော ပဟာနပရိညာဖြင့်။ ဂတော၊ လွန်ပြီ။ တနည်း။ တထာယ၊ မှန်သော သစ္ဆိကြိယာဖြင့်။ ဂတော၊ ရောက်ပြီ။ ဣတိပိတသ္မာ၊ ကြောင့်လည်း။ တထာဂတော၊ မည်၏။ တထံ၊ မဖောက် မပြန် မှန်သောသဘောကို။ ဂတော၊ ကျင့်တော်မူပြီ။ ဣတိပိတသ္မာ၊ ကြောင့်လည်း။ တထာဂတော၊ ၏။ ဂတောတိ၊ ကား။ အဝဂတော၊

သိတော်မူပြီ။ အတိတော၊ လွန်တော်မူပြီ။ ပတ္တော၊ ရောက်တော်မူပြီ။ ပဋိပန္နော၊ ကျင့်တော်မူပြီ။ ဣတိအယံ၊ လျှင်။ အတ္တော၊ တည်း။

ဆရာ-ဂတော ဟူသောပုဒ်၏အနက်ကို အဝဂတော အတီတော ပတ္တော ပဋိပန္နော ဟူ၍ ဆိုတော်မူ၏။ အဘယ်ဖြင့် အဘယ်တရားကို သိသနည်း, အဘယ်တရားကိုလွန်သနည်း, အဘယ်တရားသို့ ရောက်သနည်း, အဘယ် တရားကို ကျင့်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ တတ္ထ သကလံ လောကံ စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

တတ္ထ၊ ထိုတထာယ ဂတော စသောစကား၌။ သကလံ၊ အလုံးစုံသော။ လောကံ၊ ဝဋ်တရားကို။ တထာယ၊ မဖောက်မပြန် မှန်သော။ တီရဏပရိညာယ၊ တီရဏပရိညာဖြင့်။ ဂတော အဝဂတော၊ သိတော်မူပြီ။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ မည်၏။ လောကသမုဒယံ၊ ဒုက္ခ၏အကြောင်းကို။ တထာယ၊ သော။ ပဟာနပရိညာယ၊ ပဟာနပရိညာဖြင့်။ ဂတော အတီတော၊ လွန်တော်မူပြီ။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ မည်၏။ လောကနိရောဓံ၊ ဒုက္ခ၏ချုပ်ရာသို့။ တထာယ၊ သော။ သစ္ဆိကြိယာယ၊ မျက်မှောက် ပြုခြင်းဖြင့်။ ဂတောပတ္တော၊ ပြီ။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတာ၊ မည်၏။ တထံ၊ သော။ လောကနိရောဓဂါမိနိပဋိပဒံ၊ ဒုက္ခ၏ ချုပ်ရာသို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို။ ဂတော ပဋိပန္နော၊ ကျင့်ပြီ။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ ၏။ တေန၊ ကြောင့်။ ဘဂဝတော၊ သည်။ လောကော ဘိက္ခဝေ။ပ။ တသ္မာ တထာဂတောတိ ဝုစ္စတီတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ (တေန ယံ ဝုတ္တံ-ဟု ယံသဒ္ဒါနှင့် ပါဌ်အချို ရှိ၏။ မသင့်)။ ဘိက္ခဝေ၊ တို့။ တထာဂတေန၊ ငါဘုရားသည်။ လောကော၊ ဒုက္ခသစ္စာတရားကို။ အဘိသမ္ဗုဒ္ဓေါ၊ သိတော်မူပြီ။ တထာဂတော၊ သည်။ လောကသ္မာ၊ မှ။ ဝိသံယုတ္တော၊ ကင်းတော်မူပြီ။ ဘိက္ခဝေ၊ ကို။ တထာဂတေန၊ သည်။ လောကသမုဒယော၊ ဒုက္ခ၏ အကြောင်းကို။ အဘိသမ္ဗုဒ္ဓေါ၊ သိတော်မူပြီ။ တထာဂတဿ၊ သည်။ လောကသမုဒယော၊ ကို။ ပဟီနော၊ ပယ်တော်မူပြီ။ (အနက်လွယ်၏)။ လောကနိရောဓဂါမိနိ ပဋိပဒါ၊ ဒုက္ခ၏ချုပ်ရာသို့ ရောက်ကြောင်းဖြစ်သော အကျင့်ကို။ တထာ

ဂတဿ၊ သည်။ ဘာဝိတာ၊ ပွားစေအပ်ပြီ။ ဘိက္ခဝေ၊ တို့။ သဒေဝကဿ၊ သော။ လောကဿ၊ သည်။ ဒိဋ္ဌံဝါ၊ မြင်အပ်သည်လည်းဖြစ်သော။ သုတံဝါ၊ ကြားအပ်သည်လည်းဖြစ်သော။ မုတံဝါ၊ သုံးပါးသောဝိညာဉ်ဖြင့် ရောက်အပ်သည်လည်းဖြစ်သော။ ဝိညာတံဝါ၊ မနောဝိညာဉ်ဖြင့် သိအပ်သည်လည်းဖြစ်သော။ ယံအာရမ္မဏံ၊ သည်။ အတ္ထိ၊ ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံသောအာရုံကို။ တထာဂတေန၊ သည်။ အဘိသမ္ဗုဒ္ဓံ၊ အပ်ပြီ။ တသ္မာ၊ ကြောင့်။ တထာဂတောတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ဝေမ္ပိ၊ သို့လည်း။ တဿ၊ ထိုတထာဂတော ဟူသောပုဒ်၏။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

တထာဂတသဒ္ဒါ၏ အနက်ကို ရှစ်ဝိကပ်တို့ဖြင့်သာ ဆရာဆို၏။ ထိုသို့သော အကြောင်းကြောင့်သာ တထာဂတ မည်ကောင်းသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ဣဒမ္ပိစ။ပ။ မုခမတ္တမေဝ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား–

ဣဒမ္ပိစ၊ ဤဆိုအပ်ပြီးသော စကားသည်လည်း။ တထာဂတဿ၊ မြတ်စွာဘုရား၏။ တထာဂတ ဘာဝဒီပနေ၊ တထာဂတ၏အဖြစ်ကို ပြခြင်း၌။ မုခမတ္တမေဝ၊ အမြွက်မျှသာတည်း။ သဗ္ဗာကာရေန ပန၊ အလုံးစုံသော အကြောင်းဖြင့်ကား။ တထာဂတောဝ၊ ဘုရားသည်သာလျှင်။ တထာဂတဿ၊ ဘုရား၏။ တထာဂတဘာဝံ၊ အဖြစ်ကို။ ဝဏ္ဏေယျ၊ ဖွင့်နိုင်ရာ၏။

**ကတမဉ္စ တံ ဘိက္ခဝေတိ၊** ကား။ အပ္ပမတ္တကေန၊ နည်းသော အတိုင်းအရှည်ရှိသော။ ဩရမတ္တကေန၊ ယုတ်သော အတိုင်းအရှည်ရှိသော။ သီလမတ္တကေန၊ အလေ့အကျင့်မျှသာ ဖြစ်သော။ ယေန သီလေန၊ ဖြင့်။ ပုထုဇ္ဇနော၊ သည်။ တထာဂတဿ၊ ငါဘုရား၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဝဒမာနော၊ ချီးမွမ်းသည်ဖြစ်၍။ ဝဒေယျ၊ ၏။ တံသီလံ၊ သည်။ ကတမံ၊ အဘယ်နည်း။ ဣတိပုစ္ဆတိ၊ ၏။

### အမေးငါးရပ်

တတ္ထ၊ ထိုကတမဉ္စ ဟူသောပါဌ်၌။ ပုစ္ဆာနာမ၊ မည်သည်ကား။ အဒိဋ္ဌဇောတနာပုစ္ဆာ၊ အနက်အဓိပ္ပါယ်ကို မသိမမြင်၍ မေးသော ပုစ္ဆာရင်း။ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၊ မြင်ပြီးသိပြီးလျက် နှိုင်းနှောလို၍ မေးသော ပုစ္ဆာရင်း။

ဝိမတိစ္ဆေဒနာပုစ္ဆာ၊ ယုံမှားခြင်းကို ဖြတ်လို၍ မေးသောပုစ္ဆာဒရင်း။ အနုမတိပုစ္ဆာ၊ အယူကိုသိလို၍ မေးသောပုစ္ဆာဒရင်း။ ကထေတုကမျတာပုစ္ဆာ၊ ဖြေခြင်းငှာ အလိုရှိ၍မေးသောပုစ္ဆာဒရင်း။ ဣတိ၊ သို့။ ပဉ္စဝိဓာ၊ ငါးပါး အပြားရှိသည်။ ဟောတိ၊ ၏။

တတ္ထ၊ ထိုငါးပါးအပြားရှိသော ပုစ္ဆာတို့တွင်။ **အဒိဋ္ဌဇောတနာပုစ္ဆာ** နာမ ၊ မည်သည်ကား။ ပကတိယာ၊ ပြကတေ့အားဖြင့်။ လက္ခဏံ၊ ကို။ အညာတံ၊ မသိနိုင်သည်။ ဟောတိ၊ ၏။ အဒိဋ္ဌံ၊ မမြင်နိုင်သည်။ အတုလိတံ၊ မနှိုင်းယှဉ်နိုင်သည်။ အတီရိတံ၊ မကူးမြောက်နိုင်သည်။ အဝိဘူတံ၊ မထင်နိုင်သည်။ အဝိဘာဝိတံ၊ ထင်စွာမသိနိုင်သည်။ ဟောတိ၊ ၏။ တဿလက္ခဏဿ၊ ကို။ ဉာဏာယ၊ သိခြင်းငှာ။ဒဿနာယ၊ မြင်ခြင်းငှာ။ တုလနာယ၊ နှိုင်းယှဉ်ခြင်းငှာ။ တီရဏာယ၊ ကူးမြောက်ခြင်းငှာ။ ဝိဘာဝနာယ၊ ထင်စွာသိခြင်းငှာ။ ပဉ္ဟံ၊ ပြဿနာကို။ ပုစ္ဆတိ၊ ၏။ အယံ၊ သည်။ အဒိဋ္ဌဇောတနာပုစ္ဆာ၊ မည်၏။

**ဒိဋ္ဌသံသန္ဒနာပုစ္ဆာ**၊သည်။ ကတမာ၊ကား။ ပကတိယာ၊ ဖြင့်။ပ။ တဿလက္ခဏဿ၊ ကို။ အညေဟိ၊ ကုန်သော။ ပဏ္ဍိတေဟိ၊ တို့နှင့်။ သဒ္ဓိံ ၊ ကွ။ သံသန္ဒနတ္ထာယ၊ နှီးနှောခြင်းငှာ။ပ။ပကတိယာ၊ ဖြင့်။ ဝေမံနုခေါ၊ ဤသို့ ဖြစ်မည်လော။ နနုခေါ၊ မဖြစ်သလော။ ကိန္နုခေါ၊ အသို့ဖြစ်မည်နည်း။ ကထံနုခေါ၊ အကြောင်းအသို့နည်း။ ဣတိ၊ သို့။ သံသယပက္ခန္ဒော၊ ယုံမှား ခြင်းသို့ ရောက်သည်။ (ယုံမှားခြင်းရှိသည်လည်းဟူ)။ ဝိမတိပက္ခန္ဒော၊ တွေးတောခြင်းရှိသည်။ ဒွေဠ္ဍကဇာတော၊ နှလုံးနှစ်ခွရှိသည်။ ဟောတိ၊ ၏။ သောပုဂ္ဂလော၊ သည်။ ဝိမတိစ္ဆေဒနတ္ထာယ၊ ယုံမှား တွေးတောခြင်းကို ဖြတ်ခြင်းငှာ။ပ။

အနုမတိယာ၊ အလိုအားဖြင့်။ ပဉ္ဟံ၊ ကို။ ပုစ္ဆတိ၊ ၏။

အဘယ်သို့မေးခြင်းသည် အနုမတိပုစ္ဆာ မည်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ တံကိံ မညထ ဘိက္ခဝေ စသောပါဠ်ကို မိန့်သတည်း။ ယိုပါဠ်၏ အတ္ထကား-

၁။ အဒိဋ္ဌဇောတနာပုစ္ဆာ-ဆဋ္ဌ။ နိဿယဆရာတော်ကား (သိ၊ က) မှုသို့ လိုက်သည်။

ဘိက္ခဝေ၊ ကို။ မယာ၊ သည်။ ဝုတ္တမာနံ၊ ဆိုလတ္တံ့သော။ တံဝဏ္ဏနံ၊ ကို။ သုဏာထ၊ ကြားကုန်လော့။ ဒေသေဿာမိ၊ ဟောတော်မူအံ့။ သာဓု၊ ကောင်းစွ။ ဘန္တေ၊ အရှင်ဘုရား။ ဣတိ၊ သို့။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပစ္စဿောသုံ၊ ပြန်ကြားကုန်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဧတံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။

ကတမေ စ၊ အဘယ်တို့နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ တံ၊ ထိုအနုစ္စ။ ဖလံ၊ အကျိုးကို။ မယ်၊ ငါ။ အနုဇာနာမိ၊ ခွင့်ပြု၏။ အနိစ္စံ၊ အနိစ္စတည်း။ တံ၊ ထိုအနိစ္စ တရားသဘောသည်။ သုခံဝါ၊ သုခမည်သလော။ ဒုက္ခံဝါ၊ ဒုက္ခ မည်သလော။ ဣတိ၊ သို့။ ဘဂဝါ၊ သည်။ ဘိက္ခူ၊ တို့ကို။ ပုစ္ဆတိ၊ ၏။ ဘန္တေ၊ ရား။ ဒုက္ခံ၊ တည်း။ ဣတိ၊သို့။ ဘိက္ခူ၊ တို့သည်။ အဝေါစုံ၊ ကုန်၏။ ဣတိအာဒိ၊ ဤသို့စသော။ သဗ္ဗံ၊ ကို။ ဝတ္တဗ္ဗံ၊ ၏။ ပ။

ကထေတုကမျတာယ၊ ဖြေခြင်းငှာ အလိုရှိသည်၏ အဖြစ်ကြောင့်။ စတ္တာရောမေ ဘိက္ခဝေ။ပ။ ကတမေ အဋ္ဌာတိ၊ ၍။ ပဥှံ၊ ကို။ ပုစ္ဆတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သတိပဋ္ဌာနာ၊ တို့သည်။ ဣမေစတ္တာရော၊ ဤလေးပါးတို့တည်း။ စတ္တာရော၊ လေးပါးဟူသည်တို့ကား။ ကတမေ၊ အဘယ်တို့နည်း ။ပ။ဘိက္ခဝေ၊ တို့။ မဂ္ဂင်္ဂါ၊ တို့သည်။ ဣမေ အဋ္ဌ၊ ဤရှစ်ပါးတို့တည်း။ အဋ္ဌ၊ ရှစ်ပါးဟူသည်တို့ကား။ ကတမေ၊ တို့နည်း။ပ။

ဣတိ၊ သို့။ ပဥ္စသု၊ ကုန်သော။ ဣမာသု ပုစ္ဆာသု၊ တို့တွင်။ (အဒိဋ္ဌ ဇောတနာဒိဗ္ဗစပ်။ တာဝသဒ္ဒါကား ဝတ္တဗ္ဗန္တရာပေက္ခတည်း)။ အဒိဋ္ဌဿ၊ မသိမမြင်အပ်သော။ ကဿစိ၊ တစုံတခုသော။ ဓမ္မဿ၊ ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ အဒိဋ္ဌဇောတနာ ပုစ္ဆာပိ၊ သည်လည်း။ နတ္ထိ၊ မရှိ။ ဣဒံနာမ၊ ဤမည်သော တရားကို။ အညေဟိ၊ ကုန်သော။ ပဏ္ဍိတေဟိ၊ ကုန်သော။ သမဏဗြာဟ္မဏေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ ကွ။ ပ။သမန္နာဟာရဃောဝ၊ နှလုံးသွင်းခြင်း၏သာလျှင်။ အနုပ္ပဇ္ဇနတော၊ မဖြစ်ခြင်းကြောင့်။ (မရှိခြင်းကြောင့် လည်းဟူ)။ပ။ ယသ္မာ၊ ကြောင့်။ (ပနသဒ္ဒါ ပက္ခန္တရ ဇောတက)။ ဗုဒ္ဓါနံ၊ တို့အား။ ဧကဓမ္မေပိ၊ ၌လည်း။ အာသပ္ပနာ၊ ယုံမှားခြင်းသည်။ ပရိသပ္ပနာ၊ တွေးတောခြင်းသည်။ နတ္ထိ၊ မရှိ။ ဗောဓိမဏ္ဍေယေဝ၊ ၌သာလျှင်။ သဗ္ဗာ၊

ကုန်သော။ ကခ်ီ၊ တို့ကို။ ဆိန္နာ၊ ဖြတ်အပ်ကုန်ပြီ။ပ။ အဝသေသာ၊ ကုန်သော။ ဒွေ၊ ကုန်သော။ ပုစ္ဆာ ပန၊ တို့သည်ကား။ ဗုဒ္ဓါနံ၊ တို့အား။ အတ္ထိ၊ ကုန်၏။ တာသု၊ ထိုနှစ်ပါးကုန်သော ပုစ္ဆာတို့တွင်။ အယံ၊ ဤကတမံ တံ သီလံ ဟူသော ပုစ္ဆာသည်။ ကထေတုကမျတာပုစ္ဆာနာမ၊ ကထေတုကမျတာပုစ္ဆာ မည်၏။

## စူဠသီလအဖွင့်

၈။ ဣဒါနိ၊ ဌ်။ ကထေတုကမျတာယ ပုစ္ဆာယ၊ ကထေတုကမျတာပုစ္ဆာဖြင့်။ ပုစ္ဆိတံ၊ သော။ တံအတ္ထံ၊ ကို။ ကထေတုံ၊ ဖြေခြင်းငှာ။ ပါဏာတိပါတံပဟာယာတိ အာဒိံ၊ ကို။ အာဟ၊ ပြီ။ တတ္ထ၊ ထိုပါဏာတိပါတံ ပဟာယ အစရှိသော ဝါကျ၌။ သမတိနိဝိဋ္ဌဿ၊ သော။ ပါဏာတိပါတောတိပဒဿ၊ ၏။ ပါဏဿ အတိပါတော ပါဏာတိပါတောတိ အတ္တော၊ ပါဏဿ ။ပ။ ပါတောဟူသော အနက်ကို။ ဒဋ္ဌဗွော၊ ၏။ ပါဏဿ၊ သတ္တဝါကို။ (ဇီဝိတိန္ဒြေကိုလည်းဟူ)။ အတိပါတော၊ လျင်စွာ ချခြင်းတည်း။ ဣတိတသ္မာ၊ ကြောင့်။ ပါဏာတိပါတော၊ မည်၏။

ဆရာ-ပါဏဿ အတိပါတော ဟုဆို၏။ သတ္တဝါကို နေရာမှလျင်စွာ ချခြင်းသည် ပါဏာတိပါတ မည်ကောင်းသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ပါဏဝဓော ပါဏဃာတောတိ ဝုတ္တံဟောတိ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား--

ပါဏဝဓော ပါဏဃာတော၊ ဇီဝိတိန္ဒြေကိုဖြတ်ခြင်း။ ဣတိအယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ (ပါဏဝဓော ပါဏဃာတောကား ပရိယာယ်သဒ္ဒါတည်း။ အနက်အထူးမရှိ)။ ဧတ္ထ ဤပါဏာတိပါတော ဟူသောပုဒ်၌။ ပါဏောတိ၊ ဟူသည်ကား။ (စသဒ္ဒါကား ဝါကျာရမ္ဘတည်း)။ ဝေါဟာရတော၊ ပညတ်အားဖြင့်။ သတ္တော၊ သတ္တဝါတည်း။ ပရမတ္ထတော၊ အားဖြင့်။ ဇီဝိတိန္ဒြိယံ [၂]၊ တည်း။

---

၁။ ပုစ္ဆာမည်သည်ကား အဖြေရှိသော်မှသာ သင့်လျော်သောသဘောရှိသည် မဟုတ်ပါလောဟူသော စောဒနာကြောင့် ဣဒါနိ စသည်ကိုမိန့်။

၂။ ဇီဝိတိန္ဒြေဟူသည် ရုပ်နာမ်ဇီဝိတိန္ဒြေတည်း။

ပါဏာမည်ကြောင်းကို ဆရာဆိုပြီ၊ အဘယ်သည့်လျှင် ပါဏာတိပါတ မည်သနည်း။ ကာယဝိညတ် ဝစီဝိညတ်သည် ပါဏာတိပါတ မည်သလောဟုသူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ တသ္မိံ ပန ပါဏေ စသည်ကို မိန့်သတည်း။ ထိုပါဠ်၏အတ္ထကား-

တသ္မိံပနပါဏေ၊ ထိုသတ္တဝါ၌။ ပါဏသညိနော၊ သတ္တဝါဟုအမှတ်ရှိသူ၏။ (စေတနာ၌စပ်)။ ဇီဝိတိန္ဒြိယုပစ္ဆေဒက ဥပက္ကမ သမုဋ္ဌာပိကာ၊ ဇီဝိတိန္ဒြေကိုဖြတ်တတ်သော ကာယပယောဂ ဝစီပယောဂကို ဖြစ်စေတတ်သော။ (စေတနာ၌စပ်)။ ကာယဝစီဒွါရာနံ၊ တို့တွင်။ အညတရဒွါရပ္ပဝတ္တာ၊ တပါးပါးသောဒွါရ၌ဖြစ်သော။ ဝဓကစေတနာ၊ သည်။ ပါဏာတိပါတော၊ မည်၏။

ပါဏဿ အတိပါတော ပါဏာတိပါတော ဟူသော ဝစနတ္ထ၌ မုချအားဖြင့် ကာယဝိညတ် ဝစီဝိညတ် ရသည်။ ဖလူပစာရအားဖြင့်ကား ဝဓကစေတနာ ရသည်။ ဤအရာ၌ ဖလူပစာရအနက်ကို သိစေလို၍ ဝဓကစေတနာ ပါဏာတိပါတောဟု ဆိုတော်မူသတည်း။

ပါဏာတိပါတ မည်ကြောင်းကိုပြပြီး၍ ယခုအခါ၌ ပါဏာတိပါတ၏ အပြစ်အထူးကို ပြတော်မူလို၍ သော ဂုဏဝိရဟိတေသု အစရှိသော ပါဠ်ကို မိန့်သတည်း။ ထိုပါဠ်၏အတ္ထကား-

သောပါဏာတိပါတော၊ သည်။ ဂုဏဝိရဟိတေသု၊ ဂုဏ်ကင်းကုန်သော။ တိရစ္ဆာနဂတာဒိသု၊ ကုန်သော။ ပါဏေသု၊ သတ္တဝါတို့တွင်။ ခုဒ္ဒကေ၊ ငယ်သော။ ပါဏေ၊ ၌။ အပ္ပသာဝဇ္ဇော၊ နည်းသောအပြစ်ရှိ၏။ မဟာသရီရေ၊ ကြီးသောကိုယ်ရှိသော။ ပါဏေ၊ ၌။ မဟာသာဝဇ္ဇော၊ ကြီးသောအပြစ်ရှိ၏။

ခုဒ္ဒကေ ဟူသော ပါဠ်အားလျော်စွာ မဟန္တေဟူ၍သာ မဆိုမူ၍ မဟာသရီရေဟူ၍ ဆိုလေသောကြောင့် ခုဒ္ဒကေ၏အရကို ငယ်သောကိုယ်ရှိသော သတ္တဝါကို ယူအပ်၏။ အရွယ်အားဖြင့် ငယ်သည်ကြီးသည်ကို ခုဒ္ဒက မဟန္တဟု မယူအပ်။

ကဿ၊ ကြောင့်။ မဟာသာဝဇ္ဇော၊ နည်း။ ပယောဂမဟန္တတာယ၊ ပယောဂကြီးသည်၏အဖြစ်ကြောင့်။ မဟာသာဝဇ္ဇော၊ ၏။

ပယောဂ မဟန္တတာယ ဟူသောဟိတ်ဖြင့် မဟာသရီရတာယ ဟူသော ဟိတ်ကို စင်စေသတည်း။ မဟန္တတာယ၌ မဟန္တသဒ္ဒါ ဝစ္စနအနက်၌ ဖြစ်၏။ ဗဟုတ္တအနက်၌လည်းဖြစ်၏။ တချက်ထည်း ပြင်းစွာရိုက်ပုတ် ထိုးခုတ်၍သတ်သောအခါ ဝစ္စနအနက်၌ဖြစ်၏။ အကြိမ်များစွာ ရိုက်ပုတ်ထိုးခုတ်၍သတ်သောအခါ ဗဟုတ္တအနက်၌ဖြစ်၏။

ပယောဂသမတ္တေ၊ ပယောဂမျှသည်၏အဖြစ်သည်။ သတိပိ၊ သော်လည်း။ ဝတ္ထုမဟန္တတာယ၊ ဝတ္ထုများသည်၏ အဖြစ်ကြောင့်။ မဟာသာဝဇ္ဇော၊ မဟာသာဝဇ္ဇ မည်၏။

ဝတ္ထုမဟန္တတာယ၌ မဟန္တသဒ္ဒါသည်ကား ဗဟုတ္တအနက်၌ ဖြစ်ပေ၏။ တချက်သောပယောဂဖြင့် နူးညံ့သော ငယ်သော ပိုးရွ အစရှိသော သတ္တဝါအများ သေလေ၏။ ထိုပယောဂနှင့်မျှသော တချက်သော ပယောဂဖြင့် ထူထပ်ကြီးမားသော ကြက်ဝက်စသော သတ္တဝါ တခုသာ သေလေ၏။ မဟာသရီရတာယစ မဟာသာဝဇ္ဇောဟု ဆိုသောကြောင့် သတ္တဝါတခုထည်းသေရာ၌ အပြစ်ကြီးရာသလောဟူသော ယုံမှားသက်ာကို နစ်စေခြင်းငှာ ဝတ္ထုမဟန္တတာယဟု ဝတ္ထုသဒ္ဒါနှင့် အထူးပြု၍ မဟာသာဝဇ္ဇောကို မိန့်သတည်း။

ဂုဏဝန္တေသု၊ သီလအစရှိသော ဂုဏ်ရှိကုန်သော။ မနုဿာဒိသု၊ တို့၌။ (တို့တွင် လည်းဟူ)။ အပ္ပဂုဏော၊ နည်းသောဂုဏ်ရှိသော။ ပါဏော၊ ၌။ အပ္ပသာဝဇ္ဇော၊ ၏။ မဟာဂုဏော၊ ကြီးသောဂုဏ်ရှိသော။ ပါဏော၊ ၌။မဟာသာဝဇ္ဇော၊ ၏။

မနုဿာဒိသု၌ အာဒိသဒ္ဒါဖြင့် နတ်တို့ကိုလည်း ယူအပ်၏။ သီလသမာဓိ အစရှိသော ဂုဏ်နှင့်ပြည့်စုံသော ဘုရားအလောင်း အစရှိကုန်သော တိရစ္ဆာန်တို့ကိုလည်း ယူအပ်၏။ ထိုကြောင့် ဘုရားလောင်းဖြစ်သော ခါမင်း မျောက်မင်း အစရှိသော တိရစ္ဆာန်တို့ကို သတ်သော

ဒေဝဒတ်လောင်းဖြစ်သော လူသည်လည်း မြေမျိုခြင်း အစရှိသည်သို့ ရောက်လေသတည်း။

သရိရဂုဏာနံပန၊ တို့၏ကား။ သမဘာဝေ၊ မျှသည်၏အဖြစ်သည်။ သတိ၊ သော်။ ကိလေသာနဥ္စ၊ တို့၏ရင်း။ ဥပက္ကမာနဥ္စ၊ လုံ့လတို့၏ရင်း။မုဒုတာယ၊ နူးညံ့သည်၏အဖြစ်ကြောင့်။ အပ္ပသာဝဇ္ဇော၊ ၏။ တိဗ္ဗတာယ၊ ထက်သည်၏ အဖြစ်ကြောင့်။ မဟာသာဝဇ္ဇော၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။

ခိုးသူသတ်ယောကျ်ား မင်း၏အင်္ဂသေနာပတိ အစရှိသော သူတို့သည် သေစေလိုသောစေတနာ ပြင်းစွာမရှိသော်လည်း ရာဇဝတ်ကုန်အောင် စီရင်ရခြင်းသည် နူးညံ့သော ကိလေသာ နူးညံ့သော ပယောဂဖြစ်၏။ ထိုသို့ နူးညံ့သော ကိလေသာ ပယောဂ ရှိသောကြောင့် ထိုခိုးသူသတ် အင်္ဂ သေ နာ ပ တိ တို့ အား အပြစ်နည်း၏။ အ ပြစ် သာ နည်းသည် ပါဏာတိပါတ စေတနာကား ဖြစ်၏။ မိမိရန်သူကို ပြင်းစွာဒေါသ ပယောဂဖြင့်သတ်မှု အပြစ်ကြီး၏။

တဿ၊ ထိုပါဏာတိပါတ၏။ သမ္ဘာရာ၊ အကြောင်းတို့သည်။ ပါဏော၊ သတ္တဝါ။ ပါဏသညိတာ၊ သတ္တဝါဟု အမှတ်ရှိသည်၏အဖြစ်။ ဝဓကစိတ္တံ၊ သတ်လိုသောစိတ်။ (သေစေလိုသောစိတ် လည်းဟူ)။ ဥပက္ကမော၊ ကာယ ဒွါရ ဝစီဒွါရတို့ဖြင့် လုံ့လပြုခြင်း။ တေန၊ ထိုလုံ့လဖြင့်။ မရဏံ၊သေခြင်း။ ဣတိ၊ ဤသို့။ ပဥ္စ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ပယောဂါ၊ ပယောဂ တို့သည်။ သာဟတ္ထိကော၊ မိမိလက်ဖြင့် သတ်ခြင်း။ အာဏတ္တိကော၊ သူတပါးကိုစေ၍ သတ်ခြင်း။ နိဿဂ္ဂိယော၊ မြား လှံ အစရှိသောလက်နက် တို့ကို လွှတ်လိုက်၍ သတ်ခြင်း။ ထာဝရော၊ အရာမှ မ ရွေ့ စေ နိုင် မှု ၍ တွင်းရှုံ့ညွှန် အစရှိသည်၌ ကျစေ၍ သတ်ခြင်း။ ဝိဇ္ဇာမယော၊ မန္တန်ဆေး အတတ်ဖြင့်သတ်ခြင်း။ ဣဒ္ဓိမယော၊ တန်ခိုးဖြင့်သတ်ခြင်း။ ဣတိ၊ ဤသို့။ ဆ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ထေ၀၊ ဤအဋ္ဌကထာ၌။ ဣမသ္မိံ၊ ဤ ခြောက် ပါး သော ပယောဂကို။ ဝိတ္ထာရိယမာနေပန၊ ချဲ့အပ်သည် ရှိသော်ကား။ အတိဝိယ ပပဉ္စော၊ ကျယ်လွန်းသည်။ (ကြာမြင့်သည် လည်းဟူ)။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တံ ဆ

ပယောဂံ၊ ကို။ မယံ၊ တို့သည်။ နဝိတ္ထာရယိဿာမ၊ မချဲ့ကုန်အံ့။ အညံ၊ သော။ ဝေရူပဥ္စ၊ ဤသို့သဘောရှိသော အကျယ်ဖြစ်သော စကားကိုလည်း။ န ဝိတ္ထာရယိဿာမ၊ ကုန်အံ့။ အတ္ထိကေဟိပန၊ အလိုရှိကုန်သော အမျိုးသားတို့သည်ကား။ သမန္တပါသာဒိက ဝိနယဋ္ဌကထံ၊ သမန္တပါသာဒိက အမည်ရှိသော ဝိနည်းအဋ္ဌကထာကို။ ဩလောကေတွာ၊ ၍။ ဂဟေတဗ္ဗံ၊ ၏။

ပဟာယာတိ၊ ကား။ ပါဏာတိပါတ စေတနာသင်္ခါတံ၊ ဇီဝိတိန္ဒြေကို ချကြောင်းစေတနာဟု ဆိုအပ်သော။ ဣမံ ဒုဿီလျံ၊ ဤသီလမရှိသည်၏ အဖြစ်ကို။ ပဇဟိတွာ၊ ပယ်၍။

> ပါဏာတိပါတကိုပယ်၍ ဟူရာ၌ ပါဏာတိပါတ အရသည် မုချ အားဖြင့် ဝိညတ်သာရသော်လည်း ဝိညတ်ကိုပယ်ခြင်းကို ပဋ္ဌာန အားဖြင့် မလိုအပ်။ ဖလူပစာရအားဖြင့် ရအပ်သော အကြောင်း ဖြစ်သော ဒုဿီလျ စေတနာကို ပယ်ခြင်းကို လိုသည်၏ အဖြစ်ကို သိစေခြင်းငှာ ပါဏာတိပါတ စေတနာ သင်္ခါတံ ဒုဿီလျံဟု ကံကို ဆိုသတည်း။
>
> ဆရာ-မြတ်စွာဘုရားသည် အဘယ်ကာလမှစ၍ ပါဏာတိပါတ စေတနာကို ပယ်သနည်း။ ဘုရားတော်မူသောကာလ အစရှိသည်မှစ၍ ပယ်သလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ပဋိဝိရတောတိ ပဟီနကာလတော စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ပဋိဝိရတောတိ၊ ကား။ ပဟီနကာလတော၊ မဂ်ဖြင့်ပယ်ပြီးသောကာလမှ။ ပဋ္ဌာယ၊ ၍။ တတော ဒုဿီလျတော၊ မှ။ ဩရတော ဝိရတော၊ ကြဉ်သလျှင်ကတည်း။ တဿဘဂဝတော၊ အား။ (နတ္ထိ၌စပ်)။ ဝိတိက္ကမိဿာမိ၊ လွန်ကြူးအံ့။ ဣတိ၊ ဤသို့။ စက္ခုသောတ ဝိညေယျာ၊ စက္ခုဝိညာဏ် သောတဝိညာဏ်ဖြင့် သိအပ်ကုန်သော။ ဓမ္မာ၊ တို့သည်။ နတ္ထိ နသန္တိ၊ ကုန်။ ကာယိကာ၊ ကိုယ်ဖြင့် လွန်ကြူးခြင်းတို့သည်ကား။ ပဂေဝ၊ အဘယ်မှာရှိကုန်အံ့နည်း။ (စက္ခုသောတ ဝိညေယျာ ဓမ္မာ ဟူသောပါဌ်တို့ဖြင့် ရူပါရုံသဒ္ဒါရုံတို့၌ အယောနိသောမနသိကာရ၏အဖြစ်ကို ပယ်သတည်း)။

ဣမိနာ ၀နယေန၊ ဖြင့်လျှင်။ အညေသု၊ ကုန်သော။ ဝေရူပေသု၊ ကုန်သော။ ပဒေသု၊ တို့၌။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ဆရာ-မြတ်စွာဘုရား၏ သမဏဟူသော အမည်သည် ဥက္ကဋ္ဌစတုတ္ထကံ အစရှိသည်ဖြင့် ဖြစ်သော ရဟန်းဖြစ်သောကြောင့် ရသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ သမဏောတိ ဘဂဝါ စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

သမဏောတိ၊ ကား။ ဘဂဝါ၊ သည်။ သမိတပါပတာယ၊ ငြိမ်းပြီးသော မကောင်းမှုရှိသည်၏ အဖြစ်ကြောင့်။ လဒ္ဓဝေါဟာရော၊ သမဏဟု ရအပ်သော အမည်ရှိ၏။ ဂေါတမောတိ၊ ကား။ ဂေါတ္တဝသေန၊ အနွယ်၏အစွမ်းဖြင့်။ ဂေါတမော၊ ဂေါတမ မည်တော်မူ၏။ ကေဝလဥ၊ သက်သက်ကား။ ဘဂဝါယေဝ၊ သည်သာလျှင်။ ပါဠာတိပါတာ၊ မှ။ ပဋိဝိရတော၊ ကြဉ်သည်။ န၊ မဟုတ်။ ဘိက္ခုသံဃောပိ၊ သည်လည်း။ ပဋိဝိရတော၊ ၏။ ပနတထာပိ၊ ထိုသို့ရဟန်းသံဃာကြဉ်သော်လည်း။ ဒေသနာ၊ သည်။ အာဒိတော၊ မှ။ ပဋ္ဌာယ၊ ၍။ ဧ၀ံ၊ ဤသို့ သမဏော ဂေါတမော ပဋိဝိရတောဟူ၍။ အာဂတော၊ ၏။ အတ္ထံပန၊ ကိုကား။ ဒီပေန္တေန၊ ပြသော ဆရာသည်။ပ။

နိဟိတသတ္ထောတိ၊ ကား။ ပရူပဃာတတ္ထာယ၊ သူတပါးကိုသတ်ခြင်းငှာ။ ဒဏ္ဍံဝါ၊ ဒုတ်လက်နက်ကိုရင်း။ သတ္ထံဝါ၊ ဒါးလက်နက်ကိုရင်း။ အာဒါယ၊ ၍။ အဝတ္တနတော၊ မလည်ခြင်းကြောင့်။ ဘဂဝါ၊ သည်။ နိက္ခိတ္တဒဏ္ဍောစေဝ၊ ပယ်အပ်ပြီးသော ဒုတ်လက်နက်ရှိသည်လည်း။ ဟောတိ၊ ၏။ နိက္ခိတ္တသတ္ထောစ၊ ပယ်အပ်ပြီးသော ဒါးလက်နက်ရှိသည်လည်း။ ဟောတိ၊ ၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ ထွေ၊ ဤနိဟိတဒဏ္ဍော နိဟိတသတ္ထောဟူသော ပါဌ်၌။ (စသဒ္ဒါကား ဝါကျာရမ္ဘဇောတက တည်း)။ ဒဏ္ဍံ၊ ဒုတ်ကို။ ဌပေတွာ၊ ၍။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ အဝသေသံ၊ ဒုတ်မှကြွင်းသော။ ဥပကရဏံ၊ အဆောက်အဦကို။ (ဝေဒိ

၁။ ပါဠေ သမဏောတိ သမဏော

တပ္ပံ့ခွဲစပ်)။ သတ္တာနံ၊ တို့ကို။ ဝိဟေသနဘာဝတော၊ ညှဉ်းဆဲကြောင်း ဖြစ်သည်၏အဖြစ်ကြောင့်။ သတ္တန္တိ၊ လက်နက်ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။

ဆရာ-ပယ်အပ်ပြီးသောဒုတ်ရှိသောသူသည်ရင်း၊ ပယ်အပ်ပြီးသောဒုတ် မှတပါးသော လက်နက်ရှိသောသူသည်ရင်း၊ နိဟိတဒဏ္ဍ နိဟိတသတ္တ မည်၏ဟုဆို၏။ တောင်ဝှေး ဒန်ပူဖြတ်သောဒါးငယ် လက်သည်းလှီး ဒါးငယ် အစရှိသည်ကိုကိုင်၍ သွားကုန်သောရဟန်းတို့သည် အနိဟိ တဒဏ္ဍ အနိဟိတသတ္တ မည်ကောင်းသလောဟု သူမေးဘွယ်ရှိ၍ ထို အမေးကို ဖြေခြင်းငှာ ယံပနဘိက္ခူ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ဘိက္ခူ၊ တို့သည်။ ယံပနကတ္တရဒဏ္ဍံဝါ၊ အကြင် ဝါးတောင်ဝှေးကိုရင်း။ ယံပနဒန္တကဋ္ဌဝါသိံဝါ၊ အကြင် ဒန်ပူဖြတ်သော ဒါးပကိုရင်း။ ယံ ပန ပိပ္ပလိကံဝါ၊ အကြင်လက်သည်းလှီးဒါးငယ်ကိုရင်း။ ဂဟေတွာ၊ ၍။ ဝိစရန္တိ၊ ကုန်၏။ တံ၊ ထိုဝါးတောင်ဝှေး အစရှိသည်ကို။ ပရူပဃာတတ္ထာယ၊ သူတပါးကိုညှဉ်းဆဲခြင်းငှာ။ ဂဟေတွာ၊ ၍။ နဝိစရန္တိ၊ ကုန်။ တသ္မာ၊ ကြောင့်။ သောဘိက္ခူ၊ သည်။ နိဟိတဒဏ္ဍော နိဟိတသတ္ထောတွေဝ၊ နိဟိ တဒဏ္ဍ နိဟိတသတ္တဟူ၍သာလျှင်။ သင်္ချံ၊ ခေါ်ဝေါ်ခြင်းသို့။ ဂစ္ဆတိ၊ ၏။

လဇ္ဇီတိ၊ ကား။ ပါပဇိဂုစ္ဆနလက္ခဏာယ၊ မကောင်းမှုကို စက်ဆုပ်ခြင်း လက္ခဏာရှိသော။ လဇ္ဇာယ၊ ရှက်ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ (လဇ္ဇာ အဿ အတ္ထီတိ လဇ္ဇီဟု အဿတ္ထိတဒ္ဓိတ်ပြု)။ **ဒယာပန္နောတိ၊** ကား။ ဒယံ မေတ္တစိတ္တတံ၊ မေတ္တာနှင့်ယှဉ်သော စိတ်ရှိသည်၏အဖြစ်သို့။ အာပန္နော၊ ၏။

ဒယာသဒ္ဒါသည် ကရုဏာကိုလည်းဟောရကား ကရုဏာကို နစ်စေ ခြင်းငှာ ဒယံကို မေတ္တစိတ္တတံဟု ဖွင့်ပြန်သတည်း။

**သဗ္ဗပါဏဘူတဟိတာနုကမ္ပီတိ၊** ကား။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပါဏ ဘူတေ၊ သတ္တဝါတို့ကို။ ဟိတေန၊ အစီးအပွားဖြင့်။ အနုကမ္ပကော၊ အစဉ် စောင့်ကတတ်၏။

ဆရာ ဟိတေန အနုကမ္ပကောဟူ၍ ဆို၏။ စီးပွားဥစ္စာကို ပေးသဖြင့် စောင့်သလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ တာယ ဒယာပန္နတာယ အစ ရှိသော ပါဠိ ကို မိန့်သတည်း။ ထိုပါဠိ၏ အတ္ထကား-

တာယ ဒယာပန္နတာယ၊ ထိုသို့ မေတ္တာနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်။ သဗ္ဗေသံ၊ ကုန်သော။ ပါဏဘူတာနံ၊ သတ္တဝါတို့၏။ ဟိတစိတ္တကော၊ စီးပွားဖြစ်ခြင်းကိုအလိုရှိသောစိတ်ရှိ၏။ ဣတိအယံ၊ လျှင်။အတ္ထော၊တည်း။ ဝိဟရတီတိ၊ ကား။ ဣရိယတိ၊ ကျင့်တတ်၏။ ယပေတိ၊ မျှတတ်၏။ ယာပေတိ၊ မျှစေတတ်၏။ ပါလေတိ၊ စောင့်တတ်၏။ ဣတိ ဝါ ဟိ ဘိက္ခဝေတိ၊ ကား။ ဧဝံ ဝါ၊ ဤသို့လည်း။ ဘိက္ခဝေ၊ တို့။ ဝါသဒ္ဒေါ၊ ကို။ ဥပရိ၊ ၌။ အဒိန္နာဒါနံ ပဟာယာတိ အာဒီနိ၊ အဒိန္နာဒါနံ ပဟာယ အစရှိကုန်သော စကားတို့ကို။ အပေက္ခိတွာ၊ ငဲ့၍။ ဝိကပ္ပတ္ထော[၁]၊ ဝိကပ်အနက်၌။ ဝုတ္တော၊ ၏။ သဗ္ဗတ္ထ၊ အလုံးစုံသော ဝါကျတို့၌။ ဧဝံတထာ၊ တူ။ ပုရိမံပါ၊ ရှေး ဝါကျကိုရင်း။ ပစ္ဆိမံပါ၊ ကိုရင်း။ အပေက္ခိတွာ၊ ၍။ဝိကပ္ပဘာဝေါ၊ဝိကပ်၏ အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။

ပဌမဝါကျ၌ ဝါသဒ္ဒါသည် အထက်ဒုတိယဝါကျကိုငဲ့၏။ အထက် ဒုတိယဝါကျ၌ ဝါသဒ္ဒါသည် အောက်ပဌမဝါကျကိုလည်း ငဲ့၏။ အထက်ဝါကျကိုလည်း ငဲ့၏။ ဤသို့အစရှိသည်ဖြင့် ပုရိမံပါ ပစ္ဆိမံပါ အပေက္ခိတွာ၏ အရကိုယူလေ။

တ္တေ၊ ဤဣတိဝါဟိ ဘိက္ခဝေ အစရှိသောပါဠိ၌။ အယမ္ပန၊ဤဆိုလတ္တံ့ သည်ကား။ သင်္ခေပေါ၊ အကျဉ်းတည်း။ ဘိက္ခဝေ၊ တို့။ ပုထုဇ္ဇနော၊ သည်။ တထာဂတဿ၊ ၏။ ဝဏ္ဏံ၊ ကို။ ဝဒမာနော၊ ချီးမွမ်းသည်ဖြစ်၍။ ဧဝံ၊ သို့။ ဝဒေယျ၊ ဆိုရာ၏။ ကိံ ဝဒေယျ၊ ဟူမူကား။ ဂေါတမော၊ ဂေါတမအနွယ် ဖြစ်သော။ သမဏော၊ သည်။ ပါဏံ၊ သတ္တဝါကို။ နဟနတိ၊ မသတ်။ နဃာ တေတိ၊ သူတပါးတို့ကို ပသတ်စေ။ တတ္ထ၊ ထိုသတ္တဝါကို သတ်ခြင်း, ညှဉ်းဆဲခြင်း၌။ သမနုညော၊ နှစ်သက်သောစိတ်ရှိသည်။ နဟောတိ၊ မဖြစ်။

၁။ ဝိကပ္ပတ္ထော-ဆဋ္ဌ။ ဝိကပ်အနက်ရှိ၏ဟူ၍-အနက်ပေး။

ဣမသ္မာ ဒုဿီလျာ၊ ဤအသက်သတ်ခြင်းဟူသော ဒုဿီလျစေတနာမှ။
ဝိရတော၊ ကြဉ်၏။ ဗုဒ္ဓဂုဏာ၊ တို့သည်။အဟော၀တ ရေ မဟန္တာ၊တကား။
ဣတိ၊ ဤသို့။ ၀ဒေယျ၊ ၏။ ဣတိ၊ဤသို့။မဟန္တံ၊သော။ဥဿာဟံ၊အားထုတ်
ခြင်းကို။ ကတွာ၊ ၍။၀ဏ္ဏံ၊ကို။၀တ္တုကာမောပိ၊ချီးမွမ်းလိုသည်ဖြစ်၍လည်း။
အပ္ပမတ္တကံ၊ နည်းသော အတိုင်းအရှည်ရှိထသော။ ဩရမတ္တကံ၊ ယုတ်
သော အတိုင်းအရှည် ရှိထသော။ အာစာရသီလမတ္တကမေ၀၊ အာစာရ
သီလမျှကိုသာလျှင်။ ၀ဏ္ဏေတိ၊ ဆိုလတ္တံ့။ ဥပရိ၊ ၌။ အသာဓာရဏဘာ၀ံ၊
သူတပါးတို့နှင့် မဆက်ဆံသည်၏ အဖြစ်ကို။ နိဿာယ၊ ၍။ ဂုဏံ၊ ကို။ ၀တ္တုံ၊
ငှာ။ နသက္ခိဿတိ၊ မစွမ်းနိုင်လတ္တံ့။

သရော-ပုထုဇ္ဇနဆိုခြင်းငှာ မစွမ်းနိုင်သည်ဖြစ်စေ၊ သောတာပန် အစရှိ
သော၈အရိယာပုဂ္ဂိုလ်တို့သည် အသာဓာရဏဂုဏ်ကို ချီးမွမ်းခြင်းငှာ
စွမ်းနိုင်ကုန်ရာသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ
နကေ၀လဥ္စ စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္တကား -

ကေ၀လဥ္စ၊ သက်သက်လည်း။ (စင်စစ်အားဖြင့်ကား လည်းဟူ)။ ပုထုဇ္ဇ
နော၀၊ သည်သာလျှင်။ နသက္ကောတိ၊ မစွမ်းနိုင်သည်။ န၊ မဟုတ်။ သော
တာပန္န ။ပ။ အရဟန္တောပိ၊ သောတာပန်။ပ။ရဟန္တာတို့သည်ငှင်း။ ပစ္စေ
ကဗုဒ္ဓါပိ၊ တို့သည်ငှင်း။ နသက္ကောန္တိယေ၀၊ ကုန်သလျှင်ကတည်း။ ပန
ကေန္တေန၊ စင်စစ်အားဖြင့်။ တထာဂတောယေ၀၊ ဘုရားသည်သာလျှင်။
သက္ကောတိ၊ ၏။ တံ၊ ထိုအသာဓာရဏဂုဏ်ကို။ ဝေါ၊ သင်တို့အား။ ဥပရိ၊
၌။ ၀က္ခာမိ၊ ဟောအံ့။ ဣတိအယံ၊ ဤသို့ဆိုအပ်ပြီးသော စကားအစဉ်သည်
လျှင်။ ဧတ္ထ၊ ဤပဌမသိက္ခာပုဒ်၌။ သာဓိပ္ပါယာ၊ အဓိပ္ပါယ်နှင့်တကွသော။
အတ္ထ၀ဏ္ဏနာ၊ တည်း။ ဣတော၊ ဤပဌမသိက္ခာပုဒ်မှ။ ပရံပန၊နောက်သိက္ခာ
ပုဒ်တို့၌ကား။ အပုဗ္ဗမေ၀၊ အသစ်ကိုသာလျှင်။ ၀ဏ္ဏယိဿာမ၊ ဖွင့်ကုန်အံ့။

အဒိန္နာဒါနံ ပဟာယာတိဧတ္ထ၊ ၌။ အဒိန္နဿ၊အရှင်မပေးသောဥစ္စာကို။
အာဒါနံ၊ ယူခြင်းသည်။ အဒိန္နာဒါနံ၊ မည်၏။

အရှင်မပေးသောဥစ္စာကို အကျွမ်း၀င်သဖြင့် ယူခြင်းကိုပင် အဒိန္နာဒါန်
ဆရာ ဆိုလိုသလောဟု စောဒနာဘွယ်ရှိရကား ထိုစောဒနာကို ဖြေလို

၍ ပရသာ ဟရဏံ။ပ။ဝုတ္တံဟောတိ ဟူသောပါဠိကို မိန့်သတည်း။ ထို ပါဠိ၏ အနက်ကား-

ပရဿ၊ သူတပါး၏ဥစ္စာကို။ ဟရဏံ ထေယျံ၊ ခိုးခြင်း။ စောရိကာ၊ ခိုးသော စေတနာ။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။

ဆရာ- အဒိန္နဟူသည် အဘယ်နည်း။ ယောပန ဘိက္ခု အဒိန္နံ အာဟာရံ မုခဒွါရံ အစရှိသော ပါဠိတို့၌ကဲ့သို့ အကပ်မခံသော ဝတ္ထုသည် အဒိန္န မည်သလော-ဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ တတ္ထ အဒိန္နန္တိ ပရပရိဂ္ဂဟိတံကို မိန့်သတည်း။ ထိုပါဠိ၏ အနက်ကား-

တတ္ထ၊ ထိုအဒိန္နာဒါနံဟူသော ပါဠိ၌။ အဒိန္နန္တိ၊ ကား။ ပရပရိဂ္ဂဟိတံ၊ သူတပါးဟု ဆိုအပ်သော အရှင်သိမ်းဆည်းအပ်သော ဥစ္စာတည်း။ ယတ္ထ၊ အကြင်ဥစ္စာ၌။ ပရော၊ သူတပါးဟု ဆိုအပ်သောဥစ္စာရှင်သည်။ ယထာကာမကာရိတံ၊ မိမိအလိုရှိတိုင်း ပြုစေခြင်းသို့။ အာပဇ္ဇန္တော၊ရောက်သည်ဖြစ်၍။ အဒဏ္ဍာရဟော၊ ဒဏ်မထိုက်သည်။ ဟောတိ၊ ၏။ အနုပဝဇ္ဇော စ၊ အပြစ်မရှိ သည်လည်း။ ဟောတိ၊ ၏။ တသ္မိံ ပရပရိဂ္ဂဟိတေ၊ ထိုအရှင်သိမ်းဆည်းအပ် သောဥစ္စာ၌။ ပရပရိဂ္ဂဟိတသညိနော၊ အရှင်သိမ်းဆည်းအပ်၏ဟု အမှတ် ရှိသည်ဖြစ်၍။ တဒါဒါယက ဥပက္ကမ သမုဋ္ဌာပိကာ၊ ထိုသူတပါးဥစ္စာကို ယူတတ်သောလုံ့လကို ဖြစ်စေတတ်သော။ (တနည်းကား)။ ထိုသူတပါး ဥစ္စာကိုယူခြင်း၌ လုံ့လကိုဖြစ်စေတတ်သော။ ထေယျစေတနာ၊ ခိုးလိုသော စေတနာသည်။ အဒိန္နာဒါနံ၊ မည်၏။

ထေယျစေတနာ အဒိန္နာဒါနံ ဟူသောစကားကို ဖလူပစာရအားဖြင့် အဋ္ဌကထာဆရာဆိုသည်။ မုချအားဖြင့်ကား ခိုးခြင်းကြိယာနှင့်စပ်သော ကာယဝိညတ် ဝစီဝိညတ်သည်သာ အဒိန္နာဒါနံမည်သတည်း။

တံ၊ ထိုအဒိန္နာဒါနံသည်။ ဟီနေ၊ ယုတ်သော။ ပရသန္တကေ၊ သူတပါး ဥစ္စာ၌။ အပ္ပသာဝဇ္ဇံ၊ ၏။ ပဏီတေ၊ မြတ်သော။ ပရသန္တကေ၊ ၌။ မဟာ သာဝဇ္ဇံ၊ ၏။ တသ္မာ၊ ကြောင့်။ မဟာသာဝဇ္ဇံ၊ နည်း။ ဝတ္ထုပဏီတတာယ၊ ကြောင့်။ မဟာသာဝဇ္ဇံ၊ ၏။ ဝတ္ထုသမတ္တေ၊ ဝတ္ထုမျှသည်၏ အဖြစ်သည်။ သတိပိ၊ သော်လည်း။ ဂုဏာဓိကာနံ၊ ဂုဏ်ကြီးကုန်သောသူတို့၏။ သန္တကေ၊

သော။ ဝတ္ထုသ္မိံ၊ ၌။ မဟာသာဝဇ္ဇံ၊ ၏။ တံတံ ဂုဏာဝိကံ၊ ထိုထိုသော ဂုဏ်ကြီးခြင်းကို။ ဥပါဒါယ၊ ၍။ တတော တတော၊ ထိုထိုသောအောက်။ ဟီနဂုဏဿ၊ ယုတ်သောဂုဏ်ရှိသောသူ၏။ သန္တကေ၊ သော။ ဝတ္ထုသ္မိံ၊ ၌။ အပ္ပသာဝဇ္ဇံ၊ ၏။

တဿ၊ ထိုအဒိန္နာဒါန်၏။ သမ္ဘာရာ၊ အကြောင်းအင်္ဂါတို့သည်။ ပရ ပရိဂ္ဂဟိတံ၊ အရှင်သိမ်းဆည်းသောဥစ္စာ။ ပရပရိဂ္ဂဟိတသညိတာ၊ အရှင် သိမ်းဆည်း၏ဟု အမှတ်ရှိသည်၏အဖြစ်။ ထေယျစိတ္တံ၊ စိတ်။ ဥပက္ကမော၊ ကာယဒွါရ ဝစီဒွါရတို့ဖြင့် လုံ့လပြုခြင်း။ တေန ဥပက္ကမေန၊ ဖြင့်။ ဟရဏံ၊ ခိုးခြင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ပယောဂါ၊ တို့သည်။ ဆ၊ တို့တည်း။ ဆ၊ ဟူသည်တို့ကား။ ကတမေ၊ အဘယ်တို့နည်းဟူမူကား။ သာဟတ္ထိကာဒယော၀၊ သာဟတ္ထိက စသည်တို့သာလျှင်တည်း။ တေစ ဆပယောဂါ၊ ထိုခြောက်ပါးသော ပယောဂတို့သည်။ ယထာနုရူပံ၊ မိမိ တို့၏ သဘောအားလျော်စွာ။ ထေယျာဝဟာရော၊ ချိန်စဉ်းလဲ တင်းစဉ်း လဲ အသပြာစဉ်းလဲ အစရှိသည်ဖြင့် လှည့်ပတ်၍ခိုးခြင်းရင်း။ ပသယှာဝ ဟာရော၊ အနိုင်အထက် နှိပ်စက်လုယက်၍ ခိုးခြင်းရင်း။ ပဋိစ္ဆန္နာဝဟာရော၊ မြက်သစ်ရွက် မြေမှုန့်အစရှိသည်တို့ဖြင့် ဖုံးလွှမ်း၍ခိုးခြင်းရင်း။ ပရိကပ္ပါဝ ဟာရော၊ ဥစ္စာကိုရင်း အရပ်ကိုရင်း ကြံစည်၍ခိုးခြင်းရင်း။ ကုသာဝဟာ ရော၊ ကပ္ပည်းပြောင်း၍ ခိုးခြင်းရင်း။ ဣတိဣမေသံ အဝဟာရာနံ၊ တို့၏။ ဝသေန၊ ဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်၏။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤဒီဃနိကာယ် အဋ္ဌကထာ၌။ သင်္ခေပေါ၊ အကျဉ်းတည်း။ ဝိတ္ထာရောပန၊ ကိုကား။ သမန္တပါသာဒိကာယံ၊ သမန္တပါသာဒိကာအမည်ရှိသော ဝိနည်း အဋ္ဌကထာ၌။ ဝုတ္တော၊ ပြီ။

ယောပုဂ္ဂလော၊ သည်။ ဒိန္နမေဝ၊ အရှင်ပေးသော ဥစ္စာကိုသာလျှင်။ အာဒိယတိ၊ ယူတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောပုဂ္ဂလော၊ သည်။ ဒိန္နာဒါယီ၊ ၏။

ဤသို့သော ဝစနတ္ထဖြင့် အရှင်ပေးသောဥစ္စာကိုသာ ယူတတ်သော ပုဂ္ဂိုလ်သာမည ရကောင်းသော်လည်း ဤအရာ၌ ပကရဏအားဖြင့် ဘုရားသာ ရသတည်း။

စိတ္တေနပိ၊ ဖြင့်လည်း။ ဒိန္နမေဝ၊ ပေးသောဝတ္ထုကိုသာလျှင်။ ပါဋိကင်္ခတိ၊ အလိုရှိတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ ဒိန္နပါဋိကင်္ခီ၊ မည်၏။ ယောဇနော၊ သည်။ ထေနေတိ၊ ခိုးတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောဇနော၊ သည်။ ထေနော၊ မည်၏။ ထေနေန၊ ခိုးတတ်သည်။ န၊ မဟုတ်။ **အထေနေန၊** ခိုးတတ်သည်မဟုတ်။

န ထေနေန အထေနေနဟူသော ဤစကားကို လဟုကနည်းအားဖြင့် ဆိုသတည်း။ ဂရုကနည်းအားဖြင့်ကား န ထေနော အထေနောဟု မိဿက တပ္ပုရိသ် ပြုပြီးမှ တေန အထေနေနဟု ဝိဘတ်ချွန်ခံသင့်သည်။

အထေနတ္တာယေဝ၊ မခိုးတတ်သည်၏ အဖြစ်ကြောင့်လျှင်။ **သုစိဘူတေန၊** စင်ကြယ်သည်ဖြစ်၍ဖြစ်သော။ **အတ္တနာ**တိ၊ ကား။ အတ္တဘာဝေန၊ ဖြင့်။

အတ္တနာကို အတ္တဘာဝေနဟု ဆရာဆို၏။ ကရိဏ်းအနက်၌ပင် ကရိဏ်း ဝိဘတ်ဖြစ်ကောင်းသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်း ငှာ အထေနံ၊ သုစိဘူတံ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား-

အထေနံ၊ မခိုးတက်သော။ သုစိဘူတံ၊ စင်ကြယ်စွာဖြစ်၍ဖြစ်သော။ အတ္တဘာဝံ၊ ကို။ ကတွာ၊ ၍။ ဝိဟရတိ၊ ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။ သေသံ၊ ကြွင်းသောစကားကို။ ပဌမသိက္ခာပဒေ၊ ၌။ ဝုတ္တနယေ နေဝ၊ ဖြင့်သာလျှင်။ ယောဇေတဗ္ဗံ၊ ၏။

ပဌမသိက္ခာပုဒ်၏ အရကို ပါဏာတိပါတ် ပဟာယ အစရှိသည်ဖြင့် ဤဗြဟ္မဇာလသုတ်၌ ဆိုအပ်ပြီးသော သိက္ခာပုဒ်ကိုပင်ယူ။

ဣဓ၊ ဤဒုတိယသိက္ခာပုဒ်၌။ ယောဇေတဗ္ဗယထာ၊ ကဲ့သို့။ ဝေံတထာ၊ တူ။ သဗ္ဗတ္ထ၊ ပုဒ်ဘို့၌။ ယောဇေတဗ္ဗံ၊ ၏။

**အဗြဟ္မစရိယန္တိ၊** ကား။ အသေဋ္ဌစရိယံ၊ယုတ်သောအကျင့်ကို။ ယောဇနော၊ သည်။ ဗြဟ္မံ သေဋ္ဌံ၊ မြတ်သော။ အာစာရံ၊ ကို။ စရတိ၊ ကျင့်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောဇနော၊ သည်။ **ဗြဟ္မစာရီ၊** မည်၏။ **အနာစာရီ**တိ၊ ကား။ အဗြဟ္မစရိယတော၊ အဗြဟ္မစရိယမှ။ ဒူရစာရီ၊

ဝေးသောအကျင့်ရှိ၏။ **မေထုနသ္မာတိ**၊ ကား။ ရာဂပရိယုဋ္ဌာနဝသေန၊ ရာဂ နှိပ်စက်ခြင်း၏ အစွမ်းအားဖြင့်။ သဒိသတ္တာ၊ တူသည်၏ အဖြစ်ကြောင့်။ မေထုနကာတိ၊ မေထုန်မှီဝဲခြင်းတို့ဟူ၍။ လဒ္ဓဝေါဟာရေဟိ၊ ရအပ်သော ဝေါဟာရ ရှိကုန်သောသူတို့သည်။ ပဋိသေဝိတဗ္ဗတော၊ မှီဝဲအပ်သော ကြောင့်။ မေထုနာတိသင်္ချံ၊ မေထုန်ဟူသောခေါ်ခြင်းသို့။ ဂတာ၊ ရောက် သော။ အသဒ္ဓမ္မာ၊ သူယုတ်တို့၏အကျင့်မှု။ **ဂါမဓမ္မာတိ**၊ ကား။ ဂါမ ဝါသီနံ၊ ရွာ၌နေကုန်သောသူတို့၏။ ဓမ္မာ၊ အကျင့်မှု။

ဂါမဓမ္မာ ဟူသောဤပုဒ်၌ ဂါမသဒ္ဒါသည် ဌာနူပစာရအားဖြင့် ဌာန ဖြစ်သောရွာ၌နေကုန်သော သူတို့ကို ဟော၏ဟု သိစေခြင်းငှာ ဂါမ ဓမ္မာကို ဂါမဝါသီနံ ဓမ္မာဟု ဖွင့်တော်မူသတည်း။ ဂါမာနံ ဓမ္မောဟု တပ္ပုရိသ်ပြု။

**မုသာဝါဒံ ပဟာယာတိဧတ္ထပါဌေ၊** ၌။ မုသာတိ၊ ကား။ ဝိသံဝါဒန ပုရေက္ခာရဿ၊ ချွတ်ယွင်းစေခြင်းငှာ ငဲ့ခြင်းရှိသောသူ၏။ (ဝစီပယောဂေါ ကာယပယောဂေါ၌စပ်)။ အတ္ထဘဉ္ဇနကော၊ သူတပါးတို့၏ *အကျိုး စီးပွားကို ဖျက်တတ်သော။ (ပျက်စေတတ်သောလည်းဟူ)။ ဝစီပယောဂေါ၊ ဝစီဝိညတ်သည်၎င်း။ ကာယပယောဂေါ၊ သည်၎င်း။ မုသာ၊ မည်၏။ ဝိသံဝါဒနာဓိပ္ပါယေန၊ ချွတ်ယွင်းစေလိုသောစိတ်ဖြင့်။ အဿ၊ ထိုချွတ်ယွင်းစေခြင်းကို ငဲ့သောသူ၏။ (စေတနာ၌စပ်)။ ပရဝိသံဝါဒန ကာယဝစီ ပယောဂသမုဋ္ဌာပိကာ၊ သူတပါးကို ချွတ်ယွင်းစေတတ်သော ကာယဝိညတ် ဝစီဝိညတ်ကို ဖြစ်စေတတ်သော စေတနာသည်။ မုသာ ဝါဒေါ၊ မည်၏။

ဤအရာ၌လည်း စေတနာကို မုသာဝါဒဟူ၍ ဆိုခြင်းသည် ဖလူပစာရ တည်း။ ဤရှေးနည်း၌ မုသာဝေ ဝါဒေါ မုသာဝါဒေါဟု အဝဓာရဏ ကမ္မဓာရယ် ပြုသင့်၏။

အပရော၊ သော။ နယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ **မုသာတိ**၊ ကား။ အဘူတံ၊ မဟုတ်သော။ အတစ္ဆံ၊ မမှန်သော။ ဝတ္ထု၊ ဝတ္ထုတည်း။

ဝါဒေါတိ၊ ကား။ တဿ၊ ထိုမဟုတ်မမှန်သော ဝတ္ထုကို။ ဘူတတော၊ အားဖြင့်။ တစ္ဆတော၊ အားဖြင့်။ ဝိညာပနံ၊ သိစေခြင်းတည်း။

ဆရာ- မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သိစေခြင်း သည် မုသာဝါဒမည်၏ဟု ဆရာဆို၏။ ကိုသို့ သိစေခြင်း ပယောဂ သည်ပင်လျှင် သဘောအားဖြင့် မုသာဝါဒ မည်ကြောင်းသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ လက္ခဏတော ပန အစရှိ သော ပါဠိကိုမိန့်သတည်း။ ထိုပါဠိ၏ အနက်ကား-

လက္ခဏတော ပန၊ သဘောလက္ခဏာအားဖြင့်ကား။ အတထံ၊ မဟုတ်မမှန် သော။ ဝတ္ထုံ၊ ကို။ တထတော၊ ဟုတ်မှန်သောအားဖြင့်။ ပရံ၊ သူတပါးကို။ ဝိညာပေတုကာမဿ၊ သိစေခြင်းငှာ အလိုရှိသောသူ၏။ (စေတနာဒွိစပ်)။ တထာဝိညတ္တိသမုဋ္ဌာပိကာ၊ ထိုသို့ သိစေခြင်းကို ဖြစ်စေတတ်သော စေတနာသည်။ မုသာဝါဒေါ၊ မည်၏။ သော မုသာဝါဒေါ၊ သည်။ ယံအတ္ထံ၊ ကို။ ဘဉ္ဇတိ၊ ၏။ တဿ အတ္ထဿ၊ ၏။ အပ္ပတာယ၊ ကြောင့်။ အပ္ပသာဝဇ္ဇော၊ နည်းသောအပြစ်ရှိ၏။ မဟန္တတာယ၊ ကြောင့်။ မဟာ သာဝဇ္ဇော၊ ၏။

ဤသို့ ဥစ္စာဖြစ်သောဝတ္ထုအားဖြင့် အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ အဖြစ် ကို ပြပြီး၍ ဝိသံဝါဒန အလို၏ နည့်သည် ယက်သည်၏ အစွမ်းဖြင့် အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇ အဖြစ်ကို ပြတော်မူလို၍ အပိစ အစရှိသော ပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အနက်ကား-

အပိစ အပရော၊ သော။ နယော၊ ကို။ ပယော၊ သည်။ ဝုတ္တော၊ အံ့။ ဂဟဋ္ဌာနံ၊ လူတို့၏။ (မုသာဝါဒေါဒွိစပ်)။ အတ္တနော၊ ၏။ သန္တကံ၊ ကို။ အဒါတုကာမတာယ၊ မပေးလိုသည်၏ အဖြစ်ကြောင့်။ နတ္ထိ၊ မရှိ။ ဣစ္စာဒိနယပ္ပဝတ္တော၊ ဤသို့ အစရှိသော စကားကို ဆိုခြင်းနည်းဟူသော နည်းဖြင့်ဖြစ်သော။ မုသာဝါဒေါ၊ သည်။ အပ္ပသာဝဇ္ဇော၊ ၏။ သက္ခိနာ၊ သက်သေသည်။ ဟုတွာ၊ ၍။ အတ္ထဘဉ္ဇနတ္ထံ၊ အကျိုးစီးပွားကိုဖျက်ခြင်းငှာ။ ဝုတ္တော၊ ဆိုအပ်သော။ မုသာဝါဒေါ၊ သည်။ မဟာသာဝဇ္ဇော၊ ၏။ ပဗ္ဗဇိတာနံ၊ တို့အား၊ (မုသာဝါဒေါဒွိစပ်)။ အပ္ပကမ္ပိ၊ အနည်းငယ်လည်း

ဖြစ်သော။ တေလံ ဝါ၊ ကိုရင်း။ သပ္ပိံ ဝါ၊ ကိုရင်း။ လဘိတွာ၊ ၍။ ဟသာ
မိပ္ပါယေန၊ ရယ်မြူးလိုသဖြင့်။ အဇ္ဇ၊ ယနေ့။ ဂါမေ၊ ၌။ တေလံ၊ သည်။
နဒီမဉ္ဇေ၊ မြစ်ကဲ့သို့။ သန္ဒတိ၊ စီး၏။ ဣတိ၊ ဤသို့။ ပူရာဏကထာနယေန၊
ရှေးသူဟောင်းတို့ ဆိုသောစကားနည်းဖြင့်။ ပဝတ္တော၊ သော။ မုသာ
ဝါဒေါ၊ သည်။ အပ္ပသာဝဇ္ဇော၊ ၏။ အဒိဋ္ဌယေဝ၊ မမြင်ဘဲကိုလျှင်။ ဒိဋ္ဌ၊
မြင်၏။ ဣတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဝဒန္တာနံ၊ ဆိုကုန်သော
ရဟန်းတို့၏။ မုသာဝါဒေါ၊ သည်။ မဟာသာဝဇ္ဇော၊ ၏။

တသ၊ ထိုမုသာဝါဒ၏။ သမ္ဘာရာ၊ အကြောင်းအင်္ဂါတို့သည်။ အတထံ၊
မဟုတ်မမှန်သော။ ဝတ္ထု၊ ဝတ္ထု။ ဝိသံဝါဒနစိတ္တံ၊ ချွတ်ယွင်းစေလိုသော
စိတ်။ တဇ္ဇော၊ ထိုစိတ်အား လျော်စွာဖြစ်သော။ ဝါယာမော၊ လုံ့လ။
ပရဿ၊ သူတပါး၏။ တဒတ္ထဝိဇာနနံ၊ ထိုစကား၏ အနက်ကို သိခြင်း။
ဣတိ၊ သို့။ စတ္တာရော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ပယောဂေါ၊ သည်။
ဧကော၊ တခုသာတည်း။ သာဟတ္ထိကောဝ၊ သာဟတ္ထိက ပယောဂသာ
တည်း။ (တပါးဟူသည်ကား သာဟတ္ထိကပယောဂ တပါးသာ ဟူလို
သည်)။ သော သာဟတ္ထိက ပယောဂေါ၊ ကို။ ကာယေနဝါ၊ ဖြင့်ရင်း။
ကာယပဋိဗဒ္ဓေနဝါ၊ ကိုယ်နှင့်စပ်သော ဝတ္ထု ဖြင့် ရင်း။ ဝါစာယဝါ၊
နှုတ်ဖြင့်ရင်း။ ပရဝိသံဝါဒန ကြိယာကရဏေ၊ သူတပါးတို့အား ချွတ်ယွင်း
စေခြင်း ကြိယာကိုပြုခြင်း၌။ ဒဋ္ဌဗ္ဗော၊ ရှုအပ်၏။ တာယကြိယာယ၊
ထိုချွတ်ယွင်းစေခြင်းကြိယာဖြင့်။ ပရော၊ သူတပါးသည်။ တမတ္ထံ၊ ထိုအနက်
ကို။ စေဇာနာတိ၊ အံ့။ ကြိယသမုဋ္ဌာပိကာ[၁]၊ ချွတ်ယွင်းစေခြင်း ကြိယာကို
ဖြစ်စေတတ်သော။ အယံစေတနာ၊ သည်။ ခဏေယေဝ၊ မုသားဆိုသော
ခဏ၌သာလျှင်။ မုသာဝါဒကမ္မုနာ၊ မုသာဝါဒကံနှင့်။ ဗဇ္ဈတိ၊ စပ်၏။
(တနည်းကား) အယံစေတနာ၊ ကို။ ခဏေယေဝ၊ ၌လျှင်။ မုသာဝါဒ
ကမ္မုနာ၊ သည်။ ဗဇ္ဈတိ၊ ဖွဲ့အပ်၏။

ယသ္မာ၊ ကြောင့်။ ကာယ ကာယပဋိဗဒ္ဓ ဝါစာဟိ၊ ကိုယ် ကိုယ်နှင့်
စပ်သောဝတ္ထု နှုတ်တို့ဖြင့်။ ပရံ၊ သူတပါးကို။ ဝိသံဝါဒေတိယထာ၊

၁။ ကိရိယာသမုဋ္ဌာပိကာ စေဘာနက္ခဏေယေဝ-ဆဋ္ဌ။

ချွတ်ယွင်းစေသကဲ့သို့။ တထာ၊ တူ။ ဣဒံ၊ ဤစကားကို။ ဣမဿ၊ ဤသူအား။ ဘာသာဟိ၊ ဆိုလေလော။ ဣတိ၊ သို့။ အာဏာပေန္တောပိ၊ စေသော်ရင်း။ ပဏ္ဏံ၊ ကမ္ပည်းကို။ လိခိတွာ၊ ရေး၍။ ပုရတော၊ မှ။ နိဿဇ္ဇန္တောပိ၊ သော်ရင်း။ အယံအတ္ထော၊ ကို။ ဝေ၊ သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဣတိ၊ သို့။ တိရောကုဋ္ဋာဒိသု၊ တံတိုင်း နံရံ စသည် တို့ သည် ခြား ရာ အရပ်တို့၌။ လိခိတွာ၊ ရေး၍။ ဌပေန္တောပိ၊ ထားသော်လည်း။ ပရံ၊ ကို။ ဝိသံဝါဒေတိ၊ ၏။ တသ္မာ၊ ထိုကြောင့်။ ဧတ္ထ၊ ဤမုသာဝါဒအရာ၌။ အာဏတ္တိက နိဿဂ္ဂိယ ထာဝရပယောဂါပိ၊ အာဏတ္တိကပယောဂ နိဿဂ္ဂိယပယောဂ ထာဝရပယောဂတို့သည်လည်း။ ယုဇ္ဇန္တိ၊ သင့်ကုန်၏။ ပနတထာပိ၊ ထိုသို့ သင့်ကုန်သော်လည်း။ အဋ္ဌကထာသု၊ တို့၌။ အနာဂတတ္တာ၊ မလာသည်၏ အဖြစ်ကြောင့်။ ဝီမံသိတွာ၊ စုံစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗာ၊ ကုန်၏။

ယောပုဂ္ဂလော၊ သည်။ သစ္စံ၊ မှန်သောစကားကို။ ဝဒတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သော၊ သည်။ **သစ္စဝါဒီ**၊ မည်၏။ ယောပုဂ္ဂလော၊ သည်။ သစ္စေန၊ မှန်သောစကားနှင့်။ သစ္စံ၊ မှန်သောစကားကို။ သန္ဓဟတိ ဃဋေတိ၊ စပ်စေတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သောပုဂ္ဂလော၊ သည်။ **သစ္စသန္ဓော**၊ မည်၏။ အန္တရန္တရာ၊ အကြားအကြား၌။ မုသာ၊ မဟုတ်မမှန်သောစကားကို။ နဘဏတိ၊ မဆို။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ **ဟိ--ဝိဇ္ဇာရယိဿာမိ**၊ အံ့။ ယောပုရိသော၊ သည်။ ကဒါစိ၊ တရံသောအခါ၌။ မုသာ၊ ကို။ ဝဒတိ၊ ၏။ ကဒါစိ၊ ၌။ သစ္စံ၊ ကို။ ဝဒတိ၊ ၏။ တဿပုရိသဿ၊ ၏။ (သစ္စံမှာ စပ်လေ)။ မုသာဝါဒေန၊ ဖြင့်။ အန္တရိတတ္တာ၊ ခြားသည်၏အဖြစ်ကြောင့်။ (တနည်းကား) မုသာဝါဒေန၊ သည်။ အန္တရိတတ္တာ၊ ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့်။ သစ္စံ၊ မှန်သောစကားသည်။ သစ္စေန၊ နှင့်။ နသန္ဓိယတိ၊ မစပ်။ တသ္မာ၊ ထိုကြောင့်။ သော၊ သည်။ သစ္စသန္ဓော၊ သစ္စသန္ဓမည်သည်။ နဟောတိ၊ မဖြစ်။ အယံပန၊ ဤမြတ်စွာဘုရားသည်ကား။ တာဒိသော၊ ယင်းသို့အကြားအကြား၌ မုသာဝါဒ ခြားသော သဘောရှိသည်။ နဟောတိ၊ မဖြစ်။ ဇီဝိတဟေတုပိ၊ အသက်ကြောင့်လည်း။ မုသာ၊ ချွတ်လွဲသောစကားကို။

အဝတ္ထာ၊ ၍။ သစ္စေန၊ နှင့်။ သစ္စံ၊ ကို။သန္ဒဟတိယေဝ၊စပ်သလျှင်ကတည်း။ ဉာတိအယံ[1]၊ လျှင်။ အတ္ထော၊ တည်း။

**ထေတောတိ၊** ကား။ ထိရော၊တည်ကြည်သောစကားရှိ၏။ထိရကထော၊ ၏။ ဉာတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ **ဟိ - သစ္စံ၊ မှန်၏။** ဧကော၊ အချို့ သော။ ပုဂ္ဂလော၊ သည်။ ဟလိဒ္ဒိရာဂေါဝိယ၊ နနွင်းဖြင့်ဆိုးသကဲ့သို့ရင်း။ ထုသရာသိမှိ၊ ဖွဲ့စု၌။ နိက္ခိတ္တခါဏုကောဝိယ၊ စိုက်သောသစ်ငုတ်ကဲ့သို့ ရင်း။ အဿပိဋ္ဌေ၊ မြင်းကျောက်ကုန်း၌။ ဌပိတကုမ္ဘဏ္ဍံဝိယ၊ ထားအပ် သော ဖရုံသီးကဲ့သို့ရင်း။ ဌိတကထော၊ တည်သောစကားရှိသည်။ နဟော တိ၊ မဖြစ်။ ဧကော၊ သော။ ပုဂ္ဂလော၊ သည်။ ပါသာဏလေခါဝိယ၊ ကျောက်ဖျာ၌ရေးသကဲ့သို့ရင်း။ (ကျောက်စာကဲ့သို့ရင်း လည်းဟူ)။ ဣန္ဒခိလောဝိယ၊ တံခါးတိုင်ကဲ့သို့ရင်း။ ဌိတကထော၊ တည်သောစကားရှိ သည်။ ဟောတိ၊ ၏။ အသိနာ၊ သန်လျက်ဖြင့်။ သီသေ၊ ကို။ ဆိန္ဒန္တေပိ၊ ဖြတ်သော်လည်း။ ဒွေကထာ၊ နှစ်ခွစကားတို့ကို။ နကထေတိ၊ မဆို။ အယံ ပုဂ္ဂလော၊ ကို။ ထေတောတိ၊ တည်ကြည်သောစကားရှိ၏ဟူ၍။ ဝုစ္စတိ၊ ၏။

**ပစ္စယိကောတိ၊** ကား။ ပတ္တိယာယိတဗ္ဗကော[2]၊ ယုံကြည်လောက်သော စကားရှိ၏။ သဒ္ဒါယိတဗ္ဗကော၊ ယုံကြည်လောက်သောစကားရှိ၏။ ဉာတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။ **ဟိ - ဝိတ္ထာရယိဿာမိ၊ အံ့။** ကေစ္စော၊ အချို့ သော။ ပုဂ္ဂလော၊ သည်။ ပစ္စယိကော၊ ယုံကြည်လောက်သော စကားရှိ သည်။ နဟောတိ၊ မဖြစ်။ ဉာဒံဝစနံ၊ ကို။ ကေန၊ အသူသည်။ ဝုတ္တံ၊ နည်း။ အသုကေန၊ ဤမည်သောသူသည်။ ဝုတ္တံ၊ ၏။ ဉာတိ၊ ဤသို့။ ဝုတ္တေ၊ သော်။ တဿ၊ ထိုသူ၏။ ဝစနံ၊ ကို။ မာ သဒ္ဒဟထ၊ မယုံလင့်ကုန်။ ဉာတိ၊ ဤသို့။ ဝတ္တဗ္ဗတံ၊ ဆိုအပ်သည်၏အဖြစ်သို့။ အာပဇ္ဇတိ၊ ၏။ ဧကော၊ အချို့သော။ ပုဂ္ဂလော၊ သည်။ ပစ္စယိကော၊ သည်။ ဟောတိ၊ ၏။ပ။တေန၊ ထိုသူသည်။

၁။ သန္ဓဟတိယေဝါတိ သစ္စသန္ဓော-ဆဋ္ဌ။ ဉာတိ၊ ကြောင့်။ သစ္စသန္ဓော'မည်၏-ဟု အနက်ပေး။

၂။ ပတိအ့ယိတဗ္ဗကော-သီ၊ ပဋ္ဌိယာယိတဗ္ဗကော-ဿျာ။

ယဒိဝုတ္တံ၊ အံ့။ ဣဒမေဝ၊ ဤသူဆိုသောစကားသည်လျှင်။ ပမာဏံ၊ တည်း။ ဣဒါနိ၊ ဌ။ ဥပပရိက္ခိတဗ္ဗံ၊ စုံစမ်းဆင်ခြင်ဘွယ်သည်။ နတ္ထိ၊ မရှိ။ ဣဒံဝစနံ၊ သည်။ ဝေမေဝ၊ ဤသူဆိုတိုင်းလျှင်တည်း။ ဣတိ၊ သို့။ ဝတ္တဗ္ဗတံ၊ သို့။ အာပဇ္ဇတိ၊ ၏။ အယံပုဂ္ဂလော၊ ကို။ ပစ္စယိကောတိ၊ ယုံကြည်လောက်သောစကားရှိ၏ဟူ၍။ဝုစ္စတိ၊ ၏။ **အဝိသံဝါဒကောလောကဿာတိ၊** ကား။ တာယ သစ္စဝါဒိတာယ၊ ထိုသို့ မှန်သောစကားရှိသည်၏ အဖြစ်ကြောင့်။ လောကံ၊ လူအပေါင်းကို။ နဝိသံဝါဒေတိ၊ မချွတ်မယွင်းစေ။ ဣတိ၊ လျှင်။ အတ္ထော၊ တည်း။

**ပီသုဏံ ဝါစံ ပဟာယာတိ** အာဒီသု၊ တို့၌။ ယာယ ဝါစာယ၊ ဖြင့်။ ယဿပုဂ္ဂလဿ၊ အား။ တံဝါစံ ၊ထိုပိသုဏဝါစာကို။ ဘာသတိ၊ ၏။ တဿ ပုဂ္ဂလဿ၊ ၏။ ဟဒယေ၊ ၌။ အတ္တနော၊ အား။ ပိယဘာဝံ၊ ချစ်သည်၏ အဖြစ်ကို။ ပရဿစ၊ အားလည်း။ သုညဘာဝံ၊ အချစ်ပျက်သည်၏အဖြစ်ကို။ ကရောတိ၊ ၏။ သာဝါစာ၊ သည်။ ပိသုဏဝါစာ၊ မည်၏။

ယာယပန ဝါစာယ၊ ဖြင့်ကား။ အတ္တာနမ္ပိ၊ မိမိကိုရင်း။ ပရမ္ပိ၊ သူတပါးကိုရင်း။ ဖရုသံ၊ ကြမ်းတန်းသည်ကို။ ကရောတိ၊ ၏။

စကားသံကိုကြား၍ ဤသူကား ကြမ်းတန်း၏ဟု သူတပါးသိသောကြောင့် ဒေါသမူစိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော သဒ္ဒဝါစာသည် မိမိကိုလည်း ကြမ်းတန်းသည်၏အဖြစ်ကို ပြုသည် မည်၏။ မိမိက သူတပါးကို ဒေါသစိတ်ဖြင့် ပြင်းစွာဆိုသောကြောင့် သူတပါးက ဒေါသစိတ်ဖြင့် မိမိကိုပြန်၍ ပြင်းစွာဆိုသောအခါ သူတပါးကိုလည်း ကြမ်းတန်းသည်ကို ပြုသည် မည်၏။ ဤယာယပန အတ္တာနမ္ပိပရမ္ပိ ဖရုသံဟူသော ပါဠ်ကို သဒ္ဒဝါစာ၏ မုချအားဖြင့် ကြမ်းတန်းသည်၏အဖြစ်သည် မရှိ၊ ကြမ်းတန်းခြင်း၏အကြောင်းသာ ဖြစ်သည်၏အဖြစ်ကြောင့် ဖလူပစာရအားဖြင့် ဆိုသတည်း။

ယာဝါစာ၊ သည်။ သယံပိ၊ သည်လည်း။ ဖရုသာ၊ ၏။ နေဝကဏ္ဏသုခါ၊ နားဌမချမ်းသာ။ န ဟဒယသုခါ ¹၊ နှလုံး၌မချမ်းသာ။ အယံဝါစာ၊ သည်။ **ဖရုသာဝါစာ၊** မည်၏။

---

၁။ ဟဒယင်္ဂမ -ဘုံ။ နိဿယသ ရေတော်ကား သျှာမှုသို့ လိုက်သေသည်။

ယေန အဘိလာပေန၊ အကြင်စကားဖြင့်။သမ္မံ နိရုတ္တကံ၊ အကျိုးမရှိ သည်ကို။ ပလပတိ၊ ပြောဟော၏။ သော အဘိလာပေါ၊ သည်။ သမ္ဖပ္ပလာပေါ၊ မည်၏။

တေသံ၊ ထိုဖရုသဝါစာ သမ္ဖပ္ပလာပတို့၏။ မူလဘူတာ၊ အကြောင်းရင်း ဖြစ်၍ဖြစ်သော။ စေတနာပိ၊ သည်လည်း။ ပိသုဏဝါစာဒိနာမမေဝ၊ ပိသု ဏဝါစာအစရှိသော အမည်ကိုသာလျှင်။ လဘတိ၊ ရ၏။ သာဧဝ၊ ထို စေတနာကိုသာလျှင်။ ဣဓ၊ ဤအရာ၌။ အဓိပ္ပေတာ၊ ၏။ (ဣတိသဒ္ဒါကား ပရိသမာပနတည်း)။

တတ္ထ၊ ထိုပိသုဏဝါစာ သမ္ဖပ္ပလာပတို့၌။ သံကိလိဋ္ဌစိတ္တဿ၊ ညစ်ညူး သောစိတ်ရှိသော။ ပုဂ္ဂလဿ၊ ၏။ (စေတနာ၌စပ်)။ ပရေသံ၊ တို့၏။ ဘေဒါယဝါ၊ အချစ်ပျက်ခြင်းငှာရင်း။ အတ္တနော၊ ၏။ ပိယကမျတာယဝါ၊ ချစ်စေလိုသည်၏ အဖြစ်ငှာရင်း။ ကာယ ဝစီပယောဂ သမုဋ္ဌာပိကာ၊ သော။ စေတနာ၊ သည်။ ပိသုဏဝါစာ၊ မည်၏။ သာ၊ ထိုပိသုဏဝါစာ သည်။ ယဿ၊ ၏။ ဘေဒံ၊ အချစ်ပျက်ခြင်းကို။ ကရောတိ၊ ၏။ တဿ၊ ၏ ။ပ။

တဿ၊ ၏။ သမ္ဘာရာ၊ တို့သည်။ ဘိန္ဒိတဗ္ဗော၊ ဖျက်အပ်သော။ ပရော၊ သူတပါးရင်း။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ ဣမေ၊ ဤသူတို့သည်။ နာနာ၊ အသီးအသီး။ ဘဝိဿန္တိ၊ ကုန်လတ္တံ့။ ဝိနာ၊ ကွေ ကွင်း ကုန် သည်။ ဘဝိဿန္တိ၊ ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဘေဒပုရေက္ခာရတာဝါ၊ အချစ် ပျက်ခြင်းကို ရှေ့ရှုသည်၏အဖြစ်ရင်း။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ အဟံ၊ ကို။ ပိယော၊ ချစ်အပ်သည်။ ဘဝိဿာမိ၊ လတ္တံ့။ ဝိဿာသိကော၊ အကျွမ်း ဝင်သည်။ ဘဝိဿာမိ၊ အံ့။ ဣတိ၊ ဤသို့။ ပိယကမျတာဝါ၊ မိမိကိုချစ်စေ လိုသည်၏အဖြစ်ရင်း။ တဇ္ဇော၊ ထိုအချစ်ပျက်ခြင်းအား လျော်ကပ်ပတ် သော။ ဝါယာမော၊ ရင်း။ တဿ၊ ထိုဖျက်အပ်သောသူ၏။ တဒတ္ထဝိဇာ နနံ၊ ထိုစကား၏အနက်ကိုသိခြင်းရင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

ဘေဒပုရေက္ခာရတာ ဖြစ်ခိုက် ပိယကမျတာမဖြစ်။ ပိယကမျတာ ဖြစ်ခိုက် ဘေဒပုရေက္ခာရတာမဖြစ်၊ အသီးအသီးသာ ဖြစ်သောကြောင့်

ဘောဒ္ဓပုရေက္ခာရတာ ပိယကမျတာ ဤနှစ်ပါးကို သမ္ဘာရ တပါးသော ပြုလုပ်၍ယူပါ။

**ဣဓပေဿ ဘောဒ္ဓါယာ**တိ၊ ကား။ဣဓတော၊ဤသူတယောက်အထံမှ။ဝုတ္တာနံ၊ ဆိုအပ်ကုန်သော။ ဝစနာနံ၊ တို့ကို။ ဝတ္တာရာနံ၊ ဆိုကုန်သော။ ယေသံ၊ အကြင်သူတို့၏။ သန္တိကေ၊ ၌။ ဝစနံ၊ ကို။ သုတံ၊ ၏။ တေသံ၊ ထိုသူတို့ကို။ ဘေဒါယ၊ အသီးအသီးဖြစ်ခြင်းငှာ။**ဘိန္နာနံဝါ သန္ဓာတာ**တိ၊ကား။ကေနစိဒေဝ၊ တစုံတခုသောလျှင် ဖြစ်သော။ ကာရဏေန၊ ကြောင့်။ ဘိန္နာနံ၊ အသီးအသီးဖြစ်ကုန်သော။ဒွိန္နံ ပိတ္တာနံဝါ၊ နှစ်ယောက်သောအဆွေခင်ပွန်းတို့တွင်ရင်း။ သမာနုပဇ္ဈာယကာဒီနံဝါ၊ တူသော ဥပဇ္ဈာယ်ရှိကုန်သောရဟန်းအစရှိသော သူတို့တွင်ရင်း။ ဧကမေကံ၊ တယောက်တယောက်သို့။ ဥပသင်္ကမိတွာ၊ ၍။ ဤဒိသေ၊ ဤသို့သဘောရှိသော။ ကုလေ၊ ကောင်းသောအမျိုး၌။ ဇာတာနံ၊ ကုန်သော။ ဧဝံ၊ ဤသို့။ ဗဟုဿုတာနံ၊ များသောအကြားအမြင်ရှိကုန်သော။ တုမှာကံ၊ တို့အား။ ဣဒံ၊ ဤအမှုသည်။ နယုတ္တံ၊ မသင့်။ ဣတိအာဒီနိ၊ ဤသို့အစရှိကုန်သော စကားတို့ကို။ ဝတွာ၊ ၍။ သန္ဓာနံ၊ စေ့စပ်ခြင်းကို။ ကတ္တာအနုကတ္တာ၊ အစဉ်ပြုတတ်၏။ **အနုပ္ပဒါတာ**တိ၊ ကား။ သန္ဓာနာနုပ္ပဒါတာ၊ စေ့စပ်ခြင်းကို တဖန်ပေးတတ်၏။ (တဖန်စေ့စပ်ခြင်းကိုပေးတတ်၏လည်းဟူ)။ ဒွေဇနေ၊ တို့ကို။ သမဂ္ဂေ၊ ညီညွတ်သည်တို့ကို။ ဒိသွာ၊ ၍။ ဧဝရူပေ၊ သော။ ကုလေ၊ ၌။ ဇာတာနံ၊ ကုန်ထသော။ ဧဝရူပေဟိ၊ ကုန်သော။ ဂုဏေဟိ၊ တို့နှင့်။ သမန္နာဂတာနံ၊ ကုန်ထသော။ တုမှာကံ၊ တို့အား။ ဧတံ၊ ဤညီညွတ်ခြင်းအမှုသည်။ အနုစ္ဆဝိကံ၊ လျောက်ပတ်၏။ ဣတိအာဒီနိ၊ တို့ကို။ ဝတွာ၊ ၍။ ဒဠှီကမ္မံ၊ မြဲမြံသောအမှုကို။ ကတ္တာ ၊၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ ယဿ ပုဂ္ဂလဿ၊ အား။ သမဂ္ဂေါ၊ ညီညွတ်သော။ အာရာမော၊ မွေ့လျော်ရာသည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သောပုဂ္ဂလော၊ သည်။ သမဂ္ဂါရာမော၊ ၏။ (ဗဟုဗ္ဗိဟိ)။ ယတ္ထ၊ အကြင်အရပ်၌။ သမဂ္ဂါ၊ ညီညွတ်ကုန်သည်။ (ညီညွတ်ခြင်းတို့သည်လည်းဟူ)။ နတ္ထိ နသန္တိ၊ ကုန်။ တတ္ထ၊ ၌။ ဝသိတုံပိ၊ ငှာလည်း။ န ဣစ္ဆတိ၊ မရှိ။ ဣတိ၊ လျှင်။ အတ္ထော၊ တည်း။ သမဂ္ဂါရာမောတိပိ၊ဟူ၍လည်း။ ပါဠိ၊ သည်။ အတ္ထိ၊ ၏။ ဧတ္ထ၊ ဤပါဠိ၌။ အယမေဝအတ္ထော၊ ဤ

ဆိုအပ်သောအနက်ပင်တည်း။ **သမဂ္ဂရတောတိ၊ ကား**။ သမဂ္ဂေ၊ ညီညွတ်ရာ ၌။ ရတော၊ မွေ့လျော်တတ်၏။

သမဂ္ဂရတောကို သမဂ္ဂေ ရတော သမဂ္ဂရတော ဟု သတ္တမီ တပ္ပုရိသ် ပြု၊ သမဂ္ဂါရာမောကဲ့သို့ ဗဟုဗ္ဗိဟိ မပြုလေလင့် ဟူလိုသည်။

တေ၊ ထိုညီညွတ်သောသူတို့ကို။ ပဟာယ၊ ၍။ အညတ္ထ၊ တပါးသောအရပ် သို့။ ဂန္တုမ္ပိ၊ ငှာလည်း။နစ္ဆတိ၊အလိုမရှိ။ဣတိအယံ၊လျှင်။အတ္ထော၊တည်း။ ယောပုဂ္ဂလော၊ သည်။ သမဂ္ဂေ၊ ညီညွတ်သောသူတို့ကို။ ဒိသွာပိ၊ ၍ရင်း။ သုတွာပိ၊ ၍ရင်း။ နန္ဒတိ၊၏။ ဣတိတသ္မာ၊ ကြောင့်။ သောပုဂ္ဂလော၊သည်။ **သမဂ္ဂနန္ဒီ၊ မည်၏။ သမဂ္ဂကရဏိံ ဝါစံ ဘာသိတာတိ၊ ကား**။ ယာဝါစာ၊ သည်။ သတ္တေ၊ တို့ကို။ သမဂ္ဂေယေဝ၊ ညီညွတ်သည်တို့ကိုသာလျှင်။ ကရောတိ၊ ၏။ သမဂ္ဂဂုဏပရိဒီပကံယေဝ၊ ညီညွတ်သောဂုဏ်ကိုပြတတ် သည်သာလျှင်ဖြစ်သော။ တံဝါစံ၊ ကို။ ဘာသတိ၊ ၏။ ဣတရံ၊ ညီညွတ် သည်ကို မပြတတ်သောစကားကို။ န ဘာသတိ၊ မဆို။ (ဣတိကား ပရိ သမာပနတည်း)။

ပရုသ၊ သူတပါး၏။ မမ္မစ္ဆေဒကကာယဝစီပယောဂ သမုဋ္ဌာပိကာ၊ ကြမ်းကန်းခြင်းကို ပြုတတ်သော ကာယဝိညတ် ဝစီဝိညတ်ကို ဖြစ်စေတတ် သော။ ဧကန္တ ဖရုသစေတနာ၊ စင်စစ် ကြမ်းတန်းသော စေတနာသည်။ ဖရုသဝါစာ၊ မည်၏။

ဇဝိပယောဂပင် ကြမ်းသော်လည်း စိတ်မကြမ်းလျှင် ဖရုသဝါစာမဖြစ်၊ စိတ်စေတနာ ကြမ်းမှသာဖြစ်၏ဟု သိစေခြင်းငှာ သမုဋ္ဌာပိကာ စေတနာမျှသာ မဆိုမူ၍ ဧကန္တဖရုသစေတနာဟု အဋ္ဌကထာဆရာ ဆိုတော်မူသတည်း။

ထိုသို့ ဝစီပယောဂကြမ်းသော်လည်း စိတ်သိမ်မွေ့သောကြောင့် ဖရုသ ဝါစာမဖြစ်သည်၏အဖြစ်ကို ထင်စွာပြခြင်းငှာ တဿာ အာဝိဘာဝတ္ထ မိဒံ ဝတ္ထု စသည်ကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား -

တဿာ၊ ထိုသို့ စေတနာမကြမ်းသောကြောင့် ဖရုသဝါစာ မဖြစ်ခြင်းကို။ အာဝိဘာဝတ္ထံ၊ ထင်ရှားစွာပြခြင်းငှာ။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဝတ္ထု၊

တည်း။ ဧကော၊ သော။ ဒါရကော၊ သည်။ မာတု၊ ၏။ ဝစနံ၊ ကို။ အနာဒိ
ယိတွာ၊ မယူမူ၍။ အရညံ၊ သို့။ ဂစ္ဆတိကိရ၊ သွားသတတ်။ တံ၊ လိုသူငယ်
ကို။ မာတာ၊ သည်။ နိဝတ္တေတုံ၊ နစ်စေခြင်းငှာ။ အသက္ကောန္တီ၊ မတတ်နိုင်
သည်ဖြစ်၍။ တံ၊ သင့်ကို။ ဧကော၊ ကြွမ်းသော။ မဟိံသိ၊ ကျွဲမသည်။ အနု
ဗန္ဓတု၊ လိုက်စေသတည်း။ ဣတိ၊ ဤသို့။ အက္ကောသိ၊ ကျိန်ဆဲ၏။ အထ၊ ၌။
အဿ၊ ထိုသူငယ်အား။ တထေဝ၊ ထိုအမိကျိန်တိုင်းသာလျှင်။ အရညေ၊ ၌။
မဟိံသိ၊ သည်။ ဥဋ္ဌာသိ၊ ၏။ ဒါရကော၊ သည်။ မမ၊ ၏။ မာတာ၊ သည်။
ယံဝစနံ၊ ကို။ မုခေန၊ ခံတွင်းဖြင့်။ ကထေသိ၏။တံဝစနံ၊သည်။မာဟောတု၊
မဖြစ်စေသတည်း။ ယံ၊ အကြင်အကြံကို။ စိတ္တေန၊ ဖြင့်။ စိန္တေသိ၊ ၏။
တံစိန္တနံ၊ သည်။ ဟောတု၊ တည်း။ ဣတိ၊ ဤသို့။ သစ္စကြိယံ၊ ကို။အကာသိ၊
ပြု၏။ မဟိံသိ၊ သည်။ တတ္ထေဝ၊ ထိုထရာ အရပ်၌သာလျှင်။ ဗန္ဓာဝိယ၊
ဖွဲ့သကဲ့သို့။ အဋ္ဌာသိ၊ ရပ်၏။ ဧဝံ၊ ဤသို့။ မမ္မဇ္ဈဒေကော၊ ကြွမ်းတန်း
သော။ ပယောဂေပိ၊ ဝစီပယောဂသည်လည်း။ စိတ္တသဏ္ဍာတာယ၊ စိတ်
သိမ်မွေ့သည်၏အဖြစ်ကြောင့်။ ဖရုသဝါစာ၊ သည်။ နဟောတိ၊ မဖြစ်။
**ဟိ-တဒေဝ ယုတ္တံ၊ ၏။** မာတာ ပိတရော၊ တို့သည်။ ကဒါစိ၊ တရံတခါ၌။
ပုတ္တကေ၊ သားငယ်တို့ကို။ ဇတ၊ သင်အား။ စောရာ၊ တို့သည်။ ခဏ္ဍာခဏ္ဍံ၊
အပိုင်းပိုင်း။ ကရောန္တု၊ ပြုလေစေကုန်သတည်း။ ဣတိဝေံ၊ သို့။ ဝဒန္တိ၊
ကုန်၏။ နေသံ၊ ယိုသားငယ်တို့၏။ ဥပရိ၊ ထိပ်ထက်၌။ဥပ္ပလမတ္တမ္ပိ၊ကြာရွက်
မျှလည်း။ ပတန္တံ၊ ကျသည်ကို။ န ဣစ္ဆန္တိ၊ ကုန်။ အာစရိယုပဇ္ဈာယာစ၊
တို့သည်လည်း။ ကဒါစိ၊ ၌။ နိဿိတကေ၊ တပည့်တို့ကို။ ဣမေ၊ ဤသူတို့
သည်။ အဟိရိကာ၊ အယှက် မရှိကုန်သည်ဖြစ်၍။ အနောတ္တပ္ပိနော၊
မကောင်းမှုမှ မကြောက်မရွံ့ကုန်သည်ဖြစ်၍။ စရန္တိ၊ သွားကုန်၏။ နေ၊
ထိုသူတို့ကို။ နိဒ္ဓရထ၊ နှင်ထုတ်ကုန်လော။ ဣတိဝေံ၊ ဤသို့။ ဝဒန္တိ၊ ကုန်၏။
အပိစ၊ ယိုသို့ဆိုကုန်သော်လည်း။ နေသံ၊ ထိုတပည့်တို့၏။ အာဂမာဓိဂမ
သမ္ပတ္တိံ၊ ပရိယတ်၏ပြည့်စုံခြင်း ပဋိပတ်၏ပြည့်စုံခြင်းကို။ ဣစ္ဆန္တိ၊ ကုန်၏။
စိတ္တသဏ္ဍာတာယ၊ ကြောင့်။ ဖရုသဝါစာ၊ သည်။ န ဟောတိ ယထာ၊ သို့။
ဧဝံတထာ၊ တူ။ ဝစနသဏ္ဍာတာယ၊ စကားသိမ်မွေ့သည်၏အဖြစ်ကြောင့်။
အဖရုသဝါစာ၊ ဖရုသဝါစာမဟုတ်သည်။ နဟောတိ၊ မဖြစ်။

ဤဥပမာကား အသဒိသူပမာတည်း။ ဤအရာ၌ ဝစနသဏ္ဍာတာယ ဖရုသဝါစာ နဟောတိဟု ပါဌ်ရှိကြ၏။ မသင့်။ ဒဖရုသဝါစာဟု ရှိမှသာ သင့်သည်။

စကားသိမ်မွေ့သော်လည်း စိတ်ကြမ်းက ဖရုသဝါစာဖြစ်၏ဟု ဆရာ ဆိုပြီ။ ထိုသို့ ဖြစ်သည်၏အဖြစ်ကို အဘယ်သို့သော သဘောဖြင့် သိရပါအံ့နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ (နဟိမာရာပေတု စသည်ကို မိန့်သတည်း)။ ထိုပါဌ်၏အဋ္ဌကား-

ဟိ-တဒေဝ ယုတ္တံ၊ ၏။ မာရာပေတုကာမဿ၊ သတ်ခြင်းငှာ အလိုရှိသော သူအား။ ဣမံ၊ ဤသူကို။ သုခံ၊ ချမ်းသာစွာ။ သယာပေထ၊ အိပ်စေကုန်လော။ ဣတိဝစနံ၊ ဤသို့ဆိုခြင်းသည်။ အဖရုသဝါစာ၊ ဖရုသဝါစာမဟုတ်သည်။ န ဟောတိ၊ မဖြစ်။ စိတ္တဖရုသတာယပန၊ ကြောင့်ကား။ သောဝါစာ၊ သည်။ ဖရုသဝါစာ၊ သည်သာလျှင်။ ဟောတိ၊ ၏။ သာဖရုသဝါစာ၊ ကို။ (ပဝတ္တိတာ၌စပ်)။ ယံ၊ အကြင်သူကို။ သန္ဓာယ၊ ရည်၍။ ပဝတ္တိတာ၊ ဖြစ်စေအပ်၏။ တဿ၊ ထိုသူ၏။ ပ။ တဿာ၊ ထိုဖရုသဝါစာ၏။ သမ္မုခါရော၊ တို့သည်။ အက္ကောသိတဗ္ဗော၊ ဆဲရေးအပ်သော။ ပရော၊ သူတပါး။ ကုပိတစိတ္တံ၊ ဒေါသနှင့်ယှဉ်သောစိတ်။ အက္ကောသနာ၊ ဆဲရေးခြင်း။ ဣတိ၊ ဤသို့။ တယော၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

နေလာတိတွေပဒေ၊ ၌။ ဒေါသော၊ အပြစ်ကို။ လေံ၊ လေဟူ၍။ ဝုစ္စတိ၊ ၏။ အဿာဝါစာယ၊ အား။ လေံ၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ သာဝါစာ၊ သည်။ နေလာ၊ မည်၏။ နိဒ္ဒေါသာ၊ အပြစ်မရှိသော စကား။ ဣတိအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ ကိမ္ပိဝိယ၊ အဘယ်ပါဌ်၌ကဲ့သို့ နည်းဟူမူကား။ နေလင်္ဂေါ သေတပစ္ဆာဒေါတိတွေပါဌ်ေ၊ ၌။ ဝုတ္တာနေလံ ဝိယ၊ ဆိုအပ်သော နေလသဒ္ဒါကဲ့သို့တည်း။ ရမထာ၊ သည်။ နေလင်္ဂေါ၊ ရှိ၏။ သေတပစ္ဆာဒေါ၊ ဖြူစင်စွာသောအမိုးရှိ၏။ (မုတ္တာသီလံဝိယဟု ပါဌ် အချို့ရှိ၏။ ပမာဒလေခ)။ ကဏ္ဏသုခါတိ၊ ကား။ ဗျဉ္ဇနမဓုရတာယ၊ သဒ္ဒါ ပြေပြစ်သည်၏အဖြစ်ကြောင့်။ ကဏ္ဏာနံ၊ နားတို့အား။ သုခါ၊ ချမ်းသာ၏။ သူစိဝိဇ္ဈနံဝိယ၊ တံကျင်လျှိုသကဲ့သို့။ ကဏ္ဏသူလံ၊ နား၏တံကျင်ကို။ နဇနေ

တိ၊ မဖြစ်စေတတ်။ ယာဝ ါစာ၊ သည်။ အတ္ထမဓုရတာယ၊ အနက်သာယာသည့်၏အဖြစ်ကြောင့်။ သကလသရီရေ၊ အလုံးစုံသောကိုယ်၌။ ကောပ်၊ အမျက်ကို။ (ခေါပံဟူ၍လည်းရှိ၏။ ခေါဘံ၊ ချောက်ခြားခြင်းကို)။ အဇနေတွာ၊ ပဖြစ်စေမူ၍။ ပေမံ၊ ချစ်ခြင်းကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ သာဝ ါစာ၊ သည်။ ပေမနီယာ၊ မည်၏။ (ပေမံ ဇနေတိတိ ပေမနီယာဟု ဇနေတိတဒ္ဓိတ်ပြုလေ)။ ယာဝ ါစာ၊ သည်။ ဟဒယံ၊ စိတ်ကို။ အပ္ပဋိဟညမာနာ၊ မညှဥ်းဆဲသည်ဖြစ်၍။ သုခေန၊ ဖြင့်။ စိတ္တံ၊ သို့။ ဂစ္ဆတိ ပဝိသတိ၊ ဝင်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သာဝ ါစာ၊ သည်။ ဟဒယင်္ဂမာ၊ မည်၏။ ယာဝ ါစာ၊ သည်။ ဂုဏပရိပုဏ္ဏတာယ၊ ဂုဏ်နှင့်ပြည့်စုံသည်၏အဖြစ်ကြောင့်။ ပုရေ၊ ပြည်ကြီး၌။ ဘဝါ၊ ဖြစ်သည်တည်း။ ဣတိတသ္မာ၊ ကြောင့်။ သာဝ ါစာ၊ ထိုစကားသည်။ ပေါရီ၊ မည်၏။ (ပုရေ ဘဝါ ပေါရီဟု ဘဝတဒ္ဓိတ်ပြု)။ ပုရေ၊ ပြည်ကြီး၌။ သံဝဍ္ဎနာရီ၊ ကြီးပြင်းအစရှိသည်ကို ပြုသောသူသည်။ သုကုမာရာဝိယ၊ အလွန်သိမ်မွေ့သကဲ့သို့။ ယာဝ ါစာ၊ သည်။ သုကုမာရာ၊ အလွန်သိမ်မွေ့သည်။ ဟောတိ၊ ၏။ ဣတိတသ္မာပိ၊ ကြောင့်လည်း။ သာဝ ါစာ၊ သည်။ ပေါရီ၊ ပေါရီမည်၏။

ပုရေ ဇာတာတိ ပုရော။ ယောဇနော၊ သည်။ ပုရေ၊ ပြည်ကြီး၌။ ဇာတော၊ တည်း။ ဣတိတသ္မာ၊ ကြောင့်။ သောဇနော၊ သည်။ ပုရော၊ မည်၏။ ဤသို့ ဇာတတဒ္ဓိတ်ပြုပြီးမှ ပုရော ဝိယာတိ ပေါရီဟူ ဥပမာ တဒ္ဓိတ်ပြု။ ယာဝ ါစာ၊ သည်။ ပုရောဝိယ၊ ပြည်ကြီးသူကဲ့သို့။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သာဝ ါစာ၊ သည်။ ပေါရီ၊ မည်၏။ အရ ကား ပြည်ကြီးသူကဲ့သို့ သိမ်မွေ့နူးညံ့သောစကားရ၏။

ယာဝ ါစာ၊ သည်။ ပုရဿ၊ ပြည်ကြီး၌နေသောသူ၏။ သော၊ စကား တည်း။ ဣတိတသ္မာ၊ ကြောင့်လည်း။ သာဝ ါစာ၊ သည်။ ပေါရီ၊ မည်၏။ (သောတဒ္ဓိတ်ပြု)။ နဂရဝါသီနံ၊ ပြည်ကြီး၌ နေသောသူတို့၏။ ကထာ၊ စကား။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

ပြည်ကြီး၌နေသောသူတို့၏ စကားဟု ဆရာဆိုပြီ၊ ပြည်ကြီး၌နေသော သူတို့သည် အဘယ်သို့သောစကားရှိကုန်သနည်းဟု သူ မေး ဘွယ် ရှိ ၍

ထိုအမေးကို ဖြေခြင်းငှာ နဂရဝါသိနော ဟိ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ဟိ-ဝိတ္ထာရယိဿာမိ၊ အံ့။ နဂရဝါသိနော၊ တို့သည်။ ယုတ္တကထာ၊လျောက်ပတ်သောစကားရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပိတိမတ္တံ၊ အဘမျှလောက်သောသူကို။ ပိတာတိ၊ အဘဟူ၍။ ဝဒန္တိ၊ ကုန်၏။ ဘာတိမတ္တံ၊ အစ်ကိုမျှလောက်သောသူကို။ ဘာတာတိ၊ အစ်ကိုဟူ၍။ ဝဒန္တိ၊ ကုန်၏။ မာတိမတ္တံ၊ ကို။ မာတာတိ၊ ဟူ၍။ ဝဒန္တိ၊ ကုန်၏။ ဧဝရူပိ၊ ဤသို့သဘောရှိသော။ ကထာ၊ ကို။ ဗဟုဇနဿ၊ များစွာသောလူသည်။ ကန္တာ၊ နှစ်လိုအပ်သည်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ ဗဟုဇနကန္တာ၊ မည်၏။ (ဗဟုဇနေဟိ ကာမိယတိတိဗဟုဇနကန္တာဟု ကမ္မသာဓနပြုလေ)။ ကန္တ ဘာ ဝေ နေ ဝ၊ နှစ်လိုအပ်သည်၏ အဖြစ်ကြောင့်လျှင်။ ဗဟုနော၊ များစွာသော။ ဇနဿ၊ ၏။ မနာပါ စိတ္တဝုဒ္ဓိကရာ၊ စိတ်၏ပွားခြင်းကိုပြုတတ်သည်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ ဗဟုဇနမနာပါ၊ မည်၏။

ဗဟုဇနာနံ မနံ အာပေတိတိ ဗဟုဇနမနာပါဟု ဟေတုကတ္တုသာဓနပြု။ ယာဝါစာ၊ သည်။ ဗဟုဇနာနံ၊ တို့၏။ မနံ၊ စိတ်ကို။ အာပေတိ ဝဍ္ဎေတိ၊ ပွားတတ်စေ၏။ ဣတိတသ္မာ၊ ကြောင့်။ သာဝါစာ၊ သည်။ ဗဟုဇနမနာပါ၊ မည်၏။

သမ္ဖံ နိရတ္ထကံ ပလပတိတိ သမ္ဖပ္ပလာပေါ ဟူသောဝစနတ္ထကြောင့် သမ္ဖပ္ပလာပမည်၏ဟု ဆရာဆိုပြီ၊ထိုသို့သောဝစနတ္ထကြောင့် ဝစီဘေဒသဒ္ဒါသည်ပင် သမ္ဖပ္ပလာပမည်သလော ဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အနတ္ထဝိညာပိကာ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

အနတ္ထဝိညာပိကာ၊ အကျိုးမဲ့ကိုသိစေတတ်သော။ ကာယဝစီပယောဂသမုဋ္ဌာပိကာ၊ ကာယဝိညတ် ဝစီဝိညတ်တို့ကို ဖြစ်စေတတ်သော။ အကုသလစေတနာ၊သည်။သမ္ဖပ္ပလာပေါ၊မည်၏။ သောသမ္ဖပ္ပလာပေါ၊ သည်။ အာသေဝန မန္ဒတာယ၊ မှီဝဲခြင်းနည်းသည်၏ အဖြစ်ကြောင့်။ပ။ ဘာရတယုဒ္ဓသီတာဟရဏာဒိ နိရတ္ထကကထာ ပုရေက္ခာရတာစ၊ ဘာရတမင်းတို့

၏ စစ်ထိုးခြင်း မယ်ထွေး မယ်သိတာကို ဆောင်ခြင်း အစရှိသော အကျိုး မရှိသောစကားကို ရွှေရှုသည်၏အဖြစ်ရှင်း။ တထာရူပိကထာကထနဥ္စ၊ ထိုသို့သဘောရှိသော စကားကို ပြောဟောခြင်းရှင်း။ ဣတိ၊ ဤသို့။ ဒွေ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။

ယောပုဂ္ဂလော၊ သည်။ ကာလေန၊ လျောက်ပတ်သောအခါ၌။ဝဒတိ၊ ၏။ ဣတိကသ္မာ၊ ကြောင့်။ သောပုဂ္ဂလော၊ သည်။ **ကာလဝါဒီ**၊ မည်၏။ ဝတ္တဗ္ဗယုတ္တက ကာလံ၊ ဆိုအပ်သည်အား လျောက်ပတ်သောကာလကို။ သလ္လက္ခေတွာ၊ ကောင်းစွာမှတ်၍။ဝဒတိ၊ ၏။ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ယောပုဂ္ဂလော၊သည်။ဘူတံ တထံ တစ္ဆံ သဘာဝမေဝ၊ သဘော ဟုတ်သည်ကိုသာလျှင်။ ဝဒတိ၊၏။ ဣတိတသ္မာ၊ ကြောင့်။ သောပုဂ္ဂလော၊ သည်။**ဘူတဝါဒီ**၊ မည်၏။(တထံ တစ္ဆံ သဘာဝံတို့ကား ဘူတံဟူသော ပုဒ်၏ ဝေဝုစ်တည်း။ အနက်အထူးမရှိ)။ယောပုဂ္ဂလော၊ သည်။ ဒိဋ္ဌဓမ္မိက သမ္ပရာယိကတ္ထ သန္နိဿိတမေဝ၊ ပစ္စုပ္ပန်ဘဝ၌ဖြစ်သော အကျိုးစီးပွား တမလွန်ဘဝ၌ဖြစ်သော အကျိုးစီးပွားနှင့် စပ်သည်ကိုသာလျှင်။ ကတွာ၊ ၍။ ဝဒတိ၊ ၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သော၊ သည်။**အတ္ထဝါဒီ**၊မည်၏။ ယောပုဂ္ဂလော၊ သည်။ နဝလောကုတ္တရ ဓမ္မသန္နိဿိတံ၊ ကိုးပါးသော လောကုတ္တရာတရားကို မှီသည်ကို။ (ကိုးပါးသော လောကုတ္တရာတရားနှင့် စပ်သည်ကို လည်းဟူ)။ ကတွာ၊ ၍။ ဝဒတိ၊ ဘိုတတ်၏။ ဣတိတသ္မာ၊ ကြောင့်။သောပုဂ္ဂလော၊ သည်။ **ဓမ္မဝါဒီ**၊ မည်၏။ ယောပုဂ္ဂလော၊ သည်။ သံဝရဝိနယ ပဟာနဝိနယ သန္နိဿိတံ၊ သံဝရဝိနည်း ပဟာနဝိနည်းနှင့် စပ်သည်ကို။ ကတွာ၊၍။ ဝဒတိ၊၏။ ဣတိတသ္မာ၊ထိုကြောင့်။ သော၊သည်။ **ဝိနယဝါဒီ**၊ မည်၏။

ဌပနေ့ကာသော၊ ထားရာအရပ်ကို။နိဓာနံ၊ နိဓာနဟူ၍။ ဝုစ္စတိ၊ ၏။ အဿာ ဝါစာယ၊ အား။ နိဓာနံ၊ နှလုံး၌ထားအပ်သော အရာသည်။ အတ္ထိ၊၏။ ဣတိတသ္မာ၊ ကြောင့်။ သာဝါစာ၊ သည်။ **နိဓာနဝတီ**၊ ၏။ ဟဒယေ၊ ၌။ နိဓာတဗ္ဗယုတ္တကံ၊ ထားအပ်သည်နှင့်ယှဉ်သော။ ဝါစံ၊ ကို။ ဘာသိတာ၊ ဆိုတတ်၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ **ကာလေန**

တိ၊ ကား။ ဝေရူပိံ၊ ဤသို့နှလုံး၌ ထားအပ်သောစကားကို။ ဘာသမာနောပိစ၊ ဆိုသော်လည်း။ အဟံ၊သည်။ နိဓာနဝတိံ၊ နှလုံး၌ ထားအပ်သောအရာရှိသော။ ဝါစံ၊ ကို။ ဘာသိဿာမိ၊ အံ့။ ဣတိ၊ဤသို့။ အကာလေန၊ အခါမဟုတ်သည်၌။ န ဘာသတိ၊ မဆို။ ယုတ္တကာလံပန၊ လျောက်ပတ်သော အခါကိုကား။ အပေက္ခိတွာဝ၊ ဆင်ခြင်၍သာလျှင်။ ဘာသတိ၊ ၏။ ဣတိအယံ၊ လျှင်။အတ္ထော၊ တည်း။ **သာပဒေသန္တိ**၊ ကား။ သဉပမံ၊ ဉပမာနှင့်တကွဖြစ်သော။ သကာရဏံ၊အကြောင်းနှင့်တကွဖြစ်သော။ ဣတိအယံ၊ လျှင်။အတ္ထော၊တည်း။**ပရိယန္တဝတိန္တိ**၊ ကား။ပရိစ္ဆေဒံ၊အပိုင်းအခြားကို။ဒဿေတွာ၊ ၍။ယထာ၊ အကြင်အခြင်းအရာဖြင့်။ အဿ၊ ထိုစကား၏။ ပရိစ္ဆေဒေါ၊ သည်။ ပညာယတိ၊၏။ ဧဝံတထာ၊ဖြင့်။ ဘာသတိ၊၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။ **အတ္ထသံဟိတန္တိ**၊ ကား။အနေကေဟိ၊ ကုန်သော။ နယေဟိပိ၊ တို့ဖြင့်လည်း။ ဝိဘဇန္တေန၊ ခွဲဝေသည်ဖြစ်၍။ ပရိယာဒါတုံ၊ ကုန်စေခြင်းငှာ။ အသက္ကုဏေယျတာယ၊ မစွမ်းနိုင်သည်၏အဖြစ်ကြောင့်။ အတ္ထသမ္ပန္နံ၊ အတ္ထနယနှင့်ပြည့်စုံသော။ ဝါစံ၊ ကို။ ဘာသတိ၊၏။ ဝါ၊ကား။အတ္ထဝါဒီ၊ အကျိုးစီးပွားနှင့်စပ်သော စကားကို ဆိုတတ်သော။ သောပုဂ္ဂလော၊သည်။ ယံအတ္ထံ၊ကို။ ဝဒတိ၊၏။ တေန အတ္ထေန၊ နှင့်။ သဟိတတ္တာ၊ တကွဖြစ်သည်၏အဖြစ်ကြောင့်။ အတ္ထသံဟိတံ၊ အကျိုးစီးပွားနှင့်တကွဖြစ်သော။ ဝါစံ၊ ကို။ ဘာသတိ၊ ၏။ အညံ၊ တပါးသောစကားကို။ နဘာသတိ၊ မဆို။ တံ၊ ထိုအကျိုးစီးပွားနှင့်စပ်သောစကားကို။နိက္ခိပိတွာ၊ ၍။(ပယ်၍လည်းဟူ)။အညံ၊ကို။ နဘာသတိ၊ မဆို။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ သည်။ ဟောတိ၊ ၏။

၁၀။ **ဗီဇဂါမ ဘူတဂါမ သမာရမ္ဘာတိ**၊ ကား။ မူလဗီဇံ၊ အမြစ်မျိုးစေ့ရင်း။ ခန္ဓဗီဇံ၊ ပင်စည်မျိုးစေ့ရင်း။ ဖဠုဗီဇံ၊ အဆစ်မျိုးစေ့ရင်း။အဂ္ဂဗီဇံ၊ အညွန့်မျိုးစေ့ရင်း။ ဗီဇဗီဇံ၊ အစေ့မျိုးစေ့ရင်း။ ဣတိ၊ ဤသို့။ ပဉ္စဝိဓဿ၊ ငါးပါးအပြားရှိသော။ ဗီဇဂါမဿစေဝ၊ ဗီဇဂါမ်ကိုရင်း။ ယဿကဿစိ၊ အမှတ်မဲ့သော။ နီလတိဏရုက္ခာဒိကဿ၊ စိမ်းညိုသော မြက်သစ်ပင်အစရှိသော။ ဘူတဂါမဿစ၊ ဘူတဂါမ်ကိုရင်း။ သမာရမ္ဘာ၊ ဖျက်ဆီးခြင်းမှ။ ဆေဒန ဘေဒန ပစနာဒိဘာဝေန၊ ဖြတ်ခြင်း ချိုးဖျက်ခြင်း ချက်ခြင်း

အစရှိသည်၏အဖြစ်အားဖြင့်။ ဝိကောပနာ၊ ဖျက်ခြင်းမှ။ ပဋိဝိရတော၊ ကြဉ်၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

ချင်း ထန်း အုန်း စသည်တို့သည် ချင်း ထန်းစေ့တို့မှ အကြင်မျှလောက်သော ကာလပတ်လုံး ညိုသောအရွက်အဖူးသည် မထွက်သေး။ ထိုမျှလောက်သော ကာလပတ်လုံး ဗီဇဂါမ်မှ မလွတ်။ ညိုသောအရွက်ဖူး ထွက်မှသာ ဗီဇဂါမ်မှလွတ်၍ ဘူတဂါမ်ဖြင့် ရေ တွက် ရ သ တည်း။ ထိုကြောင့် တိဏရုက္ခာဒိကဿ ဟူ၍သာ မဆိုမူ၍ နီလဿဒ္ဒါဖြင့် အထူးပြုသတည်း။

သမာရမ္ဘာဟူသောပုဒ်၏အနက်ကိုပြခြင်းငှာ ဆေဒန ဘေဒန ပစနာဒိဘာဝေန ဝိကောပနာ ပဋိဝိရတောတိ အတ္ထောဟု ဆိုပြန်သတည်း။ ထိုပါဠိ၏အတ္ထကား-

ကောဘတ္တိကောတိ၊ ကား။ ပါတရာသဘတ္တံ၊ နံနက်စာစားခြင်းရင်း။ သာယမာသဘတ္တံ၊ ညစာစားခြင်းရင်း။ ဣတိ၊ဤသို့။ဒွေ၊နှစ်ပါးကုန်သော။ ဘတ္တာနိ၊ စားခြင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ တေသု၊ ထိုနှစ်ပါးကုန်သော စားခြင်းတို့တွင်။ ပါတရာသဘတ္တံ၊ နံနက်စာစားခြင်းကို။ အန္တောမဇ္ဈန္ဟိကေန၊ နေမွန်းတည့်သောအခါဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်၏။ ဣတရံ၊ ညစာစားခြင်းကို။ မဇ္ဈန္ဟိကတော၊ မွန်းတည့်သောအခါမှ။ ဥဒ္ဓံ၊ ၌။ အန္တောအရုဏေန၊ အရုဏ်၏အတွင်းဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားအပ်၏။ တသ္မာ၊ ကြောင့်။ အန္တောမဇ္ဈန္ဟိကေ၊ မွန်းတည့်အတွင်း၌။ ဒသက္ခတ္တုံ၊ ဆယ်ကြိမ်။ ဘုဉ္ဇမာနောပိ၊ စားသောရဟန်းသည်လည်း။ ကောဘတ္တိကော၊ တထပ်သာ စားလေ့ရှိသော ရဟန်းမည်သည်။ ဟောတိ၊ ၏။ တံ၊ ထိုမွန်းတည့်အတွင်း၌သာ စားခြင်းကို။ သန္ဓာယ၊ ၍။ ကောဘတ္တိကောတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

ရတ္တိယာ၊ ညဉ့်၌။ ဘောဇနံ၊ စားခြင်းတည်း။ ရတ္တိ၊ ညဉ့်၌စားခြင်း။ တတော၊ ထိုညဉ့်၌ စားခြင်းမှ။ ဥပရတော၊ ကြဉ်သည်တည်း။ ရတ္တူပရ တော၊ ညဉ့်၌စားခြင်းမှ ကြဉ်သည်။

ရတ္တူပရတော ကို ရတ္တိယာ ဘောဇနံ ရတ္တိ ဟု ဥတ္တရလောပ သင္ဒြိ တပ္ပုရိသ်ပြုပြီးမှ ရတ္တိတော ဥပရတော ရတ္တူပရတောဟု ပဥ္စမီ တပ္ပုရိသ်ပြုလေ။

မဇ္ဈန္ဟိကေ၊ နေမွန်းတည့်သည်။ အတိက္ကန္တေ၊ လွန်ပြီးသော်။ ယာဝ သူရိယတ္ထင်္ဂမနာ၊ နေဝင်သည်တိုင်အောင်။ ဘောဇနံ၊ စားခြင်းသည်။ **ဝိကာလဘောဇနံနာမ**၊ ဝိကာလဘောဇန မည်၏။ တတော၊ ထိုနေမွန်းတည့် ပြီးသည်၌ စားခြင်းမှ။ ဝိရတတ္တာ၊ ကြဉ်သည်၏အဖြစ်ကြောင့်။ **ဝိကာလ ဘောဇနာ**၊ မွန်းလွဲပြီးသောကာလ၌ စားခြင်းမှ။ **ဝိရတော**၊ ကြဉ်၏။

ဝိဂတော ကာလော ဝိကာလောဟု အဗျယီဘာဝသမာသ် ပြုပြီးမှ ဝိကာလေ ဘောဇနံဟု သတ္တမီတပ္ပုရိသ်ပြုလေ။

ကဒါ၊ ၌။ ဝိရတော၊ ကြဉ်သနည်း။ အနောမနဒီတီရေ၊ အနောမာမြစ်နား ၌။ ပဗ္ဗဇိတဒိဝသတော၊ ရဟန်းပြုသောနေ့မှ။ ပဋ္ဌာယ၊ ၍။ ဝိရတော၊ ၏။

သာသနဿ၊ သာသနာတော်အား။ အနနုလောမတ္တာ၊ မလျော်သည် ၏အဖြစ်ကြောင့်။ (သာသနဿလိုက်ပါဦး)။သာသနဿ၏။ဝိသူကံပဋ္ဌာဏီ ဘူတံ၊ တံကျင်သဘွယ်ဖြစ်သော။ ဒဿနံ၊ ရှုခြင်းတည်း။ ဣတိတသ္မာ၊ ကြောင့်။ **ဝိသူကဒဿနံ**၊ မည်၏။ (ဝိသူကံ ဒဿနံဟု ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရယ် ပြုစေလိုသည်)။ အတ္တနာ နစ္စန နစ္စာပနာဒိဝသေန၊ မိမိ က,ခြင်း သူတပါးကို က,စေခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်။ နစ္စာစ၊ က,ခြင်းမှငင်း။ ဂီတာစ၊ သီခြင်းမှငင်း။ ဝါဒိတာစ၊ တီးမှုတ်ခြင်းမှ ငင်း။ အန္တမသော၊ အယုတ်သဖြင့်။ မယူရနစ္စာဒိဝသေနာပိ၊ ဥဒေါင်း က,ခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်း။ ပဝတ္တာနံ၊ ကုန်သော။ နစ္စာဒိနံ၊ တို့ကို။ ဝိသူကဘူတာ၊ သာသနာတော်၏ တံကျင်သဘွယ်ဖြစ်၍ ဖြစ်သော။ ဒဿနာစ၊ ရှုခြင်းမှငင်း။ ဝိရတော၊ ကြဉ်၏။ ဣတိတသ္မာ၊ ကြောင့်။ **နစ္စ ဂီတ ။ပ။ ဒဿနာ**၊ မည်၏။

ဂိဂ္ဂိဟ်တုသာတည်း။ ဝိဂ္ဂိဟ်စစ်ကား နစ္စဥ္စ ဂီတဥ္စ ဝါဒိတဥ္စ ဝိသူက ဒဿနဥ္စ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနံဟု သမာဟာရဒွန် ပြုလို

သည်။ နစ္စဥ္ဟ၊ မိမိ က,ခြင်း သူတပါးကို က,စေခြင်းလည်း။ ဂီတဥ္ဟ၊ မိမိသီခြင်း သူတပါးကို သီစေခြင်းလည်း။ ဝါဒိတဥ္ဟ၊ မိမိတီးခြင်း သူတပါးကို တီးစေခြင်းလည်း။ ဝိသူကဒဿနဥ္ဟ၊ သာသနာတော်၏ တံကျင်သဘွယ်ဖြစ်သော က,ခြင်းအစရှိသည်ကို ရှုခြင်းလည်း။ နစ္စ။ပ။ ဒဿနံ၊ မိမိ က,ခြင်း။ပ။ရှုခြင်း။ (တသ္မာ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာဟု ဝိဘတ်ချန်ခံ)။

ဟိ၊ ခဲ့ချီးအံ့။ နစ္စာဒိနိ၊ တို့ကို။ အတ္တနာ၊ သည်။ ပယောဇေတုံဝါ၊ ယှဉ်ခြင်းငှာရင်း။ ပရေဟိ၊ တို့ကို။ ပယောဇာပေတုံဝါ၊ ယှဉ်စေခြင်းငှာရင်း။ ပယုတ္တာနိ၊ ယှဉ်ကုန်ပြီးသော က,ခြင်း သီခြင်း အစရှိသည်တို့ကို။ ပဿိတုံ ဝါ၊ ရှုခြင်းငှာရင်း။ ဘိက္ခုနံ၊ ရဟန်းယောကျာ်းတို့အား။ နေဝ ဝဋ္ဋတိ[၁]၊ မအပ်။ ဘိက္ခုနီနဥ္ဟ၊ တို့အားလည်း။ န ဝဋ္ဋတိ၊ မအပ်။

မာလာဒီသု၊ မာလာအစရှိကုန်သော ပါဌ်တို့၌။ မာလာတိ၊ ကား။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ပုပ္ဖံ၊ ပန်းတည်း။ **ဂန္ဓန္တိ၊** ကား။ ယံကိဉ္စိ၊ သော။ ဂန္ဓဇာတံ၊ နံ့သာမျိုးတည်း။ **ဝိလေပနန္တိ၊** ကား။ ဆဝိရာဂကရဏံ၊ အရေကို တပ်စွန်းခြင်းကို ပြုခြင်းတည်း။ (အရေကို လိမ်းကျံခြင်းကိုပြုခြင်းတည်းလည်းဟူ)။ တတ္ထ၊ ထိုမာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဟူသောပါဌ်၌။ ပိဠန္ဓန္တော၊ ပန်းပန်သော သူ သည်။ ဓာရေတိနာမ၊ ဆောင်သည် မည်၏။ ဦနဋ္ဌာနံ၊ နိမ့်ရာအရပ်ကို။ ပူရေန္တော၊ ပြည့်စေသော သူသည်။ မဏ္ဍေတိနာမ၊ တန်ဆာဆင်သည် မည်၏။ ဂန္ဓဝသေနစ၊ ကိုယ်နံ့ မွှေးခြင်း၏ အစွမ်းဖြင့်ရင်း။ ဆဝိရာဂ ဝသေနစ၊ အရေကို တပ်စွန်းခြင်း၏ အစွမ်းအားဖြင့်ရင်း။ သာဒိယန္တော၊ သာယာသောသူသည်။ ဝိဘူသေတိ နာမ၊ တင့်တယ်စေသည် မည်၏။

အဓိပ္ပါယ်ကား-မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဟူသောပါဌ်၌ မာလာနှင့် ဓာရဏဟပ်၊ ဂန္ဓနှင့် မဏ္ဍနဟပ်၊ ဝိလေပန

---

၁။ ဝဋ္ဋန္တိ-ဆဋ္ဌ၊ နစ္စာဒိနိ-ဟူသောသဒ္ဒါကိုငဲ့၍ ဆဋ္ဌမူအရှိ သင့်မည်ထင်၏။ နိဿယဆရာတော်ကာ ပယောဇာပေတုံ-ဟူသော အပွမာန ကြိယာမှာစပ်၍ ဝဋ္ဋတိ-ဟု ကေဝုစ်ထားသည်။ ဆင်ခြင်။

နှင့် ဝိဘူသနဟပ်၊ ဤသို့ အစဉ်အတိုင်းဟပ်၍ ယူလေ။ မာလာအခြား မာရဏအခြား ဂန္ဓအခြား မဏ္ဍနအခြား ဝိလေပနအခြား ဝိဘူသန အခြား မယူလေလင့် ဟူလိုသော်။

ကာရဏာ၊ ကို။ ဌာနံဣတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တသ္မာ၊ ကြောင့်။ ယာယ ဒုဿီလျစေတနာယ၊ ဖြင့်။ တာနိ မာလာဓာရဏာဒီနိ၊ ထိုပန်းပန်ခြင်း အစရှိသည်တို့ကို။ မဟာဇနော၊ သည်။ ကရောတိ၊ ၏။ တတော၊ ထိုပန်းပန် ခြင်းအစရှိသော ဒုဿီလျအမှုမှ။ ပဋိဝိရတော၊ ၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

ပမာဏာတိက္ကန္တံ၊ ပမာဏထက်လွန်သော နေရာကို။ ဥစ္စာသယနံဣတိ၊ ဥစ္စာသယနဟူ၍။ ဝုစ္စတိ၊ ၏။

ပ က တိ လူ တို့ ၏ အတောင်ဖြင့် တတောင့်ထွာထက်အလွန်မြင့်သော အခြေရှိသောနေရာသည် ဥစ္စာသယန မည်၏။ အနုဇာနာမိ ဘိက္ခဝေ သတ္တင်္ဂံ၊ အနုဇာနာမိ ဘိက္ခဝေ ပဉ္စင်္ဂံ ဟူ၍ ဘုရားဟောတော်မူ သောကြောင့် တတောင့်ထွာထက်မြင့်သော အ ခြေ ရှိ သော် လည်း သတ္တင်္ဂနေရာ၊ ပဉ္စင်္ဂနေရာသည် ဥစ္စာသယန မမည်။ သတ္တင်္ဂနေရာ ဟူသည်ကား အ ခြေ လေး ချောင်း လက် တင် နှစ် ဘက် အုံးတား ဤခုနစ်ပါးသော အင်္ဂါရှိသော နေရာတည်း။ ပဉ္စင်္ဂနေရာဟူသည်ကား အခြေလေးချောင်း အုံးတား ဤငါးပါးသော အင်္ဂါရှိသော နေရာ တည်း။

အကပ္ပိယပစ္စတ္ထရဏံ၊ မအပ်သော ခင်းနှီးပြောက်သည်။ **မဟာသယနံ၊** မည်၏။

အကပ္ပိယပစ္စတ္ထရဏ ဟူသည်ကား လဲ သွတ် သော မွေ ရာ အ ခြေ ဦ သားရဲရုပ်ရှိသောနေရာ လက်လေးသစ်ထက်လွန်သော အမွေးရှိသော သားမွေးအခင်း သားရဲရုပ်တို့ဖြင့် အဆန်းအကြယ်ပြုသော သားမွေး ခင်းနှီးပြောက် အစရှိသည်တည်း။

တတော၊ ထိုဥစ္စာသယန မဟာသယနမှ။ ပဋိဝိရတော၊ ၏။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

**ဇာတရူပန္တိ၊ ကား။** သုဝဏ္ဏံ၊ ရွှေတည်း။ **ရဇတန္တိ၊ ကား။** ကဟာပဏော၊ အသပြာတည်း။ လောဟမာသကော၊ ကြေးဖြင့်ပြုသောပဲရုပ်။ ဇတုမာသကော၊ ချိပ်ဖြင့်ပြုသောပဲရုပ်။ ဒါရုမာသကော၊ သစ်သားဖြင့်ပြုသောပဲရုပ်။ ဣတိ၊ ဤသို့ အစရှိကုန်သော။ ယေမာသကာ၊ အကြင်ပဲရုပ်တို့သည်။ ဝေါဟာရံ၊ ရောင်းဝယ်ခြင်းသို့။ ဂစ္ဆန္တိ၊ ကုန်၏။ တေမာသကာ၊ တို့သည်။ ရဇတံ၊ မည်၏။ တဿဥဘယဿပိ၊ ထိုရွှေ,ငွေနှစ်ပါးစုံကိုလည်း။ ပဋိဂ္ဂဟဏာ ၁၊ ခံခြင်းမှ။ ဂေါတမော၊ ဂေါတမအနွယ်ဖြစ်သော။ သမဏော၊ သည်။ ပဋိဝိရတော၊ ၏။ သယံ၊ သည်။ နံ၊ ကို။ နေဝဥဂ္ဂဏှာတိ၊ မခံ။ နဥဂ္ဂဏှာပေတိ၊ သူတပါးကိုမခံစေ။ ဥပနိက္ခိတ္တံ၊ အနီး၌ထားသည်ကို။ န သာဒိယတိ၊ မသာယာ။ ဣတိအယံ၊ လျှင်။ အတ္ထော၊ တည်း။

**အာမကဓညပဋိဂ္ဂဟဏာ**တိ၊ ဟူသည်ကား။ သာလိ ဝီဟိ ယဝ ဂေါဓုမ ကင်္ဂုဝရက ကုဒြူသက သင်္ခါတဿ၊ သလေး ပကတိစပါး မုယော နတ်ကောက် ဆတ် ပြောင်း လူး ဟုဆိုအပ်သော။ သတ္တဝိဓဿပိ၊ ခုနစ်ပါး အပြား ရှိသည်လည်းဖြစ်သော။ အာမကဓညဿ၊ စပါးစိမ်းကို။ ပဋိဂ္ဂဟဏာ၊ မှ။ ကေဝလဉ္စ၊ သက်သက်သော်ကား။ ဧတေသံ၊ ထိုစပါးတို့ကို။ ပဋိဂ္ဂဟဏမေဝ၊ ခံခြင်းသည်သာလျှင်။ န ဝဋ္ဋတိ၊ မအပ်သည်။ န၊ မဟုတ်။ အာမသနမ္ပိ၊ သုံးသပ်ခြင်းသည်လည်း။ ဘိက္ခူနံ၊ တို့အား။ န ဝဋ္ဋတိယေဝ၊ သလျှင်ကတည်း။

**အာမကမံသပဋိဂ္ဂဟဏာ**တိဧတ္ထာ၊ ၌။ ဥဒ္ဒိဿ၊ ရည်၍။ အနုညာတာ၊ ဘုရား ခွင့်ပြုတော်မူအပ်သော သားစိမ်းကို။ အညတြ ဌပေတွာ၊ ၍။ အာမကမံသမစ္ဆာနံ၊ အစိမ်းဖြစ်သောအသားငါးတို့ကို။ ပဋိဂ္ဂဟဏမေဝ၊ ခံခြင်းသည်သာလျှင်။ ဘိက္ခူနံ၊ တို့အား။ န ဝဋ္ဋတိ၊ မအပ်။ အာမသနံ၊ သုံးသပ်ခြင်းသည်။ န ဝဋ္ဋတိ၊ မအပ်သည်ကား။ နေဝ၊ မဟုတ်။ ဝဋ္ဋတိယေဝ၊ အပ်သလျှင်ကတည်း။

---

၁။ ကိုယ်ဖြင့် ခံယူခြင်းသည် ဥဂ္ဂဟဏ၊ နှုတ်ဖြင့်ခံယူခြင်းသည် ဥဂ္ဂဟာပန၊ စိတ်ဖြင့်ခံယူခြင်းသည် သာဒိယနမည်၏။

ရဟန်းကို ဘီလူးဖမ်းသောအခါ အသားစိမ်း အသွေးစိမ်းကိုပင် စားစိမ့်သောငှာ ဘုရားခွင့်ပြုတော်မူ၏။ ထိုကြောင့် အညတြ ဥဒ္ဒိဿ အနုညာတာ ဟူသော စကားကို အဋ္ဌကထာဆရာ မိန့်သတည်း။

ဣတ္ထိ ကုမာရိက ပဋိဂ္ဂဟဏာ တိတ္တော၊ ၌။ ဣတ္ထီတိ၊ ကား။ ပုရိသန္တရဂတာ၊ ယောကျ်ားတပါးတို့ သွားပြီးသောမိန်းမတည်း။ (အိမ်ထောင်ပြီးသော မိန်းမဟူလိုသည်)။ ဣတရာ၊ ယောကျ်ားတပါးတို့ မသွားသေးသောမိန်းမ သည်။ ကုမာရိကာနာမ၊ မည်၏။ (အိမ်မထောင်သေးသောမိန်းမသည် ကုမာရိကာမည်၏ ဟူလိုသည်)။ တာသံ၊ ထိုအိမ်ထောင်ပြီးသောမိန်းမ အိမ်မထောင်သေးသောမိန်းမတို့ကို။ ပဋိဂ္ဂဟဏမ္ပိ၊ ခံခြင်းသည်ငှင်း။ အာမ သနမ္ပိ၊ သည်ငှင်း။ အကပ္ပိယမေဝ၊ မအပ်သည်သာလျှင်တည်း။

ဒါသိ ဒါသ ပဋိဂ္ဂဟဏာတိတ္တော၌။ ဒါသိ ဒါသ ဝသေနေဝ၊ ကျွန်မိန်းမ ကျွန်ယောကျ်ား၏အစွမ်းအားဖြင့်သာလျှင်။ တေသံ၊ ထိုမိန်းမ ယောကျ်ား တို့ကို။ ပဋိဂ္ဂဏှံ၊ သည်။ န ဝဋ္ဋတိ၊ မအပ်။ ကပ္ပိယကာရကံ၊ ကပ္ပိယကာရ ကကို။ ဒမ္မိ၊ လှူ၏။ အာရာမိကံ၊ အာရာမ်စောင့်ကို။ ဒမ္မိ၊ လှူ၏။ ဣတိဧဝံ၊ သို့။ ဝုတ္တေပန၊ ဆိုသော်ကား။ ဝဋ္ဋတိ၊ အပ်၏။

အဇေဋ္ဌကာဒီသု၊ ဆိတ်မြန်မာ ဆိတ်ကုလား အစရှိကုန်သော။ ခေတ္တ ဝတ္ထုပရိယောသာနေသုပိ၊ လယ်ယာအဆုံးရှိကုန်သော ဝတ္ထုတို့၌လည်း။ ကပ္ပိယာကပ္ပိယနယော၊ အပ် မအပ်သောနည်းကို။ ဝိနယဝသေန¹၊ ဝိနည်း၏အစွမ်းဖြင့်။ ဥပပရိက္ခိတဗ္ဗော၊ အပ်၏။ တတ္ထ၊ ထိုခေတ္တဝတ္ထု ပဋိဂ္ဂဟဏာ ပဋိဝိရတော၊ အစရှိသောပါဌ်၌။ ခေတ္တံနာမ၊ လယ်မည်သည်ကား။ ယသ္မိံ၊ အကြင်မြေအရပ်၌။ ပုဗ္ဗဏ္ဏံ၊ စပါးသည်။ ရူဟတိ၊ ရောက်၏။ တံဌာနံ၊ ထို စပါးရောက်ရာအရပ်သည်။ ခေတ္တံနာမ၊ မည်၏။ ယသ္မိံ၊ ၌။ အပရဏ္ဏံ၊ ပဲသည်။ ရူဟတိ၊ ၏။ တံဌာနံ၊ သည်။ ဝတ္ထုနာမ၊ မည်၏။ ဝါ၊ ကား။ ယတ္ထ၊ အကြင်အရပ်၌။ ဥဘယမ္ပိ၊ ကောက်ပင်ပဲပင် နှစ်ပါးစုံသည်လည်း။ ရူဟတိ၊ ၏။ တံဌာနံ၊ သည်။ ခေတ္တံ၊ ခေတ္တမည်၏။ တဒတ္ထာယ၊ ထိုလယ်

၁။ ကင်္ခါဝိတရဏီအဋ္ဌကထာ ပုဒ်အဖွင့် စသည်တို့၌ ယူအပ်၏။

အလိုဋ္ဌာ။ ကတဘူမိဘာဂေ၊ ပြုအပ်သောမြေအဘို့သည်။ ဝတ္ထု၊ မည်၏။ ဧတ္ထ၊ ဤဒီဃနိကာယ်၌။ ခေတ္တ ဝတ္ထု သီသေန၊ လယ်ယာကိုအရင်းပြုသဖြင့်။ ဝါပိတဠာကာဒီနိပိ၊ ရေအိုင်, ရေကန် အစရှိသည်တို့ကိုလည်း။ သင်္ဂဟိတာနေဝ၊ ကုန်သလျှင်ကတည်း။

ဒူတကမ္မံ၊ တမန်သွားသောအမှုကို။ **ဒူတေယျံ**၊ ဒူတေယျဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဘယ်သည်လျှင် ဒူတကမ္မမည်သနည်း။ တမန်သည်တို့၏ အမှုသည် ဒူတကမ္မမည်သလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ဂိဟီနံ အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အနက်ကား-

ဂိဟီနံ၊ လူတို့သည်။ ပဟိတံ၊ စေအပ်သော။ ပဏ္ဏံဝါ၊ကမ္ပည်းကိုရင်း။သာသနံဝါ၊ သတင်းစကားကိုရင်း။ ဂဟေတွာ၊ ၍။ တတ္ထတတ္ထ၊ ထိုထိုသောအရပ်သို့။ ဂမနံ၊ သွားခြင်းသည်။ ဒူတကမ္မံ၊ မည်၏။ ဃရာ၊ တအိမ်မှ။ ဃရံ၊ တအိမ်သို့။ ပေသိတဿ၊ စေအပ်သောရဟန်း၏။ ခုဒ္ဒကဂမနံ၊ ငယ်စွာသော သွားခြင်းကို။ **ပဟိဏဂမနံ္တိ**၊ ဟူ၍။ ဝုစ္စတိ၊ ၏။ **အနုယောဂေါ** နာမ၊ အနုယောဂမည်သည်ကား။ တဒုဘယကရဏံ၊ ထိုတမန်ပြု၍သွားခြင်း ငယ်စွာသောသွားခြင်းနှစ်ပါးစုံကို ပြုခြင်းတည်း။ တသ္မာ၊ ကြောင့်။ ဒူတေယျပဟိဏဂမနာနံ၊ တမန်ပြု၍သွားခြင်း အစေအပါးခံ၍ ငယ်စွာသောသွားခြင်းတို့ကို။ အနုယောဂါ၊ လုံ့လပြုခြင်းမှ။ (ယှဉ်ခြင်းမှလည်းဟူ)။ ပဋိဝိရတော၊ ၏။ ဣတိဧဝံ၊ သို့။ ဧတ္ထပါဠိယံ၊ ၌။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

**ကယဝိက္ကယာတိ**၊ ကား။ ကယာစ[၁]၊ ဝယ်ခြင်းမှရင်း။ ဝိက္ကယာစ[၂]၊ ရောင်းခြင်းမှရင်း။ ပဋိဝိရတော၊ ၏။ (ကယော စ ဝိက္ကယော စ ကယဝိက္ကယာဟု ဒွန်ပြုစေလိုသည်)။ တုလာကူဋာဒီသု၊ တုလာကူဋ အစရှိကုန်သော ပါဌ်တို့၌။ **ကူဋန္တိ**၊ ကား။ဝဉ္စနံ၊ လှည့်ပတ်ခြင်းတည်း။ တတ္ထ၊ ထို လှည့်ပတ်ခြင်း၌။ (ထိုတုလာကူဋအစရှိသော ပါဌ်တို့၌လည်းဟူ)။ တုလာ

---

၁-၂။ ကယန္တိ ပရဘဏ္ဍဿ ဂဟဏံ၊ ဝိက္ကယန္တိ အတ္တနော ဘဏ္ဍဿဒါနံ-သာရတ္ထဒီပနီ။

ကူဋံနာမ၊ မည်သည်ကား။ ရူပကူဋံ၊ ချိန်တူကိုပြု၍ လှည့်ပတ်ခြင်းရင်း။ အင်္ဂကူဋံ၊ ချိန်၏အင်္ဂါဖြင့် လှည့်ပတ်ခြင်းရင်း။ ဂဟဏကူဋံ၊ ချိန်ကိုကိုင်ခြင်းဖြင့် လှည့်ပတ်ခြင်းရင်း။ ပဋိစ္ဆန္နကူဋံ၊ ဖုံးလွှမ်းခြင်းကိုပြု၍ လှည့်ပတ်ခြင်းရင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊သည်။ ဟောတိ၊ ၏။ တတ္ထ၊ထိုလေးပါးအပြားရှိကုန်သော လှည့်ပတ်ခြင်းတို့တွင်။ **ရူပကူဋံနာမ၊** ရူပကူဋမည်သည်ကား။ ဒွေတုလာ၊ နှစ်ခုသောချိန်တို့ကို။ သမရူပါ၊ ထပ်တူတို့ကို။ ကတွာ၊ ၍။ ဂဏှန္တော၊ ယူသောသူသည်။ မဟတိယာ၊ ချိန်ကြီးဖြင့်။ဂဏှာတိ၊၏။ ဒဒန္တော၊ ပေးသောသူသည်။ ခုဒ္ဒိကာယ၊ ငယ်သောချိန်ဖြင့်။ ဒေတိ၊ ၏။ **အင်္ဂကူဋံနာမ၊** မည်သည်ကား။ ဂဏှန္တော၊ သည်။ ပစ္ဆာဘာဂေ၊ နောက်အဘို့၌။ ဟတ္ထေန၊ ဖြင့်။ တုလံ၊ ချိန်ကို။ အက္ကမတိ၊ နှိပ်၏။ ဒဒန္တော၊သည်။ ပုဗ္ဗဘာဂေ၊ ၌။ အက္ကမတိ၊ ၏။ **ဂဟဏကူဋံနာမ၊** ကား။ဂဏှန္တော၊ သည်။ မူလေ၊ အရင်း၌။ ရဇ္ဇုံ၊ ကြိုးကို။ဂဏှာတိ၊ ကိုင်၏။ဒဒန္တော၊သည်။ အဂ္ဂေ၊ အဖျား၌။ရဇ္ဇုံ၊ ကို။ ဂဏှာတိ၊ ၏။ **ပဋိစ္ဆန္နကူဋံနာမ၊** ကား။ တုလံ၊ ကို။ သုသိရံ၊ အခေါင်းရှိသည်ကို။ ကတွာ၊ ၍။ အန္တော၊ အတွင်း၌။ အယစုဏ္ဏံ၊ သံမှုန့်ကို။ ပက္ခိပိတွာ၊ ထည့်၍။ ဂဏှန္တော၊ သည်။ တံ၊ ထိုသံမှုန့်ကို။ပစ္ဆာဘာဂေ၊ ၌။ ကရောတိ၊ ၏။ ဒဒန္တော၊ သည်။ အဂ္ဂဘာဂေ၊ အဖျားအဘို့၌။ ကရောတိ၊ ၏။

သုဝဏ္ဏပါတိ၊ ရွှေခွက်ကို။ **ကံသောဣတိ၊** ကံသဟူ၍။ဝုစ္စတိ၊၏။တာယ၊ ထိုရွှေခွက်ဖြင့်။ ဝဉ္စနံ၊ လှည့်ပတ်ခြင်းသည်။ **ကံသကူဋံ၊** ကံသကူဋမည်၏။ ကထံ၊ အသို့လျှင်။ တာယ၊ ထိုရွှေခွက်ဖြင့်။ ဝဉ္စနံ၊ သည်။ ဟောတိ၊နည်း။ ဧကံ၊ တခုသော။ သုဝဏ္ဏပါတိံ၊ ရွှေခွက်ကို။ ကတွာ၊ ၍။အညာ၊ တပါးကုန်သော။ ဒွေ တိဿော လောဟပါတိယော၊ နှစ်ခု သုံးခုသော သံခွက်တို့ကို။ (နှစ်ခု သုံးခုသော ကြေးဖြူခွက်တို့ကို လည်းဟူ)။ သုဝဏ္ဏဝဏ္ဏာ၊ ရွှေအဆင်းကဲ့သို့ အဆင်းရှိသည်တို့ကို။ ကရောတိ၊ ၏။ တတော၊ ထိုသို့ပြုပြီးသည်မှ။ ပရံ၊ နောက်၌။ ဇနပဒံ၊ ဇနပုဒ်သို့။ ဂန္တွာ၊ ၍။ ကိဉ္စိဒေဝ၊ တစုံတယောက်လျှင်ဖြစ်သော။ အဍ္ဎံ၊ ဥစ္စာကြွယ်ဝသော။ကုလံ၊ အမျိုးသို့။ ပဝိသိတွာ၊ ၍။ သုဝဏ္ဏဘာဇနာနိ၊ ရွှေခွက်တို့ကို။ ကိဏာထ၊ ဝယ်ကုန်လော။ ဣတိ၊ဤသို့။ ဝတွာ၊ ၍။ အဂ္ဃေ၊ အဖိုးကို။ ပုစ္ဆိတေ၊ မေးအပ်သည်

ရှိတော်။ သမဂ္ဂတရံ၊ အမျှသောအဖိုးကို။ ဒါတုကာမော၊ ပေးခြင်းငှာ အလိုရှိသည်။ ဟောတိ၊ ၏။ တတော၊ မှ။ တေဟိ၊ ထိုရွာသူတို့သည်။ ကထံ၊ အဘယ်သို့လျှင်။ ဣမေသံ၊ ဤခွက်တို့၏။ သုဝဏ္ဏဘာဝေါ၊ ရွှေ၏ အဖြစ်ကို။ ဇာနိတဗ္ဗော၊ သိအပ်မည်နည်း။ ဣတိ၊ ဤသို့။ ဝုတ္တော၊ သော်။ ဝီမံသိတွာ၊ စုံစမ်း၍။ ဂဏှထ၊ ကုန်လော။ ဣတိ၊ ဤသို့။ ဝတွာ၊ ၍။ သုဝဏ္ဏပါတိံ၊ ရွှေခွက်ကို။ ပါသာဏေ၊ ကျောက်၌။ ဃံသိတွာ၊ သွေး၍။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ပါတိယော၊ တို့ကို။ ဒတွာ၊ ၍။ ဂစ္ဆတိ၊၏။

**မာနကူဋံနာမ၊ ကား။** ဟဒယဘေဒ သိခါဘေဒ ရဇ္ဇုဘေဒဝသေန၊ သူတပါး၏ နှလုံးကိုဖျက်ခြင်း အထွတ်ကို ဖျက်ခြင်း ကြိုးကိုဖျက်ခြင်း၏ အစွမ်းအားဖြင့်။ တိဝိဓံ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ **ဟဒယဘေဒေါ၊** သူတပါးတို့၏ နှလုံးကိုဖျက်ခြင်းကို။ သပ္ပိတေလာဒီ မိနန ကာလေ၊ ထောပတ်ဆီ အစရှိသည်ကို ခြင်သောအခါ၌။ လဗ္ဘတိ၊ ၏။ **ဟိ-တဒေဝယုတ္တံ၊** ၏။ တာနိ၊ ထိုထောပတ်ဆီ အစရှိသည်တို့ကို။ ဂဏှန္တော၊ ယူသောသူသည်။ ဟေဋ္ဌာ၊ ၌။ ဆိဒ္ဒေန၊ ပေါက်သော။ မာနေန၊ ခြင်အိုးဖြင့်။ သဏိကံ၊ ဒ႒သာငယ်။ အာသိဉ္စ၊ လောင်းပေလာ (ထည့်လော လည်းဟူ)။ ဣတိ၊ ဤသို့။ ဝတွာ၊ ၍။ အန္တောဘာဇနေ၊ ခွက်၏အတွင်း၌။ ဗဟုံ၊ များစွာ။ ပဃ္ဃရာပေတွာ၊ ယိုစေ၍။ ဂဏှာတိ၊ ၏။ ဒဒန္တော၊ သည်။ ဆိဒ္ဒံ၊ ကို။ ပိဓာယ၊ ပိတ်၍။ သီဃံ၊ လျင်စွာ။ ပူရေတွာ၊ ပြည့်စေ၍။ ဒေတိ၊ ၏။

**သိခါဘေဒေါ၊** အထွတ်ကို ဖျက်ခြင်းကို။ တိလ တဏ္ဍုလာဒီ မိနန ကာလေ၊ နှမ်းဆန်အစရှိသည်ကို ခြင်သောအခါ၌။ လဗ္ဘတိ၊ ၏။ **ဟိ-** ယုတ္တံ၊ ၏။ တာနိ၊ ထိုနှမ်း ဆန် အစရှိသည်တို့ကို။ ဂဏှန္တော၊ သည်။ သဏိကံ၊ နှေးနှေး။ သိခံ၊ ကို။ ဥဿာပေတွာ၊ တက်စေ၍။ ဂဏှာတိ၊ ၏။ ဒဒန္တော၊ သည်။ ဝေဂေန၊ လျင်သောအဟုန်ဖြင့်။ ပူရေတွာ၊ စေ၍။ သိခံ၊ ကို။ ဆိန္ဒန္တော၊ ဖြတ်သည်ဖြစ်၍။ ဒေတိ၊ ၏။

**ရဇ္ဇုဘေဒေါ၊** ကြိုးကို ဖျက်ခြင်းကို။ ခေတ္တ ဝတ္ထု မိနနကာလေ၊ လယ် ယာကို နှိုင်းယှဉ်သောအခါ၌။ လဗ္ဘတိ၊ ၏။ **ဟိ-**ယုတ္တံ၊ ၏။ လဉ္စံ၊ တန်စိုးကို။ အလဘန္တာ၊ မရသောသူတို့သည်။ ခေတ္တံ၊ ကို။ အမဟန္တမ္ပိ၊

ဒု႒ာသယ ၆၀၅-၃၇

မကြီးသော်လည်း။ မဟန္တံ၊ ကြီးသည်ကို။ ကတ္ဝာ၊ ၍။ မိနန္တိ၊ နှိုင်းယှဉ်ကုန်၏။

ဥက္ကောဋ္ဋနာဒီသု၊ ဥက္ကောဋ္ဋန အစရှိသောပုဒ်တို့၌။ ဥက္ကောဋ္ဋနန္တိ၊ ကား။ အဿာမိကေ၊ အရှင်မဟုတ်သည်တို့ကို။ သာမိကေ၊ အရှင်တို့ကို။ ကတ္ဝာ၊ ၍။ လဉ္ဇဂ္ဂဟဏံ၊ တန်စိုးယူခြင်းတည်း။ ဝဉ္စနန္တိ၊ ကား။ တေဟိ တေဟိ ဥပါယေဟိ၊ ထိုထိုသော ဥပါယ်တမျည်တို့ဖြင့်။ ပရေသံ၊ သူတပါးတို့ကို။ ဝဉ္စနံ၊ လှည့်ပတ်ခြင်းတည်း။ တတြ၊ ထိုလှည့်ပတ်ခြင်း၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဧကံ၊ တခုသော။ ဝတ္ထု ¹၊ သက်သေတည်း။ ဧကော၊ တယောက်သော။ လုဒ္ဒကော၊ မုဆိုးသည်။ မိဂဉ္စ၊ သမင်ကြီးကိုရင်း။ မိဂပေါတကဉ္စ၊ သမင်ငယ်ကိုရင်း။ ဂဟေတွာ၊ ၍။ အာဂစ္ဆတိ ကိရ၊ လာသတတ်။ တံ၊ ထိုမုဆိုးကို။ ဧကော၊ တယောက်သော။ ဓုတ္တော၊ သူရာကြူးသော ယောကျ်ားသည်။ ဘော၊ အရှင်။ မိဂေါ၊ သမင်ကြီးသည်။ ကိံ အဂ္ဃတိ၊ အဘယ်မျှအဘိုးထိုက်သနည်း။ မိဂပေါတကော၊ သည်။ ကိံ အဂ္ဃတိ၊ နည်း။ ဣတိ၊ ဤသို့။ အာဟ၊ ၏။ မိဂေါ၊ သမင်ကြီးသည်။ ဒွေကဟာပဏော၊ နှစ်သပြာတို့ကို။ အဂ္ဃတိ၊ ထိုက်၏။ မိဂပေါတကော၊ သည်။ ဧကံ ကဟာပဏံ၊ ကို။ အဂ္ဃတိ၊ ၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ သော်။ ဧကံ ကဟာပဏံ၊ ကို။ ဒတ္ဝာ၊ ၍။ မိဂပေါတကံ၊ ကို။ ဂဟေတွာ၊ ၍။ ထောကံ၊ အတန်ငယ်။ ဂန္တွာ၊ ၍။ နိဝတ္တော၊ ပြန်နစ်၍။ ဘော၊ အရှင်။ မေ၊ အား။ မိဂပေါတကေန၊ သမင်ငယ်ဖြင့်။ န အတ္ထော၊ အလိုမရှိ။ မိဂံ၊ သမင်ကြီးကို။ မေ၊ အား။ ဒေဟိ၊ လော။ ဣတိ၊ ဤသို့။ အာဟ၊ ၏။ တေနဟိ၊ ထိုသို့တပြီးကား။ ဒွေကဟာပဏေ၊ တို့ကို။ ဒေဟိ၊ လော။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုလတ်သော်။ သော၊ ထိုသူရာကြူးသောယောကျ်ားသည်။ ဘော၊ အရှင်။ မယာ၊ သည်။ ပဌမံ၊ စွာ။ ဧကော ကဟာပဏော၊ ကို။ တေ၊ သင်အား။ ဒိန္နောနနု၊ ပေးပြီးသည်မဟုတ်လော။ ဣတိ၊ ဤသို့။ အာဟ၊ ၏။ အာမဒိန္နော၊ ပေးပေပြီ။ ဣတိ၊ ဤသို့။ ဝုတ္တော၊ သော်။ ဣမံ မိဂပေါတကံ၊ ကို။ ဂဏှ၊ ယူလော။ ဧဝံ၊ ဤသို့ယူသည်ရှိသော်။ သောစ

---

၁။ ဧကံ ဝတ္ထု ဟူသောစကားဖြင့် အခြားတပါး ဝတ္ထုပေါင်းအများ ရှိသေးသည်ကိုပြ၏။

ကဟာပဏော၊ ထိုအသပြာရင်း။ ကဟာပဏဂ္ဃနကော၊ တသပြာထိုက်သော။ အယဉ္စ မိဂပေါတကော၊ ရင်း။ ဣတိ၊ ဤသို့။ ဒွေကဟာပဏာ၊ တို့သည်။ ဘဝိဿန္တိ၊ ကုန်လတ္တံ့။ ဣတိ၊ ဤသို့။ အာဟ၊ ၏။ သော၊ ထိုမူဆိုးသည်။ (အဒ္ဒါသိဉ္စပ်)။ ကာရုဏာ၊ လျောက်ပတ်သောအကြောင်းကို။ အယံ၊ ဤသူရာကြူးသောယောကျ်ားသည်။ ဝဒတိ၊ ၏။ ဣတိ၊ ဤသို့။ သလ္လက္ခေတွာ၊ ၍။ မိဂပေါတကံ၊ ကို။ ဂဟေတွာ၊ ၍။ မိဂံ၊ သမင်ကြီးကို။ အဒ္ဒါသိ၊ ၏။

နိကတိတိ၊ ဟူသည်ကား။ ပယောဂဝသေနဝါ၊ ပယောဂလုံ့လ၏အစွမ်းအားဖြင့်ရင်း။ မာယာဝသေနဝါ၊မာယာ၏အစွမ်းအားဖြင့်ရင်း။အပါမင်္ဂံ၊ ရွှေခါးကြိုးမဟုတ်သည်ကို။ ပါမင်္ဂန္တိ၊ ရွှေခါးကြိုးဟူ၍။ အမဏိံ၊ ပတ္တမြားမဟုတ်သည်ကို။ မဏိန္တိ၊ ပတ္တမြားဟူ၍။ အသုဝဏ္ဏံ၊ ရွှေမဟုတ်သည်ကို။ သုဝဏ္ဏန္တိ၊ ရွှေဟူ၍။ ကတွာ၊ ၍။ ပတိရူပကေနေဝ၊ အတုကိုပြုသဖြင့်သာလျှင်။ ဝဉ္စနံ၊ လှည့်ပတ်ခြင်းတည်း။ **သာဝိယောဂေါ**တိ၊ ကား။ကုဋိလယောဂေါ၊ ကောက်တကျစ်ပြုခြင်းနှင့်ယှဉ်ခြင်းတည်း။ ဧတံ၊ ထိုသာဝိယောဂဟူသောစကားသည်။ ဧတေသံယေဝဥက္ကောဋနာဒီနံ၊ ထိုတန်စိုးယူခြင်း အစရှိသည်တို့၏။ နာမံ၊ တည်း။ တသ္မာ၊ ကြောင့်။ ဥက္ကောဋနသာဝိယောဂေါ၊ တန်ဖိုးယူ၍ ကောက်သောအမှုနှင့် ယှဉ်ခြင်းရင်း။ ဝဉ္စနသာဝိယောဂေါ၊ ထိုဆိုသောဥပါယ်တမျည်ဖြင့် လှည့်ပတ်ခြင်းတည်းဟူသော ကောက်သောအမှုနှင့်ယှဉ်ခြင်းရင်း။ နိကတိသာဝိယောဂေါ၊ အတုကိုပြု၍လှည့်ပတ်ခြင်းတည်းဟူသော ကောက်သောအမှုနှင့်ယှဉ်ခြင်းရင်း။ ဣတိဝေံ၊ ဤသို့။ ဧတ္ထ၊ ဤဥက္ကောဋန ဝဉ္စနနိကတိသာဝိယောဂေါ ဟူသောပါဌ်၌။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ဥက္ကောဋန ဝဉ္စန နိကတိသာဝိယောဂေါ ကို ဥက္ကောဋနသာဝိယောဂေါစ ဝဉ္စနသာဝိယောဂေါ စ နိကတိသာဝိယောဂေါ စ ဥက္ကောဋန ဝဉ္စန နိကတိ သာဝိယောဂေါဟု သာဝိယောဂ ပုဒ် ကို ရှေ့ပုဒ်တို့၌ လည်းယှဉ်၍ ဒွန်ပြုစေလိုသည်။

ကေစိ၊ အချို့သော ဆရာတို့သည်။ အညံ၊ တပါးကို။ ဒဿေတွာ၊ ၍။ အညဿ၊ တပါးကို။ ပရိဝတ္တနံ၊ ဖလှယ်ခြင်းသည်။ သာဝိယောဂေါ၊ သာ

ဝိယောဂ မည်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ကုန်၏။ တံပန၊ ထိုသို့ဖလယ်ခြင်းကို ကား။ ဝဋ္ဋနေန၊ ဝဋ္ဋနသဒ္ဒါဖြင့်။ (တနည်းကား)ထိုထိုသောဉပါယ်တမျည် ဖြင့် သူတပါးတို့ကို လှည့်ပတ်ခြင်းဖြင့်။ သင်္ဂဟိတံ၊ ရေတွက်အပ်၏။

ဆေဒနာဒီသု၊ တို့၌။ **ဆေဒနန္တိ**၊ ကား။ ဟတ္ထစ္ဆေဒနာဒိ၊ လက်ကိုဖြတ် ခြင်း အစရှိသည်တည်း။ **ဝဓောတိ**၊ ကား။ မာရဏံ၊သတ်ခြင်းတည်း။**ဗန္ဓော** ဟိ၊ ကား။ ရဇ္ဇုဗန္ဓနာဒိဟိ၊ ကြိုးဖြင့်ဖွဲ့ခြင်း အစရှိသည်တို့ဖြင့်။ ဗန္ဓနံ၊ နှောင် ဖွဲ့ခြင်းတည်း။ **ဝိပရာမောသောတိတ္တေ**၊ ၌။ ဟိမဝိပရာမောသော၊ ဆီးနှင်း ဖြင့်ဖုံးကွယ်၍ လုယက်ခြင်းရင်း။ ဂုမ္ဗဝိပရာမောသော၊ ချုံဖြင့်ဖုံးကွယ်၍ လုယက်ခြင်းရင်း။ ဣတိ၊ ဤသို့။ ဝိပရာမောသော၊ လုယက်ခြင်းသည်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ (ဟိကား ဝိတ္ထာရဇောတက)။ ဟိမပါတ သမယေ၊ ဆီးနှင်းကျသောအခါ၌။ ဟိမေန၊ ဆီးနှင်းဖြင့်။ ပဋိစ္ဆန္နာ၊ ဖုံးကွယ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ မဂ္ဂပ္ပဋိပန္နံ၊ ခရီးသွားသော။ ဇနံ၊ လူအပေါင်းကို။ ယံမုသန္တိ၊ အကြင်ကြောင့် လုယက်ကုန်၏။ အယံ၊ ဤသို့လုယက်ခြင်းသည်။ **ဟိမဝိပရာမောသော**၊ ဆီးနှင်းဖြင့် ဖုံးကွယ်၍ လုယက်ခြင်းမည်၏။ ဂုမ္ဗာဒိဟိ၊ ချုံအစရှိသည်တို့ဖြင့်။ ပဋိစ္ဆန္နာ၊ ဖုံးကွယ်ကုန်သည်။ ဟုတွာ၊ ၍။ မဂ္ဂပ္ပဋိပန္နံ၊ သော။ ဇနံ၊ ကို။ ယံမုသန္တိ၊ ကုန်၏။ အယံ၊ ဤသို့လုယက်ခြင်းသည်။**ဂုမ္ဗဝိပရာမောသော**၊ချုံဖြင့်ဖုံးကွယ် ၍ လုယက်သည်မည်၏။ ဂါမ နိဂမာဒီနံ၊ ရွာ နိဂုမ်းအစရှိသည်တို့ကို။ ဝိလောပကရဏံ၊ဖျက်ဆီးခြင်းကိုပြုခြင်းကို။**အာလောပေ**၊အာလောပဟူ၍။ ဝုစ္စတိ၊ ၏။ **သာဟသာကာရောတိ**၊ ကား။သာဟသိကကြိယာ၊အနိုင်အထက် နှိပ်စက်ခြင်းကိုပြုခြင်းတည်း။ ဂေဟံ၊ သို့။ ပဝိသိတွာ၊ ဝင်၍။ မနုဿာနံ၊ တို့၏။ ဥရေ၊ ရင်၌။ သတ္ထံ၊ ဒါးလက်နက်ကို။ ဌပေတွာ၊ ၍။ ဣစ္ဆိတဘဏ္ဍာ နံ၊ လိုအပ်သောဘဏ္ဍာတို့ကို။ ဂဟဏံ၊ ယူခြင်းတည်း။ ဧဝံ၊ ဤသို့။တသ္မာ ဆေဒနာ၊ ထိုသို့လက်ကိုဖြတ်ခြင်း အစရှိသည်မှ ။ပ။ တသ္မာ သာဟသာ ကာရာ၊ ထိုသို့အနိုင်အထက်ပြုခြင်းမှ။ ဂေါတမော၊ ဂေါတမအနွယ်ဖြစ် သော။ သမဏော၊ သည်။ ပဋိဝိရတော၊ ၏။ ဣတိ၊ ဤသို့။ ဝဒေယျ၊ ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣတိဝါသီလေန၊ ဤသို့သီလဖြင့်လည်း။ ပုထုဇ္ဇနော၊ သည်။ တထာဂတဿ၊ ၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဝဒမာနော၊ ချီးမွမ်းသည်

ဖြစ်၍။ ဝဒေယျ၊ ၏။ ဣတိ၊ ဤသို့။ တွောဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ စူဠသီလံ၊ စူဠသီလမည်သည်။ နိဋ္ဌိတံ၊ ပြီးသည်။ ဟောတိ၊ ၏။

စူဠသီလဝဏ္ဏနာ ပြီး၏။

---

## မဇ္ဈိမသီလဝဏ္ဏနာ

၁၁။ စူဠသီလံ၊ စူဠသီလကို။ ဝိတ္ထာရေတွာ၊ ချဲ့ပြီး၍။ (ဤကား ပုဗ္ဗာနုသန္ဓေထုတ်သည်။ ဣဒါနိ၊ ၌။ မဇ္ဈိမသီလံ၊ မဇ္ဈိမသီလကို။ ဝိတ္ထာရေန္တော၊ ချဲ့တော်မူလိုသည်။ ဟုတွာ၊ ၍။ **ယထာဝါ ပနေကေ ဘောန္တောတိအာဒိံ**၊ ဤသို့အစရှိသောပါဌ်ကို။ ဘဂဝါ၊ သည်။ အာဟ၊ ပြီ။ တတ္ထ၊ ထိုယထာဝါ ပနေကေ ဘောန္တော အစရှိသောပါဌ်၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ အနုတ္တာနပဒဝဏ္ဏနာ၊ မထင်ရှားသောပုဒ်တို့၏ အဖွင့်တည်း။ **သဒ္ဓါဒေယျာနီ**တိ၊ ကား။ ကမ္မဉ္စ၊ ကံကိုရင်း။ ဖလဉ္စ၊ ကံ၏အကျိုးကိုရင်း။ ဣဓလောကဉ္စ၊ ဤပစ္စုပ္ပန်ဘဝကိုရင်း။ ပရလောကဉ္စ၊ တမလွန်ဘဝကိုရင်း။ သဒ္ဒဟိတွာ၊ ယုံကြည်၍။ ဒိန္နာနိ၊ ပေးကမ်းကုန်သောအလှူတို့ကို။ အယံ၊ ဤသူသည်။ မမ၊ ငါ၏။ ဉာတိ၊ အဆွေအမျိုးတည်း။ ဣတိဝါ၊ ဤသို့ရင်း။ မိတ္တော၊ အဆွေခင်ပွန်းတည်း။ ဣတိဝါ၊ ရင်း။ မေ၊ ၏။ ဣဒံကမ္မံ၊ ဤအမှုကို။ ပဋိကရိဿတိ၊ ပြုလတ္တံ့။ ဣတိဝါ၊ သို့ရင်း။ တေန၊ ထိုသူသည်။ ဣဒံ၊ ဤအမှုကို။ ကတပုဗ္ဗံ၊ ပြုဘူးလေပြီ။ ဣတိဝါ၊ ရင်း။ ဧဝံ၊ ဤသို့။ နဒိန္နာနိ၊ မလှူအပ်ကုန်။ ဣတိအယံ၊ သည်လျှင်။ အတ္ထော၊ တည်း။ **ဟိ-တဒေဝသစ္စံ**၏။ ဧဝံ၊ ဤသို့။ ဒိန္နာနိ၊ ပေးအပ်ကုန်သော အလှူတို့သည်။ သဒ္ဓါဒေယျာနိနာမ၊ သဒ္ဓါ၌လှူသည်မည်ကုန်သည်။ န ဟောန္တိ၊ ကုန်။ **ဘောဇနာနိ**တိတော၊ သည်။ ဒေသနာသီသမတ္တံ၊ ဒေသနာကို အရင်းပြုကာမျှသာ။ (ပဓာနပြုကာမျှလည်းဟူ)။

ဆရာ-ဒေသနာသီသမတ္တံဟု ဆို၏။ ထိုသို့ ဒေသနာသီသ ဖြစ်သည်ရှိသော် ထိုဘောဇနာနိ ဟူသောပါဌ်ဖြင့် အဘယ်ကိုလျှင် ပြအပ်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အတ္ထတောပန

။ပ။ ဝုတ္တာမေဝဟောတိ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား-

အတ္ထတောပန၊ အားဖြင့်ကား။ သဒ္ဓါဒေယျာနိ၊ သဒ္ဓါ၍လှူအပ်ကုန်သော။ ဘောဇနာနိ၊ ဘောဇဉ်တို့ကို။ ဘုဉ္ဇိတွာ၊ စား၍။ စီဝရာနိ၊ တို့ကို။ ပါရုပိတွာ၊ ရုံ၍။ သေနာသနာနိ၊ ကျောင်းအိပ်ရာနေရာတို့ကို။ သေဝမာနာ၊ မှီဝဲကုန်သည်ဖြစ်၍။ ဂိလာနဘေသဇ္ဇံ၊ သူနာဆေးကို။ ပရိဘုဉ္ဇမာနာ၊ သုံးဆောင်ကုန်သည်ဖြစ်၍။ ဣတိ၊ ဤသို့။ သဗ္ဗံ၊ အလုံးစုံသော။ ဧတံဝစနံ၊ ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ၏။

သေယျထိဒန္တိ ဧသောသဒ္ဒေါ၊ သေယျထိဒံဟူသော ဤသဒ္ဒါသည်။ နိပါတော၊ တည်း။ တဿ၊ ထိုသေယျထိဒံဟူသောပုဒ်၏။ အတ္ထော၊ ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ ယဿ၊ အကြင်ဗီဇဂါမ် ဘူတဂါမ်ကို။ သမာရမ္ဘံ၊ ဖျက်ဆီးခြင်းကို။ အနုယုတ္တာ၊ လုံ့လပြုကုန်လျက်။ ဝိဟရန္တိ၊ နေကုန်၏။ သောဗီဇဂါမဘူတဂါမော၊ ထိုဗီဇဂါမ် ဘူတဂါမ်သည်။ ကတမော၊ နည်း။ ဣတိအယံအတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ တတော၊ မှ။ တံ၊ ထိုဗီဇဂါမ် ဘူတဂါမ်ကို။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ မူလဗီဇန္တိ အာဒိံ၊ မူလဗီဇံ အစရှိသောပါဌ်ကို။ အာဟ၊ ပြီ။ တတ္ထ၊ ထိုမူလဗီဇံ အစရှိသောပါဌ်၌။ မူလဗီဇံနာမ၊ အမြစ်မျိုးစေ့မည်သည်ကား။ ဟလိဒ္ဒိ၊ နနွင်း။ သိင်္ဂိဝေရံ၊ ချင်း။ ပစံ၊ လင်းနေ။ ဝစတ္တံ၊ ဆိတ်ဖူး။ အတိဝိသံ၊ တိဝုတ်။ ကဋုကရောဟိနီ၊ ဆောင်မေခါး။ ဥသီရံ၊ ပန်းရင်း။ ဘဒ္ဒမုတ္တကံ၊ နွားမြေရင်း။ ဣတိဝေမာဒိ၊ ဤသို့အစရှိသည်တည်း။ ခန္ဓဗီဇံနာမ၊ ပင်စည်မျိုးစေ့မည်သည်ကား။ အဿတ္ထော၊ ညောင်ဗုဒ္ဓဟေ။ နိဂြောဓော၊ ပညောင်။ မိလက္ခု၊ ညောင်ကျစ်။ ဥဒုမ္ဗရော၊ ရေသဖန်း။ ကစ္ဆကော၊ ဖအောင်း။ ကပိတ္ထနော[၁]၊ သီး။ ဣတိဝေမာဒိ၊ ဤသို့ အစရှိသည်တည်း။ ဖလုဗီဇံနာမ၊

၁။ ကပိတန-က။ နိဿယဆရာတော်ကား သီး-ဟု အနက်ပြန်သည်။ သီး-ဟောဖြစ်မူ ကပိတ္ထ ဟုသာရှိသင့်၏၊ ညောင်ချဉ်-ဟောဖြစ်မူ ကပိတနသာရှိသင့်သည်။ ဤကပိတန-ဟော ညောင်ချဉ်သည် ညောင်ဗောဓိနှင့် အသွင်တူ၏။ သို့သော်လည်း ညောင်ဗောဓိမှာ အပွင့်မပွင့်၊ ဤသစ်ပင်မှာကား ရှုံးပတီပွင့်နှင့်

အဆစ်မျိုးစေ့မည်သည်ကား။ ဥစ္ဆု၊ ကြံ။ နဠော၊ ကျူ။ ဝေဠု၊ ဝါး။ ဣတိ ဧဝမာဒိ၊ တည်း။ အဂ္ဂဗီဇံနာမ၊ အညွန့်မျိုးစေ့မည်သည်ကား။ အဇ္ဇကံ၊ ကံညို့။ ဖဏိဇ္ဇကံ၊ ရုံးနီ။ (ပင်စိမ်းလည်းဟူ၏)။ ဟိရိဝေရံ၊ မုလာ။ ဣတိ ဧဝမာဒိ၊ တည်း။ ဗီဇဗီဇံနာမ၊ အစေ့မျိုးစေ့မည်သည်ကား။ ပုဗ္ဗဏ္ဏံ၊ စပါး။ အပရဏ္ဏံ၊ ပဲ။ ဣတိဧဝမာဒိ၊ တည်း။

စပါး ပဲ အစရှိသည်ကို ဗီဇဂါမ်ယူပြီ၊ ထိုစပါး ပဲ အစရှိသည်ကို အပင်မှ မကင်းသေးသော်လည်း ဗီဇဂါမ်ဟူ၍ ဆိုအပ်သလောဟု သူ စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ဖြေတော်မူခြင်းငှာ သဗ္ဗံ ပေတံ ။ပ။ဝုစ္စတိ ဟူသောပါဠ်ကို မိန့်သတည်း။ ထိုပါဠ်၏အတ္ထကား-

**ဟိ တဒေဝ သစ္စံ၊** ၏။ ဧတံသဗ္ဗံ၊ ထိုစပါးအစရှိသော အလုံးစုံကို။ရုက္ခတော၊ အပင်မှ။ ဝိယောဇိတံ၊ ကွာပြီးသည်ဖြစ်၍။ ဝိရူဟနသမတ္ထမေဝ၊ တဖန် ရောက်ခြင်းငှာ စွမ်းနိုင်သောမျိုးစေ့ကိုသာလျှင်။ ဗီဇဂါမောတိ၊ ဗီဇဂါမ် ဟူ၍။ ဝုစ္စတိ၊ ၏။ ရုက္ခတော၊ မှ။ (ပနသဒ္ဒါကား ဝိသေသတ္ထဇောတက နိပါတ်ပုဒ်တည်း)။ အဝိယောဇိတံ၊ ပကွာသေးသော။ အသုက္ခံ၊ မခြောက် သေးသော။ ပုဗ္ဗဏ္ဏာဒိ၊ စပါးစသည်ကို။ ဘူတဂါမောတိ၊ ဘူတဂါမ်ဟူ၍။ ဝုစ္စတိ၊ ၏။ တတ္ထ၊ ထိုဗီဇဂါမ် ဘူတဂါမ်တို့တွင်။ ဘူတဂါမသမာရမ္ဘော၊ ဘူတဂါမ်ကို ဖျက်ဆီးခြင်းကို။ ပါစိတ္တိယ ဝတ္ထုံတိ၊ ပါစိတ်၏အကြောင်း ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ ဗီဇဂါမသမာရမ္ဘော၊ ကို။ ဒုက္ကဋဝတ္ထုံတိ၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။

## သန္နိဓိကာရပရိဘောဂအဖွင့်

၁၂။ **သန္နိဓိကာရပရိဘောဂန္တိ၊** ကား။ သန္နိဓိကတဿ၊ သိုမှီးခြင်းကို ပြုအပ်ပြီးသော ဘောဇဉ်ကို။ ပရိဘောဂံ၊ သုံးဆောင်ခြင်းကို။ တတ္ထ၊

---

တူသောအဖွင့်များပွင့်၏ဟု ဆေးကျမ်း၌ဆို၏။ 'သိ-ဋီသစ်၌ကား ကပိတ္ထနော့တိ အမ္ဗိလက်ရလော သေတရုက္ခော၊ သောဟိ ကမ္ပတိစလတိတိ ကပိထနော ထန ပဋ္ဌယေန၊ ကပီတိဝါ မဏ္ဍကော၊ တဿ ထနသဒိသံဖလံ ယဿာတိ ကပိတ္ထနော၊ ကပိတ္ထနောတိ ပိပ္ပလိရုက္ခောတိပိ (၁-၂၀၄) ဝိသုဒ္ဓိမဂ္ဂဋီကာယံ ဝုတ္တံ ဟုဆို၏။ ဝိသုဒ္ဓိမဂ်ဋီကာအလို ညောင်ကြပ်ပင်ဟု' ဆိုလို၏။

ထိုသန္နိမိကာရပရိဘောဂံ-ဟူသောပုဒ်၌။ ကထာ၊ စကားသည်။ ဝိနယ ဝသေနစ၊ ဝိနည်း၏အစွမ်းအားဖြင့်၎င်း။ သလ္လေခဝသေနစ၊ ခေါင်းပါး ခြင်း၏အစွမ်းအားဖြင့်၎င်း။ ဒုဝိဓာ၊ နှစ်ပါးအပြားရှိ၏။ ဝိနယဝသေန၊ အားဖြင့်။ (တာဝသဒ္ဒါကား ဝတ္တဗ္ဗန္တရာပေက္ခတည်း)။ ယံကိဉ္စိ၊ သော။ အဇ္ဈ၊ ယနေ့။ ပဋိဂ္ဂဟိတံ၊ အကပ်ခံပြီးသော။ အန္နံ၊ အစာသည်။ အပရဇ္ဇု၊ နက်ဖန်၌။ သန္နိဓိကာရကံ၊ သိုမှီးခြင်းကိုပြုပြီးသည်မည်သည်။ ဟောတိ၊ ၏။ တဿ၊ ထိုသိုမှီးပြီးသောအစာကို။ ပရိဘောဂေ၊ စားခြင်းကြောင့်။ ပါစိတ္တိ ယံ၊ သည်။ ဟောတိ၊ ၏။ အတ္တနာ၊ သည်။လဒ္ဓံရအပ်သော ယာဝကာလိက ဝတ္ထုကို။ သာမဏေရာနံ၊ တို့အား။ ဒတွာပန၊ ပေး၍။ တေဟိ၊ ထိုသာမဏေ တို့သည်။ လဒ္ဓံ၊ ရအပ်သော ယာဝကာလိကဝတ္ထုကို။ ဌပါပေတွာ၊ ထားစေ ၍။ ဒုတိယဒိဝသေ၊ နှစ်ရက်မြောက်သောနေ့၌။ ဘုဉ္ဇိတုံ၊စားခြင်းငှာ။ဝဋ္ဋတိ၊ အပ်၏။

အဓိပ္ပါယ်ကား-မိမိ၏ အကပ်ခံပြီးသော ယာဝကာလိက ဝတ္ထုကို သာမဏေတို့အား နိရပေက္ခစွန့်၍ ထိုဝတ္ထုကိုပင် သာမဏေတို့က တဖန်ကပ်ပြန်သည်ရှိသော် ထိုယာဝကာလိကကို စားခြင်းငှာအပ်၏ ဟူလိုသော်။

သလ္လေခေါပန၊ သလ္လေခသည်ကား။ နဟောတိ၊ မဖြစ်။ (အာပတ်မူကား မသင့်ဟူလိုသည်)။

ပါနသန္နိဓိမ္ပိ၊ အဖျော်ကိုသိုမှီးရာ၌လည်း။သေဝနယော၊ဤနည်းအတူ တည်း။ တတ္ထ၊ ထိုအဖျော်ကိုသိုမှီးရာ၌။ ပါနံနာမ၊ အဖျော်မည်သည်ကား။ အမ္ဗပါနာဒီနိ၊ သရက်သီးအဖျော် အစရှိကုန်သော။ အဋ္ဌပါနာနိ၊ ရှစ်ပါး သော အဖျော်တို့တည်း။ တေသံ၊ ထိုရှစ်ပါးသောအဖျော်တို့အား။ အနု လောမာနိ၊ လျော်ကုန်သော။ ယာနိစ ပါနာနိ၊ တို့သည်လည်း။ သန္တိ၊ ကုန်၏။ တေသံ၊ ထိုအနုလောမအဖျော်တို့၏။ ဝိနိစ္ဆယော၊ ကို။ သမန္တ ပါသာဒိကာယံ ၊ သမန္တပါသာဒိက အမည်ရှိသော ဝိနည်းအဋ္ဌကထာ၌။ အမ္မေဟိ၊ ငါတို့သည်။ ဝုတ္တော၊ ဆိုအပ်ပြီ။

---

၁။ ၆-၄ ၃-၃၀၃။

ဝတ္ထုသန္နိဓိမှ၊ ပုဆိုးကိုသိုမှီးခြင်းမှ။ အနုဝိဋ္ဌိတံ၊ အဓိဋ္ဌာန်မတင်သော။ အဝိကပ္ပိတံ၊ ဝိကပ္ပနာမပြုသော။ ဝတ္ထံ၊ ပုဆိုးသည်။ သန္နိဓိစ၊ သန္နိဓိသည်လည်း။ ဟောတိ၊ ၏။ သလ္လေခဥ္စ၊ သလ္လေခကိုလည်း။ ကောပေတိ၊ ပျက်စေ၏။ အယံ၊ ဤစကားသည်။ ပရိယာယကထာ၊ ဥပစာရစကားတည်း။ နိပ္ပရိယာယတောပန၊ ဆတ်ဆတ်အားဖြင့်ကား။ တိစီဝရသန္တုဋ္ဌေန၊ သုံးထည်သောသင်္ကန်းဖြင့် ရောင့်ရဲလွယ်သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ စတုတ္ထံ၊ လေးထည်မြောက်သောသင်္ကန်းကို။ လဘိတွာ၊ ၍။ အညဿ၊ တပါးသောရဟန်းအား။ ဒါတဗ္ဗံ၊ ၏။ ယဿ ကဿစိ၊ အမှတ်မရှိသောရဟန်းအား။ ဒါတုံ၊ ပေးခြင်းငှာ။ သစေနသက္ကောတိ၊ မစွမ်းနိုင်အံ့။ ဝေံ၊ ဤသို့မစွမ်းနိုင်သည်။ သတိ၊ သော်။ ယဿပန၊ အကြင်ရဟန်းအားကား။ ဒါတုကာမော၊ ပေးခြင်းငှာ အလိုရှိသည်။ ဟောတိ၊ ၏။ သောဘိက္ခု၊ သည်။ ဥဒ္ဒေသတ္ထာယဝါ၊ ပါဠိသင်အံ့သောငှာရင်း။ ပရိပုစ္ဆတ္ထာယဝါ၊ အဋ္ဌကထာသင်အံ့သောငှာရင်း။ ဂတော၊ သွားလေအံ့။ အာဂတမတ္တော၊ ရောက်ကာမျှ။ ဒါတဗ္ဗံ၊ ၏။ အဒါတုံ၊ မပေးအံ့သောငှာ။ နဝဋ္ဋတိ၊ မအပ်။ စီဝရေ၊ သည်။ အပ္ပဟောန္တေပန၊ မလောက်သော်ကား။ ပစ္စာသာယ၊ သင်္ကန်းလျှောရှိုးခြင်းသည်။ သတိယာ၊ ရှိမူကား။ အနုညာတကာလေ၊ ဘုရားခွင့်ပြုတော်မူသော ကာလပတ်လုံး။ ဌပေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ (တလပတ်လုံးအဓိဋ္ဌာန်ဝိကပ္ပနာ မပြုမူ၍ ထားအပ်၏ ဟူလိုသော်)။ သူစိသုတ္တ စီဝရ ကာရကာနံ၊ အပ်ချည် သင်္ကန်းကို စီရင်တတ်သော သူတို့ကို။ အလာဘေန၊ မရခြင်းကြောင့်။ တတော၊ ထိုကလထက်။ ပရံပိ၊ လည်း။ ဝိနယကမ္မံ၊ ဝိနည်းကံကို။ ကတွာ၊ ၍။ ဌပေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

ဝိနည်းကံကို ပြု၍ ထားဟူသည်ကား အဓိဋ္ဌာန်သော်လည်း တင်၍ ဝိကပ္ပနာသော်လည်းပြု၍ ထားဟူလိုသည်။

ဣမဿိံ၊ ဤသင်္ကန်းသည်။ ဇိဏ္ဏော၊ ဆွေးမြေ့သည်ရှိသော်။ ပုန၊ တဖန်။ ဤဒိသံ၊ ဤကဲ့သို့သော သင်္ကန်းကို။ ကုတော၊ အဘယ်မှ။ လဘိဿာမိ၊ ရအံ့နည်း။ ဣတိပန၊ သို့ကား။ ဌပေတုံ၊ ငှာ။ နဝဋ္ဋတိ၊ မအပ်။ (တိစီဝရိက်ဆောင်သော ရဟန်းကိုရည်သည်)။ သန္နိဓိစ၊ သည်လည်း။ ဟောတိ၊ ၏။ သလ္လေခဥ္စ၊ ကိုလည်း။ ကောပေတိ၊ ပျက်စေ၏။

**ယာနသန္နိဓိမှိ၊** ယာဉ်ကို သိုမှီးရာ၌။ ယာနံနာမ၊ ယာဉ်မည်သည်ကား။ ဝယှံ၊ ပေါင်းကုပ်။ ရထော၊ ရထား။ သကဋံ၊ လှည်း။ သန္ဒမာနိကာ၊ အမိုးမိုးသောရထား။သိဝိကာ၊ထမ်းစင်။ ပါဋင်္ကီ၊ သံလျှင်း။ ဣတိဧတံ၊ ဤအလုံးစုံသည်။ ပဗ္ဗဇိတဿ၊ ၏။ နယာနံ၊ ယာဉ်မဟုတ်။ (ထိုပေါင်းကုပ် အစရှိသော ယာဉ်သည် မနာသောရဟန်းအား စီးခြင်းငှာမအပ် ဟူလိုသည်)။ ဥပါဟနာပန၊ ဘိနပ်သည်ကား။ ပဗ္ဗဇိတဿ၊ ၏။ ယာနမေဝ၊ ယာဉ်သာလျှင်တည်း။ (ရဟန်းတို့အားအပ်သောယာဉ်ဟူလိုသည်) (ဟိကား ဝိတ္ထာရတည်း)။ ဧကဿ၊ တယောက်သော။ ဘိက္ခုဿ၊ အား။ ဧကော၊ တခုသောဘိနပ်သည်။ အရညတ္ထာယ၊ တောသွားရန်အလို့ငှာ။ ဧကော၊ တခုသောဘိနပ်သည်။ ဓောတပါဒကတ္ထာယ၊ ဆေးသောခြေကို မှူမတင်စေခြင်းငှာ။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဥက္ကံသတော၊ အလွန်အားဖြင့်။ ဒွေ၊ နှစ်ခုကုန်သော။ ဥပါဟနသင်္ဃာဋာ၊ ဘိနပ်အပေါင်းတို့သည်။ ဝဋ္ဋန္တိ၊ ကုန်၏။ တတိယံ၊ သုံးခုမြောက်သော ဘိနပ်ကို။ လဘိတွာ၊ ရ၍။ အညဿ၊ တပါးသောရဟန်းအား။ ဒါတဗ္ဗော၊ အပ်၏။ ဣမသ္မိံ၊ ဤဘိနပ်သည်။ ဇိဏ္ဏေ၊ ဆွေးမြေ့သည်ရှိသော်။ အညံ၊ တပါးသော ဘိနပ်ကို။ ကုတော၊ အဘယ်မှ။ လဘိဿာမိ၊ ရအံ့နည်း။ ဣတိ၊ ဤသို့။ ဌပေတုံ၊ ငှာ။ နဝဋ္ဋတိ၊ မအပ်။

န ဝဋ္ဋတိဟူသော ဤစကားကို သုတ္တန်နည်းအားဖြင့် ဆိုသတည်း။ဝိနည်းဒေသနာနည်းအားဖြင့်ကား လူရေကိုထား၍ များစွာသော ဘိနပ်သည်လည်း အပ်၏။

သန္နိဓိစ၊ သည်လည်း။ ဟောတိ၊ ၏။ သလ္လေခဉ္စ၊ ကိုလည်း။ ကောပေတိ၊၏။

**သယနသန္နိဓိမှိ၊** အိပ်ရာကိုသိုမှီးရာ၌။ **သယနန္တိ၊** ကား။ မဉ္စော၊ ညောင်စောင်းတည်း။ ဧကဿ၊ သော။ ဘိက္ခုနော၊ အား။ ဧကော၊ တခုသောညောင်စောင်းသည်။ ဂဗ္ဘေ၊ တိုက်၌။ ဟောတိ၊ ၏။ ဧကော၊ သည်။ ဒိဝါဌာနေ၊ နေ့သန့်ရာ၌။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဥက္ကံသတော၊ အလွန်အားဖြင့်။ ဒွေမဉ္စာ၊ တို့သည်။ ဝဋ္ဋန္တိ၊ ကုန်၏။ တတော၊ ထိုနှစ်ခုတို့ထက်။ ဥတ္တရိ၊ အလွန်။ လဘိတွာ၊ ၍။ အညဿ၊ သော။ ဘိက္ခုနော ဝါ၊အားငင်း။

ဂဏာသာဝ ါ၊ ဂိုဏ်းအားရင်း။ ဒါတဗ္ဗော၊ ၏။ အဒ ါတုံ၊ မပေးခြင်းငှာ။န ဝဋ္ဋတိ၊ မအပ်။

အဒါဝံ နဝဋ္ဋတိ ဟူသောစကားကို အယုတ္တအားဖြင့်သာ ဆိုသတည်း။ အာ တ်သင့်သောကြောင့် ဆိုသည်မဟုတ်ဟု မှတ်လေ။

သန္နိဓိစ၊ သည်လည်း။ဟောတိ၊ ၏။ သလ္လေခဋ္ဌ၊ ကိုလည်း။ကောပေတိ၊ ၏။

**ဂန္ဓသန္နိဓိမှို၊** နံ့သာကို သိုမှီးရာ၌။ ဘိက္ခုနော၊ အား။ ကဏ္ဍုကစ္ဆုဆ္ဆဝိ ရောဂါဒိ အာဗာဓေ၊ ပွေး ဝဲ အရေခြောက်အစရှိသော အနာသည်။ သတိ၊ သော်။ ဂန္ဓာ၊ နံ့သာတို့သည်။ ဝဋ္ဋန္တိ၊ ကုန်၏။ တေဂန္ဓေ၊ တို့ကို။ အာဟ ရာပေတွာ၊ ဆောင်စေ၍။ တသ္မိံ ရောဂေ၊ ထိုအနာသည်။ ဝူပသန္တေ၊ ငြိမ်း သည်ရှိသော်။ အညေသံ၊ ကုန်သော။ အာဗာဓိကာနံဝ ါ၊ အနာရှိသောသူ တို့အားလည်း။ ဒါတဗ္ဗာ၊ ကုန်၏။ ဒွါရေဝ ါ၊ ၌ရင်း။ ပဉ္စင်္ဂုလိဃရစူပနာ ဒီသုဝ ါ၊လက်ငါးချောင်းဖြင့်ကျောင်းကို လိမ်းကျံခြင်းအစရှိသည်တို့၌ရင်း။ ဥပနေတဗ္ဗာ၊ဆောင်အပ်ကုန်၏။ပုန၊ တဖန်။ရောဂေ၊ သည်။ သတိ၊ သော်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိပန၊ ဤသို့ကား။ဌပေတုံ၊ ငှာ။ နဝဋ္ဋတိ၊ မအပ်။ ဂန္ဓသန္နိဓိစ၊ သည်လည်း။ ဟောတိ၊ ၏။ သလ္လေခဋ္ဌ၊ ကိုလည်း။ ကောပေတိ၊ ၏။

**အာမိသန္တိ၊** ကား။ ဝုတ္တာဝသေသံ၊ ပါဠိတော်၌ဆိုအပ်ပြီးသည်မှ ကြွင်း သောအစာကို။ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဣဒံတာနိ ဘောဇနာနိ၊ ထိုပါဠိတော်၌ ဆိုပြီးသည်မှကြွင်းသော အစာဟူသည်တို့ကား။ သေယျထာ ကတမာနိ၊ အဘယ်တို့နည်း ဟူမူကား။ ဣဓ၊ ဤလောက၌။ ကေစ္စော၊ အချို့သော။ ဘိက္ခု၊ သည်။ တထာရူပေ၊ ထိုနှမ်းဆန်အစရှိသည်ကို သုံးဆောင်ခြင်း အား လျောက်ပတ်သော။ ကာလေ၊ ၌။ ဥပကာရာယ၊ကျေးဇူးပြုခြင်းငှာ။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ ဤသို့။ တိလ တဏ္ဍုလ မုဂ္ဂ မာသ နာဠိကေရ လောဏမစ္ဆ မံသ ဝလ္လူရ သပ္ပိ တေလ ဂုဠဘာဇနာဒီနိ၊ နှမ်း ဆန် ပဲ နောက် ပဲလွန်း အုန်းသီး ဆားနည်းသောငါးခြောက် အမဲခြောက် ထော ပတ် ဆီ တင်လဲအိုး အစရှိသည်တို့တည်း။ တာနိ၊ ထိုနှမ်း ဆန် စသည် တို့ကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ဌပေတိ၊ ၏။ သောဘိက္ခု၊ ထို

ရဟန်းသည်။ ဝဿကာလေ။ မိုဃ်းကာလ၌။ ကာလဿဝ၊ စောစော ကလျှင်။ သာမဏေရေဟိ၊ တို့ကို။ ယာဂုံ၊ ယာဂုကို။ ပစာပေတွာ၊ ချက် စေ၍။ ပရိဘုဉ္ဇိတွာ၊ စား၍။သာမဏေရ၊သာမဏေ၊ ဥဒက ကဒ္ဒမေ၊ ရေညွန် ရှိသောအခါ၌။ ဂါမံ၊ သို့။ ပဝိသိတုံ၊ ဝင်ခြင်းငှာ။ ဒုက္ခံ၊ ဆင်းရဲစွာ၏။ အသုကကုလံ၊ ဤမည်သောအမျိုးသို့။ ဂန္တွာ၊ ၍။ မယှံ၊ ၏။ ဝိဟာရေ၊ ကျောင်း၌။ နိသိန္နဘာဝံ၊ နေသောအဖြစ်ကို။ အာရောစေဟိ၊ ကြားလေ လော။ အသုကကုလတော၊ ဤမည်သောအမျိုးမှ။ ဒမိအာဒိနိ၊ နို့ဓမ်း အစရှိသည်တို့ကို။ အာဟရ၊ ဆောင်ချေ။ ဣတိ၊ ဤသို့။ ပေသေသိ၊ စေ၏။ ဘိက္ခူဟိ၊ တို့သည်။ ဘန္တေ၊ အရှင်ဘုရား။ ကိံ၊ အဘယ်သို့နည်း။ ဂါမံ၊ သို့။ ပဝိသိဿထ၊ ဝင်ကုန်အံ့လော။ ဣတိ၊ ဤသို့။ ဝုတ္တေပိ၊ ဆိုသော်လည်း။ အာဝုသော၊ ငါ့ရှင်တို့။ ဣဒါနိ၊ ၌။ ဂါမော၊ သည်။ ဒုပ္ပဝေသော၊ ဝင်နိုင် ခဲ၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ၏။ တေ၊ ထိုသာမဏေတို့သည်။ ဘန္တေ၊ အရှင်ဘုရား။ ဟောတု၊ ထိုသို့မူလည်းဖြစ်စေ။ တုမှေ၊ တို့သည်။ အစ္ဆထ၊ နေကုန်လော။ မယံ၊ တို့သည်။ ဘိက္ခံ၊ ကို။ ပရိယေသိတွာ၊ ၍။အာဟ ရိဿာမ၊ ဆောင်ကုန်အံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ ၍။ ဂါမံ၊ သို့။ဂစ္ဆန္တိ၊ သွားကုန်၏။ အထပစ္ဆာ၊ မှ။ သာမဏေရော၊ သည်။ ဒမိအာဒိနိ၊ နို့ဓမ်း အစရှိသည်တို့ကို။အာဟရိတွာ၊ ၍။ ဘတ္တဥ္စ၊ဆွမ်းကိုငှင်း။ဗျဉ္ဇနဥ္စ၊ဟင်းလျာ ကိုငှင်း။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ ဥပနေတိ၊ ဆောင်၏။ တံ၊ ထိုဆွမ်းကို။ ဘုဥ္ဇန္တဿဝ၊ စားလျက်လျှင်။ ဥပဋ္ဌာကာ၊ အလုပ်အကျွေးတို့သည်။ ဘတ္တံ၊ ဆွမ်းကို။ ပဟိဏန္တိ၊ ပို့ကုန်၏။ တတောပိ၊ ထိုအလုပ်အကျွေးတို့သည် ပို့သောဆွမ်းမှလည်း။ မနာပံ မနာပံ၊ ကောင်းနိုးရာ ကောင်းနိုးရာကို။ ဘုဉ္ဇတိ၊ ၏။ အထပစ္ဆာ၊ ထိုနောင်မှ။ ဘိက္ခူ၊ တို့သည်။ ပိဏ္ဍပါတံ၊ကို။ ဂဟေတွာ၊ ၍။ အာဂစ္ဆန္တိ၊ လာကုန်အံ့။ တတောပိ၊ ထိုဆွမ်းမှလည်း။ မနာပံ မနာပံ၊ ကို။ ဂိဝါယာမကံ၊ လည်ကိုဆန့်၍။ဘုဉ္ဇတိယေဝ၊စားသလျှင် ကတည်း။ဝေံ၊သို့။ စတုမာသမ္ပိ၊ လေးလကိုလည်း။ ဝီတိနာမေတိ၊ လွန် စေ၏။ အယံဘိက္ခု၊ ကို။ မုဏ္ဍကုဋုမ္ဗိကဇီဝိကံ၊ ဦးပြည်းသူကြွယ်၏ အသက်မွေးခြင်းကို။ ဇီဝတီတိ၊ အသက်မွေး၏ဟူ၍။ ဝုစ္စတိ၊ ၏။ သမဏ ဇီဝိကံ၊ ရဟန်း၏ အသက်မွေးခြင်းကို။ ဇီဝတီတိ၊ အသက်မွေး၏ဟူ၍။

နဝုစ္စတိ၊ မဆိုအပ်။ ဝေရူပေါ၊ ဤသို့သဘောရှိသော။ ဘိက္ခု၊ သည်။ အာမိသသန္နိဓိနာမ၊ အာမိသကို သိုမှီးသောရဟန်းသည်။ ဟောတိ၊ ၏။

ဘိက္ခုနော ပန၊ ၏ကား။ ဝသနဋ္ဌာနေ၊ နေရာ၌။ ကောတဏ္ဍုလနာဠိ၊ တကွမ်းစားသောဆန်ရင်း။ ဧကော၊ တခုသော။ ဂုဠပိဏ္ဍော၊ တင်လဲခဲရင်း။ စတုဘာဂမတ္တံ၊ တင်လဲ လေးဘို့တဘို့ အတိုင်းအရှည်ရှိသော။ သပ္ပိ၊ ထောပတ်ရင်း။ ဋ္ဌတိဋ္ဌဒံ ဝတ္တကံ၊ ဤမျှအတိုင်းအရှည်ကို။ အကာလေ၊ အခါမဟုတ်သည်၌။ သမ္ပတ္တ စောရာနံ၊ ရောက်လာသော ခိုးသူတို့၏။ အတ္ထာယ၊ ငှာ။ နိဓေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ ဟိကသ္မာ၊ ကြောင့်။ နိဓေတုံ၊ ငှာ။ ဝဋ္ဋတိ၊ နည်း။ တေ၊ ထိုခိုးသူတို့သည်။ ဧတ္တကံ၊ ဤမျှအတိုင်းအရှည်ရှိသော။ အာမိသပဋိသန္ထာရံ၊ အာမိသဖြင့် စေ့စပ်ခြင်းကို။ အလဘန္တာ၊ မရကုန်သည်ရှိသော်။ ဇီဝိတာပိ၊ အသက်မှလည်း။ ဝေါရောပေယျုံ၊ ချကုန်ရာ၏။ တသ္မာ၊ ကြောင့်။ ဧတ္တကံ၊ ဤမျှသော အာမိသသည်။ သစေ နတ္ထိ၊ အံ့။ အာဟာရေပေတွာပိ၊ ဆောင်စေ၍လည်း။ ဌပေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ အဖာသုကကာလေစ၊ မကျန်းမသာရှိသောအခါ၌လည်း။ ဧတ္ထ၊ ဤအာမိသတို့တွင်။ ယံ၊ အကြင်အာမိသသည်။ ကပ္ပိယံ၊ အပ်၏။ တံ၊ ထိုအပ်သော အာမိသကို။ အတ္တနာပိ၊ သည်လည်း။ ပရိဘုဉ္ဇိတုံ၊ စားအံ့သောငှာ။ ဝဋ္ဋတိ၊ ၏။ ကပ္ပိယကုဋိယံပန၊ ကပ္ပိယကုဋိ၌ကား။ ဗဟုံ၊ များစွာ။ ဌပေန္တဿာပိ၊ ထားသောရဟန်းအားလည်း။ သန္နိဓိနာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ တထာ ဂတဿပန၊ အားကား။ တဏ္ဍုလနာဠိအာဒီသု၊ တကွမ်းစားသောဆန် အစ ရှိသည်တို့တွင်။ ယံကိဉ္စိဝါ၊ တစုံတခုသော အာမိသကိုရင်း။ စတုရတနမတ္တံ၊ လေးတောင် အတိုင်းအရှည်ရှိသော။ ပိလောတိက ခဏ္ဍံဝါ၊ ပုဆိုးစကိုရင်း။ ဋ္ဌဒံ၊ ဤဝတ္ထုသည်။ မေ၊ အား။ အဇ္ဇဝါ၊ ယနေ့အလို့ငှာရင်း။ သွေဝါ၊ နက်ဖန်အလို့ငှာရင်း။ ဘဝိဿတိ၊ လတ္တံ့။ ဋ္ဌတိ၊ ဤသို့။ ဌပိတံနာမ၊ ထားသော မည်သည်။ နတ္ထိ၊ မရှိ။

**ဝိသူကဒဿနအဖွင့်**

၁၃။ ဝိသူက ဒဿနေသု၊ သာသနာတော်၏ တံကျင်သဘွယ်ကို ရှုခြင်းတို့၌။ နစ္စံနာမ၊ ကခြင်းမည်သည်ကား။ ယံကိဉ္စိ၊ အလုံးစုံသော။ နစ္စံ၊

ကခြင်းတည်း။ တံ၊ ထိုကခြင်းကို။ မင္ဂံ၊ ခရီးသို့။ ဂစ္ဆန္တေန ဘိ၊ သွားသော ရဟန်းသည်လည်း။ ဂိဝံ၊ လည်ကို။ ပသာရေတွာ၊ ဆန့်၍။ ဒဠှံ၊ ရှုခြင်းငှာ။ နဝဋ္ဋတိ၊ မအပ်။ တေ္တ၊ ဤကခြင်းကိုရှုရာ၌။ ဝိတ္ထာရဝိနိစ္ဆယောပန၊ အကျယ်ဖြစ်သော အဆုံးအဖြတ်ကိုကား။[၁] သမန္တပါသာဒိကာယံ၊ သမန္တပါသာဒိက အမည်ရှိသော ဝိနည်းအဋ္ဌကထာ၌။ ဝုတ္တနယေန၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ တေ္တ၊ ဤနှစ်ပုံဟူသော ပုဒ်၌။ (ဤမဇ္ဈိမသီလ အရာ၌လည်းဟူ)။ ဝေဒိတဗ္ဗော ယထာ၊ ကဲ့သို့။ ဇဝံတာယာ၊ တူ။ သဓဗ္ဗသုံ၊ ကုန်သော။ သိက္ခာပဒသံယုတ္တေ သု၊ သိက္ခာပုဒ်နှင့်စပ်ကုန်သော။ သုတ္တပဒေသု၊ သုတ်ပုဒ်တို့၌လည်း။ ဝိတ္ထာရ ဝိနိစ္ဆယော၊ ကို။ သမန္တပါသာဒိကာယံ၌။ ဝုတ္တနယေန၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဟိ·တဒေဝသစ္စံ၊ ၏။ ဣတော၊ ဤသိက္ခာပုဒ်မှ။ ပရံ၊ နောက်၌။ တေ္တ ကမ္မိ၊ ဤမျှလောက်သော စကားကိုလည်း။ အဝတွာ၊ ၍။ တတ္ထတတ္ထ၊ ထိုထိုသို့သော သိက္ခာပုဒ်၌။ ယောဇနမတ္တမေဝ၊ အနက်ယောဇနာခြင်းမျှ ကိုသာလျှင်။ ဝဏ္ဏယိဿာမ၊ ဖွင့်ကုန်အံ့။

**ပေက္ခန္တိ**၊ ကား။ နဋ္ဋသမဇ္ဇံ၊ ကချေသဘင်တည်း။ **အက္ခာနန္တိ**၊ ကား။ ဘာရတ ရာမ ယုဒ္ဓနာဒိကံ၊ ဘာရတမင်း ရာမမင်းတို့၏ စစ်ထိုးခြင်းအစ ရှိသည်တည်း။ ယသ္မိံ ဌာနေ၊ ၌။ တံ၊ ထိုစစ်ထိုးသောစကားကို။ ကထီယတိ၊ ပြောဆိုအပ်၏။ တတ္ထ၊ ထိုအရပ်သို့။ ဂန္တုမ္ပိ၊ သွားခြင်းငှာလည်း။ န ဝဋ္ဋတိ၊ မအပ်။ **ပါဏိဿရန္တိ**၊ ကား။ ကံသတာဠံ၊ ကြေးခွက်သံတည်း။ (ခွက်ခွင်း သံတည်း လည်းဟူ)။ ပါဏိတာနံ၊ လက်ခုပ်တီးသံသည်။ ဣတိပိ၊ ဤသို့ လည်း။ ဝဒန္တိ၊ ကုန်၏။ **ဝေတာဠန္တိ**၊ ကား။ ဃနတာဠံ၊ မောင်းကြေးနင်း အသံတည်း။ (စည်စုတ်သံလည်းဟူ၏) မန္တေန၊ မန္တန်ဖြင့်။ မတသရီရုဋ္ဌာပနံ၊ သူသေကောင်ကိုထစေခြင်း။ ဣတိပိ၊ လည်း။ ဧကေ၊ အချို့ကုန်သော သူတို့သည်။ ဝဒန္တိ၊ ကုန်၏။ **ကုမ္ဘထုနန္တိ**၊ ကား။ စတုရဿအမ္ဗဏကတာဠံ၊ လေးထောင့်ရှိသော ·တူရိယာအသံတည်း။ ကုမ္ဘသဒ္ဒံ၊ အိုးစည်သံတည်း။ ဣတိပိ၊ သို့လည်း။ ဧကေ၊ တို့သည်။ ဝဒန္တိ၊ ကုန်၏။ **သောဘနကန္တိ**၊ ကား။ နဋ္ဋာနံ၊ ကချေသည်တို့ကို။ အဗ္ဘောက္ကိရဏံ၊ တန်ဆာဆင်ခြင်းတည်း။ ဝါ၊

---

၁။ ဝိ-၄ ၃-၂၀၁။

တနည်းကား။ သောဘနကရဏံ၊ ဆန်းကြယ်စွာသော မိန်းမရုပ် ယောက်ျား ရုပ်စသည်ကို ပြုခြင်းတည်း။ ပဋိဘာနစိတ္တံ၊ ဆန်းကြယ်စွာသော မိန်းမရုပ် ယောက်ျားရုပ်စသည်ကို ပြုခြင်းတည်း။ (နှစ်ပုဒ်အနက်တူ၏)။ ဣတိ၊ ဤသို့။ ဝုတ္တံဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ဖြစ်၏။ **စင်္ကာလန္တိ**၊ကား။ အယော ဂုဠကီဠာ၊ သံထွေစကားခြင်းတည်း။ စင်္ကာလာနံ၊ ဒွန်းစင်္ကားတို့၏။ သာလ ဓောဝနကီဠာ၊ စရပ်ကိုဆေးသော ကစားခြင်းတည်း။ (နေရာကိုဆေးသော ကစားခြင်းလည်းဟူ)။ ဣတိပိ၊ သို့လည်း။ ဝဒန္တိ၊ ကုန်၏။ **ဝံသန္တိ**၊ ကား။ ဝေဠုံ၊ ဝါးကို။ ဥဿာပေတွာ၊ ထောင်၍။ ကီဠနံ၊ ကစားခြင်းတည်း။

**ဓောဝနန္တိ**၊ ကား။ အဋ္ဌိဓောဝနံ၊ အရိုးဆေးခြင်းတည်း။ (အရိုးဆေး ကစားခြင်းလည်းဟူ)။

အဘယ်သို့လျှင် အရိုးဆေးကစားခြင်း ဖြစ်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ကေစ္စေသု အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္တကား-

ကေစ္စေသု၊ အချို့ကုန်သော။ ဇနပဒေသု၊ တို့၌။ ကာလင်္ကတေ၊ သေကုန် ပြီးသော။ ဉာတကေ၊ တို့ကို။ န ဈာပေန္တိ၊ မီးမသင်္ဂြိုဟ်ကုန်။ (မီးမတိုက်ကုန် လည်းဟူ)။ နိခဏိတွာ၊ မြေ၌မြှုပ်၍။ ဌပေန္တိ၊ ထားကုန်၏။ အထပစ္ဆာ၊ ထိုနောင်မှ။ နေသံ၊ ထိုသေကုန်ပြီးသောသူတို့၏။ ပူတိဘူတံ၊ ပုပ်သည်ဖြစ် ၍ဖြစ်သော။ ကာယံ၊ ကိုယ်ကို။ ဥဒ္ဓရိတွာ၊ ၍။ နိဟရိတွာ၊ ဖော်၍။ အဋ္ဌိနိ၊ အရိုးတို့ကို။ ဓောပိတွာ၊ ဆေး၍။ ဂန္ဓေဟိ၊ နံ့သာတို့ဖြင့်။ မက္ခေတွာ၊ လိမ်းကျံ၍။ ဌပေန္တိ၊ ကုန်၏။ တေ၊ ထိုအဆွေအမျိုးတို့သည်။ နက္ခတ္တကာ လေ၊ သဘင်ပြုသော ကာလ၌။ ကေသိဉ္စိဌာနေ၊ တခုသောအရပ်၌။ အဋ္ဌိနိ၊ တို့ကို။ ဌပေတွာ၊ ၍။ ကေသိဉ္စိဌာနေ၊ ၌။ သုရာဒီနိ၊ သေအစရှိသည်တို့ကို။ ဌပေတွာ၊ ၍။ ရောဒန္တာ ပရိဒေဝန္တာ၊ ငိုကုန်လျက် ငိုကုန်လျက်။ သုရံ၊ ကို။ ပိဝန္တိကိရ၊ ကုန်သတတ်။

ထိုစကားကို ဘုရားဟောပါဌ်ဖြင့် သိစေလိုသည်ဖြစ်၍ ဝုတ္တမ္ပိစေတံ။ပ။ ဝဒါမိကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား--

အတ္ထိ ဘိက္ခဝေ။ပ။ ဝဒါမီတိ၊ ဟူ၍။ တေမှိဝစနံ၊ ထိုစကားကိုလည်း။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ ဘိက္ခဝေ၊ တို့။ ဒက္ခိဏေသု၊ တောင်ဖြစ်ကုန်သော။ ဇနပဒေသု၊ ဇနပုဒ်တို့၌။ အဋ္ဌိဓောဝနံနာမ၊ အရိုးဆေးကစားခြင်းမည်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုအရိုးဆေးကစားခြင်း၌။ ဗဟုံ၊ များစွာသော။ အန္နမ္ပိ၊ ထမင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ ပါနမ္ပိ၊ အဖျော်သည်လည်း။ အတ္ထိ၊ ရှိ၏။ ခဇ္ဇကမ္ပိ၊ ခဲဘွယ်သည်လည်း။ အတ္ထိ၊ ရှိ၏။ ဘောဇ္ဇမ္ပိ၊ စားဘွယ်သည်လည်း။ အတ္ထိ၊ ရှိ၏။ တေလမ္ပိ၊ ဆီသည်လည်း။ အတ္ထိ၊ ရှိ၏။ (လောဏမ္ပိဟူ၍လည်း တေလမ္ပိအရာ၌ ပါဌ်ရှိကြ၏။ လောဏမ္ပိ၊ ဆားသည်လည်းဟု သမ္ဗန်)။ ဘိက္ခဝေ၊ တို့။ တံဓောဝနံ၊ ထိုသို့အရိုးဆေးခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံဓောဝနံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ အဟံ၊ ငါဘုရားသည်။ န ဝဒါမိ၊ မဆို။ ကေစ္စပန၊ အချို့သောဆရာတို့သည်ကား။ ဣန္ဒဇာလေန၊ မျက်လှည့်ဖြင့်။ အဋ္ဌိဓောဝနံ၊ အရိုးဆေးခြင်းသည်။ ဓောဝနံ၊ ဓောဝနမည်၏။ ဣတိပိ၊ သို့လည်း။ ဝဒန္တိ၊ ဆိုကုန်၏။

ဟတ္ထိယုဒ္ဓါဒီသု၊ ဟတ္ထိယုဒ္ဓ အစရှိသည်တို့၌။ ဘိက္ခူနံ၊ အား။ ဟတ္ထိအာဒီဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ ယုဇ္ဈိတုံ၊ စစ်ထိုးခြင်းငှာ။ နေဝ ဝဋ္ဋတိ၊ မအပ်။ တေ၊ ထိုဆင်အစရှိသည်တို့ကို။ ယုဇ္ဈာပေတုံ၊ စစ်ထိုးစိမ့်သောငှာ။ န ဝဋ္ဋတိ၊ မအပ်။ ယုဇ္ဈန္တေ၊ စစ်ထိုးကုန်သော ဆင်အစရှိသည်တို့ကို။ ဒဋ္ဌုံ၊ ရှုခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ နိဗ္ဗုဒ္ဓန္တိ၊ နိဗ္ဗုဒ္ဓံဟူသည်ကား။ မလ္လယုဒ္ဓံ၊ လက်ပန်းလုံးခြင်းလျှင်တည်း။ ဥယျောဓိကန္တိဧတ္ထ၊ ၌။ ယတ္ထ၊ အကြင်အရပ်၌။ သမ္ပဟာရော၊ စစ်ထိုးခြင်းသည်။ ဒိဿတိ၊ ထင်၏။ တံဌာနံ၊ သည်။ ဥယျောဓိကံ၊ ဥယျောဓိက မည်၏။ **ဗလဂ္ဂန္တိ**၊ ကား။ ဗလဂဏနဋ္ဌာနံ၊ စစ်သည်ကို ရေတွက်ရာအရပ်တည်း။ **သေနာဗျူဟန္တိ**၊ သေနာဗျူဟံဟူသည်ကား။ သေနာနိဝေသော၊ စစ်သည်ကို စုဝေးခြင်းတည်း။

အဘယ်သည်လျှင် သေနာနိဝေသ မည်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ သကဋဗျူဟာဒိဝသေန သေနာယ နိဝေသနံ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အနက်ကား-

သကဋ္ဌဗျူဟာဒိဝသေန၊ လှည်းဦးဆိုင်ကဲ့သို့ စုဝေးခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်။ သေနာယ၊ စစ်သည်ကို။ နိဝေသနံ၊ စုဝေးခြင်းတည်း။

အာဒိသဒ္ဒါဖြင့် စက္ကဗျူဟာ ပဒုမဗျူဟာကိုယူ။သကဋ္ဌဗျူဟာဟူသည် ကား လှည်းဦးဆိုင်ကဲ့သို့ ဦးတိုက်ဆင်ခြင်းတည်း။ စက္ကဗျူဟာဟူသည် ကား စက်ဝန်းကဲ့သို့ ထက်ဝန်းကျင်ရံခြင်းတည်း။ ပဒုမဗျူဟာဟူသည် ကား ကြာပဒုမာအထပ်ကဲ့သို့ အထပ်ထပ် စစ်ထိုးခြင်းတည်း။

**အနီကဒဿနန္တိ**၊ ကား။ တယော ဟတ္ထိ ပစ္ဆိမံ ဟတ္ထာနီကန္တိအာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ ဖြင့်။ ဝုတ္တဿ၊ ဝိနည်းပါဠိ၌ ဟောတော်မူအပ်သော။ အနီကဿ၊ ဆင်အပေါင်းစသည်ကို။ ဒဿနံ၊ ရှုခြင်းတည်း။

၁၄။ ဇူတ္တ ဗတ္တိ ကီဠနေ၊ ထိုကစားခြင်း၌။ ပမာဒေါ၊ မေ့လျော့ခြင်းသည်။ တိဋ္ဌတိ၊ ၏။ ဇူတိတဿ၊ ထိုသို့မေ့လျော့ခြင်း၏ တည်ရာဖြစ်သည်၏သတ္တိကြောင့်။ တံကီဠနံ၊ သည်။ **ပမာဒဋ္ဌာနံ**၊ မည်၏။ ဇူတဥ္စ၊ အံသည်လည်း။ ဟောတိ၊ ၏။ တံ၊ ထိုအံသည်ကား။ ပမာဒဋ္ဌာနဉ္စ၊ မေ့လျော့ခြင်း၏ တည်ရာသည်လည်း။ ဟောတိ၊ ၏။ ဇူတိ၊ ကြောင့်။ တံကီဠနံ၊ သည်။ ဇူတပမာဒဋ္ဌာနံ၊ မည်၏။ အဿကီဠနဿ၊ အား။ (၏လည်းဟူ)။ ဧကေကာယ၊ တခုတခုသော။ ပန္တိယာ၊ အစဉ်၌။ အဋ္ဌအဋ္ဌပဒါနိ၊ ရှစ်ကွက် ရှစ်ကွက်တို့သည်။ သန္တိ၊ ကုန်၏။ ဣတိတဿ၊ ကြောင့်။ တံကီဠနံ၊ သည်။ အဋ္ဌပဒံ၊ မည်၏။ (ဝိဂ္ဂဟ်တုတည်း။ ဝိဂ္ဂဟ်စစ်ကား အဋ္ဌ ပဒါ ယဿာတိ အဋ္ဌပဒံဟု ပြု)။ ဒသပဒေပိ၊ ဆယ်ကွက်ကစားခြင်း၌လည်း။ ဧသေဝ နယော၊ တည်း။ **အာကာသန္တိ**၊ ကား။ အဋ္ဌပဒ ဒသပဒေသုဝိယ၊ ရှစ်ကွက် ဆယ်ကွက် ကစားခြင်းတို့၌ကဲ့သို့။ အာကာသေယေဝ၊ ကောင်းကင်၌သာ လျှင်။ ကီဠနံ၊ တည်း။

ကောင်းကင် ဟင်းလင်းသော အပြင်တို့၌ လက်အစရှိသည်တို့ဖြင့် ရှစ်ကွက် ဆယ်ကွက် အစရှိသည်တို့ကိုပြု၍ ကစားခြင်းဟူလိုသည်။

**ပရိဟာရပထန္တိ**၊ ကား။ ဘူမိယံ၊ မြေ၌။ နာနာပထမဏ္ဍလံ၊ အထူးထူးသော အကြောင်းအဝန်းကို။ ကတွာ၊ ၍။ တတ္ထတတ္ထ၊ ထိုထိုသောအရပ်သို့။ ပရိ

ပာရိတဗ္ဗပထံ၊ ဆောင်အပ်သောအကြောင်းကို။ ပရိဟရန္တာနံ၊ ဆောင်ကုန်သော သူတို့၏။ ကိဋ္ဌနံ၊ တည်း။ သန္တိကန္တိ၊ ကား။ သန္တိကကိဋ္ဌနကိဋ္ဌနံ၊ ဇယ်ချ၍ ကစားခြင်းဖြင့် ကစားခြင်းတည်း။

အဘယ်သို့လျှင် သန္တိကကိဋ္ဌနသည် ဖြစ်သနည်းဟု သူ့စောဒနာကို ဖြေတော်မူလို၍ ကေဋ္ဌံ အစရှိသောပါဠ်ကို မိန့်သတည်း။ ထိုပါဠ်၏ အတ္ထကား-

ကေဋ္ဌံ၊ တပေါင်းတည်း။ ဌပိတာ၊ ထားအပ်ကုန်သော။ သာရိယောဝါ၊ သစ်သားနှစ်တို့ကိုရင်း။ သက္ခရယောဝါ၊ ကျောက်စစ်တို့ကိုရင်း။ အစလေန္တာ၊ မလှုပ်စေကုန်မူ၍။ နခေနေဝ၊ လက်သည်းဖြင့်သာလျှင်။ အပနေန္တိစ၊ ပယ်လည်းပယ်ကုန်၏။ ဥပနေန္တိစ၊ ဆောင်လည်းဆောင်ကုန်၏။ တတ္ထ၊ ထိုကျောက်စစ် သစ်သားနှစ်တို့တွင်။ ကာစိ၊ တစုံတခုသော ကျောက်စစ် သစ်သားနှစ်သည်။ သစေ စလတိ၊ အကယ်၍လှုပ်ခဲ့အံ့။ ပရာဇယော၊ ရှုံးခြင်းသည်။ ဟောတိ၊ ၏။ ဝေရူပါယ၊ သော။ ကိဋ္ဌာယ၊ ကစားခြင်း၏။ ဧတံ၊ ထိုပန္တိကဟူသော ဧကားသည်။ အဓိဝစနံ၊ အမည်တည်း။ ခလိကန္တိ၊ ကား။ ဇူတဖလကေ၊ အံကစားသောပျဉ်၌။ ပါသကကိဋ္ဌနံ၊ အံကစားခြင်းတည်း။ ဒီဃဒဏ္ဍကေန၊ ရှည်သောနှင်ဒဏ်ဖြင့်။ ရဿဒဏ္ဍကံ၊ တိုသောနှင်ဒဏ်ကို။ ပဟာရဏကိဋ္ဌနံ ၊ခတ်၍ကစားခြင်းကို။ ဃဋိကာတိ ဃဋိကဟူ၍။ ဝုစ္စတိ၊ ၏။ (ကြေးသားခပ်၍ ကစားခြင်းဟူလိုသည်)။ သလာကဟတ္ထန္တိ၊ ကား။ လာခါယဝါ၊ ချိပ်ရည်ဖြင့်ရင်း။ မဉ္ဇိဋ္ဌိကာယဝါ၊ ထန်းကျင့်ရည်ဖြင့်ရင်း။ ပိဋ္ဌဥဒကေနဝါ၊ မုံ့ရည်ဖြင့်ရင်း။ သလာကဟတ္ထံ၊ ဝါးခြမ်းစိတ်ကို။ တေမေတွာ၊ ဆွတ်၍။ ကိံ ဟောတု၊ အသို့ဖြစ်စေလိုသနည်း။ ဣတိ၊ ဤသို့။ ဝတွာ၊ ၍။ ဘူမိယံဝါ၊ ဥ္မရင်း။ ဘိတ္တိယံဝါ၊ နံရံ၌ရင်း။ တံ၊ ထိုဝါးခြမ်းစိတ်ကို။ ပဟရိတွာ၊ ခပ်၍။ ဟတ္ထိအဿာဒိ ရူပဒဿနကိဋ္ဌနံ၊ ဆင် မြင်း အစရှိသော အရုပ်ကိုပြ၍ ကစားခြင်းတည်း။ အက္ခန္တိ၊ ဟူသည်ကား။ ဂုဠကိဋ္ဌာ၊ ဂုဠ်ညင်းကစားခြင်းတည်း။ ပင္ဏနာဠိကံ၊ထန်းရွက် ထမ်းပိုးကို။ ပင်္ဂစီရန္တိ၊ ပင်္ဂစီရဟူ၍။ ဝုစ္စတိ၊ ၏။ တံ၊ ထိုထန်းရွက် ထမ်းပိုးကို။ ဓမေန္တာ၊ မှုတ်ကုန်လျက်။ ကိဋ္ဌန္တိ၊ ကစားကုန်၏။ ဝင်္ကကန္တိ၊ ဟူသည်ကား။ ဂါမဒါရကာနံ၊ ရွာသူသားငယ်တို့၏။ ကိဋ္ဌနကံ၊ ကစားဘွယ်

ဖြစ်သော။ ခုဒ္ဒကနင်္ဂလကံ၊ ထွန်ငယ်တည်း။ · သံပရိဝတ္တနကဉ္စ၊ တန်းကစားခြင်းကို။ မောက္ခစိကာဣတိ၊ မောက္ခစိကဟူ၍။ ဝုစ္စတိ၊ ၏။

မောက္ခစိကာဟူသောပုဒ်၏အဖွင့်ကို သံပရိဝတ္တနကဉ္စဟု ဆရာဆို၏။ သံပရိဝတ္တနကဉ္စဟူသည်ကား အဘယ်နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အာကာသေ အစရှိသောပါဌ်ကို မိန့်သတည်း။ ယိုပါဌ်၏အနက်ကား-

အာကာသေ၊ ဟင်းလင်းသော်အပြင်၌။ (ကောင်းကင်၌လည်းဟူ)။ဒဏ္ဍကံ၊ လှံဒဏ်ကို။ ဂဟေတွာဝါ၊ ကိုင်၍ရင်း။ ဘူမိယံ၊ ၌။ သီသံ၊ ဦးခေါင်းကို။ ဌပေတွာဝါ၊ ၍ရင်း။ ဟေဋ္ဌုပရိယဘာဝေန၊ အောက်အထက်ပြန်သည်၏အဖြစ်အားဖြင့်။ ပရိဝတ္တနကဉ္စ၊ ပြောင်းပြန်ကစားခြင်းတည်း။ ဣတိအယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ တာလပဏ္ဏာဒိဟိ၊ ထန်းရွက်အစရှိသည်တို့ဖြင့်။ ကတံ၊ ပြုအပ်သော။ ဝါတပ္ပဟာရေန၊ လေခပ်ခြင်းကြောင့်။ ပရိဗ္ဘမနစက္ကံ၊ လည်သောစကြာကို။ **စိင်္ဂုလိကံဣတိ၊** ဟူ၍။ ဝုစ္စတိ၊ ၏။ ပဏ္ဏနာဠိကံ၊ ထန်းရွက်အစရှိသည်တို့ဖြင့် ပြုအပ်သောခွက်ငယ်ကို။ **ပတ္တာဠကံဣတိ၊** ဟူ၍။ ဝုစ္စတိ၊ ၏။ တာယ၊ ထိုထန်းရွက်အစရှိသည်တို့ဖြင့် ပြုအပ်သော ခွက်ငယ်ဖြင့်။ ဝါဠိကာဒိနိ၊ သဲအစရှိသည်တို့ကို။ မိနန္တာ၊ ခြင်ကုန်လျက်။ ကီဠန္တိ၊ ကုန်၏။ ရထကန္တိ၊ ကား။ ခုဒ္ဒကရထံ၊ ရထားငယ်တည်း။ ဝနုကန္တိ၊ ကား။ ခုဒ္ဒကဓနုမေဝ၊ လေးငယ်လျှင်တည်း။ (နှစ်ပုဒ်တို့၌ ကအက္ခရာ ခုဒ္ဒက အနက် ကို ဟောသတည်းဟုသိစေခြင်းငှာ ခုဒ္ဒကသဒ္ဒါနှင့်သံဝဏ္ဏနာကိုပြုသတည်း)။ အာကာသေဝါ၊ ၌ရင်း။ ပိဋ္ဌိယံဝါ၊ ကျောက်ကုန်း၌ရင်း။ အက္ခရဇာနနကဉ္စ၊ အက္ခရာကိုသိသောကစားခြင်းကို။ **အက္ခရိကာဣတိ၊** ဟူ၍။ ဝုစ္စတိ၊ ၏။ **မနေသိကာ** နာမ၊ မနေသိကာမည်သည်ကား။ မနသာ၊ စိတ်ဖြင့်။ စိန္တိတဇာနနကဉ္စ၊ အကြံကိုသိသော ကစားခြင်းတည်း။ ယထာဝဇ္ဇံနာမ၊ ယထာဝဇ္ဇမည်သည်ကား။ ကာဏ ကုဏိခုဇ္ဇာဒိနံ၊ ကန်းယောင် ကုန်းယောင် ခွင်ယောင် အစရှိသည်တို့၏။ ယံယံဝဇ္ဇံ၊ အကြင်အကြင်သို့သော အပြစ်သည်။ အတ္ထိ၊ ရှိ၏။ တံတံဝဇ္ဇံ၊ ကို။ ပယောဇေတွာ၊ ယှဉ်၍။ ဒဿနကဉ္စ၊ တည်း။

## ဥစ္စာသယနနှင့် မဟာသယန အဖွင့်

၁၅။ **အာသန္ဒိ**တိ၊ ကား။ ပမာဏာတိက္ကန္တာသနံ၊ ပမာဏထက်လွန်သော နေရာတည်း။(တထောင့်ထွာထက် လွန်သောနေရာသည် ပမာဏာတိက္ကန္တမည်၏)။

ကိုဋ္ဌာသဒ္ဒါကိုငဲ့၍ အလုံးစုံသော ပုဒ်တို့၌ ယထာဝဇ္ဇာ မနေသိကာ အစရှိသည်ဖြင့် ဆိုအပ်လျက် အဘယ်ကြောင့် ယထာဝဇ္ဇံ မနေသိကံ အစရှိသည်ဖြင့် ဆိုလေသနည်းဟု သူစောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ဖြေခြင်းငှာ အနုယုတ္တာ ဝိဟရန္တီတိ ဣဒံ။ပ။ ကတံ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

အနုယုတ္တာ ပိဟရန္တီတိ ဣဒံပဒံ၊ ကို။ အပေက္ခိတွာ ပန၊ ငဲ့၍ကား။ သဗ္ဗပဒေသု၊ တို့၌။ ဥပယောဂဝစနံ၊ ဒုတိယာဝိဘတ်ကို။ ကတံ၊ ပြုအပ်၏။ **ပလ္လင်္ကော**တိ၊ ကား။ ပါဒေသု၊ အခြေတို့၌။ ဝါဠရူပါနိ၊ သားရဲရုပ်တို့ကို။ ဌပေတွာ၊ ၍။ ကတော၊ ပြုအပ်သော။ ပလ္လင်္ကော၊ နေရာတည်း။**ဂေါနကော**တိ၊ ကား။ ဒီဃလောမကော၊ ရှည်သောအမွေးရှိသော။ မဟာကောဇဝေါ၊ ကော်ဇောကြီးတည်း။

ထိုကော်ဇောကြီး၏ အမွေးကား အဘယ်မျှ ရှည်သနည်းဟု သူစောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ဖြေခြင်းငှာ စတုရင်္ဂုလာဓိကာနိ စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ကဿ၊ ထိုကောဇောကြီး၏။ လောမာနိ၊ တို့သည်။ စတုရင်္ဂုလာဓိကာနိ၊ လက်လေးသစ်ထက် လွန်ကုန်သည်။ ဟောန္တိကိရ၊ ဖြစ်ကုန်သတတ်။ **စိတ္တကန္တိ**၊ ကား။ ဝါဠစိတြံ၊ သားရဲရုပ်ဖြင့် ဆန်းကြယ်စွာသော။ ဥဏ္ဏာမယတ္ထရဏံ၊ သားမွေးဖြင့်ပြုသော အခင်းတည်း။**ပဋိကာ**တိ၊ ကား။ ဥဏ္ဏာမယော၊ သားမွေးဖြင့်ပြီးသော။ သေတတ္ထရဏော၊ ဖြူသောခင်းနှီးတည်း။ **ပဋလိကာ**တိ၊ ကား။ ဃနပုပ္ဖကော၊ တခဲနက်သောပန်းပွင့်အဆာရှိသော။ ဥဏ္ဏာမယတ္ထရဏော၊ သားမွေးဖြင့် ပြုသောခင်းနှီးတည်း။ ယောအတ္ထရဏော၊ အကြင်ခင်းနှီးကို။ အာမလက ပတ္တောတိပိ၊ သျှစ်သျှားရွက်ဖြင့်ပြုသော

ခင်းနှီးဟူ၍လည်း။ ဝုစ္စတိ၊ ၏။ သောအတ္ထရဏော၊ ထိုသျှစ်သျှားရှက်ဖြင့် ပြုသော ခင်းနှီးသည်။ ပဋလိကာ၊ ပဋလိကမည်၏။ **တူလိကာ**တိ၊ ကား။ တိဏ္ဏံ၊ သုံးပါးကုန်သော။ တူလာနံ၊ လဲတို့တွင်။ အညတရပုဏ္ဏာ၊ တပါးပါးသောလဲဖြင့် ပြည့်သော။ တူလိကာ၊ လဲဝါအစာသွတ်သော အခင်းတည်း။ (တိဏ္ဏံ၏အရကား သစ်ပင်မှဖြစ်သောလဲ, နွယ်မှဖြစ်သောလဲ, အသီးမှဖြစ်သောလဲတည်း)။ **ဝိကတိကာ**တိ၊ ကား။ သီဟ ဗျဂ္ဃ ါဒိရူပ ဝိစိတြော၊ ခြင်္သေ့, ကျားအစရှိသော အရုပ်တို့ဖြင့် ဆန်းကြယ်သော။ ဥဏ္ဏာမယတ္ထရဏော၊ တည်း။ **ဥဒ္ဓလောမိ**တိ၊ ကား။ ဥဘတောဒသံ၊ နှစ်ဘက်အဆာရှိသော။ ဥဏ္ဏာမယတ္ထရဏံ၊ တည်း။ ကေစိ၊ အချို့ကုန်သော ဆရာတို့သည်။ ဧကတော၊ တဘက်မှ။ ဥဂ္ဂတပုပ္ဖံ၊ တက်သော ပန်းပွင့်ရှိသော။ ဥဏ္ဏာမယတ္ထရဏံ၊ တည်း။ဣတိပိ၊ သို့လည်း။ ဝဒန္တိ၊ ကုန်၏။ **ဧကန္တလောမိ**တိ၊ ကား။ ဧကတောဒသံ၊ တဘက်အဆာရှိသော။ ဥဏ္ဏာမယတ္ထရဏံ၊ တည်း။ ကေစိ၊ တို့သည်။ ဥဘတော၊ နှစ်ဘက်မှ။ ဥဂ္ဂတပုပ္ဖံ၊တက်သော ပန်းပွင့်ရှိသော။ ဥဏ္ဏာမယတ္ထရဏံ၊ တည်း။ ဣတိပိ၊ သို့လည်း။ ဝဒန္တိ၊ ကုန်၏။ **ကဋ္ဋိဿ**န္တိ၊ ကား။ ရတနပရိသိဗ္ဗိတံ၊ ရတနာရွှေချည်ဖြင့်ချုပ်သော။ ကောသေယျကဋ္ဋိဿမယံ ပစ္စတ္ထရဏံ၊ ရွှေချည်တို့၏ အကြားအကြား၌ ပိုးချည်တို့ဖြင့်ရက်သော အခင်းတည်း။**ကောသေယျ**န္တိ၊ ကား။ ရတနသိဗ္ဗိတမေဝ၊ ရတနာရွှေချည်တို့ဖြင့်သာလျှင် ချုပ်သော။ ကောသေယျသုတ္တမယပစ္စတ္ထရဏံ၊ ပိုးချည်တို့ဖြင့်ရက်သော အခင်းတည်း။ သုဒ္ဓကောသေယျံ ပန၊ သက်သက်သော ပိုးချည်သည်ကား။ဝဋ္ဋတိ၊၏။ ဣတိ၊ဤသို့။ဝိနယေ၊ ၌။ ဝုတ္တံ၊ ၏။ ဒီဃနိကာယဋ္ဌကထာယံပန၊ ဒီဃနိကာယ်အဋ္ဌကထာ၌ကား။ တူလိကံ၊ လဲသွတ်သောအခင်းကို။ ဌပေတွာ၊ ၍။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဂေါနကာဒီနိ၊ လက်လေးသစ်ထက်လွန်သော အမွေးရှိသော ကော်ဇောကြီး အစရှိကုန်သောအခင်းတို့သည်။ ရတနပရိသိဗ္ဗိတာနိ၊ ရတနာရွှေချည်တို့ဖြင့် ထက်ဝန်းကျင်ချုပ်ကုန်မူကား။ န ဝဋ္ဋန္တိ၊ကုန်။ ဣတိဣဒံဝစနံ၊ ကို။ ဝုတ္တံ၊ ၏။

---

၁။ ၆-၄ ၃-၃၆၉။

**ကုတ္တကန္တိ**၊ကား။သောဠသန္နံ၊ တကျိပ်ခြောက်ယောက်ကုန်သော။နာဋ္ဌကိတ္ထီနံ၊ ကချေသည်မိန်းမတို့၏။ ဌတ္ဝာ၊ ရပ်၍။ နစ္စယောဂ္ဂံ၊ ကလောက်သော။ ဥဏ္ဏာမယတ္ထရဏံ၊ တည်း။ **ဟတ္ထတ္ထရံအဿတ္ထရန္တိ**၊ ကား။ဟတ္ထိအဿ ပိဋ္ဌေသု၊ ဆင်ကျောက်ကုန်း မြင်းကျောက်ကုန်းတို့၌။အတ္ထတအတ္ထရဏာနိယေဝ၊ ခင်းအပ်ကုန်သော ခင်းနှီးတို့တည်း။ ရထတ္ထရေပိ၊ ရထား ခင်းနှီး၌လည်း။ ဧသေဝနယော၊ ဤနည်းအတူတည်း။ **အဇိနပ္ပဝေဏိ**တိ၊ ကား။ အဇိနစမ္မေဟိ၊ သစ်နက်ရေတို့ဖြင့်။ မဉ္စပ္ပမာဏေန၊ ညောင်စောင်း ပမာဏဖြင့်။ သိဗ္ဗိတွာ၊ ချုပ်၍။ ကတာ၊ ပြုအပ်သော။ ပဝေဏိ၊ အခင်း တည်း။ **ကဒလိမိဂပဝရပစ္စတ္ထရဏန္တိ**၊ ကား။ ကဒလိမိဂစမ္မံနာမ၊ ဝံပိုင်ရေမည်သည်။ အတ္ထိ၊ ၏။ တေန၊ ထိုဝံပိုင်ရေဖြင့်။ ကတံ၊ ပြုအပ်သော။ ပဝရပစ္စတ္ထရဏံ၊ မြတ်သောခင်းနှီးတည်း။ ဥတ္တမပစ္စတ္ထရဏံ၊ မြတ်သောခင်းနှီး။ ဧတ္တိအယံအတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဥပရိ၊ ၌။ ကဒလိမိဂစမ္မံ၊ ကို။ ပတ္ထရိတွာ၊ ၍။ သိဗ္ဗိတွာ၊ ၍။ ကရောန္တိကိရ၊ သတတ်။ **သဥတ္တရစ္ဆဒန္တိ**၊ ကား။ ဥတ္တရစ္ဆဒေန၊ အထက်၌နီသော ဗိတာန်ကြက်သော ခင်းနှီးနှင့်။ သဟ၊ တကွ။ ဥပရိ၊ အပေါ်၌။ ဗဒ္ဓေ၊ ဖွဲ့အပ်သော။ (ကြက်အပ်သော လည်းဟူ)။ ရတ္တဝိတာနေန၊ နီသောဗိတာန်ကြက်နှင့်။ သဒ္ဓိံ၊ တကွ။ ကတံ၊ ပြုအပ်သောခင်းနှီးတည်း။ ဧတ္တိအယံ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ သေတဝိတာနမ္ပိ၊ ဖြူသောဗိတာန်သည်လည်း။ ဟေဋ္ဌာ၊ ၌။ အကပ္ပိယပစ္စယတ္ထရဏေ၊ မအပ်သောအခင်းသည်။ သတိ၊ သော်။ န ဝဋ္ဋတိ၊ မအပ်။ အသတိပန၊ သော်ကား။ ဝဋ္ဋတိ၊၏။**ဥဘတောလောဟိတကူပဓာနန္တိ**၊ကား။ သီသူပဓာနဉ္စ၊ ခေါင်းအုံးရင်း။ ပါဒူပဓာနဉ္စ၊ ခြေအုံးရင်း။ ဣတိ၊ ဤသို့။ မဉ္စဿ၊ ညောင်စောင်း၏။ ဥဘတောလောဟိတကံ၊ နှစ်ဘက်မှနီသော အခင်းရှိသော။ ဥပဓာနံ၊ အုံးတည်း။ ဧတံ၊ ထိုနှစ်ဘက်မှအုံးရှိသော နေရာသည်။ န ကပ္ပတိ၊ မအပ်။ ဧကမေဝ၊ တလုံးသာလျှင်ဖြစ်သော။ ယံပနဥပဓာနံ! အကြင်အုံးသည်ကား။ ဥဘောသု၊ နှစ်ဘက်ကုန်သော။ ပဿေသု၊ နံပါးတို့၌။ ရတ္တံဝါ၊ နီသည်မူလည်း။ ဟောတိ၊ ၏။ ပဒုမဝဏ္ဏံဝါ ကြာ ပဒုမာအဆင်းနှင့်တူသည်မူလည်း။ ဟောတိ၊ ၏။ ဝိစိတြံဝါ၊ ဆန်းကြယ် သည်မူလည်း။ ဟောတိ၊ ၏။ တံဥပဓာနံပန၊ သည်။ ပမာဏယုတ္တံ၊ ပမာဏ

နှင့် ယှဉ်သည်။ သစေဟောတိ၊ အံ့။ ဝဋ္ဋတိ၊ ၏။ မဟာဥပမာနံ၊ ပမာဏ ထက်လွန်သော အုံးကြီးကိုကား။ ပဋိက္ခိတ္တံ၊ ပယ်အပ်၏။

> အုံးပိတ် တထောင့်နှင့်တထောင့်အကြား တောင်ဆုပ်ရှိသောအုံးသည် ပမာဏယုတ္တအုံး မည်၏။ ထိုထက်လွန်သောအုံးကား ပမာဏထက် လွန်သော အုံးမည်၏။

အလောဟိတကာနိ၊ မနီသော အဆင်းရှိကုန်သော အုံးတို့သည်။ ဒွေပိ၊ တို့သည်လည်း။ ဝဋ္ဋန္တိယေဝ၊ အပ်ကုန်သလျှင်ကတည်း။ တတော၊ ထိုနှစ်လုံး ထက်။ ဥတ္တရိ၊ အလွန်ကို။ လဘိတွာ၊ ၍။ အညေသံ၊ တပါးကုန်သော ရဟန်းတို့အား။ ဒါတဗ္ဗာနိ၊ ကုန်၏။ ဒါတုံ၊ ငှာ။ အသက္ကောန္တော၊ မတတ်နိုင်သော ရဟန်းသည်။ မဉ္စေ၊ ညောင်စောင်း၌။ တိရိယံ၊ ဘီလာ။ အတ္ထရိတွာ၊ ခင်း၍။ ဥပရိ၊ ၌။ ပစ္စတ္ထရဏံ၊ ခင်းနှီးကို။ ဒတွာ၊ ၍။ နိပဇ္ဇိတုမ္ပိ၊ ငှာလည်း။ လဗ္ဘတိ၊ ၏။ အာသန္ဒိအာဒိသုပန၊ ရှည်သောခြေရှိသော ညောင်စောင်း အစရှိသည်တို့၌ကား။ ဝုတ္တနယေနေဝ၊ ပိနည်းပါဠိ၌ ဟောတော်မူအပ်သော နည်းဖြင့်သာလျှင်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်၏။

> ပိနည်းပါဠိ၌ ဟောတော်မူသောနည်းဖြင့် ကျင့်အပ်၏ဟူပြီး အဘယ်သို့ ပါဠိ၌ ဟောတော်မူသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ဝုတ္တဉ္ဟေတံ ။ပ။ ကာတုန္တိကို မိန့်သတည်း။ ထိုပါဠ်၏ အတ္ထကား-

**ဟိ-တဒေဝ သစ္စံ၊** ၏။ အနုဇာနာမိ ။ပ။ ဘုမ္မတ္ထရဏာန္တိ၊ ၍။ တော်လေနှုံ၊ ကို။ ဘဂဝတာ၊ သည်။ ဝိနယေ၊ ၌။ (အာခာရထည့်) ။ဝုတ္တံ၊ပြီ။ဘိက္ခဝေ၊ရဟန်း တို့။ အာသန္ဒိယာ၊ ပမာဏထက်လွန်သော ညောင်စောင်း၏။ ပါဒေ၊ အခြေတို့ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်စိမ့်သောငှာ။ အနု ဇာနာမိ၊ ၏။ ပလ္လင်္ကဿ၊ ၏။ ဝါဠေ၊ သားရဲရုပ်တို့ကို။ ဘိန္ဒိတွာ၊ ၍။ ပရိ ဘုဉ္ဇိတုံ၊ ငှာ။ အနုဇာနာမိ၊ ၏။ တူလိကံ၊ လဲသွတ်အခင်းကို။ ဝိဇဋေတွာ၊ လဲကိုထုတ်၍။ ဗိမ္ဗောဟနံ၊ အုံးကို။ ကာတုံ၊ ငှာ။ အနုဇာနာမိ၊ ၏။ အဝ သေသံ၊ ကြွင်းသော လက်လေးသစ်ထက် လွန်သော အငွေ့ရှိသော

ကော်ဇောကြီးစသော အခင်းကို။ ဘုမ္မတ္ထရဏံ၊ မြေအခင်းကို။ ကာတုံငှာ။ အနုဇာနာမိ၊ ၏။

၁၆။ ဥစ္စာဒနာဒီသု၊ ဥစ္စာဒန အစရှိသော ပုဒ်တို့၌။ မာတုကုစ္ဆိတော ¹၊ အမိဝမ်းမှ။ နိက္ခန္တဒါရကာနံ၊ ဘွားကုန်သော သတို့သားတို့၏။ သရီရဂန္ဓော၊ ကိုယ်အနံ့သည်။ ဒွါဒသဝဿပတ္တကာလေ၊ တဆဲ့နှစ်နှစ်ရှိသောကာလ၌။ နဿတိ၊ ပျောက်၏။ တေသံ၊ ထိုသတို့သားငယ်တို့၏။ သရီရာနံ၊ ကိုယ်တို့၏။ ဒုဂ္ဂန္ဓဟရဏတ္ထာယ၊ မကောင်းသော အနံ့ကို ပျောက်စိမ့်သောငှာ။ ဂန္ဓစုဏ္ဏာဒီဟိ၊ နံ့သာမှုန့် အစရှိသည်တို့ဖြင့်။ ဥစ္စာဒေန္တိ၊ ချေကုန်၏။ (လိမ်းကျံကုန်၏ လည်းဟူ)။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဥစ္စာဒနံ၊ လိမ်းကျံခြင်းသည်။ န ဝဋ္ဋတိ၊ မအပ်။ ပုညဝန္တေ၊ ဦးရှိကုန်သော။ ဒါရကေပန၊ သူငယ်တို့ကိုကား။ ဥရူသု၊ ပေါင်တို့၌။ နိပဇ္ဇာပေတွာ၊ အိပ်စေ၍။ တေလေန၊ ဆီဖြင့်။ မက္ခေတွာ၊ လိမ်းကျံ၍။ ဟတ္ထ ပါဒ ဥရူ နာဘိအာဒီနံ၊ လက် ခြေ ပေါင် ချက် အစရှိသည်တို့၏။ သဏ္ဌာနသမ္ပာဒနတ္ထံ၊ သဏ္ဌာန်ကိုပြည့်စုံစေခြင်းငှာ။ ပရိမဒ္ဒန္တိ၊ နယ်ကုန်၏။ ဧဝရူပံ၊ သော။ ပရိမဒ္ဒနံ၊ ဘုပ်နယ်ခြင်းသည်။ န ဝဋ္ဋတိ၊ မအပ်။

နှာပနန္တိ၊ ကား။ တေသံယေဝဒါရကာနံ၊ တို့ကိုသာလျှင်။ ဂန္ဓာဒီဟိ၊ နံ့သာအစရှိသည်တို့ဖြင့်။ နှာပနံဝိယ၊ ရေချိုးသကဲ့သို့။ နှာပနံ၊ ရေချိုးခြင်းတည်း။ သမ္ဗာဟနန္တိ၊ ကား။ မဟာမလ္လာ၊ လက်ပန်းသည်ကြီးတို့သည်။ ဟတ္ထပါဒေ၊ တို့ကို။ မုဂ္ဂရာဒီဟိ၊ ဆောက်ပုတ် အစရှိသည်တို့ဖြင့်။ ပဟရိတွာ၊ ခတ်၍။ ဗာဟုဝဍ္ဎနတ္ထာဝိယ၊ လက်ရုံးကို ပွားစေကုန်သကဲ့သို့။ ဟတ္ထပါဒေ၊ တို့ကို။ မုဂ္ဂရာဒီဟိ၊ တို့ဖြင့်။ ပဟရိတွာ၊ ၍။ ဗာဟုဝဍ္ဎနံ၊ လက်ရုံးကို ပွားစေခြင်းတည်း။ အာဒါသန္တိ၊ ကား။ ယံကိဉ္စိ၊ အမှတ်မရှိသော။ အာဒါသံ၊ ကြေးမုံကို။ ပရိဟရိတုံ၊ ဆောင်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ အဉ္ဇနန္တိ၊ ကား။ အလင်္ကာရဉ္ဇနမေဝ၊ တန်ဆာဆင်ခြင်းငှာ မျက် ရေး ကွက် ခြင်း တည်း။ မာလာတိ၊ ကား။ ဗဒ္ဓမာလာဝါ၊ ကုံးသောပန်းသည်ရင်း။ အဗဒ္ဓမာလာဝါ၊

---

၁။ မာတုကုစ္ဆိတော နိက္ခန္တဒါရကာနန္တိ ဧတေန အဇ္ဈာဇေလာဗုဇာနမေဝ ဂဟဏံ။ ။သီ ဋီသစ်-၃၆၅။

မကုံးသောပန်းသည်ရင်း။ မာလာ၊ ၏။ **ဝိလေပနန္တိ**၊ **ကား**။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ဆဝိ ရာဂ ကရဏံ၊ အရေကိုတပ်စွန်းအောင်ပြုခြင်းတည်း။ **မုခစုဏ္ဏံ ပုခလေပနန္တိ**၊ ကား။ မုခေ၊ မျက်နှာ၌။ ကာဠပိဠကာဒိနံ၊ မှည့်မည်းဝက်ခြင် အစရှိသည်တို့ကို။ ဟရဏတ္ထာယ၊ ပယ်ခြင်းငှာ။ မတ္တိကကက္ကံ၊ မြေညက်ကို။ ဒေန္တိ၊ ပေးကုန်၏။ တေန၊ ထိုမြေညက်ဖြင့်။ လောဟိတေ၊ သွေးသည်။ စလိတေ၊ လှုပ်သည်ရှိသော်။ (ရွေ့သည်ရှိသော်လည်းဟူ)။ သာသပကက္ကံ၊ ကို။ ဒေန္တိ၊ ကုန်၏။ တေန၊ ထိုမုံညင်းမှုန့်ဖြင့်။ ဒေါသေ၊ သည်။ ခါယိတေ၊ သော်။ တိလကက္ကံ၊ ကို။ ဒေန္တိ၊ ပေးကုန်၏။ တေန၊ ထိုနှမ်းမှုန့်ဖြင့်။ လောဟိတေ၊ သည်။ သန္နိသိန္နေ၊ စုပြီးသော်။ ဟလိဒ္ဒိကက္ကံ၊ နနွင်းမှုန့်ကို။ ဒေန္တိ၊ ကုန်၏။ တေန၊ ထိုနနွင်းမှုန့်ဖြင့်။ ဆဝိဝဏ္ဏေ၊ အရေအဆင်းသည်။ အာရုဠှေ၊ တင်ပြီးသော်။ မုခစုဏ္ဏေန၊ လွှင်မှုန့်ဖြင့်။ (မျက်နှာချေ အမှုန့်ဖြင့်လည်းဟူ)။ မုခံ၊ မျက်နှာကို။ စုဏ္ဏေန္တိ၊ ချေကုန်၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသည်။ န ဝဋ္ဋတိ၊ မအပ်။

ဟတ္ထဗန္ဓာဒီသု၊ လက်တန်ဆာ စသည်တို့၌။ ဟတ္ထေ၊ ၌။ ဝိစိတြသင်္ခကပါလာဒီနိ၊ ဆန်းကြယ်သော ခရုသင်းခွက် အစရှိသည်တို့ဖြင့်။ ဗန္ဓိတွာ၊ ၍။ ပိဠန္ဓိ၊ သွားကုန်၏။ တံဝါ၊ ထိုလက်ကောက် တန်ဆာသည်ရင်း။ အညံဝါ၊ တပါးသောတန်ဆာသည်ရင်း။ သဗ္ဗမ္ပိ၊ သော။ ဟတ္ထာဘရဏံ၊ လက်တန်ဆာသည်။ နဝဋ္ဋတိ၊ မအပ်။ အပရေ၊ တို့သည်။ သိခံ၊ ဥဿျှောင်ကို။ (ဦးစွန်းကိုလည်းဟူ)။ ဗန္ဓိတွာ၊ ထုံး၍။ ပိဠန္ဓိ၊ သွားကုန်၏။သုဝဏ္ဏ မိရက ပုတ္တလတာဒီဟိ၊ ရွှေဖြင့်စီသော ပုလဲသွယ် အစရှိသည်တို့ဖြင့်။ တံ၊ ထို ဥဿျှောင်ကို။ (ဦးစွန်းကိုလည်းဟူ)။ ပရိက္ခိပန္တိ၊ ရစ်ကုန်၏။ တံသဗ္ဗံ၊ သည်။ နဝဋ္ဋတိ၊ မအပ်။ အပရေ၊ တို့သည်။ စတုဟတ္ထံ၊လေးတောင်ရှိသော။ဒဏ္ဍံဝါ၊ တောင်ဝှေးကိုရင်း။ အညံ၊ တပါးသော။ အလင်္ကတဒဏ္ဍံဝါ၊ တန်ဆာဆင်သော နှင်ဒဏ်ကိုရင်း။ ဂဟေတွာ၊ ကိုင်၍။ ဝိစရန္တိ၊ သွားကုန်၏။ တထာ၊ ထိုအတူ။ ရူပတ္တိပုရိသ ရူပါဒီဟိ၊ မိန်းမရုပ် ယောကျာ်းရုပ် အစရှိသည်ကို ဖြင့်။ ဝိစိတ္တံ၊ ဆန်းကြယ်စွာသော။ သုပရိက္ခိတ္တံ၊ ထက်ဝန်းကျင် ခြင်္သေ့ရုပ် ကျားရုပ် အစရှိသည်တို့ဖြင့် ရံအပ်သော။ ဘေသဇ္ဇနာဠိကံ၊ ဆေးကျည် တောက်ကို။ ဝါမပဿာ၊ လက်ဝဲနံပါး၌။ ဩလဂ္ဂိတံ၊ လွယ်လျက်။ ဂဟေ

တွာ၊ ၍။ ဝိစရန္တိ၊ ကုန်၏။ အပရေ၊ တို့သည်။ ကနက ရတန ပရိက္ခိတ္တ ကောသံ၊ ရွှေငွေရတနာတို့ဖြင့်ရံအပ်သောအအိမ်ရှိထသော။ အဝိတိခိဏ၊ အလွန်ထက်စွာသော။ အသိံ၊ သန်လျက်ကို။ ဂဟေတွာ၊ ၍။ ပိစရန္တိ၊ ကုန်၏။ အပရေ၊ တို့သည်။ ပဥ္စဝဏ္ဏသုတ္တသိဗ္ဗိတံ၊ ငါးပါးသော အဆင်းရှိသော ချည်တို့ဖြင့် ချုပ်အပ်သော။ မကရဒန္တကာဒိဟိ၊ မကန်းသွား အစရှိသည်တို့ဖြင့်။ ဝိစိတ္တံ၊ ဆန်းကြယ်စွာပြုအပ်သော။ သတ္တံ၊ ထီးကို။ ဂဟေတွာ၊ ၍။ ဝိစရန္တိ၊ ကုန်၏။ အပရေ၊ တို့သည်။ သုဝဏ္ဏ ရဇတာဒိဝိစိတ္တာ၊ ရွှေငွေ အစရှိသည်တို့ဖြင့် ဆန်းကြယ်ကုန်ထသော။ မောရပိဥ္ဆာဒိပရိက္ခိတ္တာ၊ ဥဒေါင်းမြီးတို့ဖြင့် တက်ဝန်းကျင် ရံအပ်ကုန်ထသော။ ဥပါဟနာ၊ ဘိနပ်တို့ကို။ ဂဟေတွာ၊ ၍။ ဝိစရန္တိ၊ ကုန်၏။ ကေစိ၊ အချို့သောရဟန်းတို့သည်။ ရတနမတ္တာယာမံ၊ တတောင်အလျားရှိထသော။ စတုရင်္ဂုလဝိတ္ထတံ၊ လက်လေးသစ်အနံရှိထသော။ ကေသန္တပရိစ္ဆေဒံ၊ ဆံလည် အပိုင်းအခြားကို။ ဒဿေတွာ၊ ၍။ မေဃမုခေ၊ တိမ်ဝ၌။ ဝိဇ္ဇုလတံဝိယ၊ လျှပ်စစ်နွယ်ကဲ့သို့။ နလာဋေ၊ နဖူး၌။ ဥဏှီသပဋ္ဋံ၊ သင်းကျစ်ပြားကို။ ဗန္ဓန္တိ၊ ဖွဲ့အပ်ကုန်၏။ ကေစိ၊ တို့သည်။ စူဠာမဏိံ၊ ပတ္တမြားဥသျှောင်ဆံကျစ်ကို။ ဓာရေန္တိ၊ ဆောင်ကုန်၏။ ကေစိ၊ တို့သည်။ စာမရဝါဠဗီဇနိံ၊ စာမရီမည်သော သားမြီးယပ်ကို။ ဓာရေန္တိ၊ ကုန်၏။ တံသဗ္ဗံ၊ သည်။ န ဝဋ္ဋတိ၊ မအပ်။

## တိရစ္ဆာနကထာအဖွင့်

၁၇။ အနိယျာနိကတ္တာ[1]၊ ဝဋ်ဆင်းရဲမှ မထွက်မြောက်စေတတ်သည်၏ အဖြစ်ကြောင့်။ သဂ္ဂမောက္ခာနံ၊ နတ်ရွာနိဗ္ဗာန်တို့၏။ တိရစ္ဆာနဘူတာ၊ ဘိလာဖြစ်၍ဖြစ်သော။ကထာ၊စကားသည်။ **တိရစ္ဆာနကထာ**၊တိရစ္ဆာနကထာ မည်၏။ တတ္ထ၊ ထိုတိရစ္ဆာနကထာ၌။ ရာဇာနံ၊ ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ မဟာသမ္မတော၊ မဟာသမ္မတ မင်းသည်။ ဧဝံမဟာနုဘာဝေါ၊ ဤသို့ ကြီးသောဘုန်းတန်ခိုးရှိ၏။ မန္ဓာတာ၊ မန္ဓာတ်မင်းသည်။ ဧဝံမဟာနုဘာဝေါ၊ ၏။ ဓမ္မာသောကော၊ သည်။ ဧဝံမဟာနုဘာဝေါ၊ ၏။ ဣတိအာဒိနာ၊

၁။ မ-ဋ္ဌ ၃-၁၅၅။ ပ ၂-၁၈၁။ သံ ၃-၃၆၀။ အံ ၃-၃၅၀။ ဝိ ၂-၂၁၃။ ခု ၃-၂၀၆။

ဤသို့အစရှိသော။ နယေန၊ ဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ကထာ၊စကားသည်။ ရာဇကထာ၊ မည်၏။ စောရကထာဒိသု၊ စောရကထာအစရှိသည်တို့၌။ သေ နယော၊ တည်း။ (ရာဇာနံ အာရဗ္ဘ ပဝတ္တာ ကထာ ရာဇကထာဟု မဇ္ဈေလောပ ဒုတိယာတပ္ပုရိသ်ပြုလေ)။

မင်းကို အကြောင်းပြု၍ ဖြစ်သောစကားသည် ရာဇကထာ ဟူ၍ပြီ၊ အဘယ်သို့လျှင် မင်းကိုအကြောင်းပြု၍ဖြစ်သောစကားသည် တိရစ္ဆာန ကထာမည်သည်ဖြစ်သနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်း ငှာ တေသု စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အဓိပ္ပာယ်ကား-

တေသု၊ ထိုဆယ်ပါးကုန်သော နတ်ရွာ နိဗ္ဗာန်၏ ဘီလာဖြစ်သောစကား တို့၌။ အသုကော၊ ဤအမည်ရှိသော။ ရာဇာ၊ သည်။ ပါသာဒိကော၊ အလွန် အဆင်းလှ၏။ ဒဿနီယော၊ ရှုချင်ဘွယ်ရှိ၏။ ဣတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဂေဟဿိတကထာဝ၊ ရာဂကိုမှီ၍ ဖြစ်သော စကားသည် သာလျှင်။ တိရစ္ဆာနကထာ၊ တိရစ္ဆာနကထာမည်သည်။ ဟောတိ၊ ၏။ ဓေမဟာနုဘာဝေါ၊ ဤသို့ ကြီးသောဘုန်းတန်ခိုးရှိသော။ သောပိ ရာဇာ၊ ထိုသို့သော မင်းသည်လည်း။ ခယံ၊ ပျက်ခြင်းသို့။ ဂတော၊ ရောက်လေပြီ။ ဣတိဓေဝံ၊ ဤသို့။ ပဝတ္တာ၊ ဖြစ်သော။ ကထာပန၊စကားသည်ကား။ကမ္မဋ္ဌာန ဘာဝေ၊ ကမ္မဋ္ဌာန်း၏အဖြစ်၌။ တိဋ္ဌတိ၊ တည်၏။ စောရေသု၊ ခိုးသူတို့တွင်။ မူလဒေဝေါ၊ မူလဒေဝ အမည်ရှိသောခိုးသူသည်။ ဓေမဟာနုဘာဝေါ၊ ဤသို့ ကြီးသောဘုန်းတန်ခိုးရှိ၏။ မေဃမာလော၊ မေဃမာလ အမည်ရှိ သော ခိုးသူသည်။ ဓေမဟာနုဘာဝေါ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ တေသံ၊ ထိုခိုးသူတို့၏။ ကမ္မံ၊ ကို။ ပဋိစ္စ၊ ၍။ အဟောသူရော၊ ခြောက် ရဲရင့် ကုန်စွ။ ဣတိ၊ ဤသို့။ ဂေဟဿိတကထာဝ၊ သာလျှင်။ တိရစ္ဆာနကထာ၊ ၏။ ယုဒ္ဓေပိ၊ စစ်ထိုးခြင်း၌လည်း။ ဘာရတ ရာမယုဒ္ဓါဒိသု၊ ဘာရတမင်း ရာမမင်းတို့၏ စစ်ထိုးခြင်းစသည်တို့၌။ အသုကေန၊ ဤမည်သော မင်း သည်။ အသုကော၊ ဤမည်သောမင်းကို။ ဧဝံ၊ ဤသို့။ မာရိတော၊ သတ်လေပြီ။ ဧဝံ၊ ဤသို့။ ဝိဒ္ဓေါ၊ ထိုးလေပြီ။ ဣတိ၊ ဤသို့။ ကာမဿာဒ ဝသေန၊ ကာမချမ်းသာ၌ တပ်သည်၏အစွမ်းအားဖြင့်။ ပဝတ္တာ၊ သော။ကထာဝ၊

သည်သာလျှင်။ **တိရစ္ဆာနကထာ၊** သည်။ ဟောတိ၊ ၏။ တေပိနာမ၊ ထိုသူတို့ လျက်လည်း။ ခယံ၊ သို့။ ဂတာ၊ ကုန်ပြီ။ ဣတိဝေ၊ သို့။ ပဝတ္တာ၊ သော။ ကထာပန၊ သည်ကား။ သဗ္ဗတ္ထ၊ အလုံးစုံသောပုဒ်တို့၌။ ကာမဋ္ဌာနမေဝ၊ ကမ္မဋ္ဌာန်းသာလျှင်တည်း။ အပိစ ဒါပရော၊ တပါးသော။ နယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ အန္နာဒိသု၊ ထမင်းစသည်တို့တွင်။ ဧဝံဝဏ္ဏဝန္တံ၊ ဤသို့သော အဆင်းနှင့်ပြည့်စုံသော။ ဧဝံဂန္ဓဝန္တံ၊ ဤသို့အနံ့နှင့် ပြည့်စုံသော။ ဧဝံရသဝန္တံ၊ ဤသို့အရသာနှင့်ပြည့်စုံသော။ ဧဝံဖဿသမ္ပန္နံ၊ ဤသို့သော အတွေ့နှင့်ပြည့်စုံသော။ ဘောဇနံ၊ အစာကို။ မယံ၊ တို့သည်။ ခါဒိမ္ဟ၊ ခဲရဘူးကုန်ပြီ။ ဘုဉ္ဇိမ္ဟ၊ စားရဘူးကုန်ပြီ။ ဣတိ၊ ဤသို့။ ကာမဿာဒဝသေန၊ ကာမဂုဏ်၌ သာယာသည်၏ အစွမ်းအားဖြင့်။ ကထေတုံ၊ ငှာ။ န ဝဋ္ဋတိ၊ မအပ်။ သာတ္ထကံပန၊ အကျိုးရှိသည်ကိုကား။ ကတွာ၊ ၍။ ပုဗ္ဗေ၊ ၌။ ဧဝံဝဏ္ဏာဒိသမ္ပန္နံ၊ ဤသို့သော အဆင်းစသည်နှင့်ပြည့်စုံသော။ အန္နံဝါ၊ ဒါစာကိုရင်း။ ပါနံဝါ၊ အဖျော်ကိုရင်း။ ဝတ္ထံဝါ၊ အဝတ်ကိုရင်း။ သယနံဝါ၊ အိပ်ရာကိုရင်း။ မာလံဝါ၊ ပန်းကိုရင်း။ ဂန္ဓံဝါ၊ နံ့သာကိုရင်း။ သီလဝန္တာနံ၊ သီလနှင့်ပြည့်စုံသော ရဟန်းတို့အား။ အဒမှ၊ လှူဘူးကုန်ပြီ။ စေတိယေ၊ ၌။ ပူဇံ၊ ကို။ ကရိမှ။ ပြုဘူးကုန်ပြီ။ ဣတိ၊ ဤသို့။ ကထေတုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ **ဉာတိကထာဒိသုပန၊** အဆွေအမျိုးတို့ကိုရည်၍ ဆိုသော စကား အစရှိသည်တို့၌ကား။ အမှာကံ၊ တို့၏။ ဉာတကာ၊ တို့သည်။ သူရာ၊ ရဲရင့်ကုန်၏။ သမတ္ထာ၊ စွမ်းနိုင်ကုန်၏။ ဣတိဝါ၊ သို့ရင်း။ ပုဗ္ဗေ၊ ၌။ မယံ၊ တို့သည်။ ဧဝံ၊ သို့။ ဝိစိတြေဟိ၊ ဆန်းကြယ်ကုန်သော။ ယာနေဟိ၊ ယာဉ် တို့ဖြင့်။ ဝိစရိမှ၊ သွားကုန်ပြီ။ ဣတိဝါ၊ သို့ရင်း။ အဿာဒဝသေန၊ သာယာသည်၏အစွမ်းအားဖြင့်။ ဝတ္တုံ၊ ငှာ၊ န ဝဋ္ဋတိ၊ မအပ်။ သာတ္ထကံ ပန၊ အကျိုးရှိသည်ကိုကား။ ကတွာ၊ ၍။ နော၊ ငါတို့၏။ တေပိဉာတကာ၊ ထိုသို့ရင်းကုန်သော အဆွေအမျိုးတို့သည်လည်း။ ခယံ၊ ပျက်ခြင်းသို့။ ဂတာ၊ ရောက်ကုန်ပြီ။ ဣတိဝါ၊ သို့ရင်း။ ပုဗ္ဗေ၊ ၌။ မယံ၊ တို့သည်။ ဧဝ ရူပါ၊ ဤသို့သဘောရှိကုန်သော။ ဥပါဟနာ၊ ဘိနပ်တို့ကို။ သံဃဿ၊ အား။ အဒမှ၊ ကုန်ပြီ။ ဣတိဝါ၊ သို့ရင်း။ ကထေတဗ္ဗံ၊ ဆိုအပ်၏။ **ဂါမကထာပိ၊** ရွာစကားသည်လည်း။ သုနိဝိဋ္ဌ ဒုန္နိဝိဋ္ဌ သုဘိက္ခ ဒုဗ္ဘိက္ခာဒိဝသေနဝါ၊

ကောင်းစွာတည်ခြင်း မကောင်းသောတည်ခြင်း ဝပြောခြင်း ထော်ထွတ်ခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့်ရင်း။ အသုကဂါပဝါသိနော၊ ဤပြည်သောဂွာ၌ နေကုန်သောသူတို့သည်။ သူရာ၊ ရဲရင့်ကုန်၏။ သမတ္ထာ၊ စွမ်းနိုင်ကုန်၏။ ဣတိဣမိနာ အာကာရေနဝါ၊ ဤသို့သော အခြင်းအရာအားဖြင့်ရင်း။ ပေ၊ ဤသို့။ အဿာဒဝသေန၊ အားဖြင့်။ န ဝဋ္ဋတိ၊ မအပ်။ သာတ္ထကံပန၊ ကိုကား။ ဘတ္ထာ၊ ၍။ သဒ္ဒါ၊ သဒ္ဒါကုန်၏။ ပသန္နာ၊ ကြည်ညိုကုန်၏။ ဣတိဝါ၊ သို့ရင်း။ ခယံ၊ ကုန်ခြင်းသို့။ ဂတာ၊ ကုန်ပြီ။ ဝယံ၊ ပျက်ခြင်းသို့။ ဂတာ၊ ကုန်ပြီ။ ဣတိဝါ၊ သို့ရင်း။ ဝတ္တုံ၊ ငှာ။ ဝဋ္ဋတိ၊ အပ်၏။ နိဂမနဂရ ဇနပဒ ကထာဒီသုပိ၊ နိဂုမ်းမြို့ ဇနပုဒ်စကား အစရှိသည်တို့၌လည်း။ ဧသေဝနယော၊ တည်း။

**ဣတ္ထိကထာပိ**၊ မိန်းမစကားသည်လည်း။ ဝဏ္ဏသဏ္ဌာနာဒီနိ၊ အဆင်းသဏ္ဌာန် အစရှိသည်တို့ကို။ ပဋိစ္စ၊ ၍။ အဿာဒဝသေန၊ အားဖြင့်။ န ဝဋ္ဋတိ၊ မအပ်။ပ။သဒ္ဒါ၊ ကုန်၏။ ပသန္နာ၊ ကုန်၏။ပ။ ခယံ၊ သို့။ ဂတာ၊ ကုန်ပြီ။ ဝယံ၊ သို့။ ဂတာ၊ ကုန်ပြီ။ ဣတိဝေမေဝ၊ သို့သာလျှင်။ ဝဋ္ဋတိ၊ ၏။ **သူရကထာပိ**၊ ရဲရင့်သော စကားသည်လည်း။ နန္ဒိမိတ္တောနာမ၊ နန္ဒိမိတ္တ အမည်ရှိသော။ ယောဓော၊ သူရဲသည်။ သူရော၊ ရဲရင့်သည်။ အဟောသိ၊ ၏။ ဣတိ၊ ဤသို့။ အဿာဒဝသေန၊ အားဖြင့်။ ဝတ္တုံ၊ ငှာ။န ဝဋ္ဋတိ၊မအပ်။ ပ။ သဒ္ဒေါ၊ သည်။ အဟောသိ၊ ပြီ။ ခယံ၊ သို့။ ဂတော၊ ပြီ။ ဣတိဝေမေဝ၊ သို့သာလျှင်။ ဝတ္တုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။ **ဝိသိခါကထာပိ**၊ ခရီးဆုံစကားသည်လည်း။ အသုကာ၊ ဤအမည်ရှိသော။ ဝိသိခါ၊ ခရီးဆုံသည်။ သုနိဝိဋ္ဌာ၊ ကောင်းစွာဘည်၏။ ဒုန္နိဝိဋ္ဌာ၊ မကောင်းသဖြင့်တည်၏။ သူရာ၊ ရဲရင့်၏။ သမတ္ထာ၊ စွမ်းနိုင်၏။ ဣတိ၊ ဤသို့။ အဿာဒဝသေန၊ အားဖြင့်။ ဝတ္တုံ၊ ငှာ။ န ဝဋ္ဋတိ၊ မအပ်။

> သူရာ သမတ္ထာဟူသော ဤနှစ်ပုဒ်ကို ခရီးဆုံ၏ ရဲရင့်စွမ်းနိုင်ခြင်း သတ္တိမရှိခြင်းကြောင့် ဥပစာရအားဖြင့် ဆိုသတည်းဟုမှတ်လေ။ ဌာနူပစာရဟုလိုသည်။

သဒ္ဒါ၊ ကုန်၏။ ပသန္နာ၊ ကုန်၏။ပ။ခယံ၊ ကုန်ခြင်းသို့။ ဝယံ၊ ပျက်ခြင်းသို့။ ဂတာ၊ ကုန်ပြီ။ ဣတိဝေ၊ သို့။ ဝတ္တုံ၊ ငှာ။ ဝဋ္ဋတိ၊ ၏။

**ကုမ္ဘဋ္ဌာနကထာ**တိ၊ ကား။ ဥဒကဋ္ဌာနကထာ၊ ရေဆိပ်၌ဆိုသောစကား တည်း။ ဥဒကတိတ္ထကထာ၊ ရေဆိပ်၌ဆိုသောစကား။ ဃဋိဃဋဒံ၀စနံ၊ ကို။ ၀ုစ္စတိ၊ ၏။ ၀ါ၊ တနည်းကား။ ကုမ္ဘဒါသီကထာ၊ အိုးထိန်းကျွန်မကို ဆိုသောစကားတည်း။ သာပိ၀ိသိ၁ါ၊ ထိုရေဆိပ်သည်လည်း။ (တနည်း ကား)။ သာပိ၊ ထိုအိုးထိန်းကျွန်မသည်လည်း။ ပါသာဒိကာ၊ ကြည်ညို ဘွယ်ရှိ၏။ နစ္စိတုံ၀ါ၊ က,ခြင်းငှာရင်း။ ဂါယိတုံ၀ါ၊ သီခြင်းငှာရင်း။ ဆေကာ၊ လိမ္မာ၏။ ဃတိ၊ ဤသို့။ အဿာဒ၀သေန၊ အားဖြင့်။ ၀တ္တုံ၊ ငှာ။ န ၀ဋ္ဋတိ၊ မအပ်။

ဤနစ္စိတုံ ဂါယိတုံ ဆေကာ ဟူသောစကားသည် ရေဆိပ်၏ က,ခြင်း သီခြင်း သတ္တိမရှိခြင်းကြောင့် ဥပစာရစကားတည်း။

သဒ္ဒါ၊ ကုန်၏။ ပသန္နာ၊ ကုန်၏။ ဃတိအာဒိနာ၊ ဤသို့အစရှိသော။ နယေ န၊ ဖြင့်။၀ဋ္ဋတိ၊ ၏။**ပုဗ္ဗပေတကထာ**တိ၊ ဟူသည်ကား။အတီတဉာတိကထာ၊ လွန်လေပြီးသော အဆွေအမျိုးတို့ကိုရည်၍ ဆိုသောစကားတည်း။ တတ္ထ၊ ထိုလွန်လေပြီးသော အဆွေအမျိုးတို့ကိုရည်၍ ဆိုသောစကား၌။ ၀ိနိစ္ဆ ယော၊ အဆုံးအဖြတ်သည်။ ၀တ္တမာနဉာတိသဒိသော၀၊ ပစ္စုပ္ပန်၌ဖြစ်သော အဆွေအမျိုးတို့နှင့် တူသလျှင်ကတည်း။

**နာနတ္တကထာ**တိ၊ ကား။ ပုရိမ ပစ္ဆိမ ကထာ ၀ိမုတ္တာ၊ ရှေ့စကား နောက်စကားတို့မှလွတ်သော။ အ၀သေသာ၊ ရှေ့စကား နောက်စကား တို့မှကြွင်းသော။ နာနာသဘာ၀ါ [၂]၊ အထူးထူးသော သဘောရှိသော။ နိရတ္ထကကထာ၊ အကျိုးမရှိသောစကားတည်း။

ပုဗ္ဗပေတကထာ အစရှိသည်ကို ရှေ့စကားယူ။ လောကက္ခာယိက ကထာ စသည်ကို နောက်စကားယူလေ။

**လောကက္ခာယိကာ**တိ၊ ကား။ အယံလောကော၊ ဤလောကကို။ ကေန၊ အဘယ်သူသည်။ နိမ္မိတော၊ ဖန်ဆင်းအပ်သနည်း။ အသုကေနနာမ၊ ဤ•

---

၁။ ပုဗ္ဗပေတကထာ၌ ပေတသဒ္ဒါသည် ကာလက်တအနက်ကို ဟော၏။ ပေတ,ပရေတ,ကာလက်တ သဒ္ဒါသုံးခုကား ပရိယာယ်သဒ္ဒါတည်း။

၂။ အဋ္ဌသဒ္ဒါသည် သဘာ၀အနက်ကို ဟောသောသဒ္ဒါဖြစ်ကြောင်း သိစေ လို၍ သဘာ၀ါ-ဟု ဖွင့်သည်။

မည်သောသူသည်။ နိမ္မိတော၊ ၏။ ကာကော၊ ကျီးသည်။ အင္ဂိနံ၊ အရိုးတို့၏။ သေတတ္တာ၊ ဖြူသည်၏အဖြစ်ကြောင့်။ သေတော၊ ဖြူ၏။ လောဟိတာနံ၊ သွေးတို့၏။ ရတ္တတ္တာ၊ နီသည်၏အဖြစ်ကြောင့်။ ဗကာ၊ ဗျိုင်းတို့သည်။ ရတ္တာ၊ နီကုန်၏။ ဣတိဝေမာဒိကာ၊ ဤသို့အစရှိသော။ လောကာယတဝိတဏ္ဍာသလ္လာပကထာ[၁]၊ သံသရာကို ရှည်စေတတ်သော သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သောစကားကို ပြောဟောခြင်းတည်း။

သမုဒ္ဒက္ခာယိကာနာမ၊ သမုဒ္ဒရာကို ကြားသောစကား မည်သည်ကား။ ကသ္မာ၊ ကြောင့်။ သမုဒ္ဒေါ၊ သမုဒ္ဒရာသည်။ သာဂရော၊ သာဂရမည်သနည်း။ သာဂရဒေဝေန၊ သာဂရမင်းသည်။ ခတော၊ တူးအပ်၏။ တသ္မာ၊ ကြောင့်။ သာဂရော၊ သာဂရမည်၏။ မေ၊ ငါသည်။ ခတော၊ တူးအပ်၏။ ဣတိ၊ ဤသို့။ ဟတ္ထမုဒ္ဒါယ၊ လက်ကိုဖြန့်သဖြင့်။ နိဝေဒိတတ္တာ၊ ကြားအပ်သည်၏အဖြစ်ကြောင့်။ သမုဒ္ဒေါ၊ မည်၏။ ဣတိဝေမာဒိကာ၊ ဤသို့အစရှိသော။ နိရတ္ထကသမုဒ္ဒက္ခာယနကထာ၊ အကျိုး မရှိသော သမုဒ္ဒရာကို ကြားသောစကားတည်း။ ဘဝေါတိ[၂]၊ ကား။ ဝုဍ္ဎိ၊ ပွားခြင်းတည်း။ အဘဝေါတိ၊ ကား။ ဟာနိ၊ ယုတ်ခြင်းတည်း။ ဣတိ ဣမိနာ ကာရဏေန၊ ကြောင့်။ ဘဝေါ၊ ပွားသည်။ ဟောတိ၊ ၏။ ဣတိ ဣမိနာ ကာရဏေန၊ ကြောင့်။ အဘဝေါ၊ ယုတ်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ယံဝါတံဝါ၊ ဟူဟူငြားငြားသော။ နိရတ္ထကကာရဏံ၊ အကျိုးမရှိသောအကြောင်းကို။ ဝတွာ၊ ဆို၍။ ပဝတ္တိတကထာ၊ ဖြစ်စေအပ်သောစကားသည်။ ဣတိဘဝါဘဝကထာ၊ မည်၏။

၁၈။ ဝိဂ္ဂါဟိကကထာတိ၊ ကား။ ဝိဂ္ဂါဟိကကထာ သာရမ္ဘကထာ၊ ချုပ်ချယ်သောစကားတည်း။ (ကြမ်းတန်းသော စကားတည်းလည်းဟူ)။ တတ္ထ၊ ထိုဝိဂ္ဂါဟိကကထာ၌။ သဟိတံမေတိ၊ ကား။ မယှံ၊ ၏။ ဝစနံ စကားသည်။ သဟိတံ၊ အကျိုးစီးပွားတို့နှင့်စပ်၏။ သိလိဋ္ဌံ၊ ပြေပြစ်၏။ အတ္ထယုတ္တံ ကာရဏယုတ္တံ၊ အကြောင်းနှင့်စပ်၏။ ဣတိအယံအတ္တော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

၁။ လောကာ အာယတန္တိဧတ္ထ ဝါဒဿာဒေနာတိ လောကာယတံ၊ လောကော ဝါ ဟိတံ၊ န ယတတိ တေနာတိ လောကာယတံ။

၂။ ဘဝေါတိသဿတော၊ အဘဝေါတိဥစ္ဆေဒေါ၊ဘဝေါတိ ဝါ ကာမသုခံ၊ အဘဝေါတိ အတ္တကိလမထော-သီဋီသစ်-၃၆၈။

သဟိတံ၌ သဒ္ဒါ၏ ယုတ္တအနက်၌ ဖြစ်သည်၏အဖြစ်ကို သိစေခြင်း ငှာ အတ္ထယုတ္တံဟု ဆိုသတည်း။ အတ္ထသဒ္ဒါသည်-

အတ္ထော ပယောဇနေ သဒ္ဒါ၊ ဘိဓေယျေ ဝုဒ္ဓိယံ ဓနေ။
ဝတ္ထုမှိ ကာရဏေ နာသေ၊ ဟိတေ ပစ္စိမပဗ္ဗတေ။

ဟု အဘိဓာန်လာသောကြောင့် အကျိုးဟူသောအနက် သဒ္ဒါသည် ဟောအပ်သောအနက် ပွားခြင်းအနက် ဥစ္စာဟူသောအနက် တည်ရာ ဟူသောအနက် အကြောင်းဟူသောအနက် ပျက်စီးခြင်းဟူသော အနက် အစီးအပွားဟူသောအနက် အနောက်တောင်ဟူသောအနက် ဤကိုးပါးသော အနက်တို့၌ဖြစ်၏။ ဤအရာ၌ကား အကြောင်းဟူ သော အနက်၌ဖြစ်၏ဟု သိစေခြင်းငှာ အတ္ထယုတ္တံကို ကာရဏယုတ္တန္တိ အတ္ထောဟု ဖွင့်သောသအဋ္ဌကထာ အရှင်မြတ် ဖွင့်အပ်တော် မူပြန် သတည်း။

အသဟိတန္တေတိ၊ ကား။ တုယှံ၊ ၏။ ဝစနံ၊ သည်။ အသဟိတံ၊ အကျိုးစီး ပွားနှင့်မစပ်။ အသိလိဋ္ဌံ၊ မပြေပြစ်။ အဓိစိဏ္ဏံ တေ ဝိပရာဝတ္တန္တိ၊ ကား။ ယံဝစနံ၊ ကို။ တုယှံ၊ သည်။ ဒီဃရတ္တံ၊ ရှည်စွာသောနေ့ညဥ့်ပတ်လုံး။ စိဏ္ဏ ဝသေန၊ အလေ့အလာ ပြုသည်၏အစွမ်းအားဖြင့်။ သုပဂုဏံ၊ အဖန်တလဲ လဲ လေ့ကျက်အပ်၏။ တံဝစနံ၊ ထိုစကားသည်။ မယှံ၊ ၏။ ဧကဝစနေ နေဝ၊ တခွန်းသောစကားဖြင့်သာလျှင်။ ဝိပရာဝတ္တံ၊ ဖောက်ပြန်ရှိတည်၏။ ပရိဝတ္တိတ္တာ၊ ဖောက်ပြန်ရှိ။ ဋ္ဌိတံ၊ ၏။ တွံ၊ သည်။ ကိဉ္စိ၊ တစုံတခုကို။ န ဇာနာသိ၊ မသိ။ ဣတိအယံ၊ ဤသည်လျှင်။ အတ္ထော၊ တည်း။ (ဖောက် ပြန်ရှိတည်၏ ဟူသည်ကား မဟုတ်သင့် ဟုတ်သင့် တစုံတခုကို မသိဟူလို သည် ဟူလိုသော်)။

အာရောပိတော တေ ဝါဒေါတိ၊ ကား။ တဝ၊ ၏။ ဝါဒေါ၌။ ဒေါသော၊ အပြစ်ကို။ မယာ၊ သည်။ အာရောပိတော၊ တင်အပ်၏။ စရ ဝါဒပ္ပမောက္ခာ ယာတိ၊ ကား။ ဒေါသမောစနတ္ထံ၊ အပြစ်တင်ခြင်းမှ လွတ်စေခြင်းငှာ။ ဧရပိစရ၊ ကျင့်လေလော။ တတ္ထတတ္ထ၊ ထိုထိုသောအရပ်သို့။ ဂန္တွာ၊ ၍။ သိက္ခ၊ သင်ဦးလေလော။ (ကျင့်လေလေလာလည်းဟူ)။ ဣတိအယံ အတ္ထော၊

ကို။ဝေဒိတဗ္ဗော၊ ၏။ **နိဗ္ဗုတ္တေဟိဝါ သစေ ပဟောသိတိ**၊ကား။သယံ၊သည်။ အထပဟောသိ၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်အံ့။ ဣဒါနေဝ၊ ယခုအခါ၌ သာလျှင်။ နိဗ္ဗုတ္တေဟိ၊ ဖြေလော။

၁၉။ ဒူတေယျကထာယံ၊ ဒူတေယျကထာ၌။ **ဣဓဂစ္ဆာတိ**၊ ကား။ ဣတော၊ ဤအရပ်မှ။ အသုကံနာမဌာနံ၊ ဤမည်သော အရပ်သို့။ ဂစ္ဆ၊ လော။**အမုတြာဂစ္ဆာတိ**၊ ကား။ တတော၊ ထိုအရပ်မှ။ အသုကံနာမဌာနံ၊ ဤမည်သောအရပ်သို့။ အာဂစ္ဆ၊ လော။ **ဣဒံဟရာတိ**၊ ကား။ ဣတော၊ ဤအရပ်မှ။ဣဒံနာမ၊ ဤမည်သောအမှုကို။ ဟရ၊ ဆောင်လော။ **အမုတြ ဣဒံ အာဟရာတိ**၊ ကား။ အသုကဌာနတော၊ ဤမည်သောအရပ်မှ။ ဣဒံ နာမ၊ ကို။ ဣဓ၊ သို့။ အာဟရ၊ တဖန်ဆောင်လော့။ သင်္ခေပတော ပန၊ အားဖြင့်ကား။ ဣဒံဒူတေယျကမ္မံ၊ ဤတမန်သွားသော အမှုသည်လည်း။ ပဥ္စသဟဓမ္မိကေစ၊ ငါးယောက်သော သိက္ခာသုံးဘော် တိုကိုရှင်း ရတနတ္တယဿ၊ ၏။ ဥပကာရ ပဋိသံယုတ္တံ၊ ကျေးဇူးနှင့်စပ်သော။ ဂိဟိ သာသနဉ္စ၊ လူတို့၏သတင်းကိုရှင်း။ ဌပေတွာ၊ထား၍။ အညေသံ၊ တို့၏။ ဒူတေယျကမ္မံ၊ တမန်ပြု၍ သတင်းဆောင်အမှုကို။ ကာတုံ၊ ငှာ။ နဝဋ္ဋတိ၊ မအပ်။

၂၀။ **ကုဟကာ**တိအာဒိသု၊ ကုဟကပုဒ် အစရှိသည်တို့၌။ အတ္ထော၊ ဝစနတ္ထဖြစ်သောအနက်ကို။ ဝေ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ ယေဘိက္ခူ၊ တို့သည်။ တိဝိဓေန၊ သုံးပါးအပြားရှိသော။ကုဟနဝတ္ထုနာ၊ အံ့ဘွယ်သရဲ ကို ဖြစ်စေခြင်း၏အကြောင်းဖြင့်။ လောကံ၊ လူကို။ ကုဟယန္တိ ဝိမှာပယန္တိ၊ အံ့ဘွယ်သရဲကို ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေဘိက္ခူ၊ တို့သည်။ **ကုဟကာ**၊ မည်ကုန်၏။ ယေဘိက္ခူ၊ တို့သည်။ လာဘသက္ကာ ရတ္ထိကာ၊ လာဘ်အရိုအသေပြုခြင်းကို အလိုရှိကုန်သည်။ ဟုတွာ၊ ကုန်၍။ လပန္တိ၊ ပြောပတတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေဘိက္ခူ၊ တို့သည်။ **လပကာ**၊ လပကမည်ကုန်၏။ တေသံ၊ ထိုရဟန်းတို့အား။ နိမိတ္တံ၊ နိမိတ် မှုခြင်းတည်းဟူသော။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ တေဘိက္ခူ၊ တို့သည်။ **နေမိတ္တိကာ**၊မည်ကုန်၏။ တေသံ၊တို့အား။

နိပ္ပေသော၊ လာဘ်ကို ရှာခြင်းဟု ဆိုအပ်သော။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ တေဘိက္ခူ၊ တို့သည်။ နိပ္ပေသိကာ၊ မည်ကုန်၏။ ယေဘိက္ခူ၊ တို့သည်။ လာဘေန၊ မိမိလာဘ်ဖြင့်။ လာဘံ၊ သူတပါးတို့၏လာဘ်ကို။ နိဇိဂီသန္တိ မဂ္ဂန္တိ ပရိယေသန္တိ၊ ရှာတတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေဘိက္ခူ၊ တို့သည်။ **လာဘေန လာဘံ နိဇိဂီသိ တာရော၊** လာဘေန လာဘံ နိဇိဂီသိတမည်ကုန်၏။

> ဆရာ-ကုဟယန္တိ အစရှိသည်ဖြင့် ကတ္တုသာဓန အစရှိသည်ကိုပြ၏။ ထိုကတ္တုသာဓန အစရှိသည်ဖြင့် အံ့ဘွယ်သရဲကို ဖြစ်စေတတ်သော တရား အပေါင်းသည် ကုဟက စသည် မည်ကောင်း သလော ဟု သူ့စောဒနာဘွယ်ရှိ၍ ထိုစောဒနာကို ဖြေခြင်းငှာ ကုဟနာ။ပ။ တေ အဓိဝစနံကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

တေ၊ ထိုကုဟက အစရှိသော ပုဒ်လေးခုအပေါင်းသည်။ ကုဟနာ လပနာ နေမိတ္တိကတာ နိပ္ပေသိကတာ လာဘေနလာဘံ နိဇိဂီသနတာဟိ၊ အံ့ဘွယ်သရဲကိုဖြစ်စေခြင်း ပြောပခြင်း နိမိတ်ပြုလေ့ရှိသည်၏ အဖြစ် မိမိလာဘ်ဖြင့် သူတပါးတို့၏ လာဘ်ကို ရှာလေ့ရှိသည်၏ အဖြစ်ဟု ဆိုအပ်ကုန်သော။ တေဘာဟိ၊ ထိုတရားသဘောတို့နှင့်။ သမန္နာဂတာနံ၊ ပြည့်စုံကုန်သော။ ပုဂ္ဂလာနံ၊ တို့၏။ အဓိဝစနံ၊ တည်း။ အယံ၊ ဤဆိုအပ်ပြီးသော အနက်သည်။ ဧတ္ထ၊ ဤဒီဃနိကာယ်အဋ္ဌကထာ၌။ သင်္ခေပေါ၊ အကျဉ်းတည်း။ ဝိတ္ထာရေန ပန၊ ဖြင့်ကား။ တော ကုဟနာဒိကာ၊ထိုကုဟန အစရှိသည်တို့ကို။ဝိသုဒ္ဓိမဂ္ဂေ[၁]၌။ သီလနိဒ္ဒေသေ၊သီလကိုအကျယ်ပြရာ၌။ ပါဠိဉ္စ၊ ကိုငှင်း။ အဋ္ဌကထဉ္စ၊ ကိုငှင်း။ အာဟရိတွာ၊ ၍။ မယာ၊ သည်။ ပကာသိတာ၊ ကုန်ပြီ။ တတ္ထာ၀တာ၊ ဤမျှအတိုင်းအရှည်ရှိသော သဒ္ဒါ အစဉ် အနက်အစဉ်ဖြင့်။ မဇ္ဈိမသီလံ၊ သည်။ နိဋ္ဌိတံ၊ သည်။ဟောတိ၊ ၏။

မဇ္ဈိမသီလဝဏ္ဏနာပြီး၏။

---

[၁]။ ဝိသုဒ္ဓိ ၁-၂၂။

## မဟာသီလအဖွင့်

တတ္ထ၊ ထိုပုဗ္ဗန္တကပ္ပိကာဟူသောပုဒ်၌။ သမာသိနိဝိဋ္ဌေ၊ အကျုံးဝင်သော။ (ဒွန္ဒေ့ဘတိ)၊ ဟူသော။ အယံအန္တသဒ္ဒေါ၊ သည်။ အန္တအဗ္ဘန္တရ မရိယာဒ လာမက ပရဘာဂ ကောဋ္ဌာ သေသု၊ အဘို့ဟူသောအနက် အတွင်းဟူသောအနက် အပိုင်းအခြား ဟူသောအနက် အယုတ်ဟူသော အနက် ဝဋ္ဋကင်းရဲ၏ဆုံးရာ အဘို့ဟူသော အနက် အစုဟူသော အနက်ဘို့၌။ ဒိဿတိ၊ ထင်၏။ ဟိဝိတ္ထာရယိဿာမိ၊ အံ့။ အန္တပူရောဥဒရပူရော ဣတိ အာဒိသု၊ အန္တပူရော ဥဒရပူရော ဤသို့အစရှိကုန်သောပါဌ်တို့၌။ အန္တသဒ္ဒေါ၊ အန္တ ဟုဆိုအပ်သောသဒ္ဒါသည်။ အန္တေ၊ အအူ၌။ ပဝတ္တတိ၊ ၏။ အန္တပူရော၊ အအူပြည့်ရုံ။ ဥဒရပူရော၊ ဝမ်းပြည့်ရုံ။ စရန္တိ။ပ။သောဘမာနာတိအာဒိသု၊ တို့၌။ အန္တသဒ္ဒေါ၊ သည်။ အဗ္ဘန္တရေ၊ အတွင်း၌။ ပဝတ္တတိ၊ ၏။ လောကေ၊ ၌။ ပရိဝါရဆန္နာ၊ တန်ဆာဖြင့် ဖုံးလွှမ်းကုန်သော။ ဇနာ၊ တို့သည်။ အန္တော၊ အတွင်း၌။ အသုဒ္ဓါ၊ မစင်ကုန်သည်ဖြစ်၍။ ဗဟိ၊ ၌။ သောဘမာနာ၊ တင့်တယ်ကုန်သည်ဖြစ်၍။ စရန္တိ၊ သွားကုန်၏။ ကာယဗန္ဓနဿ။ပ။ ပထန္တံဝါတိ အာဒိသု၊ ကာယဗန္ဓနဿ။ပ။ပထန္တံဝါ ဤသို့အစရှိကုန်သော ပါဌ်တို့၌။ အန္တသဒ္ဒေါ၊ သည်။ မရိယာဒါယံ၊ အစွန်း၌။ ပဝတ္တတိ၊ ၏။

ကာယပဗန္ဓနသာ၊ ခါးပန်း၏။ ဟဒ္ဒေ္တာ၊ အစွန်းသည်။ ဇီရတိ၊ ဆွေးမြေ့၏။ သောကရိကဏ္ဍံဝါ ၁၊ ဝက်အူကျစ်နှင့်တူသော အပိုင်းအခြားရှိသော ခါးပန်းကိုရင်း။ အနုဇာနာမိ၊ ၏။ အန္တမိဒံ ။ပ။ ပိဏ္ဍောလျန္တိ အာဒိသု၊ တို့၌။ အန္တသဒ္ဒေါ၊ သည်။ လာမကေ၊ အယုတ်၌။ ပဝတ္တတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အာဇီဝကာနံ၊ တက္ကဒွန်းတို့၏။ ယဒိဒံ ယံဣဒံ ပိဏ္ဍောလျံ၊ အကြင်လက်ဖြင့်ဘွမ်းခံခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့လက်ဖြင့်ဆွမ်းခံခြင်းသည်။ အန္တံ၊ အယုတ်တည်း။ သေဝေန္တော ဒုက္ခဿာတိအာဒိသု၊ တို့၌။ အန္တသဒ္ဒေါ၊ သည်။ ပရဘာဂေ၊ ဝဋ်၏ဆုံးရာအဘို့၌။ ပဝတ္တတိ၊ ၏။ သေဝ၊ ဤနိဗ္ဗာန်တရားသည်လျှင်။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တော၊ အဆုံးဖြစ်သောအဘို့တည်း။ ဟိ--တဒေဝသစ္စံ၊ ၏။ သဗ္ဗပစ္စယသင်္ခယော၊အလုံးစုံသောပစ္စည်းတို့၏ကုန်ရာဖြစ်သောနိဗ္ဗာန်ကို။ ဒုက္ခဿ၊ ၏။ ပရဘာဂေါ၊ ပြင်အဘို့ဖြစ်သော။ ကောဋိတိ၊ ဝဋ်ဆင်းရဲ၏ဆုံးရာဟူ၍။ (အစွန်းဟူ၍လည်းဟူ)။ ဝုစ္စတိ၊ ပိန့်အပ်၏။ သက္ကာယော။ပ။အန္တောတိအာဒိသု၊ တို့၌။ ကောဋ္ဌာသေ၊ အဖို့၌။ အ္တ္တသဒ္ဒေါ၊ သည်။ ပဝတ္တတိ၊ ၏။ အာဝုသော၊ ငါ့ရှင်တို့။ သက္ကာယော၊ သက္ကာယဒိဋ္ဌိသည်။ ဧေါ၊ စင်စစ်။ ဧကော၊ သော။ အန္တော၊ တရားအဘို့တည်း။ သွာယံ သောအယံ အန္တသဒ္ဒေါ၊ သည်။ ဣဓာပိ၊ ဤပဗ္ဗန္တကပ္ပိကာဟူသောပုဒ်၌လည်း။ ကောဋ္ဌာသေ၊ ၌။ ပဝတ္တတိ၊ ၏။

ကပ္ပသဒ္ဒေါပိ၊ သည်လည်း။ ဘန္တေ၊ ဘုရား။ ဘဂဝါ၊ သည်။ ကပ္ပံ၊ အာယုကပ်ပတ်လုံး။ တိဋ္ဌတု၊ တည်စေသတည်း။ နိပဇ္ဇီတုံ၊ ဖြစ်ခြင်းငှာ။ ကပ္ပေါ၊ အမြွက်သည်။ အတ္ထိ၊ ရှိ၏။ ကပ္ပကတေန၊ ကပ္ပဗိန္ဒုထိုးပြီးသော ပုဆိုးနှင့်။ (ဖြင့်လည်းဟူ)။ အကပ္ပကတံ၊ ကပ္ပဗိန္ဒုမထိုးသောပုဆိုးကို။ သံသိဗ္ဗိတံ၊ စပ်အပ်သည်။ ဟောတိ၊ ၏။ ဣတိဝေံ၊သို့။(ဝုတ္တေသု ထည့်ပါ)။

---

၁။ သာဟရိတန္တံ-ဆဋ္ဌမူ၊ဤပါဠိကား မ၁-၂၄၆-မှာပါသည်။ကာယဗန္ဓနဿ အန္တောဇီရတိကား ဝိ ၄-၂၇၇ မှာပါသည်။ နိဿယဆရာ ပေးပုံမှာ အမ်ပွါယ် သက်နပ်နေသကဲ့သို့ဖြစ်သည်။ ဆဋ္ဌမူရှိအတိုင်း အနက်ပေးပုံကား-သာ၊ ထိုတေဇောဝေဘာသည်။ ဟရိတန္တံဝါ၊ စိမ်းသော မြက်သစ်ပင် အစိုင်းအခြားကိုရင်း။ ပန္နန္တံဝါ၊ ခရီးလမ်းအပိုင်းအခြားကိုရင်း။ အာဂမ္မ၊ စွဲ၍။ အနာဟာရာ၊ လောင်စာမရှိသောကြောင့်။ နိဗ္ဗာယတိ၊ ငြိမ်း၏။

ဝုတ္တော။ ကုန်သော။ အာယုကပ္ပ လေသကပ္ပ ဝိနယကပ္ပါဒိသု၊ အာယုကပ်
အမြွက်ဖြစ်သောကပ် ဝိနည်းကပ္ပိယနှု အစရှိကုန်သော။ သမ္ပဟုလေသု၊
များစွာကုန်သော။ အတ္ထေသု၊ တို့၌။ ပဝတ္တတိ၊ ၏။

အာဒိသဒ္ဒါဖြင့် ကပ္ပသဒ္ဒါ၏ အလုံးစုံ ဟူသောအနက် အကြံဟူသော
အနက် အပိုင်းအခြားဟူသောအနက် ဟစရှိသည်တို့၌ ဖြစ်သည်၏
အဖြစ်ကိုယူလေ။

ဣမ၊ ဤပုဗ္ဗန္တ ကပ္ပိကာ ဟူသောပုဒ်၌။ ကပ္ပသဒ္ဒေါ၊ သည်။ တဏှာဒိဋ္ဌိသု၊
တို့၌။ ပဝတ္တတိ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ ၏။ ကပ္ပေါ တိ။ ပ။ ဒိဋ္ဌိကပ္ပေါ
စာတိ၊ ကပ္ပေါတိ ။ ပ။ ဒိဋ္ဌိကပ္ပေါစ ဟူ၍။ ဧတမ္ပိဝစနံ၊ ကိုလည်း။ ဘဂဝတာ၊
သည်။ ဝုတ္တံ၊ ပြီ။ ကပ္ပေါတိ၊ ဟူသည်ကား။ ဥဒ္ဒါနတော၊ အကျဉ်းအားဖြင့်။
ကပ္ပါ၊ အကြံတို့သည်။ တဏှာကပ္ပေါစ၊ တဏှာနှင့်စပ်သောအကြံဟူ၍၎င်း။
ဒိဋ္ဌိကပ္ပေါစ၊ မိစ္ဆာဒိဋ္ဌိနှင့်စပ်သောအကြံဟူ၍၎င်း။ ဒွေ၊ နှစ်ပါးတို့တည်း။
တသ္မာ၊ ထိုသို့ ကပ္ပသဒ္ဒါ၏ ဤပုဗ္ဗန္တကပ္ပိကာ ဟူသောပုဒ်၌ တဏှာဒိဋ္ဌိတို့၌
ဖြစ်သည်၏အဖြစ်ကြောင့်။ တဏှာဒိဋ္ဌိဝသေန၊ ဖြင့်။ အတီတံ၊ သော။ ခန္ဓ
ကောဋ္ဌာသံ၊ ခန္ဓာဟူသောအဘို့အစုကို။ ကပ္ပေတွာ၊ ကြံ၍။ ပကပ္ပေတွာ၊
အပန်တလဲလဲကြံ၍။ ဌိတာ၊ တည်ကုန်၏။ (ဣတိ၊ ထို့ကြောင့်။ ပုဗ္ဗန္တကပ္ပိကာ၊
ကုန်၏)[၁]၊ ဣတိဧဝံ၊ သို့။ ဧတ္ထ၊ ဤပုဗ္ဗန္တကပ္ပိကာဟူသောပုဒ်၌။ အတ္ထော၊
ကို။ ဝေဒိတဗ္ဗော၊ ၏။ ဧဝံ၊ သို့။ ပုဗ္ဗန္တံ၊ ရှေးအဘို့ကို။ ကပ္ပေတွာ၊ ၍။ ဌိတာနံ၊
တည်ကုန်ပြီးသော။ တေသံ ဇနာနံ၊ တို့အား။ ပုနပ္ပုနံ၊ လဲ။ ဥပ္ပဇ္ဇနဝသေန၊
အားဖြင့်။ ပုဗ္ဗန္တမေဝ၊ သို့သာလျှင်။ အနုဂတာ၊ အစဉ်လိုက်သော။ ဒိဋ္ဌိ၊ အယူ
တည်း။ ဣတိ၊ ထို့ကြောင့်။ ပုဗ္ဗန္တာနုဒိဋ္ဌိနော၊ မည်ကုန်၏။ ဝေံဒိဋ္ဌိနော၊ ဤသို့
ရှေးအဘို့သို့အစဉ်လိုက်၍ယူလေ့ရှိကုန်သော။ တေ၊ ထိုသူတို့သည်။ တံပုဗ္ဗန္တံ၊
ကို။ အာရဗ္ဘ၊ အာဂမ္မ၊ အကြောင်းပြု၍။ ပဋိစ္စ၊ စွဲ၍။ အညံ၊ သော။ ဇနမ္ပိ၊ လူအ
ပေါင်းကိုလည်း။ ဒိဋ္ဌိဂတိကံ၊ မှားသောအယူရှိသည်ကို။ ကရောန္တော၊ ကုန်၍။
အနေကဝိဟိတာနိ၊ အထူးထူးအပြားပြား ရှိကုန်သော။ အဓိမုတ္တိပဒါနိ၊
နာမပညတ်ဟူသော အစုတို့ကို။ (တနည်းကား) မိစ္ဆာအယူကို ပြတတ်

၁။ ဤကွင်းရှိစာသည် နိဿယ၌ ကျန်ဟန်တူ၍ ထည့်သွင်းပေးလိုက်သည်။

ကုန်သော စကားတို့ကို။ အဌ္ဌာရသဟိ၊ ကုန်သော။ ဝတ္ထုုဟိ၊ အကြောင်းတို့ဖြင့်။ အဘိဝဒန္တိ၊ ဆိုတတ်ကုန်၏။ (ပညတ်ကုန်၏ လည်းဟူ)။

တတ္ထ၊ ထိုအနေကဝိဟိတာနိ အစရှိသောပါဌ်၌။ အနေကဝိဟိတာနိတိ၊ ကား။ အနေကဝိဓာနိ၊ အထူးထူးအပြားပြားရှိကုန်သော။ အဓိမုတ္တိပဒါနိတိ၊ ဟူသည်ကား။ အဓိဝစနပဒါနိ၊ နာမပညတ်ဖြစ်ကုန်သော အစုတို့ကို။ အယဝါ၊ ကား။ ဘူတံ၊ ဟုတ်မှန်သော။ အတ္ထံ၊ သဘောကို။ အဘိဘဝိတွာ၊ နှိပ်စက်၍။ ယထာသဘာဝတော၊ သဘောဟုတ်သည် အားလျော်စွာ။ အဂ္ဂဟေတွာ၊ ၍။ ပဝတ္တနတော၊ ဖြစ်ခြင်းကြောင့်။ ဒိဋ္ဌိယော၊ မိစ္ဆာအယူတို့ကို။ အဓိမုတ္တီတိ၊ ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။ အဓိမုတ္တီနံ၊ မိစ္ဆာအယူတို့၏။ ပဒါနိ၊ အကြောင်းတို့တည်း။ အဓိမုတ္တိပဒါနိ၊ မိစ္ဆာအယူတို့၏အကြောင်းကို။ ဒိဋ္ဌိဒီပကာနိ၊ မိစ္ဆာအယူကို ပြတတ်ကုန်သော။ ဝစနာနိ၊ တို့ကို။ ဣတိအယံ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ အဋ္ဌာရသဟိ ဝတ္ထူဟီတိ၊ ဟူသည်ကား။ အဋ္ဌာရသဟိ၊ ကုန်သော။ ကာရဏေဟိ၊ တို့ဖြင့်။

၁၀။ ဣဒါနိ၊ ၌။ အဋ္ဌာရသဟိ၊ ကုန်သော။ ယေဟိ ဝတ္ထူဟိ၊ တို့ဖြင့်။ အဘိဝဒန္တိ၊ ဆိုကုန်၏။ တေသံ ဝတ္ထူနံ၊ ထိုတဆဲ့ရှစ်ပါးကုန်သော အကြောင်းတို့ကို။ ကထေတုကမျတာယ၊ ဖြေခြင်းငှာ အလိုရှိသည်၏ အဖြစ်ကြောင့်။ တေစခေါ ဘောန္တောတိ အာဒိနာ၊ သော။ နယေန၊ ဖြင့်။ ပုစ္ဆိတွာ၊ မေး၍။ တာနိ ဝတ္ထူနိပိ၊ ထိုအကြောင်းတို့ကိုလည်း။ ဝိဘဇိတွာ၊ ၍။ ဒဿေတုံ၊ ငှာ။ သန္တိဘိက္ခဝေတိအာဒိံ၊ ကို။ အာဟ၊ ပြီ။ တတ္ထ၊ ထိုသန္တိဘိက္ခဝေ အစရှိသောပါဌ်၌။ ဧတေန မိစ္ဆာဂါဟေန၊ ထိုမိစ္ဆာအယူဖြင့်။ ဝဒန္တိ၊ ဖောက်ပြန်သော အယူကို ယူတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ယူကြောင်းဖြစ်သော သတ္တိကြောင့်။ သောမိစ္ဆာဂါဟော၊ သည်။ ဝါဒေါ၊ မည်၏။

## သဿတဝါဒ

ထိုသို့သော ဝစနတ္ထကြောင့် စေတနာအစရှိသောတရားသည် ဝါဒ မည်ကောင်းသလောဟု သူစောဒနာဘွယ်ရှိ၍ ထိုစောဒနာကိုဖြေခြင်း

ငှာ ဒိဋ္ဌိဂတသေယံ အမိဝစနံ ဟူသောပါဠိကို မိန့်သတည်း။ ထိုပါဠိ၏အနက်ကား-

ပေ၊ ယိုပါဒေါ်ဟူသောစကားသည်။ ဒိဋ္ဌိဂတသ၊ မိစ္ဆာဒိဋ္ဌိ၏။ အဓိဝစနံ၊ တည်း။ တေသံ ဇနာနံ၊ တို့အား။သဿတော၊ မြဲ၏ဟူသော။ (မြဲသော လည်းဟူ)။ ဝါဒေါ၊ အယူသည်။ အတ္ထိ၊၏။ ဣတိတသ္မာ၊ ကြောင့်။ တေ ဇနာ၊တို့သည်။ သဿတဝါဒါ၊ မည်ကုန်၏။

ထိုသို့သော ဗဟုပ္ပိယိသမာသ်ကြောင့် မိစ္ဆာဒိဋ္ဌိကို သမ္ပယုတ္တ သဟ ဇာတ ပစ္စည်းပြု၍ ဖြစ်သော တရားအပေါင်းသည် သဿတဝါဒ မည်ကောင်းသလော ဟူသောစောဒနာကိုနှစ်စေခြင်းငှာ သဿတဒိဋ္ဌိ နောတိ အတ္ထောကို မိန့်သတည်း။ ထိုပါဠိ၏ အနက်ကား-

သဿတဒိဋ္ဌိနော၊ မြဲ၏ဟူသော အယူရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ ဣတိ အယံ အတ္ထော၊ကို။ ဝေဒိတဗ္ဗော၊ ၏။ တေနေဝ နယေန၊ ဖြင့်သာလျှင်။ ဣတော၊ ဤသဿတဝါဒေါ ဟူသောပုဒ်မှ။ ပရေသံ၊ တပါးကုန်သော။ ဝေရူပါနံ၊ ကုန်သော။ ပဒါနံ၊ တို့၏။ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ သဿတံ အတ္တာနဉ္စ လောကဉ္စာတိ၊ ဟူသည်ကား။ရူပါဒီသု၊ ရုပ်အစရှိသည် တို့တွင်။ အညတရံ၊ တပါးပါးကို။ အတ္တာတိစ၊ အတ္တာဘောဟူ၍၎င်း။ လောကောတိစ၊ လောကဟူ၍၎င်း။ ဂဟေတွာ၊ ၍။ တံ၊ ထိုရုပ်အစရှိ သည်ကို။ သဿတံ အမရံ နိစ္စံ ဓုဝံ၊ မြဲ၏ဟူ၍။ ပညပေန္တိ၊ ပညတ်ကုန်၏။ (လေးပုဒ်ကား ပရိယာယ်သဒ္ဒါတည်း)။ ယထာ ယေန ကာရဏေန၊ ကြောင့်။ ရူပါဒီသု၊ တို့တွင်။ အညတရံ၊ ကို။ အတ္တာတိစ၊ ဟူ၍၎င်း။ လောကောတိစ၊ ဟူ၍၎င်း။ ဂဟေတွာ၊ ၍။ တံ၊ ကို။ သဿတံ၊ ဟူ၍။ ပညပေန္တိ၊ ကုန်၏။ တထာ တေန ကာရဏေန၊ ကြောင့်။ရူပံ အတ္တာစေဝ ။ပ။ ပညပေန္တီတိ ဣဒံဝစနံ၊ ကို။ ဘဂဝါ၊သည်။ အာဟ၊ပြီ။ ရူပံ၊ သည်။ အတ္တာစေဝ၊ လည်းမည်၏။ လောကောစ၊ လည်းမည်၏။ သဿတောစ၊ မြဲလည်းမြဲ၏။ ဣတိ၊ ဤသို့။ အတ္တာနဉ္စ၊ အတ္တဘောကို၎င်း။ လောကဉ္စ၊ ကို၎င်း။ သဿတံဣတိ၊ ဟူ၍။ ပညပေန္တိ၊ ကုန်၏။ (နောက်ဝါကျ အနက် တူ၏)။

၇၁။ **အာတပ္ပမန္ွာယာတိအာဒီသု၊** တို့၌။ ဝီရိယံ၊ ကို။ ကိလေသာနံ၊ တို့ကို။ အာတာပနဘာဝေန၊ ပူပန်စေတတ်သည်၏ အဖြစ်ကြောင့် (ညှဉ်းဆဲ တတ်သည်၏ အဖြစ်ကြောင့်လည်းဟူ)။ **အာတပ္ပန္တိ၊** ဟူ၍။ ဝုတ္တံ၊ ဆိုအပ် ၏။ တဒေဝဝီရိယံ၊ ကိုသာလျှင်။ ပဒဟနဝသေန၊ အားထုတ်တတ်သည်၏ အဖြစ်ကြောင့်။ **ပဓာနံဣတိ၊** ဟူ၍။ဝုတ္တံ၊ ၏။ပုနပ္ပုနံ၊ လဲ။ ပယုတ္တဝသေန၊ လုံ့လပြုတတ်သည်၏ အဖြစ်ကြောင့်။ **အနုယောဂေါတိ၊** ဟူ၍။ ဝုတ္တံ၊ ၏။ ဣတိဧဝံ၊ သို့။ တိပ္ပဘေဒမ္ပိ၊ သုံးပါးအပြားရှိသည်လည်း ဖြစ်သော။ ဝီရိယံ၊ ကို။ အန္ွာယ အာဂမ္မ၊ အကြောင်းပြု၍။ ပဋိစ္စ၊ ၍။ ဣတိအယံ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ သတိယာ၊ သတိနှင့်။ အဝိပ္ပဝါသော၊ မကင်းခြင်းကို။**အပ္ပမာဒေါတိ၊**ဟူ၍။ ဝုစ္စတိ၊၏။ **သမ္မာမနသိကာရောတိ၊** ဟူသည်ကား။ ဥပါယမနသိကာရော ပထမနသိကာရော၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းကို။

> အသင့်အားဖြင့် နှလုံးသွင်းခြင်း ဟူသည်ကာဘ အဘယ်နည်း မနသိကာရ စေတသိက်လောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ အတ္ထတော ဉာဏန္တိ ဝုတ္တံ ဟောတိကို မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား–

အတ္ထတော၊ သရုပ်ဖြစ်သော အနက်အားဖြင့်။ဉာဏံ၊ သည်။ သမ္မာမနသိကာရော၊ သမ္မာမနသိကာရမည်၏။ ဣတိအယံအဓိပ္ပါယတ္ထော၊ ဤလိုအပ်သော အနက်ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊၏။ **ဟိ· တဒေဝ သစ္စံ၊** ၏။ ယသ္မိံ မနသိကာရေ၊ ၌။ ဌိတဿ၊ တည်သောပုဂ္ဂိုလ်အား။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏံ၊ သည်။ ဣဇ္ဈတိ၊ ပြည့်စုံ၏။ အယံမနသိကာရော၊ ဤပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့် ယှဉ်သော မနသိကာရကို။ ဣမသ္မိံ ဌာနေ၊ ၌။ မနသိကာရောတိ၊ ဟူ၍။ အဓိပ္ပေတော၊ ၏။ တသ္မာ၊ကြောင့်။ ဝီရိယဉ္စ၊ ကိုငင်း။ သတိဉ္စ၊ကိုငင်း။ဉာဏဉ္စ၊ ကိုငင်း။ အာဂမ္မ၊ အကြောင်း ပြု၍။ ပဿပေန္တိ၊ ကုန်၏။ ဣတိအယံ၊ ဤသို့ဆိုအပ်ပြီးသည်ကား။ ဧတ္ထ၊ ဤအာတပ္ပ မန္ွာယ အစရှိသောပါဌ်၌။ သင်္ခေပတ္ထော၊ အကျဉ်းဖြစ်သော အနက်တည်း။ **တထာရူပန္တိ၊ တထာရူပံ** ဟူသည်ကား။ တထာဇာတိကံ၊

တိုသို့သဘောရှိသော။ **စေတောသမာဓိံ့**၊ ဟူသည်ကား။ စိတ္တသမာဓိ၊ အဘိညာဉ်စိတ်နှင့် ယှဉ်သောသမာဓိကို။ ဖုသတိတိ၊ ဖုသတိဟူသည်ကား။ ဝိန္ဒတိ၊ ခံစား၏။ ပဋိလဘတိ၊ ရ၏။ **ယထာသမာဟိတေစိတ္တေတိ**၊ ဟူသည်ကား။ ယေန သမာဓိနာ၊ အကြင်အဘိညာဉ်စိတ်နှင့်ယှဉ်သော သမာဓိဖြင့်။ စိတ္တမှိ၊ အဘိညာဉ်စိတ်ကို။ သမာ အာဟိတေ သုဋ္ဌု ဌပိတေ၊ ကောင်းစွာ အာရုံ၌ထားပြီးသော်။ အနေကဝိဟိတံပုဗ္ဗေနိဝါသန္တိ အာဒီနံ၊ တို၏။ အတ္ထော ကို။ ဝိသုဒ္ဓိမဂ္ဂေ၊ ၌။ မယာ၊ သည်။ ဝုတ္တော၊ ပြီ။

**သောဧဝမာဟ**တိ၊ဟူသည်ကား။ သောပုဂ္ဂလော၊ သည်။ ဧဝံ၊ ဤသို့။ ဈာနာနုဘာဝသမ္ပန္နော၊ ဈာန်၏အာနုဘော်နှင့် ပြည့်စုံသည်။ ဟုတွာ၊ ၍။ မိစ္ဆာဒိဋ္ဌိကော၊ မှားသောအယူရှိသည်။ ဟုတွာ၊ ၍။ ဧဝံ၊ သို့။ ဝဒတိ၊ ၏။ **ဝဉ္ဈော**တိ၊ ဟူသည်ကား။ ဝဉ္ဈပသုဝဉ္ဈတာလာဒယောဝိယ၊ မြုံသော ဝါးပင် မြုံသောထန်းပင် စသည်တို့သည်။ အဖလာဝိယ၊ အသီးမသီးကုန် သကဲ့သို့။ အဖလော၊ အကျိုးမရှိ။ ကဿစိ၊ တစုံတခုကို။ အဇနကော၊ မဖြစ်စေတတ်။ ဧတိအဏ္ဍော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဧတေန၊ ဝဉ္ဈာဟူ သော ဤပုဒ်ဖြင့်။ အတ္တာတိ စ၊ ဟူ၍၎င်း။ လောကောတိ စ၊ ဟူ၍၎င်း။ ဂဟိတာနံ၊ ကုန်သော။ ဈာနာဒီနံ၊ တို၏။ ရူပါဒိဇနကဘာဝံ၊ ရုပ်အစရှိ သည်ကို ဖြစ်စေတတ်သည်၏အဖြစ်ကို။ မိစ္ဆာဒိဋ္ဌိကော၊ သည်။ (ကတ္တား တည့်)။ ပဋိက္ခိပတိ၊ ပယ်၏။ ယော လောကော၊ သည်။ ပဗ္ဗတကူဋံဝိယ၊ တောင်ထွဋ်ကဲ့သို့။ ဌိတော၊ တည်၏။ ဣတိတသ္မာ၊ ကြောင့်။ သောလော ကော၊ သည်။ **ကူဋဋ္ဌော**၊မည်၏။ **ဧသိကဋ္ဌာယိဋ္ဌိတော**တိ၊ ဟူသည်ကား။ ယောလောကော၊ သည်။ ဧသိကဋ္ဌာယီဝိယ၊ ကျောက်စာတိုင် တည်သကဲ့ သို့။ ဟုတွာ၊ ၍။ ဌိတော၊ ၏။ ဣတိတသ္မာ၊ကြောင့်။သောလောကော၊ သည်။ ဧသိကဋ္ဌာယိဋ္ဌိတော၊ မည်၏။

ထိုအနက်ကို ထင်စွာပြတော်မူလို၍ ယထာ။ပ။ ဧသေ့ေဟူသောပါဠိ ကို မိန့်သတည်း။ ထိုပါဠိ၏အတ္ထကား-

သုနိခါတော၊ မြဲစွာစိုက်အပ်သော။ ဧသိကတ္ထမ္ဘော၊ ကျောက်စာတိုင် သည်။ နိစ္စလော၊ မတုန်မလှုပ်သည်ဖြစ်၍။ တိဋ္ဌတိယထာ၊ သကဲ့သို့။ ဧဝံ

တထာ၊ တူ။ အယံလောကော၊ သည်။ ဠိတော၊ ၏။ ဃာတိအယံအတ္တော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ဥဘယေနပိ၊ကူဋ္ဌဋ္ဌော ဧသိကဋ္ဌာယိဋ္ဌိတောဟူသော ပုဒ်နှစ်ပုဒ်အပေါင်းဖြင့်လည်း။ လောကဿ၊ ၏။ ဝိနာသာဘာဝံ၊ ပျက်ခြင်း မရှိသည်၏အဖြစ်ကို။ မိဿာဒိဋ္ဌိကော၊ သည်။ (ကတ္တားထည့်)။ ဒီပေတိ၊ ၏။ ကေစိပန၊ တို့သည်ကား။ဤသိကဋ္ဌာယိဋ္ဌိတော၊ ဤသိကဋ္ဌာယိဋ္ဌိတော ဟူ၍။ ပါဠိံ၊ ကို။ဝတွာ၊ ရွတ်၍။ မုဉ္စတော၊ဖြူဆံမြက်မှ။ဤသိကာဝိယ၊ အညှောက်ကဲ့သို့။ ဠိတော၊ ၏။ ဃာတ ဃာမံ အတ္ထံ၊ ကို။ ဝဒန္တိ၊ ကုန်၏။ တတြ၊ ထိုကေစိဆရာတို့စကား၌။ အယံ၊ ဤဆိုလတ္တံသည်ကား။ အဓိပ္ပါ ယော၊ ကေစိဆရာတို့၏အလိုတည်း။ ယံဇမ္ဗာတံ၊ အကြင် တရားသဘော ကို။(ဃာဒိကား တဗ္ဗောတည်း)။ဇာယတိတိ၊ ဖြစ်တတ်၏ဟူ၍။ ဝုစ္စတိ၊၏။ တံဇမ္ဗာတံ၊ သည်။မုဉ္စတော၊ ဖြူဆံမြက်မှ၊။ ဤသိကာဝ၊အညှောက်ကဲ့သို့။ ပိဋ္ဌာမာနမေဝ၊ ထင်ရှားရှိသည်ဖြစ်၍သာလျှင်။နိက္ခမတိ၊ထွက်၏။ ယသ္မာ၊ ကြောင့်။ အယံ လောကော၊ သည်။ ဤသိကာယိဋ္ဌိတော၊ ဖြူသံမြက် အညှောက်ကဲ့သို့တည်၏။ တသ္မာ၊ ကြောင့်။ တေစသတ္တာ၊ တို့သည်လည်း။ သ႕ွာဝန္တိ၊ ဤဘဝမှ ထိုဘဝသို့ ထိုဘဝမှ ဤဘဝသို့ ပြောင်းကုန်၏။ ဣတော၊ ဤဘဝမှ၊ အညတ္ထ၊ တပါးသောဘဝသို့။ဂစ္ဆန္တိ၊ ပြောင်းကုန်၏။ ဃာတိအယံ အတ္တော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

သံသရန္တိတိ၊ ကား။ အပရာပရံ၊ လူးလာလူးလာ။ (အဖန်တလဲလဲ လည်းဟူ)။သဉ္စရန္တိ၊ ရွေ့လျောကုန်၏။ စဝန္တိတိ၊ ဟူသည်ကား။ဧဝံသင်္ချံ၊ ဤသို့စုတေ၏ဟူသော အရေအတွက်သို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တထာ၊ တူ။ ဥပပဇ္ဇန္တိတိသင်္ချံ၊ ပဋိသန္ဓေအားဖြင့် ဖြစ်ကုန်၏ဟူသော အရေ အတွက်သို့။ ဂစ္ဆန္တိ၊ ကုန်၏။ အဋ္ဌကထာယံပန၊ ၌ကား။ (ဝုတ္တံ၌စပ်)။ ပုဗ္ဗေ၊၌။ သဿတော။ပ။ လောကောစာတိ၊ဟူ၍။ ဝတွာ၊ ၍။ဣဒါနိ၊ ၌။ တေစ သတ္တာ သန္ဓာဝန္တီတိ အာဒိနာ၊ သော။ ဝစနေန၊ ဖြင့်။အယံဒိဋ္ဌိဂတိ ကော၊ ဤမိစ္ဆာအယူရှိသော ပုဂ္ဂိုလ်သည်။ အတ္တနာယေဝ၊ သည်ပင်လျှင်။ အတ္တနော၊ ၏။ ဝါဒံ၊ ကို။ ဘိန္ဒတိ၊ ဖျက်၏။ ဒိဋ္ဌိဂတိကဿ၊ မိစ္ဆာအယူ ရှိသော ပုဂ္ဂိုလ်၏။ ဒဿနံနာမ၊ အယူမည်သည်ကား။ နိဗဒ္ဓံ၊ မြဲသည်။ နဟောတိ၊ မဖြစ်။ ထုသရာသိမှိ၊ ဖွဲစု၌။ နိက္ခိတ္တခါဏုကောဝိယ၊ စိုက်အပ်

သော သစ်ငုတ်ကဲ့သို့။ (မြုပ်အပ်သော သစ်ငုတ်ကဲ့သို့လည်းဟူ)။ စဍ္ဍလံ၊ တုန်လှုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဥမ္မတ္တကပဏ္ဍိယံ၊သူရူးကို၏ခြင်း၌။ ပုဝခဏ္ဍ ဂူထ ဂေါမယာဒီနိဝိယ၊ မုံ့ပဲ လူမစင် နွားချေး စသည်တို့ကဲ့သို့။ ဧတ္ထ၊ ဤမိစ္ဆာအယူ၌။သုန္ဒရံဝါ၊ ကောင်းခြင်းသည်ရှင်း။ အသုန္ဒရံဝါ၊သည်ရှင်း။ ဟောတိယေဝ၊ တည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊၏။ အတ္ထိတွေဝသဿတိ သမန္တို ဧတ္ထပါဠိ၌။ သမဘိနိဝိဋ္ဌသ၊ သော။ သဿတိတိပဒဿ၊ ၏။ နိစ္စန္တို အတ္ထော၊ နိစ္စံဟူသောအနက်ကို။ ဒဠှဗွော၊ ၏။ ဝိဇ္ဇမာနတာယ၊ ထင်ရှားရှိသည်၏အဖြစ်ကြောင့်။ မဟာပထဝိ၊ ကို။ သဿတိတိ၊ မြဲ၏ဟူ၍။ မိစ္ဆာဒိဋ္ဌိကော၊ သည်။ မညတိ၊ ၏။ တထာ၊ တူ။သိနေရုပဗ္ဗတ စန္ဒိမသူရိယေပိ၊ မြင်းမိုရ်တောင် လ နေ တို့ကိုလည်း။ မညတိ၊ အောက်မေ့၏။ တတော၊ ထိုသို့အောက်မေ့သောကြောင့်။ တေဟိ၊ ထိုမြေကြီး မြင်းမိုရ်တောင် လ နေ တို့နှင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ သမံ၊ တူသည်ကို။ (တူ၏ဟူ၍ လည်းဟူ)။ မညမာနာ၊ ကုန်သည်ဖြစ်၍။ အတ္ထိတွေဝ သဿတိ သမန္တို၊ ၍။ ဝဒန္တို၊ ကုန်၏။

ဣဒါနိ၊ ၌။ သဿတော အတ္တာစ လောကောစာတိ အာဒိကာယ၊သဿတော ။ပ။ လောကောစ ဤသို့အစရှိသော။ ပဋိညာယ၊ ဝန်ခံခြင်းကို။ သာဓနတ္ထံ၊ ပြီးစေခြင်းငှာ။ ဟေတုံ၊ ကို။ ဒဿေန္တော၊ ဖြစ်၍။ တံကိဿ ဟေတု။ပ။ မန္ဒာယာတိအာဒိံ၊ တံကိဿ။ပ။မန္ဒာယ ဤသို့အစရှိသော စကားကို။ အာဟ၊ ပြီ။ တတ္ထ၊ ထိုတံကိဿဟေတု အစရှိသောပါဌ်၌။ ဣမိနာမဟံ တေဇာနာမိတိ၊ ဟူသည်ကား။ ဣမိနာ ဝိသေသာဓိဂမေန၊ ဤတရားအထူးကိုရခြင်းကြောင့်။အဟံ၊ငါသည်။ တေ၊ ဤအကြောင်းကို။ ပစ္စက္ခတော၊ မျက်မှောက်ပြုသော အားဖြင့်။ ဇာနာမိ၊ ၏။ ကေဝလံ၊ သက်သက်။ သဒ္ဓါမတ္တကေနေဝ၊ ယုံကြည်ကာမျှဖြင့်လျှင်။ န ဝဒါမိ၊ မဆို။ ဣတိဣမံ အတ္ထံ၊ ကို။ ဒိဋ္ဌိဂတိကော၊ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်သည်။ ဒဿေတိ၊ ၏။ ဧတ္ထ၊ ဤဣမိနာမဟံဟူသောပုဒ်၌။ မကာရောပန၊ ကိုကား။ ပဒသန္ဓိကရဏတ္ထံ၊ပုဒ်စပ်ခြင်းကိုပြုခြင်းငှာ။ ဝုတ္တော၊၏။ ဣဒံဘိက္ခဝေ ပဌမံဌာနန္တို၊ ဟူသည်ကား။စတူဟိ ဝတ္ထုဟီတိ ဧတ္ထပါဠိ၌။ သမဘိနိဝိဋ္ဌေန၊ သော။ ဝတ္ထုသဒ္ဒေန၊ ဖြင့်။ ဝုတ္တေသု၊ ဆိုအပ်ကုန်ပြီးသော။ စတူသု၊ ကုန်သော။

ဌာနေသု၊ အကြောင်းတို့တွင်။ဣဒံဌာနံ၊သည်။ ပဌမံ၊ သော။ ဌာနံ၊တည်း။ ဣဒံ ဇာတိ သတသဟဿမတ္တာ နုဿရဏံ၊ ဤဘဝ တသိန်းမျှ ကိုသာ အောက်မေ့ခြင်းသည်။ ပဌမံ၊ သော။ကာရဏံ၊ တည်း။ ဣတိအယံ အတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ကာရဏံဟူသောပုဒ်ကို ဌာနသဒ္ဒါ၏အနက်ကိုပြခြင်းငှာ မိန့်သတည်း။ ဇာတိသတသဟဿမတ္တာနုဿရဏံ ဟူသောပုဒ်ကို ဣဒံဟူသောပုဒ်၏ အစွဲကို ပြခြင်းငှာ မိန့်သတည်း။

၃၂-၃၃။ ဥပရိဝါရဒွယေပိ၊ အထက်ဝါရ နှစ်ခုအပေါင်း၌လည်း။ ဧသောနယော၊ ဤနည်းအတူတည်း။

ဆရာ-အထက်ဝါရ နှစ်ခုအပေါင်း၌လည်း ဤနည်းအတူဟူ၏။ တစုံတခု အထူးမရှိပြီလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ ကေဝလံဟိ။ပ။ဝုတ္တောကို မိန့်သတည်း။ထိုပါဠ်၏ အတ္ထကား-

ဥပရိ ဝါရဒွယေပိ ဧသောနယောတိ၊ ဥပရိ။ပ။ ဧသောနယောဟူ၍။ ယံဝစနံ၊ ကို။ မယာ၊ သည်။ ဝုတ္တံ၊ ပြီ။ တံဝစနံ၊သည်။ ဟိယုတ္တံ၊သင့်စွာ၏။ ကေဝလံ၊ သက်သက်။အယံဝါရော၊ ဤပဌမဝါရကို။ ဇာတိသတသဟဿာနုဿရဏဝသေန၊ ဘဝတသိန်းကို အောက်မေ့ခြင်း၏ အစွမ်းအားဖြင့်။ ဝုတ္တော၊ ၏။ ဣတရေ၊ ဤပဌမဝါရမှ တပါးကုန်သော ဝါရနှစ်ပါးတို့ကို။ ဒသစတ္တာလီသ သံဝဋ္ဋဝိဝဋ္ဋကပ္ပါနုဿရဏဝသေန၊ ဆယ်ပါးကုန်သော သံဝဋ္ဋဝိဝဋ္ဋကပ် လေးဆယ်ကုန်သော သံဝဋ္ဋဝိဝဋ္ဋကပ်တို့ကို အောက်မေ့ခြင်း၏ အစွမ်းအားဖြင့်။ ဝုတ္တာ၊ ကုန်၏။

အဘယ်ကြောင့် ထိုသို့ အောက်မေ့ခြင်း၏ အစွမ်းအားဖြင့် ဆိုအပ်သနည်း၊ အလွန်အောက်မေ့ခြင်း၏ အစွမ်းအားဖြင့် မဆိုအပ်သနည်း ဟူသော စောဒနာကို ဖြေတော်မူလို၍ မန္ဒပညောဟိ။ပ။ န တတော ဥဒ္ဓံကို မိန့်သဘည်း။ ထိုပါဠ်၏အတ္ထကား-

ဟိဂါသ္မာ၊ ကြောင့်။ ဓတ္တာလီသ သံဝဋ္ဋဝိဝဋ္ဋ ကပ္ပါနုဿရဏဂသေနေဝ ဖြင့်သာလျှင်။ ဝုတ္တော၊ နည်း။ တတော၊ ထက်။ ဥဒ္ဓံ၊လွန်။ အနုဿရဏ

ဝဒေသနံ၊ ဖြင့်။ နဝုတ္တော၊ နည်း။ မန္ဒပညော၊ နုံ့သောပညာရှိသော။ တိတ္ထိယော၊ သည်။ အနေက ဇာတိ သတသဟဿမတ္တံ၊ များစွာသော ဘဝတသိန်းမျှကိုသာလျှင်။ အနုဿရတိ၊ အောက်မေ့၏။ (ဘဝတသိန်း၏ အရေအတွက်များသည်၏ အဖြစ်ကြောင့် အနေကဟူသော ဝိသေသနကို မိန့်ပြန်သတည်း)။ မဇ္ဈိမပညော၊ အလတ်ဖြစ်သော ပညာရှိသော။ တိတ္ထိယော၊ သည်။ ဒသ သံဝဋ္ဋဝိဝဋ္ဋကပ္ပါနိ၊ ဆယ်ပါးကုန်သော သံဝဋ္ဋ ဝိဝဋ္ဋကပ်တို့ကို။ အနုဿရတိ၊ ၏။ တိက္ခပညော၊ သော။ တိတ္ထိယော၊ သည်။ စတ္တာလီသ သံဝဋ္ဋ ဝိဝဋ္ဋကပ္ပါနိ၊ တို့ကို။အနုဿရတိ၊ ၏။ တတော၊ ထက်။ ဥဒ္ဓံ၊ အလွန်။ နအနုဿရတိ၊ မအောက်မေ့။ တသ္မာ၊ ကြောင့်။ စတ္တာလီသ သံဝဋ္ဋ ဝိဝဋ္ဋ ကပ္ပါနုဿရဏဝသေနေဝ၊ ဖြင့်သာလျှင်။ ဝုတ္တော၊ ၏။ တတော၊ ထက်။ ဥဒ္ဓံ၊ လွန်။ နဝုတ္တော၊ အပ်။

၃၄။ စတုတ္ထဝါရေ၊ ၌။ ယောပုဂ္ဂလော၊ သည်။ တက္ကယတိ၊ ကြံတတ်၏။ ဣတိတသ္မာ၊ကြောင့်။ သောပုဂ္ဂလော၊သည်။ တက္ကီ၊မည်၏။ ဝါ၊ကား။ အဿ ပုဂ္ဂလဿ၊ အား။ တက္ကော၊ အကြံသည်။(ကြံခြင်းသည်လည်းဟူ)။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သောပုဂ္ဂလော၊ သည်။တက္ကီ၊ မည်၏။

ဤသို့ ကတ္တုသာဓန, အဿတ္ထိဝစနတ္ထကြောင့် တက္ကီမည်သော ဟူပြီး၊ ထိုသို့သော ဝစနတ္ထကြောင့် ဝိတက်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သာမည သည် တက္ကီမည်ကောင်းသလော ဟူသောစောဒနာကို ဖြေတော်မူလို၍ တက္ကေတွာဝိတက္ကေတွာ။ပ။အဓိဝစနံဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

တက္ကေတွာ၊ ကြံ၍။ ဝိတက္ကေတွာ၊ အဖန်တလဲလဲကြံ၍။ ဒိဋ္ဌိဂါဟိနော၊ မှားသောအယူကို ယူလေ့ရှိသော ပုဂ္ဂိုလ်၏။ ဧတံ၊ ထို တက္ကီဟူသောပုဒ်သည်။ အဓိဝစနံ၊ တည်း။ယောပုဂ္ဂလော။ သည်။ဝီမံသာယ၊ စုံစမ်းဆင်ခြင်ခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သောပုဂ္ဂလော၊ သည်။ ဝီမံသီ၊ မည်၏။ ဝီမံသာနာမ၊ ဝီမံသမည်သည်ကား။ တုလနာ၊ စုံစမ်းဆင်ခြင်ခြင်းတည်း။၊ ရုစ္စနာ နှစ်သက်ခြင်းတည်း။ ခမာပနာ၊ သူတပါးကိုနှစ်သက်စေခြင်းတည်း။

ထို တုလနာ မည်ကြောင်းကို ဥပမာဖြင့် အကျယ်ပြတော်မူလို၍ ယထာ ဟိ စသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား–

ပုရိသော၊ သည်။ ယဋ္ဌိယာ၊ တောင်ဝှေးဖြင့်။ (ဝါးဖြင့်လည်းဟူ)။ဥဒကံ၊ ရေကို။ ဝိမံသိတွာ ဝိမံသိတွာ၊ စုံစမ်း၍ စုံစမ်း၍။ ဩတရတိယထာ၊ သက်သက်ဲသို့။ ဝေမေဝ၊ လျှင်။ ယောပုဂ္ဂလော၊ သည်။ တုလယိတွာ၊ စုံစမ်း၍။ ရူစိတွာ၊ နှစ်သက်၍။ ခမာပေတွာ၊ သည်းခံစေ၍။ (သူတပါးကို နှစ်သက်စေ၍ လည်းဟူ)။ ဒိဋ္ဌိံ၊ မိစ္ဆာ အယူကို။ ဂဏှာတိ၊ ယူ၏။ သောပုဂ္ဂလော၊ ကို။ ဝိမံသီတိ၊ဟူ၍။ဝေဒိတဗ္ဗော၊ ၏။**တက္ကပရိယာဟတန္တိ**၊ ဟူသည်ကား။ တက္ကေန၊ ဝိတက်ဖြင့်။ ပရိယာဟတံ၊ တဖန်အလဲလဲကြံ၍။ တေန တေန ပရိယာယေန၊ ထိုထိုသို့သော အကြောင်းဖြင့်။ တက္ကေတွာ၊ ၍။ ဣတိအယံအတ္ထော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။**ဝိမံသာနုစရိတန္တိ**၊ ကား။ ဝုတ္တပ္ပကာရာယ၊ သော။ တာယ ဝိမံသာယ၊ ထိုပညာဖြင့်။ အနုစရိတံ၊ စုံစမ်းဆင်ခြင်၍။ **သယံပဋိဘာနန္တိ**၊ ကား။ အတ္တနော၊ ၏။ ပဋိဘာနမတ္တ သဉ္ဇာတံ၊ ဉာဏ်အထင်မျှသာဖြစ်သော။ ဝစနံ၊ ကို။ **ဝေမာဟာ**တိ၊ ဟူသည် ကား။ သဿတဒိဋ္ဌိံ၊ ကို။ ဂဟေတွာ၊ ယူ၍။ ဝေံ၊ ဤသို့။ဝဒတိ၊ဆို၏။

တတ္ထ၊ ထိုတက္ကီဝါဒ၌။ ထက္ကီ၊ကြံ၍ယူလေ့ရှိသောပုဂ္ဂိုလ်သည်။ အနုဿု တိကောတိ၊ အဆင့်ကြားခြင်းရှိသော ပုဂ္ဂိုလ်ဟူ၍ရင်း။ ဇာတိဿရောတိ၊ ဇာတိဿရဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ဟူ၍ရင်း။ လာဘီတိ၊ ဈာန် အဘိညာဉ်ရသော ပုဂ္ဂိုလ်ဟူ၍ရင်း။ သုဒ္ဓတက္ကီကောတိ၊ သက်သက်ကြံ၍သာ ယူလေ့ရှိသောပုဂ္ဂိုလ်ဟူ၍ရင်း။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။ တတ္ထ၊ ထိုလေးပါးအပြားရှိကုန်သော ပုဂ္ဂိုလ်တို့တွင်။ ယောပုဂ္ဂလော၊ သည်။ ဝေဿန္တရောနာမ၊ အမည်ရှိသော။ ရာဇာ၊ သည်။ အဟောသိ၊ ပြီ။ ဣတိအာဒိနိ၊ ဤသို့အစရှိသောစကားတို့ကို။ သုတွာ၊ ၍။ တေန၊ထို သို့ကြားခြင်းကြောင့်။ (ဟိကား နိပါတ်မျှသာတည်း)။ ဝေဿန္တရော၊ သည်။ ဘဂဝါ၊ သည်။ ယဒိဟောတိ၊ အံ့။ အတ္တာ၊ အတ္တဘောသည်။ သဿတော၊ မြဲ၏။ ဣတိ၊ ဤသို့။ တက္ကယန္တော၊ ကြံသည်ဖြစ်၍။ ဒိဋ္ဌိံ၊ကို။ ဂဏှာတိ၊၏။ အယံပုဂ္ဂလော၊ သည်။ **အနုဿုတိကောနာမ**၊ အနုဿုတိက

ကာရဟော၊ အားဖြင့်။ ဇာနာတိ၊ ၏။ တတော၊ ထိုလေးပါးကုန်သော
အကြောင်းတို့မှ။ ပရံ၊ သော။ တံပဇာနနာကာရဏံ၊ ထိုအပြားအားဖြင့်
သိခြင်း၏အကြောင်းကို။ ဒဿေန္တော၊ ၍။ ဣမေဒိဋ္ဌိဋ္ဌာနာတိအာဒိံ၊ ကို။
အာဟ၊ ပြီ။ တတ္ထ၊ ထိုဣမေဒိဋ္ဌိဋ္ဌာနာ အစရှိသောပါဌ်၌။ဒိဋ္ဌိယောဧဝ၊
မိစ္ဆာဒိဋ္ဌိတို့သည်သာလျှင်။ ဒိဋ္ဌိဋ္ဌာနာနာမ၊ မည်ကုန်၏။ (ဒိဋ္ဌိယောဧဝ
ဌာနာ ဒိဋ္ဌိဋ္ဌာနာဟု ကမ္မဓာရယ်ပြုလို၏)။ အပိစ အပရော၊ တပါးသော။
နယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ (ဒိဋ္ဌီနံ ဌာနံ ဒိဋ္ဌိဋ္ဌာနံဟု ဆဋ္ဌီ
တပ္ပုရိသ်ပြုလို၏။ ဌာနသဒ္ဒါကား ကာရဏအနက်၌ဖြစ်၏)။ ယထာဟေန
ကာရဏေန၊ ကြောင့်။ ဒိဋ္ဌီနံ၊ တို့၏။ ကာရဏံ၊ သည်။ ဒိဋ္ဌိဋ္ဌာနံ၊မည်၏။
တထာ တေန ကာရဏေန၊ကြောင့်။ ကတမာနိ အဋ္ဌဒိဋ္ဌိဋ္ဌာနာနိ။ပ။ဒိဋ္ဌိဋ္ဌာ
နန္တိ၊ကတမာနိ အဋ္ဌဒိဋ္ဌိဋ္ဌာနာနိ။ပ။ဒိဋ္ဌိဋ္ဌာနံဟူသော ဤစကားကို။ ဘဂဝါ၊
သည်။ အာဟ၊ ပြီ။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဒိဋ္ဌိဋ္ဌာနာနိ၊ မိစ္ဆာအယူ၏
အကြောင်းတို့သည်။ ကတမာနိ၊တို့နည်း။ ခန္ဓာပိ၊တို့သည်လည်း။ ဒိဋ္ဌိဋ္ဌာနံ၊
မိစ္ဆာအယူ၏အကြောင်းမည်၏။ အဝိဇ္ဇာပိ၊ သည်လည်း။ ဒိဋ္ဌိဋ္ဌာနံ၊ မည်၏။
ဖဿောပိ၊သည်လည်း။ သညာပိ၊ သည်လည်း။ ဝိတက္ကောပိ၊ သည်လည်း။
အယောနိသော၊ မသင့်သောအားဖြင့်။ မနသိကာရောပိ၊ နှလုံးသွင်းခြင်း
သည်လည်း။ ပါပမိတ္တောပိ၊ မကောင်းသော အဆွေခင်ပွန်းသည်လည်း။
ပရတောဃောသောပိ၊ ဖောက်ပြန်သော ဒေသနာသည်လည်း။ ဒိဋ္ဌိဋ္ဌာနံ၊
ဒိဋ္ဌိဋ္ဌာနမည်၏။ ဣတိဣမာနိအဋ္ဌ၊ တို့တည်း။ ဒိဋ္ဌီနံ၊ မိစ္ဆာဒိဋ္ဌိတို့၏။ ဥပ္ပါ
ဒါယ၊ ဖြစ်ခြင်းငှာ။ သမုဋ္ဌာနဋ္ဌေန၊ အကြောင်းဖြစ်သောအနက်ကြောင့်။
ခန္ဓာ၊ တို့သည်။ ဟေတု၊ မည်၏။ ခန္ဓာ၊ တို့သည်။ ပစ္စယော၊ မည်၏။
ဧဝံ၊ သို့။ ခန္ဓာပိ၊ တို့သည်လည်း။ ဒိဋ္ဌိဋ္ဌာနံ၊ မည်၏။ အဝိဇ္ဇာ၊သည်။ဒိဋ္ဌီနံ၊
တို့၏။ ဥပ္ပါဒါယ၊ ငှာ။ သမုဋ္ဌာနဋ္ဌေန၊ ကြောင့်။ ဟေတု၊မည်၏။ပ။
ပါပမိတ္တော၊ သည်။ ဟေတု၊ မည်၏။ ပရတောဃောသော၊ သည်။
ဟေတု၊ မည်၏။ ပရတောဃောသော၊ သည်။ ပစ္စယော၊ မည်၏။ ဧဝမ္ပိ၊
လည်း။ ပရတောဃောသော၊ သည်။ ဒိဋ္ဌိဋ္ဌာနံ၊ မည်၏။ **ဧဝံဂဟိတာ**တိ၊
ဟူသည်ကား။ ဒိဋ္ဌိသင်္ခါတာ၊ မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်ကုန်သော။ ဒိဋ္ဌိဋ္ဌာနာ၊
ဒိဋ္ဌိဋ္ဌာနတို့ကို။ (ဂဟိတာ အာဒိန္နာဥ္စပ် ဒိဋ္ဌိသင်္ခါတာ ဟူသောပါဌ်ဖြင့်

ဒိဋ္ဌိဋ္ဌာနဟူသောပုဒ်၏ သမ္ဘာဝနာကပ္ပဓာရယ်၏ အဖြစ်ကိုပြ၏) အတ္တာဂ၊ သည်ရင်း။ လောကော စ၊ သည်ရင်း။ သဿတော၊ မြဲ၏။ဣတိဝေ၊ သို့။ ဂဟိတာ အာဒိန္နာ၊ စွဲလမ်းအပ်ကုန်၏။ ပဝတ္တိတာ၊ ဖြစ်စေအပ်ကုန်၏။ ဣတိ အယံအတ္တော၊ ကို။ဝေဒိတဗ္ဗော၊ ၏။ **ဧဝံပရာမဋ္ဌာတိ**၊ ဟူသည်ကား။ နိရာသင်္ကစိတ္တတာယ၊ ရွံ့ရှားခြင်း ကင်းသောစိတ်ရှိသည်၏အဖြစ်ကြောင့်။ ပုနပ္ပုနံ၊ လဲလဲ၊ အာမဋ္ဌာ၊ စွဲလမ်းအပ်သောအယူတို့သည်။ ပရာမဋ္ဌာ၊၏။ ဣဒမေဝ၊ ဤငါ၏စကားသာလျှင်။ သစ္စံ၊ မှန်၏။ အညံ၊ တပါးသော စကားသည်။ မောဃံ၊ အချည်းနှီးတည်း။ ဣတိ၊ ဤသို့။ ပရိနိဋ္ဌာပိတာ၊ ပြီးဆုံးစေအပ်ကုန်၏။ ကာရဏသဒ္ဒါတာ၊ ဟုဆိုအပ်ကုန်သော။ ဒိဋ္ဌိဋ္ဌာနာ၊ မိစ္ဆာဒိဋ္ဌိတို့သည်။ (မိစ္ဆာအယူ၏ အကြောင်းတို့သည်လည်းဟူ) ယထာ ယေန အာကာရေန၊ ဖြင့်။ ဂယှမာနာ၊ ယူအပ်ကုန်သည်ဖြစ်၍။ ဒိဋ္ဌိယော၊ တို့ကို။ သမုဋ္ဌာပေန္တိ၊ ဖြစ်စေကုန်၏။ ဧဝံ တထာ တေန အာကာရေန၊ ဖြင့်။ အာရမ္မဏဝသေန စ၊ အားဖြင့်ရင်း။ ပဝတ္တနဝသေန စ၊ ဖြစ်စေသည်၏ အစွမ်းအားဖြင့်ရင်း။ အာသေဝနဝသေန စ၊ အဘန်တလဲလဲ မှီဝဲသည်၏ အစွမ်းအားဖြင့်ရင်း။ ဂဟိတာ၊ ယူအပ်ကုန်၏။ အနာဒိနဝဒဿိတာယ၊ အပြစ်ကိုရှုလေ့မရှိသည်၏ အဖြစ်ကြောင့်။ ပုနပ္ပုနံ၊ လဲ။ ဂဟဏဝသေန၊ ယူခြင်း၏အစွမ်းအားဖြင့်။ ပရာမဋ္ဌာ၊ စွဲလမ်းအပ်ကုန်၏။ **ဧဝံဂတိကာတိ**၊ ကား။ ဧဝံ၊ ဤသို့ ဖောက်ပြန်သောအားဖြင့် စွဲလမ်းအပ်သည်။ သတိ၊ ရှိသော်။ နိရယတိရစ္ဆာနပေတ္တိဝိသယာနံ၊ ငရဲ တိရစ္ဆာန် ပြိတ္တာတို့၏ ဖြစ်ရာကိုတွင်။ အညတရဂတိကာ၊ တပါးပါးသော အလားရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ **ဧဝံအဘိသမ္ပရာယာတိဣဒံ**၊ ဟူသောပုဒ်သည်။ ပုရိမ ပဒဿေဝ၊ ရှေးဖြစ်သော ဧဝံဂတိကာ ဟူသောပုဒ်၏သာလျှင်။ ဝေဝစနံ၊ ဝေဝုစ်တည်း။ (ဝေဝုစ်ဟူသည်ကား သဒ္ဒါမျှသာထူးသည် အနက်အထူး မရှိ ဟူလိုသည်) ဧဝံဝိဓပရလောကာ၊ ဤသို့အထူးအပြားရှိသော တမလွန် လောက ရှိကုန်သည်။ ဘဝန္တိ၊ ကုန်၏။ ဣတိအယံ အဓိပ္ပါယော၊ ကို။ ဝုတ္တံ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊၏။

**တဉ္စ တထာဂတော ပဇာနာတီတိ**၊ ဟူသည်ကား။ကေဝလဉ္စ၊သက်သက် ကား။ တထာဂတော၊ ငါဘုရားသည်။ သကာရဏံ၊ သော။ သဂတိကံ၊

အလားနှင့်တကွဖြစ်သော။ ဒိဋ္ဌိဂတမေဝ၊ ကိုသာလျှင်။ နပဇာနာတိ၊ မသိ။ အထခေါ၊စင်စစ်အားဖြင့်ကား။တဥ္စသဗ္ဗံ၊ ထိုအလုံးစုံကိုလည်း။ ပဇာနာတိ၊ ၏။ တတော၊ ထိုထက်။ ဥတ္တရိတရံ၊ လွန်မြတ်သော။ သီလဥ္စ၀၊ကိုရင်း။ သမာဓိဥ္စ၊ ကိုရင်း။ သဗ္ဗညုတညာဏဥ္စ၊ ကိုရင်း။ပဇာနာတိ၊၏။ **တဥ္စပဇာနနံ ပရာမသတိ**တိ၊ ဟူသည်ကား။ ဧ၀ံဝိမံ၊ ဤသို့ အပြားရှိသော။အနုတ္တရံ၊ အတုမရှိသော။ တဥ္စဝိသေသံ၊ ထိုအထူးကိုလည်း။ ပဇာနန္တောပိ၊ သိသော်လည်း။ အဟံ၊ သည်။ ပဇနာတိ၊ ၏။ ဣတိ၊ ဤသို့။ တဏှာ ဒိဋ္ဌိ မာန ပရာမသန ဝသေန၊ ဝဏှာ ဒိဋ္ဌိ မာနဖြင့် ဖောက်ပြန်သော စွဲလမ်းခြင်း၏ အစွမ်းအားဖြင့်။ နပရာမသတိ၊ မစွဲလမ်း။ **အပရာမသတော ခေါ ပစ္စတ္တညေဝ နိဗ္ဗုတိ ဝိဒိတာ**တိ၊ဟူသည်ကား။ဧ၀ံ၊ ဤသို့။အပရာမသတော၊ မစွဲလမ်းသော။ အဿ အနေန တထာဂတေန၊ ဤငါဘုရားသည်။ အပရာမသနပစ္စယာ၊ တဏှာ ဒိဋ္ဌိ မာနတို့ဖြင့် မစွဲလမ်းခြင်းကြောင့်။ အယမေဝ အတ္တနာယေဝ၊ မိမိအလိုလိုသာလျှင်။ တေသံ ပရာမာသ ကိလေသာနံ၊ ထိုသို့ ဖောက်ပြန်သော အားဖြင့် စွဲလမ်းတတ်ကုန်သော ကိလေသာတို့၏။ နိဗ္ဗုတိ၊ ငြိမ်းစေခြင်းကို။ (ငြိမ်းရာနိဗ္ဗာန်ကိုလည်းဟူ)။ ဝိဒိတာ၊ သိအပ်ပြီ။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတဿ၊ အား။ နိဗ္ဗာနံ၊ သည်။ ပါကဋံ၊ ထင်၏။ ဣတိဣမံအတ္ထံ၊ ကို။ ဒဿေတိ၊ ၏။

ဣဒါနိ၊ ၌။ ယထာပဋိပန္နေန၊အကြင်သို့အပြားရှိသောအကျင့်ဖြင့်။ တထာဂတေန၊ သည်။ သာနိဗ္ဗုတိ၊ ထိုနိဗ္ဗာန်ကို။ အဓိဂတာ၊ သိအပ်၏။ တံပဋိပတ္တိံ၊ထိုအကျင့်ကို။ ဒဿေတုံ၊ငှာ။ ယာသုဝေဒနာသု၊ တို့၌။ ရတ္တာ၊ ကုန်သော။ တိတ္ထိယာ၊ တို့သည်။ မယံ၊တို့သည်။ ဣဓ၊ ဤကိုယ်၏ အဖြစ်၌။ သုခိနော၊ ချမ်းသာသော ကိုယ်စိတ်ရှိကုန်သည်။ ဘဝိဿာမ၊ ကုန်အံ့။တတ္ထ၊ ဤအရပ်၌။ သုခိနော၊ ကုန်သည်။ ဘဝိဿာမ၊ကုန်အံ့။ ဣတိ၊ဤသို့။ ဒိဋ္ဌိဂ္ဂဟဏံ၊ မိစ္ဆာဒိဋ္ဌိဖြင့် စွဲလမ်းခြင်းသို့။ ပဝိသန္တိ၊ ကုန်၏။ တာသံယေဝ ဝေဒနာနံ၊ တို့၏သာလျှင်။ ဝသေန၊ဖြင့်။ ကမ္မဋ္ဌာနံ၊ ကို။ အာစိက္ခန္တော၊ ကြားတော်မူလိုသည်ဖြစ်၍။**ဝေဒနာနံ သမုဒယဉ္စာတိအာဒိံ**၊ ကို။ အာဟ၊ ပြီ။ တတ္ထ၊ ထိုဝေဒနာနံ သမုဒယဉ္စ အစရှိသောပါဌ်၌။**ယထာဘူတံဝိဒိတွာ**တိ၊ ဟူသည်ကား။ အဝိဇ္ဇာသမုဒယာ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။

ဝေဒနာသမုဒယော၊ ဝေဒနာ၏ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဏှာသမုဒယာ၊ ကြောင့်။ဝေဒနာသမုဒယော၊သည်။ ဟောတိ၊ ဖြစ်၏။ ကမ္မသမုဒယာ၊ ကြောင့်။ ဝေဒနာသမုဒယော၊ သည်။ ဟောတိ၊ ၏။ ဖဿသမုဒယာ၊ ကြောင့်။ဝေဒနာသမုဒယော၊သည်။ ဟောတိ၏။ ဣတိ၊ သို့။ ပစ္စယသမုဒယဋ္ဌေန၊ ပစ္စည်းကြောင့် ဖြစ်သော သဘောဖြင့်။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿတိ၊ ရှုမြင်၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ခြင်းလက္ခဏာကို။ ပဿန္တောပိ၊ မြင်တော်မူသော်လည်း။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဥဒယံ၊ ဖြစ်ခြင်းကို။ ပဿတိ၊ ၏။ ဣတိ၊ ဤသို့။ပဥ္စန္နံ၊ ကုန်သော။ ဣမေသံ လက္ခဏာနံ၊ တို့၏။ ဝသေန၊ အားဖြင့်။ ဝေဒနာနံ၊ တို့၏။ သမုဒယံ၊ ဖြစ်ခြင်းကို။ ယထာဘူတံ၊ မဖောက်မပြန်။ ဝိဒိတွာ၊ ၍။ အဝိဇ္ဇာနိရောဓာ၊ အဝိဇ္ဇာချုပ်ခြင်းကြောင့်။ ဝေဒနာနိရောဓော၊ဝေဒနာ၏ ချုပ်ခြင်းသည်။ ဟောတိ၊ ၏။ တဏှာနိရောဓာ၊ကြောင့်။ ကမ္မနိရောဓာ၊ ကြောင့်။ ဖဿနိရောဓာ၊ကြောင့်။ဝေဒနာနိရောဓော၊သည်။ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ ပစ္စယနိရောဓဋ္ဌေန၊ ပစ္စည်း ချုပ်ခြင်းသဘောဖြင့်။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဝယံ၊ ပျက်ခြင်းကို။ ပဿတိ၊၏။ ဝိပရိဏာမလက္ခဏံ၊ ပျက်ခြင်းလက္ခဏာကို။ (ဖောက်ပြန်ခြင်း လက္ခဏာကိုလည်းဟူ)။ ပဿန္တောပိ၊ သော်လည်း။ ဝေဒနာက္ခန္ဓဿ၊ ၏။ ဝယံ၊ ကို။ ပဿတိ၊ ၏။ဣတိ၊ဤသို့။ ပဥ္စန္နံ၊ ကုန်သော။ ဣမေသံ လက္ခဏာနံ၊ တို့၏။ ဝသေန၊ ဖြင့်။ ဝေဒနာနံ၊ တို့၏။ အတ္ထင်္ဂမံ၊ ချုပ်ခြင်းကို။ ယထာဘူတံ၊ မဖောက်မပြန်။ ဝိဒိတွာ၊ ၍။ဝေဒနံ၊ကို။ ပဋိစ္စ၊ ၍။ ယံသုခံ၊ အကြင်စိတ်၏ ချမ်းသာခြင်းသည်။ ယံသောမနဿံ၊ အကြင်ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ၏။ အယံ၊ ဤသို့ စိတ်၏ ချမ်းသာခြင်း ဝမ်းမြောက်ခြင်းသည်။ ဝေဒနာယ၊၌။ အဿာဒေါ၊ သာယာခြင်းတည်း။ ဣတိဧဝံ၊ ဤသို့။ အဿာဒဥ္စ၊ သာယာခြင်းကိုလည်း။ ယထာဘူတံ၊ ပြန်။ ဝိဒိတွာ၊ ၍။ ယာဝေဒနာ၊ သည်။ အနိစ္စာ၊ အနိစ္စတည်း။ ဒုက္ခာ၊ တည်း။ ဝိပရိဏာမဓမ္မာ၊ ပြကတေ့သော သဘောကို စွန့်တတ်သော သဘောရှိ၏။ အယံ၊ ဤသို့ ပြကတေ့သော သဘောကို စွန့်ခြင်းသည်။ ဝေဒနာယ၊ ၏။ အာဒီနဝေါ၊ အပြစ်တည်း။ ဣတိဧဝံ၊ ဤသို့။ အာဒီနဝံ၊ကို။ ယထာဘူတံ၊ ပြန်။ ဝိဒိတွာ၊၍။ ဝေဒနာယ၊၌။ ယောဆန္ဒရာဂဝိနယော၊ အကြင်ပြင်းစွာ

တပ်တတ်သောရာဂကို ဖျောက်ခြင်းသည်။ အတ္ထိ၊ ၏။ ယံဆန္ဒရာဂပ္ပဟာနံ၊ အကြင်ပြင်းစွာတပ်တတ်သော ရာဂကို ပယ်ခြင်းသည်။ အတ္ထိ၊ ၏။ ဣဒံ၊ ဤသို့ ပြင်းစွာတပ်တတ်သောရာဂကို ပယ်ခြင်းသည်။ ဝေဒနာယ၊ မှ။ (၏ လည်းဟူ)။ နိဿရဏံ ထွက်မြောက်ခြင်းတည်း။ (ထွက်မြောက်ရာတည်း) ဣတိဧဝံ၊ ဤသို့။ ဝေဒနာယမှ။ (အပါဒါန်ထည့်)။ နိဿရဏဉ္စ၊ ထွက်မြောက်ခြင်းကိုလည်း။ ယထာဘူတံ၊ ပြန်။ ဝိဒိတွာ၊ ၍။ ဝေဒနာယံ၊ ၌။ (အာဓာရထည့်)။ ဝိဂတ ဆန္ဒရာဂတာယ၊ပြင်းစွာတပ်တတ်သော ရာဂကင်း သည်၏ အဖြစ်ကြောင့်။ အနုပါဒါနော၊ တဏှာဒိဋ္ဌိ မာနတို့ဖြင့် စွဲလမ်း ခြင်းမရှိသည်။ ဟောတိ၊ ၏။ အနုပါဒါ၊ စွဲလမ်းခြင်း မရှိခြင်းကြောင့်။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတော၊ သည်။ ဝိမုတ္တော၊ လွတ်၏။

ယိုစကားကို ဝုတ္တိနည်းအားဖြင့် ဖွင့်ပြတော်မူလိုသည်ဖြစ်၍ ယသ္မာ ဥပါဒါနေ စသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ယသ္မာ ဥပါဒါနေ၊ သည်။ သတိ၊ ရှိသော်။ ကိဉ္စိ၊ တစုံတခုသောတရားကို။ ဥပါဒိယေယျ၊ စွဲလမ်းရာ၏။ ကဿစိ ဓမ္မဿ၊ ၏။ (သမ္ဗန္ဓထည့်)။ ဥပါဒိန္နတ္တာ၊စွဲလမ်းအပ်သည်၏အဖြစ်ကြောင့်လည်း။ ခန္ဓော၊ ဥပါဒါနက္ခန္ဓာ သည်။ဘဝေယျ၊၏။တသ္မ ခန္ဓဿ၊ ၏။အဘာဝေါ၊ မဖြစ်ခြင်းကြောင့်။ ကိဉ္စိ ဝပ္ပံကို။ အနုပါဒိယိတွာဝ၊ မစွဲလမ်းမူ၍သာလျှင်။ ဘိက္ခဝေ၊ ရဟန်းတို့။ တထာဂတော၊သည်။ဝိမုတ္တော၊၏။ (ဤပါဌ်သဒ္ဒါကား ပရိသမာပနတည်း)။

၃၇။ **ဣမေ ခေါ တေ ဘိက္ခဝေတိ၊** ဟူသည်ကား။ အယံ၊ သည်။ ကတမေ စ တေ။ပ။ ဂမ္ဘီရာတိ၊ ကတမေစ တေ။ပ။ ဂမ္ဘီရာဟူ၍။ ယေဓမ္မေ၊ တို့ကို။ အပုစ္ဆိ၊ ပြီ။ (တေကား တဇ္ဇောတည်း)။ တေဓမ္မာ၊ တို့သည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေခေါ၊ ဤသည်တို့တည်း။

ပြောက်ဆဲ့နှစ်ပါးသော မိစ္ဆာအယူတို့ကိုလည်း ဖွဲ့ဝေသောကြောင့် ကတမေစ တေ ဘိက္ခဝေ ဓမ္မာ ဂမ္ဘီရာဟု သူမေးဘွယ်ရှိ၍ ထိုအမေး ကို ဖြေခြင်းငှာ တဉ္စ ထထာဂတော အစရှိသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ယေဟိ မမ္မေဟိ၊ အကြင်ဂုဏ်တို့ဖြင့်။ တထာဂတဿ၊ ငါဘုရား၏။ ဝဏ္ဏံ၊ ကို။ ပုထုဇ္ဇနော၊ တို့သည်။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။ ဝဒေယျုံ၊ ချီးမွမ်းခြင်းငှာ။ နေဝ သက္ကောန္တိ၊ ကုန်။ သောတာပန္နာဒိသု၊ တို့တွင်။ အညတရော၊ အမှတ်မဲ့ တယောက်သော အရိယာသည်။ ယထာဘူတံ၊ တိုင်း။ ဝဒေယျုံ၊ ငှာ။ နေဝ သက္ကောတိ၊ နိုင်။ အယခေါ၊စင်စစ်ကား။ တထာဂတော၀၊ သည်သာလျှင်။ ယထာဘုစ္စံ၊ တိုင်း။ တထာဂတဿ၊ ၏။ (သမ္ဗန်ထည့်) ဝဏ္ဏံ၊ ကို။ သမ္မာ၊ လျော်ကပ်စွာ။ ဝဒမာနော၊ ချီးမွမ်းသည်ဖြစ်၍။ ဝဒေယျ၊ ဆိုရာ၏။ တဥ္စတထာဂတော ပဇာနာတိ တတောစ ဥတ္တရိတရံ ပဇာနာတီတိ၊ တဥ္စတထာဂတော။ပ။ ဥတ္တရိတရံ ပဇာနာတိ ဟူ၍။ ဧဝံ၊ ဤသို့။ နိဒ္ဒိဋ္ဌာ၊ ပြအပ်ကုန်ပြီးသော။ တေသဗ္ဗညုတညာဏဓမ္မာ၊ တို့သည်။ ဂမ္ဘီရာ၊ နက်နဲကုန်၏။ ဒုဒ္ဒသာ၊ မြင်နိုင်ခဲကုန်၏။ပ။ ပဏ္ဍိတဝေဒနီယာ၊ ပညာရှိတို့သည် သိအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ဧဝံ၊ သို့။ ပုစ္ဆမာနေပိ၊ မေးတော်မူသော်လည်း။ ဘဂဝတာ၊ သည်။ သဗ္ဗညုတညာဏမေဝ၊ ကိုသာလျှင်။ ပုဋ္ဌံ၊ မေးအပ်၏။ နိယျာတေန္တေနပိ၊ ဖြေတော်မူသော်လည်း။ တဒေဝ၊ ထိုသဗ္ဗညုတညာဏ်ကိုသာလျှင်။ နိယျာတိတံ၊ ဖြေအပ်၏။ပန္တတထာပိ၊ထိုသို့ဖြေအပ်သော်လည်း။ အန္တရာ၊ အကြား၌။ ဒိဋ္ဌိယော၊ မိစ္ဆာဒိဋ္ဌိတို့ကို။ ဝိဘတ္တာ၊ ခွဲဝေအပ်ကုန်၏။

ပဌမဘာဏဝါရဝဏ္ဏနာ၊ သည်။နိဋ္ဌိတာ၊ ပြီးပြီ။

---

**ကေစ္စသဿတဝါဒ**

၃၈။ တတ္ထ၊ ထိုအတ္ထိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ အစရှိသော ပါဠိ၌။ **ကေစ္စသဿတိကာတိ၊** ဟူသည်ကား။ ကေစ္စသဿတဝါဒါ၊ အချို့သာမြဲ၏ဟု အယူရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ တေ၊ ထိုအချို့သာ မြဲ၏ဟု အယူရှိကုန်သော ပုဂ္ဂိုလ်တို့သည်။ သတ္တေကစ္စသဿတိကာ၊ သတ္တဝါအချို့သာ မြဲ၏ဟု အယူရှိသော ပုဂ္ဂိုလ်တို့ရင်း။ သင်္ခါရေကစ္စသဿတိကာ၊ သင်္ခါရအချို့သာ မြဲ၏ဟု အယူရှိကုန်သော ပုဂ္ဂိုလ်တို့ရင်း။

ဣတိ၊ ဤသို့။ ဒုဝိဓာ၊ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဒုဝိဓာ၊ နှစ်ပါးအပြား ရှိကုန်သော ပုဂ္ဂိုလ်တို့ကိုရင်း။ ဣမေ၊ ဤကေစ္စသဿတဝါဒ၌။ (ဤဒီဃ နိကာယ် အဋ္ဌကထာ၌လည်းဟူ)။ ဂဟိတာယေဝ၊ ယူအပ်ကုန်သလျှင် ကတည်း။

၃၉။ ယမ္ဟို့ကုဒ်ပဒ်၊ ယံဟူသော ဤပုဒ်သည်။ နိပါတမတ္တံ၊နိပါတ်ပုဒ် မျှသာလျှင်တည်း။ **ကဒါစိတိ**၊ ကဒါစိဟူသည်ကား။ ကိသ္မိဉ္စိကာလေ၊ တစုံ တခုသော ကာလ၌။ **ကရဟစိတိ**ကုဒ်ပဒ်၊ သည်။ တဿေဝ၊ ထိုကဒါစိ ဟူသောပုဒ်၏သာလျှင်။ ဝေဝစနံ၊ ဝေဝုစ်တည်း။ **ဒီဃဿ အဒ္ဓုနော တိ**၊ ဒီဃဿ အဒ္ဓုနော ဟူသည်ကား။ ဒီဃဿ၊ ရှည်စွာသော။ ကာလဿ၊ ၏။ **အစ္စယေနာတိ**၊ အစ္စယေနဟူသည်ကား။ အတိက္ကမေန၊ လွန်သဖြင့်။ **သံဝဋ္ဋတီတိ**၊ သံဝဋ္ဋတိဟူသည်ကား။ ဝိနဿတိ၊ ပျက်၏။

အရှင်အဋ္ဌကထာဆရာ- မြတ်စွာဘုရားသည် ယေဘုယျေန သတ္တာ အာဘဿရသံဝတ္တနိကာ ဟောန္တိဟု ဤစကားကို မိန့်ပြင့်ကမ္ဘာပျက် သော အခါ၌ များစွာကုန်သော သတ္တဝါတို့သည် အာဘဿရဘုံ၌ သာ ဖြစ်ကုန်သောကြောင့် ဟောတော်မူလေသလောဟု အဋ္ဌကထာ ဆရာ၌ သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ယေဘုယျေနာတိ။ပ။ ဝုတ္တံကို မိန့်သတည်း။ ထိုပါဌ်၏အဋ္ဌကား-

ယေဘုယျေနာတိ၊ ဟူသောစကားကို။ ယေ၊ အကြင် ဖြဟ္မာတို့သည်။ ဥပရိဗြဟ္မလောကေသုဝါ၊ အာဘဿရဘုံမှ အထက်ဘုံတို့၌ရင်း။ အရူပေ သုဝါ၊ အရူပဘုံတို့၌ရင်း။ နိဗ္ဗတ္တန္တိ၊ ကုန်၏။ တဒဝသေသေ၊ ထိုတို့မှ ကြွင်းသော သတ္တဝါတို့ကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ပြီ။ ဈာနမနေန၊ ဈာန် စိတ်ဖြင့်။ နိဗ္ဗတ္တတ္တာ၊ ဖြစ်သည်၏အဖြစ်ကြောင့်။ **မနောမယာ**၊ မနောမယ မည်ကုန်၏။

မနသာ နိဗ္ဗတ္တတ္တာတိ မနောမယာဟု နိဗ္ဗတ္တတဒ္ဓိတ်ပြုစေလို၍ မနမယာ ဟူ၍သာမဆိုမူ၍ မနောမယာဟူ၍မနသဒ္ဒါသည် မနောဂိုဏ်းဖြစ်သော ကြောင့် ဧတေသမောလောပေ ဟူသောသုတ်ဖြင့် ဝိဘတ်ကျေပြီးသော သမာသ်၌ မနဟူသော မနောဂိုဏ်းသဒ္ဒါ၏ အစိတ်အကို ဩပြု၍ဆို

လေသတည်း။ မနသဒ္ဒါသည် စိတ်သာမညကို ဟောသော်လည်း ဤအရာ၌ စိတ်သာမညကိုမဟော ချာန်စိတ်ကို ဟောသည်၏ အဖြစ်ကို သိစေခြင်းငှာ ဈာနမနေနဟု အဋ္ဌကထာဆရာ ဆိုတော်မူသတည်း။

ဧတေသံ၊ ထိုသတ္တဝါတို့အား။ ပီတိ၊ ပီတိဟု ဆိုအပ်သော။ ဘက္ခော အာဟာရော၊ အစာသည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ထိုသို့ပီတိလျှင် အစာ ရှိသည်၏သတ္တိကြောင့်။ တေသတ္တာ၊ တို့သည်၊ **ပီတိဘက္ခာ**၊ မည်ကုန်၏။

ဘက္ခသဒ္ဒါ၏ အာဟာရအနက်ကို ဟောသည်၏အဖြစ်ကို သိစေခြင်းငှာ ဘက္ခောကို အာဟာရောဟု ဖွင့်တော်မူသတည်း။ ထိုအာဟာရောဟူသောပုဒ်ဖြင့် ဘက္ခသဒ္ဒါ၏ ပျက်စီးခြင်း အစရှိသောအနက်ကို နစ်စေတော်မူ၏။

တေသံ သတ္တာနံ၊ တို့အား။ အတ္တနော၀၊ ၏သာလျှင်။ ပဘာ၊ အရောင် သည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ တေသတ္တာ၊ တို့သည်။**သယံ ပဘာ**၊ သယံပဘာ မည်ကုန်၏။

သယံသဒ္ဒါ၏ မိမိဟူသော အနက်ကို ဟောသည်၏အဖြစ် သယံဟူ သော နိပါတ်ပုဒ်နေဒ သဝိဘတ် ကျေသည်၏အဖြစ် ဝေသဒ္ဒါ ကျေသည်၏အဖြစ်ကို သိစေခြင်းငှာ သယံကို အတ္တနော၀ဟု ဖွင့်တော် မူသည်။ ထိုအတ္တနော ဟူသောပုဒ်ဖြင့် သယံသဒ္ဒါ၏ အိပ်ခြင်းအစရှိ သော အနက်ကို နစ်စေ၏။ ဗဟုဗ္ဗီဟိချည်းတည်း။

ယေသတ္တာ၊ တို့သည်။ အန္တလိက္ခေ၊ ၌။ စရန္တိ၊ သွားတတ်ကုန်၏။ ဣတိ တသ္မာ၊ ကြောင့်။ တေသတ္တာ၊ တို့သည်။ **အန္တလိက္ခစရာ**၊ မည်ကုန်၏။ ယေသတ္တာ၊ တို့သည်။ သုဘေသု၊ တင့်တယ်ကုန်သော။ ဥယျာန ဝိမာန ကပ္ပရုက္ခာဒီသု၊ ဥယျာဉ် ဗိမာန် ပဒေသာပင် စသည်တို့၌။ တိဋ္ဌန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေသတ္တာ၊ တို့သည်။**သုဘဋ္ဌာယီနော**၊ သုဘဋ္ဌာယီ မည်ကုန်၏။

ဥယျာန ဝိမာန ကပ္ပရုက္ခာဒိသု ဟူသောပါဌ်ဖြင့် ဗြဟ္မာ့ပြည်၌လည်း ဥယျာဉ် ဗိမာန် ပဒေသာပင် အစရှိသည် ရှိကုန်၏ဟူ၍ အဋ္ဌကထာ ဆရာ သိစေတော်မူ၏။

ဝါ၊ တနည်းကား။ ယေသတ္တာ၊ တို့သည်။ သုဘာဝမနောချမ္မာ၊ နှလုံးမွေ့လျော်ဘွယ်ရှိကုန်သော။ ဝဏ္ဏာ ဘရဏာ၊ အဝတ်တန်ဆာ ရှိကုန်သည်။ ဟုတ္ဝာ၊ ၍။ တိဋ္ဌန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေသတ္တာ၊ တို့သည်။ **သုဘဋ္ဌာယိနော**၊ မည်ကုန်၏။ **စိရံဒိဃမဒ္ဓါနန္တိ**၊ ဟူသည်ကား။ ဥက္ကံသေန၊ အလွန်အားဖြင့်။ အဋ္ဌကပ္ပေ၊ မဟာကပ် ရှစ်ကပ်တိုပတ်လုံး။ တိဋ္ဌန္တိ၊ ကုန်၏။

ဥက္ကံသေန ဟူသောပါဌ်ဖြင့် ဗြဟ္မာတို့သည်လည်း ရှစ်ကမ္ဘာ အပိုင်း အခြား မရောက်မိ ကောင်းမှုကံ ကုန်သောကြောင့် စုတေကုန်၏ ဟူသောအနက်ကို အဋ္ဌကထာဆရာ သိစေတော်မူ၏။ အဋ္ဌကပ္ပေ ဟူသော စကားကိုလည်း အာဘဿရဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့ ကိုရည်၍ ဆိုသတည်း။

၄၀။ **ဝိဝဋ္ဋတိတိ**၊ ဝိဝဋ္ဋတိဟူသည်ကား။ သဏ္ဌာတိ၊ တည်၏။ **သုညံ ဗြဟ္မဝိမာနန္တိ**၊ ဟူသည်ကား။ ပကတိယာ၊ ပြကတေ့အားဖြင့်။ နိဗ္ဗတ္တ သတ္တာနံ၊ တို့၏။ နတ္ထိတာယ၊ မရှိသည်၏ အဖြစ်ကြောင့်။ သုညာ၊ ဆိတ်သော။ ဗြဟ္မကာယိကဘူမိ၊ ပဌမစျာန် ဘုံအစရှိသော ဗြဟ္မာ့ဘုံအပေါင်းသည်။ နိဗ္ဗတ္တတိ၊ ၏။ ဣတိအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။

သံဝဏ္ဏနာပါဌ်၌ သုညံဟု နိဂ္ဂဟိတန္တနှင့် ပါဌ်ရှိကြ၏၊ ဘူမိဟူသော ဝိသေသျပါဌ်ကို ထောက်သဖြင့် သုညာဟု ဣတ္ထိလိင် အာကာရန္တနှင့် ရှိသင့်၏။

ဘုံတို့သည် အဘယ်အကြောင်းကြောင့် ဖြစ်ကုန်သနည်း၊ ကံကြောင့် ဖြစ်ကုန်သလော၊ စိတ်ကြောင့်ဖြစ်ကုန်သလော၊ ဥတုကြောင့်ဖြစ်ကုန် သလော ဟူသောစောဒနာကို နစ်စေခြင်းငှာ တဿာ ကတ္တာဝါ။ပ။ နိဗ္ဗတ္တတိတိကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

တဿာ၊ ထိုဘုံကို။ ကတ္တာဝါ၊ ပြုတတ်သောသူသည်ရင်း။ ကာရေတာဝါ၊ ပြုစေတတ်သော သူသည်ရင်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ **ဝိသုဒ္ဓိမဂ္ဂေ**၊ ၌။

၁။ ဝိနာသအနက်ကို ဟောသော ဝဋ္ဋသဒ္ဒါသည် ပဋိသေဓကိုထွန်းပြသော ဝိ-ဟူသော ဥပသာရပုဒ်နှင့်ယှဉ်သောကြောင့် သဏ္ဌာဟနအနက်ကို သိစေသည်။

ဝုတ္တာနယေန၊ ဖြင့်။ ကမ္မပစ္စယဥတုသမုဋ္ဌာနာ၊ ကံလျှင် အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်သော။ ရတနာဘူမိ၊ ရတနာဖြင့်ပြီးသောဘုံသည်။ နိဗ္ဗတ္တတိ၊ ၏။ ထွေ၊ ဤပြဟ္မာဘုံတို့၌။ ပကတိနိဗ္ဗတ္တနဋ္ဌာနေယေဝ၊ ပြကတေ့ဖြစ်ရာ၌သာလျှင်။ ဥယျာနကပ္ပရုက္ခာဒယော၊ ဥယျာဉ် ပဒေသာပင်စသည်ကိုသည်။ နိဗ္ဗတ္တန္တိ၊ ကုန်၏။ အထ၊ ထိုသို့ဖြစ်သည်ရှိသော်။ သတ္တာနံ၊ တို့၏။ ပကတိယာ၊ ပြကတေ့အားဖြင့်။ ဝသိတဋ္ဌာနေ၊ နေဘူးသောအရပ်၌။ နိကန္တိ၊ တပ်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ၏။ တေသတ္တာ၊ တို့သည်။ ပဌမဇ္ဈာနံ၊ ကို။ ဘာဝေတွာ၊ ပွားစေ၍။ တတော၊ ထိုအာဘဿရအစရှိသော အထက်ဘုံတို့မှ။ ဩတရန္တိ၊ သက်ကုန်၏။ တသ္မာ၊ ကြောင့်။ အထအညတရော သတ္တောတိ အာဒိံ၊ ကို။ ဘဂဝါ၊ သည်။ အာဟ၊ ၏။

တတော ဩတရန္တိ ဟူသောပါဌ်ကို သုဒ္ဓါဝါသ အသညသတ်မှ တပါးကုန်သော အထက်၌ ဖြစ်ကုန်သော ရူပါဝစရဘုံတို့ကို ရည်၍ ဆိုသတည်း။ ထိုတတော ဩတရန္တိ ဟူသောပါဌ်ဖြင့် အသညသတ် သုဒ္ဓါဝါသပုဂ္ဂိုလ်တို့မှ တပါးကုန်သော အထက်အထက်သော ရူပါဝစရဘုံ၌ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့၏ အောက်အောက်၌ ဖြစ်ကုန်သော ရူပါဝစရဘုံတို့၌ ဖြစ်ကုန်၏ဟူသော အနက်ကို အဋ္ဌကထာဆရာ သိစေတော်မူ၏။

အာယုက္ခယာဝါ ပုညက္ခယာဝါတိ၊ ဟူသည်ကား။ ယေပြဟ္မာနော၊ အကြင်ပြဟ္မာတို့သည်။ ဥဠာရံ၊ ကြီးစွာသော။ (မြတ်စွာသော)။ ပုညကမ္မံ၊ ကို။ ကတွာ၊ ၍။ ယတ္ထကတ္ထစိ၊ အမှတ်မရှိသော။ အပ္ပါယုကေ၊ တိုသောအသက်ရှိသော။ ဒေဝလောကေ၊ ပြဟ္မာပြည်၌။ နိဗ္ဗတ္တန္တိ၊ ကုန်၏။ (ဒေဝလောကေ၌ ဒေဝသဒ္ဒါ ပြဟ္မာကိုဟောသည် နတ်ကိုမဟော)။ တေပြဟ္မာနော၊ တို့သည်။ အတ္တနော၊ ၏။ ပုညဗလေန၊ ကောင်းမှု၏ အစွမ်းအားဖြင့်။ ဌာတုံ၊ တည်ခြင်းငှာ။ န သက္ကောန္တိ၊ ကုန်။ တဿ ပန ဒေဝလောကဿ၊ ထိုပြဟ္မာဘုံ၏။ အာယုပ္ပမာဏေနေဝ၊ အသက်အတိုင်းအရှည်ဖြင့်သာလျှင်။ စဝန္တိ၊ စုတေ့ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေပြဟ္မာနော၊ တို့ကို။ အာယုက္ခယာ၊ အသက်၏ ကုန်ခြင်းကြောင့်။ စဝန္တိတိ၊ စုတေ့ကုန်၏ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။

ကောင်းမှုကံ အားကြီးပါသော်လည်း ဘုံ၌ဖြစ်ကုန်သော သတ္တဝါတို့၏ အသက် အပိုင်းအခြား ကုန်သောကြောင့် စုတေ ကုန်သည် ဟူလိုသော်။

ယေပနသတ္တာ၊ တို့သည်ကား။ ပရိတ္တံ၊ နည်းသော။ ပုညကမ္မံ၊ ကို။ ကတွာ၊ ၍။ ဒီဃာယုကဒေဝလောကေ၊ ရှည်သော အသက်ရှိသော ဗြဟ္မာ့ဘုံ၌။ နိဗ္ဗတ္တန္တိ၊ ကုန်၏။ တေသတ္တာ၊ တို့သည်။ ယာဝတာယုကံ၊ အသက် အပိုင်း အခြားရှိသော ကာလပတ်လုံး။ ဌာတုံ၊ ငှာ။ န သက္ကောန္တိ၊ ကုန်။ အန္တရာဝ၊ အကြား၌သာလျှင်။ စဝန္တိ၊ ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေသတ္တာ၊ တို့ကို။ ပုညက္ခယာ၊ ကောင်းမှုကံကုန်ခြင်းကြောင့်။ စဝန္တိတိ၊ ကုန်၏ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။ **ဒီဃပဒ္ဓါနံတိဋ္ဌတီတိ၊** ဟူသည်ကား။ ကပ္ပံဝါ၊ အသင်္ချေယျကပ်ပတ်လုံးငှင်း။ ဥပဍ္ဎကပ္ပံဝါ၊ အသင်္ချေယျကပ်တစိတ်သောကာလပတ်လုံးငှင်း။ တိဋ္ဌတိ၊ ၏။

ကပ္ပံဝါဟူသော စကားကို မဟာဗြဟ္မာဘုံ၌ဖြစ်သော ဗြဟ္မာကိုရည်၍ ဆိုသတည်း။ ဥပဍ္ဎကပ္ပံဝါဟူသော စကားကိုကား ဗြဟ္မပုရောဟိတာဘုံ၌ဖြစ်သော ဗြဟ္မာကိုရည်၍ ဆိုသတည်း။ ထိုဘုံတို့၏ တရံတခါ ပျက်စီးလေသည်သာ ဖြစ်သောကြောင့် ကပ္ပံဝါ ဥပဍ္ဎကပ္ပံဝါဟုသာမည အဋ္ဌကထာဆရာ ဆိုသော်လည်း အသင်္ချေယျတကပ် ထက်ဝက်ကိုသာ ယူအပ်၏။ မဟာကပ်ကို မယူအပ်။

အနဘိရတိ၏ အရသည် ဒေါမနဿ ဖြစ်ကောင်းသလေလာဟု အဋ္ဌကထာဆရာ၌ သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အနဘိရတိတိ အပရဿာပိ စသည်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ငှာ။ အနဘိရတိတိ၊ ဟူသည်ကား။ အပရဿ၊ သော။ အတ္တဿာပိ၊ ၏လည်း။ အာဂမနုပတ္တနာ၊ လာခြင်းကို တောင့်တခြင်းတည်း။

အရှင် အဋ္ဌကထာ ဆရာ- အနဘိရတိဟူသော ပုဒ်၏ အနက်ကို အပရဿာပိ သတ္တဿ အာဂမနုပတ္တနာဟု ဆို၏။ န အဘိရတိ၏ ပဋိဃနှင့်ယှဉ်သော ပဗ္ဗုလျော်ခြင်း ဖြစ်ကောင်းပါ၏ တကားဟု

သူစေဒနာအသွယ်ရှိ၍ ထိုစေဒနာကို ဖြေခြင်းငှာ ယာပနႉပ။ နတ္ထိ ဟူသောပါဠိကို မိန့်သတည်း။ ယိုပါဠိ၏အဓိပ္ပါယ်ကား-

ပဋိဃသမ္ပယုတ္တာ၊ သော။ ယာပနဥက္ကဏ္ဍိတာ၊ အကြင်မမွေလျော်ခြင်း သည်။ အတ္ထိ၊ ၏။ တာဥက္ကဏ္ဍိတာ၊ သည်။ ဗြဟ္မလောကေ၊ ၌။ နတ္ထိ၊ မရှိ။ **ပရိတဿနာ**တိ၊ ဟူသည်ကား။ ဥဗ္ဗိဇ္ဇနာ၊ ထိတ်လန့်ခြင်း။ ဖန္ဒနာ၊ စိတ်၏တုန်လှုပ်ခြင်း။ သာပနသောတဿနာ၊ သည်။ တာသတဿနာတိ၊ ကြောက်လန့်ခြင်းကြောင့် ဖြစ်သော တုန်လှုပ်ခြင်း ဟူ၍ရင်း။ တဏှာ တဿနာတိ၊ တဏှာကြောင့်ဖြစ်သော တုန်လှုပ်ခြင်း ဟူ၍ရင်း။ ဒိဋ္ဌိ တဿနာတိ၊ အယူကြောင့်ဖြစ်သော တုန်လှုပ်ခြင်း ဟူ၍ရင်း။ ဉာဏ တဿနာတိ၊ ဉာဏ်ကြောင့်ဖြစ်သော တုန်လှုပ်ခြင်း ဟူ၍ရင်း။ စတုဗ္ဗိဓာ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုလေးပါး အပြားရှိသော တုန်လှုပ် ခြင်းတို့တွင်။ (တာသတဿနာနာမ တဏှာတဿနာနာမ ဒိဋ္ဌိတဿနာ နာမ အစရှိသောပုဒ်တို့၌စပ်)။ဇာတိံ၊ ပဋိသန္ဓေနေခြင်းကို။ ပဋိစ္စ၊စွဲ၍။ ဘယံ၀ါ၊ ကြောက်ခြင်းသည်ရင်း။ ဘယာနကံ၀ါ၊ အလွန်ကြောက်လန့် ခြင်းသည်ရင်း။ ဆမ္ဘိတတ္တံ၀ါ၊ ကိုယ်ခက်ထရော်ရှိခြင်းသည်ရင်း။ လော မဟံသော၀ါ၊ အမွေး ရှင်ခြင်းသည်ရင်း။ (ကြက်သီးမွေးညှင်းထခြင်း သည်ရင်း လည်းဟူ)။ စေတသော၊ စိတ်၏။ ဥဗ္ဗေဂေါ၀ါ၊ ထိတ်ခြင်းသည် ရင်း။ ဥတြာသော၀ါ၊ လန့်ခြင်းသည်ရင်း။ ဟောတိ၊ ၏။ ဇရံ ဗျာဓိံ မရဏံ၊ အိုခြင်း နာခြင်း သေခြင်းကို။ ပဋိစ္စ၊ စွဲ၍ ။ပ။ ဥတြာသော။စိတ်၏ ထိတ်လန့်ခြင်းသည်ရင်း။ ဟောတိ၊ ၏။ ဇာတိဘယံ၊ ဤထိတ်လန့်ခြင်း သည်။ **တာသတဿနာနာမ**၊ ကြောက်လန့်ခြင်းကြောင့်ဖြစ်သော တုန်လှုပ် ခြင်း မည်၏။ အညေပိ၊ တပါးလည်းဖြစ်ကုန်သော။ သတ္တာ၊ တို့သည်။ ဇာတတ္တံ၊ ဤလူ့ဘုံသို့။ အာဂန္တွာယ်ျုံ၊ လာကုန်မူကား။ အဟောဝတ၊ ဩော်-ကောင်းစွတကား။ ဇာတိအယံတဿနာ၊ သည်။ **တဏှာတဿနာ** နာမ၊ မည်၏။ ပရိတဿိတံဝေ၊ တောင့်တခြင်းရှိသလျှင်ကတည်း။ပိပ္ဖန္ဒိတ မေဝ၊ တုန်လှုပ်သလျှင်ကတည်း။ ဇာတိအယံတဿနာ၊ သည်။ ဒိဋ္ဌိတဿနာ နာမ၊ မည်၏။ တေပိသတ္တာ၊ တို့သည်လည်း။ တထာဂတဿ၊ ငါဘုရား၏။ ဓမ္မဒေသနံ၊ ကို။ သုတွာ၊ နာရကုန်သောကြောင့်။ ယေဘုယျေန၊အားဖြင့်။

ဘယံ၊ ကြောက်ခြင်းသို့။ သံဝေဂံ၊ ထိတ်လန့်ခြင်းသို့။ သန္တာသံ၊ ပြင်းစွာ ထိတ်လန့်ခြင်းသို့။ အာပဇ္ဇန္တိ၊ ကုန်၏။ ဣတိအယံတသာနုဿ၊ သည်။ **ဉာဏတသနာနုဿမ၊** မည်၏။ ဣဓပန၊ ဤပြဟ္မဇာလသုတ်၌ကား။ တဏှာ တဿနာပိ၊ သည်ရင်း။ ဒိဋ္ဌိတဿနာပိ၊ သည်ရင်း။ ဝဋ္ဋတိ၊၏။

ဤဒုတိယဝါရ၌ အဘယ့်ကြောင့် သုညံဟူ၍ မဟောဘဲ ပြဟ္မဝိမာနံ ဟူ၍သာ ဘုရား ဟောတော်မူလေသနည်းဟု အဋ္ဌကထာ ဆရာ၌ သူစောဒနာဘွယ်ရှိ၍ ထိုစောဒနာကိုဖြေခြင်းငှာ ပြဟ္မဝိမာနံ ဣဓပန ။ပ။ ဝုတ္တံ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အဓိပ္ပါယ်ကား-

ဣဓပန၊ ဤဒုတိယဝါရ၌ကား။ ပဌမာဘိနိဗ္ဗတ္တဿ၊ ရှေးဦးစွာသောပြဟ္မာ ၏။ အတ္ထိတာယ၊ ကြောင့်။ ပြဟ္မဝိမာနန္တိဧဝ၊ ပြဟ္မဝိမာနံဟူ၍သာလျှင်။ ဝုတ္တံ၊ ၏။ သုညန္တိ၊ သုညံဟူ၍။ န ဝုတ္တံ၊ ဟောတော်မမူအပ်။ (ဤသို့ ယောဇနာလေ)။ **ဥပပဇ္ဇန္တီတိ၊** ဟူသည်ကား။ ဥပပတ္တိဝသေန၊ ဥပပတ် ပဋိသန္ဓေ၏ အစွမ်းဖြင့်။ ဥပဂစ္ဆန္တိ၊ ရောက်ကုန်၏။

ဥပပဇ္ဇန္တိ ဟူသောပုဒ်၏ ဥပဂစ္ဆန္တိ ဟူသော အနက်သည်လည်း မြဲကောင်းသောကြောင့် ထိုအနက်ကို နှစ်စေခြင်းငှာ ဥပဂစ္ဆန္တိဟု ဖွင့်သတည်း။

**သဟဗျတန္တိ၊** ဟူသည်ကား။ သဟဘာဝံ၊ အပေါင်း၏အဖြစ်သို့။ ဥပပဇ္ဇန္တိ၊ ရောက်ကုန်၏။

၄၂။ **အဘိဘူတိ၊** ဟူသည်ကား။ အဘိဘဝိတွာ၊ ၍။ ဌိတော၊ တည်၏။ (အဘိဘဝိတွာ ဘဝတိ တိဋ္ဌတီတိ အဘိဘူဟု ပြုစေလိုသည်)။

နှိပ်စက်၍တည်၏ဟု ဘုရားဆို၏။ ကောန်စင်စစ် ထိုပြဟ္မာသည် နှိပ်စက် ၍ တည်သလော ဟူသော စောဒနာကိုဖြေခြင်းငှာ ဇေဋ္ဌကောဟမသ္မီတိ ဒေဝတိ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အဓိပ္ပါယ်ကား-

အဟံ၊ သည်။ ဇေဋ္ဌကော၊ အကြီးသည်။ အသ္မိ၊၏။ ဣတိ၊သို့။ ဝဒတိ၊ဆို၏။ **အနဘိဘူတော**တိ၊ ဟူသည်ကား။ အညေဟိ၊ တပါးကုန်သောသူတို့သည်။

အနဘိဘူတော၊ နှိပ်စက်ခြင်းငှာ မစွမ်းနိုင်။ အညဒတ္ထုဒသော သဒ္ဒေါ၊ သည်။ ကေသဝစနေ၊ စင်စစ်ဟူသောအနက်ကို ဟောခြင်း၌။ နိပါတော၊ တည်း။ ဒသနဝသေန၊ အလုံးစုံကို မြင်နိုင်သည်၏ အစွမ်းအားဖြင့်။ ဒသော၊ ဒသမည်၏။

ဒဿနဝသေနဟူသော ဝိသေသနပါဌ်ဖြင့် ဒသောသဒ္ဒါ၏ ကတ္တုသာဓန၏ အဖြစ်ကို အဋ္ဌကထာဆရာ ပြတော်မူသတည်း။ ကိုဒဿန ဝသေန ဟူသောစကားဖြင့် သာမည လျှဉ်းသေးရကား။ သဗ္ဗံ ပဿာ မီတိ အတ္ထော ဟူသောပါဌ်ကို မိန့်ပြန်သတည်း။ ထိုပါဌ်၏အတ္ထကား-

သဗ္ဗံ၊ အလုံးစုံကို။ ပဿာမိ၊ ၏။ ဣတိအတ္ထော၊ ကို။ ဒသ္ဓဗ္ဗော၊ ၏။ ဝသဝတ္တီတိ၊ ဟူသည်ကား။ သဗ္ဗဇနံ၊ ကို။ ဝသေ၊ ငါ၏အလို၌။ ဝတ္တေမိ၊ ဖြစ်စေ၏။ ဣဿရော ကတ္တာ နိမ္မာတာတိ၊ ဟူသည်ကား။ အဟံ၊ သည်။ လောကဿ၊ လောကကို။ ဣဿရော၊ အစိုးရ၏။ အဟံ၊ သည်။ လောကဿ၊ ကို။ ကတ္တာစ၊ ပြုလည်းပြုတတ်၏။ နိမ္မာတာစ၊ ဖန်လည်း ဖန်ဆင်းတတ်၏။ (နိမ္မိတာဟု ပါဌ်အချို့ရှိ၏ မသင့်)။

လောကကို ဖန်ဆင်း၏ဟူပြီ အဘယ်လောကကို ဖန်ဆင်းသနည်း၊ သတ္တလောက သင်္ခါရလောကကို ဖန်ဆင်း၏ဟု ဆိုလိုသလောဟု သူမေးဘွယ်ရှိ၍ ထိုအမေးကိုဖြေခြင်းငှာ ပထဝီ ။ပ။ နိမ္မိတာ ဟူသော ပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ပထဝီ ဟိမဝန္တ သိနေရု စက္ကဝါဠ မဟာသမုဒ္ဒ စန္ဒိမ သူရိယာ၊ မြေ ဟိမဝန္တာ မြင်းမိုရ်တောင် စကြဝဠာ မဟာသမုဒ္ဒရာ လ နေ တို့ကို။ မယာ၊ သည်။ နိမ္မိတာ၊ အပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ၏။

ဤမှဤကား နိမ္မိတာဟု ရှိသင့်၏။ ဤပထဝီ ဟိမဝန္တ ။ပ။ စန္ဒိမသူရိယာ ဟူသောပါဌ်ဖြင့် သြကာသ လောကကို ငါဖန်ဆင်း၏ဟု ယူသည်၏ အဖြစ်ကို သိစေတော်မူ၏။

---

၁။ နိမ္မာတာ-ဆ႒။

**သေခ္ခော သဇိတာ**တိ၊ ဟူသည်ကား။ အဟံ၊ သည်။ လောကဿ၊ ထက်။ ဥတ္တမော၊ ၏။ (အယံဟူ၍ အဋ္ဌကထာပါဌ် ရှိကြ၏။ ပမာဒလေခတည်း။ အဟံဟုဆိုသင့်သည်)။ တုံ၊ သည်။ ခတ္တိယော၊ နာမ၊ မည်သည်။ ဟောတိ၊ လော။ တုံ၊ သည်။ ဗြာဟ္မဏော၊ သည်။ ဟောတိ၊ လော။ ဝေဿော၊ ကုန်သည်သည်။ သုဒ္ဒေါ၊ သူဆင်းရဲသည်။ ဂဟဋ္ဌော၊ လူသည်။ ပဗ္ဗဇိတော နာမ၊ မည်သည်။ ဟောတိ၊ လော။ အနုမသော၊ အားဖြင့်။ ယံ၊ သည်။ သြဋ္ဌော၊ ကုလားအုပ်သည်။ ဟောတိ၊ လော။ ဂေါဏော၊ သည်။ ဟောတိ၊ လော။ ဣတိ၊ ဤသို့။ သဇိတာ၊ ဖန်ဆင်းတတ်၏။ ဝေါ၊ ဤသို့။ သတ္တာနံ၊ တို့ကို။ အဟံ၊ သည်။ သံဝိဘဇေတာ၊ ခွဲဝေတတ်၏။ ဣတိဝေါ၊ ဤသို့သော အခြင်းအရာအားဖြင့်။ မညတိ၊ အောက်မေ့၏။

ပဋိတာဟူ၍ ပါဌ်အချို့ရှိ၏ မသင့်။ တု ခတ္တိယောနာမ ဟောဟိ အစရှိသောပါဌ်ဖြင့် သဇိတာ၏ အရသည် သတ္တလောကကို ခွဲဝေခြင်းတည်းဟု သိစေတော်မူ၏။

**ဝသီ ပိတာ ဘူတဘဗျာနန္တိ**၊ ဟူသည်ကား။ အဟံ၊ သည်။ စိဏ္ဏဝသိတာယ၊ ဈာန်သမာပတ်၌ လေ့လာသောဝသီဘော်ရှိသည်၏ အဖြစ်ကြောင့်။ ဝသီ၊ မိမိအလိုသို့ လိုက်စေတတ်သည်။ အသ္မိ၊ ၏။ အဟံ၊ သည်။ ဘူတာနဉ္စ၊ ဖြစ်ပြီးသော သတ္တဝါတို့၏၎င်း။ ဘဗျာနဉ္စ၊ ဖြစ်ဆဲကုန်သော သတ္တဝါတို့၏၎င်း။ ပိတာ၊ တည်း။ ဣတိ၊ ဤသို့။ မညတိ၊ ၏။

ဘူတဘဗျပုဒ်တို့၏အဓိပ္ပာယ်ကား အဘယ်နည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ တတ္ထ အဏ္ဍဇ ဇလာဗုဇာ စသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏ အတ္ထကား -

တတ္ထ၊ ထိုပိတာ ဘူတာနဉ္စ ဘဗျာနဉ္စ ဟူသောပါဌ်၌။ အဏ္ဍဇ ဇလာဗုဇာ၊ အဏ္ဍဇ ဇလာဗုဇဖြစ်ကုန်သော။ (အအုဥ်ဖြစ်ကုန်သော အမိဝမ်းတိုက်၌ ဖြစ်ကုန်သော လည်းဟူ)။ သတ္တာ၊ တို့သည်။ အန္တောအဏ္ဍကောသေစေဝ၊ အအုဟူသော အိမ်တွင်း၌၎င်း။ အန္တောဝတ္ထိမှိစ၊ သူငယ်အိမ်၏ အတွင်း၌၎င်း။ ဘဗျာနာမ၊ ဖြစ်ဆဲမည်ကုန်၏။ ဗဟိ၊ သို့။ နိက္ခန္တကာလတော၊ ထွက်သောအခါမှ။ ပဋ္ဌာယ၊ ၍။ ဘူတာနာမ၊ ဖြစ်ပြီးသည် မည်ကုန်၏။

သံသေဒဇာ၊ သံသေဒဇဖြစ်ကုန်သော။ သတ္တာ၊တို့သည်။ ပဌမစိတ္တက္ခဏေ၊ ရှေးဦးစွာသော ပဋိသန္ဓေစိတ်ခဏ၌။ ဘဗ္ဗာနာမ၊ မည်ကုန်၏။ ဒုတိယ ဘော၊ နှစ်ခုမြောက်သောစိတ်မှ။ ပဋ္ဌာယ၊ ၍။ ဘူတာနာမ၊ မည်ကုန်၏။ (နာမသဒ္ဒါလိုက်ပါ)။ သြပပါတိကာ၊ အလိုလိုကျသကဲ့သို့ ဖြစ်တတ်ကုန်သော။ သတ္တာ၊ တို့သည်။ ပဌမဣရိယာပထေ၊ ရှေးဦးစွာသော ဣရိယာပုထ်၌။ ဘဗ္ဗာနာမ၊ ကုန်၏။ ဒုတိယတော၊ နှစ်ကြိမ်မြောက်သော ဣရိယာပုထ်မှ။ ပဋ္ဌာယ၊ ၍။ ဘူတာနာမ၊ ကုန်၏။ ဣတိအယံ ဝိနိစ္ဆယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ တေသဗ္ဗေပိ၊ ထိုအလုံးစုံသော ဖြစ်ဆဲ ဖြစ်ပြီးကုန်သော သတ္တဝါတို့သည်လည်း။ မယှံ၊ ၏။ ပုတ္တာ၊ တို့တည်း။ ဣတိသညာယ၊ ဤသို့အမှတ်ဖြင့်။ အဟံ၊ သည်။ ဘူတဘဗ္ဗာနံ၊ တို့၏။ ပိတာ၊ တည်း။ ဣတိ၊ ဤသို့။ မညတိ၊ ၏။

ဣဒါနိ၊ ၌။ ကာရဏဝသေန၊ ဖြင့်။သာဓေတုကာမော၊ ပြီးစေလိုသည်။ ဟုတွာ၊ ၍။ မယာ၊သည်။ ဣမေသတ္တာ၊တို့ကို။နိမ္မိတာ၊ဖန်ဆင်းအပ်ကုန်၏။ ဣတိ၊ဤသို့။ ပဋိညံ၊ဝန်ခံခြင်းကို။ကတွာ၊၍။ တံကိဿဟေတုတိ အာဒိဝစနံ၊ ကို။ အာဟ၊ပြီ။ဣတ္ထတ္တန္တိ၊ဟူသည်ကား။ ဣတ္ထဘာဝံ၊ဤဗြဟ္မာ၏အဖြစ်သို့။ ဗြဟ္မဘာဝံ၊သို့။ ဣတိအတ္ထော၊ကို။ဒဋ္ဌဗ္ဗော၊၏။ ဣမိနာမယန္တိ၊ဟူသည်ကား။ အတ္တနော၊၏။ကမ္မဝသေန၊ကံ၏ အစွမ်းကြောင့်။ စုတာပိ၊ စုတေကုန်သော်ငြား။ ဥပပန္နာပိ၊ ဖြစ်ကုန်သော်ငြား။ ကေဝလံ၊ သက်သက်။မညနာ မတ္တေနေ၊ အောက်မေ့ကာမျှဖြင့်သာလျှင်။ ဣမိနာ ဗြဟ္မုနာ၊ ဤအရှင်ဗြဟ္မာ သည်။ မယံ၊ တို့ကို။ နိမ္မိတာ၊ကုန်၏။ ဣတိ၊ဤသို့။ မညမာနာ၊ အောက်မေ့ကုန်သည်ဖြစ်၍။ ဝဏ်ဆိဒ္ဒေန၊ ကောက်သောအပေါက်ဖြင့်။ ဝင်အာဏိ၊ ကောက်သောတံကျင်သည်။ သြနမတိဝိယ၊ ညွတ်သကဲ့သို့။ တဿေဝ၊ ထို ဗြဟ္မာ၏သာလျှင်။ ပါဒမူလံ၊ ခြေရင်းသို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။

၄၃။ ဝဏ္ဏတဲရေစာတိ၊ ဟူသည်ကား။ ဝဏ္ဏဝန္တတရာ၊ ထူးသော အဆင်းရှိ၏။

ဝဏ္ဏဟာရေဟူ၍သာ ရှိသင့်သည်။ ဝဏ္ဏသဒ္ဒါနောင် အဿပ္ပတ္ထိအနက်၌ သက်သော ဝန္တုပစ္စည်း ကျေသည်၏အဖြစ်ကို သိစေခြင်းငှာ ဝဏ္ဏ တရေကို ဝဏ္ဏဝန္တတရေဟု ဖွင့်တော်မူသတည်း။

ထူးသောအဆင်းရှိ၏ဟူပြီ အဘယ်သို့ ထူးသောအဆင်း ရှိသနည်းဟု သူမေးဘွယ်ရှိ၍ ထိုအမေးကို ဖြေခြင်းငှာ အဘိရူပေါ ပါသာဒိကော တိ အတ္ထေ· ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

အဘိရူပေါ၊ အလွန်ကောင်းသောအဆင်းရှိ၏။ ပါသာဒိကော၊ ကြည်ညိုဘွယ်ရှိ၏။ ဣတိအယံအတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ (ထူးသောအဆင်းဟူသည်ကား အလွန်တင့်တယ်သော အဆင်းဟူလိုသည်)။ **မဟေသက္ခတရော**တိ၊ ဟူသည်ကား။ ဗလဃရိယ ပရိဝါရဝသေန၊ စည်းစိမ်ဥစ္စာ အခြံအရံများသည်၏ အစွမ်းအားဖြင့်။ မဟာယသတရော၊ များစွာသော စည်းစိမ်ဥစ္စာ အခြံအရံရှိ၏။

၄၄။ ဌာနံခေါပနေတံ ဝိဇ္ဇတီ၊ ဟူသည်ကား။ ခေါပန၊ စင်စစ်ကား။ ဌာနံ ကာရဏံ၊ ဤသို့သောအကြောင်းသည်။ဝိဇ္ဇတိ၊ ၏။ ယော ဤဌာနံခေါပနေတံ ဝိဇ္ဇတိ အစရှိသော စကားကို။ (ဝုတ္တံဥ္စပ်လေ)။ သောပြဟ္မာ၊ သည်။ တတော၊ ထိုအာဘဿရဘုံမှ။ စဝိတွာ၊ ၍။အညတြ၊ တပါးသောဘုံသို့။ နဂစ္ဆတိ၊ မသွား။ (နဂစ္ဆတီတိဟု ဣတိသဒ္ဒါနှင့် ပါဌ်ရှိကြ၏ မသင့်။ နဂစ္ဆတိဟူ၍သာ ရှိသင့်သည်)။ ဣဓေဝ၊ ဤကာမသုဂတိဘုံသို့သာလျှင်။ အာဂစ္ဆတိ၊ လာပြန်၏။ တံပြဟ္မာနံ၊ ထိုပြဟ္မာကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။

ဌာနံခေါ ပနေတံ ဝိဇ္ဇတိ ယံ အညတရော သတ္တော တမှာ ကာယာ စဝိတွာ ဣတ္ထတ္တံ အာဂစ္ဆတိ ဟူသောစကားကို ကာမသုဂတိဘုံသို့ ပြန်ပြန်သော ဗြဟ္မာကိုရည်၍ ဘုရားဟောတော်မူအပ်သည်။ ကာမသုဂတိဘုံ၌ သာဖြစ်ရာသည်၊ အထက်ဘုံတို့၌ မဖြစ်ရာသည်ကိုရည်၍ ဟောတော်မမူ ဟူလိုသည်။

**အဂါရသ္မာ**တိ၊ ဟူသည်ကား။ ဂေဟာ၊ အိမ်မှ။ **အနဂါရိယန္တိ**၊ ဟူသည်ကား။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။

ဆရာ· အနဂါရိယံကို ပဗ္ဗဇ္ဇံဟု ဖွင့်၏။ အဘယ့်ကြောင့် ရဟန်း၏အဖြစ်ကို အနဂါရိယံဟု ဆိုသနည်းဟူသော စောဒနာကို ဖြေခြင်းငှာ ဗွပဇ္ဇာတိ။ပ။ဝုစ္စတိ ဟူသောပါဌ်ကို မိန့်သတည်း။ ထိုပါဌ်၏အတ္ထကား-

ဟိ-တဒေဝသစ္စံ၊၏။ ပဗ္ဗဇ္ဇာ၊ ကို။ (ဝုစ္စတိဌ်စပ်)။ ယသ္မာ၊ကြောင့်။ အဂါရသ္မာ၊ လူ၏။ ဟိတံ၊ အစီးအပွားဖြစ်သော။ ယံ ကသိ ဂေါရက္ခာဒိကမ္မံ၊ အကြင်လယ်လုပ်ခြင်း နွားစောင့်ခြင်း အစရှိသောအမှုသည်။ အတ္ထိ၊ ရှိ၏။ တံ ကသိဂေါရက္ခာဒိကမ္မံ၊ သည်။ တတ္ထ၊ ထိုရဟန်း၏အဖြစ်၌။ နတ္ထိ၊ မရှိ။ တသ္မာ၊ ကြောင့်။ အနဂါရိယန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပဗ္ဗဇတိတိ၊ ဟူသည် သည်း။ ဥပဂစ္ဆတိ၊ ကပ်၏။(သရဏဂုံဖြင့် ရဟန်းပြုခြင်းကို နစ်စေခြင်းငှာ ဥပဂစ္ဆတိဟု ဖွင့်တော်မူသည်)။**တတော ပရံ နာနုဿရတီတိ၊ဟူသည်ကား**။ တတော ပုဗ္ဗေနိဝါသာ၊ ထိုရှေးဘဝ၌ ခံစားဘူးသော ခန္ဓာအစဉ်ထက်။ ပရံ၊ အလွန်။ နဿရတိ၊ မအောက်မေ့နိုင်။ သရိတုံ၊ ငှာ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။တတ္ထ၊ ထိုဒုတိယဘဝ၌။ ဌတွာ၊ ၍။ ဒိဋ္ဌိံ၊ မိစ္ဆာအယူကို။ ဂဏှာတိ၊ ၏။

အဓိပ္ပါယ်ကား-ကမ္ဘာပျက်သောအခါ၌ အပ္ပမာဏာဘာဘုံမှ စုတေ၍ အာဘဿရဘုံ၌ ဖြစ်သော ဗြဟ္မာသည် ကမ္ဘာတည်သည်ဖြစ်၍ ဗြဟ္မာဘုံတို့သည် တည်မြဲ တည်လတ်သော် မိမိနေဘူးသော ဘုံ၌ နိကန္တိရှိ၍ အာဘဿရဘုံမှ စုတေ၍ သတ္တဝါအနေဆိတ်သော အပ္ပမာဏာဘာဘုံ၌ ဖြစ်လေ၏။ နှစ်ယောက်မြောက်သော ဗြဟ္မာသည်လည်း တဖန် အပ္ပမာဏာဘာဘုံ၌ဖြစ်၏။ ထိုနှစ်ယောက်သော ဗြဟ္မာတို့၌ ရှေးဦးစွာ ဖြစ်သော ဗြဟ္မာသည် ကြီးသော ကောင်းမှုကံကြောင့် အသက်ရှည်၏။ နောက်ဖြစ်သော ဗြဟ္မာသည် အားနည်းသော ကောင်းမှု ကံကြောင့် အသက်တို၏။ ထို အားနည်းသော ကောင်းမှုကံကြောင့်ဖြစ်သော ဗြဟ္မာသည် နောက်မှ ဖြစ်သော်လည်း ကောင်းမှုကံ ကုန်ခြင်းကြောင့် ဘုံအသက် အပိုင်းအခြား မပြည့်ဘဲ စုတေ၍ ရသေ့ရဟန်းပြု၍ တဘဝမျှကိုသာ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကိုရ၍ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် အောက်မေ့လေသော် မိမိ၏စုတိကိုသာမြင်၍ မိမိနှင့်ဖြစ်ဘက်ဖြစ်သော ဗြဟ္မာ၏ စုတိကို မမြင်သောကြောင့် ငါကား မမြဲ၊ ငါ၏ ရှေးဦးစွာဖြစ်သော အရှင်ဗြဟ္မာကားမြဲ၏ဟု ဧကစ္စသဿတ အယူကို ယူလေသည် ဟူလိုသော်။

နိစ္စောတိအာဒိသု၊ တို့၌။ တဿ၊ ထိုရှေးဦးစွာဖြစ်သောဗြဟ္မာ၏။ ဥပပတ္တိံ၊ ပဋိသန္ဓေ အသစ်ဖြစ်ခြင်းကို။ အပဿမာနော' ဖြစ်၍။ နိစ္စောတိ၊ ၏ ဟူ၍။ ဝဒတိ၊ ၏။မရဏံ၊ ကို။အပဿန္တော၊ ဖြစ်၍။ ဓုဝေါတိ၊ မသေသော အားဖြင့်မြဲ၏ဟူ၍။ ဝဒတိ၊၏။ ဇရာဘာဝဿတော၊အိုခြင်း၏ မရှိခြင်းကြောင့်။ သဿတောတိ၊ မအိုသောအားဖြင့် မြဲ၏ဟူ၍။ဝဒတိ၊၏။ ဇရာဝသေနာပိ၊ အားဖြင့်လည်း။ ဝိပရိဏာမဿ၊ ဖောက်ပြန်ခြင်း၏။ (ယွင်းခြင်း၏ လည်းဟူ)။ အဘာဝတော၊ ကြောင့်။ အဝိပရိဏာမဓမ္မောတိ၊ ဖောက်ပြန်ခြင်း သဘောမရှိဟူ၍။ ဝဒတိ၊၏။ စေတ္တ ဝါရေ၊ ၌။သေသံ၊ ကြွင်းသောစကား သည်။ဥတ္တာနမေဝ၊ လျှင်ကတည်း။ (ဣတိသဒ္ဒါ ပရိသမာပနတည်း)။

၄၅-၄၆။ ဒုတိယဝါရေ၌။ ယေဒေဝါ၊အကြင်နတ်တို့သည်။ ခိဍ္ဍာယ၊ စိတ်၏မြူးတူးခြင်းဖြင့်။ ပဒုဿန္တိ ဝိနဿန္တိ၊ ပျက်တတ်ကုန်၏။ ဣတိတသ္မာ၊ ကြောင့်။ တေဒေဝါ၊ တို့သည်။ ခိဍ္ဍာပဒေါသိကာ၊ မည်ကုန်၏။ ပဒူသိကာတိပိ[2]၊ ဟူ၍လည်း။ ပါဠိံ၊ ကို။ လိခန္တိ၊ ရေးကုန်၏။သာပါဠိ၊ ထိုပဒူသိကာ ဟူသောပါဠိသည်။ အဋ္ဌကထာယံ၊ ၌။ နတ္ထိ၊ မရှိ။ အတိဝေလန္တိ၊ ဟူသည်ကား။ အတိကာလံ၊ အပိုင်းအခြားကိုလွန်၍။ အတိစိရံ၊ အလွန် ရှည်စွာသော ကာလပတ်လုံး။ ဣတိအတ္ထော၊ကို။ ဒဋ္ဌဗ္ဗော၊၏။ ဟဿခိဍ္ဍာ ရတိ ဓမ္မသမာပန္နာတိ၊ ဟူသည်ကား။ ဟဿရတိဓမ္မဉ္စေဝ၊ ရွှင်ခြင်းတည်း ဟူသော မွေ့လျော်ခြင်း သဘောကိုရင်း။ခိဍ္ဍာရတိဓမ္မဉ္စ၊ စိတ်၏မြူးတူးခြင်း တည်းဟူသော မွေ့လျော်ခြင်း သဘောကိုရင်း။ သမာပန္နာ အနုယုတ္တာ၊ လုံ့လပြုကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ ကုန်၏။

ဟဿရတိဓမ္မ ခိဍ္ဍာရတိဓမ္မဟု ဆိုအပ်လျက် ရတိဓမ္မတပုဒ်ကို ချေသ တည်းဟု သိစေခြင်းငှာ ဟဿရတိဓမ္မဉ္စေဝ ခိဍ္ဍာရတိဓမ္မဉ္စဟု အဋ္ဌ ကထာ ဆရာ ဖွင့်တော်မူသတည်း။

ကေဠိဟဿသုခဉ္စေဝ၊ ရယ်မြူးခြင်းတည်းဟူသော ချမ်းသာကို ခံစားခြင်းကို ရင်း။ ကာယိက ဝါစသိက ကီဠာသုခဉ္စ၊ ကိုယ်ဖြင့်ပြုအပ်သော နှုတ်ဖြင့်ပြု

---

၁။ ပဌမဝါရေ-ဆဋ္ဌ။
၂။ တပါးသောနိကာယ်ဆောင် ပုဂ္ဂိုလ်တို့၏ ပမာဒလေခ အဖြစ်ကိုပြသည်။

အပ်သော မြူးတူးခြင်းဟူသောချမ်းသာကို ခံစားခြင်းကိုငင်း။ အနုယုတ္တာ၊ လုံ့လပြုကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ ကုန်၏။ ဝတ္တုပ္ပကာရ ရတိဓမ္မသမင်္ဂိနော၊ ဆိုအပ်ပြီးသော အပြားရှိသော မွေ့လျော်ခြင်းသဘောနှင့် ပြည့်စုံကုန်သည်။ ဟုတွာ၊ ၍။ ဝိဟရန္တိ၊ ကုန်၏။ဣတိအယံ အတ္ထော၊ ကို။ ဒဋ္ဌဗ္ဗော၊ ၏။ (အနုယုတ္တာပုဒ်၏ အနက်ကို သမင်္ဂိနောဟု မိန့်သတည်း)။

